
# ကုန္ဒိယမြန်မာဗုဒ္ဓဘာသာ



အရှင်ပညိန္ဒာဘိဝံသ



အရှင်ပညိန္ဒာဘိဝံသ

# အိန္ဒိယ မြန်မာ ဗုဒ္ဓဘာသာ

[ဘာသာရေးဆိုင်ရာစာပေခွင့်ပြုချက် အမှတ် ၇၄၆၉-က]

အကြိမ်။ ။ပထမ၊ ဒီဇင်ဘာ ၁၉၇၆

အုပ်ရေ။ ။ ၂၀၀၀

အဖုံးရိုက်။ ။ရွှေစင်

စာအုပ်ချုပ်။ ။ညွန့်ညွန့်နှင့်မောင်များ

တန်ဖိုး။ ။၁၅ (တစ်ဆယ့်ငါးကျပ်)

ဖြန့်ချိရေး။ ။တသက်တာစာပေ

ထုတ်ဝေသူ။ ။ဦးအောင်ကြီး (၁၄၇၀) တသက်တာစာပေ၊
၆၊ ၉-ရပ်ကွက်၊ သစ္စာလမ်း၊
တောင်ဥက္ကလာပ၊ ရန်ကုန်။

ပုံနှိပ်သူ။ ။ဦးမြတ်ကျော် (၀၅၅၅) စာ့လုပ်ငန်း
ပုံနှိပ်တိုက်၊ အမှတ် ၄၅၊ ဝတ်ကျောင်းလမ်း၊
ရေကျော်၊ ရန်ကုန်မြို့။

မာတိကာ စာမျက်နှာ

# ဇမ္ဗူဒီပါယ်ပြည်၌

# ဗုဒ္ဓဘာသာပေါ်ပေါက်လာခြင်း


—ကပိလဝတ္ထုပြည် ၁၇

—လုမ္ဗိနီဥယျာဉ်တော် ၂၄

—အသောကမင်းကြီး စိုက်ထူခဲ့သော ကျောက်တိုင် ၂၆

—ယခုခေတ်ပေါ် စေတီတော်နှစ်ဆူ ၂၉

—ကျောက်ပြားပေါ်၌ ထွင်းထုထားသောရုပ်ပုံ ၂၉

—ကျောင်းတိုက်ဟောင်းတခု၏ အုတ်မြစ် ၃၀

—ရေကန်ကလေး ၃၁

—ဗုဒ္ဓဂယာခေါ် မဟာဗောဓိ မဏ္ဍလ ၃၂

—မဟာဗောဓိ စေတီတော် ၃၄

—ဗောဓိပင် ၃၇

မာတိကာ　　　　　　　　　　　　　　　　　　　　　　　　　　　　စာမျက်နှာ


—အပရာဇိတ ပလ္လင်တော် ၄၀
—သတ္တဌာနခေါ် ခုနစ်ပါးသောနေရာများ ၄၀
—မဟာဗောဓိ စေတီတော် ပတ်လည်ရှိ
စေတီကလေးများ ၄၄
—ပဥ္စပဏ္ဏဝတန်ဆောင်း ၄၅
—မဟန့်တဦး၏ သင်းချိုင်း ၄၆
—ကျောင်းတဆောင်၏ အုတ်မြစ် ၄၆
—ရုပ်တုတော်များ၏ စံကျောင်း ၄၆
—ရေချိုးရန်အတွက် ရေကန်ကြီး ၄၇
—မြန်မာစရပ် ၄၇
—မဟာဗောဓိစရပ် ၄၇
—မဟန့်တို့၏ သင်းချိုင်းများ ၄၈
—မဟန့်ကျောင်းတိုက် ၄၈
—မြန်မာဘုန်းတော်ကြီးကျောင်း ၄၉
—နေရဥ္စရာမြစ် ၄၉
—သုဇာတာအိမ်ရာ ၅၀
—ဣသိပတန မိဂဒါယခေါ် မိဂဒါဝုန်တော ၅၁
—ချောက်ခဏ္ဍိစေတီတော် ၅၂
—ကျောက်စာဌာနပြတိုက် ၅၃
—အသောက ကျောက်တိုင်၏ ထိပ်အုပ် ၅၄
—ဗောဓိသတ္တ၏ နီသောကျောက်သား ရုပ်တုတော် ၅၅
—မြတ်စွာဘုရား၏ တရားဟောနေဟန် ရုပ်တုတော် ၅၅

| မာတိကာ | စာမျက်နှာ |
| --- | --- |


—ကရစ်ရှနနှင့် သိဝတို့၏ ကျောက်ရုပ်များ ၅၆
—တူးဖော်ထားသည့်နယ်မြေ ၅၆
—ဓမေ့ကစေတီတော် ၆၆
—မူလ ဂန္ဓကုဋိကျောင်းတော် ၆၇
—ဂျိန်းဘုရားကျောင်း ၆၉
—မြန်မာဘုန်းတော်ကြီးကျောင်းတိုက် ၇၀

—သစ္စဝိဘင်္ဂသုတ် ၇၆
—သစေတနသုတ် ၈၉
—ဓမ္မဒိန္နသုတ် ၉၆

—ကုသိနာရုံခေါ် ကုသိနာရာ ၁၀၃
—မြတ်စွာဘုရား၏ လျောင်းတော်မူ ရုပ်တုတော် တည်ရှိရာ တန်ဆောင်း ၁၀၅
—မဟာပရိနိဗ္ဗာန စေတီတော် ၁၀၆
—တူးဖော်ထားသည့် ရုပ်ကွက် ၁၀၈
—အင်္ဂါရစေတီတော် ၁၀၈
—မထာဗဗာ ကိမ္ဗုရ်တိမန္ဒိရ် ၁၀၉
—မြန်မာ ဘုန်းတော်ကြီးကျောင်း ၁၀၉
—ဓမ္မသာလာ ၁၁၀

—အသောကမင်းကြီးလက်ထက် ဗုဒ္ဓဘာသာ ကမ္ဘာ့ အရပ်ရပ်သို့ ပြန့်နှံ့သွားခြင်း ၁၁၃

—ဘိုးတော်စန္ဒဂုတ်မင်း ၁၁၅
—ခမည်းတော် ဗိန္ဒုသာရမင်း ၁၁၈
—အသောကမင်းကြီး ထီးနန်းဆက်ခံ စိုးစံတော်မူခြင်း ၁၁၆
—ကလိင်္ဂစစ်ပွဲ ၁၂၀
—သာသနာပြုစုတော်မူခြင်း ၁၂၁
—ဘုရားဖူးထွက်တော်မူခြင်း ၁၂၂
—မောရိယအင်ပိုင်ယာနိုင်ငံတော်၏ အကျယ်အဝန်း ၁၂၄
—အသောကမင်းကြီး၏ ကောင်းမှုကုသိုလ်တော်များ ၁၂၇
—အသောကမင်းကြီး၏ ကျောက်စာများ ၁၃၀
—အနယ်နယ်အရပ်ရပ်သို့ သာသနာပြု စေလွှတ်ခြင်း ၂၀၁
—အသောကမင်းကြီးအား ဆက်ခံသည့်
မောရိယမင်းဆက် ၂၀၅
—ရဟန်းတော်အရှင် ဖာဟီယန်၏ ခရီးစဉ်နှင့်မှတ်တမ်း ၂၃၁
—အရှင်ဟူအင်စံ၏မှတ်တမ်း ၂၆၁

## အလယ်ခေတ်

## ဣန္ဒိယမြောက်ပိုင်းနိုင်ငံများ

### အေဒီ ၆၄၇ မှ ၁၂၀၀ အထိ

—ဣန္ဒိယပြည်၏ တရုတ်ပြည် တိဗက်ပြည်တို့နှင့်
ဆက်သွယ်ခြင်း ၃၀၇

—နီပေါပြည် ၃၀၉
—ကာမရူပပြည် (အာသံပြည်) ၃၁၁
—ကက်ရှမီးယားပြည် (ကသ္မီရပြည်) ၃၁၃
—ကနောဇ်ပြည် (ပန်ချာလပြည်) ၃၁၅
—ဗိဟာရ်နှင့် ဘင်္ဂါပြည် ပါလမင်းဆက်နှင့်
ဆေနာမင်းဆက် ၃၁၆
—ဟိုက်ဆလမင်းဆက် ၃၂၈
—ဟာဒဗမင်းဆက် ၃၂၉
—တောင်ပိုင်းတိုင်းပြည်များ ၃၃၀
—ပန်ဍျပြည် ၃၃၂
—ချိုလာပြည် ၃၃၂
—ချေရာ(ဝါ)ကေရာလပြည် ၃၃၃
—ပလ္လဝမင်းဆက် ၃၃၃
—ချိုလာမင်းဆက် ၃၃၇
—ဣန္ဒိယပြည်၌ ဗုဒ္ဓဘာသာ၏ တရွေ့ရွေ့ ယိုယွင်းပျက်စီး
ဆုတ်ယုတ်ကွယ်ပျောက်သွားခြင်း ၃၄၀

## မြန်မာပြည် ဗုဒ္ဓဘာသာ

—နတ်ကိုးကွယ်ပူဇော်ပသခြင်း ၃၆၇
—ဝိဇ္ဇာမယိဒ္ဓိအတတ်ကို လေ့လာလိုက်စားခြင်း ၃၈၃

—ဒီဃနိကာယ်၊ သီလက္ခန္ဓဝဂ် ကေဝဋ္ဋသုတ်
ကေဝဋ္ဋသုတ်ကြွယ်သား ဝတ္ထု ၃၇၇
—ပြာဋိဟာသုံးပါး ၃၇၉
—အတပ်ဟောခြင်း ပြာဋိဟာ ၃၉၂
—ဆုံးမခြင်း ပြာဋိဟာ ၃၉၄
—ဓမ္မပဒ အဋ္ဌကထာ၊ ဗြဟ္မဏဝဂ် လတ္တောချဝတ္ထု ၄၀၅
—သမုဂ္ဂဇာတ် ၄၁၀
—ဝိဇ္ဇာဓရဇာတ် ၄၁၄
—ဇော်ဂျီရောက်ခြင်း ၄၂၂
—စုန်းကဝေအတတ် ၄၂၃
—ဇော်ဂျီချင်း ၄၂၅
—ဗေဒင်ကို ယုံကြည်လိုက်နာခြင်း ၄၂၆
—ဥပါသကာ ဒွန်းစဏ္ဍား ၄၂၉
—ဥပါသကာ ရတနာ ၄၃၄

ဣန္ဒိယ မြန်မာ ဗုဒ္ဓဘာသာ

# နိဒါန်း

ဝိဇ္ဇာ ဥပ္ပတတံ သေဋ္ဌာ၊ အဝိဇ္ဇာ နိပတတံ ဝရာ
သံဃော ပဝဇမာနာနံ၊ ဗုဒ္ဓေါ ပဝဒတံ ဝရော
ဧတေနသစ္စဝဇ္ဇေန၊ ဟောတုမေ ဇယမင်္ဂလံ

ဣန္ဒိယပြည် သမိုင်းသည် အာရှယန်လူမျိုးများ ဝင်ရောက်လာသည်မှ အစပြုခဲ့၏။ သို့ရာတွင် ဣန္ဒိယပြည် အနောက်မြောက်ပိုင်း မိုဟင်ဂျိုဒါရိုအရပ်၌ တူးဖော်ရရှိသော အရာဝတ္ထုများကို ထောက်ထား၍ သမိုင်းကို စတင်မှတ်တမ်းတင်သည့် အချိန်မတိုင်မီ ဘီစီ ၃၀၀၀ လောက်ကပင် မိုင်ပေါင်း တထောင် ရှည်လျားသော ဣန္ဒုမြစ်ဝှမ်း၌ နှစ်ပေါင်း တထောင်ကြာမျှ ဟာရပ္ပမြို့ တည်ရှိခဲ့ကြောင်းကို သိရှိရပေသည်။

ဘာသာစကား အရင်းအမြစ်ကို လိုက်စစ်ခြင်းနှင့် ဆိုင်သော အကြောင်း ယုတ္တိနှင့် ကမ္ဘည်းကျောက်စာနှင့် ဆိုင်သော သက်သေသာဓကများအပေါ် ထောက်ထား မှန်းဆကြသော သမိုင်းဆရာတို့သည် အာရယန်လူမျိုး၏ ပင်ရင်းဌာနကို အရှေ့ဘက်တွင် အာရှတိုက် အလယ်ပိုင်း နှင့် အနောက်ဘက်တွင် ဥရောပတိုက် အလယ်ပိုင်း အကြားရှိ အရပ်ဒေသ အမျိုးမျိုးကို၌ သတ်မှတ်ပိုင်းခြား ကြကုန်၏။ ယခုအခါ၌ကား တောင်ဘက်ရပ်ရှား စတက် လွင်ပြင် ကြီးများနှင့် ကက်စပီယန်အရာလ် ပင်လယ်၏ အရှေ့ဘက်ကုန်းမြေကို အာရယန်တို့၏ မူလပင်ရင်းအဖြစ် ဖြင့် သတ်မှတ်ပိုင်းခြားရန် သမိုင်းဆရာများ သဘော တူညီကြ၏။ ဤအရပ်ဒေသတို့၌ ကဲလ်တ်၊ ကျူတန်၊ လက်တင်၊ ဆလဗ်နှင့် ဇာတ်မြင့်သော ဣန္ဒိယလူမျိုးတို့၏ ဘိုးဘွား ဘီဘင်တို့ နေထိုင်ခဲ့ကြကုန်၏။ သူတို့သည် လယ်ယာလုပ်ကိုင်သူများ အဖြစ်ဖြင့်၎င်း၊ ကျွဲ နွားထိန်း ကျောင်းကာ အိုး အိမ်ယာ အတည်အမြဲမရှိဘဲ လှည့် လယ် သွားလာနေထိုင်သူများ အဖြစ်ဖြင့်၎င်း အသက် မွေးမြူကြကုန်၏။ ဤအရပ်ဒေသတို့မှ အာရယန် အမျိုး အနွယ်တို့သည် ဘီစီ ၂၀၀၀ လောက်တွင် အခြားသော အရပ်ဒေသများသို့ ပြောင်းရွှေ့ နေထိုင်စ ပြုကြကုန် သည်။

ဆယ့်ခုနစ်ရာစု ဘီစီလောက်တွင် အီရန်ပြည်မှ တဆင့်

ပြောင်းရွှေ့လာကြသော အာရယန်တို့သည် ပန်ဂျပ်ပြည်တွင်းသို့ ဝင်ရောက်နေထိုင်ကြကုန်၏။ နောက်ရာစုနှစ်များအတွင်းတွင် သူတို့သည် ဇူန္နဒိယမြစ်ဝှမ်း ဂင်္ဂါမြစ်ဝှမ်းနှင့် မြောက်ပိုင်း ဒက္ခိဏကုန်းပြင်များသို့ ချဉ်းနင်းဝင်ရောက်သွားကြလေကုန်သည်။

၁၅၀၀နှင့် ၁၀၀၀ ဘီစီအကြားတွင် ဝေဒကျမ်းများ ပေါ်ပေါက်လာကြ၏။ သိခြင်းအဓိပ္ပာယ်ရသော ထိုဝေဒကျမ်းများသည် လေးမျိုးကွဲပြားကြ၏။ ပထမ ရိဂ်ဝေဒ၌ ဂါထာ ၁၀၂၈နှင့် ယဇ်ပူဇော်မှုနှင့်ဆိုင်သော သီချင်းများပါဝင်သည့် စာအုပ် ၁၀ အုပ်ပါရှိ၏။ ဒုတိယ သာမဝေဒ၌ သာယာနာပျော်ဘွယ် သီဆိုရန် ၅၇၅ ဂါထာပါရှိ၏။ တတိယ ယဇုဝေဒ၌ အမျိုးမျိုးသော ယဇ်ပူဇော်မှုများအတွက် နည်းလမ်းများ ပါဝင်ကြ၏။ စတုတ္ထ အာတဗ္ဗဝေဒ၌ မှော်အတတ်များနှင့် ဂါထာမန္တရားများ ပါဝင်ကြသည်။

အာရယန်တို့သည် ဂင်္ဂါမြစ်ဝှမ်းသို့ ရောက်လာကြသောအခါ ဗြာဟ္မဏတို့သည် ယဇ်ပူဇော်မှုကို ပြုလုပ်ရသောယဇ်ပုရောဟိတ်ရာထူးကို အပိုင်စီးထားကြကုန်၏။ ထိုအခါကစ၍ အာရယန် သွေးစင်ကြယ်မှုကို ကာကွယ်ရန်နှင့် ယဇ်ပုရောဟိတ်ဇာတ်၏ အဆူး အခွင့်အရေးကို ထိန်းသိမ်းစောင့်ရှောက်ထားရန် ဇာတ်များကို ဖန်တီးကြကုန်သည်။

ယင်းဇာတ်များသည် ပင်ရင်းမူလအားဖြင့် ဗြာဟ္မဏ၊ ခတ္တိယ၊ ဝေဿ၊ သုဒ္ဒဟူ၍ လေးမျိုး ပြားကြ၏။ ထိုလေးမျိုးတို့တွင် ပထမသုံးမျိုးထဲ၌ အာရိယန်တို့ ပါဝင်ကြ၍ စတုတ္ထအမျိုးထဲ၌ကား တိုင်းရင်းသားများ ပါဝင်ကြသည်။

ဗြာဟ္မဏ ကျမ်းများနှင့် ဥပနိသျှဒ် ကျမ်းများ၌ ဗြာဟ္မဏတို့၏ တွေးတောကြံစည်ချက်များကို ထည့်သွင်းထားကြ၏။ ထိုကျမ်းများကို ကိုးရာစုနှင့် ရှစ်ရာစု ဘီစီ အကြား၌ စီကုံး ပြုစုကြကုန်၏။ ဗြာဟ္မဏကျမ်းများထဲ၌ အဓိကအားဖြင့် ယဇ်ပူဇော်မှုများအပေါ် စဉ်းစားချင့်ချိန်မှုများ ပါဝင်ကြ၏။ ဥပနိသျှဒ် ကျမ်းများသည်ကား အနေအထား ပုံပန်းသွင်ပြင်အားဖြင့် ပြည့်ဝစုံလင်သောအကျိုးအကြောင်း အစီအစဉ်ဖော်ပြခြင်းများထက် နောက်နောင် ကြည့်ရှုစဉ်းစားရန် မှတ်တမ်းနှင့် သာ၍တူကြ၏။ သို့ရာတွင် ထိုကျမ်းများထဲမှာ အဘိဓမ္မာနှင့်ဆိုင်သော အကျယ်တဝင့် ဖော်ပြချက်များ ပါဝင်ကြ၏။ လေးမျိုးသော ဝေဒကျမ်းများ၊ ဗြာဟ္မဏကျမ်းများနှင့် ဥပနိသျှဒ် ကျမ်းများကို ဗျာဒိတ်ရ ကျမ်းဂန်များဟု မှတ်ယူကြပြီး သုတိများဟူ၍ ပြဋ္ဌာန်းသတ်မှတ်ထားကြကုန်သည်။

ဣန္ဒိယပြည်တွင် ကြံစည်စိတ်ကူးမှုများသည် သဘာဝအားဖြင့် ပေါ်များ ကွယ်ဝကြပြီး ဉာဏ်ကစားဘို့ရာ

အချက်အလက် များကလည်း မကုန်ခမ်းနိုင် ကြရကား အစဉ်မပြတ် အထူးထူးအထွေထွေ ကွဲပြားခြားနား နေကြ၏။ ခြောက်ရာစု ဘီစီအတွင်းတွင် မြတ်စွာဘုရား ပွင့်တော်မူလာသော ခေတ်အခါ၌ ငြင်းခုံပြိုင်ဆိုင်နေကြသည့် များပြားလှစွာသော ဂိုဏ်းဂဏ အဖွဲ့အစည်းတို့သည် အလိုအလျောက် ပေါ်ပေါက်လာကြ ကုန်၏။ ထိုဂိုဏ်းဂဏ အမြောက်အမြားတို့တွင် သံခ်ယဝါဒနှင့် ဂျိန်းဘာသာနှစ်ခုတို့သည် ဗုဒ္ဓဘာသာနှင့် အလွန်နီးစပ်ဆက်သွယ်နေကြကုန်သည်။

သံခ်ယဟူသော အမည်သည် ရေတွက်ခြင်း သံချာဟူသော စကားမှ ဆင်းသက်လာ၏။ ယင်းသံခ်ယဝါဒမှ ဣန္ဒိယပြည်တွင် ကြံစည်စိတ်ကူးမှု၏ အရေးပါသော အစိတ်အပိုင်းဖြစ်သည့် မှတ်ကျောဘွယ်ရာ လောကဓာတ်၏ အစမူလ အကြောင်းအရာ ပညာသည် ထွက်ပေါ်လာ၏။ ထိုပြင် သံခ်ယဝါဒသည် သက္ကာယဟူသော အယူအဆကို လက်ခံထား၏။ ယင်းသက္ကာယ အယူအဆအားဖြင့် နဂိုမူလအတိုင်း အမြဲတည်တံ့နေသော ပကတိဟူသော သဘောတရားသည် တည်ရှိ၏။ ယင်းပကတိသဘောတရားသည် သုံးလွန်းတင်ထားသော ကြိုးနှင့် အလားတူစွာဂုဏ်မည်သော သုံးမျိုးသော မူလအရင်းခံသဘာဝများ ပါဝင်ပေါင်းစပ်ထားသည့် အရာပင် ဖြစ်ပေသည်။

ဤသုံးမျိုးသော ဂုဏတို့သည် အောက်ပါအတိုင်း ဖြစ်ကုန်သည်။

(၁) မှန်ကန်သော သဘောရှိသော သတ္တသည် ထွန်းလင်းတောက်ပ စင်ကြယ်ကောင်းမွန်သော မူလ အခြေခံ သဘောတရားဖြစ်၏။

(၂) အရောင်ခြယ်တတ်သော သဘောရှိသော ရဇဲ သည် ချစ်ခင်ခြင်း၊ တပ်မက်ခြင်း လောကီအာရုံ ကာမ ဂုဏ်များကို လိုက်စားခြင်းတို့ကို ပြုတတ်သော မူလ အခြေခံ သဘောတရားဖြစ်၏။

(၃) မှောင်မိုက်စေသော သဘောရှိသော တမသည် မကောင်းမှုနှင့် မကောင်းကျိုးများကို ဖြစ်ပွားစေတတ် သော မသိမှုပင်ဖြစ်၏။ စဉ်းစား စိတ်ကူးရုံမျှ ဖြစ်သော အခြေအနေ၌ ဤသုံးခုသော ဂုဏတို့သည် တခုနှင့်တခု အလျော့အတင်း မရှိဘဲ သင့်တင့်ညီမျှ ချိန်ခွင်လျှာ ကျနေကြ၏။ သို့ရာတွင် ထကြွလှုပ်ရှားမှုဟူသော ကမ္မ သည် ဝင်ရောက်စွက်ဖက်လာသည်နှင့် တပြိုင်နက် ၎င်း တို့သည် မသင့်တင့် မညီမျှ ချိန်ခွင်လျှာ မကျတော့ဘဲ ကွဲကွာသွားကြရကုန်သည်။

သင်္ချယဝါဒသည် ပြဒဟ္မဏကျမ်းလာ ရုပ် နာမ် နှစ်ပါးသည် မူလအကြောင်းရင်း တခုတည်းမှ ဖြစ်သည် ဟူသော အယူအဆကို စွန့်ပယ်၍ ပကတိမှတပါး ပုရှ

မည်သော မရေတွက်နိုင်အောင် များပြားလှသော အကောင်အထည်မရှိသည့် အတ္တများ ရှိကြသည်ဟူသော အယူအဆကို လက်ခံထား၏။ ဤသို့အားဖြင့် ကမ္မသည် ပကတိကို နှောက်ယှက် စွက်ဖက်ပြီးသည့်အခါ အဘယ်ကဲ့သို့ လူသတ္တဝါ ဖြစ်ပေါ်လာသည်ကို ဖော်ပြထားပေသည်။

လူကို အောက်ပါအစိတ်အပိုင်း သုံးခုဖြင့် ပေါင်းစပ်ပြုလုပ်ထားသည်။ ၎င်းတို့သည် (၁)သေဆုံးသောအခါ ဖရိုဖရဲ ပြိုကွဲသွားသည့် ရှန်းရင်း ကြမ်းတမ်းသော ကိုယ်ကာယ။ (၂)အမြဲတည်ရှိသော အရာထဲ၌ပါဝင်၍ တဘဝမှ တဘဝသို့ ကူးပြောင်းရာ၌ထိုအမြဲတည်ရှိသော အရာနှင့်ရောနှော ပူးပေါင်းနေသော မမြင်နိုင်သည့် သိမ်မွေ့သော ကိုယ်ကာယ။ (၃) ကမ္မနိယာမ၏ နှောင်ဖွဲ့ခြင်းကို မခံရသော်လည်း သံသရာ၌ ကျင်လည်နေရသော အကောင်အထည် မရှိသည့်သဘော ဟူသော ပုရုရှတို့ ဖြစ်ကြကုန်သည်။

လူသည် မခိုင်မြဲ မတည်တံ့ခြင်းနှင့် ဆင်းရဲခြင်း သဘောရှိသော ရူပကာယမှ လွတ်ကင်းလိုပါမူ သိမ်မွေ့သော ကိုယ်ကာယကို ပကတိသို့ ပြန်သွားရန် ပြုလုပ်ရပေမည်။ အကြောင်းမှာမူ ပုရုရှသည် ရူပကာယမှမခွဲခွာမီ ငြိမ်သက်တည်ကြည်မှုကို မရရှိနိုင်သောကြောင့် ဖြစ်၏။ ပုရုရှသည် ပကတိနှင့် ကင်းကွာလွတ်လပ် နေသည်ကို

သိမ်မွေ့သော ကိုယ်ကာယက သိသောအခါ ဤငြိမ်သက် တည်ကြည်မှု ဖြစ်ပေါ်လာ၏။ ယင်းကဲ့သို့ ဖြစ်ပေါ်လာ ခြင်းသည် အဝိဇ္ဇာပျောက်ကင်း၍ လွတ်လပ်ရေးကို ရရှိ ခြင်းပင် ဖြစ်ပေသည်။

ဤသို့လျှင် သင်္ခယသည် သံသရာမှ လွတ်မြောက်ရေး နည်းလမ်းကို ရှင်းလင်းဖော်ပြခဲ့၏။ မြတ်စွာဘုရား၏ သံသရာမှ လွတ်မြောက်ရေး နည်းလမ်း သည်လည်း အဝိဇ္ဇာ ပျောက်ကင်းရေး၌ သင်္ခယဝါဒနှင့် အလားတူပင် ဖြစ်၏။ သို့ရာတွင် ပျောက်ကင်းပုံချင်းကား မတူကွဲပြား ခြားနားလှပေသည်။

အမှန်အားဖြင့် သင်္ခယဝါဒသည် ဗြာဟ္မဏဝါဒနှင့် ကွဲပြားခြားနားသည် မဟုတ်ဘဲ ယင်းဝါဒကိုပင် ကူညီ အားပေးနေသော ဝါဒဖြစ်၏။ ထို့ပြင် ဂျိန်းဝါဒကို လည်း ကူညီအားပေး၏။ သို့ရာတွင် ဗြာဟ္မဏဝါဒ၏ အာဏာရှင်ဖြစ်သော သုတိ၏ မချွတ်ချော် မမှားယွင်း နိုင်ခြင်း ဟူသော အချက်အလက်ကိုမူ အသိအမှတ် မပြုချေ။

ဂျိန်းဘာသာကို မြတ်စွာဘုရားနှင့် တခေတ်တည်း ပေါ်ပေါက်လာသော မဟာဝီရက တည်ထောင်ခဲ့လေ၏။ မြတ်စွာဘုရားသည် ဇိနဟူသောဘွဲ့ကို ခံယူတော်မူသကဲ့သို့ သူသည်လည်း ဇိန ( ဂျိန ) ဟူသော ဘွဲ့ကို ခံယူခဲ့၏။ သို့ဖြစ်၍ သူ၏အယူဝါဒကို ဂျိန်းဘာသာဟု ခေါ်ဆို

ကြ၏။ ယင်း ဂျိန်းဘာသာသည် ယနေ့တိုင်အောင် ဣန္ဒိယပြည်၌ မကွယ်မပျောက်ဘဲ ဆက်လက်ထွန်းကား နေသေး၏။ ဂျိန်း ဘာသာဝင်တို့သည် အများအားဖြင့် သူဌေး သူကြွယ် ကုန်သည်ကြီးများ ဖြစ်ကြကုန်၏။ နောက်ဆုံး စာရင်းအရ ဂျိန်းဘာသာဝင်တို့၏ အရေအတွက်သည် ၁,၄၅၀,၀၀၀ ခန့်မျှ ရှိပေသည်။

ဂျိန်း အယူဝါဒသည် သခ်ယ အယူဝါဒကဲ့သို့ပင် သံသရာမှ လွတ်မြောက်ရေး အတွက် ကမ္မကို အလွန် အရေးထား၏။ ကမ္မကြောင့် သံသရာ၌ ကျင်လည်နေရသည်ဟု ယူဆထားသောကြောင့် ဖြစ်၏။ အဆစ်များ ထဲတွင် ယူရစ်အက်ဆစ် အစိုင်အခဲများ စုပေါင်းနေခြင်းကြောင့် အဆစ်ရောင်ရောဂါ ဖြစ်ပေါ်ရသကဲ့သို့ ရှေးက ပြုခဲ့သော ကံဟောင်းများ စုပေါင်းကျန်ရှိနေသောကြောင့် သံသရာထဲ၌ ဒုက္ခအကျိုးကို ခံစားနေရသည်ဟု ယူဆထားသည်။

ဤကမ္မနိယာမမှ လွတ်မြောက်ရန် ဂျိန်းဘာသာသည် မညှဉ်းဆဲခြင်း အဟိံသာတရားကို လက်ကိုင်ထား၏။ ဤ အဟိံသာတရားသည် ဗုဒ္ဓဘာသာနှင့်တကွ ဣန္ဒိယ အယူဝါဒအားလုံးသို့ လွှမ်းမိုးသွား၏။ ဂျိန်းဘာသာဝင် တို့သည် ဤ အဟိံသာတည်းဟူသော မညှဉ်းဆဲ မနှိပ်စက် မသတ်ဖြတ်ခြင်းကို ကရုဏာကြောင့် ကျင့်ကြံ အားထုတ်ကြသည် မဟုတ်ကုန်။ အမှန်အားဖြင့် ကမ္မာ

လောက၏ ဖြားယောင်းသွေးဆောင်မှုများမှ ကာကွယ်၍ ကမ္မ၏ ချုပ်ထိန်းထားမှုကို အဆုံးသတ်ကြရန်ပင် ဖြစ်ပေသည်။

ဗုဒ္ဓဘာသာသည် မူလ အခြေခံအားဖြင့် ဗြာဟ္မဏ ဘာသာ၏ အဆောက်အဦကို ဖြိုဖျက်၍ ဗြာဟ္မဏ ဘာသာကို ဆန့်ကျင်ပုန်ကန်သည့်သဘော ရှိ၏။ ဗြာဟ္မဏ ဘာသာ၏ အဓိကဖြစ်သော ယူဆချက် နှစ်ခုတို့သည် အတ္တနှင့် သံသာရတို့ ဖြစ်ကုန်၏။ ထိုနှစ်မျိုးတို့တွင် အတ္တ သည် ဇီဝအတ္တ၊ ပရမ အတ္တဟူ၍ နှစ်ပါး အပြားရှိ၏။ ထိုနှစ်ပါးတို့တွင် အလုံးစုံကို အစိုးရသော အရာခပ်သိမ်း ကို သိမြင်တတ်သော ပြိုင်ဘက်ကင်းပျောက် တယောက် တည်းသာ ဖြစ်သော အတ္တသည် ပရမအတ္တ မည်၏၊ သတ္တဝါတို့၏ကိုယ်တိုင်းကိုယ်တိုင်း၌ အသီးအသီး ကွဲပြား သော အတ္တသည် ဇီဝအတ္တ မည်၏။ ယင်းအတ္တနှစ်ပါး စုံသည် အလုံးစုံကို နှံ့၍ တည်ပြီး အစိုးရ၏။ အထူး အားဖြင့် ဇီဝအတ္တသည် သတ္တဝါအားလုံးကို နှံ့၍ တည်ပြီး မိမိတည်ရာ သရီရ ဣန္ဒြိယတို့ကို အစိုးရ၏။ ပရမအတ္တသည် တလောကလုံးကို နှံ့၍တည်ပြီး အလုံး စုံသော လောကကို အစိုးရ၏။ ယင်း ဇီဝအတ္တ၏ တဘဝပြီးတဘဝ ကျင်လည်ရခြင်းသည် သံသာရ ဖြစ် သည်။

ဗုဒ္ဓဘာသာသည် ဆိုအပ်ခဲ့ပြီးသော ဗြာဟ္မဏဘာသာ၏ ဗဟိုချက်ဖြစ်သည့် အတ္တနှင့် သံသာရ နှစ်မျိုးတို့တွင် အတ္တကို ငြင်းပယ်၍ သံသာရကိုမူ ခံယူ ခဲ့ထွင်လေ၏။ ဤသို့လျှင် အနတ္တနှင့် သံသာရသည် ဗုဒ္ဓဘာသာ၏ အခြေခံအုတ်မြစ် ဖြစ်လာပေသည်။

ပရမအတ္တတည်းဟူသော ဗြဟ္မာသည် ယစ်ပူဇော်မှုနှင့် တွဲဖက်နေပြီး တဖြည်းဖြည်း တန်ခိုး အာဏာကြီးမားလာ၏။ ဥပနိသျှဒ် ကျမ်းများထဲတွင် အလွန်ကြီးကျယ်သော တန်ခိုးရှိသော ဗြဟ္မာကို အဆုံးစွန်သော သတ္တဝါ၏ အဖြစ်ဖြင့် ချီးမွမ်းထောမနာ ပြုထား၏။ ဤသို့အားဖြင့် ဗြဟ္မာကို အားလုံးသော အကန့်အသတ်များနှင့် ဂုဏ်အင်္ဂါမှ လွန်မြောက်သည့်အဆင့်သို့ မြှင့်တင်ထားပေသည်။

ဇီဝအတ္တသည် သတ္တဝါတိုင်း၏ အတွင်း အကျဆုံးဖြစ်သော နှလုံးသား၌ တည်ရှိနေ၏။ ယင်းအတ္တသည် အားလုံးသော သတ္တဝါ သင်္ခါရတို့နှင့် သာမန် အနေအားဖြင့် ကူးလူး ဆက်ဆံနေပေသည်။ မြစ်များသည် သမုဒ္ဒရာထဲ၌ ရောနှော ပျောက်ကွယ်သွားကြရသကဲ့သို့ ထို့အတူပင် ဇီဝအတ္တတို့သည် ပရမအတ္တထဲ၌ ရောနှော ပျောက်ကွယ်သွားကုန်သည်။

တဘဝပြီးတဘဝ ဆက်လက်ဖြစ်ပွားရခြင်း သံသာရဟူသော အယူအဆကို ရှေး ပဝေသဏီအခါမှ စ၍

ဣန္ဒိယ၌ လက်ခံ ယုံကြည်လာခဲ့ကြ၏။ ဣန္ဒိယလူမျိုး တို့သည် အစဉ်မပြတ် သံသရာ၌ ကျင်လည်ရမှုကို ကြောက်ရွံ့ကြကုန်၏။ သူတို့သည် အဆုံးမရှိသော သံကွင်းဆက်များကဲ့သို့ ဘဝနှင့်ဘဝ ဆက်စပ်ပြီး ငြီးငွေ့ဘွယ်ရာ သံသရာ၌ အဆက်မပြတ် ကျင်လည်နေကြ ရမည်ဟု ယူဆထားကြကုန်၏။ သို့ဖြစ်၍ သံသရာမှ လွတ်မြောက်ရေးကို လိုလားကြကုန်၏။ ဤကဲ့သို့ သံသရာ မှ လွတ်မြောက်ရန်အတွက် ကမ္ဘာလောကကို လှည့် စားမှု မာယာအဖြစ်ဖြင့် မှတ်ယူပြီး အလွဲလွဲအမှားမှား ထင်မြင်ချက်များကို အသိပညာဖြင့် သုတ်သင် ပယ်ရှား ပစ်ရန် လိုသည်ဟု ယုံကြည်ထားကြကုန်သည်။ သံသရာ အကြောင်းနှင့် ပတ်သက်၍ မိလိန္ဒပဥှာ၌ အောက်ပါ အတိုင်း ပါရှိသည်။

"မိလိန္ဒမင်းသည် 'အရှင်ဘုရား နာဂသေန၊ သံသရာ ဟူ၍ အကြင်စကားကို ဆိုတော်မူ၏။ ထိုသံသရာသည် အဘယ်ပါနည်း' ဟု မေးလျှောက်၏။ မင်းမြတ်၊ ဤ အရပ် ဤဘုံ၌ ဖြစ်၍ ဤအရပ် ဤဘုံ၌ပင်လျှင် သေ၏။ ဤအရပ် ဤဘုံ၌ သေ၍ တပါးသောအရပ် တပါးသော ဘုံ၌ ဖြစ်ပြန်၏။ ထိုအရပ်ထိုဘုံ၌ ဖြစ်၍ ထိုအရပ်ထိုဘုံ၌ ပင်လျှင် သေ၏။ ထိုအရပ်ထိုဘုံ၌ သေ၍ တပါးသော အရပ် တပါးသောဘုံ၌ ဖြစ်ပြန်၏။ မင်းမြတ် ဤသို့လျှင် သံသရာသည် ဖြစ်၏ဟု မိန့်တော်မူ၏။

"ဥပမာပြုတော်မူပါဦးလော့ဟု လျှောက်၏။ မင်းမြတ်၊ ဥပမာအားဖြင့် တစုံတယောက်သော ယောကျ်ားသည် သရက်သီးမှည့်ကို စား၍ အစေ့ကို စိုက်ပျိုးရာ၏။ ထို သရက်သီးမှည့်မှ ကြီးစွာသော သရက်ပင်သည် ဖြစ်၍ အသီး သီးရာ၏။ ထိုအခါ ထိုယောကျ်ားသည် ထိုသရက် ပင်မှလည်း သရက်သီးမှည့်ကို စား၍ အစေ့ကို စိုက်ပျိုး ပြန်ရာ၏။ ထိုသရက်သီး အစေ့မှလည်း ကြီးစွာသော သရက်ပင်သည် ဖြစ်ပြန်၍ အသီး သီးပြန်ရာ၏။ ဤသို့ ဆက်ကာဆက်ကာ စိုက်ပျိုးသော် ထို သရက်ပင်တို့၏ အဆုံးသည် မထင်။ မင်းမြတ်၊ ဤ အ တူ သာ လျှင် ဤအရုပ် ဤဘုံ၌ဖြစ်၍ ဤအရုပ်ဤဘုံ၌ပင်လျှင် သေ၏။ ဤအရုပ်ဤဘုံ၌ သေ၍ တပါးသောအရုပ် တပါးသော ဘုံ၌ ဖြစ်ပြန်၏။ ထိုအရုပ် ထိုဘုံ၌ဖြစ်၍ ထိုအရုပ်ထိုဘုံ၌ ပင်လျှင် သေ၏။ ထိုအရုပ် ထိုဘုံ၌သေ၍ တပါးသော အရုပ် တပါးသော ဘုံ၌ ဖြစ်ပြန်၏။ မင်းမြတ် ဤ သို့လျှင် သံသရာသည် ဖြစ်၏ဟု မိန့်တော်မူ၏။"

ကမ္မ အယူအဆသည် သံသာရ အယူအဆနှင့် မလွဲ ရှောင်နိုင်သော ယှဉ်တွဲဘက် ဖြစ်၏။ သံ သ ရာ ၌ ကျင်လည်ရမှုနှင့် သံသရာမှ လွတ်မြောက်ရမှုတို့သည် ကမ္မပေါ်၌ အခြေခံတည်နေကြ၏။ ကမ္မဟူသည် ပြုလုပ် ခြင်း ဖြစ်၏။ ဝေဒ ကျမ်းများထဲတွင် ယစ်ပူဇော်မှုပြုလုပ် ခြင်းကို ကမ္မဟု ဖော်ပြထား၏။ ဗြာဟ္မဏနှင့် ဥပနိသျှဒ်

ကျမ်းများတွင် မြင့်မြတ်သော အပြုအမူများကို ကမ္မ ထဲ၌ ထည့်သွင်းထား၏။ ရေထဲသို့ ကျောက်စရစ်ခဲကို ပစ်ချလိုက်သောအခါ ကျောက်စရစ်ခဲ ကျရာဌာနကို ဗဟိုချက် ပြုလုပ်ကာ ဝန်းကျင်ပတ်လည်၌ လှိုင်းစက်ဝန်း များ ကျယ်ပြန့်သွားသကဲ့သို့ ကမ္မသည်လည်း ပစ္စုပ္ပန် ဘဝမှ စ၍ သံသရာဘဝ အဆက်ဆက် ကျယ်ပြန့်သွား ပေသည်။

ကမ္မ အကြောင်းနှင့် ပတ်သက်၍ မိလိန္ဒပဉှာ၌ အောက်ပါအတိုင်း ပါရှိသည်။

"မိလိန္ဒမင်းသည် 'အရှင်ဘုရား နာဂသေန အချို့သော လူတို့သည် အသက်တိုကုန်၏။ အချို့သော လူတို့သည် အသက်ရှည်ကုန်၏။ အချို့သော လူတို့သည် အနာ များကုန်၏။ အချို့သောလူတို့သည် အနာနည်းကုန်၏။ အချို့သောလူတို့သည် အဆင်းမလှကုန်။ အချို့သော လူတို့သည် အဆင်းလှကုန်၏။ အချို့သော လူတို့သည် တန်ခိုး နည်းကုန်၏။ အချို့သော လူတို့သည် တန်ခိုး ကြီးကုန်၏။ အချို့သောလူတို့သည် ဥစ္စာစည်းစိမ် နည်း ပါးကုန်၏။ အချို့သော လူတို့သည် ဥစ္စာ စည်းစိမ် များပြားကုန်၏။ အချို့သောလူတို့သည် အမျိုးဇာတ် ယုတ်နိမ့်ကုန်၏။ အချို့သောလူတို့သည် အမျိုးဇာတ် မြင့်မြတ်ကုန်၏။ အချို့သောလူတို့သည် ပညာမဲ့ကုန်၏။ အချို့သောလူတို့သည် ပညာရှိကုန်၏။ လူအားလုံးတို့

သည် အဘယ့်ကြောင့် မတူမျှကြ ပါကုန် သနည်း’ ဟု မေးလျှောက်၏။

“နာဂသေန မထေရ်သည် ‘မင်းမြတ် အချို့သစ်ပင်တို့သည် ချဉ်ကုန်၏။ အချို့ သစ်ပင်တို့သည် ငန်ကုန်၏။ အချို့ သစ်ပင်တို့သည် ခါးကုန်၏။ အချို့သစ်ပင်တို့သည် စပ်ကုန်၏။ အချို့သစ်ပင်တို့သည် ဖန်ကုန်၏။ အချို့ သစ်ပင်တို့သည် ချိုကုန်၏။ သစ်ပင် အားလုံးတို့သည် အဘယ့်ကြောင့် မတူမျှကြကုန်သနည်း’ဟု မိန့်တော်မူ၏။ ‘အရှင်ဘုရား မျိုးစေ့တို့၏ ခြားနားခြင်းကြောင့် မတူမျှကြကုန်ဟု’ မှတ်ထင်ပါ၏ဟု လျှောက်၏။”

“မင်းမြတ် ဤအတူသာလျှင် ကုသိုလ်ကံ အကုသိုလ်ကံတို့၏ ခြားနားခြင်းကြောင့် အချို့လူတို့သည် အသက်တိုကုန်၏။ အချို့လူတို့သည် အသက်ရှည်ကုန်၏။လ။အချို့လူတို့သည် ပညာမဲ့ကုန်၏။ အချို့လူတို့သည် ပညာရှိကုန်၏။ မင်းမြတ် မြတ်စွာဘုရားသည် ‘သတ္တဝါတို့သည် ကံသာလျှင် မိမိ ဥစ္စာ ရှိကုန်၏။ ကံ၏အမွေခံ ဖြစ်ကုန်၏။ ကံသာလျှင် အကြောင်း ရှိကုန်၏။ ကံသာလျှင် ဆွေမျိုး ရှိကုန်၏။ ကံသာလျှင် ကိုးစားရာ ရှိကုန်၏။ အကြင်ကံသည်ရှိ၏။ ထိုကံသည် သတ္တဝါတို့ကို အယုတ်အမြတ်ဖြစ်ခြင်းငှာ ဝေဖန်၏’ ဟူ၍ တရားကိုဟောကြားအပ်ဟု မိန့်တော်မူ၏။”

ဤသို့လျှင် ဗုဒ္ဓဘာသာသည် ဣန္ဒိယ၌ ရှေးပဝေ

သဏိက ပေါ်ပေါက်လာခဲ့သော အယူဝါဒ အမျိုးမျိုး
တို့တွင် အထူးအားဖြင့် အတ္တဝါဒကို ပစ်ပယ်၍ သံသာရ
ဝါဒနှင့် ကမ္မဝါဒတို့ကိုမူ လက်ခံ သိမ်းပိုက်ထား၏။
ဤသို့အားဖြင့် ဗုဒ္ဓဘာသာသည် ဖန်ဆင်းသူ၊ ထာဝရ
ဘုရား၊ မြင့်မြတ်သော ရှေးလူကြီးတို့၏စကား ဟူသော
သုတိ၊ ယဇ်ပူဇော်မှုနှင့် ဇာတ်အယူဝါဒတို့ကို လက်မခံဘဲ
သံသရာမှ လွတ်မြောက်ရေးကို ပဓာနထား၍ သစ္စာ
လေးပါး တရားကိုသာ လက်ခံယုံကြည်ထား၏။ ထိုသစ္စာ
လေးပါး တရားများအနက် မဂ္ဂသစ္စာသည် သံသရာမှ
လွတ်မြောက်ကြောင်း တခုတည်းသော လမ်းဖြစ်၏။
ထို့ကြောင့် သံသရာမှ လွတ်မြောက်၍ နိဗ္ဗာန်ကို
မျက်မှောက် ပြုလိုသော ဗုဒ္ဓဘာသာဝင် သူတော်စင်
အပေါင်းတို့သည် မဂ္ဂသစ္စာ၏ ဆူးငြောင့်ခလုတ်ဖြစ်သော
တရားတို့ကို ပယ်ရှားပြီး မဂ္ဂင်ရှစ်ပါးကို ပွားများ
အားထုတ်နိုင်ကြပါစေသတည်း။

အရှင်ပညိန္ဒာဘိဝံသ

ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ
သာသနဓဇ သိရီပဝရ ဓမ္မာစရိယ
အစိုးရ ပထမကျော်၊ ဘီအေ

၁၃၃၂ ခုနှစ်၊ ဝါဆိုလပြည့်နေ့။

ဣန္ဒိယ မြန်မာ ဗုဒ္ဓဘာသာ

# ဣန္ဒိယပြည်၌ ဗုဒ္ဓဘာသာ ပေါ်ပေါက်လာခြင်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ဣန္ဒိယပြည်၌ ဘီစီ ခြောက်ရာစုအတွင်း ဗုဒ္ဓဘာသာ ပေါ်ပေါက်လာလေ၏၊ ယင်းဗုဒ္ဓဘာသာကို တည်ထောင်သူ အရှင်ဂေါတမဗုဒ္ဓသည် ကပ္ပိလဝတ်ပြည့်ရှင် ဘုရင်သုဒ္ဓေါဒနမင်းကြီးနှင့် မိဖုရားကြီး မာယာဒေဝီတို့မှ ၆၂၃ (ဝါ) ၅၆၃ ဘီစီတွင် လုမ္ဗိနီ ဥယျာဉ်တော်၌ ဖွားမြင်တော်မူခဲ့၏။ မင်းသားသည် ငယ်စဉ်က သိဒ္ဓတ္ထအမည်ဖြင့် ထင်ရှား၍ ဘုရားဖြစ်ပြီးမှ ဗုဒ္ဓဟူသော ဘွဲ့ထူးကို ခံယူတော်မူသည်။

## ကပိလဝတ္ထုပြည်

သကျအမျိုးအနွယ်တို့၏ နေပြည်တော်ဖြစ်သော ကပိလဝတ္ထုသည် ယခုအခါ ပါဒရီးယား( Padaria )မည်သော ရွာ၌ တည်ရှိခဲ့၏။ ထိုအခါက ကပိလဝတ္ထုသည် ကောသလတိုင်း၏

လက်အောက်ခံ နယ်ပယ်ဖြစ်၏။ ၁၈၅၇ ခုနှစ်တွင် ကုလားစစ်သားများ ပုန်ကန်ထကြွစဉ်က ဗြိတိသျှအစိုးရအား အကူအညီပေးခြင်းကြောင့် ဗြိတိသျှအစိုးရက နီပေါအစိုးရအား ကျေးဇူးတုံ့ပြန်သည့်အနေဖြင့် ပေးအပ်လိုက်သော နယ်များထဲတွင် ပါဝင်သွားရကား ပါဒရီးယားခေါ် ကပိလဝတ္ထုသည် ယခုအခါ နီပေါအစိုးရပိုင် နယ်မြေဖြစ်၍ နေပေသည်။

ကပိလဝတ္ထုသည် အလွန်မြင့်မား ခံ့ညားသော ဟိမဝန္တာတောင်ခြေတွင် ယခုအခါ ကိုဟား(န်)ခေါ်သော ရောဟိဏီမြစ်ကလေး ဖြတ်သန်းစီးဆင်းရာဒေသ၌ တည်ရှိခဲ့သည့် နှစ်သက်ဘွယ်ရာ သာယာလှပသောမြို့ ဖြစ်လေ၏။ မိုးတိမ်များကင်းစင်၍ ကြည်လင်သန့်ရှင်းသော နေ့များ၌ ဟိမဝန္တာ တောင်တန်းကြီး၏ ဆီးနှင်းများ ဖုံးအုပ်ထားသော တောင်ထိပ်တောင်ထွတ်များကို ထင်ရှားပြတ်သားစွာ ကပိလဝတ္ထုမှနေ၍ မြင်နိုင်ပေ၏။ ထိုကပိလဝတ္ထု မြို့ဟောင်းရာ၌ ယခုအခါ ဟိန္ဒူဗြာဟ္မဏဘုန်းကြီး ဘုရားကျောင်းကလေးတခုကို တည်ဆောက်ထား၏။ သို့ရာတွင် ထိုဘုရားကျောင်းကလေးသည် ဗုဒ္ဓဘာသာနှင့် မည်သို့မျှ အဆက်အသွယ် မရှိချေ။

ကပိလဝတ္ထု မြို့ဟောင်းရာသို့ O.T. မီးရထားလမ်းပေါ်ရှိ ဆဟာရတ်ဂန်းဂျ်(Saharatganj )ဘူတာမှ သွားရောက်နိုင်၏။ ထိုဘူတာမှ နီပေါနယ်ခြားထိအောင် ကျောက်လမ်းရှိ၍ နီပေါနယ်ဘက်၌ မြေလမ်းရှိ၏။ ထိုလမ်းသည် တောလီဝှာ (Tawliwa) မြို့ကလေးထိ ပေါက်ရောက်၏။ ထိုမြို့ကလေးမှ ကပိလဝတ္ထု

မြို့ဟောင်းရာသည် တမိုင်မျှသာ ဝေးကွာတော့၏။ ကပိလဝတ္ထုသို့ လုမ္ဗိနီမှလည်း တိုက်ရိုက်သွားရောက်နိုင်၏။ ခရီးအကွာအဝေးမှာ ဆယ်မိုင်မျှသာ ရှိသော်လည်း လှည်းလမ်းမျှပင် မပေါက်ရကား လမ်းခရီး တလျှောက်လုံး၌ အများအားဖြင့် လယ်ကွင်းများနှင့် မြက်ခင်းများပေါ် ဖြတ်သန်းကာ ခြေလျင် သွားရပေလိမ့်မည်။

ဤနီပေါနယ်ထဲသို့ ခေတ္တခဏ အလည်အပတ် သွားရောက်ရန်အတွက် နိုင်ငံကူးလက်မှတ် မလိုပေ။ သို့ရာတွင် အကူအညီလိုပါက ရရှိနိုင်ရန် တောလီဝှာမြို့သို့ ရောက်သောအခါ နေပါလီ တရားသူကြီးထံသို့ ဝင်ရောက်အကြောင်းကြားသင့်၏။ ထိုမြို့၌ တည်းခိုရန်ဌာန မရှိသဖြင့် အကယ်၍ မလွှဲမရှောင်သာ ညဉ့်အိပ်ရပါမူ ယင်းတရားသူကြီးထံမှ အကူအညီ ရရှိပေလိမ့်မည်။

ကပိလဝတ္ထု မြို့ဟောင်းရာ အနီးအပါး၌ ကမ္ဘည်းကျောက်စာနှင့်သက်ဆိုင်သော စိတ်ဝင်စားဘွယ်ရာ နိဂလိဝါကျောက်တိုင်နှင့် ပိပရာဝါစေတီတော်များ တည်ရှိကြ၏။ နိဂလိဝါကျောက်တိုင်ကို အသောကမင်းကြီး စိုက်ထူထားခဲ့၏။ ပိပရာဝါစေတီတော်မှ ယုံမှားဘွယ်မရှိ အစစ်အမှန်ဖြစ်သောမြတ်စွာဘုရား၏ဓာတ်တော်များကို ၁၈၉၈ ခုနှစ်က တွေ့ရှိခဲ့၏။ ဤဓာတ်တော်များသည် ကုသိနာရုံပြည်၌ မြတ်စွာဘုရား၏ရုပ်အလောင်းတော်ကို တေဇောဓာတ် လောင်ပြီးနောက် ဓာတ်တော်များကို ဝေရာ၌ သာကီဝင်မင်းတို့ ဝေစုရခဲ့သည့်ဓာတ်တော်များ ဖြစ်ကြရပေမည်။ ယင်းဓာတ်တော်များကို ငါးရုပ်ဖြင့် ထိပ်ကွပ်ထားသော ကျောက်သလင်း ကြုတ်ထဲမှာ တွေ့ရှိရ၏။ ထိုကျောက်သလင်းကြုတ်ကို

တဖန်ကျောက်သေတ္တာကြီး တခုထဲမှာ ထည့်ထား၏။ ထိုကျောက်သေတ္တာကြီးထဲ၌ တွေ့ရှိရသော ဤ ကြုတ်နှစ်ခုတို့နှင့်တကွ ရွှေပြားများ၊ အဘိုးတန်ကျောက်မျက်ရတနာများ၊ အခြားသော စိတ်ဝင်စားဘွယ်ရာပစ္စည်းဝတ္ထုများကို ယခုအခါ ကလကတ္တားမြို့ ပြတိုက်ထဲ၌ ပြသထား၏။ အလွန် အဘိုးထိုက်တန်သော ဓာတ်တော် များကိုကား ယိုးဒယားဘုရင်သို့ ဆက်သလိုက်လေသည်။

ရှေးပဝေသဏီ အခါက ကပိလမည်သော ရသေ့ဘပါး နှစ်ပေါင်းများစွာ နေထိုင်ခဲ့ဘူးသော နေရာဌာန၌ မြို့ရွာ တည်ထောင်ခဲ့သောကြောင့် ကပိလဝတ္ထုဟူသော အမည်ကို ရသည်ဟု ပြောဆိုကြ၏။ ယင်းကပိလဝတ္ထုကို ဘီစီ ခြောက်ရာ အတွင်းတွင် သုဒ္ဓေါဒနမင်းကြီးသည် စိုးမိုးအုပ်ချုပ်ခဲ့လေ၏။ မြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဉ်ကပင်လျှင် ဝိဋ္ဋူဘ၏ ရက်ရက်စက်စက် သတ်ဖြတ်ဖျက်ဆီးခြင်းကြောင့် သကျအမျိုး အနွယ်များ ပျက်စီးဆုတ်ယုတ်လာခဲ့ရာ ယခုအခါ မြတ်စွာဘုရား ၏ ဆွေတော်မျိုးတော်များမှ တိုက်ရိုက်ဆင်းလာသည့် သကျ အနွယ်ထဲမှ မိသားစုတစုမျှသာ ကျန်ရှိပေတော့၏။ ဤမိသားစု သည် ယူနိုက်တက် ပရောဗင်းစ်နယ်ထဲက သေးငယ်သော အရာဂါးလ်( Aragal )နယ် ရာဇာ၏ မိသားစု ဖြစ်ပေသည်။

ဤကပိလဝတ္ထု၏ အကြောင်းကို အေဒီ ၃၉၉ ခုမှ ၄၁၄ ခု တိုင်အောင် ၁၅ နှစ်ပတ်လုံး ဣန္ဒိယပြည်၌ ဗုဒ္ဓဘာသာနှင့်

ပတ်သက်သော နေရာဌာနများသို့ လှည့်လည် ဖူးမြော်ခဲ့သော တရုတ်ရဟန်းတော် အရှင်ဖာဟီယန်က အောက်ပါအတိုင်း ရေးသားထားခဲ့လေသည်။

"ဤကပိလ ဝတ္ထုမြို့ထဲတွင် ရှင်ဘုရင်နှင့်တကွ တိုင်းသူ ပြည်သားများပါ မရှိကြတော့၍ အလွန်ဆိတ်ငြိမ်နေပေ၏။ ရဟန်းတော် အနည်းငယ်မျှနှင့် လူနေအိမ်ခြေဆယ်ခု လောက် မျှသာ ရှိကြ၏။ ဤနေရာ ဌာနသည် သုဒ္ဓောဒနမင်းကြီး၏ နန်းတော်ရာဖြစ်၏။ ဤနေရာ၌ ဆင်ဖြူတော်ပေါ်၌ ထိုင်နေသော မင်းသားသည် မယ်တော်၏ ဝမ်းထဲသို့ ဝင်ရောက်ဟန်ကိုရုပ်ပုံဖြင့် ဖော်ပြထားကြလေသည်။

"သိဒ္ဓတ္ထမင်းသားသည် မြို့အရှေ့တံခါးမှ ထွက်သောအရပ်၌ ၎င်းမင်းသားသည် သူနာကိုမြင်၍ ရထားကိုလှည့်စေပြီး ပြန်သော အရပ်၌၎င်း၊ စေတီတော်များကို တည်ထားကြကုန်၏။ ထို့မှတပါး အသိတ ပညာရှိသည် သိဒ္ဓတ္ထမင်းသားကို ကြည့်ရှုဆင်ခြင်ရာ အရပ်၌၎င်း မြတ်စွာဘုရားသည် ကပိလဝတ္ထုသို့ ကြွလာတော်မူ၍ ခမည်းတော် သုဒ္ဓောဒန မင်းကြီးနှင့် တွေ့ဆုံရာအရပ်၌၎င်း သာကီဝင်မင်းသား ငါးရာတို့ ရဟန်းပြုကြပြီး အရှင်ဥပါလိကို အရိုအသေပြုကြရာ အရပ်၌၎င်း သာကီဝင်မင်းမျိုးတို့ကို ဝိဋ္ဋူဘ သတ်ဖြတ်ဖျက်စီးရာ အရပ်၌၎င်း စေတီတော်များကို တည်ထား ကြကုန်၏။ ထိုစေတီတော်များသည် မပျက်စီးဘဲ တည်ရှိနေကြ ကုန်သေးသည်။

"ကပိလဝတ္ထုမြို့၏ အရှေ့မြောက်ဖက် လီပေါင်း များစွာ ဝေးကွာသော အရပ်၌ရှင်ဘုရင်နှင့် သက်ဆိုင်သော လယ်ရှိ၏။

ဤလယ်တဲ၌ရှိသော သစ်ပင်တခုအောက်၌ နေလျက် သိဒ္ဓတ္ထ မင်းသားသည် လယ်လုပ်သားများကို ကြည့်ရှုခဲ့လေသည်”

အရှင်ဖာဟီယန်၏ နောက်နှစ်ပေါင်း ၂၁၅ နှစ်ကြာသော အခါ တရုတ်ရဟန်းတော် အရှင်ဟူအင်စံသည် တောင်ဖက် အစွန်ဆုံးမှတပါး ဣန္ဒိယတပြည်လုံး၌ အေဒီ ၆၂၉ မှ ၆၄၅ တိုင်အောင် ၁၆ နှစ် ကာလပတ်လုံး လှည့်လည်သွားလာလျက် တွေ့မြင်ရသမျှတို့ကို မှတ်တမ်းရေးသားခဲ့၏။ ထိုမှတ်တမ်းအရ ကပိလဝတ္ထု၏ အကြောင်းအရာအချို့သည် အောက်ပါအတိုင်း ဖြစ်ပေသည်။

“သကျတို့၏ နိုင်ငံသည် အဝန်းအားဖြင့် လိပေါင်း ၄၀၀၀ လောက်ရှိ၏။ ဤနိုင်ငံအတွင်း၌ လူနေအိမ်ခြေ ကင်းမဲ့ကာ လုံးဝ ပျက်စီး ဆိတ်သုဉ်းနေသော မြို့များ ဆယ်မြို့လောက် ရှိကြ၏။ မြို့တော်သည်ကား မှောက်လှန်ဖြိုဖျက်ခြင်းကိုခံရ၍ အလွန်အမင်း ပျက်စီးယိုယွင်းနေပေ၏။ ယင်းမြို့တော်၏ အကျယ်အဝန်းကို အတိအကျမသိရှိရချေ။ မြို့တွင်းရှိ နန်းတော်ရာသည်ကား ပတ်လည်အားဖြင့် ၁၄လိ သို့မဟုတ် ၁၅လိလောက် ရှိ၏။ ထိုနေရာ တခုလုံးကို အုတ်များဖြင့် ဆောက်လုပ်ထား၏။ အုတ်မြစ်များ သည် အတော်မြင့်၍ ခိုင်မာတုန်းပင် ရှိကြသေး၏။ ထိုဒေသ၌ လူနေအိမ်ခြေမရှိဘဲ တောချုံပိတ်ပေါင်းများ လွှမ်းမိုးဖုံးအုပ် နေကြလေသည်။

သကျတို့နိုင်ငံ၌ အုပ်ချုပ်သူ အကြီးအကဲဟူ၍ မရှိပေ။ မြို့အသီးသီးတို့၌ မြို့သူမြို့သားတို့သည် မိမိတို့စိတ်တိုင်းကျအုပ်ချုပ် သူများကို ရွေးချယ်ခန့်ထားကြကုန်၏။ လယ်ယာများမှာ မြေသြ

ဇာ ကောင်းသဖြင့် ရာသီအလိုက် သီးနှံများကို စိုက်ပျိုးကြ၏။ ရာသီဥတုမှာ သင့်တင့်ညီမျှ၍ လူတို့သည် နူးညံ့ပျော့ပျောင်းကာ သူတပါးအကျိုးကို သယ်ပိုးဆောင်ရွက် တတ်ကုန်၏။ သကျတို့နိုင်ငံအတွင်းတွင်ပျက်စီးနေသည့်ကျောင်းတိုက်များ (သံဃာရာမ) တထောင်ကျော်လောက် ရှိကြ၏။ နန်းတော်ရာ၏ အနီး၌ ကျောင်းတိုက်တခု ရှိနေသေး၏။ ထိုကျောင်းတိုက် အတွင်း၌ ဟီနယာန သမ္မတိယဂိုဏ်းဝင် ရဟန်းတော်များ သုံးဆယ်လောက် သီတင်းသုံးတော်မူကြလေသည်။

နန်းတော်ရာအနီး၌ နတ်ကွမ်းနှစ်ခုရှိ၏။ ထိုနတ်ကွမ်းနှစ်ခုထဲ၌ နတ်ရုပ်အမျိုးမျိုး ထည့်သွင်းထားကာ ပူဇော်ပသကြကုန်၏။ နန်းတော်ရာအတွင်း၌ ပျက်စီးနေသော အုတ်မြစ်များရှိနေကြ၏။ ထိုအုတ်မြစ်များသည် သုဒ္ဓောဒနမင်းကြီး စံမြန်းသွားသည့် နန်းတော်ရာဖြစ်၏။ ထိုအုတ်မြစ်များ အထက်၌ အဆောက်အဦတခုကို တည်ဆောက်ထား၏။ ထိုအဆောက်အဦထဲ၌ သုဒ္ဓောဒနမင်းကြီး၏ ရုပ်ပုံကို ထုလုပ်ထား၏။ ထိုနေရာ၏ အနီးအနား၌ မိဖုရားကြီး မဟာမာယာ စံမြန်းသွားသည့် ပျက်စီးနေသော အဆောင်တော် ရှိ၏။ ထိုအဆောင်တော့်နေရာ၌ ဆောက်လုပ်ထားသော အဆောက်အဦထဲတွင် မယ်တော်မာယာ၏ ရုပ်ပုံရှိလေသည်”

ဤသို့ စသည်ဖြင့် အရှင်ဟွာအင်စံသည် သူတွေ့မြင်ရသော ကပိလဝတ္ထု၏ အကြောင်းအရာကို အကျယ်တဝင့် စုံလင်စွာ ရေးသား မှတ်တမ်းတင်ထားခဲ့လေသည်။

# လုမ္ဗိနီ ဥယျာဉ်တော်

ပြဆိုအပ်ခဲ့ပြီးသော ကပိလဝတ္ထုပြည့်ရှင် ဘုရင်သုဒ္ဓေါဒန မင်းကြီးနှင့် မိဖုရားကြီး မာယာဒေဝီတို့၏ သားတော် ဂေါတမ မြတ်စွာဘုရားသည် ဘီစီ ၆၂၃(ဝါ)၅၆၃ ခုတွင် လုမ္ဗိနီဥယျာဉ် တော်၌ ဖွားမြင်တော်မူခဲ့၏။ လုမ္ဗိနီဥယျာဉ်တော်ကို ယခုအခါ ရုမ္မင်ဒေအီ (Rumminderi) ဟု ခေါ်ဝေါ်ကြ၏။ ယင်းလုမ္ဗိနီ ဥယျာဉ်တော်သည် ယခုအခါ နီပေါနယ်အတွင်းသို့ ကျရောက် နေပေသည်။

နီပေါနယ်စပ်တလျှောက်တွင် တည်ရှိသည့် ယူနိုက်တက် ပရောဗင်းစ်နယ် ဘာလီယာခရိုင် ကန်ကရာဗဇား မည်သော ရွာကြီးမှ ၇ မိုင်လောက် ကွာဝေးသော အရပ်၌ လုမ္ဗိနီ ဥယျာဉ် တော် တည်ရှိ၏။ လုမ္ဗိနီသို့သွားရန် လမ်းနှစ်သွယ်ရှိ၏။ ပထမ လမ်းသည် O,T မီးရထားလမ်းပေါ်ရှိ နောင်ဂါး (Nowgarh) ဘူတာမှ သွားရန်ဖြစ်၍ လုမ္ဗိနီထိအောင် မိုင် ၂၀ လောက်ရှိ၏။ နောင်ဂါးနှင့်လုမ္ဗိနီအကြား အစိုးရဘတ်စ်ကားများဖြင့် ခရီးသည် များကို သယ်ယူပို့ဆောင်နေရကား ဤလမ်းဖြင့် လုမ္ဗိနီသို့သွားရန် အလွန်လွယ်ကူ သက်သာလှပေသည်။

ဒုတိယလမ်းသည် O,T မီးရထား လမ်းခွဲ၏ လမ်းဆုံးဘူတာ နော်တန်ဝါး (Nautanwa) မှ သွားရန် ဖြစ်၏။ နော်တန်ဝါး မှ လုမ္ဗိနီသို့ ၁၀ မိုင်မျှသာ ကွာဝေးသော်လည်း လမ်းကောင်း မရှိပေ။ လယ်များကို ဖြတ်သန်းလျက် ခြေဖြင့်သော်ငင်း၊ မြင်းဖြင့် သော်ငင်း၊ လှည်းဖြင့်သော်ငင်း သွားရမည်ဖြစ်၏။ လမ်းခရီး

တွင် မြစ်ငယ်သုံးခုနှင့် ချောင်း အများအပြား ရှိကြ၏။ ထို မြစ်ချောင်းများကို ဆောင်းရာသီနှင့် နွေရာသီတို့၌ သာလျှင် ဖြတ်ကူးနိုင်၍ မိုးရာသီ၌ မဖြတ်ကူးနိုင်ပေ။ ဤလမ်းမှ သွားလိုသော ခရီးသည်တို့သည် နေ့်တန်ဝါးရှိ လုမ္ဗိနီ ဓမ္မသာလာ၌ သီတင်း သုံးတော်မူသော ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးထံမှ လိုသည့် အကူအညီများကို ရနိုင်ကြ၏။ ဤဓမ္မသာလာကို သီရိနိဝါသနာယက ထေရက စီမံအုပ်ချုပ်ပြီး မဟာဗောဓိ အသင်းက ဆောက်လုပ်ထား၏။ ဤဓမ္မသာလာသို့ နေ့်တန်ဝါးဘူတာမှ မိနစ်အနည်းငယ်မျှသာ သွားရသည်။

လုမ္ဗိနီဥယျာဉ်၏ တည်ရာဌာနကို ၁၈၉၆ ခုနှစ်က ဣန္ဒိယ ကျောက်စာဝန် ဆာအလက်ဇန္ဒား ကန်နင်ဂဟန်သည် ရှာဖွေ တွေ့ရှိပြီး သေသေချာချာ သတ်မှတ်ပိုင်းခြား ထားခဲ့၏။ ယင်း လုမ္ဗိနီဥယျာဉ်သည် ဟင်းသီးဟင်းရွက်ပင်များ ထူထပ်ပေါများသည့် ကုန်းမြင့်တခုပေါ်၌တည်ရှိ၏။ ထိုကုန်းမြင့်၏ ပတ်ဝန်းကျင်၌ ကြည့်၍ မဆုံးနိုင်အောင် ကျယ်ပြန့်သော လယ်ကွင်းကြီးများ ရှိနေကြ၏။ အဝေးမှနေ၍မြင်ရသောအခါ လုမ္ဗိနီဥယျာဉ် တည်ရှိရာ အရပ်သည် လယ်ကွင်းများအလယ်၌ ကျွန်းသဖွယ်ဖြစ်သော တောအုပ်ကလေးနှင့် တူနေ၏။ ဤနေရာဌာနကို နီပေါအစိုးရက တောများကို ရှင်း၍ တူးဖော်ခဲ့၏။ ဤနေရာ၏အနီး၌ ဘုရားဖူးများ အခမဲ့တည်းခိုနိုင်ရန် ဓမ္မသာလာတခုကို နီပေါအစိုးရကပင် ဆောက်လုပ်ထား၏။လိုအပ်ပါက ဘုရားဖူးများကို စားရေရိက္ခာများဖြင့် ကူညီထောက်ပံ့ရန်လည်း စီစဉ်ထားသည်။

လုမ္ဗိနီဥယျာဉ်၏ တည်ရာဌာနၓ် စိတ်ဝင်စားဘွယ်ရာများ သည် အောက်ပါအတိုင်းဖြစ်ကြသည်။

( ၁ ) အသောကမင်းကြီးစိုက်ထူထားခဲ့သော ကျောက်တိုင်။
( ၂ ) နီပေါအစိုးရ တည်ထားသော ယခု ခေတ်ပေါ် စေတီတော်နှစ်ဆူ။
( ၃ ) ယခုခေတ် ဘုရားကျောင်း အတွင်းရှိ ကျောက်ပြား ပေါ်၌ ထွင်းထုထားသော ရုပ်ပုံ။
( ၄ ) နီပေါအစိုးရ တူးဖော်ထားသော ကျောင်းတိုက် ဟောင်း တခု၏ အုတ်မြစ်။
( ၅ ) သိဒ္ဓတ္ထ မင်းသားကလေးကို ရေချိုးပေးရာ ဌာနဟု ဖော်ပြကြသည့် ရေကန်ကလေးတခု။

ဤသို့လျှင် စိတ်ဝင်စားဘွယ်ရာများသည် ငါးမျိုးရှိကြသည်။

## ( ၁ ) အသောကမင်းကြီး စိုက်ထူထားခဲ့သော ကျောက်တိုင်

ဤ လုမ္ဗိနီဥယျာဉ်၏ တည်ရာဌာနၓ် စိတ်ဝင် စားဘွယ် အကောင်းဆုံးသော အထိမ်းအမှတ်သည် ကမ္ပည်းအက္ခရာရေးထိုး ထားသည့်ကျောက်တိုင်ပင်ဖြစ်၏။ ထိုကျောက်တိုင်ကို အသောက မင်းကြီးသည် နန်းဆက် အနှစ် နှစ်ဆယ်မြောက် ဖြစ်သော ၂၄၉ ဘီစီတွင် မြင့်မြတ်သော ဌာနများသို့ ဘုရားဖူး လှည့်

လည်စဉ် မြတ်စွာဘုရား ဖွားမြင်တော်မူရာ အစစ်အမှန်ဖြစ်သော အရပ်၌ စိုက်ထူထားခဲ့၏။ ယခုရှိနေသည့် ကျောက်တိုင်၏အမြင့်သည် ၁၃ ပေ ၆ လက်မရှိ၍ လုံးပတ်သည် ၇ ပေ ၃လက်မရှိ၏။ ယင်းကျောက်တိုင်ကို မြေထဲတွင် ၁၀ ပေလောက် မြှုပ်ကာ ခိုင်ခံ့စွာ စိုက်ထူထား၏။ ထိုကျောက်တိုင်ပေါ်၌ အအက်အကွဲ တခု ရှိနေ၏။ ဤအအက်အကွဲသည် မိုးကြိုး ပစ်ခြင်းကြောင့် သော်၎င်း၊ ဗုဒ္ဓဘာသာကို မကြည်ညို မလိုလားသူများ ဖျက်ဆီးခြင်းကြောင့်သော်၎င်း ဖြစ်လေသည်။ အသောကမင်းကြီး၏ ကျောက်တိုင်တို့သည် အများအားဖြင့် ပေ ၇၀ လောက်မြင့်ကုန်ရကား ဤကျောက်တိုင်သည်လည်း အလားတူပင် ပေ ၇၀ လောက် မြင့်ပေလိမ့်မည်။ သို့ရာတွင် ကျောက်တိုင်၏ ကျိုးပဲ့နေသည့် အစအနများကို တခုမျှမတွေ့ရပေ။ ဤကျောက်တိုင်၏ ထိပ်ဖျားကို တိရစ္ဆာန်ရုပ် တခုဖြင့်လည်း ဖုံးအုပ်ထားပေလိမ့်မည်။ ယင်း ထိပ်အုပ်အရုပ်သည် မြင်းရုပ်ဖြစ်သည်ဟု ထင်မြင်ယူဆထားကြသည်။

ဣန္ဒိယနိုင်ငံ အရပ်ဒေသ အနှံ့အပြား၌ ကျောက်ဆောင်များနှင့် ကျောက်တိုင်များပေါ်တွင် ထွင်းထုထားခဲ့သည့် အသောကမင်းကြီး၏ ကမ္ပည်းကျောက်စာများသည် ရာဇဝင်သမိုင်းကို လေ့လာလိုက်စားသူများအတွက် အဘိုးမဖြတ်နိုင်သည့် အရာများ ဖြစ်ကြကုန်၏။ လုမ္ဗိနီကျောက်တိုင်၌ ရေးထိုးထားသည့် ကျောက်စာသည် မြတ်စွာဘုရား ဖွားမြင်တော်မူရာအရပ်ကို တိကျသေချာစွာ ဖော်ပြထားသည့်ပြင် အသောကမင်းကြီး၏

ဘုရားဖူး လှည့်လည်ခြင်းကိုလည်း သက်သေသာဓက ထင်ရှား စေသောကြောင့် ဗုဒ္ဓဘာသာဝင်များအတွက် ထူးထူးခြားခြား စိတ်ဝင်စားဘွယ်ရာ ဖြစ်ပေသည်။

လုမ္ဗိနီကျောက်တိုင်ပေါ်၌ ရေးထိုးထားသည့် ကျောက်စာ ပါးကြောင်းသည် အောက်ပါအတိုင်း ဖြစ်သည်။

ဒေဝါနံ ပိယေန ပိဒယသိနာလာ ဇိနာဝိသတိဝသာ ဘိသိတေန အတနအာဂါဆ မဟီယိတေ။ ဟိဒဗုဓေဇာ တေသကျမုနီတိ သိလာဝိဂဍ ဘီစကာလာပိတ။ သိလာ ထဘေစ ဥသပါပိတေ ဟိဒ ဘဂဝံဇာ တေတိ လုမ္မိနိ ဂါမေ ဥဗလိကေ ကဋေအဌဘာ ဂိယေစ။

ဒေဝါနံ ပိယဒဿိမည်သော ဘုရင်မြတ်သည် အဘိသိက် ခံယူပြီးနောက် အနှစ်နှစ်ဆယ် မြောက်သောအခါ ကိုယ်တိုင် လာရောက်လျက် ဗုဒ္ဓသကျမုနိ ဖွားမြင်တော်မူရာ ဤအရပ်ကို ရှိသေလေးမြတ်စွာ ရှိခိုး ပူဇော်တော်မူ၏။ ဤနေရာ၌သာနန္ဒ မြတ်စွာဘုရားသခင် ဖွားမြင်တော်မူကြောင်းကို ထင်ရှားပြသရန် အထိမ်းအမှတ်အဖြစ်ဖြင့် ရုပ်ပုံထုလုပ်ထားသော ကျောက်တုံး တခုနှင့် ကျောက်တိုင်တခုကို စိုက်ထူထားတော်မူ၏။

လုမ္ဗိနီ ရွာကို ဘာသာရေး ခိုင်ကြေးမှ ကင်းလွတ်စေ၍ ရှစ်ဖို့တဖို့သာလျှင် အခွန်တော်ဆောင်ရန် အမိန့်ချမှတ်တော်မူ သည်။

ဤကျောက်စာသည် ဣန္ဒိယ မြောက်ပိုင်းနှင့် တောင်ပိုင်း နေရာ အနှံ့အပြားတို့၌ အသောကမင်းကြီး၏ အမိန့်တော် ကျောက်စာများကို ရေးထိုးရာတွင် အများအားဖြင့် အသုံး ပြုသည့် ဗြာဟ္မီအက္ခရာ ကမ္ပည်းစာပင် ဖြစ်၏။ အသောက မင်းကြီးသည် အနောက်မြောက်ပိုင်း အရပ်ဒေသများ၌ ခရော သျှဋ္ဌီမည်သော အက္ခရာ ကမ္ပည်းစာကို အသုံးပြုတတ်၏။ ထိုခရောသျှဋ္ဌီစာကို လက်ျာဘက်မှ လက်ဝဲဘက်သို့ ရေးရ၏။ ဗြာဟ္မီစာကိုကား ယခုအခါ မြန်မာစာကို ရေးသားသည့်အတိုင်း လက်ဝဲဘက်မှ လက်ျာဘက်သို့ ရေးသားရ၏။ ယင်းဗြာဟ္မီအက္ခရာ သည် ယခုခေတ်အခါ အသုံးများသော ဣန္ဒိယအက္ခရာ အားလုံး တို့၏ အရင်းမူလအခြေခံ ဖြစ်ပေသည်။

## (၂) ယခုခေတ်ပေါ် စေတီတော်နှစ်ဆူ

ဤစေတီတော်နှစ်ဆူတို့ကို လွန်ခဲ့ပြီးသော နှစ်ပေါင်း အတန် ကြာက နီပေါအစိုးရသည် ဤဒေသ၌ တူးဖော်စဉ်က ရရှိခဲ့သော အုတ်များဖြင့် တည်ထားခဲ့လေသည်။

## (၃) ကျောက်ပြားပေါ်၌ ထွင်းထုထားသောရုပ်ပုံ

အသောကကျောက်တိုင်နှင့်ကပ်လျက် ယခုခေတ်မှာ ဆောက် လုပ်ထားသည့် ဘုရားကျောင်းကလေးတဆောင် ရှိ၏။ ထိုဘုရား ကျောင်းကလေးထဲ၌ စိတ်ဝင်စားဘွယ်ကောင်းသည့် ကျောက်

ပြားကြီးတချပ် ရှိ၏။ ယင်းကျောက်ပြားပေါ်တွင် သိဒ္ဓတ္ထ မင်းသားကလေး ဖွားမြင်တော်မူပုံကို ထွင်းထုထား၏။ မင်းသား ကလေးသည် မာယာဒေဝီ၏ ဘေးဘက်မှ ထွက်ပေါ်လာစဉ် မာယာဒေဝီသည် အင်ကြင်းကိုင်းကို ကိုင်ထား၏။ ဤဘုရား ကျောင်းကလေးကို မာယာဒေဝီ၏ ဘုရားကျောင်းဟု ခေါ်ဝေါ် ကြ၏။ ဤနေရာဌာနသို့ လာရောက်ကာ ပူဇော်ပသကြသော ပစ္စည်းဝတ္ထုများဖြင့် အသက်မွေးဝမ်းကျောင်း ပြုလုပ်နေသော ဗြာမင်ဂျာရီ တယောက်က ဤဘုရားကျောင်းကို လွှမ်းမိုးအုပ်စိုး နေ၏။ ကျောက်ပြားရှိသောနေရာသည် မြေပြင်ထက် အနည်း ငယ် နိမ့်ပြီး မှောင်နေသောကြောင့် ကျောက်ပြားပေါ်တွင် ထွင်းထုထားသော ရုပ်ပုံများကို ထင်ရှားပြတ်သားစွာ မမြင် နိုင်ပေ။ ဤရုပ်ပုံသည် ကျောက်စာထဲတွင် ဖော်ပြထားသည့် အတိုင်း အသောကမင်းကြီး ထုလုပ်ပြီး စိုက်ထူထားခဲ့သည့် ရုပ်ပုံမှ ပုံတူကူးထားသော ရုပ်ပုံ ဖြစ်ကောင်းဖြစ်ပေမည်။

## (၄) ကျောင်းတိုက်ဟောင်းတခု၏ အုတ်မြစ်

ကြီးမားသော ကျောင်းတိုက်တခု၏ လေးဒေါင့်ပုံ အုတ်မြစ် ကို မကြာမီက တူးဖော်တွေ့ရှိခဲ့၏။ ရှေးအခါက ဤကျောင်း တိုက်သည် အလွန်ခမ်းနား သိုက်မြိုက်ဟန် လက္ခဏာ ရှိ၏။ အုတ်မြစ်များသည် လေးဒေါင့် ပုံသဏ္ဌာန်ထဲတွင် တစုံတရာ ခွဲခြားထားခြင်းကို မပြသကြသောကြောင့် ဤကျောင်းတိုက် အတွင်းတွင် ခန်းမကြီးတခုသာ ရှိခဲ့ဟန်တူ၏။ ဆာရနာတ်နှင့်

အခြားသော ဗုဒ္ဓဘာသာနှင့် သက်ဆိုင်သည့် နေရာဌာနများ၌ အနုပညာနှင့် စပ်ဆိုင်သော အဘိုးတန်ပစ္စည်းများကို တူးဖော်တွေ့ရှိရသကဲ့သို့ ဤနေရာကို တူးဖော်ရာ၌ ဗုဒ္ဓနှင့် ဗောဓိသတ္တတို့၏ ရုပ်ပွားတော် စသည်တို့ကို မတွေ့ရှိရပေ။

## (၅) ရေကန်ကလေး

အသောက ကျောက်တိုင်နှင့် မနီးမဝေး၌ ရေကန်ကလေး တခုရှိ၏။ ဤရေကန်သည် အလောင်းတော် မင်းသားကို မီးရှူသန့်စင် ဖွားမြင်တော်မူပြီးသောအခါ ရေသုံးသပ်ပေးရာ အရပ်ဖြစ်သည်ဟု ညွှန်ပြကြ၏။ ယခုအခါ ယင်းရေကန်ကလေးသည် ခြောက်သွေ့တိမ်ကောနေသဖြင့် ပတ်ဝန်းကျင်မှ မြေများထက် အနည်းငယ်မျှသာ နိမ့်၍နေပေသည်။

ဤလုမ္ဗိနီ နေရာဌာနနှင့် ပတ်သက်သည့် ထူးဆန်းသည့်အချက်သည်ကား အနီးအနား ပတ်ဝန်းကျင်ဒေသများ၌ အင်ကြင်းပင်များ ပေါများကြသော်လည်း ဤနေရာ၌ အင်ကြင်းပင် တပင်တလေမျှ မရှိခြင်းပင် ဖြစ်၏။ ဤနေရာ၌ ယခုအခါ ပေါက်ရောက်နေသော အပင်တို့သည် အုပ်ရှစ်ပင်၊ မန်ကျည်းပင်၊ တမာပင် စသည်တို့ ဖြစ်ကုန်၏။ ဤနေရာဌာန၌ အင်ကြင်းပင်များ မရှိခြင်းသည် ၎င်းတို့ကို ရွာသားများ ခုတ်လှဲပြီး အိမ်ဆောက်ရာ၌ အသုံးပြုကြသောကြောင့် ဖြစ်ကောင်းဖြစ်ပေမည်။

ဤလုမ္ဗိနီ ဥယျာဉ်တော် နေရာဌာနနှင့် ပတ်သက်သော မှတ်တမ်းများကို အေဒီ ၄ ါးရာစုအတွင်းက ဣန္ဒိယသို့ ဘုရားဖူး

ရောက်ရှိလာသော တရုတ် ရဟန်းတော် အရှင်ဖာဟီယန်က ရေးသားထားခဲ့၏။ သို့ရာတွင် ထိုအရှင်ဖာဟီယန်၏မှတ်တမ်းသည် အသောက ကျောက်တိုင်နှင့် ကျောင်းတိုက်၏ အကြောင်းအရာ များကို တစုံတရာ ဖော်ပြမထားရကား ဤနေရာအတွက် အကူ အညီ များစွာမရရှိပေ။

အရှင်ဖာဟီယန် နောက် အနှစ်နှစ်ရာလောက်တွင် ဤနေရာသို့ ဘုရားဖူးရောက်ရှိလာသော တရုတ်ရဟန်းတော် အရှင်ဟူအင်စံ ကမူ ပိုမိုထင်ရှားသော မှတ်တမ်းကို ရေးသားခဲ့၏။ ထိုမှတ်တမ်း ထဲတွင် သူသည် အသောကကျောက်တိုင်၊ စေတီတော်များနှင့် ကြည်လင်သန့်ရှင်းသော ရေရှိနေသည့် ရေကန်အကြောင်းကို ထည့်သွင်း ဖော်ပြထား၏။ အသောကကျောက်တိုင်သည် နှစ်ပိုင်း ကျိုးနေ၍ မြင်းရုပ်ရှိသော အထက်ပိုင်းသည် မြေပေါ်၌ လဲနေ ကြောင်းကိုလည်း ဖော်ပြ ရေးသားထားပေသည်။

## ဗုဒ္ဓ ဂယာခေါ် မဟာဗောဓိမဏ္ဍလ

ပြဆိုခဲ့ပြီးသည့် အတိုင်း ဘုရားအလောင်းတော် သိဒ္ဓတ္ထ မင်းသားသည် ၆၂၃ ခု ဘီစီတွင် လုမ္ဗိနီဥယျာဉ်၌ မီးရှူသန့်စင် ဖွားမြင်တော်မူ၍ ၂၉ နှစ်အရွယ်သို့ ရောက်သည် တိုင်အောင် ကပိလဝတ်ပြည်၌ ထီးနန်းစည်းစိမ်ကို ခံစားတော်မူ၏။ ထိုနောက် တောထွက်တော်မူ၍ ခြောက်နှစ်ပတ်လုံး ဒုက္ကရစရိယကို ကျင့် တော်မူပြီး ၃၅ နှစ်အရွယ် ၅၈၈ ခု ဘီစီတွင် သဗ္ဗညုဘုရား

အဖြစ်သို့ ရောက်တော်မူ၍ ဗုဒ္ဓဟူသော ဘွဲ့ထူးကို ခံယူတော်မူလေသည်။

သဗ္ဗညုတဉာဏ်ကို ရတော်မူရာအရပ်ဖြစ်သော မဟာဗောဓိပင် တည်ရှိရာ ဗုဒ္ဓဂယာသည် ဂယာ မီးရထားဘူတာမှ ၇ မိုင်ကွာဝေး၏။ ယင်းဂယာဘူတာသို့ ကလကတ္တားမှ ၂၉၂ မိုင်မျှသာ ကွာဝေးရကား (East Indian Railway (E.I.R.)) အီး အိုင် အာရ် မီးရထားဖြင့် ၈ နာရီအတွင်း ရောက်နိုင်၏။ ဂယာဘူတာမှ ဗုဒ္ဓဂယာသို့သွားရန် မော်တော်ကားလမ်းကြီးရှိသဖြင့် မော်တော်ကား တန်ဂါး၊ ဂျက္ကာ စသော ယာဉ်ရထားများကို သင့်လျော်သည့်အဖိုးနှုန်းဖြင့် လွယ်ကူစွာ ငှားရမ်းရရှိနိုင်၏။ ရှေးအခါက ဗောဓိမဏ္ဍလ အမည်ရခဲ့သော ဗုဒ္ဓဂယာသည် ဗုဒ္ဓဘာသာဝင်တို့၏ မြင့်မြတ်သော နေရာဌာနတို့၏ အထွတ်အထိပ် အမြတ်ဆုံးသော နေရာဖြစ်ပေသည်။

ဗုဒ္ဓဂယာသည် ဗုဒ္ဓဘာသာဝင်တို့၏ အမြင့်မြတ်ဆုံးသော ဘုရားဖူးရာဌာန ဖြစ်ရုံသာမက ကမ္ပည်းကျောက်စာ လေ့လာလိုက်စားသူများ ရာဇဝင်သမိုင်း လိုက်စား ရှာဖွေသူများနှင့် ကမ္ဘာ့အရပ်ရပ်မှ ဗဟုသုတ ရှာမှီးသူ ခရီးသည်များ၏ စိတ်ဝင်စားရာ အရပ်လည်းဖြစ်၏။ သို့ဖြစ်၍ ဘုရားဖူးများနှင့်သာမက စိတ်ဝင်စားဘွယ်ရာ ရှေးဟောင်း အထိမ်းအမှတ် အဆောက်အဦတို့ကို ကြည့်ရှုရန် လာရောက်ကြသော သူများနှင့်လည်း အမြဲမပြတ် စည်ကားသိုက်မြိုက်နေပေသည်။

ဗုဒ္ဓဂယာ၌ရှိနေသော စိတ်ဝင်စားဘွယ်ရာတို့သည် နောက်ပါအတိုင်း ဖြစ်ကုန်သည်။

## (၁) မဟာဗောဓိ စေတီတော်

ဤမဟာဗောဓိ စေတီတော်ကို ရှေးဦးစွာ အသောကမင်းကြီး တည်ထားခဲ့၏။ နောက်ခေတ်များ၌ ယင်းစေတီတော်ကို ဗုဒ္ဓဘာသာဝင် အဆက်ဆက်တို့သည် အဆင့်ဆင့် ထပ်မံချဲ့ထွင်ပြုပြင်စီမံ လာခဲ့ကြကုန်၏။ သို့ရာတွင် ယခုတည်ရှိနေသည့် စေတီတော်သည်ကား ၇ ရာစု အေဒီအတွင်းက ဣန္ဒိယပြည်သို့ ဘုရားဖူးကြွရောက်လာသော တရုတ်ရဟန်းတော် အရှင်ဟူအင်စံ တွေ့ရှိဖူးမြော်ခဲ့ရသည့် စေတီတော်ပင် ဖြစ်သည်။

ဗုဒ္ဓဂယာ ဘုရားကျောင်းတော်ဟု ထင်ရှား ကျော်ကြားနေသော မဟာဗောဓိစေတီတော်သည် ဣန္ဒိယပြည်တွင် စိတ်ဝင်စားမှတ်သားဘွယ်ရာ အကောင်းဆုံးသော ဘာသာရေး အဆောက်အဦတို့ အနက် တခုဖြစ်၏။ ယင်းစေတီတော်၏ ပုံသဏ္ဌာန်သည် ထူးခြားဆန်းကြယ်သဖြင့် ထိုပုံသဏ္ဌာန်ကို အတုယူလျက် ဣန္ဒိယ ပြည်တွင်း ပြည်ပတို့၌ စေတီတော် အမြောက် အမြားကို တည်ထား ကြကုန်၏။ မြန်မာပြည် ပုဂံမြို့၌ ၁၃ ရာစု အေဒီအတွင်းက ဤမဟာဗောဓိ စေတီတော်၏ ပုံစံကို အတုယူလျက် တည် ထား ခဲ့ သည့် စေတီတော်တဆူကို ယနေ့ တိုင်အောင်တွေ့မြင်နိုင်ကြသေး၏။ ဤစေတီတော်သည် အောက်ခြေက စတုရန်း လေးထောင့်ဖြစ်ပြီး တဖြည်းဖြည်း အထက်သို့ ရှူးတက်သွား၏။ ထိပ်ဆုံးအပိုင်းသည် အဝိုင်းပုံဖြစ်၍ ယင်းအပေါ်၌

ကြေးထီးတော်ကို ထပ်ဆင့် တင်ထား၏။ စေတီတော်ကြီး၏ ပထမအထပ်လေးထောင့်မှ စေတီတော်ငယ် လေးဆူတို့ ပေါ် ထွက်နေကြကုန်သည်။

စေတီတော်၏ အောက်ဆုံးထပ်ရှိ လိုဏ်ဂူထဲသို့ ဝင်ရောက်ရန် တံခါးပေါက်သည် အရှေ့ဘက်၌ရှိ၏။ ဤ တံခါးပေါက်သို့ မရောက်မီ လှပတင့်တယ်စွာ ထုလုပ်ကာ တန်ဆာဆင်ထားအပ်သော ထယ်ဝါခမ်းနားသည့် ကျောက်တံခါးပေါက်ကြီးတခု ရှိသေး၏။ ဤတံခါးပေါက်ကြီး၏ ရှေ့ဘက်တွင် တင့်တယ် သပ္ပာယ်သော ကျောက်စေတီကလေး တဆူရှိ၏။ စေတီတော် ကြီးထဲသို့ ဝင်ရောက်ရန် တံခါးပေါက်၏ ဘေးနှစ်ဖက်ရှိ နံရံကပ် လိုဏ်မုခ်များထဲတွင် ရွှေချထားသည့် မြတ်စွာဘုရား၏ ရုပ်ပွား တော်များ ရှိကြသည်။

စေတီတော်၏ အဝင်တံခါးမှ ပေါင်းကူးလမ်းကြားကို ဖြတ်သွားပြီးနောက် လိုဏ်ဂူထဲရှိ ခန်းမကြီးသို့ ရောက်ရှိ၏။ ဤခန်းမကြီးသည် ပြတင်းပေါက်များ မရှိ၍ အဝင်တံခါးဝမှ သာလျှင် နေအလင်းရောင်ကို ရရှိနိုင်သဖြင့် အလွန် မှောင်နေ ပေ၏။ ခန်းမကြီး၏အဆုံးရှိ မြင့်သော ပလ္လင်တခုပေါ်တွင် ထိုင်နေသည့် ပုံအသွင်အားဖြင့် ရုပ်ပွားတော်တဆူ ရှိ၏။ မြတ်စွာ ဘုရားသည် သဗ္ဗညုတ ဉာဏ်တော်ကို ရစဉ်က ဗောဓိပင်ကို ကျောပေးပြီး အရှေ့ဘက်ကို မျက်နှာပြုလျက် ထိုင်နေတော်မူ သည့် အနေအထားအတိုင်းပင် ဤရုပ်ပွားတော်ကို ပြုလုပ်ထား ၏။ ထိုရုပ်ပွားတော်သည် အချိုးအစားကျနရ၍ သပ္ပာယ်တော် မူလှပေသည်။

စေတီတော်၏ အထက်ထပ်သို့ အဝင်တံခါးအနီး အပြင်ခန်း၏ ဝဲယာနှစ်ဖက်ရှိ မတ်စောက်သော ကျောက်လှေကားနှစ်ခုဖြင့် တက်ရောက်နိုင်၏။ အထက်ထပ်၌ ပွင့်လင်း ကျယ်ပြန့်သော စင်္ကြံရှိသဖြင့် စေတီတော်ကို ပတ်၍ လမ်းလျှောက်နိုင်၏။ ဤအထပ်၏ လေးထောင့်တွင် ဆိုအပ်ခဲ့ပြီးသော စေတီငယ်လေးတို့ ရှိကုန်၏။ ဤစေတီငယ်တို့သည် စေတီတော်ကြီး၏ ကြီးကျယ်ခမ်းနား အချိုးအစားကျခြင်းကို ဖြစ်စေကုန်၏။ အနောက်ဖက်က စေတီငယ်နှစ်ဆူထဲတွင် ဗောဓိသတ္တတို့၏ ရုပ်တုများ ရှိကုန်၏။ အရှေ့ဘက်က စေတီငယ်နှစ်ဆူထဲတွင်ကား ကျောက်လှေကား ဆိုက်ကပ်ရာ လှေကားခုံများ ရှိကုန်၏။ ထိုလှေကားခုံများ အထက်၌ မြတ်စွာဘုရား၏ ရုပ်တုတော်များ ရှိကုန်သည်။

စေတီတော်၏ပတ်ဝန်းကျင်က မြေသည် ပကတိမြေပြင်ထက် သယ်ငါးပေလောက် ပို၍ မြင့်နေသောကြောင့် စေတီတော်၏ မှန်ကန်သောအမြင့်နှင့် ခန့်ညားသော သဘာဝသည် ဖုံးကွယ်တိမ်မြုပ်၍ နေပေ၏။ ဤတောင်ပူစာ မြေကတုတ်များကို မိုးတွင်းအခါ၌ စေတီတော်ကို ရေလွှမ်းမိုးခြင်းမှ ကာကွယ်ရန် တမံတာရိုးအဖြစ်ဖြင့် တမင်သက်သက် ပြုလုပ်ထားသည်ဟု ဆိုကြ၏။ စေတီတော်၏အမြင့် ဉာဏ်တော်သည် ပေ ၁၇၀ ရှိ၍ အောက်ခြေ ဖိနပ်တော်သည် ၄၀ ပေ ပတ်လည် ရှိ၏။ အင်္ဂတေကိုင်ထားသော စေတီတော်၏ မျက်နှာပြင်ကို မရေတွက်နိုင်အောင် များပြားလှသည့် ခြူးပန်းခြူးနွယ်များ၊ အလှအပ ထုလုပ်ထားသော အရာများ၊ နံရံကပ် လိုဏ်မုခ်များ စသည်တို့ဖြင့် တန်ဆာဆင်ထား၏။ အချို့သော နံရံကပ် လိုဏ်မုခ်များထဲတွင်

ရုပ်တုတော်များ ရှိကြ၏။ အထူးအားဖြင့် အနောက်ဖက်က လိုဏ်မုခ်ထဲတွင် အလွန် တင့်တယ်သပ္ပာယ်သော ရုပ်တုတော်တဆူ ရှိ၏။ စေတီတော်၏ အကောင်းဆုံးသော ရှုခင်းကို မြောက်ဖက်မှ တွေ့ရှိနိုင်၏။ စေတီတော်ကို မြောက်ဖက်မှနေ၍ ဖူးမြော်သည့် အခါ ငြိမ်သက်အေးမြပြီး အလွန် စိတ်ကြည်နူး ဘွယ် ရာ ကောင်းရကား ယင်းရှုခင်းကို ဖူးမြော်ဘူးသူ ဗုဒ္ဓဘာသာဝင် ဟူသမျှတို့သည် မေ့ပျောက်နိုင်ကြလိမ့်မည် မဟုတ်ပေ။

## (၂) ဗောဓိပင်

ဘုရားအလောင်းတော်သည် ဗောဓိပင်အောက်၌ ထိုင်တော်မူလျက် ဘီစီ ၅၈၈ ခုနှစ်၊ ကဆုန်လပြည့်နေ့၌ သဗ္ဗညုတ ဉာဏ်တော်ကို ရရှိ၍ ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့၏။ ထို့နောက် မြတ်စွာဘုရားသည် ခုနစ်သတင်းကာလပတ်လုံး ခုနစ်နေရာတို့၌ လှည့်လည် နေထိုင်တော်မူလျက် ဝိမုတ္တိသုခကို ခံစားတော်မူလေ၏။ မြတ်စွာဘုရားသည် ပထမသတင်းတွင် ဗောဓိပင်အောက်၌ သတင်း သုံးတော်မူ၏။ ဗုဒ္ဓဂယာ၌ ရှိသည့် ဤဗောဓိပင်သည် ဗုဒ္ဓဘာသာဝင်တို့၏ ပူဇော်ကိုးကွယ်ရာ ဗဟိုဌာနဖြစ်၏။ ယခုရှိနေသော ဗောဓိပင်သည် စေတီတော်၏ အနောက်ဖက်မှာ တည်ရှိလျက် ပေ ၁၀၀ လောက် မြင့်၏။ မြတ်စွာဘုရား၏ သဗ္ဗညုတ ဉာဏ်တော်ကို ရတော်မူရာ မူလပင်ရင်းဖြစ်သော ဗောဓိပင်သည် ဤနေရာ၌ပင်လျှင် နှစ် ရာပေါင်းများစွာ တည်ရှိခဲ့ဘူးလေသည်။

တရုတ်ရဟန်းတော် အရှင် ဖာဟီယန်သည် သူ၏ မှတ်တမ်းထဲတွင် အောက်ပါအတိုင်း ရေးသားထားခဲ့၏။

အသောကမင်းကြီးသည် အကုသိုလ်တရားများကို ပယ်ရှားပြီး ကုသိုလ်တရားများကို တိုးပွားစေရန်အတွက် ဗောဓိပင်သို့ မကြာခဏ အဖူးအမြော် လာလေ့ရှိ၏။ မင်းကြီး၏ မိဖုရားက မင်းကြီးသည် အစဉ်မပြတ် အဘယ်အရပ်သို့ သွားကြောင်းကို မေးမြန်း၏။ မှူးမတ်များက ဘုရင်မင်းမြတ်သည် ဗောဓိပင်သို့ အဖူးအမြော် သွားရောက်ကြောင်းကို သံတော်ဦး တင်ကြကုန်၏။ မိဖုရားသည် အချိန်အခါကို စောင့်ဆိုင်းပြီး ဗောဓိပင်၌ ရှင်ဘုရင် မရှိသည့်အခိုက် လူများကို လွှတ်၍ ဗောဓိပင်ကို ခုတ်လှဲပစ်စေ၏။ ရှင်ဘုရင်သည် ဗောဓိပင်သို့ ဖူးမြော်ရန် လာရောက်သည့်အခါ ခုတ်လှဲထားသည့် ဗောဓိပင်ကို တွေ့ရ၍ တွေဝေ မိန်းမောပြီး မြေကြီးပေါ်သို့ လဲကျသွားလေ၏။ အမတ်များသည် ရှင်ဘုရင်၏ မျက်နှာကို ရေနှင့် ပက်ဖျန်းကြပြီးသည့်နောက် အတန်ကြာမှ သာလျှင် ရှင်ဘုရင်သည် ပြန်လည် သတိရလာ၏။ သူသည် ဗောဓိပင်၏ အမြစ်များပတ်လည်၌ အုတ်နံရံကို ဆောက်လုပ်စေပြီးလျှင် နွားနို့အများအပြားကို သွန်းလောင်းစေ၏။ ထို့ပြင် သူကိုယ်တိုင် မြေကြီးပေါ်မှာ အလျားမှောက်ကာ ဗောဓိပင်သည် ပြန်လည်၍ မပေါက်ရောက်သမျှကာလပတ်လုံး ဤနေရာမှ မထတော့အံ့ဟု သစ္စာအဓိဋ္ဌာန် ပြု၏။ သူ သစ္စာပြုသည်နှင့် တပြိုင်နက် ဗောဓိပင်သည် အမြစ်များမှတဖန် အညွှန့်ပေါက်ကာ ပြန်လည် ရှင်သန်လာ၏။ ထို အချိန်အခါမှ စ၍ ယခု

အချိန်အခါတိုင်အောင် ဗောဓိပင်သည် အဆက်ပေါင်းများစွာ ပြောင်းလဲလာခဲ့ပြီး ဖြစ်လေသည်။

သမိုင်းလာ စကားအားဖြင့်ကား ဘင်္ဂါ ပြည်ရှင် ဟိန္ဒူ ဘုရင် ဆဆက်သည့် ဗောဓိပင်ကို ခုတ်ဖြတ်ဖြိုလှဲ ဖျက်ဆီးပစ်ခဲ့၏။ သို့ရာတွင် ယင်းဗောဓိပင်၏ အမြစ်များမှ အခြားသော ဗောဓိပင်တပင် ထပ်မံပေါက်ရောက်လာ၏။ ကျောက်စာဘက် ဆိုင်ရာအရာရှိ ကန်နင်ဂဟန့်သည် ၁၈၇၀ ခုနှစ်တွင် မဟာဗောဓိ စေတီတော်ကို ပြန်လည်ပြင်ဆင်သည့်အခါ ဗောဓိပင်အိုကြီးသည် ပြိုလဲသွားသဖြင့် ထိုနေရာဌာနၚပင်လျှင် ဗုဒ္ဓဘာသာဝင်များ ကိုးကွယ်ပူဇော်ရန်အတွက် ဗောဓိပင်အိုကြီးမှ ပေါက်ပွားသည့် ဗောဓိပင်ပျို တပင်ကို စိုက်ထားခဲ့ လေ၏။ စေတီတော်၏ မြောက်ဖက် ပေ ၂၅၀ ကွာ လောက်၌ အခြားသော ဗောဓိပင် တပင်ကိုလည်း ကွယ်လွန်ပြီးသူများအတွက် ဆွမ်းသွတ်ရန် လာ ရောက်သော ဟိန္ဒူများအကျိုးငှာ စိုက်ပျိုးထားခဲ့သေးသည်။

အသောက မင်းကြီး၏ သမီးတော် သင်္ဃမိတ္တာ ထေရီသည် မူလပင်မ ဖြစ်သော ဗောဓိပင်၏ လက်ျာတောင်ကိုင်းကို သီဟိုဠ် ကျွန်းသို့ ဆောင်ယူခဲ့၍ အနုရာဓပူရမြို့၌ စိုက်ထားခဲ့၏။ ဤသို့ စတင်စိုက်ပျိုးသည့် အခါမှစ၍ ယခုအခါ နှစ်ပေါင်း ၂၀၀၀ ကျော် ကာလတိုင်အောင် သီဟိုဠ်ကျွန်းသာ ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်များ၏ ရိုသေလေးစားစွာ စောင့်ရှောက် ထိန်းသိမ်း ထားမှုကြောင့် မညှိုးမနွမ်း စိမ်းလန်းစိုပြေနေသေး၏။ ဤသို့လျှင်

ယခုအခါ အနုရာဓပူရမြို့၌ တည်ရှိနေသော ဒက္ခိဏသာခါ မဟာဗောဓိပင်သည် အနှစ် ၂၀၀၀ ကျော် ရှိပြီဖြစ်ရကား ကမ္ဘာပေါ်တွင် အသက် အရှည်ဆုံးသော သစ်ပင်တပင်ဖြစ်ပေသည်။

## (၃) အပရာဇိတပလ္လင်တော်

အပရာဇိတ ပလ္လင်တော်သည် ဗောဓိပင်အောက်၌ ဘုရားအဖြစ်သို့ ရောက်ရာဌာနဖြစ်၏။ ထိုနေရာ ဌာန၌ ယခုအခါ အလျား ၇ ပေ ၆ လက်မ အနံ ၄ ပေ ၁၀ လက်မ အမြင့် ၃ ပေ ရှိသော ကျောက်ခုံ တခုရှိ၏။ ယင်း ကျောက်ခုံသည် ဗောဓိပင်နှင့် စေတီတော်၏ အကြားတွင် တည်ရှိသည်။

## (၄) သတ္တဌာန ခေါ် ခုနစ်ပါးသောနေရာများ

(က) ပြဆိုခဲ့ပြီးသော ဗောဓိပင်။

(ခ) အနိမိသ လောစန စေတီတော်။

ဤစေတီတော်သည် သဗ္ဗညုတဉာဏ်ကို ရတော်မူရာဌာန ဖြစ်သော ဗောဓိပင်ကို မြတ်စွာဘုရားသည် ရပ်တော် မူလျက် မမှိတ်သော မျက်စိဖြင့် ကြည့်တော်မူရာအရပ်၌ တည်ထားသည့် စေတီငယ်တဆူဖြစ်၏။ ဤအုတ်စေတီ ကလေးသည် မြောက်ဖက်

မှ စေတီတော်ကြီးသို့ သွားရာလမ်း၏ လက်ဝဲဖက် ကုန်းမြင့် ပေါ်၌ တည်ရှိ၏။ ယင်းစေတီသည် အောက်ခြေ၌ လေးထောင့် ဖြစ်၍ အထက်သို့ တရွေ့ရွေ့ ၅၅ ပေ မြင့်သည့် တိုင်အောင် သွယ်တက်သွား၏။ စေတီတော် အောက်ခြေရှိ ၁၆ ပေပတ်လည် အခန်းတွင်းသို့ အရှေ့ဖက်မှ ဝင်ရောက်နိုင်၏။ ယခုအခါ ဤ အခန်းတွင် ဗောဓိသတ္တ၏ ရုပ်တုကလေးတခု ရှိသည်။

## (ဂ) စင်္ကမန ခေါ် စင်္ကြံတော်

ဤနေရာဌာနကို စေတီတော်ကြီး၏ အနီး မြောက်ဖက် တလျှောက်လုံး၌ စင်္ကြံမြင့်ဖြင့် မှတ်သားထား၏။ ဤနေရာဌာန၌ မြတ်စွာဘုရားသည် ခုနစ်ရက် ပတ်လုံး စင်္ကြံ ကြွတော်မူခဲ့၏။ စင်္ကြံမြင့်သည် အလျားပေ ၆၀ အမြင့် ၃ ပေရှိ၏။ စင်္ကြံမြင့်၏ နံဘေး၌ တည်ရှိနေသေးသော ကျောက်တိုင်ငုတ်များကို ထောက် ဆသောအားဖြင့် ရှေးအခါက စင်္ကြံမြင့်ပေါ်၌ ကျောက်တိုင် များဖြင့် ထောက်ထားသည့်အမိုး ရှိခဲ့ဟန်လက္ခဏာရှိ၏။ ယခု အခါ၌ ကျောက်တိုင်တခုသာလျှင် မပျက်မစီးဘဲ တည်ရှိနေ တော့၏။ စင်္ကြံမြင့်ပေါ်၌ မြတ်စွာဘုရား စင်္ကြံကြွတော်မူသည့် အခါ ခြေတော်များ ကျရောက်သည့် နေရာများကို ညွှန်ပြသည့် အနေဖြင့် ကြာပွင့်များကို ပြုလုပ်ထားသည်။

## (ဃ) ရတနဃရ

စင်္ကြံမြင့်၏ မြောက်ဖက်ရှိ စေတီကလေးများ၏ အလယ်၌ တည်ရှိသော အမိုး မရှိသည့် ကျောင်းဆောင် ကလေးကို

ရတနဃရဟု ခေါ်ဆိုကြ၏။ ဤနေရာ၌ မြတ်စွာဘုရားသည် ခုနစ်ရက်ပတ်လုံး အနန္တနယ ပဋ္ဌာန်း ကျမ်းကြီးကို ဆင်ခြင် သုံးသပ်တော်မူလျက် သီတင်းသုံးတော်မူခဲ့၏ဟု ပြောဆိုကြ၏။ မြတ်စွာဘုရားသည်ဤနေရာ၌ အလွန်နက်နဲသောအဘိဓမ္မာတရား များကို ဆင်ခြင်တော်မူစဉ် ကိုယ်တော်မှ နီလ၊ ပီတ၊ လောဟိတ၊ ဩဒါတ၊ မဉ္ဇိဋ္ဌ၊ ပဘဿရ တည်းဟူသော ရောင်ခြည်တော် ခြောက်သွယ်တို့သည် ထွက်တော်မူကြကုန်၏။ ဤ ရောင်ခြည် တော်များဖြင့် ယခုအခါ ဗုဒ္ဓဘာသာ၏ အလံတော်ကို စီစဉ် သတ်မှတ်ကာ ပုံစံပြုလုပ်ထားကြကုန်၏။ ဤ ရတနဃရ သည် အလျား ၁၄ ပေ အနံ ၁၁ ပေ ရှိသော ကျောင်းဆောင်ကလေး ဖြစ်၏။ ယခုအခါ ဤ ကျောင်းဆောင်ကလေးမှာ အုတ်နံရံ လေးဘက်မျှသာ ကျန်ရှိတော့၏။ ပတ်ဝန်းကျင် အရပ်ဒေသ၌ ကား စေတီကလေး အများအပြား တည်ရှိနေကြကုန်သည်။

## ( င ) ရာဇာယတန

မြတ်စွာဘုရားသည် သဗ္ဗညုတ ဉာဏ်တော်ကို ရတော်မူပြီး သည့်နောက် လင်းလွန်းပင် အောက်၌ သတ္တမ သတ္တာဟပတ်လုံး သီတင်းသုံးတော်မူခဲ့၏။ သို့ရာတွင် ယခုအခါ ယင်း လင်းလွန်း ပင်၏ တည်ရာဌာနကို အတိအကျ မသိရှိရတော့ပေ။ မြတ်စွာ ဘုရားသည် ထိုအခါက လင်းလွန်းပင်အောက်ရှိ ကျောက်ဖျာ ပေါ်၌ ထိုင်နေတော်မူခဲ့၏ဟု ပြောဆိုကြသည်။

## ( ဓ ) အဇပါလနိဂြောဓ

ဤ အဇပါလ မည်သော ဆိတ်ကျောင်း ညောင်ပင်အောက်၌ သုဇာတာသည် သဗ္ဗညုတဉာဏ်တော်ကို ရရှိရန် ဗောဓိပင်ရင်းသို့ ချဉ်းကပ်တော့မည်ဖြစ်သော အလောင်းတော်မြတ်အား နို့ဃနာ ဆွမ်းကို ဆက်ကပ်လှူဒါန်းခဲ့၏။ ဤ ညောင်ပင် အောက်၌ပင် လျှင် ဘုရားဖြစ်ပြီးနောက် ပဉ္စမသတ္တာဟ၌ မြတ်စွာဘုရား သီတင်း သုံးတော်မူခဲ့သည်ဟု ပြောဆိုကြ၏။ ယခုအခါ ဤ အဇပါလ တည်ရာဌာနကို အတိအကျ မဆုံးဖြတ်နိုင်ကြသေး၍ ထပ်မံစူးစမ်း ရှာဖွေရန် လိုပေသေးသည်။

## (ဆ) မုစလိန္ဒရေကန်

ဤမုစလိန္ဒ ရေကန်သည် မဟာဗောဓိ စေတီတော်၏ တောင်ဘက် တမိုင်ကွာလောက်မှာ ရှိသည်ဟု အချို့က ပြောဆို ကြ၏။ လူအများက ယခုအခါ 'မုချရင်'ခေါ် ရေကန်ကလေးကို ပင်လျှင် မြတ်စွာဘုရား၏ ဆဋ္ဌမ သတ္တာဟ ပတ်လုံး သီတင်းသုံး တော်ရာ ဌာနဟု ညွှန်ပြပြောဆိုကြ၏။ တရုတ်ရဟန်းတော် အရှင် ဟူအင်စံက မုစလိန္ဒရေကန်၏ ရေသည် အလွန်စိမ်းပြီး သောက်ရန် အတွက် ကြည်လင်အေးမြလှသည့်ပြင် ယင်းရေကန်၏ အနောက် ဖက် ကုန်းမြင့်ပေါ်၌ မြတ်စွာဘုရား၏ ရုပ်ပွားတော်တဆူနှင့် တကွ ကျောင်းဆောင်ကလေးတခု တည်ရှိကြောင်းကို မှတ်တမ်း ရေးသားထားခဲ့လေသည်။

## (၅) မဟာဗောဓိ စေတီတော် ပတ်လည်ရှိ ကျောက်လက်ရန်း

မဟာဗောဓိ စေတီတော်၏ သုံးဖက်တို့၌ 'ဆုန်ဂ' ခေတ် အတွင်းက ပြုလုပ်ထားခဲ့သည့် တင့်တယ်လှပသော ကျောက်လက် ရန်း အစိတ်အပိုင်း အချို့တို့သည် ယခုတိုင် တည်ရှိနေကြကုန်သေး ၏။ ဤကျောက်လက်ရန်းများကို အသောက ကျောက်လက်ရန်း များဟု အများအားဖြင့် ဖော်ပြကြ၏။ သို့ရာတွင် ကျောက်တိုင် အချို့ပေါ်တွင် တွေ့ရှိရသော ကမ္ပည်းစာများကို ထောက်ဆသော အားဖြင့် ယင်းကျောက်လက်ရန်း များသည် အသောက ခေတ် ထက် များစွာ နောက်ကျကြောင်းကို အတိအကျ သိရှိရပေ၏။ ထိုလက်ရန်းတို့ကို သဲကျောက်ဖြင့် တင့်တယ်သပ်ယပ်စွာ ပြုလုပ် ထား၏။ ကျောက်တိုင်အချို့၌ လှပစွာ ထွင်းထုထားသော အရုပ် များ၊ ဘယက်တံဆိပ်များ၊ ပန်းပွင့်များနှင့် ကြာပန်းများရှိကြ၏။ အလှူရှင်များ၏ အမည်များကို ရေးထိုးထားသည့် ဗြာဟ္မီအက္ခရာ ဖြင့် ကမ္ပည်းစာများလည်း ရှိကြ၏။ တောင်ဖက်နှင့် အနောက် ဖက်က လက်ရန်းတို့သည် အသင့်အတင့် ကောင်းမွန်ကြသေး၏၊ မြောက်ဖက်နှင့်အရှေ့ဖက်က လက်ရန်းတို့သည်ကား အလွန်အမင်း ယိုယွင်းပျက်စီး နေကြကုန်၏။ အဆိုပါ လက်ရန်းတို့သည် ထိပ်အုပ်အပါအဝင် အတန်းလေးခုနှင့် တကွ ရှစ်ပေမျှ မြင့်ကြ ကုန်သည်။

## (၆) မဟာဗောဓိစေတီတော်ပတ်လည်ရှိ စေတီကလေးများ

မဟာဗောဓိ စေတီတော်၏ ပတ်လည် ပရိဝုဏ်အတွင်းတွင် အရာမက များပြားလှစွာသော စေတီကလေးများကို တွေ့ရှိနိုင်

ကြ၏။ ဤစေတီကလေးတို့သည် အများအားဖြင့် သဲကျောက်ဖြင့် ပြုလုပ်ထားရကား အလွန်တင့်တယ် ပြေပြစ်ကြကုန်၏။ ဤစေတီကလေးများသည် သစ္စာအဓိဋ္ဌာန် ပြုထားသည့်အတိုင်း အောင်မြင်ထမြောက်သည့် သူများက လာရောက်တည်ဆောက်လှူဒါန်းထားသည့် အရာများ ဖြစ်ကြသည်ဟု ထင်မှတ်ယူဆကြ၏။ အရှေ့တောင်ဖက် လေးထောင့် မြေကွက်ပေါ်၌ အတော်အသင့် ကြီးမားသည့် စေတီတော် နှစ်ဆူရှိကြ၏။ ယင်းစေတီတော်တို့သည်ကား ရဟန္တာများ၏ ဓာတ်တော်များကို ဌာပနာထားသည့် စေတီတော်များဖြစ်ဟန် လက္ခဏာရှိကြသည်။

## (၇) ပဥ္စပဏ္ဏဝ တန်ဆောင်း

မဟာဗောဓိစေတီတော်ကြီး၏ လိုဏ်ဂူအဝင်ဝ'တံခါးပေါက်၏ လက်ဝဲဖက်၌ ပဥ္စပဏ္ဏဝတန်ဆောင်းဟု အများခေါ်ဝေါ်ကြသည့် ပြုပြင်ဖွဲ့ထားသော အဆောက်အဦ တခုရှိ၏။ ဤအဆောက်အဦထဲတွင် ရုပ်တုငါးခု ရှိကုန်၏။ ဤရုပ်တုတို့သည် မဟာဘာရတကျမ်းလာ ပဏ္ဏဝ ငါးဦးတို့၏ အကြောင်းအရာ အတ္ထုပ္ပတ္တိနှင့် တစုံတရာ ဆက်သွယ်မှု မရှိကြပေ။ အမှန်အားဖြင့် ယင်းရုပ်တုတို့သည် ဗောဓိသတ္တရုပ်တုတို့သာ ဖြစ်ကုန်၏။ သို့ဖြစ်၍ ဤနေရာကို ပဥ္စပဏ္ဏဝ တန်ဆောင်းဟူ၍ ခေါ်ဝေါ်နေခြင်းသည် ယုတ္တိမရှိလှပေ။

## (၈) မဟာန့်တဦး၏ သင်းချိုင်း

ထို့ပြင် မဟာဗောဓိ စေတီတော် လိုဏ်ဂူအဝင်ဝ၏ လက်ျာဖက်၌လည်း ဖြူဖွေးသော အဆောက်အဦ တခုရှိသေး၏။ ယင်းအဆောက်အဦသည် မဟာန့်တို့၏ အဆက်အနွယ်ထဲက ဒုတိယဖြစ်သော 'ချိုက်တန်ယဂိရ်' အမည်ရှိသည့် မဟာန့်တဦး၏ သင်းချိုင်းဖြစ်၏ဟု ပြောဆိုကြသည်။

## (၉) ကျောင်းတဆောင်၏ အုတ်မြစ်

မဟာဗောဓိ စေတီတော်၏ အနောက်တောင်ဘက်၌ လေးထောင့်စပ်စပ်ဖြစ်သော ခုံမြင့်တခုရှိ၏။ ယင်းခုံမြင့်သည် မဟာဗောဓိမဏ္ဍလသို့ အဖူးအမြော်ကြွရောက်လာကြသော သီဟိုဠ်ရဟန်းတော်များအတွက် သီဟိုဠ်ကျွန်း ဘုရင် မေဃဝဏ္ဏ တည်ဆောက်ခဲ့သည့် ကျောင်း၏ အုတ်မြစ်ဖြစ်သည်ဟု ပြောဆိုကြသည်။

## (၁၀) ရုပ်တုတော်များ၏ စံကျောင်း

မဟာဗောဓိစေတီတော်၏ ပရိဝုဏ်သို့ ဆင်းသက်ရန်ဖြစ်သော လှေကား၏ ရှေ့တည့်တည့် ကုန်းမြင့်ပေါ်၌ သံတိုင်များတပ်ဆင်ထားသည့် တဲကခုရှိ၏။ ထိုတဲထဲတွင် စေတီတော်၏ အရမ်ကိုတူးဖော်စဉ်က တွေ့ရှိထားသည့် ရုပ်တုတော်များနှင့် အခြားသော အရုပ်များကို သိမ်းဆည်းစုဆောင်း ထားကြသည်။

## ( ၁၁ ) ရေချိုးရန်အတွက် ရေကန်ကြီး

မဟာဗောဓိစေတီတော် အာရုံပြင်ပ တောင်ဖက်ဒေသ၌ လှေကားဖြင့် ဆင်းသက်ရသည့် ရေကန်ကြီးတခု ရှိ၏။ ဤရေကန်ထဲတွင် ကြာပန်း အမြောက်အမြား ပေါက်ရောက်နေကြ၏။ သို့ရာတွင် ရေမျက်နှာပြင်ပေါ်၌ စိမ်းလဲ့လဲ့ ရေညှိတွေ များလှသဖြင့် ရေသည် မကြည်လင် မသန့်ရှင်းလှပေ။ ယခုအခါ အစိုးရက တားမြစ်ထားသော်လည်း ဤရေကန်တွင်း၌ ရပ်သူရွာသားတို့သည် ရေချိုးခြင်းနှင့် အဝတ်ဖွပ်လျှော်ခြင်းများကို ပြုလုပ်နေကြကုန်သည်။

## ( ၁၂ ) မြန်မာစရပ်

မြန်မာစရပ်ကို မြန်မာဘုရားဖူးများ တည်းခိုရန် အတွက် မင်းတုန်းမင်း တရားကြီးသည် ၁၈၇၄ ခုနှစ်က တည်ဆောက်ထားခဲ့၏။ ယင်းစရပ်သည် မဟာဗောဓိ စေတီတော်၏ အနောက်ဖက်၌ တည်ရှိပြီး အခန်းကြီးသုံးခု ပါဝင်၏။ ယခုအခါ ထိုအဆောက်အအုံသည် ဘာမျှအသုံးမကျ အချိုးအနှိုး အလဟဿ ဖြစ်နေပေသည်။

## ( ၁၃ ) မဟာဗောဓိစရပ်

မဟာ ဗောဓိ စရပ်သည် မဟာ ဗောဓိ စေတီ တော်၏ အနောက်ဖက် မလှမ်းမကမ်းတွင် ဗုဒ္ဓဘာသာ ဘုရားဖူးများ တည်းခိုရန်အတွက် မဟာဗောဓိအသင်းက တည်ဆောက်ထား

သည့် အဆောက်အအုံဖြစ်၏။ ယင်းစရပ်သည် နှစ်ထပ်တိုက်ဖြစ်၏။ အောက်ထပ်တွင် အလယ်ဗဟို ခန်းမကြီးနှင့်တကွ ဘေးပတ်လည်မှာ အခန်းများစွာ ရှိကြ၏။ တချိန်တည်းမှာ ဘုရားဖူးဘုရာလောက် ချမ်းသာစွာ တည်းခိုနိုင်လောက်အောင် ကျယ်ဝန်းသပ်ယပ်သည့် စရပ်ဖြစ်ပေသည်။

## ( ၁၄ ) မဟန့်တို့၏ သင်းချိုင်းများ

မဟာဗောဓိ စေတီတော်၏ အရှေ့ဖက်၌ ဝင်းခြံတခုရှိ၏။ ထို ဝင်းခြံအတွင်းတွင် စေတီကလေးများနှင့် အသွင်တူသည့် ဖြူဖွေးသော အရာများ အမြောက်အမြားရှိ၏။ ၎င်းတို့သည် မဟန့် များနှင့် ၎င်းတို့၏ တပည့်ကြီးများ၏ သမာဓိ ခေါ် သင်းချိုင်းဂူ ကလေးများ ဖြစ်ကြသည်။ မဟာဗောဓိ စေတီတော်၏ မြောက်ဖက်၌လည်း ဤကဲ့သို့သော သင်းချိုင်းဂူကလေးတွေ အများအပြား ရှိပေသည်။

## ( ၁၅ ) မဟန့်ကျောင်းတိုက်

မဟာဗောဓိ စေတီတော်သို့သွားရာ လမ်းမကြီး၏ ကုန်းမြင့်ပေါ်သို့ မတက်မီ လက်ဝဲဖက်တွင် မြင့်မားသော တံတိုင်းဖြင့် ကာရံထားသည့် မဟန့်ကျောင်းတိုက် ရှိသည်။ ဤကျောင်းတိုက်၏ အကြီးအမှူးဖြစ်သော မဟန့်ခေါ် ဟိန္ဒူဘုန်းကြီးသည် မဟာဗောဓိ စေတီတော်ကို လက်ရှိပိုင်ဆိုင်ထားသူ ဖြစ်သည်။

လွန်ခဲ့သော နှစ်ပေါင်း သုံးရာလောက်က ဤမဟာဗောဓိ စေတီတော်အနီး၌ လာရောက်နေထိုင်ကြသည့် မဟန့်တို့သည် ရှင်ဘုရင်များထံမှ မဟာဗောဓိ စေတီတော်နှင့်တကွ အနီးအနား ပတ်ဝန်းကျင်ရှိ မြေများကို အပိုင်စား ရရှိထားခဲ့ကြကုန်၏။ ဤသို့လျှင် သူတို့၏ အဆက်အနွယ် မဟန့်တို့သည် ယနေ့တိုင်အောင် မဟာဗောဓိ စေတီနှင့်တကွ ပတ်ဝန်းကျင်မြေ အမြောက်အမြားကို ပိုင်ဆိုင်ထားကြကုန်၏။ ထို့ကြောင့် ယခုလက်ရှိ မဟန့်သည် ဗီဟာနယ်တွင် ဒုတိယအကြီးဆုံးသော မြေပိုင်ရှင်ကြီး ဖြစ်ပေသည်။

## (၁၆) မြန်မာ ဘုန်းတော်ကြီးကျောင်း

ဗုဒ္ဓဂယာသို့ သွားရာလမ်းမကြီးဘေးရှိ ရဲဌာနမှ မလှမ်းမကမ်း၌ မြန်မာဘုန်းတော်ကြီးကျောင်း ရှိသည်။ ကျောင်းအဆောက်အအုံမှာ အလွန်မကြီးမားသော်လည်း ကျောင်းအချမ်မှာ ဒေသတော်ကျယ်ဝန်းပေသည်၊ သို့ဖြစ်၍ ဘုရားဖူးများ ချမ်းသာစွာတည်းခိုနိုင်သည့် နေရာဌာနဖြစ်သည်။ ယင်းကျောင်း၌ မြန်မာဘုန်းတော်ကြီးများ ရှိနေသဖြင့် မြန်မာများအတွက် သာ၍ အဆင်ပြေလှပေသည်။

## (၁၇) နေရဥ္စရာမြစ်

ယခုအခါ 'လိလာဂျန်' ခေါ် နေရဥ္စရာမြစ်သည် မဟာဗောဓိ စေတီတော်၏အရှေ့ဘက် ဂိုက် ၂၀၀လောက်တွင် စီးဆင်းနေ၏။ ယင်းနေရဥ္စရာ မြစ်သည် ၆ ဖာလုံလောက် ကျယ်ပြန့်သော်လည်း

မိုးအခါမှတပါး ရေအနည်းငယ်မျှသာ ရှိလေသည်။ နွေနှင့် ဆောင်းအခါများတွင် ကြီးမားကျယ်ပြန့်သည့် သဲပြင်ကြီးဖြစ်နေ၍ မိုးတွင်းအခါတွင်ကား ကမ်းထိအောင် ရေပြည့်လျှံနေပေသည်။ ဤမြစ်သည် ဗုဒ္ဓဂယာမှ စီးဆင်းသွား၍ ခုနစ်မိုင်လောက်ရောက်သောအခါ ယင်းမြစ်၏ လက်ဝဲဘက် ကမ်းပေါ်၌ ဂယာမြို့ တည်ရှိလေသည်။

## (၁၈) သုဇာတာအိမ်ရာ

နေရဉ္စရာမြစ်မှ တမိုင်ခွဲလောက် ကွာဝေးသောအရပ်၌ သစ်ပင် ချုံပုတ်တို့ဖြင့် ဖုံးလွှမ်းနေသည့် တောင်ပူစာတခုရှိ၏။ ယင်းတောင်ပူစာကို အချို့က သုဇာတာ၏ အိမ်ရာဟု ညွှန်ပြကြသည်။ အချို့ကမူ အဇပါလညောင်ပင် တည်ရှိရာဌာနဟု ပြောဆိုကြသည်။

ပြဆိုခဲ့ပြီးသည့် နေရာဌာနများမှတပါး ဗိရလာဂျီ ဆောက်လုပ်ထားသော စရပ်။ တရုတ် ဗုဒ္ဓဘာသာကျောင်းနှင့် အစိုးရ ဧည့်ရိပ်သာတို့ ရှိကုန်၏။ ထိုဧည့်ရိပ်သာ၌ တနေ့လျှင် တယောက် တကျပ်ကျနှင့် တည်းခိုနိုင်ကြသည်။

ဤမျှသော စကားအစဉ်ဖြင့် မြတ်စွာဘုရား၏ သဗ္ဗညုတ ဉာဏ်တော်ကို ရတော်မူရာအရပ်ဖြစ်သော မဟာဗောဓိပင် တည်ရှိရာ ဗုဒ္ဓဂယာ၏ ယခုလက်ရှိ အခြေအနေကို အကျဉ်းအားဖြင့် ပြဆိုခဲ့ပြီးလေပြီ။

## ဣသိပတန မိဂဒါယ ခေါ် မိဂဒါဝုန်တော

မြတ်စွာဘုရားသည် မဟာဗောဓိ၏အနီး ဥရုဝေလတော၌ မွေ့လျော်သမျှ ကာလပတ်လုံး သီတင်းသုံးတော်မူပြီးနောက် တပည့်ဖြစ်ဖူးသော ပဉ္စဝဂ္ဂီငါးဦးတို့အား တရားဦး ဟောရန် သူတို့နေထိုင်ရာ 'ဣသိပတနမိဂဒါယ' ခေါ် မိဂဒါဝုန်တောသို့ ကြွသွားတော်မူလေ၏။ ယင်း မိဂဒါဝုန်တောကို ယခုအခါ ဆာရနာတ်(Sarnath)ဟု ခေါ်ဝေါ်ကြသည်။

ရင်းဆာရနာတ်သည် ယူနိုက်တက် ပရောဗင်းစ်နယ် ဗာရာဏသီမြို့ မြောက်ဘက် ၆ မိုင်ကွာအရပ်၌ တည်ရှိ၍ မြတ်စွာဘုရား၏ တရားဦး ဟောရာဌာန ဖြစ်သောကြောင့် ဗုဒ္ဓဘာသာဝင်တို့ အတွက် ဗုဒ္ဓဂယာမှထောက်၍ ဒုတိယမြောက် အရေးကြီးသည့် ဌာနဖြစ်လေသည်။ ဗုဒ္ဓဂယာနှင့် ဆာရနာတ်တို့သည် အားလုံး သော ဘုရားတို့၏ ပွင့်ရာဌာနနှင့် တရားဦးဟောရာ ဌာနများ ဖြစ်ကြရကား ရင်းဌာနတို့ကို အစလစေတိယဟူ၍ ခေါ်ဝေါ် ကြကုန်၏။

ဂယာမှ ဗာရာဏသီသို့ ၁၂၉ မိုင် ကွာဝေး၏။ ဘုရားဖူးများ သည် ဂယာဘူတာမှ ဗာရာဏသီ ကန်တုန်မင်ဘူတာသို့ E.I.R. မီးရထားဖြင့် သွားနိုင်သည်။ ဗာရာဏသီ ကန်တုန်မင်ဘူတာမှ ဆာရနာတ်သို့ ၆မိုင်ခရီးကို 'မောတော်ကား' 'တန်ဂါး' 'ဧက္ကာ' တို့ဖြင့်သွားနိုင်သည်။ ရင်းတို့ကို ဘူဘာရုံမှာပင် လွယ်ကူစွာငှား၍ ရနိုင်သည်။ ဘူတာရုံမှ ဆာရနာတ်၌ တူးဖော်ထားသည့်နေရာသို့ ရောက်အောင် သရက်ပင်ရိပ်။ မန်ကျည်းပင်ရိပ်၊ ညောင်ပင်ရိပ်

တို့ဖြင့် စိတ်ကြည်နူးဘွယ် တင့်တယ်လှပ အေးချမ်းသာယာလှသော ကက္ကရာစေးလမ်းမကြီး တည်ရှိပေ၏။ ဘုရားဖူးများသည် ကန့်တုန်မင်ဘူတာမှ ဆာရနာတ်ဘူတာသို့ O.T.R မီးရထားဖြင့်လည်း သွားရောက်နိုင်ကြသည်။ ဆာရနာတ်ဘူတာမှ ဓမ္မစကြာကို ဟောတော်မူရာဌာနသို့ တမိုင်မျှသာ ကွာဝေးသဖြင့် ကြောဖြင့် လွယ်ကူစွာ သွားနိုင်ကြသည်။

ဆာရနာတ်၌ရှိနေသော စိတ်ဝင်စားဘွယ်ရာတို့သည် အောက်ပါအတိုင်း ဖြစ်ကုန်၏။

## (၁) ချောက်ခဏ္ဍီ စေတီတော်

ဤစေတီတော်သည် ဆာရနာတ်ဘူတာမှ မိုင်ဝက်မျှဝေးကွာသည့်နေရာ လမ်းမကြီး၏ လက်ဝဲဘက်၌ တည်ရှိလေသည်။ စေတီတော်၏ အောက်ခြေ အကျယ်အဝန်းကို ထောက်ဆသောအားဖြင့် ၎င်းစေတီတော်သည် ရှေးအခါက အလွန်ကြီးမားခဲ့ဟန် လက္ခဏာရှိပေ၏။ သို့ရာတွင် ယခုအခါ ထိပ်ဖျားမှာ ရှစ်မျက်နှာရှိသော မျှော်စင် တည်ဆောက်ထားသည့် အုတ်ပုံကြီးမျှသာ ဖြစ်နေပေသည်။ ဤအုတ်ပုံကြီး၏အမြင့်မှာ မျှော်စင်အပါအဝင် ၈၄ ပေရှိသည်။

စေတီထိပ်ဖျားရှိ မျှော်စင်သို့ စေတီ၏အနောက်ဘက်မှ တက်ရောက်နိုင်၏။ ဤမျှော်စင်ကို အက္ကဘားဘုရင်သည် ရန်သူများထံမှ ထွက်ပြေးလာပြီး ဤ စေတီတွင် ပုန်းအောင်းခဲ့ဘူးသောသူ၏ ခမည်းတော် ဟူမာယန်ဘုရင်ကို အမှတ်ရစေရန် ၁၅၈၈

အေဒီ၌ ဆောက်လုပ်ထားခဲ့လေသည်။ ဤ အကြောင်းအရာကို စေတီတော်သို့ ဝင်ရောက်ရာဌာန၏ အရှေ့ဘက် ကျောက်ပြား ပေါ်ပါ ပါဠိရှင်းဘာသာဖြင့် ရေးထိုးထားခဲ့သည်။ ဤစေတီတော်ကို မည်သည့် ခေတ်အခါက မည်သူ တည်ထားခဲ့သည်ကိုကား အတိအကျ မသိရပေ။ သို့ရာတွင် အုတ်များနှင့် ဗိသုကာလက်ရာများကို ထောက်ဆသောအားဖြင့် အေဒီ ၂ ရာစု သို့မဟုတ် ၃ ရာစုလောက်က တည်ထားခဲ့သည်ဟု ခန့်မှန်းရပေသည်။

မြတ်စွာဘုရား၏ ပဉ္စဝဂ္ဂီငါးဦးတို့နှင့် ရှေးဦးစွာ တွေ့ဆုံရာဌာန၌ ဤစေတီတော်ကို တည်ထား၏ ဟု ပြောဆိုကြ၏။ မြတ်စွာဘုရား၏ ပဉ္စဝဂ္ဂီငါးဦးတို့အား ဓမ္မစကြာတရားတော်ကို ဟောတော်မူရာ ဌာနသည်ကား ဤနေရာမှ မိုင်ဝက်မျှ ဝေးကွာ၏။ ၎င်းဌာနကို အသောကမင်းကြီးသည် ကျောက်တိုင် စိုက်ကာ အတိအကျ အသေအချာ မှတ်သားထားခဲ့လေသည်။

## (၂) ကျောက်စာဌာန ပြတိုက်

ဤကျောက်စာဘက်ဆိုင်ရာ ပစ္စည်းများကို စုဆောင်းထားသည့် ပြတိုက်သည် ကျောက်ခဏ္ဍီစေတီမှ ရှေ့သို့ဆက်လက်၍ တူးဖော်ထားရာဌာနသို့ သွားရာလမ်းမကြီး၏ လက်ျာဘက်၌ တည်ရှိ၏။ မျက်နှာစာ၌ သပ်သပ်ယပ်ယပ် ပြုပြင်ဖန်တီးထားသည့် စိမ်းလန်းစိုပြေသော မြက်ခင်းနှင့်တကွ ရိုးသား ခန့်ညားသည့် ဤအဆောက်အဦကို ၁၉၁၀ ခုနှစ်က ဆောက်လုပ်ထားခဲ့လေသည်။

ဤပြတိုက်ထဲ၌ ဆာရာနာတ်တွင် တွေ့ရှိသည့် အဘိုးတန် ရှေးဟောင်းပစ္စည်းဟူသမျှကို သိုမှီး သိမ်းဆည်းထား၏။ ယင်းကဲ့သို့ သိမ်းဆည်းထားသည့် ပစ္စည်းများထဲတွင် အရေးကြီးသည့် ပစ္စည်းအချို့သည် အောက်ပါအတိုင်း ဖြစ်သည်။

## (က) အသောက ကျောက်တိုင်၏ ထိပ်အုပ်

ဤကျောက်တိုင်၏ ထိပ်အုပ်ကို မြတ်စွာဘုရား ဓမ္မစကြာ တရားဦး ဟောရာဌာန၌ အသောကမင်းကြီး စိုက်ထူထားခဲ့သည့် ကျောက်တိုင်ပေါ်၌ တပ်ဆင် ခြယ်လှယ်ထားခဲ့၏။ ၎င်းထိပ်အုပ်သည် ၇ ပေလောက် မြင့်သည်။ ထိုထိပ်အုပ်၌ တပေလောက် မြင့်သည့် တိုင်ထိပ်ဝိုင်းပေါ်မှာ ကျောချင်းကပ်ကာ ထိုင်နေသော ခြင်္သေ့လေးကောင် ပါဝင်သည်။ ခြင်္သေ့အသီးသီး၏ ရှေ့ခြေထောက်များ အောက်၌ ဘီးထောက် ၂၄ ခု ရှိသည့် ဓမ္မစက္ကတည်းဟူသော တရားစက်ဘီးတခုစီ ရှိသည်။ ဤဓမ္မစက္က တို့၏ အကြား၌ ကောင်းမွန်လှပစွာ ထုလုပ်ထားသည့် 'ဆင်ရုပ်'၊ 'နွားရုပ်'၊ 'မြင်းရုပ်'နှင့် ခြင်္သေ့ရုပ်တို့ ရှိကုန်၏။ အဆိုပါ တိုင်ထိပ် အုပ်ကို ကျောက်တိုင်ပေါ်မှာ ပက်လက်လှန်ကာ ကပ်ထားသည့် ကြာပန်းပေါ်တွင် တင်ထား၏။ ကျောက်တိုင်သည် အစမူလက ပေ ၇၀ မြင့်သည်ဟု ပြောကြ၏။ ဇလန္ဒိယပြည်တွင်းသို့ ဝင်ရောက် တိုက်ခိုက်သူများသည် ကျောက်တိုင်ကို ချိုးဖဲ့ဖျက်ဆီးကြသဖြင့် ဓမ္မစက္ကသည် ကြေမွ ပျောက်ဆုံးခဲ့ရလေသည်။ မကြာမီက ကျောက်တိုင်တည်ရှိရာ ဌာနမှ ဓမ္မစက္က၏ အပိုင်းအစများကို တွေ့ရှိရ၍ ပြတိုက်ထဲတွင် သိမ်းဆည်းထားကြသည်။

## (ခ) ဗောဓိသတ္တ၏ နီသော ကျောက်သားရုပ်တုတော်

ဤ ဗောဓိသတ္တ၏ ရုပ်တုတော်ကို နီသော သဲကျောက်ဖြင့် ထုလုပ်ထား၏။ ရုပ်တုတော်၏ ကျောဘက်ပေါ်၌ ရေးထိုးထားသည့် ကမ္ပည်းစာများ ရှိကြ၏။ ထိုကမ္ပည်းစာများမှ ဤရုပ်တုတော်ကို မထုရာအရပ်၌ ပြုလုပ်၍ ကနစ်ရှကမင်း၏ တတိယ နန်းစံနှစ်တွင် ဗလမည်သော ရဟန်းတော်တပါးက ဤနေရာသို့ ယူဆောင်ခဲ့ပြီး မြတ်စွာဘုရား စင်္ကြံကြွတော်မူရာဌာန၌ တည်ထားခဲ့ကြောင်းကို သိရှိရသည်။ အစကနဦးက ဤရုပ်တုတော်ပေါ်၌ မိုးထားခဲ့သည့် ကျောက်ထီးကြီးကိုလည်း ရုပ်တုတော်အနီးမှာ တွေ့ရှိရသည်။ ဤထီးကိုလည်း နီသော သဲကျောက်မှပင် ထုလုပ်ထားလေသည်။

## (ဂ) မြတ်စွာဘုရား၏ တရားဟောနေဟန် ရုပ်တုတော်

ဤရုပ်တုတော်သည် ဣန္ဒိယပြည်၌ တွေ့ရှိရသမျှ ဗုဒ္ဓ၏ ရုပ်တုတော်များထဲတွင် အတင့်တယ် အသပ္ပာယ်ဆုံးဖြစ်ကောင်း ဖြစ်ပေမည်။ ယင်းရုပ်တုတော်သည် လေးရာစု သို့မဟုတ် ငါးရာစု အေဒီ ခေတ်၏ လက်ရာဖြစ်သည်။ ၎င်းရုပ်တုတော်ကို ဓမ္မစက္ကပဝတ္တန သုတ်တော်ကို ဟောကြားနေသည့် ပုံသဏ္ဌာန်ဖြင့် ထုံးကျောက်မှ ထုလုပ်ထားလေသည်။ ရုပ်တုတော်၏ မျက်နှာတော်သည် အလွန် ကြည်ညိုဘွယ်ကောင်းသော်လည်း နှာခေါင်းတော်နှင့် လက်ချောင်းတော် တခုသည် ကျိုးပဲ့နေပေသည်။

ရုပ်တုတော်၏ ပခုံးနှစ်ဖက်စလုံးကို သင်္ကန်းဖြင့် ဖုံးလွှမ်းထား၏။ ပလ္လင်၏ အောက်ဖက်ပေါ်၌ ပဥ္စဝဂ္ဂီငါးဦး၏ ရုပ်ပုံများကို ထုလုပ်ထား၏။ ထို့ပြင် သမင်နှစ်ကောင် ဝိုင်းရံထားသည့် ဓမ္မစက္ကကိုလည်း ထုလုပ်ထားလေသည်။

## (ဃ) ကရစ်ရှန နှင့် သီဝတို့၏ ကျောက်ရုပ်များ

ဂေါဝဒ္ဓနတောင်ကို လက်ဝါးပေါ်၌ တင်ထားသည့် ကရစ်ရှန၏ ကျောက်ရုပ်ကြီးတခု ရှိ၏။ ဤကျောက်ရုပ်သည် ဗုဒ္ဓဘာသာနှင့် သော်၎င်း၊ ဆာရနာတ်နှင့် သော်၎င်း ဘာမှ မသက်ဆိုင်ချေ။ ယင်းကျောက်ရုပ်ကို အာရာအရပ်မှ ဤနေရာသို့ ယူဆောင်ခဲ့ပြီး ပြတိုက်ထဲ၌ သိမ်းဆည်းထားလေသည်။ ထို့မှတပါး အသွား သုံးချောင်းရှိ မှိန်းဖြင့် နတ်ဆိုးကို ထိုးသတ်နေသည့် သီဝ၏ ကျောက်ရုပ်ကြီး တခုလည်း ရှိသေး၏။ ဤကျောက်ရုပ်များက ဗုဒ္ဓဘာသာဝင်တို့၏ ဤ မြင့်မြတ်သော နေရာဌာနသို့ ဟိန္ဒူဘာသာ တဖြည်းဖြည်း ချဉ်းနင်း ဝင်ရောက်လာသည်ကို ထင်ရှား ပြသနေကြပေသည်။

## (၃) တူးဖော်ထားသည့်နယ်မြေ

## (က) ဘုန်းကြီးကျောင်း

ပြတိုက်၏မြောက်ဖက်၌ ဘုန်းကြီးကျောင်းဟောင်း တခုကို တွေ့ရလိမ့်မည်။ ဤ ကျောင်း၏ အုတ်မြစ်များသည် သာလွှင်

မချွတ်ယွင်း မပျက်စီးသေးဘဲ ရှိနေကြ၏။ ယင်းအုတ်မြစ်များသည် အရပ် လေးမျက်နှာလုံး၌ပင် ၁၀၇ ပေစီ ရှိကြကုန်၏။ အခန်းအားဖြင့် အားလုံး ၂၀ ခန်းရှိသည်။ အခန်းတခုထဲတွင် မီးလောင်ကျွမ်းထားသည့် မုံ့များကို တွေ့ရှိရသဖြင့် ဤကျောင်းမှာ မီးလောင်ခံရကြောင်း ထင်ရှားသည်။ ကျောင်းဝင်းအတွင်း၌ ရေတွင်းဟောင်း တခုရှိ၏။ ၎င်းရေတွင်းသည် အဦးအစကပင် ဤကျောင်း၏ ရေတွင်းဖြစ်ပေသည်။

## (ခ) သီရိဓမ္မရာဇိက စေတီတော်

ထို့နောက် မြောင်းတခု ပတ်ရံထားသည့် ဝန်းဝိုင်းသော မြေပုံတခုကို တွေ့ရလိမ့်မည်။ ပျဉ်ပြားတခုပေါ်၌ သီရိဓမ္မရာဇိက စေတီတော်ဟု ရေးသားထား၏။ ဤမြေပုံသည် ရှေးအခါက ခမ္မေက်စေတီတော်လောက် ကြီးမားသည့် စေတီတော် တဆူမှ ကြွင်းကျန်ရစ်သော အုတ်နှင့် ကျောက်အပိုင်းအစများဖြစ်သည်။ ဓမ္မေက်စေတီတော်ကြီး မည်မျှလောက် ကြီးမားသည်ကို မကြာမီ တွေ့ရပေလိမ့်မည်။ အလွန်တရာ ကြီးမားလှသည့် ဤ သီရိဓမ္မရာဇိက စေတီတော်၏ ဤမြင့်မြတ်သော တည်ရာဌာနမှ ကွယ်ပျောက်သွားပုံမှာ အောက်ပါအတိုင်း ဖြစ်ပေသည်။

လွန်ခဲ့သည့် အနှစ် ၁၀၀ ကျော်လောက်က ဤစေတီတော်ကြီးသည် ထင်ထင်ရှားရှား မားမားမတ်မတ် တည်ရှိနေသေး၏။ ကျောက်စာဌာန မပေါ်ပေါက်သေးခင် ၁၇၉၄ ခုနှစ်က ဗာရာဏသီ 'မဟာရာဇာချက်ဆင်း'၏ ဝန်ကြီးတဦး ဖြစ်သည့်

ဂျဂတ်ဆင်းသည် ဗာရာဏသီမြို့ထဲ၌ 'ဂျဂတ်ဂန်းဂျ်' မည်သော အဆောက်အဦတခုကို ဆောက်လုပ်ရန် ပစ္စည်းဝတ္ထုများကို အလိုရှိနေ၏။ သူသည် ဤစေတီတော်မှ အုတ်နှင့်ကျောက်များကို အဆောက်အဦ၌ အသုံးပြုရန် အကြံရလေ၏။ ထို့ကြောင့် သူသည် အလုပ်သမား အမြောက်အမြားကို ဤနေရာသို့ စေလွှတ်ပြီး အလိုရှိသမျှ အုတ်နှင့်ကျောက်များကို ယူဆောင်စေ၏။ သူသည် ရှေးဟောင်း အမှတ်အသားဖြစ်သော ဤ စေတီတော်ကြီးကို ဖျက်ဆီးစဉ် စေတီတော်အတွင်း၌ ကျောက်သေတ္တာတခုကို တွေ့ရှိရ၏။ ထိုကျောက်သေတ္တာထဲ၌ စိမ်းသော ကျောက်ကြုတ်တခုကို တွေ့ရ၏။ ထိုကျောက်ကြုတ်ထဲ၌ ပြာများကိုတွေ့ရ၏။ ထိုပြာများသည် မြတ်စွာဘုရား သို့မဟုတ် ရဟန္တာ တပါးပါး၏ ကြွင်းကျန်ရစ်သော အရာများ ဖြစ်ကြတန်ရာသည်။ ဤပြာများကို ဘာလုပ်ရမှန်းမသိသဖြင့် သူသည် ဟိန္ဒူဘာသာရေး ထုံးတမ်းစဉ်လာ အတိုင်း ဂင်္ဂါမြစ်ထဲသို့ မျှောပစ်လိုက်လေသည်။ ဤသို့လျှင် ဗုဒ္ဓဘာသာ၏ အဖိုးမဖြတ်နိုင်သည့် ဓာတ်တော် မွေတော်များ ပျောက်ဆုံးရသည်မှာ များပြားလှလေပြီ။

## (ဂ) အသောက ကျောက်တိုင်

၂၅၀ ဘီစီလောက်က အသောကမင်းကြီး စိုက်ထူသွားခဲ့သည့် ဤကျော်ဇောထင်ရှားသော ကျောက်တိုင်၏ အောက်ခြေ အငုတ်ကို သံလက်ရမ်း ကာရံထားသည့် ပြားနေသော အမိုး အောက်၌ တွေ့ရလိမ့်မည်။ ဤကျောက်တိုင်၏ တည်ရာဌာနသည်

မြတ်စွာဘုရား၏ ပဉ္စဝဂ္ဂီငါးဦးတို့အား တရားဦးဟောရာ ဌာန ဖြစ်ကောင်း ဖြစ်ပေလိမ့်မည်။ ကျောက်တိုင်ပေါ်၌ ရေးသား ထားသည့် ကမ္ပည်းစာထဲ၌ကား ဤကျောက်တိုင် စိုက်ထူထားရာ ဌာနနှင့်ပတ်သက်၍ ဘာကိုမျှ ရေးသားဖော်ပြထားခြင်း မရှိပေ။

ဤနေရာ၌ မြတ်စွာဘုရား ရှေးဦးစွာ ဟောတော်မူအပ်သော တရားတော်သည် ဓမ္မစက္က ပဝတ္တနသုတ်ဖြစ်၏။ ဤသုတ်တော်ကို ကြားနာရ၍ ပဉ္စဝဂ္ဂီငါးဦးတို့သည် သာသနာတော်၌ ယုံကြည် အားထားမှုကို ရရှိလာကြ ကုန်၏။ အထူးအားဖြင့် အရှင် ကောဏ္ဍညသည် သောတာပတ္တိမဂ်ကို ရရှိသွား၏။ ဤသုတ်သည် မြတ်စွာဘုရား ၄၅ ဝါ ကာလပတ်လုံး ဟောတော်မူသည့် ဒေသနာတော်များ၏ အကျဉ်းချုပ်ဖြစ်၏။ ဤဓမ္မစကြာ ဒေသနာ တော်ကို နှုတ်တက်အာဂုံ ဆောင်ထားပါက ပိဋကသုံးပုံကို နှုတ်တက်အာဂုံ ဆောင်ထားသည်နှင့် အလားတူပင်ဖြစ်သည်။ ထို့ကြောင့် ဤ ဓမ္မစကြာကို နှုတ်ငုံဆောင် ထားပြီး နေ့တိုင်း ရွတ်ဖတ်သရဇ္ဈာယ်ကာ အနက်အဓိပ္ပာယ်ကိုပါ စဉ်းစားဆင်ခြင် သင့်ပေသည်။ မြတ်စွာဘုရားသည် ဤဓမ္မစကြာ ဒေသနာတော် ၌ သစ္စာလေးပါးကို အကျဉ်းအားဖြင့် ဟောပြထားသည်။ ထို့ပြင် သစ္စာလေးပါးထဲတွင် အပါအဝင်ဖြစ်သော မဂ္ဂသစ္စာကို ကာမသုခလ္လိကာ နုယောဂနှင့် အတ္တကိလမထာ နုယောဂတည်း ဟူသော အစွန်းနှစ်ပါးမှ လွတ်သည့် အလယ်ဗဟိုကျင့်စဉ် အဖြစ် ဖြင့် ဟောတော်မူသည်။ အရိယအဋ္ဌင်္ဂိက မဂ္ဂ မည်သော

ဤမဇ္ဈိမပဋိပဒါ ကျင့်စဉ်သည် 'သမ္မာဒိဋ္ဌိ' 'သမ္မာသင်္ကပ္ပ' 'သမ္မာဝါစာ' 'သမ္မာကမ္မန္တ' 'သမ္မာအာဇီဝ' 'သမ္မာဝါယမ' 'သမ္မာသတိ' 'သမ္မာသမာဓိ' တည်းဟူသော မဂ္ဂင်ရှစ်ပါးပင် ဖြစ်ပေသည်။

ဤသုတ်ကို ဟောတော်မူပြီးသည့်နောက် မကြာမီပင် အနတ္တလက္ခဏ သုတ်ကို ဟောတော်မူ၏။ ထိုအနတ္တလက္ခဏ သုတ်၏ အဆုံး၌ ပဉ္စဝဂ္ဂီ ငါးဦးတို့သည် ရဟန္တာအဖြစ်သို့ ရောက်ရှိကြကုန်၏။ ဗာရာဏသီ မြို့ထဲက သူဌေးသားဖြစ်သော ယသသတို့သားသည်လည်း သာသနာ့ဘောင်သို့ ဝင်ရောက်ပြီး မကြာမီ ရဟန္တာ ဖြစ်သွားလေ၏။ သူ၏ အဆွေခင်ပွန်း ၅၄ ယောက်တို့သည်လည်း ယသကို အတုလိုက်ကာ ရဟန္တာအဖြစ်ကို ခံယူကြပြီး ရဟန္တာ ဖြစ်သွားကြကုန်၏။ ဤသို့လျှင် ဤမိဂဒါဝုန်တော၌ မြတ်စွာဘုရား၏ တပည့်သားဖြစ်သော ရဟန္တာခြောက်ကျိပ်တို့ ပေါ်ပေါက်လာကြကုန်၏။ ဝါကျွတ်ပြီးသော အခါ မြတ်စွာဘုရားသည် ဤတပည့်ရဟန္တာ ခြောက်ကျိပ်တို့အား အနယ်နယ်အရပ်ရပ်သို့ လှည့်လည်ပြီး တရားဒေသနာတော်ကို လူအပေါင်းတို့အား ဟောပြောပြသကြရန် ဝိနယမဟာဝဂ္ဂပါဠိတော်၌ အောက်ပါအတိုင်း တိုက်တွန်း နှိုးဆော်တော်မူသည်။

"ရဟန်းတို့၊ ငါဘုရားသည် လူနတ်တို့၌ဖြစ်သော ကိလေသာ ကျော့ကွင်းအားလုံးမှ လွတ်တော်မူပြီ။

ရဟန်းတို့၊ သင်တို့သည်လည်း လူနတ်တို့၌ ဖြစ်သော ကိလေသာ ကျော့ကွင်းတို့မှ လွတ်ကြကုန်ပြီ။

ရဟန်းတို့၊ များစွာသောလူတို့၏ အစီးအပွား ဖြစ်ခြင်းငှာ၊ ချမ်းသာခြင်းငှာ၊ လောကကို စောင့်ရှောက်ရန် အလို့ငှာ၊ နတ်လူတို့၏ အကျိုးစီးပွားဖြစ်ခြင်း ချမ်းသာခြင်းငှာ ဒေသစာရီ လှည့်လည်ကုန်လော့။ ခရီးတကြောင်းလျှင် နှစ်ပါးမသွားကြကုန်လင့်။ ရဟန်းတို့၊ အစ၏ကောင်းခြင်း၊ အလယ်၏ ကောင်းခြင်း၊ အဆုံး၏ကောင်းခြင်း ရှိသော၊အနက်နှင့် ပြည့်စုံသော၊ သဒ္ဒါနှင့်ပြည့်စုံသော တရားကို ဟောကုန်လော့။ အလုံးစုံပြည့်စုံသော၊ ထက်ဝန်းကျင် စင်ကြယ်သော၊ အကျင့်ကို ပြကုန်လော့၊ မြတ်သော အကျင့်ကို ပြကုန်လော့။

ပညာမျက်စိ၌ ကိလေသာမြူနည်းသော သဘောရှိကုန်သော သတ္တဝါတို့သည် ရှိကုန်၏။ တရားတော်ကို မကြားနာရသဖြင့် ဆုတ်ယုတ်ကြရကုန်၏။ တရားတော်ကို သိလွယ်သောသူတို့သည် ရှိကုန်လတ့်။

ရဟန်းတို့၊ ငါဘုရားသည်လည်း ဥရုဝေလမှ သေနနိဂုံးသို့ တရားဟောရန် ချဉ်းကပ်တော်မူပေအံ့”

ဤကဲ့သို့ မြတ်စွာဘုရား တိုက်တွန်း အားပေးတော် မူသဖြင့် ခြောက်ဆယ်သော ရဟန်းတော်တို့သည် မြတ်စွာဘုရား၏ တရားဒေသနာတော်ကို ဟောပြောရန် အနယ်နယ် အရပ်ရပ်သို့ ဒေသစာရီ ကြွချီတော် မူကြကုန်၏။ မြတ်စွာဘုရားသည်ကား ဥရုဝေလ ကဿပနှင့် ဂယာကဿပတို့ကို ချွတ်တော်မူရန် ဂယာသို့ ကြွတော်မူလေသည်။

ပြဆိုအပ်ခဲ့ပြီးသည့်အတိုင်း ယခုတည်ရှိနေသည့် အသောက ကျောက်တိုင်ငုတ်သည် မြေပေါ်မှာ ရှစ်ပေလောက် မြင့်တက်၍ မြေအောက်မှာ ခုနစ်ပေလောက် နစ်မြုပ်နေ၏။ ထိပ်ဝအကျယ် သည် ၂ ပေ ၉ လက်မ ရှိသည်။ ထိပ်အုပ်ကဲ့သို့ပင် ကျောက်တိုင် ကိုလည်း ချောမွတ် ပြောင်လက်အောင် ပွတ်တိုက်ထားသည်။ မူလက ဤကျောက်တိုင်၏ အမြင့်သည် ပေ ၇၀ လောက် ရှိခဲ့၏။ ၎င်း၏ ခြင်္သေ့ရုပ် ထိပ်အုပ်ကို ကျောက်စာပြတိုက်ထဲ၌ သိမ်းဆည်း ထားလေသည်။

ကျောက်တိုင်၏ အောက်ခြေ၌ ဗြာဟ္မီအက္ခရာဖြင့် အသောက မင်းကြီး ရေးထိုးထားခဲ့သည့် ကမ္ပည်းစာများ ရှိ၏။ ထိုကမ္ပည်း စာများသည် အောက်ပါအတိုင်း ဖြစ်ကြသည်။

ဒေဝါနံပိယေ ပိယဒသိ လာဇာ....လေ ပါဋလိပုတေ.... ယေကေနပိ သံဃေ ဘေတဝေ ဧဆုံခေါ ဘိက္ခုဝါ ဘိက္ခုနီဝါ သံဃေ ဗာကာတိ သေ ဩဒါတာနိ ဒုသာနိ သံဃံ ပယေယိ အနာဝသာသေ အာဝါသိယိယံ ဟေဝံ ဣယံ သာသနေ ဘိက္ခုသံဃသ ဘိက္ခုနီ သံဃသိစ ဝိနာပယိတ ဝိယေ....ဟေဝံ ဒေဝါနံ ပိယေ အာဟ ဘေဒိသစ ဣကာလိ ပိတုဖာကံ ဠိကံ ဟု ဝါတိသံသလန သိနိကိတာ ဣကံစ လိပိ ဟေဒိသာ မေဝ ဥပါသကာနံ နိယုပါတထေပိစ ဥပါသကာ အနုပေါသထံ ယာဝ ဧတ မေဝ သာသနံ ဝိသုံသယိဘဝေ အနုပေါသထံစ

ဇဝယေ ဣကိကေ မဟာမာတေ ပေါ်သထာယေ ယာတိ
တေမေဝ သာသနံ့ဝိသုံ သယိတဝေ အာဆာနိတဝေစ
အာဝတကေ စတုပါကံ အာဟာလေ သဝတေ ဝိဝါသ
ယိထတုဧ တေန ဗျဥ္ဇနှ နဟေမေဝိသာဝေသု ကောဋ္ဌ
ဝိသဝေသု တေန ဗျဥ္ဇနေန ဝိဝါသာယထာ ---

ဤကျောက်စာ၏ မြန်မာဘာသာပြန်သည် အောက်ပါအ
တိုင်းဖြစ်သည်။

ဒေဝါနံပိယဒသိ မင်းကြီးသည် ဤသို့ မိန့်တော်မူသည်။ "သံဃာသည် မကွဲပြားစေရန် ဖြစ်သည်။ သို့ရာတွင် ဘိက္ခုသည် သော်၎င်း၊ ဘိက္ခုနီသည် သော်၎င်း တစုံတယောက်သော သူသည် သံဃာ ကွဲပြားအောင် ပြုလုပ်ငြားအံ့၊ ထိုသူကို အဝတ်ဖြူဝတ်စေပြီး ကျောင်းမဟုတ်သည့် နေရာ၌ နေစေရမည်။ ဤသို့လျှင် ဤအမိန့်တော်ကို ဘိက္ခုသံဃာနှင့် ဘိက္ခုနီ သံဃာတို့၏အတွင်း၌ ကျေညာရမည်။

မင်းကြီးသည် ဤသို့မိန့်တော် မူလေ၏။ ဤသို့လျှင် စည်းဝေးရာဌာန၌ သင်တို့အတွက် ရေးထိုးထားခဲ့သည့် ဤအမိန့်တော်သည် ဤနေရာဌာန၌ တည်စေသင့်သည်။ ထို့ပြင် သင်တို့သည် လူဒါယကာများအတွက် အလားတူဖြစ်သော အခြားသော အမိန့်တော်ကို ရေးထိုးထားရမည်။ လူဒါယကာများသည်လည်း ဤအမိန့်တော်ကို ယုံကြည်လေးစား စိတ်ဝင်စား

ကြစေရန် ဥပုသ်နေ့တိုင်း သီတင်းသီလ ဆောက်တည် သင့်ကြသည်။ အစိုးရ အရာရှိတိုင်း သည်လည်း ဤအမိန့်တော်ကို ယုံကြည်လေးစား သိရှိနားလည် ထားကြစေရန် ဥပုသ်နေ့တိုင်း မပျက်မကွက် သီတင်းသီလ ဆောက်တည်သင့်သည်။

ထို့မှတပါး သင်၏နယ်ပယ် ကျယ်ပြန့်သလောက် သင်သည် နေရာအနှံ့အပြား ဤအမိန့်တော်ကို လူအများသိအောင် ပြုလုပ်ရမည်”

ဤကျောက်စာက အသောကမင်းကြီး လက်ထက်တွင် ဘိက္ခုသံဃာများ ကွဲပြားနေကြောင်းကို အရိပ်အမြွက် ပြဆိုထားသည်။ မိစ္ဆာဝါဒီတို့၏ အန္တရာယ်သည် အလွန်ကြီးမားလာရကား မောဂ္ဂလိပုတ္တတိဿ မထေရ်၏ တိုက်တွန်းချက်အရ အသောကမင်းကြီးသည် တတိယ သင်္ဂါယနာတင်ရန် စီစဉ်ခဲ့ရ၏။ ဤတတိယ သင်္ဂါယနာတင်ပွဲ၌ ပိဋကတ်သုံးပုံကို ပေါင်းစုရွတ်ဆိုကာ အတည်ပြုကြ၏။

ထို့နောက် မိစ္ဆာဝါဒီများကို သံဃာ့ဘောင်မှ နှင်ထုတ်လိုက်ကြကုန်၏။ ကျောက်တိုင်ပေါ်၌ ဤကျောက်စာမှတပါး အခြားသော ကျောက်စာနှစ်ခုတို့လည်း ရှိကြသေး၏။ ကျောက်စာတခုမှာ အဆွဂေါဆ၏ လက်ထက်က ဖြစ်၍ အခြား ကျောက်စာတခုမှာ ၃၀၀ အေဒီက သမ္မိတိယဂိုဏ်း ဆရာက ထိုးထားခဲ့သည့် ကျောက်စာ ဖြစ်လေသည်။

မိုမာမဒ် ဃိုရီ၏ စစ်တပ်များ ဝင်ရောက် တိုက်ခိုက်စဉ်က ဤ ကျောက်တိုင်ကို ချိုးဖဲ့ဖျက်ဆီးခဲ့ကြ၏။ သို့ရာတွင် ကံအား

လျော်စွာ လှပလော ခြယ်သ့ထိပ်အုပ်သည် အဖျက်အဆီး မခံခဲ့ရပေ။ ယင်း ထိပ်အုပ်သည် ကျောက်စာဌာနက တူးဖော်တွေ့ရှိသည့်တိုင်အောင် မြေအောက်တွင် နစ်မြုပ်နေခဲ့၏။ ကျောက်တိုင်၏ ကျိုးပဲ့နေသည့် အစအန အမြောက်အမြားကို ဝင်းခတ်ထားသည့် နေရာအတွင်း၌ သိမ်းဆည်းထားကြသည်။

## (ဃ) ကုမာရဒေဝီ၏ကျောင်း

တူးဖော်ထားသည့် ရပ်ကွက်တခုလုံး ဆုံးလုမတတ် ရှည်လျားထူထဲသော အုတ်တံတိုင်းကို ကျော်ဖြတ်ပြီးနောက် 'ဓမ္မစက္ကဇိနဝိဟာရ' သို့ ရောက်ရှိလိမ့်မည်။ အဆိုပါ တံတိုင်းသည် ဤကျောင်း၏ နယ်နိမိတ် အကန့်အသတ်ဖြစ်၏။ ဤနေရာ၌ တွေ့ရှိရသော ကုမာရဒေဝီ၏ ကျောက်စာအရ ဤကျောင်းကို သူသည် ၁၁၃၆ ခု အေဒီလောက်က ဆောက်လုပ်ခဲ့၏။ ကုမာရဒေဝီသည် ကနောဇ်ပြည့်ရှင် ဘုရင် ဂေါဝိန္ဒစန္ဒ၏ မိဖုရားဖြစ်သည်။ ဤကျောင်းသည် ၁၁၉၄ ခုနှစ်က ဖျက်ဆီးခြင်း ခံခဲ့ရသဖြင့် ၅၈ နှစ်မျှသာ ကျောင်းသက် ရှည်ခဲ့၏။ ကုမာရဒေဝီနှင့် ပတ်သက်၍ စိတ်ဝင်စားဘွယ် ကောင်းသော အချက်တခုမှာ သူမ ကိုယ်တိုင်က ဗုဒ္ဓဘာသာဝင်ဖြစ်၍ သူမ၏ ခင်ပွန်းဖြစ်သူ ကနောဇ်ဘုရင်ကမူ ဟိန္ဒူဘာသာဝင်ဖြစ်ခြင်းပင် ဖြစ်ပေသည်။

## (င) မြေအောက်လမ်းကြား

ဤကျောင်းအတွင်းသို့ ဝင်သောအခါ လက်ဝဲဘက်တွင် ကျောက်ပြားများဖြင့် ဖုံးအုပ်ထားလျက် ရေကန် ကမ်းပါး

ရောက်အောင် ရှည်လျားသော မြေအောက်လမ်းကြားကို တွေ့ရလိမ့်မည်။ ကျောင်းအတွင်းမှ အောက်သို့ ခြေလှမ်းအနည်းငယ်မျှ ဆင်းသက်လိုက်လျှင် လမ်းကြားသို့ ရောက်ရှိလိမ့်မည်။ ဤလမ်းကြားသည် ၃ ပေနှင့် ၆ လက်မ ကျယ်၍ ၆ ပေ မြင့်သည်။ ကျောက်တံခါးပေါက် နှစ်ခုရှိသည့်အနက် အဝင်ဝရှိ ပထမ တံခါးပေါက်သည် အလွန် နိမ့်သဖြင့် ၎င်းကို လေးဘက်တွား ဝင်ရသည်။ ယင်း လမ်းကြားသည် ဂိုက် ၇၀ လောက်ရောက်မှ ပင် အဆုံးသတ်တော့သည်။

## (၄) ဓမ္မေက်စေတီတော်

ထို့နောက် မလှမ်းမကမ်း၌ ဓမ္မေက်စေတီတော်ကို တွေ့ရလိမ့်မည်။ ဤ ဓမ္မေက်ဟူသော ပုဒ်သည် ဓမ္မမုခ သို့မဟုတ် ဓမ္မိကာ၏ ပရိယာယ်ပုဒ်ဖြစ်သည်ဟု ပြောဆိုကြ၏။ ဤ စေတီတော်ကို တည်ထားရခြင်းအကြောင်းကို ပညာရှိများ အတိအကျ မဆုံးဖြတ်နိုင်ကြပေ။ အချို့သူများကမူ ပွင့်တော်မူမည့် အရိမေတ္တေယျ ဗုဒ္ဓအား မြတ်စွာဘုရားက ဗျာဒိတ်ပေးတော်မူသည့် နေရာကို မှတ်သားရန် ဤစေတီကို တည်ထားခဲ့သည်ဟု ပြောဆိုကြ၏။ မည်သို့ပင်ဖြစ်စေ ဤစေတီတော်သည် ဆာရနာတ်၌ အပေါ်လွင် အထင်ရှားဆုံး အဆောက်အဦ ဖြစ်၍ ၎င်းကို ပတ်ဝန်းကျင် မိုင်ပေါင်းများစွာမှ မြင်နိုင်သည်။ စေတီတော်၏ အရပ်တော်မှာ ၁၀၄ ပေ မြင့်၍ အောက်ပိုင်း မျက်နှာပြင်တခုလုံးကို လှပစွာ ထုလုပ်ထားသော ခြူးပန်းခြူးနွယ်များဖြင့် တန်ဆာဆင်ထားသည့် ကျောက်တုံးများဖြင့် စီထားသည်။

စေတီတော်၏ အရပ်လေးမျက်နှာ အသီးသီး၌ နံရံကပ်လိုဏ်မုခ်တခုစီ ရှိ၏။ ရှေးအခါက ဤလိုဏ်မုခ်ထဲ၌ ရုပ်တုတော်များကို ထည့်သွင်းထားခဲ့ကြ၏။ သို့ရာတွင် ယခုအခါ၌ ယင်းရုပ်တုတော်များ မရှိကြတော့ပေ။ စေတီတော်ကို ဖောက်ထွင်းပြီး အရှေ့ဘောင်ဘက်မှ ကျောက်တုံးအချို့တို့ကို ရွှေ့ပြောင်းဖယ်ရှားထားကြ၏။ ဤကဲ့သို့ ဖယ်ရှားထားသဖြင့် ဖြစ်ပေါ်လာသည့် အပေါက်ကို သာမန်ဖြစ်သော ကျောက်တုံးများဖြင့် ပြန်လည် ဖြည့်သိပ်ထားသည်။

၄ ရာစု အေဒီလောက်က သဗ္ဗတ္ထိဝါဒီ ဂိုဏ်းသည် ဤဆာရနာတ်ကို လွှမ်းမိုး အုပ်စိုးနေကြောင်းကို ကျောက်စာအထောက်အထားဖြင့် သိရှိရ၏။ ပြဆိုခဲ့ပြီးသော အသောကကျောက်တိုင်ပေါ်၌ ထိုးထားသည့် ကျောက်စာအရ ၅ ရာစု အေဒီအတွင်းက ဤဌာနသည် သမ္မိတိယဂိုဏ်း၏ လက်တွင်းသို့ ရောက်ရှိနေခဲ့သည်။

## (၅) မူလဂန္ဓကုဋိကျောင်းတော်

ဤ ဓမ္မေက် စေတီတော်မှ အရှေ့ဘက်သို့ နိမ့်မြန်းသော လမ်းအတိုင်း လိုက်သွားသော် မူလဂန္ဓကုဋိ ကျောင်းတော်သို့ ရောက်ရှိလိမ့်မည်။ ဤ ကြီးကျယ်ခမ်းနားသော ကျောင်းတော်ကို ၁၉၃၁ ခုနှစ်က အနာဂါရိက ဓမ္မပါလ ခေါင်းဆောင်သည့် မဟာဗောဓိအသင်းက ဆောက်လုပ်ခဲ့သည်။

ဤကျောင်းတော်ကို ထုံးကျောက်များဖြင့် ဆောက်လုပ်ထား၏။ ကျောင်းတော်၏ပြာသာဒ်ဆောင်သည် ၁၁၀ ပေ မြင့်၍ ဗုဒ္ဓဂယာရှိ မဟာဗောဓိ စေတီတော်၏ ပုံအတိုင်းပင် ဖြစ်သည်။ ၎င်း ပြာသာဒ်ဆောင်ကို ရှည်လျားသော ခန်းမကြီးနှင့် တွဲဖက်ထားသည်။ ကျောင်း၏ ဝင်ပေါက်သည် တောင်ဘက်မှာရှိသည်။ ကျောင်းထဲသို့ရောက်လျှင် ရောက်ချင်း အထက်သို့ မော့ကြည့်လိုက်ပါက ခေါင်းပေါ်၌ ရွှေချထားသည့် ခေါင်းလောင်းကြီးတခုကို တွေ့ရလိမ့်မည်။ ထို ခေါင်းလောင်းကြီးကို ဂျပန်ပြည် ဗုဒ္ဓဘာသာအသင်းက ဤကျောင်းသို့ လှူဒါန်း ထား သည်။ မျက်နှာစာ နံရံ၏ ဝဲယာနှစ်ဖက်တို့၌ အလှူရှင်များ၏ အမည်များကို ရေးထိုးထားသည့် ကျောက်ပြားများ ရှိကြသည်။

ခန်းမကြီးထဲသို့ ဝင်သွားသောအခါ ထူးထူး ထွေထွေ တန်ဆာဆင်မထားသဖြင့် ရိုးသား ရှင်းလင်း နေသော်လည်း ကြီးကျယ်သားနားသော ကျောင်းဆောင်ကို မြင်ရပေလိမ့်မည်။ ဤကျောင်းဆောင်ထဲတွင် မြတ်စွာဘုရား၏ ရုပ်တုတော်တဆူနှင့် အင်္ဂတေပေါ်တွင် ဆေးချယ်ထားသည့် ပန်းချီကားများရှိနေကြသည်။ ဤပန်းချီကားများသည် ကျော်စောထင်ရှားသော ဂျပန်ပန်းချီဆရာ မစ္စတာကိုဆိတ်ဆုနိုဆု ရေးဆွဲထားသည့် မြတ်စွာဘုရား၏ အတ္ထုပ္ပတ္တိ အကြောင်းအရာများ ဖြစ်ကြသည်။ ၎င်း ပန်းချီကားများ၏ အလှူဒါယကာသည်ကား ဗြိတိသျှ မဟာဗောဓိအသင်း၏ ဥက္ကဋ္ဌဟောင်း [Mr B.L. Broughtan. M.A. (Oxon)] ဖြစ်သည်။

ဤ ကျောင်းတော်ထဲတွင် မြတ်စွာဘုရား၏ အစစ် အမှန် ဖြစ်သော ဓာတ်တော် မွေတော်များ ရှိနေကြ၏။ ဤအိန္ဒိယ အစိုးရသည် တက္ကသိုလ (N,W,F.P.)၊ နာဂရ်ဂျုနိကောဏ္ဍ (Madras)၊ မိရ်ပုရ်ခါဆ် (Sind)တို့၌ တွေ့ရှိသည့် မြတ်စွာ ဘုရား၏ ဓာတ်တော် မွေတော်များကို ဤ ကျောင်းထဲတွင် လူအများ ဖူးမြော်နိုင်ရန် အတွက် ထားရှိရန် မဟာဗောဓိ အသင်းအား ပေးအပ်လှူဒါန်းထားသည်။

## (၆) ဂျိန်းဘုရားကျောင်း

ဤမူလ ဂန္ဓကုဋိ ကျောင်းတော်၏ အနီးအနား ပတ်ဝန်း ကျင်၌ တရုတ်ဘုရားကျောင်း၊ မဟာဗောဓိ စာသင်ကျောင်း၊ မဟာဗောဓိ ဆေးပေးရုံ၊ မဟာဒေဝ ဘုရားကျောင်း၊ အရိယဓမ္မ သံဃ ဓမ္မသာလာ၊ မူလဂန္ဓကုဋိ ဝိဟာရ ပိဋကတ် တိုက်နှင့် ဘုန်းကြီးကျောင်းတို့ ရှိကြကုန်၏။ အထူးအား ဖြင့် ဓမ္မေက် စေတီတော်ကြီး၏ အနီး၌ ဂျိန်းဘုရား တခု ရှိ၏။ ဤကျောင်းကို ၁၈၂၄ ခုနှစ်က ဆောက်လုပ်ခဲ့ပြီး ၎င်းအတွင်း၌ ဂျိန်း တို့၏ ကောဒသမတိတ္ထင်္ကရ ဖြစ်သော ရှရီအန်ဆနာတ်၏ ရုပ်တုကို ထည့်ထားကြ၏။ သူသည် ဤ နေရာမှ တမိုင်လောက် ဝေးကွာသည့် ဆယ်ပူရ် မည်သော ရွာကလေး၌ တိတ္ထင်္ကရ အဖြစ်သို့ ရောက်ခဲ့သည်ဟု ပြောကြ သည်။ ဂျိန်းဘာသာကို စတင်တည်ထောင်ခဲ့သူ မဟာဝိရ၏

အတ္ထုပ္ပတ္တိကို နံရံများပေါ်၌ ပန်းချီ ရေးဆွဲထားကြသည်။ လမ်း၏ အခြားတဖက်ပေါ်၌ ဂျိန်းဘုရားဖူးများ တည်းခိုရန် အတွက် ဂျိန်း ဓမ္မသာလာတခု ရှိသည်။

## (၇) မြန်မာဘုန်းတော်ကြီးကျောင်းတိုက်

ဤနေရာဌာနမှ မနီးမဝေး၌ မြန်မာဘုန်းတော်ကြီးကျောင်း တိုက်ကို တွေ့ရလိမ့်မည်။ ယခုအခါ ဤကျောင်းတိုက် အတွင်း၌ ဆရာတော် ဦးကိတ္တိမ သီတင်းသုံးကာ သာသနာ ပြုစုနေပေ သည်။ ၎င်းဆရာတော် ဦးကိတ္တိမသည် မြန်မာဘာသာ၊ ပါဠိ ဘာသာ၊ ဟိန္ဒူဘာသာ၊ သက္ကဋဘာသာနှင့် အင်္ဂလိပ်ဘာသာ တို့ကို တတ်မြောက်ကျွမ်းကျင်တော်မူ၏။ အထူးအားဖြင့် ဟိန္ဒူ များကပင် အံ့သြလောက်အောင် ဟိန္ဒူဘာသာ၌ အထွဋ်အထိပ် ရောက်အောင် တတ်မြောက် လိမ္မာတော်မူပေသည်။ ဆရာ တော်သည် ကုသိနာရုံ ဆရာတော်ကြီး ဦးစန္ဒမုနိ၏တူ ဖြစ် သည်။ ပတ်ဝန်းကျင် ရွာများ၏ လူများကို တရားဟော ပြောဆို ဆုံမကာ စာပေကျမ်းဂန်များ ရေးသားပြုစု နေပေသည်။ ကျောင်းတိုက်မှာ တထပ်တိုက်နှင့် နှစ်ထပ်တိုက်များ ပါဝင် လျက် ကြီးကျယ်ခမ်းနား သပ်ယပ်လှပေသည်။ မြန်မာဘုရားဖူး များအား တည်းခိုရန် နေရာထိုင်ခင်းကိုသာမက လိုသမျှ အကူ အညီကိုလည်းပေး၏။ ထို့ကြောင့် ဤမြန်မာဘုန်းတော်ကြီး ကျောင်းတိုက်သည် မြန်မာများ၏ ခိုလှုံအားထားရာ ဌာန ဖြစ်ပေသည်။

ဤမျှသော စကားရပ်များဖြင့် ဆာရနာတ်၏ ယခုလက်ရှိ အခြေအနေကို အကျဉ်းအားဖြင့် ဖော်ပြပြီးလေပြီ။ ဤနေရာ၏ အမည်ကို ပိဋကတ်တော်များထဲ၌ ရသေ့ရဟန်းတို့ နေထိုင်ရာ ဌာနဖြစ်သောကြောင့် ဣသိပတန ဟူ၍၎င်း၊ သားသမင်တို့ကို ဘေးမဲ့ပေးရာဌာန ဖြစ်သောကြောင့် မိဂဒါယဟူ၍၎င်း မှည့်ခေါ် ပညတ်ထားလေ၏။ ယခုအခါ၌ကား ဆာရနာတ်ဟု ခေါ်ဝေါ်ကြ၏။ ဤ ဆာရနာတ်ဟူသော စကားသည် ပါဠိနှင့် သက္ကတ စာပေ ကျမ်းဂန် တို့၌ မလာရှိပေ။ ရှေးအခါက သုံးစွဲခဲ့ဘူးသော ဆာရင်္ဂနာထ(သားသမင်တို့၏ မှီခိုအားထားရာ အရှင်သခင်)ဟူသော စကားမှ ဖောက်ပြန် ပြောင်းလဲလာသော စကားဖြစ်သည်။ ဤဆာရင်္ဂနာထ ဟူသောအမည် ဧကေ နိပါတ် နိဂြောဓ မိဂဇာတ်နှင့် ဆက်သွယ်နေသည်။ ၎င်းဇာတ်၏ အကျဉ်းချုပ်မှာ အောက်ပါအတိုင်း ဖြစ်သည်။

လွန်လေပြီးသော အခါ ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း ၏ လက်ထက်၌ တောအုပ်တခုထဲတွင် နိဂြောဓနှင့် သာခ မည်သော ရွှေသမင် နှစ်ကောင်တို့ ရှိကုန်၏။ ထိုသမင်တို့မှာ အသီး အသီး သမင်ငါးရာစီ အခြံအရံရှိကုန်၏။ ထိုအခါ ဗာရဏသီမင်းသည် သမင်လိုက်ခြင်းအမှု၌ လေ့လာ၏။ သမင်သားနှင့်ကင်း၍ ထမင်း မစားနိုင်။ တိုင်းသူပြည်သားတို့သည် နေ့တိုင်းနေ့တိုင်း မင်းကြီး နောက် သမင်ဖမ်းလိုက်ရသဖြင့် အလုပ်အကိုင်ပျက်ကြရကုန်၏။ ထို့ကြောင့် သူတို့သည် သမင်အပေါင်းကို ဥယျာဉ် တွင်းသို့ သွင်းကြကုန်ပြီး ထိုသမင်တို့ကို ဥယျာဉ်အတွင်း၌ပင် ဖမ်းယူရန် မင်းကြီးအား လျှောက်ထားကြကုန်၏။

မင်းကြီးသည် ထိုသူတို့၏ စကားအရ၊ ဥယျာဉ်သို့သွား၍ ကြည့်သောအခါရွှေသမင်နှစ်ကောင်တို့ကိုမြင်၍ ထိုသမင်တို့အား ဘေးမဲ့ပေး၏။ ထိုအခါမှစ၍ စားတော်ချက်သည် ဥယျာဉ်ထဲသို့ သွားပြီး တနေ့လျှင် သမင်တကောင်ကို ပစ်ခတ် ယူဆောင်လေ၏။ သမင်တို့သည် လေးကိုမြင်၍ အလန့်တကြား ပြေးကုန်ရကား ထိခိုက်နာကျင်ကြကုန်၏။ သမင်အပေါင်းတို့သည် ထိုအကြောင်းကို နိဂြောဓအား ပြောကြားကုန်၏။ နိဂြောဓသည် သာခနှင့်တိုင်ပင် ဆွေးနွေး၏။ သူတို့နှစ်ဦးသည် သူတို့၏ အခြံအရံ အုပ်စုနှစ်ခုတို့ တလှည့်စီ တနေ့ တကောင်ကျ သွား၍ စဉ်းတီတုံးပေါ်၌ လည်ကိုတင်ထားပြီး အသတ်ခံကြရန် သဘောတူညီကြ၏။ ထိုအခါမှစ၍ အလှည့်ကျသောသမင်သည်သွား၍ စဉ်းတီတုံးပေါ်၌ လည်ကိုထား၍အိပ်၏။ စားတော်ချက်သည် လာ၍ စဉ်းတီတုံးပေါ်၌ လည်ကိုထား၍ အိပ်နေသော သမင်ကို သတ်ပြီး ယူသွား၏။

တနေ့သ၌ သာခ၏အုပ်စုထဲက သန္ဓေရှိသော သမင်မ တကောင်၏ အလှည့်သည် ဖြစ်၏။ ထိုသမင်မသည် သာခထံသို့ သွား၍ "အရှင် ကျွန်ုပ်သည် ကိုယ်ဝန်ရှိ၏။ သားဖွားပြီးနောက် မိသား နှစ်ယောက်တို့သည် အလှည့်သို့ ရောက်ပါကုန်လတ္တံ့။ အကျွန်ုပ်၏ အလှည့်ကို လွန်ပါစေဦးလော့" ဟု တောင်းပန် ပြောကြား၏။ သာခက "သင့်အလှည့်ကို သူတပါးတို့အား ရောက်စေခြင်းငှာ မတတ်ကောင်း။ သင်သာလျှင် သင့်အလှည့်ကို သိရလတ္တံ့။ သွားလေလော့"ဟု ပြန်လည် ပြောဆိုလိုက်၏။ သမင်မသည် သာခထံမှ အခွင့်အရေး မရလတ်သော် နိဂြောဓ ထံသို့

သွား၍ ထိုအကြောင်းကို ပြောကြား၏။ နိဂြောဓသည် သမင်မ၏ စကားကိုကြားရ၍ "သမင်မငယ် သင်သည် ချမ်းသာစွာသွားလေ။ ငါသည် သင့်အလှည့်ကို လွှန်စေအံ့" ဟု ပြောဆိုပြီး စဉ်းတီတုံးပေါ်၌ ဦးခေါင်းထားကာ အိပ်နေလေ၏။ စားတော်ချက်သည် နိဂြောဓကိုမြင်၍ ဘေးမဲ့ရပြီးသော သမင်မင်းသည် စဉ်းတီတုံးပေါ်၌ အိပ်နေ၏။ မည်သည့် အကြောင်းကြောင့်ပါနည်းဟု စဉ်းစားပြီး လျင်စွာသွား၍ မင်းကြီးအား လျှောက်ထား၏။

မင်းကြီးသည် ထိုစကား၌ပင်လျှင် ရထားစီးကာ များစွာသော အခြံအရံဖြင့်လာ၍ နိဂြောဓအား "သမင်မင်း၊ အကျွန်ုပ်သည် အသင့်အား ဘေးမဲ့ထားသည် မဟုတ်ပါလော။ အဘယ့်ကြောင့် သင်သည် ဤစဉ်းတီတုံး၌ အိပ်ပါသနည်း" ဟု မေးမြန်းလေ၏။ ထိုအခါ နိဂြောဓက "မြတ်သောမင်းကြီး ကိုယ်ဝန်နှင့်ရှိသော သမင်မ တကောင်သည် လာ၍ သူ၏အလှည့်ကို တခြားသော သမင်အား ရောက်ပါစေရန် တောင်းပန်ပြောဆိုပါ၏။ အကျွန်ုပ်သည် တဦးသောသူ၏ သေခြင်းဆင်းရဲကို တဦးသောသူ၏ အထက်၌ တင်ခြင်းငှာ မတတ်ကောင်းပါ။ အကျွန်ုပ်သည် ကိုယ့်အသက်ကို ကိုယ်ဝန်ရှိသော သမင်မအား ပေး၍ ကိုယ်ဝန်ရှိသော သမင်မ၏ အနီးသို့ရောက်သော သေခြင်းကိုယူပြီး ဤစဉ်းတီတုံး၌ အိပ်နေပါသည်" ဟု ပြန်လည်ဖြေကြား လျှောက်ထားလေ၏။ မင်းကြီးက "ရွှေသမင်မင်း၊ အကျွန်ုပ်သည် သင်ကဲ့သို့ ခန္တီ၊ မေတ္တာ၊ ကရုဏာနှင့် ပြည့်စုံသောသူကို လူတို့တွင်ပင် မမြင်စဘူး။ ထို့ကြောင့် အကျွန်ုပ်သည် သမင်မင်းအား အလွှန်

ကြည့်ညို၏။ သမင်မင်းအား လည်းကောင်း၊ ကိုယ်ဝန်ရှိသော သမင်မအား လည်းကောင်း ဘေးမဲ့ကို ပေး၏”ဟု ပြောဆို၏။ “မြတ်သောမင်းကြီး၊ သမင်နှစ်ကောင်တို့သည် ဘေးမဲ့ကို ရအပ်ပြီးသည်ရှိသော် ကြွင်းသော သမင်တို့သည် အသို့ပြုရပါမည်နည်း” ဟု ပြောဆိုလျှောက်ထား၏။ မင်းကြီးက “ရွှေသမင်မင်း ကြွင်းသောသမင်တို့အားလည်း ဘေးမဲ့ပေးပါ၏”ဟု ပြောဆိုလေ၏။

ဤနိဂြောဓ မိဂဇာတ်အရ သမင်တို့ကိုဘေးမဲ့ပေးရာ မိဂဒါယသည် ဤဌာနပင် ဖြစ်သည်ဟု ယူဆကြသည်။ မြတ်စွာဘုရား၏ လက်ထက်တော်၌လည်း ဤမိဂဒါယသည် သားသမင်တို့ကို ဘေးမဲ့ ပေးထားရာဌာန ဖြစ်ခဲ့၏။ ယခုခေတ်အခါ၌လည်း ဗာရာဏသီ မဟာရာဇာသည် ဤမိဂဒါယမှ မနီးမဝေးအရပ်၌ ဤသမင်သားတို့အား ဘေးမဲ့ပေးရာ ဌာနကို သီးခြားသတ်မှတ်ထား၏။ ထိုနေရာဌာန၌ မည်သူမျှ သားသမင်တို့ကို ညှဉ်းဆဲနှိပ်စက် ဖမ်းဆီး သတ်ဖြတ်ခြင်းကို မပြုလုပ်ရချေ။ ထိုနေရာတွင် သမင်တို့သည် အုပ်စုတစုလျှင် အကောင်တရာမက ပါဝင်သည့် အုပ်စုပေါင်း များစွာဖွဲ့လျက် လှည့်လည်သွားလာ နေကြကုန်၏။ ဤသို့လျှင် မဟာရာဇာသည် ရှေးမင်းများ၏ အစဉ်အလာကို စောင့်ရှောက်သော အားဖြင့် အပြစ်ကင်းမဲ့သော သမင်တို့ကို ဘေးမဲ့ပေးထား ပေသည်။

ဤမြင့်မြတ်သော နေရာဌာန၌ မြတ်စွာဘုရား၏ အတ္တုပတ္တိကို ဖော်ပြသည့်အခါ အထိမ်းအမှတ် အဖြစ်ဖြင့် ဓမ္မစက္က၏ ဘေးနှစ်ဖက်၌ သမင်နှစ်ကောင်ကို ထားကာ အရုပ်ထုလုပ် ဖော်ပြကြကုန်၏။ ထို့ကြောင့် ဆာရနာတ်ဟူသော ယခုခေတ်

အမည်သည် ရှေးအခါက သမင်တို့၏ ကိုးစားအားထားရာ အကြီးအမှူးဖြစ်သော အလောင်းတော် နိဂြောဓ ရွှေသမင် 'ဆာရင်နာထ'၏ နေရာဌာန ဖြစ်ဘူးသည်ကို အစွဲပြု၍ ဖြစ်ပေါ်လာသည်ဟု ပြောဆိုကြ၏။

ဖော်ပြခဲ့ပြီးသည့်အတိုင်း ဤမိဂဒါဝုန်တော၌ မြတ်စွာဘုရားသည် သဗ္ဗညုတဉာဏ်တော်ကို ရရှိပြီးနောက် ရှေးဦးစွာ ဝါကပ်တော်မူခဲ့၏။ ဝါကျွတ်ပြီးသည့် အခါ မြတ်စွာဘုရားနှင့်တကွ တပည့်ရဟန်းတော်တို့သည် တရား ဟောတော်မူကြရန် အရပ်ဒေသ အသီးသီးသို့ ခရီးထွက်တော်မူကြကုန်၏။ ဤနေရာ၌ မြတ်စွာဘုရားသည် နောက်ထပ် ကြာရှည်စွာ မနေတော့ဘဲ နှစ်ခေါက် သုံးခေါက်လောက်သာ ကြွရောက်လာဟန် လက္ခဏာရှိပေသည်။ ဆာရနာတ်၌ မြတ်စွာဘုရားသည် ဓမ္မစက္ကပဝတ္တနသုတ်နှင့် အနတ္တလက္ခဏာ သုတ်တို့အပြင် မဇ္ဈိမနိကာယ၊ ဥပရိပဏ္ဏာသ၊ ဝိဘင်္ဂဝဂ္ဂသစ္စဝိဘင်္ဂသုတ်၊ သံယုတ္တနိကာယ၊ သဠာယတနဝဂ္ဂသံယုတ္တ၊ သဠာယတနသံယုတ္တ၊ သမုဒ္ဒဝဂ္ဂလာကောဋ္ဌိကသုတ်၊ မဟာဝဂ္ဂသံယုတ္တ၊ သောတာပတ္တိသံယုတ္တ၊ သပ္ပညဝဂ္ဂဓမ္မဒိန္နသုတ်၊ သဂါထာဝဂ္ဂသံယုတ္တ၊ မာရသံယုတ္တ၊ ပဌမ မဝဂ္ဂ၊ ပဌမ မာရပါသသုတ်၊ ဒုတိယ မာရပါသသုတ်၊ အင်္ဂုတ္တရနိကာယ၊ တိကနိပါတ၊ ပဌမပဏ္ဏာသက၊ ရထကာရဝဂ္ဂသစေတနသုတ်၊ တတိယပဏ္ဏာသက၊ ကုသိနာရဝဂ္ဂကဋုဝိယသုတ် တို့ကိုလည်း ဟောတော်မူသေးသည်။

ထိုသုတ်အားလုံးတို့ကို ဤနေရာ၌ ဖော်ပြနေပါက ငြီးငွေ့ဘွယ်ရာ အလွန်ရှည်လျားနေမည် ဖြစ်သောကြောင့် အခါအား

လျော်စွာ သိသင့်သိထိုက်သည့် သုတ်များကိုသာ ရွေးထုတ်ဖော်ပြသွားပေမည်။

## (၁) သစ္စဝိဘင်္ဂသုတ်

အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်။ အခါတပါး၌ မြတ်စွာဘုရားသည် ဗာရာဏသီပြည် ဣသိပတနမည်သော မိဂဒါဝုန် တော၌ သီတင်းသုံးတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို 'ရဟန်းတို့' ဟု မိန့်တော်မူ၏။ 'မြတ်စွာဘုရား' ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထားကုန်၏။ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏။

ရဟန်းတို့ပူဇော်အထူးကို ခံတော်မူထိုက်သော အလုံးစုံသော တရားတို့ကို ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရားသည် ဗာရာဏသီပြည် ဣသိပတနမည်သော မိဂဒါဝုန်တော၌ ရဟန်းသည်သော်၎င်း၊ ပုဏ္ဏားသည်သော်၎င်း၊ နတ်သည်သော်၎င်း၊ မာရ်သည်သော်၎င်း၊ ဗြဟ္မာသည်သော်၎င်း လောက၌ တစုံတယောက်သောသူမျှ မဟောစွမ်းနိုင်သော လေးပါးကုန်သော အရိယသစ္စာတို့ကို ပြောကြားခြင်း၊ ဟောကြားခြင်း၊ အပြားအားဖြင့် သိစေခြင်း၊ အပြားအားဖြင့် သိအောင်ထားခြင်း၊ ဖွင့်ပြခြင်း၊ ဝေဖန်ခွဲခြမ်းခြင်း၊ ထင်စွာပြုခြင်း ဟူသော အတုမဲ့မြတ်သော ဓမ္မစကြာကို ဖြစ်စေခဲ့ပြီ။

အဘယ်လေးပါးတို့နည်း ဟူမူ ဒုက္ခဖြစ်သော အရိယသစ္စာကို ပြောကြားခြင်း၊ ဟောကြားခြင်း၊ အပြားအားဖြင့် သိစေခြင်း၊

အပြားအားဖြင့် သိအောင်ထားခြင်း၊ဖွင့်ပြခြင်း၊ဝေဖန်ချထွင်ခြင်း၊ ဖွင့်ပြခြင်း၊ ထင်စွာပြုခြင်း၊ ဒုက္ခ၏ ဖြစ်ကြောင်းဖြစ်သော အရိယသစ္စာကို ဟောကြားခြင်း ထင်စွာပြုခြင်း၊ ဒုက္ခ၏ ချုပ်ရာဖြစ်သော အရိယသစ္စာကို ဟောကြားခြင်း....ထင်စွာပြုခြင်း၊ ဒုက္ခ၏ ချုပ်ရာနိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ဖြစ်သော အရိယသစ္စာကို ဟောကြားခြင်း....ထင်စွာပြုခြင်းတို့တည်း။

ရဟန်းတို့ ပုဗ္ဗေအထူးကို ခံတော်မူထိုက်သော၊ အလုံးစုံသော တရားတို့ကို ကိုယ်တိုင်မှန်ကန်စွာ သိတော်မူသော ငါဘုရားသည် ဗာရာဏသီပြည် ဣသိပတနမည်သော မိဂဒါဝုန်တော၌ ရဟန်းသည်သော်ရင်း၊ ဗြဟ္မာသည်သော်ရင်း၊ လောက၌ တစုံတယောက်သောသူမျှ မဟောစွမ်းနိုင်သော ဤလေးပါးကုန်သော အရိယသစ္စာတို့ကို ပြောကြားခြင်း၊ ထင်စွာပြုခြင်း ဟူသော အတုမဲ့မြတ်သော ဓမ္မစကြာကို ဖြစ်စေခဲ့ပြီ။

ရဟန်းတို့ သာရိပုတြာမောဂ္ဂလာန်တို့ကို မှီဝဲကြကုန်လော့။ ရဟန်းတို့ သာရိပုတြာမောဂ္ဂလာန်တို့ကို ဆည်းကပ်ကုန်လော့။ ထိုသာရိပုတြာမောဂ္ဂလာန်တို့သည် ပညာရှိသော ရဟန်းတို့ ဖြစ်ကုန်၍ သီတင်းသုံးဖော်တို့ကို ချီးမြှောက်တတ်ကုန်၏။ ရဟန်းတို့ ဥပမာအားဖြင့် သာရိပုတြာသည် မွေးသောမိခင်နှင့် တူ၏။ မောဂ္ဂလာန်သည် မွေးပြီးသူငယ်ကို ကျွေးမွေးသူနှင့် တူ၏။ ရဟန်းတို့ သာရိပုတြာသည် သောတာပတ္တိဖိုလ်သို့ ဆောင်တတ်၏။ မောဂ္ဂလာန်သည် အထက်ဖိုလ်တို့ကို ဆောင်တတ်၏။ ရဟန်းတို့ သာရိပုတြာသည် လေးပါးသော အရိယသစ္စာတို့ကို အကျယ်အားဖြင့် ပြောကြားခြင်းငှာ.... ထင်စွာပြုခြင်းငှာ စွမ်းနိုင်၏ဟု

မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏။ ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူပြီး၍ နေရာမှထကာ ကျောင်းတွင်းသို့ ဖဲကြွတော်မူ၏။

ထိုအခါ အသျှင်သာရိပုတြာသည် မြတ်စွာဘုရား ဖဲကြွတော်မူ၍ မကြာမီ ရဟန်းတို့ကို "ငါ့သျှင်ရဟန်းတို့" ဟု မိန့်တော်မူ၏။ "ငါ့သျှင်သာရိပုတြာ" ဟု ထိုရဟန်းတို့သည် အသျှင်သာရိပုတြာအား ပြန်ကြားလျှောက်ထားကုန်၏။ အသျှင်သာရိပုတြာသည် ဤစကားကို ပြောဆို၏။

ငါ့သျှင်ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော၊ အလုံးစုံသော တရားတို့ကို ကိုယ်တိုင် မှန်စွာသိတော်မူသော မြတ်စွာဘုရားသည် ဗာရာဏသီပြည် ဣသိပတနမည်သော မိဂဒါဝုန်တော၌ ရဟန်းသည်သော်၎င်း….ဗြဟ္မာသည်သော်၎င်း လောက၌ တစုံတယောက်သောသူမျှ မဟောစွမ်းနိုင်သော လေးပါးသော အရိယသစ္စာတို့ကို ပြောကြားခြင်း ထင်စွာပြုခြင်း ဟူသော၊ အတုမဲ့ မြတ်သော ဓမ္မစကြာကို ဖြစ်စေတော်မူခဲ့ပြီ။

အဘယ်လေးပါးတို့ နည်းဟူမူ….ဒုက္ခဖြစ်သော အရိယသစ္စာကို ပြောကြားခြင်း….ထင်စွာပြုခြင်း၊ ဒုက္ခ၏ ဖြစ်ကြောင်းဖြစ်သော အရိယသစ္စာကို ပြောကြားခြင်း၊ ထင်စွာပြုခြင်း၊ ဒုက္ခ၏ချုပ်ရာဖြစ်သော အရိယသစ္စာကို ပြောကြားခြင်း…. ထင်စွာ ပြုခြင်း၊ ဒုက္ခ၏ ချုပ်ရာနိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်ဖြစ်သော အရိယသစ္စာကို ပြောကြားခြင်း….ထင်စွ ပြုခြင်းတို့တည်း။

ငါ့သျှင်တို့ ဒုက္ခဖြစ်သော အရိယသစ္စာသည် အဘယ်နည်း။ ပဋိသန္ဓေတည်နေခြင်း ဇာတိသည်လည်း ဆင်းရဲ ဒုက္ခတည်း။

အိုခြင်းဇရာသည်လည်း ဆင်းရဲဒုက္ခတည်း။ သေခြင်း မရဏသည်လည်း ဆင်းရဲဒုက္ခတည်း။ စိုးရိမ်ပူပန်ခြင်းသောက၊ ငိုကြွေးခြင်း ပရိဒေဝ၊ ကိုယ်ဆင်းရဲခြင်းဒုက္ခ၊ စိတ်ဆင်းရဲခြင်း ဒေါမနဿ၊ ပြင်းစွာပင်ပန်းခြင်း ဥပါယာသ တို့သည်လည်း ဆင်းရဲဒုက္ခတို့တည်း။ အလိုရှိအပ်သည်ကို မရခြင်းသည်လည်း ဆင်းရဲဒုက္ခတည်း။ အကျဉ်းချုပ်အားဖြင့် ဥပါဒါနက္ခန္ဓာငါးပါးတို့သည် ဆင်းရဲဒုက္ခတို့တည်း။

ငါ့သျှင်တို့ ပဋိသန္ဓေတည်နေရခြင်း ဇာတိသည်အဘယ်နည်း။ ထိုထိုသတ္တဝါတို့၏ ထိုထိုသတ္တဝါ အစုအပေါင်း၌ ရှေးဦးစွာ ဖြစ်ခြင်း၊ ပြည့်စုံစွာဖြစ်ခြင်း၊ အမိဝမ်းတွင်း ဥခွံတွင်းသို့ သက်ဝင်ခြင်း၊ ကိုယ်ထင်ရှားဖြစ်ခြင်း၊ ခန္ဓာတို့၏ ထင်ရှားဖြစ်ခြင်း၊ အာယတနတို့ကို ရခြင်းတည်း။ ငါ့သျှင်တို့ ဤတရားသဘောကို ပဋိသန္ဓေတည်နေရခြင်း ဇာတိဟု ဆိုအပ်၏။

ငါ့သျှင်တို့ အိုမင်းခြင်းဇရာသည် အဘယ်နည်း။ ထိုထိုသတ္တဝါတို့၏ ထိုထိုသတ္တဝါ အစုအပေါင်း၌ အိုခြင်း၊ အိုသောအခြင်းအရာ သွားကျိုးခြင်း၊ ဆံဖြူခြင်း၊ အရေတွန့်ခြင်း၊ အသက်၏ ဆုတ်ယုတ်ခြင်း၊ မျက်စိ စသော ဣန္ဒြေတို့၏ ရင့်ခြင်းတည်း။ ငါ့သျှင်တို့ ဤတရားသဘောကို အိုမင်းခြင်း ဇရာဟု ဆိုအပ်၏။

ငါ့သျှင်တို့ သေခြင်းမရဏသည် အဘယ်နည်း။ ထိုထိုသတ္တဝါတို့၏ ထိုထိုသတ္တဝါ အစုအပေါင်းမှ ရွေ့လျောခြင်း၊ ရွေ့လျော

သော အခြင်းအရာ ပျက်စီးခြင်း၊ ကွယ်ပျောက်ခြင်း၊ သက်ပြတ်သေဆုံးခြင်း၊ ကွယ်လွန်ခြင်း၊ ခန္ဓာကိုယ်တို့၏ ပျက်စီးခြင်း၊ အကောင်ပုပ်ကို ပစ်ချခြင်း၊ ဇီဝိတိန္ဒြေ၏ ပြတ်စဲခြင်းတည်း။ ငါ့သျှင်တို့ ဤတရားသဘောကို သေခြင်းမရဏဟု ဆိုအပ်၏။

ငါ့သျှင်တို့ စိုးရိမ်ပူပန်ခြင်းသည် အဘယ်နည်း။ ငါ့သျှင်တို့ အမှတ်မရှိ တခုခုသော ပျက်စီးခြင်းနှင့် မလွတ်ကင်းသော အမှတ်မရှိ တခုခုသော ဆင်းရဲကြောင်းနှင့်တွေ့သော သတ္တဝါ၏ စိုးရိမ်ခြင်း၊ စိုးရိမ်သော အခြင်းအရာ စိုးရိမ်တတ်သောသူ၏ အဖြစ် အတွင်း၌ စိုးရိမ်ခြင်းအတွင်း၌ ပြင်းစွာ စိုးရိမ်ခြင်းတည်း။ ငါ့သျှင်တို့ ဤ တရားသဘောကို စိုးရိမ်ပူပန်ခြင်းသောက ဟု ဆိုအပ်၏။

ငါ့သျှင်တို့ ငိုကြွေးခြင်းသည် အဘယ်နည်း။ ငါ့သျှင်တို့ အမှတ်မရှိ တခုခုသော ပျက်စီးခြင်းနှင့် မလွတ်ကင်းသော အမှတ်မရှိ တခုခုသောဆင်းရဲကြောင်းနှင့် တွေ့သောသတ္တဝါ၏ ငိုကြွေးခြင်း ပြင်းစွာငိုကြွေးခြင်း၊ ငိုကြွေးသော အခြင်းအရာ၊ ပြင်းစွာငိုကြွေးသော အခြင်းအရာ၊ ငိုကြွေးသောသူ၏အဖြစ်၊ ပြင်းစွာ ငိုကြွေးသောသူ၏ အဖြစ်တည်း။ ငါ့သျှင်တို့ ဤတရားသဘောကို ငိုကြွေးခြင်း ပရိဒေဝဟု ဆိုအပ်၏။

ငါ့သျှင်တို့ ကိုယ်ဆင်းရဲခြင်းဒုက္ခသည် အဘယ်နည်း။ ငါ့သျှင်တို့ ကိုယ်၌ဖြစ်သော ဆင်းရဲခြင်း၊ ကိုယ်၌ဖြစ်သော မသာယာခြင်း၊ ကိုယ်အတွေ့ကြောင့်ဖြစ်သော မသာယာသော ခံစားခြင်းတည်း။ ငါ့သျှင်တို့ ဤတရားသဘောကို ကိုယ်ဆင်းရဲခြင်းဒုက္ခဟု ဆိုအပ်၏။

ငါ့သျှင်တို့ စိတ်ဆင်းရဲခြင်း ဒေါမနဿသည် အဘယ်နည်း။ ငါ့သျှင်တို့ စိတ်၌ဖြစ်သော ဆင်းရဲခြင်း၊ စိတ်၌ဖြစ်သော မသာယာခြင်း၊ စိတ်အတွေ့ကြောင့်ဖြစ်သော မသာယာသော ခံစားခြင်းတည်း။ ငါ့သျှင်တို့ ဤတရားသဘောကို စိတ်ဆင်းရဲခြင်း ဒေါမနဿဟု ဆိုအပ်၏။

ငါ့သျှင်တို့ ပြင်းစွာပင်ပန်းခြင်း ဥပါယာသသည် အဘယ်နည်း။ ငါ့သျှင်တို့ အမှတ်မရှိ တခုခုသောပျက်စီးခြင်းနှင့် မလွတ်ကင်းသော၊ အမှတ်မရှိ တခုခုသောဆင်းရဲခြင်းကြောင်းနှင့် တွေ့သော သတ္တဝါ၏ ပင်ပန်းခြင်း၊ ပြင်းစွာပင်ပန်းခြင်း၊ ပင်ပန်းသူ၏အဖြစ်၊ ပြင်းစွာပင်ပန်းသူ၏ အဖြစ်တည်း။ ငါ့သျှင်တို့ ဤတရားသဘောကို ပြင်းစွာပင်ပန်းခြင်း ဥပါယာသဟု ဆိုအပ်၏။

ငါ့သျှင်တို့ အလိုရှိအပ်သည်ကို မရ၍ ဆင်းရဲခြင်းသည် အဘယ်နည်း။ ငါ့သျှင်တို့ ပဋိသန္ဓေ တည်နေရခြင်း ဇာတိသဘောရှိကုန်သော သတ္တဝါတို့အား 'ငါတို့သည် ပဋိသန္ဓေတည်နေရခြင်း ဇာတိသဘော မရှိကြကုန်မူ ကောင်းလေစွ။ ပဋိသန္ဓေတည်နေရခြင်းဇာတိသည် ငါတို့ထံ မလာရောက်မူ ကား ကောင်းလေစွ' ဟု ဤသို့သော တောင့်တခြင်းသည် ဖြစ်ပေါ်၏။ သို့ တောင့်တသော်လည်း ဤဇာတိမလာခြင်းကို တောင့်တခြင်းဖြင့် မရအပ်။ ဤသည်လည်း အလိုရှိအပ်သည်ကို မရ၍ ဆင်းရဲခြင်း မည်၏။

ငါ့သျှင်တို့ အိုမင်းခြင်းဇရာသဘော ရှိကုန်သော သတ္တဝါတို့အား.... ဖျားနာခြင်း ဗျာဓိသဘောရှိကုန်သော သတ္တဝါတို့အား၊ သေခြင်းမရဏသဘောရှိကုန်သော သတ္တဝါတို့အား၊ စိုးရိမ်ပူပန်

ခြင်းသောက၊ ငိုကြွေးခြင်း ပရိဒေဝ၊ ကိုယ်ဆင်းရဲခြင်းဒုက္ခ၊ စိတ်ဆင်းရဲခြင်း ဒေါမနဿ၊ ပြင်းစွာပင်ပန်းခြင်း ဥပါယာသ သဘောရှိကုန်သော သတ္တဝါတို့အား "ငါတို့သည် စိုးရိမ်ပူပန်ခြင်းသောက....ပြင်းစွာပင်ပန်းခြင်း ဥပါယာသ သဘော မရှိကြကုန်မူကောင်းလေစွ။ စိုးရိမ်ပူပန်ခြင်းသောက ပြင်းစွာ ပင်ပန်းခြင်းဥပါယာသတို့သည် ငါ့ထံမလာမူ ကောင်းလေစွ"ဟု ဤသို့သော တောင့်တခြင်းသည် ဖြစ်ပေ၏။ သို့တောင့်တသော်လည်း ဤသောက စသည်တို့ မလာခြင်းကို တောင့်တခြင်းဖြင့် မရအပ်။ ဤသည်လည်း အလိုရှိအပ်သည်ကို မရ၍ ဆင်းရဲခြင်းမည်၏။

ငါ့သျှင်တို့ အကျဉ်းချုပ်အားဖြင့် ငါးပါးသော ဥပါဒါနက္ခန္ဓာ ဆင်းရဲတို့ဟူသည် အဘယ်တို့နည်း။ ဤငါးပါးသော ဥပါဒါနက္ခန္ဓာတို့ဟူသည် အဘယ်တို့နည်း။ ရုပ်ဥပါဒါနခန္ဓာ၊ ဝေဒနာ ဥပါဒါနက္ခန္ဓာ၊ သညာဥပါဒါနက္ခန္ဓာ၊ သင်္ခါရဥပါဒါနက္ခန္ဓာ၊ ဝိညာဏ်ဥပါဒါနက္ခန္ဓာ တို့ပေတည်း။ ငါ့သျှင်တို့ ဤဥပါဒါနက္ခန္ဓာငါးပါးတို့ကို အကျဉ်းချုပ်အားဖြင့် ငါးပါးသော ဥပါဒါနက္ခန္ဓာဆင်းရဲတို့ဟု ဆိုအပ်ကုန်၏။ ငါ့သျှင်တို့ ဤတရားသဘော အလုံးစုံကို ဒုက္ခဖြစ်သော အရိယသစ္စာဟု ဆိုအပ်၏။

ငါ့သျှင်တို့ ဒုက္ခ၏ ဖြစ်ကြောင်းဖြစ်သော အရိယသစ္စာသည် အဘယ်နည်း။ တဖန် ဘဝသစ်ကို ဖြစ်စေတတ်သော၊ နှစ်သက်တပ်မက်ခြင်းနှင့် တကွ ဖြစ်သော၊ ထိုထို ဘဝအာရုံ၌ အလွန်နှစ်သက်ခြင်းရှိသော တဏှာတည်း။ ဤတဏှာသည် အဘယ်နည်း။ ကာမ ဘုံ၌ တပ်မက်ခြင်း (ဝါ၊ ပျော်ရွှင်ခြင်းကို တောင့်တခြင်း) ကာမ တဏှာ၊ ရူပဘုံ အရူပဘုံတို့၌ တပ်မက်ခြင်း

(ဝါ၊ အခြားသောဘဝကို တောင့်တခြင်း) ဘဝတဏှာ၊ ဥစ္ဆေဒ ဒိဋ္ဌိနှင့်တကွ ဖြစ်သော တပ်မက်ခြင်း (ဝါ၊ ထမြောက် အောင် မြင်ခြင်းကို တောင့်တခြင်း) ဝိဘဝတဏှာတို့တည်း။ ငါ့သျှင်တို့ ဤတရားသဘောကို ဒုက္ခ၏ ဖြစ်ကြောင်း ဖြစ်သော အရိယ သစ္စာဟု ဆိုအပ်၏။

ငါ့သျှင်တို့ ဒုက္ခ၏ ချုပ်ရာ အရိယသစ္စာသည် အဘယ်နည်း။ ထို တဏှာ၏သာလျှင် အကြွင်းမရှိ၊ ကင်းချုပ်ရာဘဏှာကို စွန့်ရာ၊ တဏှာကို ဝေးစွာစွန့်ရာ၊ တဏှာမှ လွန်မြောက်ရာ၊ တဏှာဖြင့် မကပ်ငြိရာနိဗ္ဗာန်တည်း။ ငါ့သျှင်တို့ ဤတရားသဘောကို ဒုက္ခ၏ ချုပ်ရာဖြစ်သော အရိယသစ္စာဟု ဆိုအပ်၏။

ငါ့သျှင်တို့ ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့် ဖြစ်သော အရိယသစ္စာသည် အဘယ်နည်း။ မြတ်သော အင်္ဂါ ရှစ်ပါးရှိသော ဤ မဂ်အကျင့်ပင်တည်း။ ဤ မဂ်အကျင့်သည် အဘယ်နည်း။ မှန်စွာ သိမြင်ခြင်း သမ္မာဒိဋ္ဌိ၊ မှန်စွာကြံခြင်း သမ္မာသင်္ကပ္ပ၊ မှန်စွာ ပြောဆိုခြင်း သမ္မာဝါစာ၊ မှန်စွာ ပြုလုပ် ခြင်း သမ္မာကမ္မန္တ၊ မှန်စွာ အသက်မွေးခြင်း သမ္မာအာဇီဝ၊ မှန်စွာ အားထုတ်ခြင်း သမ္မာဝါယာမ၊ မှန်စွာ အောက်မေ့ခြင်း သမ္မာသတိ၊ မှန်စွာ တည်ကြည်ခြင်း သမ္မာသမ္မာဓိတို့ပေတည်း။

ငါ့သျှင်တို့ မှန်စွာ သိမြင်ခြင်း သမ္မာဒိဋ္ဌိသည် အဘယ်နည်း။ ငါ့သျှင်တို့ ဆင်းရဲခြင်း ဒုက္ခသစ္စာ၌သိမြင်ခြင်း၊ ဒုက္ခ၏ ဖြစ် ကြောင်း သမုဒယသစ္စာ၌ သိမြင်ခြင်း၊ ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်၌ သိမြင်ခြင်း၊ ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်၌

သိမြင်ခြင်းတည်း။ ငါ့သျှင်တို့ ဤသိမြင်ခြင်းကို မှန်စွာ သိမြင်ခြင်း သမ္မာဒိဋ္ဌိဟု ဆိုအပ်၏။

ငါ့သျှင်တို့ မှန်စွာ ကြံခြင်း သမ္မာသင်္ကပ္ပသည် အဘယ်နည်း။ ကာမအာရုံမှ လွတ်ကင်းသော ကြံခြင်း၊ ဖျက်ဆီးခြင်းမှ လွတ်ကင်းသော ကြံခြင်း၊ ညှဉ်းဆဲခြင်းမှ လွတ်ကင်းသော ကြံခြင်းတည်း။ ငါ့သျှင်တို့ ဤကြံခြင်းကို မှန်စွာကြံခြင်း သမ္မာသင်္ကပ္ပဟု ဆိုအပ်၏။

ငါ့သျှင်တို့ မှန်စွာ ပြောဆိုခြင်း သမ္မာဝါစာသည် အဘယ်နည်း။ မုသားဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ ကုံးချောခြင်းမှ ရှောင်ကြဉ်ခြင်း၊ ရှန့်ရင်း ကြမ်းတမ်းသော စကားကို ဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ ပြိန်ဖျင်းသော စကားကို ဆိုခြင်းမှ ရှောင်ကြဉ်ခြင်းတည်း။ ငါ့သျှင်တို့ ဤရှောင်ကြဉ်ခြင်းကို မှန်စွာ ပြောဆိုခြင်း သမ္မာဝါစာဟု ဆိုအပ်၏။

ငါ့သျှင်တို့ မှန်စွာ ပြုလုပ်ခြင်း သမ္မာကမ္မန္တသည် အဘယ်နည်း။ အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်ခြင်း၊ ကာမဂုဏ်၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်ခြင်းတည်း။ ငါ့သျှင်တို့ ဤရှောင်ကြဉ်ခြင်းကို မှန်စွာ ပြုလုပ်ခြင်း သမ္မာကမ္မန္တဟု ဆိုအပ်၏။

ငါ့သျှင်တို့ မှန်စွာ အသက်မွေးခြင်း သမ္မာအာဇီဝသည် အဘယ်နည်း။ ငါ့သျှင်တို့ ဤသာသနာတော်၌ အရိယာဖြစ်သော တပည့်သည် မှားယွင်းသော အသက်မွေးခြင်းကို ပယ်၍

မှန်စွာ အသက်မွေးခြင်းဖြင့် အသက်မွေး၏။ ငါ့သျှင်တို့ ဤ အသက်မွေးခြင်းကို မှန်စွာ အသက်မွေးခြင်း သမ္မာအာဇီဝဟု ဆိုအပ်၏။

ငါ့သျှင်တို့၊ မှန်စွာအားထုတ်ခြင်းသမ္မာဝါယာမသည် အဘယ်နည်း။ ငါ့သျှင်တို့၊ ဤသာသနာတော်၌ ရဟန်းသည် မဖြစ်သေးသော ယုတ်မာသော အကုသိုလ်တရားတို့ကို မဖြစ်ပေါ်စေရန် ဆန္ဒကိုဖြစ်စေ၏။ အားထုတ်၏။ လုံ့လပြု၏။ စိတ်ကို ချီးမြှောက်၏။ ဆောက်တည်၏။ ဖြစ်ပြီးသော ယုတ်မာသော အကုသိုလ်တရားတို့ကို ပယ်ရန်ဆန္ဒကို ဖြစ်စေ၏။....ဆောက်တည်၏။ မဖြစ်သေးသော ကုသိုလ်တရားတို့ကို ဖြစ်ပေါ်စေရန် ဆန္ဒကိုဖြစ်စေ၏။ ဆောက်တည်၏။ ဖြစ်ပြီးသော ကုသိုလ်တရားတို့ကို တည်မြဲစေရန်၊ မပျောက်ပျက်စေရန် တိုးတက်ဖြစ်ပွားစေရန်၊ ပြန့်ပြောစေရန်၊ ပွားများမှုပြည့်စုံစေရန် ဆန္ဒကို ဖြစ်စေ၏။....ဆောက်တည်၏။ ငါ့သျှင်တို့၊ ဤအားထုတ်ခြင်းကို မှန်ကန်စွာ အားထုတ်ခြင်း သမ္မာဝါယာမ ဟု ဆိုအပ်၏။

ငါ့သျှင်တို့၊ မှန်စွာအောက်မေ့ခြင်း သမ္မာသတိသည်ကား အဘယ်နည်း။ ငါ့သျှင်တို့၊ ဤသာသနာတော်၌ ရဟန်းသည် ပြင်းစွာအားထုတ်အပ်သော လုံ့လရှိသည်ဖြစ်၍၊ သမ္ပဇဉ်ဉာဏ် ရှိသည်ဖြစ်၍၊ သတိရှိသည်ဖြစ်၍ ဥပါဒါနက္ခန္ဓာဟူသောလောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်၍ရုပ်အပေါင်း၌ ရုပ်အပေါင်း ဟု အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍နေ၏။....ခံစားခြင်း ဝေဒနာ တို့၌ ခံစားခြင်းဝေဒနာဟု အကြိမ်ကြိမ်ရှုလေ့ရှိသည် ဖြစ်၍ နေ၏။....စိတ်၌ စိတ်ဟု အကြိမ်ကြိမ်ရှုလေ့ရှိသည် ဖြစ်၍နေ၏။....

ခန္ဓာစသော သဘောတရားတို့၌ ခန္ဓာစသော သဘောတရားတို့ဟု အကြိမ်ကြိမ်ရှုလေ့ရှိသည် ဖြစ်၍နေ၏။ ငါ့သျှင်တို့၊ ဤအောက်မေ့ခြင်း သတိကို မှန်စွာအောက်မေ့ခြင်း သမ္မာသတိဟု ဆိုအပ်၏။

ငါ့သျှင်တို့၊ မှန်စွာတည်ကြည်ခြင်း သမ္မာသမာဓိသည် အဘယ်နည်း။ ငါ့သျှင်တို့၊ ဤသာသနာတော်၌ ရဟန်းသည် ကာမဂုဏ်မှ ဆိတ်၍သာလျှင်၊ အကုသိုလ် တရားတို့မှ ဆိတ်၍သာလျှင်ကြံစည်ခြင်း၊ ဝိတက်နှင့်တကွဖြစ်သော သုံးသပ်ဆင်ခြင်ခြင်း၊ ဝိစာရနှင့်တကွ ဖြစ်သော နီဝရဏတို့မှ ဆိတ်ခြင်းကြောင့်ဖြစ်သော နှစ်သိမ့်ခြင်းပီတိ၊ချမ်းသာခြင်းသုခရှိသော ပထမစျာန်သို့ရောက်၍နေ၏။ ဝိတက်ဝိစာရငြိမ်းခြင်းကြောင့် မိမိသန္တာန်၌ စိတ်ကိုကြည်လင်စေတတ်သော၊ စိတ်၏တည်ကြည်ခြင်း သမာဓိကို ပွားစေတတ်သော၊ ကြံစည်ခြင်း ဝိတက်မရှိသော၊ သုံးသပ်ဆင်ခြင်ခြင်း ဝိစာရမရှိသော တည်ကြည်ခြင်း သမာဓိကြောင့် ဖြစ်သော၊ နှစ်သိမ့်ခြင်းပီတိ၊ ချမ်းသာခြင်းသုခ ရှိသော ဒုတိယစျာန်သို့ ရောက်၍နေ၏။ ပီတိကိုလည်း မတပ်မက်ခြင်းကြောင့် လျစ်လျူရှုလျက်နေ၏။ တတိယစျာန်သို့ ...စတုတ္ထစျာန်သို့ ရောက်၍နေ၏။ ငါ့သျှင်တို့၊ ဤစတုတ္ထနည်း စျာန်လေးပါးကို မှန်စွာတည်ကြည်ခြင်း သမ္မာသမာဓိဟုဆိုအပ်၏။ ငါ့သျှင်တို့၊ ဤအင်္ဂါရှစ်ပါးရှိသော မဂ်ကို ဆင်းရဲ၏ချုပ်ရာနိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်ဖြစ်သော အရိယသစ္စာဟု ဆိုအပ်၏။

ငါ့သျှင်တို့၊ ပုဗ္ဗေအထူးကိုခံတော်မူထိုက်သော၊ အလုံးစုံသော တရားတို့ကို ကိုယ်တိုင် မှန်စွာသိတော်မူသော မြတ်စွာဘုရားသည် ဗာရာဏသီပြည် ဣသိပတနမည်သော မိဂဒါဝုန်တော၌ ရဟန်းသည်

သော်ရင်း၊ ဗြဟ္မာသည်သော်ရင်း လောက၌ တစုံတယောက် သောသူမျှ မဟောစွမ်းနိုင်သော ဤလေးပါးသော အရိယသစ္စာ တို့ကို ပြောကြားခြင်း .... ထင်စွာပြုခြင်းဟူသော အတုမဲ့သော ဓမ္မစကြာကို ဖြစ်စေတော်မူခဲ့ပြီဟု မိန့်ဆို၏။

အသျှင်သာရိပုတြာသည် ဤတရားဒေသနာတော်ကိုမိန့်တော် မူ၏။ ထိုရဟန်းတို့သည် အသျှင်သာရိပုတြာ၏ တရားဒေသနာ တော်ကို ဝမ်းမြောက်ဝမ်းသာ လွန်စွာနှစ်သက်ကုန်ပြီ။

ဤသစ္စဝိဘင်္ဂသုတ်၏ အစ၌ "တထာဂတေနဘိက္ခဝေ အရဟ တာ သမ္မာသမ္ဗုဒ္ဓေန ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံပဝတ္တိတံအပ္ပဋိဝတ္တိယံ သမဏေနဝါဗြာဟ္မဏေ နဝါ ဒေဝေနဝါမာရေနဝါ ဗြဟ္မုနာဝါ ကေနစိဝါလော ကသ္မိံ"ဟူသော စကားရပ်ကို ထောက်ဆသောအားဖြင့် ဤသုတ် သည် ရှေးအခါက ဤမိဂဒါဝုန်တော၌ ဟောအပ်ခဲ့ပြီးသော ဓမ္မစက္ကပဝတ္တန သုတ်အဖွင့် ဖြစ်ကြောင်း ထင်ရှားပေသည်။ ဓမ္မစက္က ပဝတ္တနသုတ်၌ သစ္စာလေးပါးကို အကျဉ်းအားဖြင့် ဟော ကြားခဲ့ပြီး၍ ဤ သစ္စဝိဘင်္ဂသုတ်၌ ယင်း သစ္စာလေးပါးတို့ကိုပင် အကျယ်ချဲ့ထွင်ဖွင့်ပြကာ ဟောကြားတော် မူပေသည်။

သို့ဖြစ်၍ ဤသုတ်နှစ်ခုတို့သည် အကျဉ်းအကျယ်မျှသာ ဖြစ် ကြ၍ အနက်အဓိပ္ပာယ်အားဖြင့် မကွဲပြား မခြားနားဘဲ တသား တည်း ဖြစ်ကြကုန်၏။သို့ရာတွင် ဒုက္ခသစ္စာနေရာ၌ ပါဠိသွားချင်း မတူပုံကို ဓမ္မစကြာကို အာဂုံဆောင်ကာ ရွတ်ဖတ်နေသူများ သတိပြုရန်အတွက် ရေးသား ဖော်ပြလိုက်ရပေသည်။

ဝိနယပိဋကမဟာဝဂ္ဂ၊ မဟာခန္ဓက၊ ပဉ္စဝဂ္ဂိယ ကထာ၌ ပါရှိသော ဓမ္မစက္က ပဝတ္တန သုတ်နှင့် မဟာဝဂ္ဂ သံယုတ္တ၊ သစ္စ သံယုတ္တ၊ ဓမ္မစက္ကပဝတ္တနဝဂ္ဂ၌ ပါရှိသော ဓမ္မစက္ကပဝတ္တန သုတ်တို့၌ ဒုက္ခသစ္စာ၏ ပါဠိသွားမှာ အောက်ပါအတိုင်း ဖြစ်သည်။

"ဣဒံခေါ ပန ဘိက္ခဝေ ဒုက္ခံအရိယသစ္စံ ဇာတိပိဒုက္ခာ၊ ဇရာပိဒုက္ခာ၊ ဗျာဓိပိဒုက္ခော၊ မရဏမ္ပိဒုက္ခံ၊ အပ္ပိယေဟိ သမ္ပယောဂေါဒုက္ခော၊ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော။ ယမ္ပိစ္ဆံနလဘတိ၊ တမ္ပိဒုက္ခံ၊ သံခိတ္တေနပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ။"

ဤ သစ္စဝိဘင်္ဂသုတ်၌ ဒုက္ခသစ္စာ၏ ပါဠိသွားမှာ အောက်ပါ အတိုင်း ဖြစ်သည်။

"ကတမဉ္စာဝုသောဒုက္ခံ အရိယသစ္စံ၊ ဇာတိပိဒုက္ခာ၊ ဇရာပိဒုက္ခာ၊ မရဏမ္ပိဒုက္ခံ၊ သောက ပရိဒေဝ ဒုက္ခ၊ ဒေါမနဿုပါယာသာပိ ဒုက္ခာ၊ ယမ္ပိစ္ဆံနလဘတိတမ္ပိဒုက္ခံ သံခိတ္တေနပဉ္စုပါဒါနက္ခန္ဓာဒုက္ခာ။"

အနက်သဘောမှာ အတူတူပင် ဖြစ်သော်လည်း ဤ ပါဠိ နှစ်ခုမှာ အနေအထား မတူကြပေ။ ဤကဲ့သို့ မတူ ကွဲပြားသည်ကို သတိထား၍ ဓမ္မစကြာကို ရွတ်ဖတ် သရဇ္ဈာယ်သူများသည် ဓမ္မစကြာ၌ ပါရှိသည့် ပါဠိအတိုင်းသာ ရွတ်ဖတ် သရဇ္ဈာယ်ကြရပေမည်။ ထို့ပြင်တပါး သတိပဋ္ဌာန် ပါဠိသွားကလည်း တမျိုး ထူးခြားနေ၏။ ထို့ကြောင့် သတိပဋ္ဌာန်ကို ရွတ်ဖတ်သူများသည်လည်း သတိပဋ္ဌာန်၌ ပါရှိသည့် ပါဠိအတိုင်းသာ ရွတ်ဖတ်ကြရပေမည်။

ဒီဃနိကာယ၊ မဟာဝဂ္ဂ၊ မဟာသတိပဋ္ဌာန သုတ်၌ ဒုက္ခသစ္စာ၏ ပါဠိသွားမှာကား အောက်ပါအတိုင်း ဖြစ်သည်။

"ကတမဉ္စဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ၊ ဇာတိပိဒုက္ခာ၊ ဇရာပိဒုက္ခာ၊ မရဏမ္ပိဒုက္ခံ၊ သော က ပ ရိ ဒေ ဝ ဒုက္ခ၊ ဒေါမနဿုပါယာသာပိဒုက္ခာ၊ အပ္ပိယေဟိသမယောဂေါ ဒုက္ခော၊ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊ ယမ္ပိစ္ဆံ နလဘတိတမ္ပိဒုက္ခံ၊ သံခိတ္တေနပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ။"

ဤကဲ့သို့ ပါဠိအနေအထား ကွဲပြား ခြားနားနေမှုကို သတိမပြုကြဘဲ ဝတ်ရွတ်စဉ်များထဲ၌ သတိပဋ္ဌာန်က ပါဠိများကို ဓမ္မစကြာထဲ၌ ယောင်ယောင်မှားမှား ထည့်သွင်းထားတတ်ကြသည်ကို သတိပြုရန် လိုပေသည်။

## ( ၂ ) သစေတန သုတ်

အခါတပါး မြတ်စွာဘုရားသည် ဗာရာဏသီပြည် ဣသိပတန မည်သော မိဂဒါဝုန်တော၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို 'ရဟန်းတို့'ဟု ခေါ်တော်မူ၏။ ထိုရဟန်းတို့သည် 'အရှင်ဘုရား'ဟု မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထားကုန်၏။ မြတ်စွာဘုရားသည် ဤတရားကို ဟောတော်မူ၏။

"ရဟန်းတို့ ရှေး၌ ဖြစ်ဘူးသည်ကား သစေတန မည်သော မင်းသည် ဖြစ်ခဲ့ဘူးပြီ။ ထိုစဉ်အခါ သစေတနမင်းသည် ရထားလုပ်သမားကို 'အချင်း ရထားလုပ်သမား၊ ယနေ့မှ ခြောက်လလွန်လျှင် စစ်ဖြစ်လတံ့။ အချင်း ရထားလုပ်သမား၊ အသစ်ဖြစ်

သော ရထားဘီးအစုံကို ပြုလုပ်နိုင်ပါအံ့လော’ ဟု မိန့်ဆို၏။ ရဟန်းတို့ ရထား အလုပ် သမားသည် ‘အသျှင် မင်းမြတ် ပြုလုပ် နိုင်ပါ၏’ ဟု သစေတန မင်းအား ဝန်ခံ၏။ ‘ရဟန်းတို့ ထိုအခါ ရထားလုပ်သမားသည် ခြောက်ရက်လျော့သော ခြောက်လတို့ဖြင့် ရထားဘီးတဖက်ကို ပြီးစေ၏။ ရဟန်းတို့ ထိုအခါ သစေတနမင်းသည် ရထားလုပ်သမားကို ‘အချင်း ရထားလုပ်သမား ယနေ့မှ ခြောက်ရက်လွန်လျှင် စစ်ဖြစ်လတံ့။ အသစ်ဖြစ်သော ရထားဘီးအစုံကို လုပ်ပြီးပါပြီလော’ဟု မိန့်ဆို ပြန်၏။ မင်းမြတ် ဤ ခြောက်ရက်လျော့သော ခြောက်လတို့ဖြင့် ရထားဘီးတဖက် ပြီးပါပြီဟု လျှောက်တင်၏။ ‘အချင်း ရထား လုပ်သမား၊ ဤ ခြောက်ရက်တို့ဖြင့် ငါ၏ နှစ်ခုမြောက် ကျန် ရထားဘီးတဖက်ကို ပြုလုပ် ပြီးစီးနိုင်ပါအံ့လော’ဟု မိန့်ဆိုပြန်၏။ ရဟန်းတို့ ရထားလုပ်သမားသည် ‘အရှင်မင်းမြတ် ပြုလုပ် ပြီးစီး နိုင်ပါ၏’ ဟု လျှောက်တင်၏။

“ရဟန်းတို့ ထိုအခါ ရထားလုပ်သမားသည် ခြောက်ရက်တို့ ဖြင့် နှစ်ခုမြောက် ကျန်ရထားဘီးတဖက်ကို ပြုလုပ်ပြီးစီးစေ၍ ရထားဘီးသစ်အစုံကို ယူပြီးလျှင် သစေတနမင်းထံ ချဉ်းကပ် ပြီးလျှင် သစေတနမင်းအား “မင်းမြတ် အရှင်မင်းကြီး၏ ဤ ရထားဘီးသစ် အစုံသည် ပြီးစီးပါပြီ” ဟု လျှောက်တင်၏။ “ရထားလုပ်သမား သင်၏ အကြင် ရထား ဘီးတဖက်သည် ခြောက်ရက်လျော့သော ခြောက်လတို့ဖြင့် ပြီးစီး၏။ သင်၏ အကြင်ရထားဘီးတဖက်သည်ကား ခြောက်ရက်မျှဖြင့် ပြီးစီး၏။ ဤရထားဘီးတို့၏ ထူးခြားချက်ကား အသို့နည်း၊ ငါသည်ကား

ထိုရထားဘီးတို့၏ တစုံတရာ ထူးခြားချက်ကို မတွေ့မမြင်”ဟု မိန့်တော်မူ၏။ “မင်းမြတ် ထိုရထားဘီးတို့၏ ထူးခြားချက်သည် ရှိပါ၏။ မင်းမြတ်သည် ထိုရထားဘီးတို့၏ ထူးခြားချက်ကို ရှုစားတော်မူပါလော့”ဟု လျှောက်တင်၏။

ရဟန်းတို့ ထိုအခါ ရထားလုပ်သမားသည် ခြောက်ရက်တို့ဖြင့် အပြီးလုပ်အပ်သော အကြင်ရထားဘီးကို တွန်းလိုမ့်၏။ ထိုရထားဘီးသည် တွန်းလိုမ့်မှု အင်အား အရှိန်ရှိသလောက် လိမ့်သွား၍ ပတ်ပတ်လည်ပြီး မြေ၌လဲကျ၏။ ခြောက်ရက်လျော့သော ခြောက်လတို့ဖြင့် အပြီးပြုလုပ်အပ်သော အကြင်ရထားဘီးကို တွန်းလိုမ့်ပြန်၏။ ထိုရထားဘီးသည် တွန်းလိုမ့်မှု အင်အားအရှိန်ရှိသလောက် လိမ့်သွား၍ ဝင်ရိုး၌ စွပ်ထားသကဲ့သို့ ရပ်တည်နေ၏။

“အချင်းရထားလုပ်သမား၊ အကြင်ရထားဘီးသည် ခြောက်ရက်တို့ဖြင့် ပြီးစီး၏။ ထိုရထားဘီးကို တွန်းလိုမ့်သော တွန်းလိုမ့်မှုအင်အား အရှိန်ရှိသမျှ လိမ့်သွား၍ ပတ်ပတ်လည်ပြီးလျှင် မြေ၌လဲကြ၏။ အချင်းရထား လုပ်သမား၊ ထိုသို့ ဖြစ်ခြင်း၏ အကြောင်း အထောက်အပံ့ကား အဘယ်နည်း။ အကြင်ရထားဘီးသည် ခြောက်ရက်လျော့သော ခြောက်လတို့ဖြင့် ပြီးစီး၏။ ထိုရထားဘီးကို တွန်းလိုမ့်သော တွန်းလိုမ့်မှုအင်အား အရှိန်ရှိသမျှ လိမ့်သွား၍ ဝင်ရိုး၌ စွပ်ထားသကဲ့သို့ ရပ်တည်နေ၏။ အချင်းရထားလုပ်သမား၊ထိုသို့ဖြစ်ခြင်း၏ အကြောင်းအထောက်အပံ့ကား အဘယ်နည်း” ဟု မေး၏။

"အရှင်မင်းမြတ် ခြောက်ရက်တို့ဖြင့် အပြီး လုပ်အပ်သော ရထားဘီး၏ အကွပ်သည် ကွေးကောက်၏။ အပြစ်အနာ ရှိ၏။ အကာအဆွေး ဖြစ်၏။ အကန့်တို့သည်လည်း ကောက်ကုန်၏။ အပြစ်အနာ ရှိကုန်၏။ အကာအဆွေး ဖြစ်ကုန်၏။ ပုန်တောင်း သည်လည်း ကောက်၏။ အပြစ်အနာ ရှိ၏။ အကာအဆွေး ဖြစ်၏။ ထိုရထားဘီးသည် အကွပ်၏လည်း ကောက်သော ကြောင့်၊ အပြစ်အနာ ရှိသောကြောင့်၊ အကာအဆွေးဖြစ်သော ကြောင့်၊ အကန့်တို့၏လည်း ကောက်ကုန်သောကြောင့်၊ အပြစ် အနာ ရှိကုန်သောကြောင့်၊ အကာအဆွေး ဖြစ်ကုန်သော ကြောင့်၊ ပုန်တောင်း၏လည်း ကောက်သောကြောင့်၊ အပြစ် အနာ ရှိသောကြောင့်၊ အကာအဆွေး ဖြစ်သောကြောင့် တွန်းလှိမ့်သည်ရှိသော် တွန်းလှိမ့်မှုအင်အား အရှိန်ရှိသမျှ လိမ့် သွား၍ ပတ်ပတ်လည်ပြီးလျှင် မြေ၌ လဲကျ၏"

"အရှင်မင်းမြတ် ခြောက်ရက်လျော့သော ခြောက်လတို့ဖြင့် အပြီး ပြုလုပ်အပ်သော ရထားဘီး၏ အကွပ်သည် ကား မကောက်၊ အပြစ်အနာ မရှိ၊ အကာအဆွေး မဟုတ်၊ အကန့် တို့သည်လည်း မကောက်ကုန်၊ အပြစ်အနာ မရှိကုန်၊ အကာ အဆွေး မဟုတ်ကုန်၊ ပုန်တောင်းသည်လည်း မကောက်၊ အပြစ် အနာ မရှိ၊ အကာအဆွေး မဟုတ်၊ ထိုရထားဘီး၏ အကွပ်သည် လည်း မကောက်သောကြောင့်၊ အပြစ်အနာ မရှိသောကြောင့်၊ အကာအဆွေး မဟုတ်သောကြောင့်၊ အကန့်တို့သည်လည်း မကောက်ကုန်သောကြောင့်၊ အပြစ်အနာ မရှိကုန်သောကြောင့်၊ အကာအဆွေး မဟုတ်ကုန်သောကြောင့်၊ ပုန်တောင်းသည်

လည်း မကောက်သောကြောင့်၊ အပြစ်အနာ မရှိသောကြောင့်၊ အကာအဆွေး မဟုတ်သောကြောင့် တွန်းလှိမ့်သည် ရှိသော် တွန်းလှိမ့်မှုအင်အား အရှိန်ရှိသမျှ လိမ့်သွား၍ ဝင်ရိုး၌ စွပ်ထားသကဲ့သို့ ရပ်တည်နေပါ၏' ဟု လျှောက်၏။

"ရဟန်းတို့ ထိုအခါက ထိုရထားလုပ်သမားသည် တပါးသောသူ ဖြစ်လေသလောဟု သင်တို့အား ဤအကြံသည် ဖြစ်ရာ၏။ ထိုအကြောင်းကို ဤသို့မမှတ်အပ်၊ ငါတို့သည် ထိုအခါက ထိုရထားလုပ်သမား ဖြစ်ခဲ့၏။ ရဟန်းတို့ ငါသည် ထိုအခါက သစ်ကောက်တို့၌လည်း၊ သစ်အပြစ်အနာတို့၌လည်း၊ သစ်အကာအဆွေးတို့၌လည်း ကျွမ်းကျင်လိမ္မာ၏။ ရဟန်းတို့ ယခုအခါ၌မူ ပူဇော်အထူးကို ခံတော်မူထိုက်သော အလုံးစုံသော တရားတို့ကို ကိုယ်မှန်စွာ သိမြင်တော်မူသော ငါသည် ကိုယ်၏ ကောက်ခြင်းကာယဒုစရိုက်တို့၌လည်း၊ ကိုယ်၏ အပြစ်အနာ ကာယဒုစရိုက်တို့၌လည်း၊ ကိုယ်၏အကာအဆွေး ကာယဒုစရိုက်တို့၌လည်း၊ ကျွမ်းကျင်လိမ္မာ၏။ နှုတ်၏ကောက်ခြင်း ဝစီဒုစရိုက်တို့၌လည်း၊ နှုတ်၏ အပြစ်အနာ ဝစီဒုစရိုက်တို့၌လည်း၊ နှုတ်၏အကာအဆွေး ဝစီဒုစရိုက်တို့၌လည်း ကျွမ်းကျင်လိမ္မာ၏။ စိတ်၏ကောက်ခြင်း မနောဒုစရိုက်တို့၌လည်း၊ စိတ်၏အပြစ်အနာ မနောဒုစရိုက်တို့၌လည်း၊ စိတ်၏အကာအဆွေး မနောဒုစရိုက်တို့၌လည်း ကျွမ်းကျင်လိမ္မာ၏။

"ရဟန်းတို့ ရဟန်းဖြစ်စေ၊ ရဟန်းမိန်းမဖြစ်စေ မည်သူမဆို ကိုယ်၏ကောက်ခြင်းကို မပယ်အပ်၊ ကိုယ်၏ အပြစ်အနာကို မပယ်အပ်၊ ကိုယ်၏အကာအဆွေးကို မပယ်အပ်၊ နှုတ်၏ကောက်ခြင်းကို မပယ်အပ်၊ နှုတ်၏အပြစ်အနာကို မပယ်အပ်၊ နှုတ်၏အကာအဆွေး

ကို မပယ်အပ်၊ စိတ်၏ကောက်ခြင်းကို မပယ်အပ်၊ စိတ်၏အပြစ်အနာကို မပယ်အပ်၊ စိတ်၏အကာအဆွေးကို မပယ်အပ်၊ ရဟန်းတို့ ဤသို့ မပယ်အပ်သည်ရှိသော် ခြောက်ရက်တို့ဖြင့် အပြီးလုပ်အပ်သော ထိုရထားဘီးကဲ့သို့ ထိုရဟန်းယောကျ်ား ရဟန်းမိန်းမတို့သည် ဤသာသနာတော်မှ ဂုဏ်အားဖြင့် လျှောကျကုန်၏။

"ရဟန်းတို့ ရဟန်းဖြစ်စေ၊ ရဟန်းမိန်းမဖြစ်စေ မည်သူမဆို ကိုယ်၏ကောက်ခြင်းကို ပယ်အပ်၏၊ ကိုယ်၏အပြစ်အနာကို ပယ်အပ်၏၊ ကိုယ်၏ အကာအဆွေးကို ပယ်အပ်၏၊ နှုတ်၏ကောက်ခြင်းကို ပယ်အပ်၏၊ နှုတ်၏အပြစ်အနာကို ပယ်အပ်၏၊ နှုတ်၏အကာအဆွေးကို ပယ်အပ်၏၊ စိတ်၏ကောက်ခြင်းကို ပယ်အပ်၏။ စိတ်၏အပြစ်အနာကို ပယ်အပ်၏၊ စိတ်၏အကာအဆွေးကို ပယ်အင်၏၊ ရဟန်းတို့ ဤသို့ပယ်အပ်သည်ရှိသော် ခြောက်ရက်လျှော့သော ခြောက်လတို့ဖြင့် အပြီးပြုလုပ်အပ်သော ထိုရထားဘီးကဲ့သို့ ထိုရဟန်း ထိုရဟန်းမိန်းမတို့သည် ဤသာသနာတော်၌ ဂုဏ်အားဖြင့် တည်နေကုန်၏။

"ရဟန်းတို့၊ ထိုသို့ ဖြစ်သောကြောင့် ဤ သာသနာတော်၌ ကိုယ်၏ ကောက်ခြင်း၊ ကိုယ်၏ အပြစ်အနာ၊ ကိုယ်၏ အကာအဆွေးများကို ပယ်ကုန်အံ့။ နှုတ်၏ ကောက်ခြင်း၊ နှုတ်၏ အပြစ်အနာ၊ နှုတ်၏ အကာအဆွေးကို ပယ်ကုန်အံ့။ စိတ်၏ ကောက်ခြင်း၊ စိတ်၏ အပြစ်အနာ၊ စိတ်၏ အကာအဆွေးကို

ပယ်ကုန်အံ့”ဟု ကျင့်ရမည်။ ရဟန်းတို့ ဤသို့သာလျှင် သင်တို့ ကျင့်ရမည်ဟု မိန့်တော်မူ၏။

ဤသစေတနသုတ်၌ မြတ်စွာဘုရားသည် သစ္စဝိဘင်္ဂသုတ်၌ ဟောတော်မူအပ်သော၊ သစ္စာလေးပါး၌ အပါအဝင်ဖြစ်သော မဂ္ဂင်ရှစ်ပါးကိုပင် ဟောတော်မူသည်။ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ တည်းဟူသော မဂ္ဂင်ရှစ်ပါးတို့တွင် သမ္မာဒိဋ္ဌိနှင့် သမ္မာသင်္ကပ္ပသည် ပညာက္ခန္ဓ ပညာအစုမည်၏။ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝတို့သည် သီလက္ခန္ဓ သီလအစုမည်၏။ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိတို့သည် သမာဓိက္ခန္ဓ၊ သမ္မာဓိအစု မည်၏။ ထိုသုံးစုတို့တွင် ကိုယ်နှုတ်တို့၏ ကောက်ခြင်း၊ အပြစ်အနာ၊ အကာ အဆွေးတို့ကို ပယ်အပ်ကုန်၏ ဟူသော စကားရပ်ဖြင့် ကာယဒုစရိုက်နှင့် ဝစီဒုစရိုက်တို့မှ ရှောင်ကြဉ်မှုတည်းဟူသော သီလက္ခန္ဓကို ပြ၏။ စိတ်၏ ကောက်ခြင်း အပြစ်အနာ၊ အကာအဆွေးတို့ကို ပယ်အပ်ကုန်၏ ဟူသော စကားရပ်ဖြင့် စိတ်၏ မမှေ့မလျော့ မပေါ့မဆ တည်ကြည်ဖြောင့်မတ်မှု တည်းဟူသော သမာဓိက္ခန္ဓကို ပြ၏။ မဂ်ဖိုလ်စခန်း အထက်တန်းကို ရည်မှန်းထားသောသူသည် ဤ သီလက္ခန္ဓနှင့် သမာဓိက္ခန္ဓ တည်းဟူသော အခြေခံ တရားနှင့် ပြည့်စုံလုံလောက်ပြီးပါက ပညာက္ခန္ဓာတည်းဟူသော အထွတ် အထိပ်သို့ ရောက်ရှိမည်မှာ ကေန်ပင် ဖြစ်၏။ ထို့ကြောင့် ပညာက္ခန္ဓာကိုလည်း ပြသရာရောက်သည်။ ဤသို့လျှင် ဤသုတ်၌ မဂ္ဂင်ရှစ်ပါးတည်းဟူသော မဂ္ဂသစ္စာကို ဟောဖော် ပြသခြင်းဖြင့်

တဲ့ဘက်ဖြစ်သည့် ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓ သစ္စာတို့သည်လည်း အဝိနာဘာဝနည်းအရ ပါဝင်လာကြရကား သစ္စာလေးပါးကိုပင် ဟောဖော် ပြသထားရာ ရောက်ပေသည်။

ထို့ပြင် ကိုယ်နှုတ်စိတ်တို့၏ ကောက်ကျစ်စဉ်းလဲမှုကို ဖြောင့်မတ်အောင် မပြုပြင်ဘဲ အလျှင်စလို ရက်တိုတိုနှင့် မဂ်ဖိုလ်ကို ရနိုင်သည်ဟု တွင်တွင်ကြီး ပြောဆိုနေကြခြင်းသည်လည်း ဘာမျှ အဓိပ္ပာယ် မရှိချေ။ မည်သည့် ကိစ္စမှာမဆို 'အစကောင်းမှ အနှောင်းသေချာသည်' ဟု ဆိုသည့်အတိုင်း အဦးအစကပင် အခြေခံအလုပ်ကို ကျကျနန ပြုလုပ်ဘို့ လိုပေသည်။ လက်မှန် မဆွက သပ်ယပ်ကောင်းမွန်သော အလုပ်သည် နှေး ကွေး လေးဖင့်သော်လည်း 'ဖြစ်ခဲပျက်ခဲ' ဆိုသည့်အတိုင်း ကာလရှည် ကြာစွာ တည်တံ့ ခိုင်မြဲနေပေလိမ့်မည်။ အလျှင်စလို အရေးတကြီး ဖြစ်ကတတ်ဆန်း ပြီးစလွယ်လုပ်သည့် အမှုကိစ္စ ဟူသမျှ သည် မြန်ပင်မြန်သော်လည်း 'ဖြစ်လွယ် ပျက်လွယ်' ဆိုသည့် အတိုင်း ခဏမျှသာ တည်ပြီး မကြာမီ ပြိုကွဲ ပျက်စီးသွားတတ်ပေသည်။ ဤအဓိပ္ပာယ်သဘောကိုလည်း ဤသုတ်၌ ဟောကြားပြသထားသည့် အားလျော်စွာ အရေးတယူ အလေးမူအပ်သော ကိစ္စများ၌ ရည်ရွယ်မှန်းထားချက် အောင်မြင် ထ မြောက်အောင် ဖြည်းဖြည်းမှန်မှန် ဇွဲသန်သန်နှင့် သပ်သပ်ယပ်ယပ် ပြုလုပ်သွားရန် လိုပေသည်။

## (၃) ဓမ္မဒိန္နသုတ်

အခါတပါး၌ မြတ်စွာဘုရားသည် ဗာရာဏသီပြည် ဣသိပတန မိဂဒါဝုန်တော၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ ဓမ္မဒိန္န

ဥပါသကာသည် ဥပါသကာငါးရာတို့နှင့် အတူ မြတ်စွာဘုရား ထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးလျက် တခုသောနေရာ၌ ထိုင်နေပြီးသော် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏။ "အသျှင်ဘုရား၊ မြတ်စွာဘုရားသည် အကျွန်ုပ်တို့ကို သွန်သင် တော်မူပါ။ အသျှင်ဘုရား၊ မြတ်စွာဘုရားသည် အကျွန်ုပ်တို့ကို ဆုံးမ တော်မူပါ။ ယင်းသို့ သွန်သင်ဆုံးမခြင်းသည် အကျွန်ုပ် တို့အား ကြာရှည်စွာသော ကာလပတ်လုံး အစီးအပွားရှိခြင်းငှာ၊ ချမ်းသာခြင်းငှာ ဖြစ်ရာပါ၏" ဟု လျှောက်၏။

'ဓမ္မဒိန္န သို့ဖြစ်လျှင် သင်သည် ဤသို့ကျင့်ရမည်။ နက်နဲကုန် သော၊ နက်နဲသောအနက်ရှိကုန်သော၊ လောကမှ လွတ်မြောက် ကြောင်း ဖြစ်ကုန်သော၊ ဆိတ်သုဉ်းမှု သုညတနှင့် စပ်ကုန်သော ဘုရားဟော သုတ္တန်တို့ကို အခါခပ်သိမ်း ရရောက်၍ နေကုန် အံ့ဟု ဤသို့လျှင် သင်တို့ကျင့်ရမည်' ဟု မိန့်တော်မူ၏။ 'အသျှင် ဘုရား သားသမီးတို့ဖြင့် ကျဉ်းမြောင်းသော နေရာ၌ နေကြရ ကုန်သော၊ ကာသိတိုင်းထွက် စန္ဒကူးကို အစဉ် သုံးဆောင်ကုန် သော၊ ပန်းပန်ခြင်း နံ့သာခြယ်ခြင်း နံ့သာပြောင်းလိမ်းခြင်းကို ဆောင်ကြသော၊ ရွှေငွေကို သာယာကြသော တပည့်တော်တို့ သည် နက်နဲကုန်သော၊ နက်နဲသောအနက် ရှိကုန်သော၊ လော ကမှ ထွက်မြောက်ကြောင်း ဖြစ်ကုန်သော၊ ဆိတ်သုဉ်းမှု သုညတ နှင့် စပ်ကုန်သော ဘုရားဟော သုတ္တန်တို့ကို အခါခပ်သိမ်း ရရောက်၍ နေခြင်းငှာ မလွယ်ပါ။ အသျှင်ဘုရား သိက္ခာပုဒ် ငါးပါးတို့၌ တည်ကြသော တပည့်တော်တို့အား မြတ်စွာဘုရား သည်အထက်ဖြစ်သောတရားကို ဟောတော်မူပါဟု လျှောက်၏။'

(၁) ဓမ္မဒိန္န သို့ ဖြစ်လျှင် သင်သည် ဤသို့ကျင့်ရမည်။ ထို မြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏။ အလုံးစုံသော တရားတို့ကို ကိုယ်တိုင်မှန်စွာ သိတော်မူသော အကြောင်း ကြောင့်လည်း သမ္မာသမ္ဗုဒ္ဓ မည်တော်မူ၏။ အသိဉာဏ် ဝိဇ္ဇာ အကျင့်စရဏနှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူ၏။ ကောင်းသောစကားကို ဆို တော်မူတတ်သော အကြောင်းကြောင့်လည်း သုဂတ မည် တော်မူ၏။ လောကကို သိတော်မူသော အကြောင်းကြောင့် လည်း လောကဝိဒူ မည်တော်မူ၏။ ဆုံးမ ထိုက်သူကို ဆုံးမတတ် သည့် အတုမဲ့လွန်မြတ်သော ပုဂ္ဂိုလ် ဖြစ်တော်မူသော အကြောင်း ကြောင့်လည်း အနုတ္တရောပုရိသ ဒမ္မသာရထိ မည်တော်မူ၏။ နတ်လူတို့၏ ဆရာ ဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝ မနုဿာနံ မည်တော်မူ၏။ သစ္စာလေးပါး တရား တို့ကို ကိုယ်တိုင်သိ၍ သူတပါးတို့ကို သိစေတော်မူသော အ ကြောင်းကြောင့်လည်း ဗုဒ္ဓ မည်တော်မူ၏။ ဘုန်းတန်ခိုး ကြီး တော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူ ၏ ဟု မြတ်စွာဘုရား၌ မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံ ကုန်အံ့။

(၂) တရားတော်သည် မြတ်စွာဘုရား ကောင်းစွာ ဟော ထားသော တရားတော်ပါပေတည်း။ ကိုယ်တိုင် သိမြင်နိုင်သော တရားတော်ပါပေတည်း။ အခါမလင့် အကျိုးပေးတတ်သော တရားတော် ပါပေတည်း။ လာလှည့်ရှုလှည့်ဟု ပြထိုက်သော

တရားတော် ပါပေတည်း။ မိမိ၏ ကိုယ်ထဲစိတ်ထဲ၌ ဆောင်ယူထားထိုက်သော တရားတော် ပါပေတည်း။ အရိယာ ပညာရှိတို့သာ ကိုယ်စီကိုယ်ငှ သိနိုင် ခံစားနိုင်သော တရားတော်ပါပေတည်း ဟု တရားတော်၌ မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံကုန်အံ့။

(၃) မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် ကောင်းသောအကျင့် ရှိတော်မူပေ၏။ မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် ဖြောင့်မတ်သောအကျင့် ရှိတော်မူပါပေ၏။ မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် မှန်ကန်သော အကျင့် ရှိတော်မူပါပေ၏။ မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် လျော်ကန်သော အကျင့်ရှိတော်မူပါပေ၏။ အစုံအားဖြင့် လေးစုံ၊ ပုဂ္ဂိုလ်အားဖြင့် ရှစ်ပါး အရေအတွက်ရှိသော မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် အရပ်ဝေးမှ ဆောင်လာ၍သော်လည်း ပေးလှူပူဇော်ရန် ထိုက်တန်တော် မူပါပေ၏။ ဧည့်သည်တို့ အလို့ငှာ စီမံထားသော ဝတ္ထုကိုသော်လည်း ခံတော်မူထိုက် ပါပေ၏။ တမလွန်အတွက် ရည်မြော်သော အလှူကိုခံတော်မူထိုက် ပါပေ၏။ လက်အုပ်ချီခြင်းငှာ ထိုက်ပါပေ၏။ သတ္တဝါ အပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံး လယ်မြေ ဖြစ်တော်မူပါပေ၏ ဟု သံဃာတော်၌ မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံကုန်အံ့။

(၄) မကျိုးမပေါက် မပြောက်မကျားကုန်သော၊ တဏှာကျွန်အဖြစ်မှ လွတ်မြောက်စေကုန်သော၊ ပညာရှိတို့ ချီးမွမ်းအပ်ကုန်သော၊ မှားသောအားဖြင့် မသုံးသပ် အပ်ကုန်သော၊ တည်

ကြည်မှု သမာဓိကို ဖြစ်စေတတ်ကုန်သော၊ အရိယာတို့ နှစ်သက်အပ်ကုန်သော သီလတို့နှင့် ပြည့်စုံကုန်အံ့ဟု ဤသို့လျှင် သင်တို့ကျင့်ရမည်ဟု မိန့်တော်မူ၏။

အသျှင်ဘုရား၊ မြတ်စွာဘုရား ဟောတော်မူအပ်သော ထိုသောတာပန် အင်္ဂါလေးပါးတို့သည် အကျွန်ုပ်တို့၌ ရှိပါကုန်၏။ အကျွန်ုပ်တို့သည်လည်း ထိုတရားတို့၌ ကောင်းစွာ ထင်ပါကုန်၏။ အသျှင်ဘုရား၊ ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏။ ဘုန်းတန်ခိုး ကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူ၏ဟု မြတ်စွာဘုရား၌ မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံပါကုန်၏။ .... တရားတော်၌ မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံပါကုန်၏။ .... သံဃာတော်၌ မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံပါကုန်၏။ .... အရိယာတို့ နှစ်သက်အပ်ကုန်သော သီလတို့နှင့် ပြည့်စုံပါကုန်၏ဟု လျှောက်၏။

ဓမ္မဒိန္န သင် အရတော်ပေစွ။ ဓမ္မဒိန္န သင် ကောင်းစွာ ရအပ်ပေစွ။ သင်တို့သည် သောတာပတ္တိဖိုလ်ကို ပြောကြားအပ်ပြီဟု မိန့်တော်မူ၏။

ဤသုတ်၌ ပါရှိသော (၁) မြတ်စွာဘုရား၌ မတုန်မလှုပ် ကြည်ညိုခြင်း၊ (၂) တရားတော်၌ မတုန်မလှုပ် ကြည်ညိုခြင်း၊ (၃) သံဃာတော်၌ မတုန်မလှုပ် ကြည်ညိုခြင်း၊ (၄) မကျိုးမပေါက် မပြောက်မကျားသည့် ငါးပါးသီလနှင့် ပြည့်စုံခြင်းဟူသော ဓမ္မာဒါသ တည်းဟူသော တရားကြေးမုံလေးပါးနှင့် ဗုဒ္ဓဘာသာဝင် သူတော်ကောင်းမှန်သမျှ ပြည့်စုံရမည်သာ ဖြစ်

သည်။ မဟာ ပရိနိဗ္ဗာနသုတ်၌ မြတ်စွာဘုရားသည် ဤဓမ္မာဒါသ လေးပါးကို စံချိန်အဖြစ်ဖြင့် ဟောကြားတော်မူခဲ့၏။ ဤတရား လေးပါးနှင့် ပြည့်စုံသောသူသည် "ငါသည် သောတာပန်ဖြစ်၍ အပါယ်တံခါး ပိတ်ခဲ့လေပြီ"ဟု ဖွင့်ဟ ပြောဆိုနိုင်၏။ ဤတရား လေးပါးနှင့် မပြည့်စုံပါဘဲလျက် "ငါသည် အရိယာ ဖြစ်၍ အပါယ်တံခါး ပိတ်ခဲ့လေပြီ"ဟု ပြောဆိုနေခြင်းသည် အချိန်းနှီး အလဟဿ ဝါကြွားပြောဆိုခြင်း သက်သက်မျှသာ ဖြစ်ပေသည်။

ဤမျှသော စကားရပ်များဖြင့် မြတ်စွာဘုရားသည် မိဂဒါဝုန် တော၌ ဟောကြားတော်မူခဲ့သည့် သုတ်များကို ရွေးထုတ်ကာ ပြသခဲ့လေပြီ။ ဤ မိဂဒါဝုန်တော၌ မြတ်စွာဘုရားသည် ကာလ ရှည်ကြာစွာသီတင်းမသုံးသော်လည်း ရဟန်းတော်များသည်ကား အဆက်မပြတ် သီတင်းသုံးနေကြပေလိမ့်မည်။ မည်သို့ဆိုစေကာမူ လေးရာစု ဘီစီ ကုန်ခါနီးလောက်၌ကား ဤ ဆာရနာတ်သည် မြင့်မြတ်သောဌာန အဖြစ်ဖြင့် စည်ကား စိုပြေ လာ လေ၏။ အသောကမင်းကြီး နန်းတက်သောအခါ၌ကား စည်ပင်ပြန့်ပွား တိုးတက် ကြီးပွားလာသည့် ဗုဒ္ဓဘာသာ၏ ဗဟိုဌာနအဖြစ်သို့ ရောက်ရှိလာလေသည်။

အသောကမင်းကြီး နတ်ရွာစံပြီးသည့်နောက်၌ ဤဆာရ နာတ်နှင့် ပတ်သက်သည့် အကြောင်းခြင်းရာကို အတိအကျ မသိရတော့ပေ။ အေဒီ ငါးရာစုအတွင်း ဆာရနာတ်သို့ ရောက်ရှိ လာသော တရုတ်ရဟန်းတော် အရှင်ဖာဟီယန်၏ ရေးသားချက် အရ သူရောက်လာသည့် အချိန်အခါ၌ ဆာရနာတ်မှာ ကျောင်း ကန်ဘုရား ရဟန်းတော်များနှင့် သာယာ တင့်တယ်နေကြောင်း

ကို သိရှိရ၏။ တူးဖော်ရရှိသော ကျောင်းများ၏ အုတ်မြစ်များ၊ များပြားလှစွာသော ကျောက်ရုပ်အပိုင်းအစများနှင့် အထွေထွေသော ကျောက်စာများကို ထောက်ထား၍ ဆာရနာတ်ဒေသသည် သုံးရာစုနှင့် ခုနစ်ရာစု (၂၅၀-၆၅၀ အေဒီ) အတွင်း၌ အလွန် တိုးတက် စည်ကားနေခဲ့ကြောင်းကိုလည်း မှန်းဆ သိရှိရပေသည်။

ခြောက်ရာစု အေဒီအတွင်းတွင် ရက်စက်ဆိုးသွမ်းသော ဟန်းလူမျိုး မိဟိရ်ကုလာသည် (Mihirkula) ဤဆာရနာတ်ဒေသကို ဖျက်ဆီးခဲ့လေသည်။ သို့ရာတွင် ဗုဒ္ဓဘာသာဝင်များက ပြန်လည်ပြုပြင်ထားခဲ့ဟန် လက္ခဏာရှိသည်။ တဆယ်ရာစု အေဒီလောက်ကစ၍ ဆာရနာတ်သည် တဖြည်းဖြည်း ပျက်စီးယိုယွင်းလာခဲ့၏။ သို့ရာတွင် ဘင်္ဂါဘုရင် မဟိပါလ၏ လက်ထက် ၁၀၂၆ အေဒီတွင် ဆထိရပါလနှင့် ဗဆန္တပါလ မည်သော ညီနောင်နှစ်ဦးတို့သည် ကျောင်းများကို အသစ်ပြုပြင်ပြီး စေတီသစ်များကိုလည်း တည်ထားခဲ့ကြလေ၏။ ဤသို့ ဗုဒ္ဓဘာသာဝင်များက ဤမြင့်မြတ်သောဌာနကို တတ်နိုင်သမျှ စောင့်ရှောက်ကာကွယ်ကြသော်လည်း ဗြာဟ္မဏ ဘာသာဝင် တို့သည် ဤဒေသ၌ အခြေစိုက်ကာ သူတို့၏ ဘုရားကျောင်းများကို တည်ဆောက်ကြကုန်၏။ ၁၁ ရာစုတွင် ဆူလတန်မာမဒ် ဂဇ္ဇနာဗီသည် ဤဌာနကို တိုက်ခိုက်ဖျက်ဆီးခဲ့၏။ နောက် မကြာမီ ၁၂ ရာစု (၁၁၉၄ အေဒီ) တွင် မာမဒ်ဃိုရီ၏ စစ်သူကြီး ကုတ်ဗုဒ္ဒင်သည် ဤဆာရနာတ်၌ မပျက်မစီးဘဲ ကျန်ရှိနေသေးသည့် အဲဆောက်အဦများကို နောက်ဆုံးအနေဖြင့် ဖြိုလှဲ

ဖျက်ဆီးပစ်လိုက်လေသည်။ ရဟန်းတော်များ အားလုံး လိုလို ပင် သေကြေပျက်စီးကြရကုန်၏။ အသက်မသေ ကျန်နေသေး သည့် ရဟန်းတော်တို့သည် တိဗက် နီပေါနှင့် အခြားအနီးအနား နိုင်ငံများသို့ ထွက်ပြေးကြရကုန်၏။ ကျောင်းများသည် မြေပြင် နှင့် တပြေးတည်းဖြစ်သွားပြီး အလွန်ကြီးမားသော စေတီတော် နှစ်ဆူသည်သာလျှင် ဤဆာရနာတ်ဒေသ၏ ရှေးအခါက ကြီး ကျယ်ခမ်းနား စည်ကားစိုပြည်ခဲ့သည့် အထိမ်းအမှတ်အဖြစ်ဖြင့် ယနေ့တိုင်အောင် မားမားမတ်မတ် ရပ်တည်နေပေတော့သည်။

## ကုသိနာရုံ ခေါ် ကုသိနာရာ

မြတ်စွာဘုရားသည် မိဂဒါဝုန်တော၌ ဓမ္မစကြာ တရားတော် ကို ဟောတော်မူသည့် အခါမှ အစပြု၍ လေးဆယ့်ငါးဝါ ကာလပတ်လုံး လူနတ်ဗြဟ္မာ သတ္တဝါတို့၏ အကျိုးငှာ တရား ဒေသနာ ဟောပြောပြသတော်မူပြီးနောက် ၅၄၃ ဘီစီ ကဆုန် လပြည့်နေ့၌ကုသိနာရုံခေါ် ကုသိနာရာတွင် ပရိနိဗ္ဗာန်စံဝင်တော် မူခဲ့လေသည်။ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူသောအခါ၌ ထို ကုသိနာရုံသည် မလ္လာမင်းတို့၏ မြို့ကလေးသာဖြစ်၏။ စင်စစ် အားဖြင့် ထိုမလ္လာမင်းတို့၏ ဥပဝတ္တန မည်သော ဥယျာဉ်သည် သာလျှင် မြတ်စွာဘုရား၏ ပရိနိဗ္ဗာန် စံတော်မူရာဌာန ဖြစ်ပေ သည်။

ကုသိနာရုံသည် ယူပီနယ်(United provinces) ဂေါရက္ခပူရ် ခရိုင် (Gorakhpur Distriet) ကာဆီးယား (Kasia) မြို့ မြောက်ဖက် တမိုင်ခွဲခန့်အရပ်၌ တည်ရှိ၏။ ကုသိနာရုံ၏ ယခု

အခါ အများ သုံးစွဲနေသည့် အမည်သည် မတ္ထကူန်ဝါ (Mothakunwa) ဖြစ်သည်။ မရတကုမာရ (Mrtakumara) သေသော မင်းသားဟု အဓိပ္ပာယ်ရသည်။

ကုသိနာရုံသို့ ဂေါရက္ခပူရ် သို့မဟုတ် တာဆစ်လ်ဒိုးရီးယား (Tahsil Deoria)မှ သွားရောက်နိုင်၏။ ဂေါရက္ခပူရ် သည် ကုသိနာရုံမှ ၃၂ မိုင်ဝေး၍ အိုတီမီးရထားလမ်း (The Oudh and Tirhut Railway)ပေါ်ရှိ ခရိုင်မြို့ ဖြစ်ပေသည်။ တာဆစ်လ် ဒိုးရီးယားသည်ကား ထို (O.T.)အိုတီ မီးရထားလမ်းပေါ်၌ပင် ရှိသော ကြားဘူးတာကလေးတခုဖြစ်၍ ကုသိနာရုံမှ မိုင် ၂၀ မျှ သာ ကွာဝေး၏။ ဂေါရက္ခပူရ်နှင့် တာဆစ်လ် ဒိုးရီးယား နှစ်နေရာလုံးမှ ကာဆီးယားသို့ အစိုးရဘတ်စ် ကားများဖြင့် လွယ်ကူစွာသွားနိုင်လေသည်။ ပိုက်ဆံအနည်းငယ် ထပ်မံပေးပါက ဘတ်စ်ကားများသည် ကာဆီးယားမှ ဆက်လက်ကာ ပရိနိဗ္ဗာန် စံရာဌာနဖြစ်သည့် ကုသိနာရုံသို့ ပို့ပေးကြလိမ့်မည်။

ကုသိနာရုံ၌ ဘုရားဖူးဧည့်သည်များ တည်းခိုရန်ဌာန နှစ်ခု ရှိ၏။ တခုမှာ ဆရာတော် ဦးစန္ဒမုနိ၏ ကျောင်းတိုက်ဖြစ်၍ အခြားတခုမှာ ဗိရလာ ဆောက်လုပ်ထားသည့် 'အရိယဝိဟာရ' ခေါ် ဓမ္မသာလာဖြစ်ပေသည်။

ကုသိနာရုံ၌ ရှိနေသည့် စိတ်ဝင်စားဘွယ်ရာ တို့သည် အောက်ပါအတိုင်း ဖြစ်ကုန်သည်။

## ( ၁ ) မြတ်စွာဘုရား၏ လျှောင်းတော်မူ ရုပ်တုတော် တည်ရှိရာ တန်ဆောင်း

မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူရာ မဟာပရိနိဗ္ဗာန စေတီတော်သို့ ဖူးမြော်ရန် သွားရောက်ရာ လမ်းခရီး၌ ဖြူဖွေးနေအောင် ထုံးသုတ်ထားသည့် အဆောက်အဦကလေး တခုကို တွေ့ရပေလိမ့်မည်။ ထို အဆောက်အဦ ကလေးသည် အမြင်အားဖြင့် သေးနုပ် သိမ်ငယ်သော်လည်း သာမည အဆောက်အဦကလေး မဟုတ်ချေ။ ထိုအဆောက်အဦ ကလေး၏ အတွင်း၌ ပရိနိဗ္ဗာန် စံတော်မူသည့် အနေအထားဖြင့် မြတ်စွာဘုရား၏ ကြီးမားသော လျှောင်းတော်မူ ရုပ်တုတော် တဆူကို ထုလုပ်ထားလေသည်။ တန်ဆောင်း ကလေးသည် အလွန်သေးပြီး ရုပ်တုတော်က ကြီးမားနေရကား ဘုရားဖူးများ ဝင်ရောက်ဖူးမြော်ရသည်မှာ အလွန် ကျဉ်းကျပ်လှပေသည်။ မြတ်စွာဘုရား ပွင့်တော်မူရာ ဗုဒ္ဓဂယာသို့ ရောက်သည့်အခါ စိတ်ဓာတ် တက်ကြွသလောက် မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူရာ ကုသိနာရာသို့ ရောက်သည့်အခါ စိတ်ဓာတ်ညှိုးငယ် သွားတတ်၏။ သင်းကဲ့သို့ စိတ်ညှိုးငယ် နေသည့်အခိုက် ပရိနိဗ္ဗာန် စံမည့်ဆဲဆဲ ညှိုးနွမ်းပင်ပန်းတော်မူနေသည့် မျက်နှာထားနှင့် သရုပ်ပေါ်အောင် ထုလုပ်ထားသည့် ရုပ်ပွားတော်ကို ဖူးမြင်ရသည့်အခါ ဘုရားဖူးများသည် ဦးနှိမ်ချရာမှ ပြန်၍ခေါင်းမကြွ နိုင်တော့ဘဲ မျက်ရည်ဖြိုင်ဖြိုင်ကျကာ တရှုတ်ရှုတ် ငိုကြွေးကြရ လေတော့သည်။ အထူးအားဖြင့် မြန်မာ ဘုရားဖူးများသည် ဤ ရုပ်ပွားတော်အား

ရွှေအထပ်ထပ်ချကာ အဘိုးတန် အထည်များဖြင့် လွှမ်းခြုံထား ကြကုန်၏။

ဤလျှောင်းတော်မူ ရုပ်ပွားတော်သည် အလျားပေ ၂၀ ရှိ၏။ ကျိန်းစက်တော်မူရာ ပလ္လင်တော်သည် အလျား ၂၃ ပေ ၉ လက်မ၊ အနံ ၅ ပေ ၆ လက်မ၊ အမြင့် ၂ ပေ ၁ လက်မ ရှိ၏။ ရုပ်ပွားတော်နှင့် ပလ္လင်တော် နှစ်ခုလုံးကိုပင် ကျောက်တုံး တခုတည်းမှ ထုလုပ်ထားလေသည်။ ပလ္လင်တော်၌ အရှင်အာနန္ဒာ အရှင်သုဘဒ္ဒ စသည်တို့၏ ရုပ်ပုံများကို ထွင်းထုထား၏။ ၁၈၃၃ ခုနှစ်က မစ္စတာ အေစီကာလိုင်သည် ဖရိုဖရဲ ကွဲလွင့်ပျက်စီး နေသော ဤ ရုပ်ပွားတော်၏ အကျိုးအပဲ့ အစအနများကို ပြန်လည်ဆက်စပ် ထားခဲ့သဖြင့် ယခုလက်ရှိ အခြေအနေသို့ ရောက်ရှိနေခြင်း ဖြစ်ပေသည်။ ပလ္လင်တော်၌ ရေးထိုးထားသည့် ကမ္ပည်းစာအရ ဤကျောင်းဆောင်နှင့် ရုပ်ပွားတော်၏ အလှူ ဒါယကာသည် ဟာရိဗလသာမိဖြစ်၍ ကျောက်ရုပ် ထုလုပ်သူ သည် မထုရာမှဒိန ဖြစ်ကြောင်း သိရ၏။ ထို့ပြင် ရေးထိုး ထားသည့် အက္ခရာများနှင့် စကားသွားကို ထောက်ဆသော အားဖြင့် ဤရုပ်ပွားတော်ကို ၅ ရာစု အေဒီအတွင်းက ထုလုပ် ထားခဲ့ကြောင်းကို မှန်းဆ သိရှိရပေသည်။

## ( ၂ ) မဟာပရိနိဗ္ဗာန စေတီတော်

မဟာပရိနိဗ္ဗာန စေတီတော်သည် အမည်တော် မှည့်ခေါ် ထားသည့်အတိုင်း မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူရာ ဌာန၌ တည်ထားသည့် စေတီတော်ဖြစ်၏။ ဤစေတီတော်ကို ဦးစွာ

ပထမ မည်သူတည်ထား ခဲ့သည်ကို မသိရှိရပေ။ ၅ ရာစု အေဒီ အတွင်းက ထပ်မံပြုပြင် ခဲ့သည်ကိုကား သိရှိရပေ၏။ ၁၈၇၆ ခုနှစ်က စတင်၍ ဤနေရာဌာနဒွိ အစိုးရ ကျောက်စာဘာက်မှ တူးဖော်စဉ် ကြေးအိုးကြီးတလုံးကို တွေ့ရှိရလေ၏။ ထိုကြေးအိုးကြီးထဲ၌ စာရေးထားသည့် ကြေးပြားတချပ်၊ ကုမာရဂုတ္တခေတ် ( ၄၁၃-၄၅၅ အေဒီ ) နှင့် သက်ဆိုင်သည့် ဒင်္ဂါး ၆ ခု စသည်တို့ကို တွေ့ရှိရ၏။ ကြေးပြားပေါ်၌ ရေးထားသည့် စာများထဲတွင် သက္ကဋဘာသာဖြင့် ရေးထားသည့် ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်နှင့် ဤမဟာပရိနိဗ္ဗာန စေတီတော် ဌာနဒွိ ဟရိဗလဆွာမိက ပြုပြင် လှူဒါန်းကြောင်းများ ပါရှိ၏။ ပြဆိုခဲ့ပြီးသည့် ကျောင်းဆောင်နှင့် ရုပ်ပွားတော်ကို ပြုပြင်ခဲ့သူ ဟရိဗလဆွာမိသည်ပင်လျှင် ဤ မဟာပရိနိဗ္ဗာန စေတီတော်ကို ပြင်ဆင်လှူဒါန်းသူ ဖြစ်လေသည်။ ယခုအခါ ဤစေတီတော်၏ အမြင့် ညာဏ်တော်မှာ ၁၆၇ ပေ ရှိသည်။

ဣန္ဒိယ အစိုးရ၏ ကျောက်စာဌာနက ဤနေရာတဝိုက်၌ တူးဖော်ခြင်း ကိစ္စသည် ၁၉၁၂ ခုနှစ်မှပင် ပြီးဆုံးသွားခဲ့၏။ ယင်းဌာန၏ ခွင့်ပြုချက်အရ မြန်မာပြည် ဟသ်ာတမြို့မှ ဦးဘိုးကျုံးက ငွေ ၁၈,၀၀၀ အကုန်အကျခံကာ ဤမဟာပရိနိဗ္ဗာန စေတီတော်ကို ပြန်လည်ပြုပြင်ခဲ့ရာ ၁၉၂၇ ခုနှစ်တွင် အပြီးသတ်ခဲ့ပေသည်။ ထိုနောက် ငွေ ၁၁,၀၀၀ အကုန်အကျခံကာ ရွှေချပြန်ရာ ၁၉၃၄ ခုနှစ်လောက်မှပင် လက်စသတ်ခဲ့ပေသည်။

## ( ၃ ) တူးဖော်ထားသည့် ရပ်ကွက်

ကုသိနာရုံ၌ တူးဖော်ထားသည့် ရပ်ကွက်သည် မဟာပရိနိဗ္ဗာန စေတီတော်၏ အရှေ့မျက်နှာစာဘက်တွင် တည်ရှိကာ ဆာရနာတ်စသော အခြားဌာနများနှင့် နှိုင်းစာပါက သေးငယ်လှပေ၏။ ဤနေရာ၌ တွေ့ရှိရသည့် ကမ္ပည်းကျောက်စာ အရ ရှေးအခါက ဤနေရာဌာန၌ မဟာပရိနိဗ္ဗာန မည်သော ကျောင်းတိုက်ကြီး တည်ရှိခဲ့၍ ၎င်းကျောင်းတိုက် ကြီးထဲတွင် ဆရိဗိရှနုဒ္ဒိပကျောင်း ဘဒ္ဒဆုဗိရကျောင်း စသည့် ကျောင်း အမြောက်အမြား ပါဝင်ကြောင်းကို သိရှိရပေသည်။

## ( ၄ ) အင်္ဂါရစေတီတော်

အင်္ဂါရ စေတီတော်သည် မဟာပရိနိဗ္ဗာန စေတီတော်၏ တည်ရာဌာနမှ တမိုင်၏ လေးပုံသုံးပုံလောက် ကွာဝေးသော အရပ်၌ တည်ရှိ၏။ ယင်းစေတီတော်ကို ယခုအခါ အနီးပတ်ဝန်း ကျင်ရှိ လူများက ‘ရားမ်ဘား’ ဟု ခေါ်ဝေါ်သမုတ်ကြ၏။ ဤ စေတီတော်သည် မြတ်စွာဘုရား၏ အလောင်းတော် တေဇောဓာတ် လောင်ရာဌာန၌ တည်ထားသည့် စေတီတော် ဖြစ်သည်ဟု ပြောဆိုကြ၏။ ဤစေတီတော်ကို မည်သည့်အခါက တည်ထားခဲ့သည်ဟု အတိအကျ မသိရှိရပေ။ သို့ရာတွင် သုံး ရာစုထက်စော၍ တည်ထားခဲ့ဟန် မတူပေ။ ရှေးအခါက သူခိုး လူဆိုးများသည် ဤစေတီတော်ကို ထွင်းဖောက်၍ ဌာပနာ များကို ယူခဲ့ကြ၏။ ထို့ကြောင့် ယခုအခါ လူဆိုးများ ဖောက်

ထွင်းထားသည့် လမ်းကျဉ်းကလေးမှ လျှောက်၍ စေတီတော်၏ အောက်ခြေသို့ ရောက်အောင် သွားနိုင်ကြ၏။ ယခုအခါ စေတီတော် ပတ်ဝန်းကျင်၌ သစ်ပင်ချုံပုတ်များဖြင့် ရှုပ်ထွေးနေ၏။ စေတီတော်၏ အနီး၌ကပ်ပြီး ပေါက်နေသည့် ညောင်ပင်၏ ဖြာထွက်နေသည့် အကိုင်းများပေါ်တွင် တရုတ် ဘုန်းကြီးတပါး သည် ကျောင်းကလေး ပြုလုပ်ကာ နေထိုင်ပြီး အနီးအနားက ရွာများမှာ ဆွမ်းခံစား၍ မြတ်စွာဘုရားကို အားပါးတရ ပူဇော်နေပေသည်။

## ( ၅ ) မထာဗဗာကိမ္ဗုရ်တိမန္ဒိရ်

မြန်မာ ဘုန်းတော်ကြီး ကျောင်းမှ ၂ ဖာလုံလောက်တွင် တောင်ပို့ကလေး တခုပေါ်၌ ကျောင်းဆောင်ကလေး တခုရှိ၏။ ထိုကျောင်းဆောင် ကလေးကို ပတ်ဝန်းကျင်ရှိ အရပ်သား များက 'မထာဗဗာကိမ္ဗုရ်တိမန္ဒိရ်' ဟူ၍ ခေါ်ဝေါ်ကြ၏။ ကွယ်လွန်သော သူတော်ကောင်း၏ ရုပ်တုတော် တည်ရှိသည့် ကျောင်းဆောင်ဟု အဓိပ္ပာယ်ရရှိ၏။ ၎င်း ကျောင်းဆောင် အတွင်း၌ရှိ ရုပ်ပုံသည် ဈာနဗုဒ္ဓ၏ ရုပ်ပုံဖြစ်သည်။ ဉာဏ်တော် ၅ ပေ ၆လက်မ ရှိသည်။ ယင်းရုပ်ပုံကို ကနစ်ရှကခေတ် ( ၇၉–၁၁၀ အေဒီ ) လောက်က ထုလုပ်ထားခဲ့လေသည်။

## ( ၆ ) မြန်မာဘုန်းတော်ကြီးကျောင်း

မြန်မာဘုန်းတော်ကြီး ကျောင်းမှာ အဆောက်အဦ နှစ်ခု ရှိသည်။ ပထမ အဆောက်အဦသည် တထပ် တိုက် ဖြစ်၍ ကာသီးယား ဘက်မှ ဝင်ရောက်ရာ ဌာန၏ လက်ဝဲ ဘက်၌

တည်ရှိ၏။ ထိုကျောင်းကို ကလကတ္တားမြို့ ကုန်သည်ကြီး ရခိုင်လူမျိုးဦးချိဇာရီက ဆောက်လုပ်လှူဒါန်း ထားလေသည်။ ဒုတိယ အဆောက်အဦသည် ဦးချိဇာရီကျောင်း၏ နောက်၌ တည်ရှိသည့် နှစ်ထပ်တိုက်ဖြစ်သည်။ ၎င်းတိုက်၌ သာသနာပြု ဆရာတော် အရှင်စန္ဒမုနိ မဟာထေရ် သီတင်းသုံးတော်မူသည်။

## ( ၃ ) ဓမ္မသာလာ

ကာသီးယားမှ လာရာ လမ်းမကြီး၏ လက်ျာဘက်တွင် ကြီးကျယ်ခမ်းနားသော ဘုရားဖူးများ တည်းခိုဘို့ရာ ဓမ္မသာလာ တခုရှိ၏။ ထိုဓမ္မသာလာကို ယခုခေတ် အနာထပိဏ်ဖြစ်သော သူဌေးကြီး ဗိရ်လာဂျီက ဆောက်လုပ်လှူဒါန်း ထားလေသည်။ ယင်းဓမ္မသာလာ၏ အလယ်ခန်းမကြီးသည် အတော်ကျယ်ဝန်း ၍ ၎င်းခန်းမကြီး၏ ဘေးပတ်လည်၌ ညဉ့်အိပ်ရန် သီးသန့် ထားသည့် အခန်းပေါင်း များစွာရှိပေသည်။

ဤမျှသော စကားရပ်များဖြင့် ကုသိနာရုံ၏ ယခုလက်ရှိ အခြေအနေကို အကျဉ်းအားဖြင့် ဖော်ပြပြီးလေပြီ။ ဤကုသိ နာရုံသည် ဗုဒ္ဓဘာသာဝင်တို့၏ အရေးအကြီးဆုံး စတုတ္ထဌာန ဖြစ်၏။ မြတ်စွာဘုရား၏ ဘဝဇာတ်သိမ်းရာ ဖြစ်သောကြောင့် ဤဌာနသည် မြတ်စွာဘုရား၏ ဇွမ္ဗူဒီပ (ဇမ္ဗူဒီပ)ပြည်ရှိ အခြားဌာနများ နှင့် မတူဘဲ စိတ်ညှိုးငယ်ဘွယ်ရာ ဌာနဖြစ်ပေသည်။ ဤနေရာ ဒေသသို့ ဘုရားဖူးရောက်ရှိကြသော စိတ်အားထက်သန်သည့် ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်တို့သည် ပတ်ဝန်းကျင်ရှိ လွမ်းဆွတ်ကြေကွဲ ဝမ်းနည်းဘွယ်ရာတို့၏ လှုံ့ဆော်မှုကြောင့် မျက်ရည်ဖြိုင်ဖြိုင်

မကျဘဲ မနေနိုင်ကြပေ။ အထူးအားဖြင့် ပြဆိုခဲ့ပြီးသည့်အတိုင်း လျှောင်းတော်မူ ရုပ်ပွားတော်ကြီး၏ ရွှေတော်မှောက်၌ မချုပ်တည်း နိုင်ကြတော့ဘဲ အားရပါးရ ငိုကြွေးတတ်ကြပေသည်။

မြတ်စွာဘုရားနှင့် ပတ်သက်သည့် ဌာနဟူသမျှ၌ အသောကမင်းကြီး၏ အမှတ်အသားများ ရှိတတ်၏။ တရုတ်ရဟန်းတော်ဟူယင်ဆင်က သူရောက်စဉ်က ဤနေရာဌာန၌ အသောကမင်းကြီး၏ ကျောက်တိုင်နှစ်ခုကို တွေ့ရှိရသည်ဟု ရေးသားထားခဲ့သော်လည်း ယခုအခါ ထိုကျောက်တိုင်တို့၏ အစအနကိုမျှ ရှာ၍ မရတော့ချေ။

မြတ်စွာဘုရား ပရိနိဗ္ဗာန် စံပြီးသည့်နောက် မကြာမီကာလ၌ ဤကုသိနာရုံ တည်ရှိရာ မလ္လာတိုင်းနှင့် ဝေသာလီပြည်တည်ရှိရာ ဝဇ္ဇီတိုင်း တည်းဟူသော သမ္မတနိုင်ငံ နှစ်ခုတို့ကို အဇာတသတ်မင်းက တိုက်ခိုက်နှိမ်နင်းပြီး မဂဓအင်ပါယာအတွင်းသို့ သွတ်သွင်းခဲ့လေသည်။ ငါးရာစု အေဒီအတွင်း တရုတ်ရဟန်းတော် ဖာဟီယန် ရောက်ရှိစဉ်က ဤကုသိနာရုံ၌ လူနေအိမ်ခြေ ကျိုးတိုးကျဲတဲမျှနှင့် ဆွေးမြေ့ ဟောင်းနွမ်းနေသည့် ကျောင်းတိုက်များကိုသာ တွေ့ခဲ့ရသည်ဟု မှတ်တမ်းရေးထားခဲ့လေသည်။ ထိုငါးရာစု အေဒီ အတွင်း၌ပင်လျှင် ဟရိဗလဆွာမိက မဟာပရိနိဗ္ဗာန စေတီတော်ကို ပြန်လည်ပြုပြင်ကြောင်းကို အထက်ကပင် ရေးသားဖော်ပြ ခဲ့လေပြီ။

ကုသိနာရုံသည် နှစ်ပေါင်းများစွာ တိမ်မြုပ် ကွယ်ပျောက်နေပြီးနောက် ၁၉ ရာစု အတွင်းကမှပင်လျှင် ပြန်လည်ပေါ်လွင်ထင်ရှားလာပေသည်။ ဤကဲ့သို့ ပြန်လည် ထင်ရှားလာရခြင်း

သည် ဣန္ဒိယ ကျောက်စာဘက်ဆိုင်ရာ ဆာအလက်ဇန္ဒာ ကန်နင်ဂဟန်၏ ကျေးဇူးကြောင့်ဖြစ်သည်။ သူသည် ၁၈၅၂ ခုနှစ်တွင် ဤကုသိနာရုံသို့ ရောက်ရှိလာပြီး ၁၈၅၃ ခုနှစ်တွင် ဤဌာနကို စတင်တူးဖော် စေလေသည်။ တူးဖော်ရာ၌ ကြီးကြပ်အုပ်ချုပ်သူသည် မစ္စတာအေစီကာလိုင်ပင် ဖြစ်သည်။ ယင်းကဲ့သို့ တူးဖော်စဉ် ဤနေရာဌာနမှ မီးလောင်ထားသည့်လူ၏ အရိုးများနှင့် အခြားပစ္စည်းများကို တွေ့ရှိရ၏။ ဤ မီးလောင်ကျွမ်းထားသည့် အရာများတို ထောက်ဆသောအားဖြင့် တရံရောအခါက ဤဌာနရှိ ကျောင်းကန်ဘုရား စေတီပုထိုးများနှင့် တကွ ရဟန်း သံဃာများကိုပါ သာသနာကို မလိုလားသူများက မီးရှို့ ဖျက်စီးခဲ့ကြကြောင်းမှာ ထင်ရှားလှပေသည်။ တူးဖော်ခြင်း အလုပ်သည် ပြတ်တောင်းပြတ်တောင်း ဖြစ်နေသဖြင့် ၅၉ နှစ် ကြာမြင့်သွားကာ ၁၉၁၂ ခု နှစ်မှပင် ပြီးဆုံးလေတော့သည်။

ယခုခေတ်အခါ ဤကုသိနာရုံ၌ ဗုဒ္ဓဘာသာကို စတင်ပြုစုပျိုးထောင်သူသည် ဣန္ဒိယမြောက်ပိုင်းသား မဟာဝီရ်ဘိက္ခုထေရ် ဖြစ်ပေ၏။ သူသည် ရှေးဦးစွာ ဤနေရာဌာန၌ ကျောင်းကလေး တဆောင် ဆောက်လုပ်နေထိုင်ပြီး သာသနာပြုနေ၏။ ထို့နောက် ဦးချိဇာရိက မြေကွက်တခု ဝယ်ယူပြီး ထိုမြေကွက်ပေါ်၌ တထပ်တိုက် ကျောင်းတဆောင်ကို သူ့အား ဆောက်လုပ် လှူဒါန်းလေသည်။

ထို့နောက် ဦးစန္ဒမုနိ အရှင်မြတ် ရောက်ရှိလာပြီး မဟာဝီရ်ဆရာမိနှင့် အတူတကွ နေထိုင်လေ၏။ မဟာဝီရ်ဆရာမိ ပျံလွန်တော်မူသည့်အခါ သူသည် ဤနေရာ၌ ယနေ့တိုင်အောင်

ဆက်လက်နေထိုင်ပြီး တပည့် ပရိသတ် အခြွေအရံ မြောက်မြား စွာနှင့် ဗုဒ္ဓသာသနာတော် တိုးတက်ရာ တိုးတက်ကြောင်းကို အဖက်ဖက်မှ ကြိုးပမ်းအားထုတ်လျက် ရှိနေပေသည်။ ဤအရှင် မြတ်သည် ပါဠိ ဘာသာကိုသာမက ဟိန္ဒူဘာသာနှင့် သက္ကတ ဘာသာ တို့ကိုလည်း တဖက်ကမ်းခတ် တတ်မြောက်တော် မူပေသည်။ အထူးအားဖြင့် မြန်မာပြည်သား ရဟန်းတော်တပါး ဖြစ်ပြီး ဣန္ဒိယပြည်သားများ အလယ်၌ စွန့်စွန့်စားစား သာသနာပြု နေခြင်းကို မြန်မာ တမျိုးလုံးက ချီးကျူး ဂုဏ်ယူထိုက်ပါပေသည်။ ဆရာတော် ဦးစန္ဒမုနိ အရှင်မြတ်သည် ယခုအခါ သက်တော် ရှစ်ဆယ်ကျော် ကိုးဆယ်လောက်၌ ရှိနေ ပါသော်လည်း နောက်ထပ် နှစ်ပေါင်းများစွာ သက်တော်ရှည် တော်မူပြီး သာသနာတော်ကို ဆက်လက် ပြုစုစောင့်ရှောက် နိုင်ပါစေဟု ဆုတောင်းမေတ္တာ ပို့သနေရပါသည်။

## အသောက မင်းကြီးလက်ထက် ဗုဒ္ဓဘာသာ ကမ္ဘာအရပ်ရပ်သို့ ပြန့်နှံ့သွားခြင်း

ပြဆို ခဲ့ပြီးသည့်အတိုင်း ဘုရား အလောင်း တော်သည် ၆၂၃ ခု ဘီစီတွင် လုမ္ဗိနီဥယျာဉ်၌ ဖွားမြင်တော်မူခဲ့၏။ ထို့နောက် ၃၅ နှစ်အရွယ် ၅၈၈ ခု ဘီစီတွင် ဗုဒ္ဓဂယာရှိ မဟာဗောဓိပင် အောက်၌ ဘုရားအဖြစ်သို့ ရောက်တော်မူ၏။ ထို့နောက် ၄၅ ဝါ ကာလပတ်လုံး လူနတ်ပြဟ္မာ သတ္တဝါအပေါင်းတို့ အား တရားဒေသနာတော်ကို ဟောဖော်ပြသ ဆိုဆုံးမတော်

မူလေသည်။ သက်တော် ၈၀ အရွယ် ၅၄၃ ဘီစီ ကဆုန်လပြည့်နေ့တွင် ကုသိနာရုံပြည် မလ္လာမင်းတို့၏ အင်ကြင်းတော၌ ပရိနိဗ္ဗာန် စံတော်မူသည်။ ပရိနိဗ္ဗာန် စံတော်မူပြီးနောက် ဒုတိယ သတ္တာဟ ခုနှစ်ရက် နှစ်ပတ်မြောက် ဖြစ်သော ကဆုန်လပြည့်ကျော် ၁၃ ရက်နေ့တွင် တေဇောဓာတ် လောင်တော်မူလေသည်။

နယုန်လဆန်း ၅ ရက် ဓာတ်တော် ဝေသည့်နေ့၌ အရှင်မဟာကဿပသည် သင်္ဂါယနာတင်ရန် ရဟန္တာ ၅၀၀ တို့ကို ရွေးတော်မူပြီး ပထမ သင်္ဂါယနာ တင်မည့် အကြောင်းကို ရာဇဂြိုဟ်ပြည့်ရှင် အဇာတသတ်မင်းအား ကြားသိစေ၏။ ဝါခေါင်လပြည့်ကျော် ၅ ရက်နေ့၌ ရာဇဂြိုဟ်ပြည်တွင် အဇာတသတ်မင်းကို အမှီပြုကာ အရှင် မဟာ ကဿပ အမှူးရှိသော ရဟန္တာအရှင်မြတ် ၅၀၀ တို့သည် ခုနစ်လပတ်လုံး ပထမ သင်္ဂါယနာ တင်တော်မူကြသည်။ ထို့နောက် သာသနာသက္ကရာဇ်တရာ၊ ဘီစီ ၄၄၃ ခုတွင် ဝေသာလီပြည်၌ ကာလာသောကမင်းကို အမှီပြု၍ ရှင်ယသထေရ် အမှူးရှိသော ရဟန္တာအရှင်မြတ် ၇၀၀ တို့သည် ဒုတိယ သင်္ဂါယနာ တင်တော်မူကြသည်။ ထို့နောက် ဘီစီ ၂၄၄ ခုတွင် ပါဋလိပုတ်ပြည်၌ အသောကမင်းကြီးကို အမှီပြု၍ အရှင်မဟာ မောဂ္ဂလိပုတ္တတိဿ ထေရ် အမှူးရှိသော ရဟန္တာအရှင်မြတ် ၁၀၀၀ တို့သည် တတိယ သင်္ဂါယနာ တင်တော်မူကြသည်။

ဤတတိယသင်္ဂါယနာ၏မှီရာ ဥပနိဿယဖြစ်သော အသောကမင်းကြီးသည် ဗုဒ္ဓဘာသာကို မိမိတိုင်းပြည်၌သာမက နိုင်ငံခြား

တိုင်းပြည်တို့သို့ပါ ပြန့်ပွား ထွန်းကားသွားအောင် ဆောင်ရွက်ခဲ့၏။ ယင်းကဲ့သို့ အသောကမင်းကြီး၏ ဆောင်ရွက်မှုကြောင့် ကမ္ဘာပေါ်၌ ဗုဒ္ဓသာသနာရောင်သည် ထွန်းပြောင် တောက်ပလာခဲ့ရပေသည်။ ဗုဒ္ဓဘာသာသမိုင်းတွင် ဂေါတမမြတ်စွာဘုရား၏နောက် ဒုတိယ အကြီးကျယ်ဆုံး ပုဂ္ဂိုလ်ကြီးဖြစ်သည့် ဤအသောကမင်းကြီး၏ သာသနာပြုစုရေးနှင့် ပတ်သက်သော အကြောင်းခြင်းရာများကို စုံလင်စွာ သိရှိထားရန် အလွန် အရေးကြီးလှပေ၏။ သို့ဖြစ်၍ အသောကမင်းကြီး၏ အတ္ထုပ္ပတ္တိကို စုံလင်နိုင်သမျှ စုံလင်အောင် ရှာဖွေစုဆောင်းကာ အကျဉ်းချုပ်အားဖြင့် ပြဆိုရပေမည်။

## ဘိုးတော်စန္ဒဂုတ်မင်း

ဘီစီ ၃၂၇ ခုတွင် ဂရိတ်ပြည် အလက်ဇန္ဒာဘုရင်သည် စစ်သည်ဗိုလ်ပါ အလုံးအရင်းနှင့်တကွ ဣန္ဒိယနိုင်ငံ အနောက် မြောက်ဖက်ရှိ ဟိန္ဒူကုသ်ျတောင်ကို ဖြတ်ကျော်ပြီး ပန်ဂျပ်ပြည်တွင်းသို့ ဝင်ရောက်တိုက်ခိုက် သိမ်းပိုက်လေ၏။ ထို့နောက် ဂရိတ်စစ်သည်တို့သည် ရှေ့သို့ တိုးတက် ချီတက်ကြရာ ပန်ဂျပ်ပြည် ဣန္ဒုမြစ်၏ အရှေ့ဘက် မြစ်လက်တက်တခုဖြစ်သည့် ဗီအပ်မြစ်သို့ ဆိုက်ရောက်ကြ၏။ ထိုအခါ သူတို့သည် ရှေ့သို့ ဆက်လက် ချီတက်ခြင်းငှာ မစွမ်းနိုင်ကြသဖြင့် ထိုနေရာမှ ပြန်လည် ဆုတ်ခွာ သွားကြရကုန်သည်။

ဤကဲ့သို့ ဆုတ်ခွာမသွားမီ အလက်ဇန္ဒာဘုရင်သည် ဣန္ဒိယနိုင်ငံ အနောက်မြောက်ဖက် ပြည်နယ်များအတွင်း မိမိ တိုက်ခိုက်

သိမ်းယူခဲ့ပြီးသော ပြည်နယ် ခုနစ်နယ်တို့ကို အုပ်ချုပ်ရန်အတွက် မြို့စား နယ်စားများကို စီမံ ခန့်ထားခဲ့လေ၏။ သူသည် ဣန္ဒိယ နိုင်ငံမှ ထွက်ခွာသွားပြီးနောက် ၃၂၃ ဘီစီတွင် ဘယ်ဘီလွန် မြို့၌ ကွယ်လွန်ခဲ့၏။ သူ ကွယ်လွန်ပြီးနောက် သူ တည်ထောင် ထားခဲ့သော ဂရိတ် အင်ပိုင်ယာနိုင်ငံကြီးသည် ဖရိုဖရဲ ပြိုကွဲ ပျက်စီးသွားတော့သည်။

ပြဆိုခဲ့သည့်အတိုင်း အလက်ဇန္ဒာဘုရင်သည် ဣန္ဒိယနိုင်ငံ အနောက်မြောက်ဖက် ပြည်နယ်များအတွင်းသို့ ဝင် ရောက် တိုက်ခိုက်စဉ်အခါက ဣန္ဒိယနိုင်ငံ၏ တိုင်း ပြည် များ အ နက် အကြီးဆုံးဖြစ်သော မဂဓတိုင်း၌ ဆတ္တာသည်၏ သားသည် မဟာပဒမ ဟူသော ဘွဲ့မည်ဖြင့် ထီးနန်းစိုးစံနေလေ၏။ ထိုအခါ နန္ဒ မင်းမျိုးမင်းနွယ် ဖြစ်သည့် စန္ဒဂုတ်မင်းသားသည် မဟာပဒမ မင်း၏ ဘေးရန်အန္တရာယ်ကို စိုးရိမ်ရသဖြင့် အရပ်တပါးသို့ တိမ်းရှောင်နေရလေသည်။

စန္ဒဂုတ်မင်းသားသည် စာနကျ မည်သော ပညာရှိတဦး၏ အကူအညီဖြင့် စစ်သည်ဗိုလ်ပါ စုရုံးကာ မဟာပဒမမင်းအား တိုက်ခိုက်လေ၏။ စစ်အောင်နိုင်ပြီးနောက် စန္ဒဂုတ်မင်းသားသည် ၃၂၃ ခု ဘီစီတွင် မဂဓတိုင်း၏ ဘုရင်အဖြစ်သို့ ရောက်ရှိလေ သည်။

စန္ဒဂုတ်မင်းသည် မဂဓတိုင်းကို သိမ်းပိုက်ပြီးနောက် ဣန္ဒိယ နိုင်ငံ အနောက်မြောက်ဖက် ပြည်နယ်များတွင် လာရောက် အုပ်စိုးနေသော ဂရိတ်တို့ကို တိုက်ခိုက် နှင်ထုတ်လိုက်၍ ၎င်းတို့၏ ပြည်နယ်များကိုပါ ရရှိလိုက်လေ၏။ ဤသို့လျှင် စန္ဒဂုတ်မင်း၏

မောရိယနိုင်ငံသည် အရှေ့ဖက် ဘင်္ဂလား ပင် လယ် အော် မှ အနောက်ဖက် အာရေဗျပင်လယ်သို့တိုင်အောင်ငှင်း၊ မြောက်ဖက် ဟိမဝန္တာတောင်မှ တောင်ဖက် နမ္မဒါမြစ်သို့ တိုင်အောင်ငှင်း ကျယ်ဝန်း ကြီးမားလာပေသည်။

အလက်ဇန္ဒာဘုရင်ထံမှ ဘယ်ဘီလွန်ပြည်နှင့် အခြားနယ်ပယ် တို့ကို ရရှိလိုက်သော ဆီလုကပ်စ်ဘုရင်သည် ၃၀၅ ဘီစီတွင် မိမိ အရှင်သခင် အလက်ဇန္ဒာဘုရင် စိုးပိုင်ခဲ့ဘူးသော ဍူနီဒိယနိုင်ငံ အနောက်မြောက်ဖက် ပြည်နယ်တို့ကို ပြန်လည် ရရှိရန် ကြံစည် စိတ်ကူးမိလေ၏။ ထို့ကြောင့် သူသည် စစ်သည်ရဲမက် အမြောက် အမြားနှင့် ပန်ဂျပ်ပြည် ဍူန္ဒုမြစ်ကို ဖြတ်ကျော်ကာ ချီတက် လာပြန်၏။ ထိုအခါ စန္ဒဂုတ်မင်းသည် အပြင်းအထန် ခုခံ တိုက်လေရာ ဆီလုကပ်စ်ဘုရင်သည် မရှုမလှ စစ်ရေး ရှုံးနိမ့်လေ ၏။ ထို့ကြောင့် ဆီလုကပ်စ်ဘုရင်သည် ၃၀၃ ဘီစီတွင် ဧရိယ၊ ဧရာခိုရှ၊ ဂီဒရိုရှ၊ ပရိုပနိဆာဒိုင် စသော နယ်ပယ်များနှင့်တကွ သမီးကညာကိုပါ ပေးအပ် ဆက်သပြီး စန္ဒဂုတ်မင်းနှင့် စစ်ပြေ ငြိမ်းရလေ၏။ ထို ပေးအပ်သည့် နယ်များသည် ယခုခေတ် ဍူနီဒိယအနောက်မြောက်တိုင်းနယ်၊ ဘလူချီစတန်ပြည်၊ အာဖကန် နီစတန်ပြည်တို့ ဖြစ်ကုန်၏။ စန္ဒဂုတ်မင်းကလည်း ဆီလုကပ်စ် ဘုရင် ဆက်သသော လက်ဆောင်ပဏ္ဏာများကို တုံ့ပြန်သော အားဖြင့် ဆီလုကပ်စ်ဘုရင်အား ဆင် အစီး ၅၀၀ ကို ပေးလိုက် လေသည်။

ဤသို့ စစ်ပြေငြိမ်းပြီးသည့်နောက် ဆီလုကပ်စ် ဘုရင်သည် ၃၀၃ ခု ဘီစီတွင် မေဂသေန အမည်ရှိသည့် ဂရိတ် အရာရှိ

တဦးကို ပါဋ္ဌလိပုတ် နေပြည်တော် စန္ဒဂုတ်မင်းထံသို့ သံတမန် အဖြစ်ဖြင့် စေလွှတ်လိုက်၏။ ထိုဂရိတ် သံတမံသည် မောရိယ နိုင်ငံအတွင်း မိမိ တွေ့မြင် ကြားသိသမျှ အကြောင်းအရာများကို မှတ်တမ်း ရေးသားထားခဲ့၏။ ယင်းမှတ်တမ်းသည် နောင်လာ နောက်သားများအတွက် အလွန် အဖိုးထိုက်တန်လှပေသည်။

စန္ဒဂုတ်မင်းသည် အသက် ၂၆ နှစ်အရွယ် နပျိုစဉ်ကပင် နန်းတက်ပြီး အသက် ငါးဆယ်အရွယ် တိုင်အောင် ၂၄ နှစ်မျှ ထီးနန်း စိုးစံခဲ့လေ၏။ သူသည် ဂျိန်းဘာသာကို အလွန်ယုံကြည် လေးစားသဖြင့် သားတော် ဗိန္ဒုသာရအား ထီးနန်း လွှဲအပ်ခဲ့ပြီး ဘဒ္ဒရဗာဟု မည်သော ဂျိန်း ရဟန်းတော်တပါးနှင့် မိုက်ဆိုးနယ် ဆရဗဏ ဘယ်လ်ဂိုလာ အမည်ရှိသည့် အရပ်သို့ လိုက်ပါသွား၏။ ထိုအရပ်၌ပင်လျှင် သူသည် ဂျိန်းဘာသာ၏ ကျင့်ဝတ်အရ အစာငတ်ခံကာ ၂၉၇ ဘီစီတွင် ကွယ်လွန် အနိစ္စရောက်သွား လေသည်။

## ခမည်းတော် ဗိန္ဒုသာရမင်း

ဗိန္ဒုသာရမင်းသည် စန္ဒဂုတ်မင်း ကွယ်လွန်သည့် ၂၉၇ ဘီစီ၌ပင်လျှင် မောရိယနိုင်ငံကို ဆက်ခံ စိုးစံရလေသည်။ သူသည် ခမည်းတော် စန္ဒဂုတ်မင်းကြီး တည်ထောင်ခဲ့သော မောရိယ နိုင်ငံကို မြဲမြံခိုင်မာစွာ စိုးမိုး အုပ်ချုပ်နိုင်ရုံသာမက ထိုနိုင်ငံ၏ တောင်ဘက်သို့လည်း နယ်ပယ်များကို ချဲ့ထွင်ခဲ့လေ၏။ ဗိန္ဒုသာရ မင်း လက်ထက် ၂၈၀ ဘီစီတွင် ဆီလုကပ်စ်ဘုရင်၏ သားတော် အန္တိချုဘုရင်က ဒိမာချု မည်သော ဂရိသံတမန်သစ်ကို ပါဋ္ဌလိ

ပုတ် နေပြည်တော်သို့ နောက်ထပ် စေလွှတ်လေသည်။ ဗိန္ဒုသာရ မင်းသည် ဗုဒ္ဓဘာသာထက် အာဇီဝိကခေါ် တက္ကတွန်းတို့၏ အယူဝါဒကို ပိုမို နှစ်သက် ယုံကြည်သူဖြစ်၏။ သူသည် ၂၅ နှစ်မျှ ထီးနန်းစိုးစံတော်မူပြီး ၂၇၃(ဝါ) ၂၇၂ ဘီစီတွင် ကံကုန်တော်မူလေသည်။

## အသောကမင်းကြီး ထီးနန်း ဆက်ခံ စိုးစံတော်မူခြင်း

အသောကမင်းသားသည် ထီးနန်း ဆက်ခံ မစိုးစံရမီ ခမည်းတော် ဗိန္ဒုသာရမင်းကြီးက ဥဇ္ဇေနီပြည်ကို အပိုင်စားပေးတော်မူသည့်အတိုင်း ဥဇ္ဇေနီပြည်သို့သွားရောက်နေထိုင်ခဲ့၏။ထိုအခါက ဝေဒိသက မြို့မှ ကုန်သည်ကြီးတဦး၏ သမီးဖြစ်သော ဒေဝီ အမည်ရှိ သတို့သမီးကို သိမ်းပိုက်ခဲ့၏။ ခမည်းတော် ဗိန္ဒုသာရ မင်းကြီး နတ်ရွာစံတော်မူကြောင်းကို ကြားရသောအခါ အသောကမင်းသားသည် ဒေဝီမင်းသမီးနှင့်တကွ သားတော် သမီးတော်တို့ကို ဝေဒိသက မြို့၌ ထားခဲ့၍ ပါဋလိပုတ်နေပြည်တော်သို့ အလျင်အမြန် သွားရောက်ပြီး ခမည်းတော်၏ အရိုက်အရာကို ဆက်ခံ စိုးစံလေသည်။

ဤသို့လျှင် အသောကမင်းကြီးသည် ၂၇၃ (ဝါ) ၂၇၂ ဘီစီတွင် မင်းအဖြစ်သို့ ရောက်ပြီးနောက် လေးနှစ်ကာလပတ်လုံး နိုင်ငံတော် နေသားတကျရှိအောင် ပြည်ထဲရေးကိုသာ စီမံ ခန့်ခွဲနေပေ၏။ ထို့နောက် ၂၆၉ ဘီစီတွင် ရာဇာဘိသေက ခံတော်မူ

သည့်အခါ ထုံးတမ်းစဉ်လာအရ 'ဒေဝါနံ ပိယ' ဟူသော ဘွဲ့ကိုရင်း၊ 'ပိယဒဿီ'ဟူသော ဘွဲ့ကိုရင်း ခံယူတော်မူလေသည်။

အသောကမင်းကြီးသည် မင်းအဖြစ်သို့ ရောက်သောအခါ ညီတော် တိဿမင်းသားအား အိမ်ရှေ့အရာကို အပ်နှင်း၏။ အသန္ဓိမိတ္တာကို တောင်ညာစံဒေဝီ အဂ္ဂမဟေသီအဖြစ် မြှောက်စား၍ ကာရုဝါကီ ခေါ် တိဿရက္ခာကိုကား မြောက်နန်းစံ အဖြစ် ထားသည်။ တတိယ မိဖုရားသည်ကား ပဒမဝတီ ဖြစ်လေသည်။

## ကလိင်္ဂ စစ်ပွဲ

အသောကမင်းကြီးသည် အဘိသိက် ခံပြီးနောက် ၈ နှစ်မြောက် ဖြစ်သည့် ၂၆၁ ဘီစီတွင် မိမိနှင့်တကွ အရှေ့တောင်အာရှ၏ သမိုင်းကို ပြုပြင်ပြောင်းလဲစေမည့် အရေးကြီးသော အမှုကိစ္စတခုကို ပြုလုပ် ဆောင်ရွက်ခဲ့၏။ ဣန္ဒိယနိုင်ငံ၏ အရှေ့ဘက် ဘင်္ဂလားအော် ပင်လယ်ကမ်းခြေ၌ မဟာနဒီမြစ်နှင့် ဂေါဒါဝရီမြစ်တို့၏ အကြားတွင် ကလိင်္ဂ (Orissa) မည်သော တိုင်းပြည်တခု ရှိ၏။ ထိုတိုင်းပြည်သည် မောရိယ အင်ပိုင်ယာနိုင်ငံကြီးထဲ မပါဝင်ဘဲ တသီးပုဂ္ဂလ ဖြစ်နေ၏။ အသောကမင်းကြီးသည် မိမိ အင်ပိုင်ယာနိုင်ငံကြီး၏ တောင်ဘက်နယ်နိမိတ် ညီညာစွာရှိစေရန် ထိုတိုင်းပြည်ကို တိုက်ခိုက် သိမ်းယူ၏။ ယင်းသို့ တိုက်ခိုက်ရာတွင် ကလိင်္ဂတိုင်းဖက်မှ စစ်သည်ရဲမက်ပေါင်း တသိန်းကျော်မျှ ကျဆုံးပြီး တသိန်းငါးသောင်းကျော်မျှ သုံ့ပန်းအဖြစ် ဖမ်းဆီးခြင်း ခံရ၏။ ထို့ပြင် စစ်ဘေးစစ်ဒဏ်ကြောင့် အစားအစာ

ခေါင်းပါးငတ်မွတ်ခြင်း၊ ရောဂါအမျိုးမျိုး ကူးစက်ဖြစ်ပွားခြင်း ဖြင့် သေကျေပျက်စီးကြရသည့် တိုင်းသူပြည်သား အပေါင်းမှာလည်း မရေမတွက်နိုင်အောင် များပြားလှပေ၏။ အသောကမင်းကြီးသည် ထို ကလိင်္ဂ စစ်ပွဲကြီး၌ တိုင်း သူ ပြည် သား အမြောက်အမြား သေကျေပျက်စီး ဆင်းရဲဒုက္ခ ရောက်ကြရသည်ကို တွေ့မြင် ကြားသိရသောအခါ ယူကျုံးမရ ဖြစ်ရလေ၏။ ယင်းသို့ ယူကျုံးမရ သတိသံဝေဂ ဖြစ်သည့်အတိုင်း ဗုဒ္ဓဘာသာတရားတော်ကို အထူးသဖြင့် ယုံကြည် လေးစားလာခဲ့၏။ ဗုဒ္ဓဘာသာ တရားတော်နှင့် ညီလျော်စွာ ကိုယ် စိတ် နှစ် ပါး ကို ပြုပြင် ပြောင်းလဲလျက် 'လက်နက်ဖြင့် မဟုတ်ဘဲ တရားဓမ္မဖြင့် အောင်မြင်ခြင်းသည်သာလျှင် အကြီးဆုံးသော အောင်မြင်ခြင်း ဖြစ်ပေသည်'ဟု နှလုံးသွင်းမိလေတော့သည်။

## သာသနာ ပြုစုတော်မူခြင်း

အသောက မင်းကြီးသည် ထိုအချိန်အခါမှစ၍ မိမိ၏ အလွန်ကျယ်ပြန့်ကြီးမားသော အင်ပိုင်ယာ နိုင်ငံကြီး၏အရှင် ဘုရင်ဧကရာဇ်၏ တန်ခိုးအာဏာကို ဗုဒ္ဓဘာသာ ပြန့်ပွားထွန်းကားရေး တရားဓမ္မကို လိုက်နာကျင့်ကြံရန် ဟောပြောပြသ ဆုံးမ တိုက်တွန်းရေးတို့၌သာ အသုံးပြုပေ၏။ တရားဓမ္မ များကိုလည်း ဗုဒ္ဓဘာသာ ရဟန်းတော်များထံမှ နာယူမှတ်သား သင်ကြားထားသဖြင့် ဗဟုသုတ ပြည့်ဝနေပေသည်။

ဤသို့လျှင် အသောကမင်းကြီးသည် ရဟန်းတော်များထံ ဆည်းကပ်ကာ မြတ်စွာဘုရား၏ တရားတော်ကို မဆုတ်မနစ်

ကြိုးပမ်းအားထုတ် လာခဲ့ရာ ၂၅၇ ဘီစီတွင် သူ၏ လက်ဦး ပထမ ကျောက်စာဖြစ်သည့် ကျောက်စာအငယ် အမှတ် ၁ ကို ရေးထိုးခဲ့၏။ ထို့နောက် နှစ်ပေါင်းများစွာအတွင်း ကျောက်စာ အမြောက်အမြားကို ရေးထိုးထားခဲ့လေ၏။ ဤကဲ့သို့ကျောက်စာ များကို ရေးထိုးရုံမျှသာမက ၂၅၀ ဘီစီတွင် တတိယသင်္ဂါယနာ တင်ပွဲကြီး အောင်မြင်ထမြောက်ရေး အတွက် အဖက်ဖက်မှ လိုလေသေး မရှိရလေအောင် ကူညီအားပေး ဆောင်ရွက် ခဲ့ပေသည်။ထို့ပြင် ဗုဒ္ဓဘာသာကို တကမ္ဘာလုံး ပြန့်ပွားထွန်းကား အောင် သာသနာပြုများကို အနယ်နယ်သို့ စေလွှတ်ခဲ့လေသည်။

## ဘုရားဖူး ထွက်တော်မူခြင်း

အသောကမင်းကြီးသည် ၂၄၉ ဘီစီတွင် ဗုဒ္ဓဘာသာနှင့် စပ်ဆိုင်သည့် အထွဋ်အမြတ် ဖြစ်သော နေရာဌာနများသို့ သွားရောက်ဖူးမြော်လေ၏။ ဤအထွဋ်အမြတ် ဒေသများအနက် မြတ်စွာဘုရား မီးရှူသန့်စင် ဖွားမြင်တော်မူရာ လုမ္ဗိနီ ဥယျာဉ် တော်သို့ ရှေးဦးစွာ သွားရောက်ခဲ့၏။ ပါဋလိပုတ် နေပြည် တော်မှ မြောက်ဖက်သို့ ဖောက်လုပ်ထားသည့် လမ်းမကြီး အတိုင်း ရှေးဦးစွာ နီပေါပြည်သို့ သွားလေ၏။ ယင်းသို့ သွားရာ လမ်းမကြီးသည် ယခုခေတ်မှ ဇတ်ဖာပူရ် ခရိုင်နှင့် ချန်ပါရန် ခရိုင်တို့ကို ဖြတ်သန်းကာ ဟိမဝန္တာ တောင်ခြေသို့ ရောက်အောင် တည်ရှိခဲ့၏။ အသောကမင်းကြီး ဘုရားဖူး သွားခဲ့သည့် ထိုလမ်းမကြီး တလျှောက်လုံးကို ကျောက်တလုံး

တည်းနှင့် စိုက်ထူထားသော ကျောက်တိုင်ကြီး ငါးတိုင်ဖြင့် မှတ်သားထားလေသည်။

ဟိမဝန္တာ တောင်ခြေသို့ ရောက်သောအခါ အသောက မင်းကြီးသည် တောင်များကို မဖြတ်ကျော်ဘဲ အနောက်ဖက်သို့ လှည့်သွားရာ လုမ္ဗိနီဥယျာဉ်တော်သို့ ရောက်ရှိလေ၏။ ဤဥယျာဉ်တော်အတွင်း အင်ကြင်းပင်တပင်၏ အကိုင်းကို ဆွဲကိုင်ကာ မယ်တော်မာယာသည် မတ်တတ်ရပ်လျက် ဘုရားအလောင်းတော်ကို မွေးဖွားခဲ့လေ၏။ ဤဘုရားအလောင်းတော် ဖွားမြင်ရာဌာနသို့ အသောက မင်းကြီးသည် မိမိ အဖူးအမြော် ရောက်ရှိသည့် အထိမ်းအမှတ် အဖြစ်ဖြင့် ကျောက်စာ ရေးထိုးထားသည့် ကျောက်တိုင်တခုကို စိုက်ထူထားခဲ့၏။ထိုကျောက်တိုင်သည် ယနေ့တိုင်အောင် တည်ရှိနေပေ သေးသည်။

ထို့နောက် သင့်လျော်သည့် အချိန်များတွင် အသောက မင်းကြီးသည် ဘုရားအလောင်းတော် ငယ်စဉ်က နေထိုင်ခဲ့ရာ ဌာနဖြစ်သော ယခုအခါ ပါဒရီးယားမည်သော ကပိလဝတ္ထုနေပြည်တော်သို့ ရောက်ခဲ့၏။ ထိုမှတပါး မြတ်စွာဘုရား ပွင့်တော်မူရာ ဗုဒ္ဓဂယာရှိ မဟာဗောဓိပင်သို့ရင်း၊ မြတ်စွာဘုရား ပဉ္စဝဂ္ဂီငါးဦးအား တရားဦးဟောရာ ဗာရာဏသီပြည် အနီး ဆာရနာတ်ခေါ် မိဂဒါဝုန် တောသို့ရင်း၊ မြတ်စွာဘုရား နှစ်ပေါင်းများစွာ သီတင်းသုံးတော်မူခဲ့ရာ ဆဟာက်မဟာက်ခေါ် သာဝတ္ထိပြည်သို့ရင်း၊ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူရာ ကုသိနာရုံသို့ရင်း အဖူးအမြော်ရောက်ရှိလေ၏။မိမိ အဖူးအမြော် ရောက်ရှိရာ ဤဌာနများ၌ အသောက မင်းကြီးသည်

ရက်ရကရောရော ပေးကမ်း လှူဒါန်းသည့်ပြင် အမှတ်တရ ကျောက်တိုင်များကိုလည်း စိုက်ထူထားခဲ့၏။ ထိုကျောက်တိုင်များ အနက် အချို့ကျောက်တိုင် များသည် နှစ်ပေါင်းများစွာ ကွယ်ပျောက် နစ်မြုပ်နေပြီးနောက် ကျောက်စာဌာန၏ အား ထုတ်မှုကြောင့် ယခုအခါ ပြန်လည် ထင်ရှားလာရကား ဗုဒ္ဓဘာသာဝင် သူတော်စင်များအတွက် အလွန် စိတ်ဝင်စား ဘွယ်ရာ ဖြစ်ကြပေသည်။

## မောရိယ အင်ပိုင်ယာနိုင်ငံတော်၏ အကျယ်အဝန်း

အသောကမင်းကြီး စိုးပိုင်ရာ အင်ပိုင်ယာ နိုင်ငံကြီး၏ အနောက်မြောက်ဖက် အတွင်း၌ ဟိန္ဒူကုရှ် တောင်တန်းများ၊ ယခုခေတ် အာဖဂန်နစ်စတန်ပြည်၊ ဗလူချီစတန်ပြည်နှင့် ဆင်း ပြည်တို့ ပါဝင်ကြ၏။ ဤ ဆွတ်တောင်ကြားနှင့် ဗာဂျော တောင်ကြားရှိ ပြည်နယ်များကို လက်အောက်ခံ နယ်စား များက အုပ်ချုပ်ကြ၏။ ကက်ရှမီးယားပြည်နှင့် နီပေါပြည်တို့ သည်ကား ဘုရင်ကိုယ်တိုင် အုပ်ချုပ်သည့် ပင်ရင်းမူလ ပြည်မ ကြီးထဲသို့ ပါဝင်ကြကုန်၏။ အသောက မင်းကြီးသည် ကက်ရှမီးယား ပြည်ထဲတွင် မြို့သစ်တမြို့တည်ကာ ဆရီနဂရ်ဟု အမည်ပေးထားခဲ့၏။ ထိုမြို့၏အနီးတွင် ယခုခေတ် ဆရီနဂရ် မြို့ကို တည်ထားပေသည်။

အသောက မင်းကြီးသည် နီပေါပြည်ထဲ တွင်လည်း မန်ဂျူပါတန် ' မည်သော မြို့တော်ဟောင်း၏အစား 'ပါတန်',

'လလိတပါတန်' သို့မဟုတ်'လလိတပူရ်'ဟူသော မြို့တော်သစ်ကို တည်ထားခဲ့၏။ ထိုမြို့သည် ယခုခေတ် 'ကာဋ္ဌမန္ဒူ' မြို့တော်၏ အရှေ့တောင်ဘက် နှစ်မိုင်ခွဲ ကွာဝေးသည့် အရပ်၌ ယနေ့တိုင်အောင် တည်ရှိနေသေး၏။ အသောကမင်းကြီးသည် ၂၄၉ ခု ဘီစီက လုမ္ဗိနီ ဥယျာဉ်တော်သို့ အဖူးအမြော် သွားရောက်ခြင်း၏ အထိမ်းအမှတ် အဖြစ်ဖြင့် ဤ'လလိတပူရ်'မြို့တော်ကို တည်ထားခဲ့ခြင်း ဖြစ်သည်။ ထိုအခါက အသောကမင်းကြီး၏ သမီးတော် စာရုမတီသည် ခမည်းတော်နှင့် အတူတကွ လိုက်ပါလာခဲ့၍ ခမည်းတော် ပါဋလိပုတ်နေပြည်တော်သို့ ပြန်သွားသောအခါ နီပေါပြည်ထဲ၌ နေရစ်ခဲ့၏။ သမီးတော် စာရုမတီသည် 'ဒေဝပတန'မည်သော မြို့သစ်တမြို့ကို တည်ခဲ့၏။ ထို့နောက် 'ပသုပတိနာထ' မြို့၏ မြောက်ဖက်တွင် ဘိက္ခုနီမ ကျောင်းတိုက်တခု ဆောက်လုပ်ပြီး ကိုယ်တိုင် ဘိက္ခုနီမ ပြုလုပ်ကာ သီတင်းသုံး နေထိုင်လေ၏။ ထိုဘိက္ခုနီမ ကျောင်းတိုက်သည် 'စာရုမတီ' ဟူသော အမည်နှင့် ယနေ့တိုင်အောင် ထင်ရှားနေပေသေးသည်။ အသောက မင်းကြီးသည် မိမိတည်ထားခဲ့သည့် 'လလိတပူရ်' မြို့တော်ကို သန့်စင်ကြည်လင်သည့် နေရာဌာနအဖြစ်ဖြင့် အသိအမှတ်ပြုကာ မြို့၏ အလယ်ဗဟို၌ စေတီတော်တဆူ၊ မြို့၏ အရပ်လေးမျက်နှာ၌ စေတီတော်တဆူစီ ပေါင်း စေတီတော်ငါးဆူကို တည်ထားခဲ့လေသည်။ ထိုစေတီတော်များသည် ယနေ့တိုင်အောင် တည်ရှိနေကြပေသေးသည်။

အသောကမင်းကြီး၏ အင်ပိုင်ယာနိုင်ငံကြီး၏ အရှေ့ဘက်၌

ဂင်္ဂါ မြစ်ဝများတိုင်အောင် ကျယ်ပြန့်သည့် ဗင်္ဂတိုင်း မဲခါ ဗင်္ဂေါလ်ပြည် ပါဝင်လေ၏။ ထို ဂင်္ဂါမြစ်ဝများတွင် ရှေးအခါက 'တာမရလိပတိ' (တာမလိတ္တိ) ယခုခေတ် 'တမလုက်' ခေါ် အချက်အချာဖြစ်သော သင်္ဘောဆိပ်တခု ရှိ၏။ ဂေါဒါဝရီမြစ်၏ မြောက်ဖက် ပင်လယ်ကမ်းရိုးတန်း တလျှောက်၌ တည်ရှိသည့် ကလိင်္ဂကို ၂၆၁ ဘီစီက တိုက်ခိုက် သိမ်းပိုက်ခဲ့၏။ ထိုကလိင်္ဂတိုင်း၏ တောင်ဘက် ဂေါဒါဝရီမြစ်နှင့် ကရစ်ရှနားမြစ်တို့၏ အကြားတွင် ရှိသော 'အန္ဓရ' ပြည်သည်လည်း အင်ပိုင်ယာ နိုင်ငံကြီးထဲသို့ ပါဝင်ခဲ့၏။ အင်ပိုင်ယာ နိုင်ငံကြီး၏ အရှေ့တောင် ဘက် ၌ 'ပင်းနားမြစ်' ဖြင့် နယ်နိမိတ်အဆုံးကို သတ်မှတ်ထားလေသည်။

ဣန္ဒိယကျွန်းဆွယ်၏ တောင်ဘက်အစွန်ဆုံး၌ တည်ရှိကြသည့် ချိုလာနှင့် ပန်ဒျ မည်သော တမိလ်နိုင်ငံတို့သည်၎င်း၊ အနောက် တောင်ဘက် မာလဗာကမ်းခြေရှိ ကေရာလပုတ္တရနှင့် ဆတိယ ပုတ္တရ နိုင်ငံတို့သည်၎င်း လွတ်လပ်သည့်နိုင်ငံများ ဖြစ်ကြကုန်၏။ အသောက အင်ပိုင်ယာ၏ တောင်ဘက် နယ်နိမိတ်သည် အရှေ့ ဘက် ပင်လယ်ကမ်းခြေရှိ ပင်းနားမြစ်ဝမှ အနောက်ဘက် ပင်လယ်ကမ်းခြေရှိ ကလျာနပုရီ မြစ် တိုင် အောင် ဖြစ် ၏။ ထို့ကြောင့် အသောက အင်ပိုင်ယာကြီးထဲတွင် ယခုခေတ် အာဖဂန်နစ်စတန်ပြည်၊ ဗလူချီစတန်ပြည်၊ ဆင်းပြည်၊ ကက်ရှမီး ယားပြည်၊ နီပေါပြည်နှင့် ဟိမဝန္တာတောင်ခြေ အချပ်တို့ ပါဝင် ကြကုန်၏။ ထို့ပြင် တောင်ဘက် အစွန်ဆုံးနယ်များမှတပါး ဣန္ဒိယ တပြည်လုံးလည်း ပါဝင်လေသည်။

နိုင်ငံတော်၏ အလယ်ဗဟိုကျသော နယ်ပယ်များကို ပါဋလိပုတ် နေပြည်တော်မှ နေ၍ ဘုရင်ကိုယ်တိုင် အုပ်ချုပ်၏။ အစွန်အဖျား နယ်ပယ်များကိုကား ဘုရင်ခံတို့ဖြင့် အုပ်ချုပ်စေ၏။ ထိုဘုရင်ခံတို့သည် လေးဦးရှိကုန်၏။ နိုင်ငံတော်၏ အနောက်မြောက် အရပ်ကို အုပ်စိုးရသော ဘုရင်ခံသည် တက္ကသီလမြို့မှ နေ၍ ပန်ဂျပ်ပြည်၊ ဆင်းပြည်၊ အင်းဒပ်စ် မြစ်တဖက်ရှိ ပြည်များနှင့် ကက်ရှမီးယားပြည်တို့ကို အုပ်ချုပ် စီမံရ၏။ အရှေ့ဖက်အရပ်ကို အုပ်စိုးရသော ဘုရင်ခံသည် ထိုဆာလိမြို့မှ နေ၍ ကလိင်္ဂတိုင်းနှင့်တကွ အရှေ့ပိုင်း နယ်ပယ်များကို အုပ်ချုပ် စီမံရ၏။ အနောက်ဖက်အရပ်ကို အုပ်စိုးရသော ဘုရင်ခံသည် ဥဇ္ဇေနီမြို့မှ နေ၍ မာလဝါနယ်၊ ဂူဂျရတ်နယ်နှင့် ကာထိယာဝါရ် နယ်များကို အုပ်ချုပ်ရ၏။ တောင်ဘက်အရပ်ကို အုပ်စိုးရသော ဘုရင်ခံသည် သုဝဏ္ဏဂိရိမြို့မှ နေ၍ နာရ်ဗဒါ (နမ္မဒါ)မြစ် တောင်ဖက်ရှိ နယ်များကို အုပ်ချုပ်ရလေသည်။

## အသောကမင်းကြီး၏ ကောင်းမှု ကုသိုလ်တော်များ

အသောက မင်းကြီးသည် ကျောင်းပေါင်း ရှစ်သောင်းလေးထောင်၊ စေတီပေါင်း ရှစ်သောင်းလေးထောင်တို့ကို နိုင်ငံတော်၏ အတွင်းအပ အရပ်ဒေသ အနှံ့အပြားတို့၌ တည်ထားခဲ့၏။ အသောကမင်းကြီးသည် ဗုဒ္ဓဘာသာကို သက်ဝင် ယုံကြည်ပြီးနောက် ရှေးဦးစွာ ဆောက်လုပ် လှူဒါန်းသော အသောကာရာမ ကျောင်းတိုက်ကြီးသည် ရဟန်းသံဃာတော် တထောင်ခန့် ဆန့်အောင် ကြီးကျယ် ခမ်းနားလှပေသည်။ အေဒီ ခုနစ်ရာစု

အတွင်းက ဣန္ဒိယပြည်သို့ ဘုရားဖူး ကြွရောက်လာသော တရုတ်ရဟန်းတော် ယွမ်ချောင်သည် ထိုအသောကာရာမ ကျောင်းတိုက်ကြီး ယိုယွင်းပျက်စီးနေသည်ကို တွေ့ရှိခဲ့ရသည်ဟု မှတ်တမ်းရေးသားထားခဲ့၏။ ယခုအခါ ထိုကျောင်းတိုက်ကြီး၏ တည်ရာဌာနကိုပင် ခန့်မှန်း၍မရတော့ပေ။နိုင်ငံတော်အတွင်း နေရာဒေသအမြောက်အမြားတို့၌ အသောကမင်းကြီး ဆောက်လုပ်လှူဒါန်းထားခဲ့သော ကျောင်းတိုက် အများအပြား တို့သည်လည်း တကျောင်းတလေမျှ မကျန်အောင် အားလုံးပင် ယိုယွင်းပျက်စီးကြရလေကုန်ပြီ။

အသောကမင်းကြီး ဆောက်လုပ် လှူဒါန်း ထားခဲ့သော အဆောက်အအုံများ အနက် ယနေ့တိုင်အောင် တည်ရှိနေသေးသောအဆောက်အအုံများသည် ဆန်ချီအရပ်ရှိ စေတီတော်များ ဖြစ်ကြ၏။ ဤဆန်ချီသည် ဣန္ဒိယပြည်အလယ်ပိုင်း ဘိုပါးလ်နယ်ကို ဖြတ်သန်းလျက် ဒေလီမှဘုံဘေသို့ သွားသော (G. I. P. R.) 'ဂျီအိုင်ပီအာရ်' မီးရထားလမ်းပေါ်ရှိ ဘူတာကလေး ဖြစ်၏။ ရှေးအခါက ဤနေရာဌာနကို 'ကာကနရ' ဟူ၍၎င်း၊ 'စေတိယဂိရိ' ဟူ၍၎င်း ခေါ်ဝေါ်ကြ၏။ အသောက မင်းကြီးသည် ဘုရင်မဖြစ်မီ အနောက်ဖက်အရပ်ကို အုပ်စိုးရသော ဘုရင်ခံအဖြစ်ဖြင့် ဥဇ္ဇေနီမြို့မှ နေ၍ မာလဝါနယ် စသည်တို့ကို အုပ်ချုပ်ရစဉ်က ဆန်ချီမှ မိုင်အနည်းငယ်မျှသာ ကွာဝေးသည့် ဝေဒိသကမြို့မှ ဒေဝီအမည်ရှိ သူဌေးသမီးနှင့် ထိမ်းမြား လက်ဆက်ခဲ့၏။ ဤ ဆန်ချီအရပ်၌ စေတီတော်လေးဆူ၊ အသောကကျောက်

တိုင် စသော ကျောက်စာတိုင်များ၊ ဘုရား တန်ဆောင်းနှင့် ကျောင်းများ တည်ရှိကြသည်။

ထိုစေတီတော် လေးဆူအနက် အကြီးဆုံးသော စေတီတော်သည် အစမူလက အသောကမင်းကြီး တည်ထားခဲ့သော စေတီတော်ပင် ဖြစ်၏။ ဤစေတီတော်ကြီးသည် ကမ္ဘာလုံးခြမ်းကြီး အသွင်အားဖြင့် တောင်ကုန်းပေါ်တွင် ထင်ထင်ရှားရှား မားမားမတ်မတ် တည်ရှိနေပေ၏။ စေတီတော်ကြီးသည် အချင်းပေ ၁၂၀ ရှိ၍ အမြင့်ပေ ၅၄ ရှိ၏။ သဲကျောက်တုံး အနီတို့ဖြင့် တည်ထားရကား စေတီတော်ကြီးမှာ နီရဲနေ၏။ စေတီတော်ကြီး၏ ခြေရင်း၌ ကျောက်လက်ရန်းများ ဝိုင်းရံလျက် ရှိနေကြ၏။ ထို့ပြင် အထူး မွန်းမံ ခြယ်လှယ်ထားသည့် တံခါးလေးပေါက်လည်း ရှိကြသေးသည်။ ဤစေတီတော်ကြီးကို မူလက အသောက မင်းကြီးသည် အုတ်သက်သက်ဖြင့် တည်ထားခဲ့ရာ နောက်နှစ်ပေါင်း တရာကျော်လောက် ကြာမှ ယင်း မူလစေတီကို သဲကျောက်တုံး အနီတို့ဖြင့် ဖုံးအုပ်ကာ ပြန်လည် တည်ထားခဲ့ကြလေသည်။

အသောက မင်းကြီးသည် မိမိ၏ စိုးပိုင်ရာ နိုင် ငံ တော်တလျှောက်လုံး၌ ကျောက်တုံး တတုံးတည်းမှ ပြုလုပ်သည့် ကျောက်တိုင် အမြောက်အမြားတို့ကို စိုက် ထူ ထား ခဲ့ ၏။ ထို ကျောက်တိုင်တို့တွင် အချို့ကျောက်တိုင်တို့၌ ကမ္ပည်းကျောက်စာများ ရေးထိုးထား၍ အချို့ ကျောက်တိုင်တို့၌ ကမ္ပည်း ကျောက်စာများ မရေးထိုးထားခဲ့ပေ။ ထို့ပြင် အချို့ကျောက်တိုင်တို့သည် ပေ ၅၀ မြင့်ကာ တန် ၅၀ မျှ လေးလံကြကုန်၏။ ကျောက်တိုင်

အားလုံးတို့ကို အလွန် ကောင်းမွန်လှပ သပ်ယပ်စွာ ထုလုပ်ထားသည်ကို ထောက်ဆသောအားဖြင့် အသောကမင်းကြီးလက်ထက်က ကျောက်ဆစ်သမားတို့၏ ကျွမ်းကျင်လိမ္မာပုံကို ကောင်းစွာ သိရှိနိုင်ပေသည်။

အသောကမင်းကြီးသည် အာဇီဝက ရဟန်းတို့ နေထိုင်ရန်အတွက် ဂယာမြို့အနီး ဗရာဗရ တောင်ကုန်းများ၌ မာကျောသော လချေးကျောက်တို့ကို ထွင်းဖောက် ပြုလုပ်ထားသည့် လိုဏ်ဂူတို့သည် အံ့သြဖွယ်ရာ အလွန် ဆန်းကြယ်ကြကုန်၏။ ထိုလိုဏ်ဂူတို့သည် ကြီးကျယ် ခမ်းနားရုံမျှမက အတွင်းဘက်၌ မှန်ရောင်ကဲ့သို့ ချောမွတ် တောက်ပြောင်နေကြကုန်သည်။

## အသောကမင်းကြီး၏ ကျောက်စာများ

အသောကမင်းကြီး၏ စိတ်ဝင်စားဘွယ် အကောင်းဆုံးသော အထိမ်းအမှတ် များသည် သူ၏ ထင်ရှား ကျော် ဇော သော ကမ္ပည်း ကျောက်စာများ ဖြစ်ကြ၏။ ထို ကျောက်စာများကို ကျောက်ပြား၊ ကျောက်ဘုံး၊ ကျောက်နံရံနှင့် ကျောက်တိုင်များ ပေါ်၌ ရေးထိုးထားခဲ့၏။ အရေအတွက်အားဖြင့် သုံးဆယ်ကျော် ရှိကုန်၏၊ ထိုကျောက်စာတို့သည် အသောကမင်းကြီး၏ စိုးမိုးအုပ်ချုပ်ပုံ သမိုင်း၏ အခြေခံကို တိကျခိုင်မာစွာ ဖော်ပြထားကြကုန်၏။ သူ၏ အုပ်ချုပ်ပုံ စည်းစနစ်များနှင့် လက်တွေ့ လိုက်နာဆောင်ရွက်သည့် သီလ ကျင့်ဝတ်များကို ဖော်ပြထားသည့် ကျောက်စာများသည် သူကိုယ်တိုင် ရေးသားထားခဲ့သည့် သူ၏ အတ္ထုပ္ပတ္တိများပင် ဖြစ်ကြရကား အလွန် စိတ်ဝင်စားဘွယ်

ကောင်းကြ၏။ ထိုမှတပါး အခြားသော ကျောက်စာတို့သည်လည်း အသောကမင်းကြီး၏ ကုသိုလ်ကောင်းမှုများနှင့် တရားနှင့် စပ်ယှဉ်သည့် ဆုံးမဩဝါဒ စသည်များ ပါဝင်ကြရကား တန်ဘိုးမဖြတ်နိုင်အောင် ရှိကြကုန်သည်။

အသောကမင်းကြီး ရေးထိုးထားသည့် ကျောက်စာများသည် မြောက်ဖက် ဟိမဝန္တာတောင်တန်းမှ တောင်ဖက် မိုက်ဆိုးနယ်တိုင်အောင်ရင်း၊ အရှေ့ဖက် ဘင်္ဂလားပင်လယ်အော်မှ အနောက်ဖက် အာရေဗျပင်လယ် တိုင်အောင်ရင်း ဣန္ဒိယတပြည်လုံးပြန့်နှံ့တည်ရှိ နေကြကုန်သည်။

အသောကမင်းကြီး၏ ကျောက်စာအားလုံးကို ဒေသအလိုက် အမျိုးမျိုး ကွဲပြားနေသည့် ဒေသန္တရ ပရာကရစ် ဘာသာဖြင့် ရေးထိုးထားခဲ့၏။ ယင်း ပရာကရစ် ဘာသာသည် သက္ကဋ ဘာသာနှင့် ပါဠိဘာသာ နှစ်မျိုးလုံးနှင့်ပင် နီးနွယ် ဆက်သွယ်နေပေ၏။ ဤကဲ့သို့ ပရာကရစ်ဘာသာဖြင့် ရေထိုးထားခြင်းသည် လူအများ နားလည်နိုင်ရန်နှင့် စာရေးစာဖတ်အတတ် အနယ်နယ် အရပ်ရပ်သို့ ပြန့်နှံ့စေရန်ပင်ဖြစ်၏။ လူအများကို ညွှန်ကြားပြသ ဆုံးမဩဝါဒပေးသည့် ကျောက်စာများကို အများမြင်သာသည့် လမ်းမကြီးများ အနီး၌သော်ရင်း၊ ဘုရားဖူး အသွားအလာ များသည့် နေရာဌာန များ၌သော်ရင်း စိုက်ထူထားတတ်ပေသည်။

ကျောက်တိုင်ပေါ်၌ ရေးထိုးထားသည့် ကျောက်စာနှစ်ခုကို ဣန္ဒိယပြည် အနောက်မြောက်နယ်ခြား အနီးအနားရှိ ကျောက်တုံးကြီးများပေါ်၌ 'ခရိုရှထိ' အက္ခရာဖြင့် ရေးထိုးထားခဲ့၏။

ယင်း အက္ခရာသည် လက်ျာဖက်မှ လက်ဝဲဖက်သို့ ရေးသားရသော ရှေးအခါက 'အရာမဇ်' ခေါ်သည့် အက္ခရာ၏ ပုံအသွင်တမျိုးပင်ဖြစ်၏။ ထိုအက္ခရာတို့ကို လေးရာစုနှင့်ငါးရာစု• ဘီစီအတွင်း ပါရှင်းတို့ လွှမ်းမိုးအုပ်ချုပ်စိုးစဉ် ပန်ဂျပ်ပြည်အတွင်းသို့ သွတ်သွင်းလာခဲ့ကြ၏။ အခြားကျောက်စာ အားလုံးတို့ကို 'ဗြာဟ္မီ' အက္ခရာ၏ ပုံအသွင်တမျိုးမျိုးဖြင့် ရေးထိုးထားခဲ့၏။ ယင်း 'ဗြာဟ္မီ' အက္ခရာသည် လက်ဝဲဖက်မှ လက်ျာဖက်သို့ ရေးသားရသော ဒေဝနာဂရီနှင့် ဣန္ဒိယမြောက်ပိုင်းနှင့် အနောက်ပိုင်းတို့တွင် ယခုအခါ သုံးစွဲနေကြသည့် အက္ခရာများ၏ မူလပင်မကြီး ဖြစ်ပေသည်။

အသောကမင်းကြီး၏ ကျောက်စာတို့သည် အမျိုးအစားအားဖြင့် ရှစ်မျိုးပြားကုန်၏။ ယင်းရှစ်မျိုးတို့ကို ခန့်မှန်းခြေသက္ကရာဇ် အစဉ်အားဖြင့် အောက်ပါအတိုင်း ခွဲခြားစီစဉ်ထားကြကုန်သည်။

(၁) ကျောက်စာအငယ်....၂ ခု၊ ၂၅၇ ဘီစီမှာ ရေးထိုးခဲ့သည်။

(၂) ဘာဗရူကျောက်စာ....၁ ခု၊ ၂၅၇ ဘီစီ။

(၃) ကျောက်စာအကြီး....၁၄ ခု၊ ၂၅၇ မှ ၂၅၆ ဘီစီအတွင်း။

(၄) ကလိင်္ဂ ကျောက်စာ....၂ ခု၊ ၂၅၆ ဘီစီ။

(၅) လိုဏ်ဂူကျောက်စာ....၃ ခု၊ ၂၅၇ နှင့် ၂၅၀ ဘီစီ။

( ၆ ) တာရာအိကျောက်တိုင် ကျောက်စာ....၂ ခု၊ ၂၄၉ ဘီစီ။

( ၇ ) ကျောက်တိုင်အကြီး ကျောက်စာ....၇ ခု၊ ၂၄၃ နှင့် ၂၄၂ ဘီစီ။

( ၈ ) ကျောက်တိုင်အငယ် ကျောက်စာ....၄ ခု၊ ၂၄၀ ဘီစီ လောက်။

အထက်ပါစာရင်းအရ ယခုတွေ့ရှိပြီးသည့် ကျောက်စာများသည် ၃၅ ခုမျှရှိကြ၏။ဣန္ဒိယ ကျောက်စာဌာန၏ ကြိုးပမ်းရှာဖွေမှုဖြင့် နောက်ထပ်ကျောက်စာ အများအပြားကို တွေ့ရှိရန် မြော်လင့်ချက် ရှိသေး၏။ ဤကျောက်စာများ၏ ဘာသာပြန်ဆိုချက် အကျဉ်းမျှနှင့် အဓိပ္ပာယ် ရှင်းလင်းဖော်ပြချက်တို့သည် အောက်ပါအတိုင်း ဖြစ်ကုန်သည်။

## ကျောက်စာအငယ် (အမှတ် ၁ )
## ဗြဟ္မဂိရိကျောက်စာ

သုဝဏ္ဏဂိရိမြို့၌ နေသည့် မင်းသားနှင့် အမတ်ကြီးတို့က ဣသိလမြို့နေ အမတ်ကြီးတို့အား မေတ္တာပို့သကာ ဒေဝါနံပိယ အမည်ရှိသောမင်းတရားကြီး၏အမိန့်တော်ကိုတဆင့်ပြောကြား သိရှိစေလိုက်ကြပါသည်။

မင်းတရားကြီး၏ အမိန့်တော်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

“ငါသည် ဗုဒ္ဓဘာသာဝင် ဥပါသကာအဖြစ်သို့ ရောက်ရှိလာသည်မှာ ၂ နှစ်ခွဲကျော်မျှ ရှိခဲ့လေပြီ။

သို့ရာတွင် ငါသည် သံဃာတော်များထံ ဆည်းကပ်ပြီး တရားဓမ္မကို စိတ်ပါလက်ပါ အားထုတ် ကြိုးပမ်းခဲ့သည်မှာ အမှန်အားဖြင့် တနှစ်ကျော်မျှသာ ရှိသေးသည်။

ထိုအချိန်ကာလအတွင်း နတ်တို့နှင့် မရင်းနှီး မဆက်ဆံ ရကုန်သော ဇမ္ဗူဒိပ် ကျွန်းသူ ကျွန်းသားတို့ကို ယခုအခါ နတ်တို့နှင့် ရင်းနှီးဆက်ဆံစေလေပြီ။

ဤကဲ့သို့ နတ်တို့နှင့်ရင်းနှီးဆက်ဆံရမှုသည်ကား တရားဓမ္မကို ကြိုးပမ်း အားထုတ်ခြင်း၏ အကျိုးပင်ဖြစ်၏။ ကြီးကျယ် မြင့်မြတ်သူတို့သည်သာမက သေးသိမ် ယုတ်ညံ့သူတို့သည်လည်း တရားဓမ္မကို ကြိုးစားအားထုတ်ပါက ကြီးမားသော နတ်ပြည် ချမ်းသာကို ရရှိနိုင်ကြကုန်သည်။

ထို့ကြောင့် မည်သူမဆို ပြောဆိုခဲ့သည့်အတိုင်း တရားဓမ္မကို ကြိုးစားအားထုတ် နိုင်ကြစေ။ ငါ၏ နိုင်ငံတော် အစွန်အဖျားၓ၌ နေသည့် သူတို့သည်လည်း ဤအမိန့်တော်ကို ကြားသိနားလည် ကြစေကုန်။ ဤကဲ့သို့ တရားဓမ္မကို ကြိုးစားအားထုတ်ခြင်းသည် ကာလရှည်မြင့်စွာ မြဲမြံခိုင်ခံ့တည်တံ့ခြင်း ဖြစ်စေ။

ဤတရားဓမ္မကို ကြိုးစားအားထုတ်မှု၏ အကျိုးတရားသည် အဆများစွာ တိုးတက်ပြန့်ပွား ပေလိမ့်မည်။"

မင်းတရားကြီးသည် တိုင်းခန်းလှည့်လည်တော် မူသည့်အခါ ဤအမိန့်တော်ကို ၂၅၆ ကြိမ် တိုင်တိုင် ထုတ်ပြန်ကြေညာတော် မူလေသည်။

## အစိပ္ပာယ် ရှင်းလင်းဖော်ပြချက်

ဤကျောက်စာငယ်အမှတ် ၁ သည် ဘာသာ ပြန်ဆိုရာ၌ အလွန်ခက်ခဲလှ၏။ ထို့ပြင် ကျောက်စာကို ရေးထိုးသည့် ခုနှစ် သက္ကရာဇ်လည်း မပါရှိချေ။ ဤကျောက်စာနှင့် ထပ်တူဖြစ်သော ကျောက်စာလေးခုတို့သည် မိုက်ဆိုးပြည် မြောက်ပိုင်းအတွင်းရှိ ဆိဒ္ဒာပူရ၊ ဂျတင်္ဂရန်မေဆွာရ၊ ဗြဟ္မဂိရိနှင့် နိဇမ်မဟာရာဇာ၏ နယ်အတွင်းရှိ မတ်စကီအရပ်တို့၌ တည်ရှိကြကုန်၏။ ထိုမှတပါး အခြားသော ကျောက်စာသုံးခုတို့သည် ဗိဟာနယ် ရှာဟာဆာဒ် ခရိုင် ဆဟာဆရမ် အရပ်၌၎င်း၊ ဆင်တရယ်ပရောဗင်းစ်နယ် ဂျဗာလ်ပူရ်ခရိုင် ရူပနာထ် အရပ်၌၎င်း၊ ရာဇပုတ္တာနပြည် ဂျိုက်ပူရ်နယ် ဗိုက်ရတ် အရပ်၌၎င်း တည်ရှိကြကုန်၏။

အသောကမင်းကြီး၏ ဗုဒ္ဓဘာသာကို ကြည်ညိုလေးစားမှုများ ပါဝင်သောကြောင့် ဤကျောက်စာသည် အသောကမင်းကြီး၏ အတ္တုပ္ပတ္တိအတွက် အလွန်အဖိုးထိုက်တန် လှပေသည်။ ဤကျောက်စာကို ကျောက်စာအကြီး ၁၄ ခုထက် အနည်းငယ် စောစွာ ၂၅၇ ဘီစီ၌ ရေးထိုးခဲ့သည်ဟု ခန့်မှန်းကြသည်။

ဤကျောက်စာထဲ၌ 'ယာဝ္ဂမာယ ကာလာယ ဇမ္ဗုဒိပသိ အမိဿာဒေဝါဟု သုတေဒါနိမိဿာ ကထာ' ဟူသော စကားဖြင့် တရားဓမ္မကို ကြိုးပမ်းအားထုတ်ခြင်းဖြင့် နတ်ပြည်သို့ ကေန်ရောက်လိမ့်မည်ဟု နတ်တို့အကြောင်းကို မကြာခဏ ဓမ္မမဟာမတ္တာတို့က ဟောပြောပြသခြင်းကို ဆိုလိုဟန် လက္ခဏာရှိသည်။

## ကျောက်စာအငယ် (အမှတ် ၂)

ဒေဝါနံပိယ အမည်ရှိသော မင်းတရားကြီးက ဤသို့ မိန့်ဆိုတော် မူပြန်သည်။

(၁) မိဘတို့၏ စကားကို နားထောင်ကြစေ။
(၂) ကြီးသောသူတို့၏ ဆုံးမဩဝါဒကို လိုက်နာကြစေ။
(၃) သတ္တဝါဟူသမျှတို့အား ကြင်နာ သနားကြစေ။
(၄) မှန်ကန်သောစကားကို ပြောဆိုကြစေ။
(၅) ဆရာသမားတို့အား ရိုသေလေးစားကြစေ။
(၆) ဆွေမျိုးဉာတိတို့အား ကောင်းစွာ ပြုမူ ကူညီထောက်ပံ့ကြစေ။

ထုံးတမ်းစဉ်လာဖြစ်သော ဤတရားဓမ္မသည် အသက်ရှည်ခြင်း၏ အကြောင်းဖြစ်ပေ၏။ ထို့ကြောင့် လိုက်နာ ကျင့်ကြံကြကုန်ရာသည်။

### အဓိပ္ပာယ် ရှင်းလင်းဖော်ပြချက်

ဤ ကျောက်စာအငယ် အမှတ် ၂ သည် ကျောက်စာအငယ် အမှတ် ၁ ထက် အချိန်အနည်းငယ်မျှ နောက်ကျ၏။ ဤကျောက်စာ၌ လူကောင်းသူကောင်း ဖြစ်လိုသူတို့ လက်တွေ့ လိုက်နာကျင့်ကြံရမည့် ဝတ္တရားများကို အကျဉ်းချုပ်အားဖြင့် ဖော်ပြထားလေသည်။ ထို့ကြောင့် လူကောင်းသူကောင်း ဟုတ် မဟုတ်ကို ဤကျင့်ဝတ်တရားများဖြင့် ချိန်ထိုးကြည့်နိုင်ပေသည်။ အမှန်အားဖြင့် ဤကျောက်စာသည် အမှတ် ၁ ကျောက်စာထဲ၌

ပါရှိသော တရားဓမ္မကို သရုပ်အားဖြင့် ချုံ့ထွင် ထုတ်ပြထားသည့် နောက်ဆက်တွဲ ကျောက်စာ ဖြစ်သည်။ ဤကျောက်စာကို မိုက်ဆိုးပြည်၌သာ တွေ့ရှိရသည်။

## ဘာဗရူ ကျောက်စာ

ပီယဒဿီ အမည်ရှိသော မဂဓပြည့်ရှင် ဘုရင်မင်းတရားကြီးသည် သံဃာတော် အရှင်မြတ်တို့အား ရိုသေလေးမြတ်စွာ ရှိခိုးလျက် ကျန်းမာချမ်းသာကြောင်းကို မေးမြန်းပြီး အောက်ပါ စကားများကို လျှောက်ထားပါသည်။

"တပည့်တော်သည် ဘုရားတရားသံဃာ ရတနာသုံးပါးတို့ကို အဘယ်မျှ ကြည်ညိုမြတ်နိုးသည်ကို အရှင်ဘုရားတို့ သိတော်မူကြပြီး ဖြစ်ပါသည်။

မြတ်စွာဘုရား ဟောကြားတော်မူအပ်သော တရားတော်တို့သည် ကောင်းစွာ ဟောကြားအပ်သော တရားတော်များသာ ဖြစ်ကြပါသည်။

သို့ရာတွင် 'မှန်ကန်သောတရားသည် မြဲမြံခိုင်ခံ့စွာ တည်တံ့ပေအံ့' ဟူသော စကားနှင့် အညီ မြတ်စွာဘုရား၏ တရားတော်များထဲက တရားတော်တစုကို ရွေးကောက် စစ်ထုတ်နိုင်ရန် တပည့်တော်အား ခွင့်ပြုတော်မူကြပါကုန်။

ထိုတရားတော်စုသည်ကား—

(၁) ဝိနယ သမုခသုတ်၊
(၂) အရိယဝံသသုတ်၊

(၃) အနာဂတ ဘယသုတ်၊
(၄) မုနိသုတ်၊
(၅) မောနေယျသုတ်၊
(၆) ဥပတိဿ ပတိသသုတ်၊
(၇) ရာဟုလောဝါဒသုတ်၊
—တို့ ဖြစ်ကြပါသည်။

ဤတရားတော်စုကို ရဟန်းတော်များနှင့် ဘိက္ခုနီမများသာ မက ဥပါသကာနှင့် ဥပါသိကာ များသည်လည်း မပြတ်နာယူ နှလုံးသွင်းကြစေလိုပါသည်။

ဤသို့လျှင် တပည့်တော်၏ အလိုဆန္ဒကို သိကြစေခြင်းငှာ ဤတရားတော်စုကို ရေးထိုးစေပါသည်။

## အဓိပ္ပာယ် ရှင်းလင်းဖော်ပြချက်

ဤကျောက်စာသည် အသောကမင်းကြီး နှစ်သက် မြတ်နိုးသည့် ပိဋကတ်တော်လာ သုတ် ၇ ခုကို ဖော်ပြထား၏။ ထို့ပြင် အသောကမင်းကြီး၏ ဘုရားတရားသံဃာ ရတနာသုံးပါးတို့၌ အလွန်အမင်း ကြည်ညိုမြတ်နိုးခြင်းကိုလည်း အတိအလင်း ဖော်ပြထားရကား ဘာသာရေးအတွက် အလွန် အရေးကြီးသည့် ကျောက်စာ ဖြစ်၏။ အသောကမင်းကြီးသည် ဤကျောက်စာကို ဗုဒ္ဓဘာသာဝင် ဒါယကာတယောက်က သံဃာတော်များအား လျှောက်ထားသည့်အနေဖြင့် ရေးထိုးသည်ဖြစ်၍ ရေးထိုးနေကြ ဖြစ်သော 'ဒေဝါနံပိယ၊ ပိယဒဿီရာဇာ' ဟူသော ဘွဲ့အမည်ဖြင့် မရေးထိုးဘဲ မိမိကိုယ်ကို နှိမ့်ချကာ 'ပိယဒဿိရာဇာ မဂဓေ'

ပိယဒဿီ အမည်ရှိသော မဂဓပြည့်ရှင် ဘုရင်မင်းတရားကြီး ဟူ၍သာလျှင် ဤကျောက်စာ၌ ရေးထိုးထား၏။ ဤကျောက်စာကို ဗိုင်ရတ်မြို့အနီး တောင်ကုန်းပေါ်ရှိ ဗုဒ္ဓဘာသာ ဘုန်းကြီးကျောင်းတိုက်ဟောင်း၏ အရှေ့အတွင်း ကျောက်တုံးတခုပေါ်တွင် ရေးထိုး ထားခဲ့၏။ ယခုအခါ ဤ ကျောက် တုံး ကို ကလကတ္တားမြို့ ပြတိုက်အတွင်းသို့ ပြောင်းရွှေ့ကာ သိမ်းဆည်းထားလေသည်။

## ကျောက်စာအကြီး (အမှတ် ၁)
## ရှာဘာဇဂရဟိ ကျောက်စာ

ဒေဝါနံပိယ အမည်ရှိသော မင်းတရားကြီးသည် ဤ တရားဓမ္မ ကျောက်စာကို ရေးထိုးစေတော်မူ၏။

ဤ ပါဋလိပုတ် နေပြည်တော်အတွင်း၌ သတ္တဝါတို့ကို သတ်ဖြတ်၍ ယဇ်ပူဇော်မှုကို မပြုလုပ်ရ။

ပျော်ပွဲသဘင်တို့ကို စီမံကျင်းပမှုကိုလည်း မပြုလုပ်ရ။

မင်းတရားကြီးသည် ပျော်ပွဲသဘင်တို့၌ အပြစ်ကို များစွာမြင်တော်မူသည်။ သို့ရာတွင် အချို့သော ပျော်ပွဲသဘင်တို့သည်ကား အကျိုးရှိကြောင်း ဖြစ်ကုန်၏ ဟူ၍ မှတ်ယူတော်မူသည်။

ရှေးအခါက မင်းတရားကြီး၏ နန်းတော် စားဖိုဆောင်တွင် သိန်းပေါင်းများစွာသော တိရစ္ဆာန်တို့ကို ဟင်းလျာအတွက် နေ့တိုင်း သတ်ဖြတ်ခဲ့သည်။

ယခု ဤကျောက်စာကို ရေးထိုးသည့်အခါ၌ကား ဥဒေါင်း နှစ်ကောင်နှင့် ဒရယ်တကောင် ပေါင်း သုံးကောင်တို့ကိုသာ နေ့စဉ် သတ်ဖြတ်၏။ ထိုသုံးကောင်တို့အနက် ဒရယ်ကို နေ့စဉ် မသတ်ဖြတ်တော့ပေ။

ဤသုံးကောင်သော တိရစ္ဆာန် တို့ကို ပင်လျှင် နောင်အခါ သတ်ဖြတ်စေလိမ့်မည် မဟုတ်တော့ပေ။

## အဓိပ္ပာယ် ရှင်းလင်းဖော်ပြချက်

ဤကျောက်စာ၌ "ဣဓနေကိဉ္စိ ဇီဝံအာရဘိတပါ ပရဇူဟိတဗျံနစသမာ ဇောကတ္တဗျော" ဟူ၍ သတ္တဝါများကို သတ်ဖြတ်ပြီး ယဇ်ပူဇော်ခြင်းနှင့် ပျော်ပွဲရှင်ပွဲများ ကျင်းပခြင်းကို အထူးအားဖြင့် ပိတ်ပင်တားမြစ်ထား၏။

ဤနှစ်မျိုးတို့တွင် သတ္တဝါများကို သတ်ဖြတ်၍ ယဇ်ပူဇော်မှုသည် စဉ်းစားဉာဏ်မပါဘဲ ခေတ်နောက်ပြန်ဆွဲသည့် အလုပ်သာဖြစ်၏။ ဤကဲ့သို့ အသောက မင်းကြီးသည် ကျောက်စာ ရေးထိုး၍ တားမြစ်ခဲ့သော်လည်း ယခု အခါ ကလကတ္တားမြို့ ကာလီဂတ်စသော ဣန္ဒိယပြည် တဝှန်းလုံးရှိ ယဇ်ပူဇော်ရာဌာနများ၌ နေ့စဉ်နေ့တိုင်း ကြောက်ခမန်းလိလိ သိန်းပေါင်းများစွာသော တိရစ္ဆာန်များကို သွေးချောင်းစီးအောင် သတ်ဖြတ်၍ ယဇ်ပူဇော် နေကြဆဲပင် ဖြစ်ပေ၏။ ရှေးအခါက ဣန္ဒိယပြည်၌ လူကိုသတ်၍ပင် ယဇ်ပူဇော်ခဲ့ကြ သေး၏။ မြန်မာပြည်၌လည်း

ရှေးအခါက မြို့တည်ရာ၊ ရေကန်တူးရာ၊ ဆည်မြောင်း ဖောက်ရာ စသည်တို့၌ လူကိုသတ်ပြီး ယစ်ပူဇော်သည့်အနေဖြင့် မြို့စတေးခြင်း စသည်တို့ကို ပြုလုပ်ခဲ့ကြလေသည်။

ပျော်ပွဲရွှင်ပွဲများ ကျင်းပခြင်းသည် အကုသိုလ် ဒုစရိုက်များ ပွားများရာ ပွားများကြောင်း ဖြစ်၏။ ဘာသာရေးနှင့် စပ်သည့် ပျော်ပွဲရွှင်ပွဲများဖြစ်သည့် ဘုရားပွဲနှင့် ဘုန်းကြီးပျံပွဲစသည်တို့၌ ပင်လျှင် အဘယ်မျှလောက် အကုသိုလ် ဒုစရိုက်မှုတွေ ပွားများ ကြသည်ကို အထူးဖော်ပြနေရန် မလိုတော့ပေ။ ထို့ပြင် အလွန် အဖိုးတန်သည့် အချိန်ကာလများကို အချီးနှီးအလဟဿ ဖြုန်းတီး ပစ်ရာလည်း ရောက်၏။ ထို့ကြောင့် သူတပါးကို နှစ်နာပျက်စီး စေတတ်သည့် ယစ်ပူဇော်မှုနှင့် မိမိကိုနှစ်နာပျက်စီးစေတတ်သည့် ပွဲလမ်းသဘင်များကို ပိတ်ပင်တားဆီးခြင်းဖြစ်သည်။ သီတင်း သီလ ဆောက်တည်ရန် စုဝေးခြင်း၊ တရားနာရန် စုဝေးခြင်း စသည့် ကုသိုလ် သုစရိုက် ပွားများရာ ပွားများကြောင်း ဖြစ်သော အစည်းအဝေးများကိုကား အားပေးသမှု ပြုလေ သည်။

ဤကျောက်စာကို ဇာနီ္ဒယအနောက်မြောက်တိုင်း ပက်ရှဝါ ခရိုင်၊ ယူစုဖဇိနယ်၊ ရှာဘာဇဂရဟိရွာ၌ တွေ့ရှိရ၏။ ယင်း ကျောက်စာကို လက်ျာမှ လက်ဝဲသို့ ရေးသော ယခုအခါ 'ခရိုရှထိ'ဟု ခေါ်ဝေါ်ကြသည့် 'အရာမိစ်' အက္ခရာ တို့ဖြင့် ရေးထိုးထားခဲ့လေသည်။

## ကျောက်စာအကြီး (အမှတ် ၂)
## ဂိရနာရ ကျောက်စာ

ဒေဝါနံပိယ မည်သော မင်းတရားကြီး၏စိုးပိုင်ရာ နိုင်ငံတော် အတွင်းရှိ နယ်ပယ်ဒေသ ဟူသမျှတို့၌၎င်း၊ တိုင်းစွန် နယ်ဖျား၌ ရှိကြကုန်သော စောဠ၊ ပဏ္ဍယ၊ သကျပုတြ၊ ကေရလပုတြ၊ ကမ္ဗပဏ္ဏိ စသော တိုင်းပြည်တို့၌၎င်း၊ အန္တိအိုချုစ် အမည်ရှိသော ဂရိတ်ဘုရင်နှင့် ၎င်း၏ပြည်နယ်နီးချင်း ဂရိတ်ဘုရင်တို့ပိုင် တိုင်းနိုင်ငံဟူသမျှတို့၌၎င်း မင်းတရားကြီးသည် လူတို့အတွက်၎င်း၊ တိရစ္ဆာန်တို့အတွက်၎င်း ဆေးကုသရန် ဌာန နှစ်မျိုးကို တည်ထောင်ထားရှိ၏။

လူတို့အတွက်၎င်း၊ တိရစ္ဆာန်တို့အတွက်၎င်း အသုံးဝင်သည့် ဆေးပင်တို့ကိုလည်း မရှိသေးသော အရပ်ဒေသတို့၌ ဆောင်ယူ စိုက်ပျိုးထားစေလေပြီ။

သစ်မြစ်သစ်ဥနှင့် တကွ သစ်သီးပင်တို့ကိုလည်း မရှိသေး သော အရပ်ဒေသတို့၌ ဆောင်ယူစိုက်ပျိုး ထားစေလေပြီ။

လမ်းကြီးလမ်းငယ် အသွယ်သွယ်တို့၌လည်း တိရစ္ဆာန်တို့နှင့် လူတို့၏အကျိုးငှာ ရေတွင်းရေကန်များကို တူးဖော်ပြီး သစ်ပင် များကိုပါ စိုက်ပျိုးထားစေလေပြီ။

## အဓိပ္ပာယ် ရှင်းလင်းဖော်ပြချက်

ဤကျောက်စာ၌ အသောက မင်းကြီးသည် မေတ္တာ တရား ကို လက်တွေ့ ကျင့်သုံးသော အားဖြင့် လက်လှမ်းမှီသမျှ မိမိ

တိုင်းပြည်နှင့်တကွ အနီးအနား တိုင်းပြည်များရှိ သတ္တဝါများ၏ အကျိုးကို သယ်ပိုးဆောင်ရွက်သည့် ပရဟိတလုပ်ငန်းကို အထင်အရှား ဖော်ပြထားလေ၏။ ဤကျောက်စာအရ အသောကမင်းကြီးသည် သတ္တဝါအပေါင်းများ၏ ကျန်းမာရေးနှင့် ချမ်းသာစွာ သွားလာ နေထိုင်ရေးကို အလေးပြုကြောင်း သိရ၏။ အထူးအားဖြင့် ယခုအခါ တိရစ္ဆာန် ဆေးကုဌာနနှင့် သားသတ်ရုံများသည် ဆန့်ကျင်ဘက် အနေအားဖြင့် တည်ရှိနေကြသကဲ့သို့ မဟုတ်ဘဲ အသောက မင်းကြီးသည် အခြား ကျောက်စာများ၌ တိရစ္ဆာန်များကို မသတ်ဖြတ်ရန် ပိတ်ပင်တားမြစ်ထားပြီး ဤကျောက်စာ၌ တိရစ္ဆာန်များ၏ ကျန်းမာချမ်းသာရေးကို ရှေ့ရှုဆောင်ရွက်ပေးသဖြင့် ရှေ့နောက်အစီအစဉ် လိုက်လျော ညီညွတ်လှပေသည်။

ဤကျောက်စာကို ကာထိယာဝါးရ် ကျွန်းဆွယ် ဂျူနာဂရပ်မြို့အနီး ဂိရနာရ တောင်ကုန်းပေါ်၌ တွေ့ရှိရသည်။

## ကျောက်စာအကြီး (အမှတ် ၃)

## ဂိရနာရ ကျောက်စာ

ဒေဝါနံပိယ မည်သော မင်းတရားကြီးသည် ဤသို့ မိန့်တော်မူ၏။

ငါသည် အဘိသိက်ခံပြီး ၁၂ နှစ် မြောက် သည့် အခါ အောက်ပါအတိုင်း အမိန့် ထုတ်ပြန်တော်မူသည်။

ငါ၏ စိုးပိုင်ရာ နိုင်ငံတော်အတွင်းရှိ အရပ်ဒေသ ဟူသမျှတို့၌ ယုကတ၊ ရာဇူက၊ ပရာဒေသိက စသော အမှုထမ်း ကြီးငယ်တို့သည်

မိမိတို့ သက်ဆိုင်ရာ နယ်ပယ်အတွင်းရှိ တိုင်းသူပြည်သားတို့အား အောက်ပါ တရားဓမ္မကို ညွှန်ကြားပြသရန်အလို့ငှာလည်းကောင်း၊ အခြားသော လုပ်ငန်းကိစ္စများကို ဆောင်ရွက်ရန် အလို့ငှာလည်း ငါးနှစ်လျှင် တကြိမ်မျှ အလှည့်ကျ နယ်လှည့်ထွက်ကြစေ။

(၁) မိဘတို့၏စကားကို ကောင်းစွာ နားထောင် လိုက်နာခြင်းသည် ကောင်းကျိုးချမ်းသာ မည်၏။

(၂) အဆွေခင်ပွန်း ချစ်ကျွမ်းဝင်သူ ဆွေမျိုးဉာတိတို့နှင့်တကွ သမဏ ဗြာဟ္မဏတို့အား ရက်ရောစွာ ပေးကမ်းလှူဒါန်းခြင်းသည် ကောင်းကျိုးချမ်းသာ မည်၏။

(၃) တိရစ္ဆာန်တို့၏ အသက်ကို မသတ် ဖြတ် ခြင်း သည် ကောင်းကျိုးချမ်းသာ မည်၏။

(၄) ပစ္စည်းဥစ္စာကို အသုံးအစွဲမများဘဲ သင့်တော်ရုံမျှ စုဆောင်းထားခြင်းသည် ကောင်းကျိုးချမ်းသာ မည်၏။

မှူးမတ်များ အဖွဲ့က ယုက္တ ခေါ် အမှုထမ်းတို့အား ဤတရားဓမ္မများကို ရေးသား မှတ်ထားခြင်း ပြုလုပ်ကြစေ။

## အဓိပ္ပာယ် ရှင်းလင်းဖော်ပြချက်

ဤကျောက်စာ၌ အသောကမင်းကြီးသည် အခြားသော ကျောက်စာများ၌လည်း မကြာခဏ ညွှန်ပြထားသည့် ကိုယ်ကျင့်တရားများကို အကျဉ်းအားဖြင့် ဖော်ပြထားလေသည်။ ဤကျောက်စာကို အမှတ် ၂ ကျောက်စာနှင့်အတူ ဂိရနာရ တောင်ကုန်းပေါ်၌ တွေ့ရှိရသည်။

## ကျောက်စာအကြီး (အမှတ် ၄)
## ဂိရနာရ ကျောက်စာ

လွန်ခဲ့သော နှစ်ပေါင်းများစွာအတွင်းက တိရစ္ဆာန်တို့အား သတ်ဖြတ်ခြင်း၊ သက်ရှိသတ္တဝါတို့အား ထိခိုက် နာကျင်စေခြင်း၊ ဆွေမျိုးဉာတကာနှင့် သမဏ ဗြာဟ္မဏတို့အား ကောင်းစွာ မပြု ကျင့်ခြင်း စသည်တို့သည် တိုးပွား များပြားခဲ့လေကုန်ပြီ။

သို့ရာတွင် ယခုအခါ၌မူကား ဒေဝါနံပိယ မည်သော မင်းတရားကြီးသည် တရားဓမ္မကို ကျင့်ကြံ အားထုတ်ခြင်းဖြင့် လူတို့အား နတ်ဗိမာန် ဆင်မီးပုံနှင့် အခြားသော နတ်၏ ပုံပန်း သွင်ပြင်တို့ကို ပြသလျက် စစ်ထွက် စည်သံအစား တရားစည်ကြီးကို မြည်ဟီးစေခဲ့လေပြီ။

လွန်ခဲ့သည့် နှစ်ပေါင်းများစွာအတွင်းက မဖြစ်ပေါ်ခဲ့ဘူးသော်လည်း ယခုအခါ မင်းတရားကြီးကိုယ်တိုင် တရားဓမ္မကို သွန်သင်ပြသ ဆုံးမခြင်းဖြင့် တိရစ္ဆာန်တို့၏အသက်ကို မသတ်ဖြတ်ခြင်း၊ သက်ရှိသတ္တဝါတို့ကို နာကျင်အောင် မညှဉ်းဆဲ မနှိပ်စက်ခြင်း၊ ဆွေမျိုးဉာတိနှင့် သမဏ ဗြာဟ္မဏတို့ကို ကောင်းစွာ ပြုကျင့်ခြင်း၊ မိဘတို့၏ စကားကို နားထောင်ခြင်း၊ လူကြီးသူကြီးတို့၏ ဆိုဆုံးမ စကားကို နာယူခြင်း စသည်တို့သည် တနေ့တခြား တိုးပွား များပြားလာကြကုန်၏။

ဤနည်းနှင့် အခြား များစွာသော နည်းတို့ဖြင့် တရား မွေကို လိုက်နာဆောင်ရွက်သည့် အလေ့အကျင့်တို့ကို တိုးပွား များပြား လာစေပြီး မင်းတရားကြီးသည် ဤ ဆိုခဲ့ပြီးသော အလေ့အကျင့်

တို့ကို တိုးပွား များပြားစေရန် အမြဲမပြတ် ကြိုးပမ်း ဆောင်ရွက် ပေလိမ့်မည်။ ငါ၏ သား မြေး အစဉ် အဆက် တို့သည်လည်း ဤ ဆိုပြီးသော အလေ့အကျင့်တို့ကို တိုးပွား များပြားစေခြင်းငှာ ဤကမ္ဘာ၏ အာယုကပ် ကုန်ဆုံးသည့်တိုင်အောင် ကြိုးစား အားထုတ်ကြစေကုန်။ မိမိတို့ ကိုယ်တိုင်က ဤ တရားဓမ္မကို ကောင်းစွာ စောင့်ရှောက် ထိန်းသိမ်းခြင်းဖြင့် လူတို့အား ဤ တရားဓမ္မကို သွန်သင်ဆုံးမ ပြုသနိုင်ကြစေကုန်။

ဤကဲ့သို့ တရားဓမ္မကို သွန်သင်ဆုံးမ ပြုသခြင်းသည်ကား အမွန်မြတ်ဆုံးသော အလုပ် ဖြစ်သည်။ သို့သော် ဤတရားဓမ္မကို ကျင့်ဆောင်ရန်မှာ အကျင့်စာရိတ္တ မကောင်းသူတို့အတွက် မဖြစ်နိုင်ပေ။ ထို့ကြောင့် ဤတရားဓမ္မကို မမေ့ မလျော့ဘဲ တိုးတက် ပွားများအောင် ကြိုးစား ဆောင် ရွက် ခြင်း သည် ကောင်းကျိုးချမ်းသာ မည်ပေသည်။

ငါ၏ သားမြေး အစဉ်အဆက်တို့သည် ဤ တရားဓမ္မကို တိုးတက်ပွားများအောင် မမေ့မလျော့ မပေါ့မဆဘဲ အထူးတလည် အားထုတ် ဆောင်ရွက်ကြစေခြင်းငှာ ဤကျောက်စာကို ရေးထိုးစေသည်။

ဤကျောက်စာကို ဒေဝါနံပိယ မည်သော မင်းတရားကြီးသည် အဘိသိက်ခံပြီး၍ ၁၂ နှစ်မြောက်သောအခါ ရေးထိုးစေသည်။

## အဓိပ္ပာယ် ရှင်းလင်းဖော်ပြချက်

ဤကျောက်စာ၌ အခြားကျောက်စာများ၌ကဲ့သို့ပင် အခါ ခပ်သိမ်း လက်တွေ့ ကျင့်သုံးရမည့် လူကျင့်ဝတ်များကို ဖော်ပြ ထား၏။ ယင်းသို့ ဖော်ပြရာ၌ အထူးအားဖြင့် အောက်ပါစကား များကို ထည့်သွင်း ရေးသားထားခဲ့လေသည်။

"တအဇ္ဇဒေဝါနံ ပိယဿ ပိယဒဿိနော ရညော ဓမ္မစရဏေန ဘေရိဃောသော အဟောဓမ္မ ဃောသော ဝိမာနဒဿနာစ ဟတ္ထိဒဿနာစ အဂ္ဂိခန္ဓာနိစ အညာနိစ ဒိဗ္ဗာနိ ရူပါနိဒဿ ယိတပါဇနံ"

"ယခုအခါ၌မူကား ဒေဝါနံပိယမည်သော မင်းတရားကြီး သည် တရားဓမ္မကို ကျင့်ကြံအားထုတ်ခြင်းဖြင့် လူတို့အား နတ်ဗိမာန်၊ ဆင်၊ မီးပုံနှင့် အခြားသောနတ်၏ ပုံပန်းသွင်ပြင်တို့ကို ပြသလျက် စစ်ထွက်စည်သံအစား တရားစည်ကြီးကို မြည်ဟီး စေခဲ့လေပြီ" ဟူ၍ အသက်၌ ဤစကားကို ဘာသာပြန်ဆိုခဲ့ပြီး ဖြစ်သည်။

ဤနေရာ၌ "မင်းတရားကြီးသည် တရားဓမ္မကို ကျင့်ကြံ အားထုတ်ခြင်းဖြင့် လူတို့အား နတ်ဗိမာန်၊ ဆင်၊ မီးပုံနှင့် အခြား သော နတ်၏ ပုံပန်းသွင်ပြင်တို့ကို ပြသလျက်" ဟူသော စကားဖြင့် အသောကမင်းကြီးသည် ဓမ္မမဟာမတ္တတို့ကို၊ နတ်၏ ပုံပန်း သွင်ပြင်တို့ကို ထင်မြင်လာအောင် လူတို့အား ဟောပြောပြသ စေသည်ဟု ဆိုလိုဟန် လက္ခဏာရှိသည်။ ဇာတ်သဘင်သည်တို့ကို နတ်၏ ပုံပန်းသွင်ပြင်တို့ကို ပြသကာ ကပြစေသည်ဟူ၍ကား

ဆိုလိုဟန် လက္ခဏာမရှိပေ။ ကျောက်စာအငယ် အမှတ် ၁ ၌ ပါရှိသည့် "ယာဣမာယ ကာလာယ ဇမ္ဗုဒိပဿိ အမိဿဒေဝါ ဟုသုတေ ဒါနိမိဿာကတာ" ဟူသော စကားနှင့် အလားတူပေသည်။

အမှတ် ၂ ကျောက်စာနှင့် အတူတကွ ဂိရနာရ တောင်ကုန်းပေါ်၌ တွေ့ရှိရသည့် ကျောက်စာဟူသမျှကို ဂိရနာရ ကျောက်စာဟု အမည်မှည့်ဆို ထားလေသည်။

## ကျောက်စာအကြီး (အမှတ် ၅)
## မာနဆီရာကျောက်စာ

ဒေဝါနံပိယမည်သော မင်းတရားကြီးသည် ဤသို့ မိန့်ဆိုတော်မူသည်။ ကုသိုလ်ကောင်းမှုကို ပြုလုပ်နိုင်ခဲ၏။ ကုသိုလ်ကောင်းမှုကို စတင်ပြုလုပ်သည့် တစုံတခုသော အခက်အခဲကို အောင်မြင်သူ မည်ပေသည်။

သို့ရာတွင် ငါသည်ကား များစွာသော ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်လေပြီ။ ထို့ကြောင့် ငါ၏သားမြေး အစဉ်အဆက်တို့သည် ကမ္ဘာ၏အာယုကပ် ကုန်ဆုံးသည့်တိုင်အောင် ဤကဲ့သို့ လိုက်နာကျင့်ဆောင် ကြပါက ကုသိုလ်ကောင်းမှုကို ပြုလုပ်ရာ ရောက်ကြ ပေလိမ့်မည်။ ဤကဲ့သို့ လိုက်နာ ကျင့်ဆောင်ခြင်း မရှိချေက မကောင်းမှုကို ပြုလုပ်ရာ ရောက်ကြပေလိမ့်မည်။ မကောင်းမှုကိုကား ပြုလုပ်ရန် လွယ်ကူပေသည်။

ရေးအခါက တရားရေးအမတ် (ဓမ္မမဟာမတ္တ) တို့သည် မရှိခဲ့ကြကုန်။ သို့သော် ငါအဘိသိက်ခံပြီး၍ ၁၃ နှစ်မြောက်သောအခါ ထိုတရားရေး အမတ်တို့အား ခန့်ထားခဲ့လေပြီ။

ယောနကတိုင်း၊ ကမ္ဗောဇတိုင်း၊ ဂန္ဓာရတိုင်း၊ ရိဋ္ဌိကတိုင်း၊ ပိတိနိကတိုင်း တို့နှင့်တကွ ငါ၏နိုင်ငံတော် အနောက်ဖက်နယ်ခြား၌ နေထိုင်ကြသော ဘာသာအမျိုးမျိုးကို ကိုးကွယ်ကြသည့်လူများအကြားတွင် တရားဓမ္မ ကျင့်ဆောင်ရေးအတွက် တရားရေးအမတ်တို့အား အမှုတော်ကို ထမ်းရွက်စေလေပြီ။

ထိုအမတ်တို့အား ကျွန်နှင့် သခင်၊ ဗြာဟ္မဏနှင့် သူဌေး၊ ခိုကိုးရာမဲ့သူနှင့် အသက်ကြီးသူကို အကြားတွင်လည်း အမှုတော်ကို ထမ်းရွက်စေလေပြီ။

ထိုအမတ်တို့အား အချုပ်အနှောင် ခံနေရသူ အကျဉ်းသားတို့သည် သားငယ်သမီးငယ်များ ရှိကြသော်ငြားး၊ အသက်အရွယ်အိုမင်းရင့်ရော်ကြသော်ငြား၊ မကျန်းမမာ ဖြစ်နေကြသော်ငြား ထိုသူတို့ကို အချုပ်ထောင်မှ လွတ်စေရန် အလို့ငှာလည်း အမှုတော်ကို ထမ်းရွက်စေလေပြီ။

ထိုအမတ်တို့အား ပါဋလိပုတ် နေပြည်တော်နှင့်တကွ အခြားသော မြို့ရွာဒေသတို့၌ နေထိုင်ကြကုန်သော ငါ၏ ဆွေတော်မျိုးတော်တို့၏ အကြားတွင်လည်း အမှုတော်ကို ထမ်းရွက်စေလေပြီ။

ဤအကျိုးငှာ ဤတရားဓမ္မ ကျောက်စာကို ရေထိုးစေတော်မူသည်။

## အစိပ္ပာယ် ရှင်းလင်း ဖော်ပြချက်

ဤကျောက်စာ၌ မကောင်းမှု အကုသိုလ်မှ ရှောင်ကြဉ်ပြီး ကောင်းမှု ကုသိုလ်ကို ကြိုးစား အားထုတ်ရန် တိုက်တွန်းဆုံးမ ထားသည်။ အထူးအားဖြင့် အခြား ကျောက်စာများ၌ မပါ သေးသည့် 'ဓမ္မမဟာမတ္တ' ဟူသော စကားကို သုံးစွဲထားသည့်ပြင် အကျဉ်းသားများအား သက်ညှာသည့် အခွင့်အရေးများ ပေး ရန်ကို ညွှန်ပြထားလေသည်။

ဤကျောက်စာကို ပန်ဂျပ်ပြည်၊ ဟဇာရာခရိုင်၊ မာနဆီရာ အရပ်၌ တွေ့ရှိရသည်။ ယင်းကျောက်စာကို လကျ်ာမှ လက်ဝဲသို့ ရေးရသော 'ခရိုရှထိ'ခေါ် 'အရာမစ်' အက္ခရာတို့ဖြင့် ရေးထိုး ထားလေသည်။

## ကျောက်စာအကြီး (အမှတ် ၆)
## ဂိရနာရကျောက်စာ

ဒေဝါနံ ပိယမည်သော မင်းတရားကြီးသည် ဤသို့ မိန့်တော် မူသည်။

ရှေးအခါက မင်းရေးကိစ္စတို့ကို အချိန်မရွေး လုပ်ကိုင် ဆောင်ရွက်ခြင်းသည်၎င်း၊ တိုင်းရေးပြည်ရေး ကိစ္စတို့ကို အချိန် မရွေး လျှောက်ထားခြင်းသည်၎င်း မရှိခဲ့ကြကုန်။ သို့ရာတွင် ငါသည် ယခုအခါ အောက်ပါအတိုင်း စီမံထားတော်မူသည်။

ငါသည် ပွဲတော် တည်နေသည့်အခါ ဖြစ်စေ၊ မောင်းမ ဆောင်၌ စံနေသည့်အခါဖြစ်စေ၊ အတွင်းဆောင်၌ စံနေသည့် အခါဖြစ်စေ၊ မြင်းတင်းကုပ်၊ နွားတင်းကုပ်တို့၌ ရှိနေသည့်

အခါဖြစ်စေ၊ ဝေယျာဝစ္စတို့ကို စီးနေသည့်အခါဖြစ်စေ၊ ဥယျာဉ် ပန်းခြံများသို့ ထွက်နေသည့်အခါဖြစ်စေ မည်သည့်နေရာဌာန အချိန်ကာလ၌မဆို တိုင်းရေးပြည်ရေး ကိစ္စ တို့ကို သံတော်ဦး တင်စေရန် ဆိုင်ရာ အမှုထမ်းတို့အား ခန့်ထားတော်မူသည်။

ငါသည် တိုင်းသူပြည်သားတို့၏ မှုခင်းကိစ္စများကို နေရာ ဌာန အချိန်အခါမရွေး ဆောင်ရွက်တော်မူသည်။

ငါ၏ နှုတ်မှ မြွက်ဟပြောဆိုသည့် အလှူတော် အမိန့်တော် တို့နှင့် စပ်လျဉ်း၍သော်၎င်း၊ မှူးမတ်တို့အား လွှဲအပ်ထားသည့် အရေးကိစ္စတို့နှင့် စပ်လျဉ်း၍သော်၎င်း၊ သို့မဟုတ် မှူးမတ်တို့ အဖွဲ့၌ အငြင်းအခုံ တစုံတခု ဖြစ်ပွားခဲ့သော်၎င်း၊ သို့မဟုတ် အဆိုပြင်ဆင်ချက် တင်သွင်းခဲ့သော်၎င်း ငါ့အား အချိန်အခါ နေရာမရွေး ချက်ချင်း ဆောလျင်စွာ သံတော်ဦးတင်ကြရမည်။

ငါသည် ဤသို့ အမိန့်တော်ရှိသည်။

ငါသည် မင်းရေးကိစ္စ တိုင်းရေးပြည်ရေး ကိစ္စတို့ကို ဆောင် ရွက်ရာ၌ အားရတင်းတိမ်ခြင်း မရှိပေ။

ငါသည် ခပ်သိမ်းသော လူတို့၏ ကြီးပွား ချမ်းသာရေး အတွက် ဆောင်ရွက်ရမည့် တာဝန်ကို ငါ၏တာဝန်ဝတ္တရားဟူ၍ မှတ်ယူတော်မူသည်။ သို့သော် ပဓာနအချက်ကား မင်းရေး ကိစ္စတို့ကို ကြိုးစားအားထုတ် လုပ်ကိုင်ဆောင်ရွက်ခြင်းပင် ဖြစ် သည်။

ခပ်သိမ်းသော လူတို့၏ ကြီးပွား ချမ်းသာရေး အတွက် ဆောင်ရွက်ရမည့် တာဝန်ထက် ကြီးလေးသောတာဝန် ဟူ၍ မရှိပေ။ ထို့ကြောင့် ငါသည် ဤမျှလောက် ကြိုးစားအားထုတ်

မှုကို ပြုလုပ်နေပေသည်။ ယင်းသို့ ကြိုးစား အားထုတ် မှုသည် လည်း သတ္တဝါအပေါင်းတို့ကို ပစ္စုပ္ပန်ဘဝ၌ ချမ်းသာစေပြီး တမလွန်ဘဝ၌ ကောင်းရာသုဂတိသို့ ရောက်စေခြင်းငှာ ငါ၏ ဆောင်ရွက်အပ်သော တာဝန်ဝတ္တရားမှ လွတ်ကင်းစေရန်ပင် ဖြစ်ပေသည်။

ဤတရားဓမ္မ ကျောက်စာကို အခွန့်ရှည်ကြာစွာ တည်တံ့ ခိုင်ခံ့စေခြင်းငှာရင်း၊ ငါ၏ သားမြေး အစဉ်အဆက် တို့သည် ခပ်သိမ်းသော လူတို့၏ ကြီးပွားချမ်းသာရေးအတွက် ဆောင် ရွက်ကြစေခြင်းငှာရင်း ရေးထိုး စေတော် မူသည်။ သို့ရာတွင် မြင့်မြတ်ကြီးမားသော စိတ်အားထက်သန်မှု မရှိဘဲ ဤအတိုင်း ဖြစ်မြောက်ရန် ခဲယဉ်းလှပေသည်။

## အဓိပ္ပာယ် ရှင်းလင်းဖော်ပြချက်

ဤကျောက်စာ၌ ဘုရင်နှင့် တိုင်းသူပြည်သားများအကြား ပဋိဝေဒိကနှင့် မဟာမတ္တ တို့ဖြင့် အမြဲမပြတ် ဆက်သွယ်နေ ကြောင်းကို အကျယ်တဝင့်ဖော်ပြထား၏။ ဤနေရာ၌ ပဋိဝေဒိက ခေါ် အမှုထမ်းတို့သည် တိုင်းသူပြည်သားတို့၏ သတင်းစကား များကို ဘုရင့်အား သံတော်ဦးတင်ကြရသည်။ မဟာမတ္တတို့ သည်ကား ဝန်ကြီးအဖွဲ့၏ ထင်မြင်ချက်များကို ဘုရင်အား သံတော်ဦးတင်ကြရသည်။ စင်စစ်အားဖြင့် ပဋိဝေဒိကအဖွဲ့သည် မဟာမတ္တအဖွဲ့၏ လက်အောက်ခံမျှသာ ဖြစ်၏။

ဤသို့လျှင် အသောက မင်းကြီးသည် အလွန်ကြီးမားသော မေတ္တာကရုဏာဖြင့် လူခပ်သိမ်း၏ အကျိုးစီးပွားကို နှေးရော

ညွှပ်ပါ အခါခပ်သိမ်း စိတ်အား ထက်သန်စွာ မိမိ ကိုယ်တိုင် ဆောင်ရွက်သကဲ့သို့ သားမြေးအဆက်ဆက် တို့သည်လည်း ဆက် လက်ကာ ကြိုးပမ်းဆောင်ရွက်နိုင်ကြစေရန် ရည်သန်လျက် ဤ ကျောက်စာကို ရေးထိုးထားလေသည်။

## ကျောက်စာအကြီး (အမှတ် ၇)

## ရှာဘာဇဂရဟိ ကျောက်စာ

ဒေဝါနံပိယ မည်သော မင်းတရားကြီးသည် အယူဝါဒ အမျိုးမျိုး ရှိကြသော လူအမျိုးမျိုး တို့ကို နိုင်ငံတော် အတွင်း အရပ်ဒေသဟူသမျှတို့၌ အနှံ့အပြား နေထိုင်ကြစေလိုသော ဆန္ဒ ရှိတော်မူသည်။

ထိုအယူဝါဒ အမျိုးမျိုးရှိကြသော လူအမျိုးမျိုး တို့သည် ကိုယ့်ကိုကိုယ် စောင့်စည်း ချုပ်တည်းနိုင်ခြင်းနှင့် စိတ်နှလုံး စင်ကြယ် သန့်ရှင်းခြင်းကို လိုလား တောင့်တကြ ကုန်၏။ သူတို့ သည် လိုလား တောင့်တသည့် အလျောက် မိမိတို့၏ တာဝန် ဝတ္တရားကို အပြည့်အဝသော်ငင်း၊ သို့မဟုတ် တပိုင်းတစ သော် ငင်း ထမ်းဆောင်ကြပေလိမ့်မည်။

သို့ရာတွင် မိမိ၏အယူဝါဒကိုသာ အားပေးချီးမြှောက်ကာ တဖက်သတ် သဲသဲမဲမဲ ယုံကြည် စွဲလမ်းနေပြီး ကိုယ့်ကိုကိုယ် စောင့်စည်း ချုပ်တည်းခြင်း၊ စိတ်နှလုံး စင်ကြယ်သန့်ရှင်းခြင်း၊ သူတပါး၏ ကျေးဇူးကို သိတတ်ခြင်း၊ စိတ်အားထက်သန် မြဲမြံ တည်တံ့ခြင်းတို့မှ ကင်းမဲ့ပါမူကား ယုတ်မာနိမ့်ကျ အချိုးနိုးမျှသာ ဖြစ်ပေလိမ့်မည်။

## အဝိပ္ပာယ် ရှင်းလင်းဖော်ပြချက်

ဤကျောက်စာသည် အယူဝါဒအမျိုးမျိုး ရှိသူတို့၏အကြား၌ အမျက်ဒေါသ အာဃာတ မထားဘဲ သည်းခံသောအားဖြင့် သင့်တင့်ညီညာ အေးချမ်းသာယာမှုကို ရရှိစေရန် အကျဉ်းအားဖြင့် တိုက်တွန်းထားသည်။ ထို့ပြင် စိတ်နေစိတ်ထားကျဉ်းမြောင်းသေးသိမ်သူတို့၏ လက္ခဏာများကိုလည်း ထင်ထင်ရှားရှား ဖော်ပြထားလေသည်။

## ကျောက်စာအကြီး (အမှတ် ၈)
## ရှာဘာဇဂရဟိ ကျောက်စာ

ရှေးအခါက ဒေဝါနံပိယ မည်သော မင်းတရားကြီးသည် အပျော် တိုင်းခမ်း လှည့်လည်တော်မူလေ့ ရှိခဲ့သည်။ ယင်းသို့ လှည့်လည်တော်မူရာ၌ သားသမင်လိုက်ခြင်းနှင့် အခြားသော ပျော်ပါးမှုတို့ကို ပြုလုပ်တော်မူခဲ့လေသည်။

သို့ရာတွင် မင်းတရားကြီးသည် အဘိသိက် ခံတော်မူပြီးနောက် ၁၀ နှစ်မြောက်သော အခါ၌ကား မြတ်စွာဘုရား ပွင့်တော်မူရာ မဟာဗောဓိပင်သို့ ကြွမြန်းတော် မူလေသည်။ ယင်းသို့ ကြွမြန်းတော်မူခြင်းသည် တရားဓမ္မအတွက် တိုင်းခမ်း လှည့်လည်ခြင်းပင် ဖြစ်ပေသည်။

ဤသို့ တိုင်းခမ်းလှည့်လည်ရာ၌ သမဏ ဗြာဟ္မဏတို့အား လှူဒါန်း ပူဇော်ခြင်း၊ သက်ကြီးရွယ်အိုတို့အား ရွှေငွေတို့ကို ပေးကမ်း စွန့်ကြဲခြင်း၊ တိုင်းသူပြည်သားတို့အား တရားဓမ္မကို သွန်သင်ပြသ ဆိုဆုံးမခြင်း စသည်တို့ကို ပြုတော်မူလေသည်။

ဤသို့လျှင် မင်းတရားကြီး၏ နန်းစံနှစ် ဒုတိယအပိုင်းအခြားသည် နှစ်သိမ့် ချမ်းသာခြင်း ကြီးမားစွာ ဖြစ်ပွားရသည့် အခါကာလ ဖြစ်ပေသည်။

## အဓိပ္ပာယ် ရှင်းလင်းဖော်ပြချက်

ဤကျောက်စာ၌ အသောကမင်းကြီး၏ ဗုဒ္ဓဂယာ မဟာဗောဓိပင်သို့ အဖူးအမြော် သွားရောက်ခြင်းကို 'ဓမ္မယာတ' အဖြစ်ဖြင့် ဖော်ပြထား၏။ ဤ၌ ဓမ္မယာတဟူသည် တိုင်းသူပြည်သားလူအများတို့ တရားဓမ္မကို တိုးတက်သိကျွမ်း နားလည်စေရန် အရင်းခံထားလျက် တိုင်းခမ်း လှည့်လည်ခြင်းပင် ဖြစ်ပေသည်။

ဤကဲ့သို့သော ဓမ္မယာတမျိုးကို ကျောက်စာအငယ် အမှတ် ၁ ဗြဟ္မဂိရိ ကျောက်စာ၌ 'မင်းတရားကြီးသည် တိုင်းခမ်း လှည့်လည်တော် မူသည့်အခါ ဤအမိန့်တော်ကို ၂၅၆ ကြိမ်တိုင်တိုင် ထုတ်ပြန် ကြေညာတော်မူလေသည်'ဟု ဖော်ပြထားလေသည်။

## ကျောက်စာအကြီး (အမှတ် ၉)
## ကာလဆိ ကျောက်စာ

ဒေဝါနံပိယ မည်သော မင်းတရားကြီးသည် ဤသို့ မိန့်တော်မူသည်။

လူတို့သည် မကျန်းမာသည့်အခါ၌ရင်း၊ သားသမီးတို့အား လက်ထပ်ထိမ်းမြားပေးသည့် အခါ၌ရင်း၊ သားသမီး ဖွားမြင်သည့်အခါ၌ရင်း၊ ခရီးထွက်သည့် အခါ၌ရင်း ဤအခါမျိုးတို့၌ မင်္ဂလာအမျိုးမျိုးတို့ကို ပြုလုပ်တတ်ကြကုန်သည်။

ဤအခါတို့၌ မိခင်နှင့် ဇနီးဖြစ်သူ မိန်းမများသည်ကား သားရှေ့ပင် မဖွယ်မရာ အကျိုးမရှိသည့် မင်္ဂလာအမျိုးမျိုးတို့ကို ပြုလုပ်တတ်ကြပေသည်။ စင်စစ်အားဖြင့် မင်္ဂလာတရားတို့ကို ပြုသင့်ပြုထိုက်ကြကုန်၏။ သို့ရာတွင် ဆိုခဲ့ပြီးသော မင်္ဂလာပြုခြင်းတို့သည်ကား အကျိုးမပြီး အချိုးနိုးသာ ဖြစ်ကုန်သည်။

တရားဓမ္မကို လိုက်နာပြုကျင့်ခြင်းသည်ကား များစွာသော အကျိုးရှိပေသည်။

ကျေးကျွန်အစေခံတို့အား ကောင်းစွာပြုမူခြင်း၊ သက်ကြီးရွယ်အိုတို့အား ရိုသေကိုင်းရှိုင်းခြင်း၊ တိရစ္ဆာန်တို့အား သနားညှာတာခြင်း၊ သမဏ ဗြာဟ္မဏတို့အား လှူဒါန်းပူဇော်ခြင်း၊ ဤလုပ်ငန်းတို့သည် တရားဓမ္မကို လိုက်နာပြုကျင့်ခြင်း မည်ကုန်သည်။ ထို့ကြောင့် "ဤကဲ့သို့ပြုမူခြင်းသည် ကောင်းကျိုးချမ်းသာ မင်္ဂလာမည်၏။ ဤအပြုအမူမျိုးကို ပြုလုပ်ဆောင်ရွက်ရာ၏" ဟူ၍ အဖက သော်၎င်း၊ သားက သော်၎င်း၊ ညီအကိုက သော်၎င်း၊ အရှင်သခင်က သော်၎င်း၊ မိတ်ဆွေက သော်၎င်း၊ အသိအကျွမ်းက သော်၎င်း၊ အိမ်နီးချင်းက သော်၎င်း ပြောဆိုသင့်ပေသည်။

ဤတရားဓမ္မမှတပါး အခြားသော မင်္ဂလာမှုတို့သည်ကား ဟုတ္တိပတ္တိ အကျိုးရှိကြမည် မဟုတ်ကုန်။

လူသည် ဆိုအပ်ခဲ့ပြီးသော တရားဓမ္မကို ကျင့်ဆောင်ခြင်းဖြင့် မိမိ၏ရည်မှန်းချက်သို့ ရောက်နိုင်သည်။ သို့ရာတွင် ကျင့်ဆောင်မှုကိုကား မပြုလုပ်ပေ။

ဆိုခဲ့ပြီးသော မင်္ဂလာမှုပြုခြင်းတို့သည် ဤပစ္စုပ္ပန် ဘဝ၌သာလျှင် ရရှိခံစားရမည့် အကျိုးနှင့် ဆက်စပ်ကြကုန်၏။

ဤ ပစ္စုပ္ပန်ဘဝ၌ လက်ငင်းချက်ချင်း အကျိုးခံစားရန် အတွက်သာလျှင် ဆိုခဲ့ပြီးသည့် မင်္ဂလာမှု အမျိုးမျိုးတို့ကို ပြုလုပ်ကြကုန်သည်။ တရားဓမ္မကို ကျင့်ဆောင်ခြင်းသည်ကား ဤပစ္စုပ္ပန် ဘဝအတွက်သာဟု ကန့်သတ်မထားပေ။ တရားတော်ကို ကျင့်ဆောင်ခြင်းဖြင့် ဤ ပစ္စုပ္ပန်ဘဝ၌ မိမိ၏ရည်ရွယ်ချက် မပြည့်စုံစေကာမူ နောင်တမလွန်ဘဝ၌ အဆုံးအဆမရှိသော ကောင်းကျိုးသည် ဖြစ်ပေါ်လာပေလိမ့်မည်။ အကယ်၍ ဤပစ္စုပ္ပန်ဘဝ၌ မိမိ၏ရည်ရွယ်ချက် ပြည့်စုံခဲ့ပါမူကား ဤပစ္စုပ္ပန်ဘဝ၌ ရည်ရွယ်မှန်းထားချက်ကိုရင်း၊ နောင်တမလွန်ဘဝ၌ အဆုံးအဆမရှိသော ကောင်းကျိုးကိုရင်း နှစ်မျိုးစလုံးကိုပင် ရရှိပေလိမ့်မည်။

## အဓိပ္ပာယ်ရှင်းလင်းဖော်ပြချက်

ဤကျောက်စာ၌ အပိုင်း ၂ ပိုင်းပါရှိသည်။ ပထမပိုင်း၌ ထုံးတမ်းစဉ်လာအရ ပြုလုပ်နေကြသော အဓိပ္ပာယ်မရှိသည့် မင်္ဂလာအခမ်းအနားများကို ရှုံ့ချပြောဆိုထားသည်။ ဒုတိယပိုင်း၌ သိင်္ဂါလောဝါဒသုတ်တွင် မြတ်စွာဘုရား ဟောထားတော်မူသည့် တရားတော်နှင့် အလားတူစွာ လူကောင်းသူကောင်းများ ကျင့်ကြံလိုက်နာရမည့် ဝတ္တရားများကို ဖော်ပြထားလေသည်။

ဤကျောက်စာကို ယူနိုက်တက်ပရောဗင်းနယ် ဒါရဒွန်းခရိုင် မတ်ဆူရီမြို့၏ အနောက်ဖက် ၁၅ မိုင်ခန့် ကွာဝေးသော ကာလဆီရွာမှ တောင်ဖက် တမိုင်ခွဲကွာ၌ တည်ရှိသည့် ကျောက်တုံးပေါ်၌ တွေ့ရှိရသည်။

## ကျောက်စာအကြီး (အမှတ် ၁၀)
## ကာလဆိ ကျောက်စာ

ဒေဝါနံပိယမည်သော မင်းတရားကြီးသည် တရားဓမ္မကို နာယူကျင့်ဆောင်မှုကို ဖြစ်စေနိုင်သော ဂုဏ်ကျက်သရေနှင့် ကျော်စောကိတ္တိတို့မှတပါး အခြားသော ဂုဏ်ကျက်သရေနှင့် ကျော်စောကိတ္တိတို့သည် ဤပစ္စုပ္ပန်ဘဝနှင့် နောင်တမလွန်ဘဝတို့၌ လူတို့အား များစွာသောအကျိုးတို့ကို ဆောင်ရွက်နိုင်ကြကုန်သည်ဟူ၍ မှတ်ထင်တော်မမူပေ။ ဘဝနှစ်စမျိုးလုံးတို့၌ အကျိုးများကို ဆောင်ရွက် နိုင်သည့် ဂုဏ်ကျက်သရေနှင့် ကျော်စောကိတ္တိ တို့ကိုသာလျှင် မင်းတရားကြီးသည် လိုလားတော် မူသည်။

မင်းတရားကြီး ဤမျှလောက် ကြိုးပမ်းအားထုတ်နေခြင်းသည် တမလွန်ဘဝ၌ အကျိုးခံစားရန်၎င်း၊ လူအများတို့အား အကုသိုလ်တရား ခေါင်းပါးသွားစေရန်၎င်း ဖြစ်ပေသည်။

သို့ရာတွင် အောက်တန်းစား လူပင်ဖြစ်စေ၊ အထက်တန်းစား လူပင်ဖြစ်စေ ပြင်းပြင်းထန်ထန် စိတ်အားထက်သန်မှု မရှိဘဲ၎င်း၊ အနှစ်နာခံကာ မစွန့်ပယ်ဘဲ၎င်း၊ တရားဓမ္မကို နာယူကျင့်ဆောင်ရန် ခဲယဉ်းပေလိမ့်မည်။ ယင်း လူနှစ်မျိုးနှစ်စားတို့တွင် အထက်တန်းစားလူသည် သာ၍ပင် ခဲယဉ်းပေလိမ့်မည်။

### အဓိပ္ပာယ်ရှင်းလင်းဖော်ပြချက်

ဤကျောက်စာ၌ တရားဓမ္မနှင့် မစပ်ယှဉ်သော ဂုဏ်ကျက်သရေနှင့် ကျော်စောကိတ္တိတို့ ရှုံချပြီး တရားဓမ္မနှင့် စပ်ယှဉ်

သော ဂုဏ်ကျက်သရေနှင့် ကျော်စောကိတ္တိတို့ကို ချီးကျူး ထားလေသည်။ ထို့ပြင် လောကီဂုဏ်ကျက်သရေနှင့် ကျော်စော ကိတ္တိရှိနေကြသော အထက်တန်းစား လူတို့သည် မိမိတို့လက်ရှိ ပစ္စည်းဥစ္စာနှင့်တကွ ဂုဏ်ကျက်သရေများကို စွန့်လွှတ်ပြီး တရား ခမ္မကို လိုက်နာကျင့်ကြံနိုင်ရန် အလွန်ခက်ခဲ ကြကြောင်းကို ထုတ်ဖော်ပြသ ဆိုဆုံးမထားလေသည်။

## ကျောက်စာအကြီး ( အမှတ် ၁၁ )
## ရှာဘာဇဂရဟိ ကျောက်စာ

ဒေဝါနံပိယမည်သော မင်းတရားကြီးသည် ဤသို့ မိန့်ဆို တော်မူသည်။

တရားဓမ္မကို လှူဒါန်းရသည်နှင့် တူညီသော အလှူဒါန မည်သည် မရှိ။ တရားဓမ္မကို အကျွမ်းဝင်ရသည်နှင့်တူညီသော ချစ်ကျွမ်းဝင်သောသူ မည်သည်မရှိ။ တရားဓမ္မကို ပါဝင်ဆက်ဆံ ရသည်နှင့် တူညီသော ပါဝင်ဆက်ဆံရခြင်း မည်သည် မရှိ။ တရားဓမ္မကို ဆွေမျိုးတော်စပ်ရသည်နှင့် တူညီသော ဆွေမျိုး ဉာတိ မည်သည် မရှိ။

ဤတရားဓမ္မထဲ၌ ကျေးကျွန်အစေခံတို့အား ကောင်းစွာ ပြုမူခြင်း၊ မိဘတို့၏စကားကို နားထောင်ခြင်း၊ မိတ်ဆွေများနှင့် တကွ ဆွေမျိုးဉာတိတို့အား ပေးကမ်းစွန့်ကြဲခြင်း၊ သမဏ ဗြာဟ္မဏတို့အား လှူဒါန်းခြင်း၊ တိရစ္ဆာန်တို့၏ အသက်ကို မသတ် ခြင်း စသည်တို့ ပါဝင်ကြကုန်သည်။

အဖဖြစ်သူသည်ရင်း၊ သားဖြစ်သူသည်ရင်း၊ ညီအကိုဖြစ်သူသည်ရင်း၊ အရှင်သခင် ဖြစ်သူသည်ရင်း၊ မိတ်ဆွေခင်ပွန်း ဖြစ်သူသည်ရင်း၊ အသိအကျွမ်း ဖြစ်သူသည်ရင်း၊ အိမ်နီးပါးခြင်း ဖြစ်သူသည်ရင်း "ဤအရာတို့သည် ကောင်းကျိုးမည်ကုန်၏၊ ဤအရာတို့ကို ကျင့်ဆောင်အပ်ကုန်၏" ဟူ၍ ပြောဆိုသင့်ကြပေသည်။

ဤအတိုင်း လိုက်နာကျင့်ဆောင်သူသည် ဤပစ္စုပ္ပန်ဘဝ၌ ချမ်းသာသုခ ခံစားရပြီး တမလွန် ဘဝ၌လည်း အဆုံးမရှိသော ကောင်းကျိုးချမ်းသာကို ဖြစ်စေလိမ့်မည်။

## အဓိပ္ပာယ် ရှင်းလင်းဖော်ပြချက်

ဤကျောက်စာသည် တရားဓမ္မကို သရုပ်အားဖြင့် ထုတ်ဖော်ပြသထားသည့်ပြင် အဖဖြစ်သူ စသည့်တို့အား တရားဓမ္မကို ဖြန့်ဖြူးကြရန် တိုက်တွန်းထားသဖြင့် အမှတ် ၉ ကျောက်စာအကြီးနှင့် တူနေပေသည်။ သို့ရာတွင် ဤကျောက်စာ၌ 'ဓမ္မဒါနသည် ဒါနဟူသမျှကို လွှမ်းမိုးအောင်နိုင်သည်' ဟူသောသဘာဝကို ချွတ်ထွင် ဖော်ပြထားလေသည်။

## ကျောက်စာအကြီး (အမှတ် ၁၂)
## ဂိရနာ့ရ ကျောက်စာ

ဒေဝါနံပိယ မည်သော မင်းတရားကြီးသည် အယူဝါဒရှိရှိသမျှ ရဟန်းတို့နှင့်တကွ အိမ်ယာတည်ထောင် လူဘောင်၌နေသူတို့အား အမျိုးမျိုးသော လှူဒါန်းခြင်းတို့ဖြင့် လှူဒါန်း

ပူဇော်တော်မူသည်။ သို့ရာတွင် ဤသို့ လှူဒါန်းပူဇော်ခြင်းသည် အယူဝါဒ ရှိရှိသမျှတို့၏ အယူဝါဒ အနှစ်သာရကို တိုးတက်ပွားများအောင် ဆောင်ရွက် အားထုတ်ရခြင်းထက် သာ၍ ကြီးကျယ် မွန်မြတ်ပေသည်ဟူ၍ သဘော ထားတော်မမူချေ။

အယူဝါဒ ရှိရှိသမျှတို့၏ အယူဝါဒ အနှစ်သာရကို တိုးတက်ပွားများအောင် ဆောင်ရွက် အားထုတ်ရန် နည်းလမ်း အမြောက်အမြား ရှိနေပေသည်။ သို့ရာတွင် လိုရင်းအချက်မှာမူ မသင့်မလျော်သည့် အခါကာလတို့၌ မိမိတို့၏ အယူဝါဒကို ချီးမြှောက် ပြောဆိုခြင်း၊ တပါးသော အယူဝါဒတို့ကို ရှုံ့ချ ပြောဆိုခြင်းများကို မပြုလုပ်မူ၍ မယုတ်မလွန် သင့်တော်ရုံမျှသာ ပြောဆိုခြင်းဖြင့် မိမိတို့၏နှုတ်ကို စောင့်စည်းရန်ပင် ဖြစ်ပေသည်။

တပါးသော အယူဝါဒတို့ကို အခါခပ်သိမ်း ရိုသေလေးစား ကြရမည်။ ဤအတိုင်း လိုက်နာ ဆောင်ရွက် သူသည် မိမိ၏ အယူဝါဒကို ချီးမြှောက်ရာ ရောက်သည့်အပြင် တပါးသော အယူဝါဒကိုလည်း အကျိုးရှိစေရာ ရောက်ပေသည်။ ဤအတိုင်း မလိုက်နာ မဆောင်ရွက်သူသည်ကား မိမိ၏အယူဝါဒကို ထိခိုက်နစ်နာစေရုံသာမက တပါးသော အယူဝါဒကိုလည်း မတော်မတရား ပြစ်မှားရာ ရောက်ပေသည်။

မိမိ၏ အယူဝါဒကို ချီးမြှောက် ပြောဆို၍ တပါးသော အယူဝါဒကို ရှုံ့ချ ပြောဆိုသောသူသည် မိမိ၏ အယူဝါဒကို ကြည်ညိုသောစိတ်ဖြင့် ကြီးကျယ် မြင့်မြတ်အောင် ဂုဏ်တင် ပြောဆိုငြားသော်လည်း ယင်းသို့ ပြောဆိုခြင်းအားဖြင့် မိမိ၏ အယူဝါဒကိုသာ များစွာ ထိခိုက်နစ်နာစေရာ ရောက်ပေသည်။

တို့ကြောင့် အမျိုးမျိုးသော အယူဝါဒရှိသူတို့သည် တဦး၏ အယူဝါဒကို တဦးက ရိုသေလေးစားကြမှသာလျှင် သင့်လျော်လျောက်ပတ်ကြပေမည်။

မင်းတရားကြီးသည် အမျိုးမျိုးသော အယူဝါဒရှိသူတို့အား အသိပညာနှင့် ပြည့်စုံခြင်း၊ အယူဝါဒ ဖြူစင်ခြင်း ဖြစ်ကြစေရန် လိုလားတော်မူသည်။

မိမိတို့၏ အယူဝါဒကိုသာ စွဲလမ်း ယုံကြည်ကြသူတို့သည် 'မင်းတရားကြီးသည် လှူဒါန်းခြင်း ပူဇော်ခြင်းတို့ကို အယူဝါဒရှိရှိသမျှတို့၏ အယူဝါဒ အနှစ်သာရအတွက် ထိုးတက် ပွားများအောင် ဆောင်ရွက်ရခြင်းထက် ကြီးကျယ်မွန်မြတ်သည် ဟူ၍ မှတ်ယူတော်မမူပေ' ဟု ပြောဆိုကြရာသည်။

ဤသို့ ဆောင်ရွက်ရန်အလို့ငှာ တရားရေး အမတ်တို့ကိုရင်း၊ မိန်းမများကို စောင့်ရှောက် အုပ်ချုပ်သူ အမတ်တို့ကို ရင်း၊ မြင်းတင်းကုပ် နွားတင်းကုပ်များကို စစ်ဆေးအုပ်ချုပ်သူ အရာရှိတို့ကိုရင်း၊ အခြားသော အရာရှိတို့ကိုရင်း ဤသို့လျှင် များစွာသော အရာရှိတို့ကို အမှုတော် ထမ်းရွက်စေခဲ့ပြီ။

ဤကဲ့သို့ ပြုလုပ်ခြင်း၏ အကျိုးသည်ကား မိမိ အယူဝါဒ ဂိုဏ်းဂဏ၏ အရှိန်အဝါ ကြီးမားလာခြင်းနှင့် တရားတော်၏ ထွန်းလင်း တောက်ပလာခြင်းပင် ဖြစ်ပေသည်။

## အဓိပ္ပာယ် ရှင်းလင်းဖော်ပြချက်

အသောကမင်းကြီးသည် ယဇ်ပူဇော်မှု စသော ရှေးဟောင်း ထုံးတမ်းစဉ်လာများကို တားမြစ်ပြီး သတ္တဝါများအား မေတ္တာ

ကရုဏာထားမှု စသော တရားဓမ္မများကိုသာ လိုက်နာ ပြုမူကြရန် အထပ်ထပ် ဆုံးမပဲ့ပြင် နေပေသည်။ ယင်းကဲ့သို့ လူအများတို့အား တရားဓမ္မ ဟောပြော ပြသနေခြင်းကို ဗုဒ္ဓဝါဒမှတပါး အခြားသော အယူဝါဒကို လိုက်နာ ကျင့်သုံးနေသူများက မကျေနပ်ကြချေ။ အသောကမင်းကြီးသည် ဗုဒ္ဓဝါဒကိုသာ တဖက်သတ် အားပေးပြီး အခြားသော ဝါဒတို့ကို ပစ်ပယ်နေသည်ဟု ပြောဆိုနေကြ၏။ ဤကဲ့သို့ ပြောဆိုနေကြသည်ကို ထုချေ ရှင်းလင်းရန်နှင့် ဘာသာ အယူဝါဒအမျိုးမျိုး ရှိသူတို့၏ အကြား၌ သည်းခံခြင်းတရား ထားရှိကြရန် ဤကျောက်စာကို ရေးထိုးထားပေသည်။

စင်စစ်အားဖြင့် တရားဓမ္မသည် မည်သည့် အယူဝါဒနှင့်မျှ မဆန့်ကျင်ပေ။ ထို့ကြောင့် ဓမ္မမဟာမတ္တ၊ ဣတ္ထိဇာခ မဟာမတ္တ စသော အမတ်များကို ခန့်ထားကာ အားလုံးသော အယူဝါဒ ရှိသူများ၏ ညီညွတ်ရေးနှင့် ဓမ္မ၏ ပြန့်ပွားရေးကို ကြိုးပမ်း အားထုတ်ပေသည်။ ဤကဲ့သို့ အားထုတ်ခြင်းဖြင့် ဖြစ်ပေါ်လာသည့် အကျိုးကို ဤ ကျောက်စာ၏ နိဂုံးစကား အဖြစ်ဖြင့် အောက်ပါအတိုင်း ရေးသားထားလေသည်။

"အယံစ တေဿ ဖလယ အာတပပါသဏ္ဍဝုဍ္ဎိစဟောတိ ဓမ္မဿစဒိပနာ"

### ကျောက်စာအကြီး (အမှတ် ၁၃)

### ရှာဘာဇဂရဟိ ကျောက်စာ

ဒေဝါနံပိယ မည်သော မင်းတရားကြီးသည် အဘိသိက်ခံပြီး

နောက် ရှစ်နှစ်မြောက်သောအခါ ကလိင်္ဂတိုင်းကို တိုက်ခိုက် သိမ်းပိုက်တော်မူခဲ့သည်။

ယင်းသို့ တိုက်ခိုက် သိမ်းပိုက်ရာ၌ တသိန်းငါးသောင်းသော သူတို့သည် သုံ့ပန်းအဖြစ် ဖမ်းဆီးခြင်း ခံရကုန်၏။ တသိန်းသော သူတို့သည် သတ်ဖြတ်ခြင်း ခံကြရကုန်၏။ ထို့ထက် ပိုမိုများပြားသော သူတို့သည်ကား သေကျေပျက်စီးခြင်း ခံကြရကုန်သည်။

ကလိင်္ဂတိုင်းကို တိုက်ခိုက် သိမ်းပိုက်ပြီးသည့်နောက် မင်းတရားကြီးသည် တရားဓမ္မကို စိတ်အားထက်သန်စွာ ကြိုးစားအားထုတ်ခြင်း၊ တရားဓမ္မကို နှစ်သက် မြတ်နိုးခြင်း၊ တရားဓမ္မကို လူတို့အား သွန်သင်ပြသ ဆိုဆုံးမခြင်းတို့ကို ပြုလာတော်မူခဲ့သည်။ ဤသည်ကား ကလိင်္ဂတိုင်းကို တိုက်ခိုက် သိမ်းပိုက်မိခြင်းကြောင့် မင်းတရားကြီး၌ ဖြစ်ပေါ်လာသည့် နောင်တတရား ဖြစ်ပေသည်။

ကလိင်္ဂတိုင်းကို တိုက်ခိုက် သိမ်းပိုက်ရာ၌ ထို ကလိင်္ဂတိုင်းရှိ လူတို့ သတ်ဖြတ်ခြင်း၊ သေကျေပျက်စီးခြင်း၊ သုံ့ပန်းအဖြစ် ဖမ်းဆီးခြင်း ခံကြရသည်ကို စိတ်မချမ်းမသာ ဝမ်းနည်းဘွယ်ရာ ဖြစ်ပေသည်ဟူ၍ မင်းတရားကြီးက မှတ်ယူတော်မူသည်။

ထို့ပြင် ကလိင်္ဂတိုင်း၌ သမဏ ဗြာဟ္မဏ စသော အယူဝါဒ အမျိုးမျိုး ရှိသူများနှင့် အိမ်ယာထောင်သူ လူတို့ အများအပြား နေထိုင်ကြကုန်၏။ ၎င်းတို့အထဲတွင် သက်ကြီး ရွယ်ကြီး တို့ကို ရိုသေလေးစားသောသူ၊ မိဘတို့၏ စကားကို လိုက်နာသောသူ၊ ဆရာသမားတို့၏ အဆုံးအမကို နာယူသောသူ၊ အဆွေခင်ပွန်း အပေါင်းအသင်း ဆွေမျိုးဉာတိတို့နှင့်တကွ ကျေးကျွန် အခစေခံ

တို့ကို ကောင်းစွာပြုမူ ဆောင်ရွက်သူတို့ ပါရှိကြကုန်၏။ ၎င်းတို့ ထိခိုက်နစ်နာခြင်း၊ သတ်ဖြတ်ခြင်း၊ ဖမ်းဆီးခြင်း ခံကြရသည်ကိုလည်း သာ၍ပင် စိတ်မချမ်းမသာ ဝမ်းနည်းဘွယ်ရာ ဖြစ်ပေသည်ဟူ၍ မင်းတရားကြီးက မှတ်ယူတော်မူသည်။

ထိုမှတပါး အဆွေခင်ပွန်း အပေါင်းအသင်း ဆွေမျိုးဉာတိ ရှိကြသော သူတို့သည် ထိုအဆွေခင်ပွန်း အပေါင်း အသင်း ဆွေမျိုးဉာတိတို့ ဆိုခဲ့ပြီးသော ကံကြမ္မာနှင့် တွေ့ဆုံကြုံကြိုက်ကြရာ၌ မိမိတို့ကိုယ်တိုင် တွေ့ဆုံကြုံကြိုက်ရသကဲ့သို့ ဖြစ်ကြကုန်၏။ ယင်းသို့ ဖြစ်ကြရသည်ကိုလည်း အထူးတလည် စိတ်မချမ်းမသာ ဝမ်းနည်းဘွယ်ရာ ဖြစ်ပေသည်ဟူ၍ မင်းတရားကြီးက မှတ်ယူတော်မူသည်။

ယင်းကဲ့သို့ ဘေးဒုက္ခ၌ လူဘိုင်းတွေ့ကြုံ ခံစားရသည်ကို စိတ်မချမ်းမသာ ဝမ်းနည်းဘွယ်ရာ ဖြစ်ပေသည်ဟူ၍ မင်းတရားကြီးက မှတ်ယူတော်မူသည်။

အယူဝါဒ တခုခုကို ယုံကြည်စွဲလမ်း နေကြသူတို့ မရှိသည့် တိုင်းနိုင်ငံဟူ၍ မရှိပေ။ ထို့ကြောင့် ကလိင်္ဂတိုင်းကို တိုက်ခိုက်သိမ်းပိုက်ရာ၌ သတ်ဖြတ်ခြင်း၊ သေကျေပျက်စီးခြင်း၊ ဖမ်းဆီးခြင်း ခံရသူ လူအားလုံးတို့အတွက်ကို မဆိုထားဘိ ထိုလူအားလုံးတို့၏ အပုံတရာပုံ၌ တပုံမျှသော လူတို့အတွက်ပင်၎င်း၊ အပုံတထောင်ပုံ၌ တပုံမျှသော လူတို့အတွက်ပင်၎င်း ကြီးစွာသော စိတ်မချမ်းမသာ ဝမ်းနည်းဘွယ်ရာ ဖြစ်ပေသည်ဟူ၍ မင်းတရားကြီးက မှတ်ယူတော်မူသည်။

မင်းတရားကြီးသည် မိမိအား တစုံ တယောက်သော သူက မတော်မတရား ပြစ်မှားစေကာမူ ထိုသို့ပြစ်မှားသူအား အပြစ်မှ ချမ်းသာခွင့်ပေးနိုင်ပါက ပေးမည်ဟု သဘောထားတော်မူသည်။ စိုးပိုင်ရာ နိုင်ငံတော်တွင် အပါအဝင်ဖြစ်သော တောတောင် ဒေသတို့၌ နေထိုင်ကြသူများကိုလည်း မင်း တရား ကြီး သည် အေးချမ်း သာယာ ဝပြော ချမ်းသာအောင် ပြုမူ ဆောင်ရွက် တော်မူသည်။

ထိုသူတို့အား ကျူးလွန်သော အပြစ်မှ ရက်ကြောက်ခြင်း ဖြစ်လာစေခြင်းငှာ မင်းတရားကြီး၌ နှိပ်ကွပ်နိုင်သော တန်ခိုး အာဏာ ရှိတော်မူကြောင်းကို သိရှိနားလည်နိုင်စေရန် ထုတ်ဖော် ကျေညာစေတော်မူသည်။

မင်းတရားကြီးသည် လူခပ်သိမ်းတို့ အပေါ် နာကျင်မှုကို မပြုလိုသောသဘော၊ မိမိစိတ်ကို ချုပ်တည်းလိုသော သဘော၊ သာနာညီမျှ တရားမျှတမှုကို ဖြစ်စေလိုသော သဘောများကို ထားတော်မူသည်။ ဤသို့ ပြုလုပ်ကာ အောင်မြင်ခြင်းသည်သာ လျှင် တရားဓမ္မဖြင့် အောင်မြင်ခြင်း မည်ပေသည်ဟု မင်းတရား ကြီးသည် နှလုံးသွင်းတော်မူသည်။

ဤသို့ အောင်မြင်ခြင်းကို မင်းတရားကြီးသည် နိုင်ငံတော်နှင့် တကွ တိုင်းစွန်နယ်ဖျားနေသူ လူအပေါင်းတို့ အထဲတွင်၎င်း၊ ယူဇနာပေါင်း ခြောက်ရာ ဝေးကွာသည့်'အန္တိယိုချုစ်'မည်သော ဂရိတ်ဘုရင်၊ 'ဖတိုလမီ' မည်သော ဂရိတ်ဘုရင်၊ 'အန္တိဂိုနပ်စ်' မည်သော ဂရိတ်ဘုရင်၊ 'မဂတ်စ်' မည်သော ဂရိတ်ဘုရင်၊ 'အလက်ဇန္ဒာ' မည်သော ဂရိတ်ဘုရင်တို့ပိုင် တိုင်းနိုင်ငံတို့သို့

တိုင်အောင်၎င်း၊ နိုင်ငံတော်၏ တောင်ဘက်ရှိ စောဠတိုင်း၊ ပဏ္ဍျတိုင်း၊ ကမ္ဗောဇတိုင်း စသည့် တိုင်းပြည်တို့သို့ တိုင်အောင်၎င်း အထပ်ထပ် အခါခါ အောင်မြင်ပြီးလေပြီ။

နိုင်ငံတော်အတွင်း၌၎င်း ယောနကတိုင်း၊ ကမ္ဗောဇတိုင်း၊ နာဘကတိုင်း၊ နာဘပန်ကတိတိုင်း၊ ဘောဇတိုင်း၊ ပိတိနိကတိုင်းတို့၌၎င်း၊ အန္ဓရတိုင်း၊ ပါရိန္ဒတိုင်းတို့၌၎င်း မင်းတရားကြီး၏ တရားဓမ္မဩဝါဒတို့ကို လိုက်နာ ကျင့်ဆောင်ကြ ကုန်၏။ ထိုမှတပါး မင်းတရားကြီး၏ သံတမန်များကို ခန့်ထားစေလွှတ်ခြင်း မရှိသော တိုင်းနိုင်ငံတို့၌လည်း မင်းတရားကြီး၏ တရားဓမ္မ ဩဝါဒတို့ကို ကြားနာကြရသည့် အတိုင်း လိုက်နာ ကျင့်ဆောင်ကြကုန်သည်။

ယင်းကဲ့သို့ တိုင်းနိုင်ငံအပေါင်း တို့၌ အောင်မြင်ခြင်းသည် စိတ်နှလုံးတွင် နှစ်သက်ခြင်း ပီတိတို့ကို ဖြစ်စေသည်။ သို့ရာတွင် ဤကဲ့သို့ စိတ်နှလုံးတွင် ပီတိဖြစ်ခြင်းသည်ကား စင်စစ်အားဖြင့် အနည်းငယ်သော အကျိုးတရားမျှသာ ဖြစ်ပေသည်။ နောင်တမလွန်ဘဝ၌ ခံစားရမည့် အကျိုးကို သာလျှင် ကြီးကျယ်မှန်မြတ်ပေသည်ဟူ၍ မင်းတရားကြီးသည် မှတ်ယူတော်မူသည်။

ထို့ကြောင့် သားမြေးစဉ်ဆက် တို့သည် နောက်ထပ် တိုင်းနိုင်ငံတို့ကို တိုက်ခိုက်အောင်မြင်ဘို့ ဆန္ဒမရှိကြရန် မင်းတရားကြီးက လိုလားတော်မူသည်။ အကယ်၍ မလွဲမရှောင်သာ တိုက်ခိုက်ကြရစေကာမူ သနားကြင်နာခြင်း၊ ဒဏ်ဒုက္ခ အနည်းငယ်မျှသာ ဖြစ်စေခြင်းဖြင့် ရောင့်ရဲ တင်းတိမ်ကြစေလိုသည်။ ထို့ပြင်

တရားဓမ္မဖြင့် အောင်မြင်ခြင်းသည် သာလျှင် မှန်ကန်သော အောင်မြင်ခြင်း ဖြစ်သည်ဟူ၍ မှတ်ယူကြစေရန်အလို့ငှာ ဤ ကျောက်စာကို ရေးထိုးစေတော်မူသည်။

ဤကဲ့သို့ တရားဓမ္မဖြင့် အောင်မြင်ခြင်းသည်သာလျှင် ဤ ပစ္စုပ္ပန်ဘဝနှင့် နောင်တမလွန်ဘဝတို့၌ ကောင်းကျိုး ချမ်းသာ ကို ဖြစ်ထွန်းစေနိုင်သည်။ ထို့ကြောင့် သားမြေးစဉ်ဆက် တို့သည် အခြားသောအလိုဆန္ဒ ဟူသမျှတို့ကို စွန့်ပယ်ကြ၍ တရားဓမ္မကို ကျင့်ဆောင်ခြင်း၌သာလျှင် နှစ်သက်ပျော်မွေ့နိုင်ကြစေကုန်။

## အဓိပ္ပာယ် ရှင်းလင်း ဖော်ပြချက်

ဤ ကျောက်စာသည် အသောကမင်း၏ ကျောက်စာများ ထဲတွင် အရေးအကြီးဆုံးသော ကျောက်စာတခုဖြစ်၏။ အခြား သော ကျောက်စာများ၌ ပါဝင်ပြီးသော တရားဓမ္မများကို ဤကျောက်စာ၌ အချုပ်အားဖြင့် ပြဆိုထား၏။ အထူးအားဖြင့် လက်နက်ဖြင့် မဟုတ်ဘဲ တရားဓမ္မဖြင့် အောင်မြင်ခြင်းသည်သာ လျှင် အစစ်အမှန်ဖြစ်သော အောင်မြင်ခြင်း ဖြစ်သည်ဟု လေး လေးနက်နက် ဖော်ပြထားသည်။

ဤနေရာ၌ တရားဓမ္မဖြင့် အောင်မြင်ခြင်းဟူသည် တရား ဓမ္မကို ခံယူလိုက်နာ ကျင့်သုံးစေခြင်းပင် ဖြစ်၏။ အသောက မင်းကြီးသည် သံတမန်များ လဲလှယ်ခြင်းဖြင့်၎င်း၊ သာသနာ ပြုများ စေလွှတ်ခြင်းဖြင့်၎င်း၊ မိမိနိုင်ငံတော်၏ ပတ်ဝန်းကျင်ရှိ တိုင်းပြည်များနှင့် ဆီးရီးယား၊ အီဂျစ်၊ ဆီးရီးန်၊ မက်ဆီဒိုးနီး

ယား၊ အီပီချပ်စ်ဟူသော ဂရိတ်ပိုင် တိုင်းပြည်များကို တရားဓမ္မကို လိုက်နာ ကျင့်ဆောင်စေသောအားဖြင့် အောင်မြင်ခဲ့လေသည်။

## ကျောက်စာအကြီး (အမှတ် ၁၄)
## ဂိရနာရ ကျောက်စာ

ဤတရားဓမ္မ ကျောက်စာများကို ဒေဝါနံပိယ မည်သော မင်းတရားကြီးသည် အကျဉ်းအားဖြင့်ရင်း၊အကျယ်အားဖြင့်ရင်း၊ မကျဉ်းမကျယ် အလယ်အလတ်အားဖြင့်ရင်း ရေးထိုးစေတော်မူသည်။ ထိုကျောက်စာ အားလုံးတို့သည် အရပ်ဒေသတိုင်းနှင့် သင့်လျော်လျောက်ပတ်ကြရမည် မဟုတ်ချေ။

ငါ၏ စိုးပိုင်ရာ နိုင်ငံတော်သည် အလွန်ကျယ်ဝန်း ကြီးမားသည့်အတိုင်း များစွာသော ကျောက်စာတို့ကို ရေးထိုးစေတော်မူခဲ့သည်။ နောက်ထပ်လည်း ရေးထိုး စေတော်မူ ဦးမည် ဖြစ်သည်။

အချို့သော ကျောက်စာတို့၌ အလွန်နှစ်သက်ဖွယ်ကောင်းသည့် တရားဓမ္မတို့ကို လူတို့ လိုက်နာကျင့်ဆောင် ကြစေခြင်းငှာ အထပ်ထပ်အခါခါ ထုတ်ဖော်မိန့်ကြားကာ ရေးထိုးထားစေတော်မူသည်။

သို့ရာတွင် ထိုကျောက်စာ အချို့တို့၌ အရပ်ဒေသကို လိုက်၍သော်ရင်း၊ သို့မဟုတ် နုတ်ပယ်သင့်သော အကြောင်းရှိ၍သော်ရင်း၊ သို့မဟုတ် ရေးထိုးသူ မှားယွင်း၍သော်ရင်း ပြည့်စုံမှန်ကန်စွာ ရေးထိုးထားခြင်း ရှိလိမ့်မည်မဟုတ်ပေ။

## အဓိပ္ပာယ် ရှင်းလင်းဖော်ပြချက်

ဤအမှတ် ၁၄ ကျောက်စာသည် ကျောက်စာကြီးများထဲက နောက်ဆုံး ကျောက်စာဖြစ်၏။ ဤကျောက်စာ၌ အသောကမင်းကြီးသည် အကျဉ်း၊ အကျယ်၊ အလယ်အလပ် ဖြစ်သော ကျောက်စာ အမျိုးမျိုးတို့ကို နိုင်ငံတော်တဝှမ်းလုံးတွင် အနှံ့အပြား ရေးထိုးထားပြီးကြောင်းကို ဖော်ပြထား၏။ ဤစကားကို ထောက်ထား၍ ယခုအခါ တွေ့ရှိပြီးဖြစ်သော ကျောက်စာများမှတပါး အများအပြားပင် မတွေ့ရဘဲ ကျန်ရှိနေကြသေးကြောင်းကို သိရှိရပေသည်။

အသောကမင်းကြီးသည် နိုင်ငံတော်တဝှမ်းလုံး၌ တရားဓမ္မ ပြန့်ပွားသွားစေရန် အလွန် စိတ်ဆန္ဒပြင်းထန်လှသဖြင့် သင့်လျော် လျောက်ပတ်သည့် ကျောက်တုံးကျောက်နံရံများ အပေါ်၌ တရားဓမ္မများကို ရေးထိုးထားခဲ့လေသည်။ ကျောက်တုံး ကျောက်နံရံများ မရှိသော အရပ်ဒေသများ၌ ပျဉ်ပြားများပေါ် သို့မဟုတ် ပိတ်အလံတံခွန်များပေါ်၌ ရေးသားပြီး လူအများ မြင်သာသည့် ဌာနများ၌ စိုက်ထူထားဟန် လက္ခဏာရှိသည်။ ထိုပျဉ်ပြားပေါ် သို့မဟုတ် ပိတ်ပေါ်တွင် ရေးသားထားသည့် တရားဓမ္မများကို အစည်းအဝေးများ၌ လူအများကြားအောင် ဖတ်ပြရသည့် လက္ခဏာလည်း ရှိပေသည်။

### ကလိင် ကျောက်စာ ( အမှတ် ၁ )
### ဓောလိ ကျောက်စာ

ဒေဝါနံပိယမည်သော မင်းတရားကြီးသည် တောသာလိ

မြို့ကို အုပ်ချုပ်ကာ တရားစီရင် ဆုံးဖြတ်ကြသည့် အမတ်ကြီးတို့အား အောက်ပါအတိုင်း အမိန့်တော်မြွတ် ချမှတ်တော်မူသည်။

ငါ၏စိတ်၌ မှန်ကန်သည်ဟု ထင်မြင်သမျှတို့ကို ထင်မြင်သည့်အတိုင်း ဖြစ်မြောက်အောင် ကိုယ်တိုင်ကြိုးပမ်း ဆောင်ရွက်လိုသောဆန္ဒ ရှိတော်မူသည်။ ဤသို့ဆောင်ရွက်ရန် နည်းလမ်းသည်ကား သင်တို့အား အမိန့်ဩဝါဒ ချမှတ်ပေးခြင်းပင် ဖြစ်သည်။

သင်တို့သည် ထောင်ပေါင်းများစွာသော လူတို့ကို အုပ်ချုပ်နေကြရသည် ဖြစ်ရကား ထိုလူအပေါင်းတို့၏ ချစ်ကြည်လေးမြတ်ခြင်းကို ခံယူကြရမည် ဖြစ်ပေသည်။

ခပ်သိမ်းသောလူတို့သည် ငါ၏ သားသမီးများ ဖြစ်ကြကုန်၏။ ငါသည် ငါ၏သားသမီးတို့အတွက် ဤပစ္စုပ္ပန်ဘဝနှင့် နောင်တမလွန်ဘဝတို့၌ ကောင်းကျိုးချမ်းသာကို လိုလားတော်မူသကဲ့သို့ ထို့အတူပင် လူခပ်သိမ်းတို့အတွက် ကောင်းကျိုးချမ်းသာကို လိုလားတော် မူသည်။ ယခု ငါဆိုလိုသည့် အဓိပ္ပာယ်ကို သင်တို့ အတိအကျ သိရှိကြမည် မဟုတ်ပေ။ သို့ရာတွင် အချို့သောသူတို့သည်ကား အကုန်အစင် မသိကြစေကာမူ အနည်းငယ်မျှ သိနားလည်ကြ ပေလိမ့်မည်။ ထို့ကြောင့် အောက်ပါ အချက်အလက်တို့ကို သင်တို့သတိပြုကြကုန်။

တရားစီရင် ဆုံးဖြတ်ရာ၌ တစုံတယောက် သော သူသည် အနှောင်အဖွဲ့ကို သော်၎င်း၊ ညှဉ်းပမ်းနှိပ်စက်ခြင်းကို သော်၎င်း ခံရတတ်သည်။ ယင်းသို့ ခံနေရသည့်အခါ၌ ထိုသူသည် အနှောင်

အဖွဲ့မှ လွတ်မြောက်ရန် ကြံစည် ကြိုးစားနိုင်စေကာမူ အခြား များစွာသော အနှောင်အဖွဲ့ ခံနေရသူတို့သည်ကား မကြံစည် မကြိုးစားနိုင်ဘဲ ခံမြဲ ခံနေကြရကုန်သည်။

ဤကိစ္စမျိုး၌ အသင် အမတ်ကြီးတို့သည် ထို ခံနေရသူ အားလုံးတို့အား တရားသဖြင့်ဖြစ်စေခြင်းငှာအားထုတ်ကြရမည်။ သို့ရာတွင် ယင်းသို့ အားထုတ်ကြရာ၌ ငြူစူခြင်း၊ လှုံ့လမရှိခြင်း၊ ရက်စက်ခြင်း၊ အဆောတလျှင်ပြုခြင်း၊ မစွဲမြဲခြင်း၊ ပျင်းရိခြင်း၊ ထိုင်းမှိုင်းခြင်း စသော သဘောထားမျိုး ပါရှိပါမူကား မဖြစ် မြောက် မအောင်မြင်ဘဲ ပျက်ကွက်တတ်ပေသည်။ ထို့ကြောင့် ဤသဘောထားမျိုး မပေါ်ပေါက်စေရန် သင်တို့ ကြိုးစားသင့် ကြပေသည်။

အချုပ်အားဖြင့် လှုံ့လဝိရိယရှိခြင်း၊ အဆောတလျင်မပြုခြင်း ပင် ဖြစ်၏။ တရားစီရင် ဆုံးဖြတ်ရေး၌ ထိုင်းမှိုင်းသူတို့သည် မကြီးပွား မထွန်းကားနိုင် ကြကုန်။ ထို့ကြောင့် ကြီးပွား ထွန်းကားကြစေရန် မနေမနား ကြိုးစားအားထုတ်သင့်ကြသည်။ ဤအချက်အလက်ကို ဂရုစိုက်သူတို့သည် 'သင်သည် မင်းတရား ကြီးအပေါ် ဆောင်ရွက်အပ်သော တာဝန်ဝတ္တရားကို ကြေပွန် အောင် ဆောင်ရွက်ရပေမည်။ ဤသည်တို့ကား မင်းတရားကြီး ၏ အမိန့်သြဝါဒများ ဖြစ်ကြကုန်သည်' ဟူ၍ ပြောဆိုကြပေ လိမ့်မည်။

အမိန့်သြဝါဒအတိုင်း လိုက်နာဆောင်ရွက်က အကျိုးကျေး ဇူး ခံစားရ၍ မလိုက်နာ မဆောင်ရွက်သော်ကား ကြီးစွာသော အပြစ် ဖြစ်ပေသည်။ အမိန့်သြဝါဒအတိုင်း မလိုက်နာ မဆောင်

ရှက်သူသည် နတ်ပြည်ချမ်းသာကိုလည်း မရ။ မင်းတရားကြီး၏ နှစ်သက်မြတ်နိုးခြင်းကိုလည်း မခံရ ဖြစ်တတ်သည်။

အမိန့်ဩဝါဒအတိုင်း မလိုက်နာ မဆောင်ရွက်သူတို့အား မင်းတရားကြီးသည် အဘယ်ကဲ့သို့ နှစ်သက်မြတ်နိုးခြင်း ဖြစ်နိုင်ပါအံ့နည်း။ သို့ရာတွင် ဤအမိန့်ဩဝါဒအတိုင်း လိုက်နာဆောင်ရွက်သူသည်ကား နတ်ပြည်ချမ်းသာကို ရရှိရုံမျှသာမက ငါ မင်းတရားကြီးအပေါ် ဆောင်ရွက်အပ်သောတာဝန်ကိုလည်း ကြေပြွန်အောင် ဆောင်ရွက်ရာ ရောက်ပေသည်။

ဤကျောက်စာကို အာသဠ္ဇိနက္ခတ်နှင့်ယှဉ်သော တိဿ နေ့တိုင်း လူအပေါင်းတို့ သိရှိစေရန် ပြန်ကြားကြစေ။ ယင်း တိဿနေ့၏ တနေ့နှင့်တနေ့အကြား ဖြစ်သော နေ့တို့၌လည်း တဦးတယောက်တည်းသော သူကိုပင်ဖြစ်စေ သိရှိစေရန် ပြန်ကြားကြစေ။ ဤသို့ ပြုခြင်းဖြင့် သင်တို့သည် ရည်ရွယ်ရင်းအတိုင်း အောင်မြင်ရာ ရောက်ကြပေလိမ့်မည်။

ဤကျောက်စာကို တောသာလီမြို့ကို အုပ်ချုပ်ကာ တရားစီရင်ဆုံးဖြတ်ကြသည့် အမတ်ကြီးတို့သည် ပြည်သူဆင်းရဲသားတို့အား အကြောင်းမဲ့ ချုပ်နှောင်ခြင်း၊ ညှဉ်းပမ်းခြင်း မပြုလုပ်ကြစေရန် ဤနေရာဌာန၌ ရေးထိုးစေတော်မူသည်။

ထိုမှတပါး ထိုတရားစီရင်ဆုံးဖြတ်ကြသည့် အမတ်ကြီးတို့သည် ငါ၏ အမိန့်ဩဝါဒအတိုင်း လိုက်နာဆောင်ရွက်ခြင်း ရှိမရှိကို စစ်ဆေးကြည့်ရှုရန်အလို့ငှာ ယဉ်ကျေးသိမ်မွေ့သော အမတ်ကြီးတို့ကို ငါးနှစ်တကြိမ် နယ်လှည့် ထွက်စေတော်မူလိမ့်မည်။

ဥဇ္ဇေနီပြည်၌ အုပ်စိုးနေသည့် မင်းသားသည်လည်း ထိုနည်းအတူ ယဉ်ကျေးသိမ်မွေ့သော အမတ်ကြီးတို့ကို ဆိုခဲ့သည့်ကိစ္စအလို့ငှာ သုံးနှစ်တကြိမ် စေလွှတ်ပေလိမ့်မည်။

ထိုနည်းအတူ တက္ကသိုလ်ပြည်မှလည်း စေလွှတ်ပေလိမ့်မည်။ အဆိုပါ အမတ်ကြီးတို့သည် နယ်လှည့် ထွက်ကြသောအခါ မိမိတို့ဆိုင်ရာ အလုပ်ဝတ္တရားများကိုလည်း မမေ့မလျော့ကြဘဲ ထိုတရားစီရင်ဆုံးဖြတ်ကြသည့် အမတ်ကြီးတို့အား မင်းတရားကြီး၏ အမိန့်သြဝါဒအတိုင်း လိုက်နာဆောင်ရွက်ခြင်း ရှိမရှိ စစ်ဆေးကြည့်ရှုကြရမည်။

## အစိပ္ပာယ် ရှင်းလင်းဖော်ပြချက်

ဤကျောက်စာသည် တောသာလိနှင့် ဆမာပမြို့တို့၌ တရားစီရင်ဆုံးဖြတ်ကြကုန်သော မဟာမတ္တတို့အား ညွှန်ကြားချက်များ ပေးထားသည့် အမိန့်စာ ဖြစ်သည်။ ဤကျောက်စာ၌ မဟာမတ္တတို့ဟူသော အမည်ကို 'နဂလဝိယောဟာလက' (မြို့ဘော်တရားသူကြီး) ဟူသော ဝိသေသန စကားနှင့် တွဲယှဉ်ထားသည်။ ထို့ပြင် 'သဗ္ဗေမုနိဿေပဇာမမာ၊ အထာပဇာယေ ဣစ္ဆာမိဟ ကံ ကိန္တိသဗ္ဗေန ဟိတသုခေန ဟိဒလောကိကပါလ လောကိကေန ယုဇ္ဇေဗူတိတထာ.... မုနိဿေသုပိ ဣစ္ဆာမိဟကံ'.... ဟူ၍ ခပ်သိမ်းသောလူတို့သည် ငါ၏ သားသမီးများ ဖြစ်ကြကုန်၏ စသည်ဖြင့် တိုင်းသူပြည်သားတို့အား ချစ်ခင်လေးစားကြရန် ပြထားပေသည်။

ဤကျောက်စာကို အေဒီရစ်ဆာခေါ် ကလိင်္ဂတိုင်းအတွင်း ဘင်္ဂလားပင်လယ်အော် ကမ်းခြေအနီး ကဏ်တက်ခရိုင် ဘူဗနေဆဝါရ်မြို့ တောင်ဖက် ၇ မိုင်ခန့်ကွာရှိ ဓောလိရွာအနီး တောင်ထိပ်နှင့် ကပ်နေသော ကျောက်တုံးကြီး၏ မြောက်ဖက် မျက်နှာပြင်၌ ရေးထိုးထားသည်။ ကလိင်္ဂတိုင်းကို အုပ်စိုးရသော မင်းသား၏ စံရာ တောသာလိ မြို့တော်ဟောင်းသည် ဤအရပ်၏ အနီးအနား ပတ်ဝန်းကျင်၌ တည်ရှိဟန် လက္ခဏာရှိပေသည်။

## ကလိင်္ဂကျောက်စာ (အမှတ် ၂)
## ဇောဂဒ ကျောက်စာ

ဒေဝါနံပိယ မည်သော မင်းတရားကြီးသည် ဆမာပမြို့ရှိ အမတ်ကြီးတို့အား အောက်ပါအတိုင်း အမိန့်တော်မြွက် ချမှတ်တော်မူသည်။

ငါ၏ စိတ်၌ မှန်ကန်သည်ဟု ထင်မြင်သမျှတို့ကို ထင်မြင်သည့်အတိုင်း ဖြစ်မြောက်အောင် ကိုယ်တိုင် ကြိုးပမ်း ဆောင်ရွက်လိုသော ဆန္ဒ ရှိတော်မူသည်။ ဤသို့ ဆောင်ရွက်ရန် နည်းလမ်းသည်ကား သင်တို့အား အမိန့်ဩဝါဒ ချမှတ်ပေးခြင်းပင် ဖြစ်သည်။

ခပ်သိမ်းသောလူတို့သည် ငါ၏ သားသမီးများ ဖြစ်ကြကုန်၏။ ငါသည် ငါ၏သားသမီးတို့အတွက် ဤ ပစ္စုပ္ပန်ဘဝနှင့် နောင် တမလွန်ဘဝတို့၌ ကောင်းကျိုးချမ်းသာကို လိုလားတော်မူသကဲ့သို့ ထိုအတူပင် လူခပ်သိမ်းတို့အတွက် ကောင်းကျိုးချမ်းသာကို လိုလားတော်မူသည်။

ငါ၏ နိုင်ငံတော် နယ်စွန်နယ်ဖျား နေသူတို့သည် မိမိတို့ နယ်စွန်နယ်ဖျား နေသူတို့နှင့် စပ်လျဉ်း၍ မင်းတရားကြီးသည် မည်ကဲ့သို့ သဘောထားတော်မူသနည်းဟု သိလိုကြပေလိမ့်မည်။ ထို နယ်စွန်နယ်ဖျား နေသူတို့နှင့် စပ်လျဉ်း၍ ငါ၏သဘော ထားသည်ကား—

(၁) ငါ့အား မကြောက်မရွံ့ကြဘဲ ယုံကြည်ကိုးစားကြစေ ရန်ဍင်း၊

(၂) ငါ့ထံမှ ဆင်းရဲဒုက္ခကို မရဘဲ ချမ်းသာသုခကိုသာ ရမည်ဟူ၍ မှတ်ယူကြစေရန်ဍင်း၊

(၃) ငါသည် အပြစ်မှ ချမ်းသာပေးနိုင်သရွေ့ကို ပေးလိမ့် မည်ဟု သဘောပိုက်ကြစေရန်ဍင်း၊

(၄) တရားဓမ္မကို ကျင့်ဆောင်ကြစေခြင်းငှာ ငါက တိုက် တွန်း နှိုးဆော်သည်ဟု သိနားလည်ကြစေရန်ဍင်း၊

(၅) ဤသို့ ကျင့်ဆောင်ခြင်းအားဖြင့် ဤပစ္စုပ္ပန်ဘဝနှင့် နောင်တမလွန်ဘဝတို့၌ ကောင်းကျိုးချမ်းသာကို ရရှိ မည်ဟု ယုံကြည်ကြစေရန်ဍင်း ဖြစ်ပေသည်။

ငါသည် ထိုနယ်စွန်နယ်ဖျား နေသူတို့အတွက် ရွက်ဆောင် အပ်သော တာဝန်မှ ကင်းလွတ်စေရန် အလို့ငှာ ငါ၏ခိုင်မြဲ သော ပြဋ္ဌာန်းချက်ကို သင်တို့အား ယခုမိန့်ကြားတော်မူခဲ့ပြီ။ ထို့ကြောင့် သင်တို့၏အလုပ်တာဝန်ကို ကြေပွန်အောင် ဆောင် ရွက်ရာ ရောက်စေခြင်းငှာ မင်းတရားကြီးသည် နယ်စွန်နယ်ဖျား

နေသူတို့၏ အဖသဖွယ် ဖြစ်ပေသည်ဟူ၍၎င်း၊ မင်းတရားကြီးသည် မိမိကိုယ်ကို ချစ်သည်နှင့် ထပ်တူထပ်မျှ ထိုသူတို့အား ချစ်ခင်သည်ဟူ၍၎င်း၊ ထိုသူတို့ ကိုယ်တိုင်ကလည်း ငါတို့သည် မင်းတရားကြီး၏ သားသမီးများ ဖြစ်သည်ဟူ၍၎င်း သဘောပေါက်လာကြအောင် ဆောင်ရွက်ကြရမည်။

ယခုအခါ ငါ၏အလိုဆန္ဒကို သင်တို့အား မိန့်ကြားတော်မူခဲ့ပြီ။ ငါ၏နိုင်ငံတော်ရှိ ပြည်နယ်အရပ်ရပ်တို့၌ ဤကိစ္စကို ဆောင်ရွက်ရန်အတွက် အမှုထမ်း အရာသမ်းတို့ကိုလည်း ခန့်ထားတော်မူမည်။

သင်တို့သည် ထိုနယ်စွန်နယ်ဖျား နေသူတို့အား ငါ၏အပေါ်၌ ယုံကြည်ကိုးစားစိတ် ပေါ်ပေါက်အောင် ဆောင်ရွက်နိုင်ကြသည့်အပြင် ထိုသူတို့၏ ပစ္စုပ္ပန်နှင့် တမလွန်ကောင်းကျိုးချမ်းသာအတွက်လည်း ဆောင်ရွက်နိုင်ကြကုန်၏။ ဤအတိုင်း သင်တို့ လိုက်နာဆောင်ရွက်ကြလျှင် သင်တို့သည် နတ်ပြည်ချမ်းသာကို ရရှိနိုင်ကြ၍ ငါ၏အပေါ် ဆောင်ရွက်အပ်သော တာဝန်ဝတ္တရားမှလည်း ကြေပြွန်ကြပေလိမ့်မည်။

အသင်အမတ်ကြီးတို့သည် ငါ၏နိုင်ငံတော် အစွန်အဖျားနေသူတို့အား ငါ၏အပေါ် ယုံကြည်ကိုးစားစိတ် ပေါ်ပေါက်စေရန်၎င်း၊ ထိုသူတို့အား တရားဓမ္မကို ကျင့်ဆောင်ကြစေရန်၎င်း၊ အမြဲမပြတ် အခါခပ်သိမ်း ကြိုးပမ်းကြစေရန် အလို့ငှာ ဤကျောက်စာကို ဤနေရာ၌ရေးထိုးစေတော်မူသည်။

## အဝိပ္ပာယ် ရှင်းလင်းဖော်ပြချက်

ဤကျောက်စာသည် တောသာလိနှင့် ဆမာပမြို့၌နေ၍ ဣန္ဒိယအရှေ့ပိုင်း နယ်စွန်နယ်ဖျားနေ မယဉ်ကျေးသေးသည့် သူများအတွက် အမှုထမ်းရွက် နေရသည့် အရာရှိများအား ညွှန်ကြားထားသည့် အမိန့်စာဖြစ်သည်။ ဤနယ်စွန်နယ်ဖျား နေသူများသည် ကာလိင်္ဂစစ်ပွဲ ပြီးသည့်နောက်မှ အသောက မင်းကြီး၏ နိုင်ငံတော်သား အဖြစ်သို့ ရောက်ရှိလာကြသည်။

ဤကျောက်စာကို မဒရပ်နယ်၊ ဂန်ဂျန်ခရိုင်၊ ဇောဂဒ မည်သော ရှေးမြို့ဟောင်း၏ အလယ်ဗဟို၌ ထွက်ပေါ်နေသည့် အမြင့်ပေ ၁၂၀ ခန့်ရှိ လချေးကျောက် တောင်ပေါ်ရှိ ကျောက်တုံးကြီး၏ မျက်နှာပြင်၌ ရေးထိုးထားသည်။

### လိုဏ်ဂူကျောက်စာ ( အမှတ် ၁ )
### ဗရာဗရ်တောင် နိဂြောဓလိုဏ်ဂူ ကျောက်စာ

ဒေဝါနံပိယမည်သော မင်းတရားကြီးသည် အဘိသိက်ခံပြီး နောက် ၁၂ နှစ် မြောက်သောအခါ ဤနိဂြောဓလိုဏ်ဂူကို အာဇီဝက ရဟန်းတို့အား လှူဒါန်းတော်မူသည်။

### လိုဏ်ဂူကျောက်စာ ( အမှတ် ၂ )
### ခလတိကတောင် လိုဏ်ဂူကျောက်စာ

ဒေဝါနံပိယမည်သော မင်းတရားကြီးသည် အဘိသိက် ခံပြီးနောက် ၁၂ နှစ် မြောက်သောအခါ ဤခလတိကတောင်ရှိ လိုဏ်ဂူကို အာဇီဝက ရဟန်းတို့အား လှူဒါန်းတော်မူသည်။

## လိုဏ်ဂူကျောက်စာ ( အမှတ် ၃ )
## ခလတိကတောင် လိုဏ်ဂူကျောက်စာ

ဒေဝါနံပိယမည်သော မင်းတရားကြီးသည် အဘိသိက်ခံပြီး နောက် ၁၉ နှစ် မြောက်သောအခါ နှလုံး မွေ့လျော်ဘွယ် ကောင်းသော ဤခလတိကတောင်ရှိ လိုဏ်ဂူကို အာဇီဝက ရဟန်းတို့အား မိုးဥတုအခါ နေထိုင်ရန်အလို့ငှာ လှူဒါန်းတော် မူသည်။

## အဓိပ္ပာယ် ရှင်းလင်းဖော်ပြချက်

ဤကျောက်စာ ၃ ခုကို ဂယာခရိုင် ဗရာဗရ်တောင်၌ အာဇီဝက ရဟန်းတို့ နေထိုင်ရန်အတွက် အဘိုးထိုက်တန် ကောင်းမွန်သည့် လိုဏ်ဂူများကို လှူဒါန်းရာတွင် အကျဉ်းအား ဖြင့် ရေးထိုးထားခဲ့သည်။ ဤကျောက်စာပါ အာဇီဝကတို့သည် အဝတ်မဝတ်ဘဲ အပြင်းအထန် အဆင်းရဲခံကာ ကျင့်ကြံကြ သည့် အတ္တကိလမထာနု ယောဂီ ပုဂ္ဂိုလ်များ ဖြစ်ကြသည်။ ဤကျောက်စာကို ထောက်ဆ၍ အသောက မင်းကြီးသည် ဘာသာအယူဝါဒ အားလုံးတို့အပေါ်၌ မျှမျှတတ သဘော ထားကြောင်းကို အခိုင်အမာ သိရှိရပေသည်။

## တာရာအီကျောက်တိုင် ( အမှတ် ၁ )
## ရုမ္မင်ဒေအီ ကျောက်စာတိုင်

ဤကျောက်စာကို လုမ္ဗိနီဥယျာဉ်တော်ကို ပြဆိုရန်အခန်း၌ ရေးသားဖော်ပြခဲ့ပြီးဖြစ်၍ ဤနေရာ၌ ထပ်မံရေးသားရန် မလို တော့ပေ။

## တာရာအီ ကျောက်တိုင် ( အမှတ် ၂ )
## နိဂလိဆာဂရ် ကျောက်စာတိုင်

ဒေဝါနံပိယမည်သော မင်းတရားကြီးသည် အဘိသိက်ခံပြီး နောက် ၁၄ နှစ် မြောက်သောအခါ ကောဏာဂုံ ဘုရားရှင်၏ စေတီတော်ကို အစမူလ ရှိရင်းပမာဏထက် နှစ်ဆတိုးချဲ့ကာ ထပ်မံတည်တော်မူသည်။

အဘိသိက်ခံပြီးနောက် အနှစ် ၂၀ မြောက်သောအခါ ဤ နေရာသို့ ကိုယ်တိုင် ကြွရောက် ဖူးမြော်ပြီး ကမ္ပည်းကျောက်စာ တိုင် စိုက်ထူစေတော် မူသည်။

## အဓိပ္ပာယ် ရှင်းလင်းဖော်ပြချက်

ဤကျောက်စာတိုင်ကို အစမူလ စိုက်ထူရာဌာနမှ ဤနေရာသို့ ပြောင်းရွှေ့ စိုက်ထူထားခဲ့၏။ ယခုအခါ ဤကျောက်စာတိုင် သည် ရုမ္မင်ဒေအီ ကျောက်စာတိုင်မှ အနောက်မြောက်ဖက် ၁၃ မိုင်လောက် ကွာဝေးသည့် နိဂလိဆာဂရ် ရွာအနီး နိဂလိဆာဂရ်မြစ်၏ အနောက်ဖက်ကမ်းပေါ်၌ တည်ရှိသည်။

## ကျောက်စာတိုင်အကြီး
## အမှတ် ၁ ကျောက်စာတိုင်

ဒေဝါနံပိယ ပိယဒဿိ မည်သော မင်းတရားကြီးသည် ဤ သို့ မိန့်တော်မူသည်။

ဤတရားမေ့ ကျောက်စာကို အဘိသိက်ခံပြီးနောက် ၂၆ နှစ် မြောက်သောအခါ ရေးထိုးစေတော်မူသည်။

ဤပစ္စုပ္ပန်ဘဝနှင့် နောင်တမလွန်ဘဝတို့၏ ကောင်းကျိုးချမ်းသာကို တရားဓမ္မကို အလွန်အမင်း နှစ်သက်မြတ်နိုးခြင်းနှင့် ကင်း၍ရှင်း၊ တရားဓမ္မကို အသေအချာ စီစစ်ရှာဖွေခြင်းနှင့် ကင်း၍ရှင်း၊ တရားဓမ္မကို ရိုသေစွာ လိုက်နာကျင့်ဆောင်ခြင်းနှင့် ကင်း၍ရှင်း၊ အပြစ်ဒုစရိုက်ကို များစွာ ကြောက်ရွံ့ထိတ်လန့်ခြင်းနှင့်ကင်း၍ရှင်း၊ တရားဓမ္မကို ကြိုးပမ်းအားထုတ်လိုသော စိတ်ဆန္ဒနှင့် ကင်း၍ရှင်း ရရှိနိုင်လိမ့်မည် မဟုတ်ပေ။

သို့ရာတွင် ငါ၏ ဆုံးမဩဝါဒတို့ဖြင့် တရားဓမ္မကို အလေးဂရုပြုခြင်း၊ နှစ်သက်မြတ်နိုးခြင်းတို့သည် တနေ့တခြား တိုးတက်ပွားများ လာကြပေလိမ့်မည်။ နောင်အခါ၌လည်း ထို့ထက် တိုးတက်ပွားများ လာကြပေလိမ့်ဦးမည်။

ငါ၏ကိုယ်စား ခန့်ထားခြင်း ခံရသူ အရာရှိကြီးငယ်တို့သည် တရားဓမ္မကို လိုက်နာကျင့်ဆောင် ကြပေလိမ့်မည်။ ထို့ပြင် လူတို့ကိုလည်း ထိုနည်းအတူ ပြုမူကျင့်ဆောင်ကြရန် တိုက်တွန်းနှိုးဆော်ကြပေလိမ့်မည်။ နယ်ခြားတိုင်းတပါးတို့ရှိ အမတ်ကြီးတို့သည်လည်း ထိုနည်းအတူ လုပ်ကိုင်ဆောင်ရွက် ကြပေလိမ့်မည်။

ထိုထို အမတ်ကြီးတို့အား မိန့်ဆိုထားသည့် ဆုံးမဩဝါဒတို့သည်ကား (၁) လူတို့ကို တရားဓမ္မနှင့်အညီ စောင့်ရှောက်ကြရန်ရှင်း၊(၂) တရားဓမ္မနှင့်အညီ စီမံခန့်ခွဲကြရန်ရှင်း၊ (၃)တရားဓမ္မနှင့်အညီ နှစ်သိမ့်ချမ်းမြေ့အောင် ပြုလုပ်ကြရန်ရှင်း၊ (၄) တရားဓမ္မနှင့်အညီ နိုင်ငံတော်ကို စောင့်ရှောက်ကြရန်ရှင်း ဖြစ်ကြကုန်သည်။

## အဝိပ္ပာယ် ရှင်းလင်းဖော်ပြချက်

အသောကမင်းကြီးသည် ရေးအခါက ကျောက်စာများ၌ ဒါန သီလ မေတ္တာ ကရုဏာတရားတို့ကို ကြိုးစားအားထုတ်ကြရန် တိုက်တွန်းနှိုးဆော်ခဲ့၏။ ယခုကျောက်စာ၌ကား တရားဓမ္မကို အလွန်နှစ်သက် မြတ်နိုးခြင်း၊ စိစစ်ရှာဖွေခြင်း၊ ရိုသေစွာ လိုက်နာကျင့်ဆောင်ခြင်း၊ ဒုစရိုက်များကို ကြောက်ရွံ့ထိတ်လန့်ခြင်း၊ တရားဓမ္မကို ကြိုးပမ်းလိုခြင်းတို့ကို အလေးထားကာ တိုက်တွန်းထားပေသည်။

အားလုံးသော ပြဿနာများကို ဓမ္မဖြင့် ဖြေရှင်းနိုင်သည်ဟု ဓမ္မအပေါ်၌ အလွန်ယုံကြည်အားကိုးထား၍ ဤကျောက်စာ၌ နိဂုံးချုပ်စကားကို အောက်ပါ အတိုင်း ရေးထိုးထားခဲ့ လေသည်။

‘ဧသာဟိ ဝိဓိယာ ယာ ဣယံ ဓမ္မေနပါလနာ ဓမ္မေန ဝိဓာနေ ဓမ္မေန သုခိယနာ ဓမ္မေန ဂေါတ္တီတိ’

### ကျောက်စာတိုင်အကြီး
### အမှတ် ၂ ကျောက်စာတိုင်

ဒေဝါနံပိယ ပိယဒဿီ အမည်ရှိသော မင်းတရားကြီးသည် ဤသို့ မိန့်ဆိုတော်မူသည်။

တရားဓမ္မကို လိုက်နာကျင့်ဆောင်ခြင်းသည် ကောင်းကျိုးချမ်းသာမည်၏။ ထိုတရားဓမ္မတို့တွင် အဘယ်တရားများ ပါဝင်ကြသနည်း။

တရားဓမ္မတို့တွင် မကောင်းမှုမှ ကင်းရှင်းကြခြင်းသည်ရင်း၊ များစွာသော ကောင်းမှုတို့သည်ရင်း၊ သနားကရုဏာသည်ရင်း၊ ရက်ရောစွာ လှူဒါန်းစွန့်ကြဲခြင်းသည်ရင်း၊ ဖြောင့်မှန်စွာပြောဆို ပြုလုပ်ခြင်းသည်ရင်း၊ စိတ်စင်ကြယ်ခြင်းသည်ရင်း ပါဝင်ကြကုန်သည်။

ငါသည် ဘာသာအယူဝါဒနှင့် စပ်ဆိုင်သော အသိအမြင် ဉာဏ်ပညာတို့ကိုလည်း များစွာသော နည်းလမ်းတို့ဖြင့် ပေးကမ်းခဲ့လေပြီ။ အခြေ နှစ်ချောင်းရှိသော သတ္တဝါ၊ အခြေလေးချောင်းရှိသော သတ္တဝါ၊ ငှက်သတ္တဝါ၊ ရေ၌ကျက်စားသော သတ္တဝါ၊ ထိုထိုသတ္တဝါတို့ကို အသက်ရှည်ကာ ကျန်းမာချမ်းသာကြရအောင် စီမံဆောင်ရွက်မှုအမျိုးမျိုးတို့ကို ငါသည် ပြုလုပ်စီစဉ်ခဲ့လေပြီ။

အခြားများစွာသော ကုသိုလ်ကောင်းမှုတို့ကိုလည်း ငါသည် ပြုလုပ်ခဲ့လေပြီ။ ထို့ကြောင့် ဤတရားဓမ္မကျောက်စာကို လူတို့ လိုက်နာကျင့်ကြံကြစေရန်ရင်း၊ ဤတရားဓမ္မ ကျောက်စာသည် အစဉ်နှ့ရှည်ကြာစွာ မြဲမြံတည်တံ့စေရန်ရင်း၊ ရေးထိုးစေသည်။

ဤအတိုင်း လိုက်နာကျင့်ကြံသူတို့သည် ကောင်းမြတ်သော အမှုကို ပြုလုပ်ကြသည် မည်ပေလိမ့်မည်။

## အဓိပ္ပာယ် ရှင်းလင်းဖော်ပြချက်

ဤကျောက်စာ၌ တရားဓမ္မ၏တရားကိုယ်အရကို မကောင်းမှု ကင်းရှင်းခြင်း စသည်ဖြင့် အကျဉ်းချုပ်ဖော်ပြထားသည်။

# ကျောက်စာတိုင်အကြီး
## အမှတ် ၃ ကျောက်စာတိုင်

ဒေဝါနံပိယ ပိယဒဿိ အမည်ရှိသော မင်းတရားကြီးသည် ဤသို့ မိန့်ဆိုတော်မူသည်။

လူတို့သည် မိမိတို့၏ ကောင်းမှုကိုသာ ရှုမြင်ကာ 'ငါတို့သည် ကောင်းမှုကို ပြုခဲ့ကြလေပြီ'ဟု အောက်မေ့တတ်ကြကုန်သည်။

သို့ရာတွင် မိမိတို့၏ မကောင်းမှုကိုမူ မကြည့်ရှုကြဘဲ 'ငါတို့သည် မကောင်းမှုကို ပြုခဲ့ကြလေပြီ။ ဤသို့ မကောင်းမှုကို ပြုခြင်းသည် အပြစ်ဖြစ်ပေသည်'ဟူ၍ မသိမြင်နိုင်ကြကုန်။ ဤသို့ ထိုးထွင်းကာ သိမြင်နိုင်ရန်ကား ခဲယဉ်းလှပေသည်။ သို့ရာတွင် ထိုးထွင်းကာ သိမြင်သင့်ကြကုန်သည်။

ကြမ်းကြုတ်ခြင်း၊ ရက်စက်ခြင်း၊ ဒေါသထွက်ခြင်း၊ မာနရောက်ခြင်း၊ ငြူစူခြင်း စသည်တို့သည် အပြစ်ဒုစရိုက်တို့ ဖြစ်ကုန်၏။ ဤသို့သော စိတ်သဘောထားတို့ဖြင့် ငါတို့၏ ကိုယ်ကို ပျက်စီးဆုံးရှုံးခြင်း မဖြစ်စေသင့်ကြကုန်။

ဤသို့ ပြုမူခြင်းသည် ငါတို့အား ဤပစ္စုပ္ပန်ဘဝ၌ချမ်းသာသုခကို ဖြစ်စေနိုင်၏။ ဤသို့ ပြုမူခြင်းသည်ကား နောင်တမလွန်ဘဝ၌ ချမ်းသာသုခကို ဖြစ်စေနိုင်၏ဟူ၍ အထူးသဖြင့် သိမြင်သင့်ကြကုန်သည်။

## အဓိပ္ပာယ် ရှင်းလင်း ဖော်ပြချက်

ဤကျောက်စာ၌ အပြစ်ဒုစရိုက်တို့၏ သရုပ်ကို ဖော်ထုတ်ပြပြီး အောက်ပါစကားဖြင့် အဆုံးသတ် ထားလေသည်။

"ကြယံမေ ဟိတတ္တိကာယေ၊ ကြယံ မန မေ ပါလတ္တိကာယေ"

## ကျောက်စာတိုင်အကြီး
## အမှတ် ၄ ကျောက်စာတိုင်

ဒေဝါနံပိယ ပိယဒဿိ အမည်ရှိသော မင်းတရားကြီးသည် ဤသို့ မိန့်ဆိုတော်မူသည်။

ဤတရားဓမ္မ ကျောက်စာကို အဘိသိက် ခံပြီးနောက် ၂၆ နှစ် မြောက်သောအခါ ရေးထိုးစေတော်မူသည်။

ငါ၏ 'ရာဇုက'ခေါ် အရာရှိတို့သည် သိန်းပေါင်းများစွာသော လူတို့ကို စီရင်အုပ်ချုပ်ကြ ကုန်၏။ ထိုအရာရှိတို့အား မိမိတို့သဘောအတိုင်း ဆုလာဘ် ပေးခြင်း၊ ပြစ်ဒဏ်ပေးခြင်းတို့ကို ပြုလုပ်နိုင်ကြစေရန် လွှဲအပ်ထားတော်မူသည်။ ဤသို့ လွှဲအပ်ထားခြင်းသည် ထိုအရာရှိတို့သည် မိမိတို့၏ အလုပ်ဝတ္တရားကို စိတ်ချလက်ချ စိုးရိမ်ကြောင့်ကြကင်းမဲ့စွာ လုပ်ကိုင် ထမ်းရွက်နိုင်ကြစေခြင်းငှာလည်း၊ တိုင်းသူ ပြည်သား တို့၏ ကြီးပွားချမ်းသာကို စီမံဆောင်ရွက် နိုင်ကြစေခြင်းငှာလည်း၊ တိုင်းသူပြည်သားတို့အား အကျိုးစီးပွားဖြစ်ထွန်းအောင် သည်ပိုးရွက်ဆောင်နိုင်ကြစေခြင်းငှာလည်း ဖြစ်ပေသည်။

ထိုအရာရှိတို့သည် အဘယ်အရာသည် ချမ်းသာစေနိုင်သည်။ အဘယ် အရာသည် မချမ်းသာစေနိုင်သည်ကို သိရှိနားလည်ကြပြီး တိုင်းသူပြည်သားတို့အား ဤပစ္စုပ္ပန်ဘဝနှင့် နောင်တမလွန်ဘဝတို့၌ ကောင်းကျိုးချမ်းသာ ရရှိစေခြင်းငှာ တရားဓမ္မကို ကျင့်ဆောင်သူတို့မှတဆင့် တိုက်တွန်း နှိုးဆော်ကြရမည်။

ထိုအရာရှိတို့သည် ငါ၏ အမိန့်ဩဝါဒကို ရိုသေစွာ လိုက်နာကြရမည်။ ငါ၏အလိုဆန္ဒကို သိကြကုန်သော 'ပုရုသ'ခေါ် ငါ၏ကိုယ်စားလှယ် အရာရှိတို့၏ အမိန့်ဩဝါဒကိုလည်း ရိုသေစွာ လိုက်နာကြရမည်။

ဤကိုယ်စားလှယ် အရာရှိတို့သည်လည်း 'ရာဇုက' ခေါ် အရာရှိတို့အား ငါ့ကို နှစ်သက်ချမ်းမြေ့အောင် ပြုလုပ်စေရန် တိုက်တွန်းနှိုးဆော်ကြရမည်။

သားငယ်ကို တတ်သိလိမ္မာသော နို့ထိန်းထံ အပ်နှံထားသည့်အခါ ထိုနို့ထိန်းသည် သားငယ်ကို ကောင်းစွာပြုစု စောင့်ရှောက်နိုင်လိမ့်မည်ဟု ယုံကြည်စိတ်ချထားဘိသကဲ့သို့ ငါသည်လည်း တိုင်းသူပြည်သားတို့ကို ကြီးပွားချမ်းသာအောင် လုပ်ကိုင်ဆောင်ရွက်ကြစေရန် 'ရာဇုက' ခေါ် အရာရှိတို့အား လွှဲအပ်ထားတော်မူသည်။

ထိုအရာရှိတို့သည် မိမိတို့၏ အလုပ်ဝတ္တရားကို စိတ်ချလက်ချ မကြောက်မရွံ့ ဆောင်ရွက်နိုင်ကြစေရန် အလို့ငှာ အပြစ် ချမ်းသာပေးနိုင်ခွင့်၊ အပြစ်စီရင်နိုင်ခွင့် တည်းဟူသော၊အခွင့်အာဏာနှစ်ရပ်စလုံးကို သဘောအတိုင်း အသုံးပြုနိုင်ကြစေရန် ထိုအရာရှိတို့အား လွှဲအပ်ထားတော်မူသည်။

တရားစီရင်ဆုံးဖြတ်ရာ၌ရင်း၊ အပြစ်ဒဏ်စီရင်ရာ၌ရင်း အဂတိ မလိုက်မစား တရားသဖြင့်ဖြစ်စေရန် လိုပေသည်။ ငါ၏အမိန့် တော်သည်ကား သေဒဏ်ကျခံစေရန် အပြစ်ပေး ခံရသူကိုပင် စီရင်မှုမပြုသေးဘဲ သုံးရက်မျှ ဆိုင်းငံ့ထားနိုင်ခွင့်ပြုရန် ဖြစ်သည်။

ဤနည်းအားဖြင့် ထိုသူများ အသက်ချမ်းသာစေရန် ဆွေမျိုး ဉာတိ တော်စပ်သူများက အရာရှိတို့အား လျှောက်ထားပြော ဆိုနိုင်ခွင့် ရရှိကြကုန်၏။ အကယ်၍ လျှောက်ထား ပြောဆိုမည့် ဆွေမျိုးဉာတိများ မရှိစေကာမူ ထိုသူသည် သေသည်၏ အခြားမဲ့ နောင်တမလွန်ဘဝ၌ သုဂတိသို့ ရောက်စေခြင်းငှာ ထိုခွင့်ပြုသော သုံးရက်အတွင်း အလှူဒါနပေးခြင်း၊ သီတင်းသီလ ဆောက်တည် ခြင်း စသည်တို့ကို ပြုလုပ်နိုင်ပေသည်။

ငါ၏အလိုဆန္ဒသည်ကား ထိုသူသည် သေဒဏ်မှဆိုင်းငံ့ထား သည့် နေ့ရက်စေ့၍ ပြစ်ဒဏ်အတိုင်း စီရင်ခြင်းခံရပြီးသည့်နောက် တမလွန်ဘဝ၌ ကောင်းကျိုးချမ်းသာကို ရရှိစေနိုင်ရန်ဖြစ်သည်။

ဤနည်းအားဖြင့် လူတို့အားတရားဓမ္မကို ကျင့်ကြံအားထုပ်မှု၊ ကိုယ့်ကိုယ်ကိုစောင့်စည်းမှု၊ အလှူဒါန ပေးကမ်းမှု စသည်များ စီပင်တိုးပွား များပြားလာခြင်းတို့သည် ဖြစ်စေနိုင်ကုန်ရာသည်။

## အဓိပ္ပာယ်ရှင်းလင်းဖော်ပြချက်

ဤကျောက်စာသည် ဓောလိ ကျောက်စာ ဇောဂဒ ကျောက် စာ နှစ်ခုတို့နှင့် အနက်အဓိပ္ပာယ်အားဖြင့် ဆက်သွယ်နေပေသည်။ အသောကမင်းကြီးသည် ဗုဒ္ဓဘာသာကို စွဲစွဲမြဲမြဲ ယုံကြည်

လေးစားသော်လည်း နိုင်ငံတော်အုပ်ချုပ်ရေးအတွက် တရားစီရင်ရေး၌ သေဒဏ်ကို မပယ်ဖျက်နိုင်သည်ကို ဤကျောက်စာအရ သိရှိရပေသည်။

## ကျောက်စာတိုင်အကြီး
## အမှတ် ၅ ကျောက်စာတိုင်

ဒေဝါနံပိယပိယဒဿိ အမည်ရှိသော မင်းတရားကြီးသည် ဤသို့မိန့်ဆိုတော်မူသည်။

ငါသည် အဘိသိက်ခံပြီးနောက် ၂၆ နှစ် မြောက်သော အခါ အောက်ပါကျေးငှက် သတ္တဝါတို့ကို မဖျက်မဆီးစေရဟု တားမြစ်ပိတ်ပင်တော်မူ၏။ ထိုကျေးငှက် သတ္တဝါတို့သည်ကား ကြက်တူရွေး၊ သာလိကာ၊ ငန်း၊ ဟင်္သာ၊ လင်းနို့၊ လင်းဆွဲ၊ ရေလိပ်၊ ကုန်းလိပ်၊ အရိုးမရှိသည့် ငါးတမျိုး၊ ငါးလင်ပန်း၊ ပြူ၊ ရှဉ့်၊ သမင်၊ ဒရယ်၊ ဆတ်၊ ဘေးမဲ့နွား၊ ဖွတ်၊ ကြံ့၊ ချိုး၊ ခို၊ အသုံးလည်းမဝင် စားကောင်းသည်လည်း မဟုတ်သော အခြေလေးချောင်း တိရစ္ဆာန်အမျိုးမျိုးတို့ ဖြစ်ကြကုန်သည်။

ကိုယ်ဝန် သို့မဟုတ် နို့စို့သားငယ်ရှိသည့် ဆိတ်မ၊ သိုးမ၊ ဝက်မတို့နှင့် တကွ ၎င်းတို့၏ သားငယ်များကိုပါ ခြောက်လသား အရွယ်ရောက်သည့်တိုင်အောင် မဖျက်မဆီးစေရ။

ကြက်ဖတို့ကိုလည်း သင်းခြင်း၊ ကွပ်ခြင်း မရှိစေရ။ ပိုးမွှားစသည့် သက်ရှိသတ္တဝါများ ဝင်နေသော စပါးခွံ၊ ဖွဲ စသည်တို့ကိုလည်း မီးရှို့ခြင်း မပြုစေရ။ တောတောင် ချုံပုတ်တို့ကို

လည်း အရမ်းမဲ့သော်ငြင်း၊ သို့မဟုတ် ထို တောတောင်ချုံပုတ်ထဲရှိ သတ္တဝါများ သေကျေ ပျက်စီးကုန်အောင် သော်ငြင်း တောမီးရှို့ခြင်း မပြုစေရ။

သက်ရှိ သတ္တဝါ တကောင်ကို အခြားသက်ရှိ သတ္တဝါ တကောင်ဖြင့် အစာကျွေး၍ မွေးမြူခြင်းမရှိစေရ။ ငါးများကို ဖမ်းဆီးသတ်ဖြတ်ခြင်းမရှိစေရ။ နေ့ကြီးရက်ကြီး ဥပုသ်သီတင်း နေ့တို့၌လည်း ရောင်းချခြင်း မရှိစေရ။

အဆိုပါ နေ့ရက်တို့၌ ဆင်များထားရာ ဥယျာဉ်နှင့် တံငါတို့၏ အင်းအိုင်ချောင်းမြောင်းများရှိ အခြားသော သားငါး တိရစ္ဆာန်တို့ကိုလည်း သတ်ဖြတ်ခြင်း မရှိစေရ။

အဆိုပါ နေ့ရက်တို့၌ နွားထီး၊ ဆိတ်ထီး၊ သိုးထီး၊ ဝက်ထီး စသော တိရစ္ဆာန်အထီးတို့ကိုလည်း သင်းခြင်း၊ ကွပ်ခြင်း မရှိစေရ။ မြင်းများ နွားများကိုလည်း သံပူနှင့်ကပ်၍ အမှတ်အသားလုပ်ခြင်း မရှိစေရ။

ငါသည် အဘိသိက် ခံပြီးနောက် ၂၆ နှစ်မြောက် အတွင်း အကျဉ်းသားတို့ကို အကျဉ်းထောင်မှ လွှတ်စေခဲ့သည်မှာလည်း ၂၅ ကြိမ်တိုင် ရှိလေပြီ။

## အဓိပ္ပာယ်ရှင်းလင်း ဖော်ပြချက်

ဤကျောက်စာ၌ အသောက မင်းကြီးသည် အချို့တိရစ္ဆာန်များကို နေ့ကြီးရက်ကြီး ဥပုသ်နေ့တို့၌ မသတ်ဖြတ်ရန် တားမြစ်ထား၏။ အချို့တိရစ္ဆာန်များကိုကား မည်သည့်အခါမျှ မသတ်ဖြတ်ရန် တားမြစ်ထား၏။ သူသည် ဗုဒ္ဓဘာသာ တရားတော်ကို

အလှန်ယုံကြည်လေးစားသော်လည်း မိမိပိုင် နိုင်ငံတော်အတွင်းရှိ တိရစ္ဆာန် အားလုံးကို မသတ်ဖြတ် မညှဉ်းဆဲစေရန် လုံး၀ မတားမြစ်မပိတ်ပင်ခြင်းသည် တိုင်းသူပြည်သားများ လိုက်နာ နိုင်ကြမည် မဟုတ်သောကြောင့် ဖြစ်ပေသည်။

ကျောက်စာတိုင်အကြီး
အမှတ် ၆ ကျောက်စာတိုင်

ဒေ၀ါနံပိယ ပိယဒဿီ အမည်ရှိသော မင်းတရားကြီးသည် ဤသို့ မိန့်ဆိုတော်မူသည်။

ငါသည် အဘိသိက်ခံပြီးနောက် ၁၂ နှစ် မြောက်သော အခါ တရားဓမ္မ ကျောက်စာတို့ကို လူတို့သည် ကြီးပွားချမ်းသာ ဖြစ်လာကြစေရန်ငှ၎်း၊ တရားဓမ္မကို တိုးတက် ကျင့်ဆောင်လာ ကြရန်ငှ၎်း ရေးထိုးစေတော်မူသည်။

ငါ၏တိုင်းနိုင်ငံရှိ လူခပ်သိမ်းတို့သည် မိမိတို့၏ အလေ့အကျင့် ဟောင်းတို့ကို စွန့်ပယ်ကြရမည်။ ဤသို့ စွန့်ပယ်ခြင်းဖြင့် လူတို့ သည် ကြီးပွားချမ်းသာရေးကို ရရှိလာကြမည် ဖြစ်ပေသည်။

ငါသည် ငါ၏ ဆွေတော် မျိုးတော်တို့ကိုသာမက သွေး နီးစပ်သူ ဆွေးမျိုးဉာတိတို့ကိုပါ ချမ်းသာသုခသို့ ပို့ဆောင်နိုင် စေရန်ငှ၎်း၊ ချမ်းသာသုခသို့ ရောက်အောင် သွန်သင်ဆုံးမ နိုင်စေရန်ငှ၎်း၊ အလေးဂရု ပြုတော်မူသည်။ ထိုနည်းအတူ လူ အမျိုးမျိုးတို့ အတွက်လည်း အလေးဂရု ပြုတော်မူသည်။ အမျိုးမျိုးသော အယူ၀ါဒ ရှိသူတို့ကိုလည်း အမျိုးမျိုးသော ပူဇော်ခြင်းတို့ဖြင့် ပူဇော်တော်မူသည်။

သို့ရာတွင် ငါသည် နိုင်ငံတော်အတွင်း၌ နေထိုင်ကြကုန်သော လူတို့၏ အခြေအနေကို ကိုယ်တိုင် တိုင်းခန်း လှည့်လည်ကာ သွားရောက် ကြည့်ရှုရန်မှာ ငါ၏ အကြီးဆုံးသော တာဝန် ဝတ္တရားဖြစ်၏ဟူ၍ မှတ်ယူတော်မူသည်။

ငါသည် အဘိသိက်ခံပြီးနောက် ၂၆ နှစ် မြောက်သော အခါ ဤတရားဓမ္မ ကျောက်စာကို ရေးထိုးစေတော်မူသည်။

## အစိပ္ပာယ်ရှင်းလင်းဖော်ပြချက်

ဤကျောက်စာ၌ အသောက မင်းကြီးသည် ကျောက်စာ အားလုံးတို့၏ ယေဘုယျ ရည်ရွယ်ချက်ကို ဖော်ပြထားသည်။ မူလရည်ရွယ်ချက်သည် တိုင်းသူ ပြည်သား များ၏ ချမ်းသာ ပျော်ရွှင်ရေးပင် ဖြစ်၏။ ထို ချမ်းသာ ပျော်ရွှင်ရေးကို လည်း တရားဓမ္မကို ကျင့်သုံးမှပင် ရနိုင်ပေမည်။ ထို့ကြောင့် သူသည် လူတန်းစားအားလုံးနှင့် ဘာသာဝင် အားလုံးတို့အား တရားဓမ္မကို လိုက်နာကျင့်သုံးကြရန် တိုက်တွန်း နှိုးဆော်ထား ပေသည်။

## ကျောက်စာတိုင်အကြီး
## အမှတ် ၇ ကျောက်စာတိုင်

ဒေဝါနံပိယ ပိယဒဿိ အမည်ရှိသော မင်းတရားကြီးသည် ဤသို့ မိန့်ဆိုတော်မူသည်။

ရှေးက ဘုရင်မင်းမြတ်တို့သည် လူတို့၏ တရားဓမ္မနှင့်အညီ ကြီးပွားခြင်းကို လိုလားတောင့်တတော်မူခဲ့ကြကုန်၏။ သို့ရာတွင်

လူတို့သည် တရားဓမ္မနှင့်အညီ ထိုက်သင့်အောင် ကြီးပွားခြင်း မရှိခဲ့ကြကုန်။ ဤအရေးနှင့် စပ်လျဉ်း၍ မင်းတရားကြီးသည် ဤသို့ မိန့်ဆိုတော်မူပြန်သည်။

ငါသည် ဤသို့သတိရလာတော်မူ၏။ ရှေးက ဘုရင်မင်းမြတ်တို့သည် လူတို့အား တရားဓမ္မနှင့်အညီ ထိုက်သင့်အောင် ကြီးပွားကြစေရန် လိုလားတော်မူခဲ့ကြကုန်၏။ သို့ရာတွင် လူတို့သည် တရားဓမ္မနှင့်အညီ ထိုက်သင့်အောင် ကြီးပွားခြင်းမရှိခဲ့ကြကုန်။ ထို့ကြောင့် လူတို့အား တရားဓမ္မကို လိုက်နာကျင့်ဆောင်ကြစေရန် အဘယ်ကဲ့သို့ ပြုရမည်နည်း။ အဘယ်ကဲ့သို့ ကြီးပွားလာကြမည်နည်း။ ငါသည် လူတို့အား တရားဓမ္မနှင့် အညီ ကြီးပွားလာအောင် အဘယ်ကဲ့သို့ မြှင့်တင်ရပါမည်နည်း။

ဤအရေးနှင့် စပ်လျဉ်း၍ မင်းတရားကြီးသည် ဤသို့ မိန့်ဆိုတော်မူပြန်သည်။ "ငါသည် ဤသို့ သတိရလာတော်မူသည်။ တရားဓမ္မ သြဝါဒတို့ကို ငါထုတ်ပြန်တော်မူမည်။ တရားဓမ္မ အဆုံးမတို့ကို ငါပေးတော်မူမည်။ လူတို့သည် ကြားနာကြသည် ရှိသော် လိုက်နာကျင့်ကြံ ကြပေလိမ့်မည်။ ထိုအခါ တရားဓမ္မနှင့် အညီ ကြီးပွားလာကြပေလိမ့်မည်။ ယင်းသို့ သတိရသည်အား လျော်စွာ ငါသည် တရားဓမ္မ သြဝါဒတို့ကို ထုတ်ပြန်တော်မူခဲ့လေပြီ။ တရားဓမ္မ အဆုံးအမတို့ကို ပေးတော်မူခဲ့လေပြီ။

ငါ၏ 'ပုရှသ' ခေါ် အရာရှိတို့ကို လူပေါင်းများစွာတို့အား အုပ်ချုပ်ရန် လွှဲအပ်ခန့်ထားတော် မူခဲ့လေပြီ။ ထိုအရာရှိတို့သည် တရားဓမ္မကို ပြောဟော၍ ပြန့်ပွားခြင်းကို ဖြစ်စေလိမ့်မည်။

'ရာဇက' ခေါ် အရာရှိတို့ကိုလည်း သိန်းပေါင်းများစွာသော လူတို့အား အုပ်ချုပ်ရန် လွှဲအပ် ခန့်ထားတော် မူခဲ့လေပြီ။ ထို အရာရှိတို့ကိုလည်း လူတို့အား တရားဓမ္မကို ပြောဟောကြစေ ရန် ဆင့်ဆိုထားတော် မူခဲ့လေပြီ။

မင်းတရားကြီးသည် ဤသို့ မိန့်ဆိုတော် မူပြန်သည်။

ငါသည် ဤသို့စဉ်းစား ဆင်ခြင်မိသည့်အတိုင်း တရားဓမ္မ ကျောက်တိုင်တို့ကို စိုက်ထူစေတော်မူ၏။ တရားရေးအမတ် တို့ကို ခန့်ထားတော်မူ၏။ လူတို့အား တရားဓမ္မတို့ကို ကြားနာစေတော် မူသည်။

မင်းတရားကြီးသည် ဤသို့ မိန့်ဆိုတော်မူပြန်သည်။

ငါသည် လမ်းကြီးလမ်းငယ် အသွယ်သွယ်တို့၌ ပညောင်ပင် တို့ကို စိုက်ပျိုးစေတော်မူလေပြီ။ ထိုပညောင်ပင်တို့သည် လူနှင့် တိရစ္ဆာန်တို့အား အရိပ်အာဝါသကို ပေးလိမ့်မည်။ ငါသည် သရက်ခြံ တို့ကိုလည်း စိုက်ပျိုးစေတော် မူလေပြီ။ ငါသည် လမ်းကြီးလမ်းငယ် အသွယ်သွယ်တို့၌ ရှစ်ကောသ အကွာအဝေး တိုင်းတွင် ရေတွင်းတို့ကို တူးဖော်လုပ်ကိုင် စေတော်မူလေပြီ။ လူတို့အပန်းဖြေနားနေရန်အတွက် ဇရပ်တို့ကိုလည်း ဆောက်လုပ် ထားစေတော်မူလေပြီ။ လူနှင့်တိရစ္ဆာန်တို့ ရေချိုးရန်အလို့ငှာ ရေကန်တို့ကိုလည်း အမျိုးမျိုးသော နေရာဌာနများ၌ ပြုလုပ် ထားစေတော်မူလေပြီ။

ဤအရာတို့ကို ရှေးက ဘုရင်မင်းမြတ်တို့သည်လည်း လုပ် ဆောင်ခဲ့ကြသဖြင့် လူတို့မှာ အကျိုးခံစားကြရပြီး ဖြစ်သည့် အတွက် ငါယခု လုပ်ဆောင်တော် မူခြင်းသည် အရေးမပါ

အရာမရောက်ဖြစ်ပေမည်။ သို့ရာတွင် ငါသည်ကား လူတို့အား တရားဓမ္မကို လိုက်နာ ကျင့်ဆောင်ကြစေရန် ရည်ရွက်ချက်ဖြင့် လုပ်ဆောင်တော်မူခြင်းပင် ဖြစ်သည်။

မင်းတရားကြီးသည် ဤသို့ မိန့်ဆိုတော်မူပြန်သည်။

ငါ၏ တရားရေးအမတ်တို့သည် ရဟန်းတို့နှင့် အိမ်ယာထောင်သူ လူတို့အတွက် အကျိုးစီးပွား ဖြစ်ထွန်းစေမည့် အလုပ်ကိစ္စတို့ကို ဆောင်ရွက်ကြလေပြီ။ အမျိုးမျိုးသော အယူဝါဒရှိသူတို့အတွက်လည်း ဆောင်ရွက်ကြလေပြီ။ ငါသည် ထိုတရားရေး အမတ်တို့ကို သံဃာတော်တို့၏ ကိစ္စအတွက် ဆောင်ရွက်ကြစေရန် စီမံထားတော်မူလေပြီ။ ထိုနည်းအတူ အာဇီဝကဂိုဏ်းသားတို့၏ ကိစ္စအတွက်၎င်း၊ နိဂဏ္ဌဂိုဏ်းသားတို့၏ ကိစ္စအတွက်၎င်း၊ အခြားများစွာသော ဂိုဏ်းသားတို့၏ ကိစ္စအတွက်၎င်း ဆောင်ရွက်ကြစေရန် စီမံထားတော်မူလေပြီ။ အမျိုးမျိုးသောအမတ်တို့ကို အထူးထူးသောကိစ္စနှင့် အထွေထွေသောသူတို့အတွက် ဆောင်ရွက်ကြစေရန် စီမံထားတော်မူလေပြီ။ သို့ရာတွင် ငါ၏တရားရေး အမတ်တို့သည်ကား ဆိုအပ်ပြီးသည့် ဂိုဏ်းဂဏနှင့် အခြားအားလုံးကုန်သော အယူဝါဒ ရှိသူတို့အတွက် ဆောင်ရွက်ကြရန် ဖြစ်ပေသည်။

မင်းတရားကြီးသည် ဤသို့ မိန့်ဆိုတော်မူပြန်သည်။

ဆိုခဲ့ပြီးသည့် အမတ်တို့နှင့် အခြား များစွာသော အထက်တန်း အရာရှိတို့သည် ငါ မင်းတရားကြီးနှင့် မိဖုရားကြီးတို့၏ အလှူဒါနကို၎င်း၊ ငါ၏ မောင်းမဆောင်တို့မှ အလှူဒါနကို၎င်း ပေးလှူခြင်းပြုရန် လုပ်ကိုင် ဆောင်ရွက်နေကြလေပြီ။ ဤ

ပါဠိလိပုတ် နေပြည်တော်နှင့်တကွ နိုင်ငံတော်အတွင်းရှိ ပြည်နယ် အရပ်ရပ်တို့၌လည်း ထိုနည်းအတူ အမျိုးမျိုးသော ချမ်းသာရေး အတွက် စီမံချက်တို့ကို လုပ်ကိုင် ဆောင်ရွက်နေကြလေပြီ။ ထို့မှ တပါး ငါ၏ မိဖုယား သားတော်တို့နှင့်တကွ အခြားသော မင်းမိဖုရား သားတော်တို့၏ အလှူဒါနများကို လှူဒါန်းရေး အတွက်လည်း ဆောင်ရွက်ကြစေရန် စီမံထားတော်မူလေပြီ။

မင်းတရားကြီးသည် ဤသို့ မိန့်ဆိုတော်မူပြန်သည်။

ငါသည် တရားဓမ္မကို တိုးတက်စည်ကား ပွားများစေခြင်း ငှာလည်းကောင်း၊ တရားဓမ္မကို လိုက်နာ ကျင့်ဆောင်စေခြင်းငှာလည်း၊ တရားဓမ္မကို ဟောပြောစေခြင်း၊ ကြားနာစေခြင်းတို့ကို ပြုတော် မူလေပြီ။ ဤသို့အားဖြင့် ဤလောက၌ တရားဓမ္မ၏ တိုးတက် စည်ကား ပွားများခြင်း၊ တရားဓမ္မကို လိုက်နာကျင့်ဆောင်ခြင်း တို့သည် ဖွံ့ထွား ကြီးပွားလာကြပေလိမ့်မည်။

မင်းတရားကြီးသည် ဤသို့ မိန့်ဆိုတော်မူပြန်သည်။

ငါ ပြုတော်မူသော ကုသိုလ်ကောင်းမှု ဟူသမျှတို့ကို ဤ လောက၌ လူတို့သည် အတုယူကာ လိုက်နာ ဆောင်ရွက်ကြ လေပြီ။ နောင်ကိုလည်း လိုက်နာ ဆောင်ရွက်ကြပေလိမ့်မည်။ ယင်းကဲ့သို့ လိုက်နာ ဆောင်ရွက်ခြင်းဖြင့် မိဘတို့၏ စကားကို နားထောင်ခြင်း၊ ဆရာသမားတို့၏ ဆိုဆုံးမခြင်းကို နာယူခြင်း၊ လူကြီးသူမတို့၏ ခြေရာကိုလိုက်ခြင်း၊ သမဏ ဗြာဟ္မဏတို့နှင့်တကွ ဆင်းရဲဒုက္ခရောက်သူ ကျေးကျွန် အစေခံတို့အား ကောင်းစွာ ပြုမူခြင်း စသည်တို့သည် တိုးတက် ပွားများခဲ့ကြလေပြီ။ နောင် အခါ၌လည်း ပိုမို တိုးတက် ပွားများလာကြပေလိမ့်မည်။

မင်းတရားကြီးသည် ဤသို့ မိန့်ဆိုတော်မူပြန်သည်။

လူတို့သည် နည်းလမ်း နှစ်မျိုးနှစ်စားအားဖြင့် တရားဓမ္မကို သိရှိ နားလည်လာကြကုန်၏။ ထို နှစ်မျိုးတို့သည်ကား စည်းမျဉ်း ဥပဒေနှင့် ဖျောင်းဖျခြင်းတို့ ဖြစ်ကုန်၏။ ထိုနှစ်မျိုးတို့တွင် စည်းမျဉ်းဥပဒေထက် ဖျောင်းဖျခြင်းက ပိုမို၍ အကျိုးများပေသည်။ စည်းမျဉ်းဥပဒေ ပြုလုပ်၍ အချို့သော တိရစ္ဆာန်တို့ကို မသတ်ဖြတ်စေရန် ကန့်သတ်ထား၏။ သို့ရာတွင် ဖျောင်းဖျနားချခြင်းဖြင့် သဘော ပေါက်လာပြီး အ လို အ လျောက် တိရစ္ဆာန် ဟူသမျှကို မသတ်ဖြတ်ခြင်းသည် သာ၍ အကျိုးသက်ရောက်ပေသည်။

ဤကမ္ဘာလောက၌ နေနှင့် လတို့သည် တည်ရှိနေကြသမျှ ကာလပတ်လုံး ငါ၏ သားမြေး စဉ်ဆက်တို့သည် ဆက်လက် တည်ရှိကြပြီး ငါ၏ ခြေရာအတိုင်း လိုက်နာကြစေခြင်းငှာ ဤ တရားဓမ္မကို ရေးထိုးတော်မူ၏။ ယင်းကဲ့သို့ လိုက်နာခြင်းဖြင့် ဤ ပစ္စုပ္ပန်ဘဝနှင့် နောင် တမလွန်ဘဝတို့၌ ကောင်းကျိုး ချမ်းသာကို ရရှိကြပေလိမ့်မည်။ ဤ တရားဓမ္မ ကျောက်စာကို အဘိသိက်ခံပြီးနောက် ၂၇ နှစ် မြောက်သောအခါ ရေးထိုးစေတော်မူသည်။

မင်းတရားကြီးသည် ဤတရားဓမ္မ ကျောက်စာတို့ကို တွေ့ရှိသမျှ ကျောက်တိုင် ကျောက်တုံးတို့၌ အဓွန့်ရှည်ကြာစွာ တည်ရှိစေခြင်းငှာ ရေးထိုးစေတော်မူသည်။

## အဝိပ္ပာယ် ရှင်းလင်းဖော်ပြချက်

ဤကျောက်စာ၌ အသောက မင်းကြီးသည် လူအများ ချမ်းသာမှုရရှိအောင် တတ်နိုင်သမျှ စီစဉ် ဆောင်ရွက်ချက်များ ကို ဖော်ပြထားပေသည်။ သူသည် လူအများ ပစ္စုပ္ပန်ဘဝ ချမ်းသာရေးအတွက် သစ်ပင်ရိပ်များဖြင့် အေးချမ်းသာယာသည့် လမ်းမကြီးများကို ဖောက်လုပ်ပေးခြင်း စသည်ဖြင့် ဆောင်ရွက် ခဲ့၏။ ထို့ပြင် တမလွန်ဘဝ ချမ်းသာရေးအတွက် တရားဓမ္မကို လိုက်နာ ကျင့်ကြံကြစေရန် ဓမ္မမဟာမတ္တ စသော အရာရှိများ ကို အရပ်ရပ်သို့ စေလွှတ်ကာ တရားဓမ္မကို ဟောပြောပြသ ဆုံးမ စေခဲ့လေသည်။

## ကျောက်စာတိုင်အငယ် ကျောက်စာ (အမှတ် ၁)
## ဆာရနာတ် ကျောက်စာ

ဤကျောက်စာကို ဣသိပတန မိဂဒါယ ခေါ် မိဂဒါဝုန်တော အကြောင်းကို ပြဆိုရာအခန်း၌ ရေးသား ဖော်ပြခဲ့ပြီး ဖြစ်၍ ဤနေရာ၌ ထပ်မံ ရေးသားရန် မလိုတော့ပေ။

## ကျောက်တိုင်အငယ် ကျောက်စာ (အမှတ် ၂)
## ကောသမ္ဗီ ကျောက်စာ

ဒေဝါနံပိယ မည်သော မင်းတရားကြီးသည် ဤသို့ အမိန့် ရှိတော်မူသည်။ ကောသမ္ဗီမြို့ရှိ အမတ်တို့သည်........

........တဖွဲ့တစည်းတည်း ဖြစ်စေလေပြီ။ ........... ...............

........သံဃာတော်အဖွဲ့တွင် လက်ခံခြင်း မရှိစေရ။

သံဃာတော်တို့အား သင်းခွဲသူ မည်သူကိုမဆို ဘိက္ခုကို ဖြစ်စေ၊ ဘိက္ခုနီကိုဖြစ်စေ အဝတ်ဖြူလဲစေပြီး ရဟန်းတို့ နေရာ မဟုတ်သည့် နေရာ၌ နေထိုင်စေရမည်။

## အဓိပ္ပာယ် ရှင်းလင်းဖော်ပြချက်

ဤကျောက်စာ၌ အချို့နေရာတို့မှာ အက္ခရာများ ပျက်စီး နေကြသည်။ ဤကျောက်စာကို အလာဟာဗဒ် မြို့အနီး ယမုနာ မြစ်ကမ်းပေါ်ရှိ ကောသမ်ဟူရွာ နေရာ၌ တွေ့ရှိရသည်။

## ကျောက်တိုင်အငယ် ကျောက်စာ (အမှတ် ၃)
## ဆန်ချီ ကျောက်စာ

.................................................................................

..........................သင်းခွဲခြင်း မပြုစေရ။

ဘိက္ခု ဘိက္ခုနီတို့ ပါဝင်ကြသော သံဃာ အဖွဲ့ကို တဖွဲ့တည်း ဖြစ်စေလေပြီ။ ငါ၏ သားမြေး စဉ်ဆက်တို့သည် နေနှင့် လတို့ တည်ရှိကြသရွေ့ ကာလပတ်လုံး အဆက်မပြတ် တည်ရှိကြ၍ ထိုသံဃာအဖွဲ့ကို တဖွဲ့တည်းဖြစ်အောင် စောင့်ရှောက်ကြရမည်။

သံဃာတော်များအား သင်းခွဲသူ မည်သူကိုမဆို ဘိက္ခု ဖြစ်စေ၊ ဘိက္ခုနီကိုဖြစ်စေ အဝတ်ဖြူလဲစေ၍ ရဟန်းတို့ နေရာ မဟုတ်သော နေရာ၌ ထိုင်စေရမည်။

သံဃာအဖွဲ့သည် တဖွဲ့တည်းဖြစ်ကာ အဓွန့်ရှည်ကြာ မြဲမြံစွာ တည်ရှိစေရန် ငါလိုလား တောင်းတတော်မူသည်။

## အဝိပ္ပာယ် ရှင်းလင်းဖော်ပြချက်

ဤကျောက်စာ၏ အချို့နေရာတို့၌ ပျက်နေသည်။ ဤကျောက်စာကို ဇ္ဇနှိယပြည်အလယ်ပိုင်း ဘိုပါးလ်နယ် ဆန်ချီ စေတီတော်ကြီး၏ တောင်ဘက်အဝင်အဝ၌ တွေ့ရှိရသည်။

## ကျောက်တိုင်အငယ် ကျောက်စာ ( အမှတ် ၄ )
## မိဖုရားကြီး ကျောက်စာ

ဒေဝါနံပိယမည်သော မင်းတရားကြီး၏ အမိန့်တော်အတိုင်း အရပ်ဒေသ ရှိရှိသမျှတို့၌ အမတ်တို့အား ညွှန်ကြားလိုက်ပေသည်။

ဒုတိယမိဖုရားကြီး လှူဒါန်းတော်မူသည့် သရက်ဥယျာဉ်ဖြစ်စေ၊ ကျောင်းတိုက်ဖြစ်စေ၊ အလှူပေးရာဌာနဖြစ်စေ၊ သို့မဟုတ် အခြားအလှူဒါနဖြစ်စေ အလှူဒါန ဟူသမျှတို့ကို ထိုမိဖုရားကြီး၏ အမည်ဖြင့် စာရင်းသွင်း၍ ရေးသားမှတ်သားခြင်း ပြုကြရမည်။........တိဝလ မင်းသား၏ မယ်တော် ကာရုဝါကီမည်သော ဒုတိယမိဖုရားကြီး... ...။

## အဝိပ္ပာယ် ရှင်းလင်းဖော်ပြချက်

အသောကမင်းကြီး၏ နန်းစံ ၂၉ နှစ် ၂၄၁ ခု ဘီစီတွင် မိဖုရားခေါင်ကြီး အသန္ဓိမိတ္တာ ကွယ်လွန်ခဲ့လေသည်။ ထို့နောက် ၄ နှစ်ကြာသည့်အခါ ၂၃၇ ခု ဘီစီတွင် ဤဒုတိယ မိဖုရားကြီး ကာရုဝါကီကို မိဖုရားခေါင်ကြီးအဖြစ်သို့ တိုးမြှင့်ခဲ့လေသည်။

ဤသို့လျှင် အသောကမင်းကြီးသည် ၂၅၇ ခုနှင့် ၂၃၅ ခု ဘီစီအကြား ၂၂ နှစ်ကာလအတွင်း၌ ကမ္ပည်းကျောက်စာ အမြောက်အမြား ရေးထိုးထားခြင်းဖြင့် ဗုဒ္ဓဘာသာကို အနယ် နယ် အရပ်ရပ်သို့ ပြန့်နှံ့စေခဲ့လေသည်။ ဤကျောက်စာများသည် အသောကမင်းကြီး၏ အတ္ထုပ္ပတ္တိအတွက် အလွန်ခိုင်မာသည့် အခြေခံအုတ်မြစ် ဖြစ်ပေသည်။ ထို့ကြောင့် ဤကျောက်စာ များနှင့်တကွ ရှေးသူဟောင်းတို့၏ စကားများကို အထောက် အထားပြု၍ အသောကမင်းကြီး၏ အတ္ထုပ္ပတ္တိနှင့်တကွ မောရိယ နန်းဆက်ကို ဆက်လက်ရေးသား ရပေသည်။

ပြဆိုခဲ့ပြီးသည့်အတိုင်း ကျောက်စာတို့သည် တရားဓမ္မကို လိုက်နာခြင်းအားဖြင့် ကိုယ်ကျင့်တရား ကောင်းမွန်ရေးနှင့် လူ့ကျင့်ဝတ်များကို ဖြည့်ကျင့်ဆောင်ရွက်ရေးတို့ကို တိုက်တွန်း နှိုးဆော်ထားကုန်၏။ အသောကမင်းကြီးသည် ဗုဒ္ဓဘာသာ ဥပါသကာ ဖြစ်သည့်အားလျော်စွာ တမလွန်ဘဝရှိကြောင်းကို ယုံကြည်ထား၏။ ထို့ကြောင့် ဤပစ္စုပ္ပန် ဘဝ၌သာမက တမလွန် ဘဝ၌လည်း ကြီးပွား ချမ်းသာရေးကို ကျောက်စာများ၌ ညွှန်ပြထားလေသည်။

ဤကျောက်စာများကို မြန်မာဘာသာပြန်ဆိုရာ၌ အတိအကျ မဟုတ်ဘဲ အကျဉ်းချုံးကာ ပြန်ဆိုထားသော်လည်း ဆိုလိုသည့် သဘောအဓိပ္ပာယ်များ ပြည့်စုံစွာ ပါဝင်ကြသည်။ အတိအကျ လုံးစေ့ပါဌ်စေ့ ပြန်ဆိုရေးသားနေပါက အလွန်ရှည်လျားပြီး ငြီးငွေ့ဘွယ်ရာ ဖြစ်နေပေလိမ့်မည်။

## အနယ်နယ် အရပ်ရပ်သို့ သာသနာပြု စေလွှတ်ခြင်း

အရှင်မောဂ္ဂလိပုတ္တတိဿ ထေရ်သည် အသောကမင်းကြီး၏ အထောက်အပံ့ အကူအညီဖြင့် ၂၄၄ ဘီစီတွင် တတိယ သင်္ဂါယနာ တင်ပြီးသည့်နောက် ငါးပါးစီ ငါးပါးစီ ဂိုဏ်းဖွဲ့ထားသော မထေရ်တို့ကို ကိုးရပ်သောဌာနများသို့ သာသနာပြု စေလွှတ်တော်မူလေသည်။

(၁) အရှင်မဇ္ဈန္တိက အမှူးရှိသော မထေရ်ငါးပါးတို့ကို 'ကသ္မီရဂန္ဓာရ' သို့ စေလွှတ်တော်မူသည်။ ယင်းကသ္မီရ ဂန္ဓာရထဲတွင် ယခုခေတ် ကရှမီးနယ်နှင့် ကန္ဒဟာနယ် တို့သာမက အာဖဂန်နစ်စတန်ပြည်နှင့် အချို့သော အာရှတိုက်အလယ်ပိုင်း နိုင်ငံများလည်း ပါဝင်ကြသည်။

(၂) အရှင်မဟာရေဝ အမှူးရှိသော မထေရ်ငါးပါး တို့ကို 'မဟိံသကမဏ္ဍလ' သို့ စေလွှတ်တော်မူသည်။ ယင်း မဟိံသကမဏ္ဍလထဲတွင် ယခုခေတ် မိုက်ဆိုးနယ်၊ မြောက် ကနရနယ်နှင့် ဟိုက်ဒရဗတ်နယ်တို့ ပါဝင်ကြသည်။

(၃) အရှင်ရက္ခိတ အမှူးရှိသော မထေရ်ငါးပါး တို့ကို 'ဝနဝါသီ' တိုင်းသို့ စေလွှတ်တော်မူသည်။ယင်းဝနဝါသီ တိုင်းထဲတွင် ဣန္ဒိယတောင်ပိုင်း ဒေသများဖြစ်သော တယ်မိလ်၊ တယ်လူဂူနှင့် မာလဗာနယ်တို့ ပါဝင်ကြသည်။

(၄) အရှင်မဟာဓမ္မရက္ခိတ အမှူးရှိသော မထေရ်ငါးတို့ကို
မဟာရဋ္ဌသို့ စေလွှတ်တော်မူသည်။ ယင်းမဟာရဋ္ဌထဲတွင်
ဣန္ဒိယအလယ်ပိုင်းရှိ မဟာရရှ်တရ်နှင့် ဘုံဘေနယ်တို့
ပါဝင်ကြသည်။

(၅) အရှင်မဟာရက္ခိတ အမှူးရှိသော မထေရ်ငါးပါးတို့ကို
ယောနကတိုင်းသို့ စေလွှတ်တော်မူသည်။ ယင်းယောနက
တိုင်းထဲတွင် ဘက်ထရီးယန်းနိုင်ငံဖြစ်သည့် တူရကီစတန်
နယ် ပါဝင်သည်။

(၆) အရှင်မဇ္ဈိမ အမှူးရှိသော မထေရ်ငါးပါးတို့ကို ဟိမဝန္တာ
အရပ်သို့ စေလွှတ်တော်မူသည်။ ယင်းဟိမဝန္တာ အရပ်
ထဲတွင် ဟိမဝန္တာပတ်ဝန်းကျင်ရှိ နိုင်ငံများဖြစ်သော
တရုတ်၊ နီပေါ၊ တိဘက်နှင့် ဘူတန်တို့ ပါဝင်ကြသည်။

(၇) အရှင်မဟိန္ဒ အမှူးရှိသော မထေရ်ငါးပါးတို့ကို သီဟို
ကျွန်းသို့ စေလွှတ်တော်မူသည်။

(၈) အရှင်သောဏနှင့် အရှင်ဥတ္တရ အမှူးရှိသော မထေရ်
ငါးပါးတို့ကို သုဝဏ္ဏဘူမိသို့ စေလွှတ်တော်မူသည်။
ယင်းသုဝဏ္ဏဘူမိထဲတွင် ယခုခေတ် ဆူမတ္တရာကျွန်း၊
ဂျာဗားကျွန်း၊ ဘော်နီယိုကျွန်း၊ စင်္ကာပူရ်၊ မလေးရှား၊
မြန်မာပြည် တနင်္သာရီတိုင်း၊ ယိုးဒယား၊ လာအိုနှင့်
ကမ္ဘောဒီးယားတို့ ပါဝင်ကြသည်။

(၉) အရှင် ယောနက ဓမ္မရက္ခိတ အမှူးရှိသော မထေရ် ငါးပါးတို့ကို အပရန္တက တိုင်းသို့ စေလွှတ်တော်မူသည်။ ယင်း အပရန္တက တိုင်းထဲတွင် နမ္မဒါမြစ် ပတ်ဝန်းကျင် ဘုံဘေမြို့ မြောက်ဖက်ရှိ ဂုဇ္ဇရိယ အနောက်ပိုင်းနယ်၊ ဆင်းနယ်၊ ဘလူချီစတန်နယ်နှင့် ဆောရက်ရှတြနယ်တို့ ပါဝင်ကြသည်။

ဤသို့လျှင် အရှင်မောဂ္ဂလိပုတ္တတိဿထေရ်သည် ကိုးရပ်သော ဌာနများသို့ သာသနာပြု စေလွှတ်တော်မူလေသည်။ အသောက မင်းကြီးကလည်း ၂၅၆ ဘီစီ မတိုင်မီကပင်လျှင် ဗုဒ္ဓသာသနာ ထွန်း ပြန့်ပွားရေးအတွက် လက်အောက်ခံ နယ်ပယ်များနှင့် မယဉ်ကျေးသေးသည့်လူမျိုးများ နေထိုင်ရာ နယ်စပ်ဒေသများသို့ သာသနာပြု ပုဂ္ဂိုလ်များကို စေလွှတ်ခဲ့လေသည်။ ထိုမှတပါး၊ ဂြိနိယတောင်ပိုင်းရှိ လက်အောက်ခံ မဟုတ်သော နိုင်ငံများ ဂရိတ်ဘုရင်များ အုပ်စိုးသည့် ဆီးရီးယားပြည်၊ အီဂျစ်ပြည်၊ သီရီးန်ပြည်၊ မက်ဆီဒိုနီးယားပြည်နှင့် အီပီရပ်စ်ပြည်တို့ သို့လည်း သာသနာပြု အဖွဲ့များကို စေလွှတ်ခဲ့လေသည်။ သို့ဖြစ်၍ အသောကမင်းကြီး လက်ထက်က ဗုဒ္ဓ သာသနာတော်သည် အာရှ၊ အာဖရိကနှင့် ဥရောပတည်းဟူသော တိုက်ကြီး သုံးတိုက် ရောက်အောင် ပြန့်နှံ့သွားလေသည်။

ဤနည်းအားဖြင့် နယ်စပ်ဒေသများ၌ နေထိုင်သူ လူမျိုးစု များအတွင်းသို့ ဗုဒ္ဓဘာသာကို သွတ်သွင်းခဲ့လေသည်။ ထို့ပြင်

တိဗက် တောင်တန်း သို့မဟုတ် ဟိန္ဒူကုရှ် တောင်တန်းများ အတွင်း၌ နေထိုင်ကြသူ ကမ္ဗောဇလူမျိုးများ၊ ဟိမဝန္တာတောင်တန်း၌ နေထိုင်သည့် အထွေထွေသော လူမျိုးများ၊ ဂန္ဓာရ နယ်သားများ၊ ကာဘူတောင်ကြားရှိ ယဝန နယ်သားများ၊ ဣန္ဒိယ၏ အနောက်ဖက် အစွန်ဆုံးရှိ နယ်သားများ၊ ဘောဇ နယ်သားများ၊ ပုလိန္ဒနယ်သားများ၊ ဝိန္ဒယ တောင်တန်းနှင့် အနောက်ဃတ် တောင်တန်းတို့၏ အကြား၌ နေထိုင်ကြသူများ နှင့် ကရစ်ရှနားနှင့် ဂေါဒါဝရီမြစ်တို့ အကြားရှိ အန္ဓရ နယ်သားများ အတွင်းသို့လည်း ဗုဒ္ဓဘာသာကို သွတ်သွင်းခဲ့လေသည်။

ဣန္ဒိယတောင်ပိုင်း အစွန်ဆုံး၌ နေထိုင်ကြသည့် ဒရာဗီဒီယန် လူမျိုးတို့သည် အလွန်ဝေးကွာသည့်အတွက် အသောကမင်းကြီး၏ လွှမ်းမိုး အုပ်စိုးခြင်းကို မခံကြရကုန်။ သူတို့၏ လွတ်လပ်သော လေးပြည်တို့သည်ကား ချိုလာ၊ ပန္ဒယ၊ ကေရာလပုတ္တရနှင့် ဆတိယပုတ္တရတို့ ဖြစ်ကြကုန်၏။ အသောကမင်းကြီးသည် ထိုပြည်တို့နှင့် မဟာမိတ်ဖြစ်သဖြင့် ထိုပြည်တို့သို့ သာသနာပြုများကို စေလွှတ်ရုံသာမက ၎င်းတို့အတွင်း နေရာအနှံ့အပြား၌ ကျောင်းများကိုပင် ဆောက်လုပ်ခဲ့လေသည်။

ဤသို့လျှင် အသောက မင်းကြီးသည် မြတ်စွာ ဘုရား လက်ထက်တော်အခါက ဣန္ဒိယမြောက်ပိုင်း ဒေသများ၌သာလျှင် တည်ရှိခဲ့သော ဗုဒ္ဓဘာသာကို ကမ္ဘာအရပ်ရပ်သို့ ပြန့်နှံ့စေခဲ့လေသည်။

## အသောကမင်းကြီးအား ဆက်ခံသည့် မောရိယ မင်းဆက်

အသောကမင်းကြီးအား အသန္ဓိမိတ္တာ၊ ကာရုဝါကီ၊ ပဒမဝတီ ဟူ၍ မိဖုရားသုံးဦး ရှိ၏။ ထိုသုံးဦးထဲက အသန္ဓိမိတ္တာ ကွယ်လွန်သည့်အခါ တိဿရက္ခိတာကို မိဖုရားမြှောက်၏။ ထို မိဖုရားများမှ မွေးဖွားသည့် သားတော်များမှာ ကုနာလ၊ တိဝရနှင့် ဇလောကတို့ ဖြစ်ကြသည်။

ယင်း သားတော် သုံးပါးအနက် ကုနာလသည် မျက်စိ ကွယ်သွားခဲ့၏။ တိဝရသည် ခမည်းတော် နတ်ရွာမစံမီကပင် ကွယ်လွန်သွားလေ၏။ ဇလောကသည်ကား ခမည်းတော်၏ အရိက်အရာကို မဆက်ခံရသော်လည်း ကသ္မီရပြည်ကို စိုးမိုး အုပ်ချုပ်ရ၏။ သူသည် ခမည်းတော် အလွန် ကြည်ညိုလေးစား သည့် ဗုဒ္ဓဘာသာကို စွန့်ခွာပြီး ရှိဝနှင့် သူ၏ ဇနီးများကို ကိုးကွယ်၏။ သူနှင့် သူ၏ မိဖုရား ဣသာနဒေဝီတို့သည် ရှိဝနှင့် သူ၏ ဇနီးများအတွက် နေရာဌာန အနှံ့အပြား၌ ဘုရားကျောင်း အမြောက်အမြားကို ဆောက်ခဲ့ကြလေသည်။

အသောကမင်းကြီးသည် ၂၇၂ ဘီစီတွင် မင်းအဖြစ်သို့ ရောက်ခဲ့၏။ အနှစ် ၄၀ ကာလပတ်လုံး ထီးနန်းကို စိုးစံတော် မူပြီးနောက် ၂၃၂ ဘီစီတွင် နတ်ရွာစံတော်မူလေသည်။ သူ၏ မြေးတော် ဒသရထသည် ထီးနန်းကို ဆက်ခံ စိုးစံ၏။ သူသည် နာဂါဇုနီ တောင်ကုန်းများပေါ်၌ လိုဏ်ဂူများစွာကို တူးဖော် ဆောက်လုပ်ကာ ကျောက်စာ ရေးထိုးပြီး အာဇီဝကတို့အား

လှူဒါန်းထားခဲ့လေသည်။ သူ၏ လက်ထက်က စ၍ မောရိယ နိုင်ငံတော်ကြီးသည် ပြိုကွဲစ ပြုလာ၏။ သူသည် ၈ နှစ်မျှ ထီးနန်း စိုးစံပြီးနောက် ၂၂၄ ဘီစီတွင် နတ်ရွာစံတော်မူလေသည်။

ဒသရထ မင်း၏ နောက် ၂၂၄ ဘီစီမှ ၂၁၆ ဘီစီတိုင်အောင် ၈ နှစ်မျှ သံဂတ မောရိယမင်း နန်းစံလေ၏။ ထို့နောက် ၂၁၆ ဘီစီမှ ၂၀၆ ဘီစီတိုင်အောင် ၁၀ နှစ်မျှ သာလိသုက မောရိယမင်း၊ ၂၀၆ ဘီစီမှ ၁၉၉ ဘီစီတိုင်အောင် ၇ နှစ်မျှ သောမသာမန မောရိယမင်း၊ ၁၉၉ ဘီစီမှ ၁၉၁ ဘီစီတိုင် အောင် ၈ နှစ်မျှ သတဓာနဝန မောရိယမင်း၊ ၁၉၁ ဘီစီမှ ၁၈၅ ဘီစီတိုင်အောင် ၆ နှစ်မျှ ဗရိဟာဒရထ မောရိယမင်းတို့ နန်းစံကြလေသည်။ ဤမင်းသည် မောရိယနန်းဆက်၏ နောက် ဆုံးမင်း ဖြစ်သည်။

ဤသို့လျှင် ၃၂၃ ခု ဘီစီတွင် အစပြုကာ စန္ဒဂုတ်မင်း တည်ထောင်ခဲ့သည့် မောရိယ နိုင်ငံတော်ကြီးသည် ၁၃၈ နှစ် ကာလပတ်လုံး တည်ရှိပြီးနောက် ဗရိဟာဒရထ မောရိယမင်း လက်ထက် ၁၈၅ ခု ဘီစီသို့ ရောက်သောအခါ လုံးဝ ပြိုကွဲ ပျက်သုဉ်း နိဂုံးချုပ်သွားလေတော့သည်။

## ဆုန်ဂ မင်းဆက်

ဗရိဟာဒရထမောရိယ မင်း၏ စစ်သူကြီး ပုဿျမိတြသည် သူ၏ အရှင်သခင်ကိုသတ်၍ မောရိယ နန်းဆက်ကို ဖြတ်ပြီး ဆုန်ဂ မင်းဆက်ကို စတင်တည်ထောင်၏။ ပါဋလိပုတ် မြို့တော် ဟောင်းကိုပင် နေပြည်တော်ပြုလုပ်ကာ ၁၈၅ ဘီစီတွင် စိုးစံ

အုပ်ချုပ်မင်းလုပ်လေ၏။ သူ၏ နိုင်ငံတော်သည် ဂင်္ဂါမြစ်ဝှမ်း၌ဗိဟာရတိုင်းဟုတ်နှင့် ယူနိုက်တက်ပရောဗင်းစ်တို့ဖြစ်၍ တောင်ဘက်၌နမ္မဒါမြစ်တိုင်အောင် ဖြစ်၏။ ၁၅၃ ဘီစီ၌ ဂရိတ်အမျိုးအနွယ်မိနန္ဒာဘုရင် ဝင်ရောက်တိုက်ခိုက်ခြင်းကို တွန်းလှန်လိုက်လေသည်။

သူ၏ လက်ထက်၌ သဒ္ဒါဆရာကြီး ပါတဉ္စလိ ပေါ်ပေါက်ခဲ့၏။ အသောကမင်းကြီး လက်ထက်က တိရစ္ဆာန်များကို သတ်ဖြတ်၍ ယဇ်မပူဇော်ရဟု တားမြစ်ထားသဖြင့် ဗြာဟ္မဏဘာသာအရ အသွေးအသားဖြင့် ယဇ်ပူဇော်ကို မပြုလုပ်ကြရပေ။ ဤမင်းလက်ထက်၌ မင်းကိုယ်တိုင်က အဿမေဓ ခေါ်မြင်းဖြင့် ယဇ်ပူဇော်မှုကို ပြုလုပ်နေသောကြောင့် တိရစ္ဆာန်ဖြင့်ယဇ်ပူဇော်မှုများကို လွတ်လပ်စွာ ပြုလုပ်ကြရသည်။

ဤသို့လျှင် ပုသျှမိတြသည် ယဇ်ပူဇော်မှုကို ပြန်လည်ထွန်းကားအောင် အားပေးရုံမျှမက ဗုဒ္ဓဘာသာကို ရက်ရက်စက်စက်ညှဉ်းပန်းနှိပ်စက်လေ၏။ မဂဓတိုင်းမှ ပန်ဂျပ်ပြည် ဂျလန္ဒာတိုင်အောင် ဘုန်းကြီးကျောင်းများကို မီးရှို့ဖျက်ဆီး၍ ရဟန်းတော်များကို သတ်ဖြတ်၏။ ရဟန်းတော် အများအပြားတို့သည်တိုင်းတပါးသို့ ထွက်ပြေးကြရကုန်သည်။

ပုသျှမိတြသည် ၃၆ နှစ်ကာလပတ်လုံး ထီးနန်းစိုးစံပြီးနောက် ၁၄၉ ဘီစီတွင် ကွယ်လွန်သွား၏။ သူ၏သားတော် အဂ္ဂိမိတြက ၈ နှစ်မျှ ထီးနန်းကို ဆက်ခံစိုးစံ၏။ သူ့အား သူ၏ညီတော်ဝါသုဂျယေဆထက ဆက်ခံကာ ၇ နှစ်မျှ စိုးစံ၏။ ထို့နောက် ဝါသုမိတြ ၁၀ နှစ်၊ အန္ဓရက ၂ နှစ်၊ ပုလိန္ဒက ၃ နှစ်၊ ဃိုရှ ၃ နှစ်၊

ဝဂျရမိတြ ၉ နှစ်၊ ဘာဂဝတ ၃၂ နှစ်၊ ဒေဝဘူမိ ၁၀ နှစ် အသီးသီး ထီးနန်းကို စိုးစံကြရသည်။ ဒသမ ဘုရင်ဒေဝဘူမိသည် ဆုန်ဂ မင်းဆက်၏ နောက်ဆုံးဘုရင်ဖြစ်သည်။ သူသည် သူ၏ အမတ်ကြီး ဝါသုဒေဝ၏ လက်ချက်ဖြင့် ၇၃ ဘီစီတွင် ထီးနန်းရော အသက်ပါ ဆုံးရှုံးပျက်စီးရလေသည်။

ဤသို့လျှင် ၁၈၅ ခု ဘီစီတွင် အစပြုကာ ပုဿျမိတြ တည်ထောင်ခဲ့သည့် ဆုန်ဂမင်းဆက်သည် ၁၁၂ နှစ်ကာလမျှ ကြာပြီးနောက် ဒေဝဘူမိ မင်းလက်ထက် ၇၃ ဘီစီတွင် ပြိုကွဲ ပျက်စီးသွားလေတော့သည်။

## ကန်ဝမင်းဆက်

ဗြာဟ္မဏ အနွယ်ဖြစ်သော ဝါသုဒေဝ အမတ်ကြီးသည် သူ၏ အရှင်သခင် ဒေဝဘူမိဘုရင်ကို သတ်ဖြတ်ပြီး ၇၃ ဘီစီတွင် ထီးနန်းကို လုယူသိမ်းပိုက်၏။ သူသည် ၉ နှစ်မျှ စိုးစံပြီး ကွယ်လွန်သွား၏။ ထို့နောက် သူ၏သားတော် ဘူမိမိတြသည် ၁၄ နှစ်၊ နာရာယနသည် ၁၂ နှစ်၊ သုသာရ်မန်သည် ၁၀ နှစ်မျှ ထီးနန်းစိုးစံကြရသည်။

ဤသို့လျှင် ၇၃ ဘီစီတွင် ဝါသုဒေဝ စတင်တည်ထောင်ခဲ့သည့် ကန်ဝမင်းဆက်သည် ၄၅ နှစ်မျှ ကြာရှိပြီး သုသာရ်မန် မင်းလက်ထက် ၂၈ ဘီစီတွင် ပျက်သုဉ်း သွားလေတော့သည်။

## အန္ဓရ မင်းဆက်

အန္ဓရမင်းဆက်သည် ကန်ဝမင်းဆက် အဆုံးသတ်သည့် ၂၈ ဘီစီမှပင် စတင်ပေါ်ပေါက် လာသည်မဟုတ် စန္ဒဂုတ်မင်း လက်

ထက် ၃၀၀ ဘီစီကပင် စတင်ပေါ်ပေါက်ခဲ့လေသည် ယခုခေတ် တယ်လူဂူ ဘာသာစကားကို ပြောဆိုသည့် ဒရာဗိဒီယန် အနွယ် အန္ဓရ လူမျိုးတို့သည် ဂိုဒါဝရီမြစ်နှင့် ကရစ်ရှနားမြစ်တို့အကြား ၌ နေထိုင်ကြ၏။ သူတို့သည် စန္ဒဂုတ်မင်းအောက် ဒုတိယမြောက် လက်နက်အင်အား ကြီးမားသည့် အလျောက် ကရစ်ရှနားမြစ်၏ အောက်ပိုင်းပေါ်ရှိ ဆရိကာကုလံ မြို့တော်၌ ထီးနန်းစိုက်ထူကာ လွတ်လပ်စွာ နေထိုင်ကြရ၏။ သို့ရာတွင် ၂၅၆ ဘီစီတွင် အန္ဓရ နိုင်ငံသည် အသောကမင်းကြီး၏ လက်အောက်ခံ အဖြစ်သို့ ရောက်ရှိသွားလေသည်။

၂၃၂ ဘီစီတွင် အသောကမင်းကြီး နတ်ရွာစံတော်မူပြီး နောက် ၂၃၀ ဘီစီကစ၍ မောရိယမင်းဆက် လက်အောက်မှ လွတ်မြောက်ပြီး အန္ဓရမင်းဆက်ကို ပြန်လည်ထူထောင်လေသည်။ ယင်းအန္ဓရမင်းဆက်၏ အကျဉ်းချုပ်မှာ အောက်ပါအတိုင်း ဖြစ်လေသည်။

(၁) ဆိမုကမင်း .... ၂၃ နှစ်နန်းစံသည်။
(၂) ကရစ်ရှန .... ၁၀ နှစ်
(၃) ဆရီဆာတကာနိ .... ၁၀ နှစ်
(၄ ပူရကိုဘ်ဆံဂ .... ၁၈ နှစ်
(၅) ဆကန္ဒဆဘဗ္ဗိ .... ၁၈ နှစ်
(၆) ဆာတကာကာ် .... ၅၆ နှစ်
(၇) လမ္ဗိုဒရ .... ၁၈ နှစ်
(၈) အာပိလက .... ၁၂ နှစ်

(၉) မေဃသွာတိ .... ၁၈ နှစ်
(၁၀) သွာတိ .... ၁၈ နှစ်
(၁၁) ဆကန္ဒသွာတိ .... ၇ နှစ်
(၁၂) မရိဂျုဒ္ဒရသွာတိကာဏ .... ၃ နှစ်
(၁၃) ကုန္တလသွာတိကာဏ .... ၈ နှစ်
(၁၄) သွာတိကာဏ (ပ) .... ၁၅ နှစ်
(၁၅) ပုလိုမာဝိ (ပ) .... ၃၆ နှစ်
(၁၆) အရိဋ္ဌကာဏ .... ၂၅ နှစ်
(၁၇) ဟာလ .... ၅ နှစ်
(၁၈) မန္တလက .... ၅ နှစ်
(၁၉) ပုရိကာသေန .... ၂၁ နှစ်
(၂၀) ဆုန္ဒရဆာတကာဏိ .... ၁ နှစ်
(၂၁) ချာကိုရဆာတကာဏိ .... ၁/၂ နှစ်
(၂၂) ဆိဝသွာတိ .... ၂၈ နှစ်
(၂၃) ဂေါတမီပုတြ .... ၂၁ နှစ်

၂၃ ဆက်မြောက် ဖြစ်သော ဤ ရာဂျာဂေါတမီပုတြဆရီဆာတကာနိ လက်ထက်ဘွင် ဣန္ဒိယအနောက်ဖက် ဒေသများ၌ အင်ဒိုပါသီယန်နှင့် ကုရှန်မင်းတို့၏ လက်အောက်ခံ လူမျိုးများ လာရောက်ကာ နယ်ပယ်တည်ထောင်နေထိုင်ကြ၏။ ဤရာဂျာဂေါတမီပုတြသည် ၁၁၉ အေဒီ လောက်တွင် ထိုသူ တို့ကို တိုက်ခိုက်ချေမှုန်းပြီး သူတို့၏ နယ်ပယ်များကို သိမ်းပိုက်လိုက်၏။ ဤသို့အားဖြင့် သူ၏နိုင်ငံသည် ဂေါဒါဝရီ မြစ်ဝှမ်းဒေသ၊

မီရာ၊ မာလဝါ၊ ကသိအာဝါ၊ ဂူဂျရတ်နှင့် မြောက်ဖက် ကွန်ကန်ထိအောင် ကျယ်ပြန့်သွားလေ၏။ သူသည် ဟိန္ဒူဘာသာဝင် ဖြစ်သော်လည်း ဗုဒ္ဓဘာသာကိုလည်း အထိုက်အလျောက် ချီးမြှောက်ထောက်ပံ့ပေသည်။

၁၂၈ အေဒီခန့်တွင် ရာဂျာဂေါတမီပုတြ၏ သားတော် ရာဂျာဝါဆိဋ္ဌိပုတြဆရီ ပုလုမာယိသည် ထီးနန်းကို ဆက်ခံစိုးစံ၏။ သူသည် ဥဇ္ဇေနီမြို့ သကဘုရင်ခံ ရုဒြဒါမံ၏ သမီးတော်နှင့် ထိမ်းမြားလက်ထပ်၏။ သို့ရာတွင် ယောက္ခမဖြစ်သူ ရုဒြဒါမံက နှစ်ကြိမ်တိုင်တိုင် လာရောက်တိုက်ခိုက်သဖြင့် ခမည်းတော် လက်ထက်က ရရှိထားသော နယ်ပယ်အချို့အပြားကို ရုဒြဒါမံအား ပေးအပ်လိုက်ရသည်။

၁၅၆ အေဒီလောက်တွင် ဆရီပုလုမာယိသည် ၂၈ နှစ် ထီးနန်းစိုးစံပြီးနောက် ကွယ်လွန်သွား၏။ ထို့နောက် ဆိဝဆရီ ပုလိုမာမင်း ၇ နှစ်၊ ဆိဝဆကန္ဒ ဆာတကာဏိ မင်း ၃ နှစ် အသီးသီး ဆက်လက်အုပ်စိုးကြ၏၊ ထိုမင်းများနောက် ၂၇ ဆက်မြောက် ဖြစ်သော ဂေါတမီပုတြယာဂျနဆရီသည် ထင်ရှားသော မင်းတပါးဖြစ်၏။ သူသည် ၁၆၆ အေဒီမှ ၁၉၆ အေဒီဘိုင်အောင် ၂၉ နှစ်မျှ နန်းစံသွား၏။ သူသည် ဆရီပုလုမာယိလက်ထက်က ဆုံးရှုံးသွားသည့် နယ်ပယ်အချို့ကို ပြန်လည် တိုက်ခိုက် သိမ်းပိုက်ခဲ့လေသည်။

ဤသို့လျှင် ယာဂျနဆရီမင်းသည် အရှေ့ပိုင်းနယ်ပယ်များနှင့် အနောက်ပိုင်း နယ်ပယ်များကို ပေါင်းရုံးစည်းလုံးကာ အုပ်စိုးနိုင်ခဲ့ပေသည်။

သူ့နောက်၌ ဝိဂျယ ၆ နှစ်၊ ချန္ဒရာဆရီ ၁၀ နှစ်၊ ပုလုမာယိ ၁၃ နှစ်လောက် ဆက်လက်အုပ်စိုးကြသေး၏။ ဤမင်းတို့သည် အရှေ့ပိုင်းနယ်ပယ်များကိုသာ အုပ်စိုးရသဖြင့် တန်ခိုး အာဏာ မကြီးမားကြကုန်။ ဤကဲ့သို့ တဖြည်းဖြည်း ဆုတ်ယုတ်လာသည့် အန္ဓရမင်းဆက်သည် ၃၀ ဆက်မြောက် ပုလုမာယိမင်း လက်ထက် ၂၂၅ အေဒီတွင် အဆုံးသတ် သွားလေတော့သည်။

ဤ အန္ဓရမင်းဆက်သည် ၂၃၀ ဘီစီကစ၍ ၂၂၅ အေဒီ တိုင်အောင် နှစ်ပေါင်း ၄၅၅ မျှ ကြာရှိခဲ့၏။ မင်းဆက်အားဖြင့် ဆိမုက မင်းမှစ၍ ပုလုမာယိမင်းထိ ၃၀ ရှိ၏။ ဤ အန္ဓရမင်းများလက်ထက်၌ ဗုဒ္ဓဘာသာနှင့် ဟိန္ဒူ ဘာသာ တို့သည် သင့်တင့်ညီညွတ်ကာ အတူယှဉ်တွဲလျက် တိုးတက်ကြီးပွားနေကြ၏။

ရဟန်းတော်များအတွက် ဒက္ခိဏ ကုန်းမြေမြင့် ဒေသ၌ လိုဏ်ဂူအများအပြားကို တူးဖော်ကြ၏။

ဤလိုဏ်ဂူများ၌ သီတင်းသုံးတော်မူကြသော ရဟန်းတော်များအား ပစ္စည်းလေးပါးဖြင့် ထောက်ပံ့လှူဒါန်းကြ၏။ ဟိန္ဒူ ဘာသာအလိုက် ယဇ်ပူဇော်ခြင်း၊ ဆိဝနှင့် ကရစ်ရှနဲ တို့ကို ကိုးကွယ်ခြင်း၊ ဣန္ဒရနှင့် ဓမ္မတို့အား ရိုသေလေးစားခြင်း တို့ကိုလည်း ပြုလုပ်ကြလေသည်။

## အင်ဒိုဂရိက်နှင့် အင်ဒိုပါသိယန် မင်းဆက်များ

ဂရိတ်ဘုရင် အလက်ဇန္ဒားသည် ဘီစီ ၃၂၇ ခုနှစ်တွင် ဣန္ဒိယပြည်ထဲသို့ ဝင်ရောက်ပြီး ဣန္ဒုမြစ်ဝှမ်းကို တိုက်ခိုက်

အောင်မြင်လေသည်။ သူသည် ဘီစီ ၃၂၅ ခုနှစ်တွင် ဣန္ဒိယ ပြည်မှ ပြန်လည် ဆုတ်ခွာသွား၍ ဘီစီ ၃၂၃ ခုနှစ်တွင် ဗေဗီလုန်မြို့၌ ကွယ်လွန်လေ၏။

အလက်ဇန္ဒား မရှိသည့်နောက် သူ သိမ်းပိုက် ထားခဲ့သည့် ဣန္ဒိယပြည် ဣန္ဒုမြစ်ဝှမ်းဒေသကို သူ၏ စစ်သူကြီး ဆီလူကော့စ်က ဆက်လက်အုပ်စိုး၏။ ယင်းဒေသကို စန္ဒဂုတ္တမင်းက ထိုက်ခိုက် သိမ်းပိုက်လိုက်သဖြင့် သားတော် ဗိန္ဒုသာရမင်းနှင့် မြေးတော် အသောကမင်းတို့က ဆက်လက်စိုးမိုး အုပ်ချုပ် သွားကြ၏။ သို့ဖြစ်၍ ဟိန္ဒုကုရှ တောင်တန်းသည် အသောကမင်းကြီး နတ်ရွာစံသည့်တိုင်အောင် မောရိယ နိုင်ငံတော်ကြီး၏ နယ်ခြား အဖြစ် တည်ရှိနေလေသည်။ ဆီလူကော့စ်သည် အလက်ဇန္ဒား ဘုရင်၏ အာရှတိုက်တိုင်းပြည်များကိုလည်း ဆက်ခံအုပ်စိုးရ၏။ ဘီစီ ၂၆၂ ခုနှစ်တွင် ထိုတိုင်းပြည်များသည် သူ၏မြေး အင်တီ အိုကော့စ်၏ လက်ထဲသို့ ရောက်ရှိသွားကြ၏။ ဘီစီ ၂၄၆ ခုနှစ်တွင် ဗက်ထရီးယန်းလူမျိုးများနှင့် ပါသီယန်လူမျိုးတို့သည် ပုန်ကန်ထကြွကြပြီး အင်တီအိုကော့စ်၏ လက်အောက်မှ လွတ် မြောက်သွားကြသည်။ ပုန်ကန်ထကြွရာ၌ ဗက်ထရီးယန်းလူမျိုး တို့၏ ခေါင်းဆောင်သည် ဒီအိုဒိုတော့စ်ဖြစ်၏။ ပါသီယန်တို့၏ ခေါင်းဆောင်သည်ကား အာရ်ဆာကီစ်ဖြစ်၏။ အာရ်ဆာကိစ် သည် ပါရှားပြည်၌ မင်းဖြစ်လေ၏။ သူ၏ မင်းဆက်သည် ဘီစီ ၂၄၀ မှ အေဒီ ၂၂၆ တိုင်အောင် အနှစ်ငါးရာနီးပါး ဆက် လက် တည်ရှိလေသည်။

## ဗက်ထရီးယန်းမင်းဆက်များ

ဘီစီ ၂၄၅ ခုနှစ်တွင် ပထမ ဒီအိုဒိုတော့စ်၏သား ဒုတိယ ဒီအိုဒိုတော့စ်သည် ဗက်ထရီးယားပြည်၏ ထီးနန်းကို ဆက်ခံစိုးစံ၏။ ဘီစီ ၂၃၀ ခုနှစ်တွင် ယူသိုင်ဒီမော့စ်သည် ပုန်ကန်ထကြွပြီး ထီးနန်းကို လုယက်အုပ်စိုးခဲ့၏။ သူသည် ဆီးရီးယားဘုရင် အင်တီအိုကော့စ်နှင့် စစ်တိုက်ခဲ့ရာ ဘီစီ ၂၀၈ ခုနှစ်မှပင် စစ်ပြေငြိမ်းသွားလေသည်။

ယူသိုင်ဒီမော့စ်၏သား ဒီမီထရိုင်အော့စ်သည် ဘီစီ ၂၀၀ ခုနှစ်တွင် ဟိန္ဒူကုရှ တောင်တန်းကို ဖြတ်သန်း၍ ဣန္ဒိယမြောက်ပိုင်းကို ဝင်ရောက် တိုက်ခိုက်ရာ ကာဘူလ်၊ ပန်ဂျပ်နှင့် ဆင်းနယ်တို့ကို အောင်မြင်သိမ်းပိုက်ကာ ဣန္ဒိယဘုရင် ဟူသောဘွဲ့ကို ခံယူလေသည်။

ဘီစီ ၁၇၅ ခုနှစ်တွင် ယူကရာတိုက်စ်သည် ပုန်ကန်ထကြွကာ ဘက်ထရီးယားပြည်၏ ထီးနန်းကို အုပ်စိုး၏။ ဘီစီ ၁၅၆ ခုနှစ်တွင် ယူကရာတိုက်စ်ကို သူ၏သား အပိုလိုဒိုတော့စ်က သတ်ဖြတ်လိုလိုက်၏။ ယူကရာတိုက်စ် သေဆုံးပြီးသည့်နောက် ဘက်ထရီးယားနိုင်ငံသည် အစိတ်စိတ်အမွှာမွှာ ကွဲပြားသွားလေတော့သည်။

ယူကရာတိုက်စ် မရှိသည့်နောက်၌ ဂရိတ်အနွယ် မင်းညီမင်းသားတို့သည် ဣန္ဒိယနယ်စပ် ဒေသကို ခွဲဝေအုပ်စိုးကြ၏။ ထိုမင်းညီမင်းသားထဲက အချို့တို့သည် ယူသိုင်ဒီမော့စ်၏ အမျိုးအနွယ် ဖြစ်ကြကုန်၍ အချို့တို့သည် ယူကရာတိုက်စ်၏ အမျိုးအနွယ် ဖြစ်ကြကုန်သည်။

ဤကဲ့သို့ ဣန္ဒိယနယ်စပ်ဒေသ၌ ဖရိုဖရဲ ကွဲပြားခြားနားကာ သူတလူငါတမင်း ဖြစ်နေသောအခါ ယူကရာတိုက် အနွယ်ထဲက မီးနန္ဒားမည်သော မင်းသားတပါးသည် ထူးခြား ထင်ရှားစွာ ပေါ်ပေါက်လာခဲ့၏။ သူသည် ကာဗူလ်မြို့၌ ထီးနန်းစိုက်ပြီး ဘီစီ ၁၅၅ ခုနှစ်တွင် ဣန္ဒိယပြည်ထဲသို့ ဝင်ရောက်တိုက်ခိုက်၏။ ထိုနောက် နှစ်နှစ်လောက် ကြာသောအခါ သူသည် ဣန္ဒိယ ပြည်မှ ပြန်လည်ဆုတ်ခွာလာခဲ့၏။ မီးနန္ဒားသည် တရားစောင့်သည့် မင်းတပါးဟု ထင်ရှား ကျော်ကြားသဖြင့် သူ့အား တိုင်းသူပြည်သားများက အလွန်ကြည်ညို လေးစားကြ၏။ သူသည် ဗုဒ္ဓဘာသာကို ယုံကြည်လေးစားကာ မိလိန္ဒ အမည်ဖြင့် ထင်ရှားခဲ့၏။ ထေရဝါဒ ပိဋကတ်တော် ထဲ၌ ပါဝင်သည့် မိလိန္ဒပဉှာ ကျမ်းသည် သူနှင့် အရှင်နာဂသေနတို့ အမေး အဖြေပြုလုပ်ခဲ့ကြသည့် ကျမ်းဖြစ်သည်ဟု ယူဆကြသည်။

ယူကရာတိုက်စ်၏သား ဟီလီအိုကလက်စ်သည် ဗက်ထရီးယား ပြည်ကို ဆက်ခံစိုးစံချင်း သူသည် ဟိန္ဒူကုရှ တောင်တန်း၏ မြောက်ဖက်ဒေသများကို အုပ်ချုပ်ရသည့် နောက်ဆုံး ဂရိတ် အမျိုးအနွယ် ဘုရင်တဦး ဖြစ်လေသည်။

## ဆစ်သီယန် သို့မဟုတ် ကုရှန် မင်းဆက်များ
## (အေဒီ ၂၀ မှ ၂၂၅ ထိ)

၁၆၅ ဘီစီလောက်က တူရကီအနွယ် ဟိအန်နူ လူမျိုးတစု သည် ပြိုင်ဘက်ဖြစ်သော ယူချီလူမျိုးတစုကို အာရှတိုက် အလယ်ပိုင်းဒေသမှ တိုက်ခိုက် နှင်ထုတ်လိုက်၏။ ထို ယူချီလူမျိုး

တို့သည် နေရင်းဌာနဖြစ်သော တရုတ်ပြည် အနောက်မြောက် ဖက် ကန်ဆူနယ်မှ အနောက်ဖက်သို့ ပြောင်းရွှေ့လာကြရ၏။ ဤကဲ့သို့ ပြောင်းရွှေ့လာစဉ် သူတို့သည် တကလမကာန် သဲကန္တာရ ၏ မြောက်ဖက်၌ စုဆုန်မည်သော လူမျိုးငယ်တစုကို တိုက်ခိုက် ပြီး အချို့တို့သည် အနောက်ဖက်သို့ ဆက်လက် ထွက်ခွာလာကြ၏။ ၎င်းတို့သည် ယူချီ လူမျိုးစုကြီး ဖြစ်လာ၏။ အချို့တို့သည် တောင်ဖက်သို့ ထွက်ခွာသွားပြီး တိဗက်ပြည် နယ်စပ်၌ အတည် တကျ နေထိုင်ကြ၏။ သူတို့သည်ကား ယူချီလူမျိုးစုငယ် ဖြစ် လာသည်။

တောင်ဘက်သို့ ဆက်လက် ထွက်ခွာလာကြသော ယူချီတို့ သည် ဆက လူမျိုးတို့နှင့် တွေ့ဆုံ တိုက်ခိုက်ကြရပြန်၏။ ဆက လူမျိုးတို့သည် အရေးရှုံးနိမ့်၍ အနောက်မြောက်ဖက်ရှိ တောင် ကြား လမ်းများမှ ဂန္ဓာရပြည်ထဲသို့ ဝင်သွားကြ၏။ ယူချီတို့ သည်ကား အောက်ဆပ် တောင်ကြားသို့ ဆက်လက် ချီတက် သွားကြ၏။ ထို့နောက် တောင်ဘက်ရှိ ဘက်ထရီးယားနယ်ကို သိမ်းပိုက်ကာ အတည်တကျ နေထိုင်ကြတော့သည်။

ဘက်ထရီးယားနယ်၌ အတည်တကျ နေထိုင်ကြသည့်အခါ တဖြည်းဖြည်း လူဦးရေ တိုးပွားလာသည့်အပြင် လူနေမှုအဆင့် အတန်းမှာလည်း မြင့်မားလာလေသည်။ ယူချီတို့သည် တောင် ဖက် ဘက်ထရီးယားနယ်မှ မြောက်ဖက် ဆော့ဂ်ဒီယာနာနယ် တိုင်အောင် ပြန့်နှံ့သွားရကား ဒေသအလိုက် လူမျိုးစု ၎ါးခု

ထပ်မံ ကွဲသွားပြန်၏။ ထို လူမျိုးစုများအနက် ဟိန္ဒူကုရှ တောင်တန်း၏ မြောက်ဖက်၌ နေထိုင်သည့်လူမျိုးစုကို ကုရှန်ဟု ခေါ်ဝေါ်ကြသည်။

## (ပထမ) ကဒ်ဖီဆက်စ်မင်း

တနေ့တခြား လူဦးရေ များပြား ကြီးထွားလာသည့် ကုရှန် လူမျိုးတို့သည် ၄၀ အေဒီတွင် ကဒ်ဖီဆက်စ်ကို ဘုရင်အဖြစ် တင်မြှောက်ကြ၏။ ဤသို့လျှင် ကဒ်ဖီဆက်စ်သည် ယူချီအနွယ် ကုရှန်လူမျိုးတို့၏ ရှေးဦးအစပထမ ဘုရင်အဖြစ်သို့ ရောက်ရှိသွား လေ၏။ သူသည် ရှေးဦးစွာ ဟိန္ဒူကုရှ တောင်တန်း၏ တောင် ဖက်ရှိ နယ်ပယ်များကို တိုက်ခိုက် သိမ်းယူလိုက်၏။ ထို့နောက် ဆက်လက်၍ ဂန္ဓာရနယ်နှင့် ကာဘူနယ်တို့ကိုလည်း သိမ်းပိုက် လိုက်ပြန်၏။ ဤသို့အားဖြင့် သူ၏ နိုင်ငံသည် ပါရှားနယ်စပ်မှ ဣန္ဒုမြစ်တိုင်အောင် ကျယ်ပြန့်သွားသဖြင့် ယခုခေတ် အာဖဂန် နစ်စတန်ပြည်သည် သူ၏ နိုင်ငံထဲသို့ ပါဝင်သွား၏။ သူသည် ဣန္ဒုမြစ် အနောက်ဖက်ရှိ အင်ဒိုဂရိ နယ်နှင့် အင်ဒိုပါသီယန် နယ်များကိုလည်း တိုက်ခိုက် သိမ်းယူလိုက်သေးသည်။

## (ဒုတိယ) ကဒ်ဖီဆက်စ်မင်း

၇၈ အေဒီတွင် ပထမ ကဒ်ဖီဆက်စ်မင်း ကွယ်လွန်သည့် အခါ သူ၏ သားတော်သည် ဒုတိယ ကဒ်ဖီဆက်စ် အမည်ဖြင့် ထီးနန်းကို ဆက်ခံ စိုးစံ၏။ သူသည် သူ၏ ခမည်းတော် တည် ထောင်ခဲ့သည့် နိုင်ငံတော်ကို တိုးတက် ထပ်မံ ချဲ့ထွင်ပြန်၏။

သူသည် ပန်ချပ်နယ်နှင့် ဗာရာဏသီတိုင်အောင် ဂင်္ဂါမြစ်ဝှမ်းကို တိုက်ခိုက် အောင်မြင်၏။ ထို့နောက် ဣန္ဒုမြစ်ဝရှိ နယ်များကို လည်း တိုက်ခိုက် အောင်မြင်ပြန်၏။ ဤသို့အားဖြင့် သူ၏ နိုင်ငံ တော်သည် ကာဘူ တောင်ကြားမှ ဿာဇီပူရ်၊ ဗာရာဏသီ၊ ကပ်ချိ နှင့် ကာထိအာဝါး တိုင်အောင် ဣန္ဒိယမြောက်ပိုင်း တခုလုံးသို့ ကျယ်ပြန့်သွားလေသည်။

## ကနစ်ရှက မင်း

ဒုတိယ ကဒ်ဖိဆက်စ်မင်း ကွယ်လွန်ပြီးနောက် ၁၂၀ အေဒီ တွင် ကနစ်ရှကမင်း နန်းတက်၏။ ဤမင်းသည် ကုရှန်မင်းတို့ အနက် အထင်ရှား အကျော်ကြားဆုံး မင်းတပါး ဖြစ်၏။ မြောက်ပိုင်း ဗုဒ္ဓဘာသာဝင် နိုင်ငံများဖြစ်သည့် တိဗက်ပြည်၊ တရုတ်ပြည်နှင့် မောင်ဂိုလီးယား ပြည်တို့၌ ကနစ်ရှက မင်းကို အသောကမင်းကြီး ကဲ့သို့ပင် ဗုဒ္ဓဘာသာ သာသနာပြု မင်းအဖြစ် ဖြင့် အသိအမှတ် ပြုကြ၏။ သူ၏ နိုင်ငံတော်သည် ဣန္ဒိယ အနောက်မြောက်ပိုင်း အားလုံး၊ တောင်ဘက်၌ ဝိန္ဓယ တောင် တန်း တိုင်အောင်၊ အရှေ့ဘက်၌ ပါရမီရ် တောင် ကြား လွန်အောင် ကျယ်ပြန့်၏။ သူသည် ပါဋလိပုတ် နေပြည်တော်ကို တိုက်ခိုက် အောင်မြင်၍ ထိုပြည်မှ အရှင် အဿဃောသ ထေရ်ကို ပင့်ဆောင်ခဲ့သည်။

ကနစ်ရှကမင်း၏ နေပြည်တော်သည် ပုရုရှပူရ ယခုခေတ် ပက်ရှဝါမြို့ ဖြစ်၏။ သူသည် ဗုဒ္ဓဘာသာဝင်အဖြစ်သို့ ပြောင်းလဲ လာပြီးနောက် ဗုဒ္ဓဘာသာကို အလွန် ကြည်ညိုလေးစားကာ

အားပေးချီးမြှောက် ထောက်ပံ့ ကူညီ၏၊ သူသည် မြတ်စွာဘုရား၏ ဓာတ်တော်များကို ထားရှိ ပူဇော်ရန် ဓာတ်တော်တိုက်တခုကို ဆောက်လုပ်၏။ ထို ဓာတ်တော်တိုက်သည် အလွန်ကြီးကျယ် ခမ်းနားရကား ကမ္ဘာ့ အံ့ချီးဘွယ်ရာတခုပင် ဖြစ်ခဲ့၏။ ဓာတ်တော်တိုက်၏ အထက်ပိုင်း ပြသာဒ်ဆောင်ကို သစ်သားဖြင့် ဘုံဆယ့်သုံးဆင့် ပြုလုပ်ပြီး သံဖြင့် အထွတ်တပ်ထား၏။ ထိုပြသာဒ်ဆောင်၏ အမြင့်သည် ပေ ၄၀၀ ခန့် ရှိ၏။ ခြောက်ရာစုနှစ်အစတွင် တရုတ်ဘုရားဖူး ရဟန်းတော် ဆွန်ယန်သည် သုံးကြိမ်တိုင် မီးလောင်၍ သုံးကြိမ်တိုင် ဗုဒ္ဓဘာသာဝင် ဘုရင်များထပ်မံ ဆောက်လုပ်ထားသည့် ဤဓာတ်တော်တိုက်ကို တွေ့မြင်သွားခဲ့၏။ ဤဓာတ်တော်တိုက်၏ အနီး၌ တည်ရှိသော ရဟန်းတော်များ၏ စာသင်တိုက်သို့ ကိုးရာစုနှစ်အတွင်း ဒေဝပါလမင်းလက်ထက် နာဠန္ဒ တက္ကသိုလ်၏ နာယကဆရာတော် အရှင်ဝီရဒေဝသည် ရောက်ရှိသွားလေသည်။ ဤမျှလောက် နှစ်ပေါင်းများစွာ တည်ရှိခဲ့သော အဆောက်အဦများသည် မာမုဒ်ဃဇနီနှင့် သူ့အား ဆက်ခံသူများ လက်ထက်၌ နောက်ထပ် နာလန်မထူနိုင်အောင် လုံးလုံးလျားလျား ပျက်သုဉ်းသွားကြလေတော့သည်။

ကနစ်ရှကမင်းသည် ကာရှဂါ၊ ယာကန်၊ ခိုတန်၊ တိဗက်ပြည်မြောက်ဘက်ရှိ တရုတ်တာရကီစတန်နယ်များနှင့် ပါမီရ်၏ အရှေ့ဘက်ရှိနယ်များကို တိုက်ခိုက်သိမ်းယူကာ မိမိ၏ နိုင်ငံတော်ကိုချဲ့ထွင်ခဲ့၏။ ဤသို့လျှင် ဂန္ဓာရပြည့်ရှင် ဘုရင်ကနစ်ရှကသည်

ဣန္ဒိယမြောက်ပိုင်း ဒေသများနှင့်ဘက္ကွ အာရှတိုက် အလယ်ပိုင်း ဒေသများကို စိုးမိုးအုပ်ချုပ်ခဲ့လေသည်။

အသောကမင်းကြီးသည် ကလိင်္ဂတိုင်းကို တိုက်ခိုက်သိမ်းယူပြီးနောက် အကျွတ်တရားရကာ ဗုဒ္ဓဘာသာဝင် ဖြစ်သွားသကဲ့သို့ ကနစ်ရှကမင်းသည်လည်း နိုင်ငံအမြောက်အမြားကို တိုက်ခိုက်သိမ်းယူပြီးနောက် ဘာသာရေး၌ စိတ်ဝင်စားကာ ဗုဒ္ဓဘာသာဝင် ဖြစ်သွားလေ၏။ သို့ရာတွင် သူ၏လက်ထက်က ဗုဒ္ဓဘာသာသည် အသောကမင်းလက်ထက်က ဗုဒ္ဓဘာသာနှင့် မတူထူးခြား အလွန်ကွဲပြားနေ၏။ ယင်းဗုဒ္ဓဘာသာသစ်သည် ဗုဒ္ဓဘာသာ၊ ဟိန္ဒူဘာသာ၊ ဇိုရိုအက်စ်ထရီးယန်းဘာသာ၊ ခရစ်စယန်ဘာသာနှင့် ဂရိတ်ဘာသာတို့၏ အစိတ်အပိုင်းများကို ရောနှောပေါင်းစပ်ထားသည့် မဟာယနဗုဒ္ဓဘာသာပင် ဖြစ်ပေသည်။ ဤမဟာယန ဗုဒ္ဓဘာသာ၌ ဂေါတမဗုဒ္ဓသည် မိမိအား ဆုတောင်းသူများ၏ အလိုဆန္ဒကို ဖြည့်ပေးရသည့် ဆုတောင်းပြည့် နတ်ဘုရားဖြစ်လာ၏။ ဤကဲ့သို့ သတ္တဝါများ၏အကျိုးကို သယ်ပိုးဆောင်ရွက်ရန် ဂေါတမဗုဒ္ဓအား အကူအညီပေးသည့် ဗောဓိသတ္တများလည်း အနီးအနားမှာ ရှိနေကြသေးသည်။

အသောကမင်းကြီးသည် သံဃာ တထောင်ဖြင့် တတိယ သင်္ဂါယနာတင်သကဲ့သို့ ကနစ်ရှကမင်းသည်လည်း သံဃာငါးရာဖြင့် သင်္ဂါယနာတင်ခဲ့၏။ သို့ရာတွင် ထေရဝါဒကျမ်းစာများ၌ ဤ သင်္ဂါယနာ၏ အကြောင်းကို ရေးသားထားခြင်း မရှိသဖြင့် တောင်ပိုင်းဗုဒ္ဓဘာသာဝင်များက ဤသင်္ဂါယနာကို အသိအမှတ် မပြုကြပေ။

ကနစ်ရှကမင်းသည် ဗုဒ္ဓဘာသာဝင် ဖြစ်ပြီးသည့် နောက်၌ ပိဋကတ်တော်များကို ရဟန်းတော်တပါးထံမှ သင်ယူ၏။ ထို ရဟန်းတော်သည် နေ့တိုင်း နန်းတော်သို့ကြွသွား၍ မင်းအား စာချပေးရ၏။ မင်းသည် ပိဋကတ်တော်များထဲ၌ ဆန့်ကျင်ဘက် ဖြစ်သော ဂိုဏ်းများ၏ အယူဝါဒ အမျိုးမျိုးကို တွေ့ရှိရသော အခါ မည်သည့်ဝါဒကို အမှန်ဟု မဆုံးဖြတ်နိုင်ဘဲ စိတ်ရှုပ်ထွေး လာတော့၏။ ထိုအခါ ပညာရှိရဟန်းတော်များ စုဝေးပြီး မည်သည့် အယူဝါဒ မှန်ကန်ကြောင်းကို တညီတညွတ်တည်း ဆုံးဖြတ်ချက် ချသင့်သည်ဟု ကြံစည်မိ၏။ ထိုအကြံအစည်ကို အရှင်ပါဿအား လျှောက်ထားရာ အရှင်ပါဿက သဘောတူညီပြီး သံဃာ့အစည်းအဝေးကြီးခေါ်ရန် အစီအစဉ် ပြုလုပ်လေသည်။

ဤ သံဃာ့အစည်းအဝေးကြီးကို ကသ္မီရတိုင်း ရှရိနဂရ် မြို့တော် ကုဏ္ဍလဝန ကျောင်းတိုက်၌ ကျင်းပကြ၏။ အစည်းအဝေးသို့ တက်ရောက်ရန် စာပေကျမ်းဂန် တတ်မြောက်သည့် ရဟန်းပညာရှင်ငါးရာကို ရွေးချယ်ကြရာ အားလုံးလိုလိုပင် ဆာရ်ဗတ်စတိဝါဒီဂိုဏ်းဝင် ရဟန်းတော်များဖြစ်ကြ၏။ ဤဂိုဏ်းသည် ဟိနယာနဂိုဏ်း ဖြစ်သော်လည်း မဟာယနဂိုဏ်းနှင့် မထူးခြားလှပေ။ ဤအစည်းအဝေးကြီးကို ကြီးမှူးအုပ်ချုပ်ရန် အရှင်ဝါသုမိတြကို ပထမဥက္ကဋ္ဌ၊ ပါဋလိပုတ်ပြည်မှ ပင့်ဆောင်လာခဲ့သည့် အရှင်အဆွဂိုရှ်ကို ဒုတိယဥက္ကဋ္ဌအဖြစ်ဖြင့် ရွေးချယ်ကြ၏။ ဤ အစည်းအဝေးကြီး၌ အယူဝါဒအမျိုးမျိုးကို တိုက်ဆိုင်ညှိနှိုင်း ပြီး ပိဋကတ်သုံးပုံ၏ အဖွင့်ဖြစ်သော မဟာဝိဘာသာကျမ်းကို

ရေးသားစီရင်ကာ အတည်ပြုကြကုန်သည်။ ဤကျမ်းသည် ယခု အခါ တရုတ်ဘာသာဖြင့် ရှိနေသေးသည်။

သံဃာ့အစည်းအဝေးကြီး ပြီးဆုံးသည့်အခါ ဤမဟာဝိဘာ ရှာကျမ်းကို ကြေးပြားများပေါ်၌ ရေးသားပြီး ရှရိနဂရ်မြို့အနီး ဤကိစ္စအတွက် အသင့်တည်ထားသည့် စေတီတော်တခုအတွင်း၌ ဌာပနာလိုက်ကြ၏။ အစည်းအဝေးကြီး ချောမောစွာ အောင်မြင် ထမြောက်သည်ကို ဝမ်းသာအားရ ရှိလှသဖြင့် ကနစ်ရှကမင်း သည် သံဃာအား ကသ္မီရတိုင်းကိုလှူပြီး မာရာမူလာတောင်ကြား လမ်းဖြင့် နေပြည်တော်သို့ ပြန်သွားလေသည်။ ဤသို့လျှင် ကုရှ္ဒိယ ရာဇဝင်၌ ဒုတိယအသောကမင်းကြီးဟု ထင်ရှားကျော်ဇောသော ကနစ်ရှကမင်းကြီးသည် အနှစ်လေးဆယ်ကာလပတ်လုံး ထီးနန်း စိုးစံပြီးနောက် ၁၆၀ အေဒီတွင် နတ်ရွာစံတော် မူလေ သည်။

## ဟုဝိရှကမင်း

ကနစ်ရှကမင်းအား သားတော် ဟုဝိရှကမင်းက ဆက်ခံ၍ ၁၆၀ အေဒီ၌ပင် နန်းတက်ခဲ့၏။ သူ၏နိုင်ငံထဲတွင် ကာဘူ၊ ကသ္မီရနှင့် မထုရတို့ ပါဝင်ကြ၏၊ သူသည် မထုရ၌ ရဟန်း တော်များ သီတင်းသုံးတော်မူရန် အတွက် အလွန် ကြီးကျယ် ခမ်းနားသော ကျောင်းတိုက်ကြီးကို ဆောက်လုပ်ထားခဲ့၏။ ခမည်းတော် ကနစ်ရှက မင်းကြီးကဲ့သို့ပင် သူသည် သာသနာ တော်ကို အလွန်ကြည်ညိုလေးစားရကား သာသနာကြီးပွားရေး

အတွက် အဖက်ဖက်မှ အားပေး ချီးမြှောက်ပေးသည်။ သူ၏ လက်ထက်တွင် သူ၏နိုင်ငံတော်အတွင်း၌ သာသနာတော်သည် တိုးတက်ပြန့်ပွား စည်ကားသာယာနေလေသည်။

ကသ္မီရပြည်၌ ဟုဝိဇ္ဇကမင်း တည်ထားခဲ့သည့် ဟုရှကပူရမြို့သည် ဗာရာမူလာ တောင်ကြားအတွင်း၌ အလွန် အရေးပါ အရာရောက်သည့် မြို့ဖြစ်ပေသည်။ ထိုမြို့သည် ယင်းတောင်ကြား၏ အနောက်ဖက် တံခါးဝအဖြစ်ဖြင့် ရာစုနှစ်ပေါင်းများစွာ ထင်ရှားခဲ့၏။ ၆၃၁ အေဒီလောက်တွင် တရုတ်ဘုရားဖူးရဟန်းတော် ဟူအင်ဆင်သည် ဟုရှကပူရ ကျောင်းတိုက်သို့ရောက်ရှိ၍ ထိုကျောင်းတိုက်၌ ရက်အတန်ကြာအောင် သီတင်းသုံးပြီးနောက် ဟုရှကပူရမြို့သို့ ဆက်လက်ကြွသွားတော်မူ၏၊ ထိုမြို့၌ သူသည် ရဟန်းတော် ငါးထောင်ခန့် သီတင်းသုံးနေထိုင်သည့် ကျောင်းပေါင်းများစွာကို တွေ့ရှိခဲ့ရသည်။ ထိုဟုရှကပူရမြို့သည် ယခုအခါ အုရှကူရ်မည်သော ရွာသိမ်ရွာငယ်ကလေးသာ ဖြစ်၏။ ထိုရွာကလေး၌ ရှေးစေတီဟောင်းတဆူကို ယခုတိုင် ဖူးမြင်နိုင်ပါသေးသည်။ ဤသို့လျှင် သာသနာတော်ကို အလွန်ကြည်ညိုလေးစားသော ဟုဝိဇ္ဇကမင်းသည် ၂၂ နှစ်မျှ ထီးနန်းစိုးစံတော်မူပြီး ၁၈၂ အေဒီတွင် နတ်ရွာစံတော်မူလေသည်။

## ဝါသုဒေဝ မင်း

ဟုဝိဇ္ဇက မင်းအား ဆက်ခံ၍ ၁၈၂ အေဒီ၌ပင် ဝါသုဒေဝမင်း နန်းတက်လေသည်။ ဤမင်းသည် ၂၂၀ အေဒီတိုင်အောင် ၃၈ နှစ်မျှ ထီးနန်းစိုးစံရ၏။ သူ၏ လက်ထက်၌ ကုရှန်နိုင်ငံ

သည် တရွေ့ရွေ့ ယိုယွင်းပျက်စီးလာသဖြင့် သူသည် ကုရှန်မင်းဆက်၏ နောက်ဆုံးမင်း ဖြစ်ရလေတော့သည်။ ဣန္ဒိယ မြောက်ပိုင်းတွင် ကုရှန်မင်းဆက်နှင့် ဒက္ခိဏာ ကုန်းပြင်မြင့်တွင် အန္ဓရမင်းဆက်တို့သည် ၂၂၆ အေဒီလောက်တွင် အတူတကွ တိမ်မြုပ်ကွယ်ပျောက် သွားကြလေကုန်သည်။

ဝါသုဒေဝမင်း ကွယ်လွန်ပြီးနောက် ဣန္ဒိယ မြောက်ပိုင်းရှိ နိုင်ငံအားလုံးကို အုပ်စိုးလွှမ်းနိုင်သည့် တန်ခိုးအာဏာ ကြီးစားထက်မြက်သောမင်း မရှိတော့သဖြင့် ကိုယ့်မင်းကိုယ့်ချင်းနယ်ပယ် အမြောက်အမြား ပေါ်ပေါက်လာကြ၏။ ကုရှန် အနွယ် ဖြစ်သော မင်းများသည် ပန်ဂျပ်နယ်နှင့် ကာဘူနယ်ကို နှစ်ကာလရှည်ကြာစွာ အုပ်စိုးထားနိုင်ကြ၏။ သူတို့သည် ကာဘူနယ်ကိုမူ ငါးရာစုနှစ်တွင် ဟန်းလူမျိုးများ ဝင်ရောက် တိုက်ခိုက်သည့်တိုင်အောင် ဆက်လက်သိမ်းပိုက်ထားနိုင်ကြ သေးသည်။

သုံးရာစုနှင့် လေးရာစု အစပိုင်း နှစ်များအတွင်းတွင် ဣန္ဒိယ မြောက်ပိုင်း၌ ပန်ဂျပ်နယ်မှတပါး အခြားသော နယ်များကို အုပ်စိုးကြသည့် မင်းဆက်များကို အတိအကျ မသိရှိရပေ။ ပါဋ္ဌလိပုတ်မြို့သည် အရေးပါသော ဌာနအဖြစ်ဖြင့် ငါးရာစု နှစ်တိုင်အောင် ထင်ရှားနေသေး၏။ သို့ရာတွင် သုံးရာစု နှစ်အတွင်းတွင် ထိုမြို့၌ မည်သည့်မင်းဆက်များ အုပ်စိုးနေသည်ကိုကား မသိရချေ။ ကုရှန်မင်းဆက်နှင့် အန္ဓရမင်းဆက်တို့ ဇာတ်သိမ်းသွားကြသည့် ၂၂၆ အေဒီခန့်နှင့် ဂုပတမင်းဆက် ပေါ်

ပေါက်လာသည့်အကြား အနှစ်တရာခန့် ကာလသည် ဇာနီ္ဒယ ရာဇဝင်၌ ဘာမျှမသိမမြင်ရအောင် မှောင်အတိကျနေသည့် အခါ သမယ ဖြစ်ခဲ့လေသည်။

## ဂုပတ (ဂုတ္တ)မင်းဆက်

၃၀၀ အေဒီခန့်က ပါဋလိပုတ်ပြည်၏အနီး ပြည်နယ်တခုမှ ချန္ဒြဂုပတ မည်သော မင်းတဦးသည် မြတ်စွာဘုရား လက်ထက်တော်က ထင်ရှားခဲ့သည့် လိစ္ဆဝီ မင်းမျိုးမင်းနွယ် ဖြစ်သော ကုမာရဒေဝီမည်သော မင်းသမီးနှင့် လက်ထပ် ထိမ်းမြားခဲ့၏။ ထိုအချိန်၌ လိစ္ဆဝီမင်းတို့သည် ပါဋလိပုတ်ပြည်ကို အုပ်စိုးနေကြသဖြင့် ချန္ဒြဂုပတသည် ထိုလိစ္ဆဝီမင်းတို့နှင့် ဆွေမျိုးတော်စပ်ကာ တန်ခိုးအရှိန်အဝါ တိုးတက်လာလေသည်။ ရှေးအခါက ဝေသာလီပြည့်ရှင် လိစ္ဆဝီမင်း တို့သည် ပဋလိပုတ် ပြည့်ရှင် ဘုရင်မင်းတို့နှင့် ပြိုင်ဘက်ဖြစ်ခဲ့ကြကုန်၏။ ပုသျမိတြမင်းအား ဆက်ခံစိုးစံသော မင်းများလက်ထက်တွင် လိစ္ဆဝီမင်း တို့သည် ပါဋလိပုတ်ပြည်ကို တိုက်ခိုက် သိမ်းယူလိုက်ကြကုန်သည်။

## ပထမ ချန္ဒြဂုပတ (စန္ဒဂုတ္တ) မင်း

ချန္ဒြဂုပတသည် ကုမာရဒေဝီနှင့် လက်ဆက်ရခြင်းဖြင့် လိစ္ဆဝီ မင်းများနှင့် ရင်းနှီးဆက်သွယ်ကာ ပြည်နယ်၏ မင်းငယ်အဖြစ်မှ မင်းကြီးအဖြစ်သို့ အဆင့်အတန်း မြင့်မားသွားလေ၏။ ချန္ဒြဂုပတ သည် ၃၂၀ အေဒီတွင် နန်းတက်သောအခါ သူ၏ နိုင်ငံတော် သည် ဂင်္ဂါမြစ်နှင့် ယမုနာမြစ်တို့ဆုံရာ ယခုခေတ် အေလာဟ ဗတ်မြို့ တိုင်အောင် ဂင်္ဂါမြစ်ဝှမ်းတလျှောက် ကျယ်ပြန့် နေ၏။

သူ၏ တိုတောင်းသောနန်းသက် ၁၀ နှစ်အတွင်း သူ၏နိုင်ငံတော်သည် တိရဟုတ်၊ ဗိဟာရ်တောင်ပိုင်းနှင့် အုဒ်တိုင်အောင် ကျယ်ပြန့်သွားလေ၏။ ချန္ဒြရဂုပတ မင်းသည် လိစ္ဆဝီ မင်းသမီးနှင့် မွေးဖွားသည့် သားတော် ဆမုဒြဂုပတအား ထီးနန်းဆက်ခံမည့် အိမ်ရှေ့မင်းအဖြစ်ခန့်အပ်ပြီး ၃၃၀ အေဒီတွင် ကွယ်လွန်သွားလေသည်။

## သမုဒြဂုပတ (သမုဒ္ဒဂုတ္တ) မင်း

ပထမချန္ဒြဂုပတ မင်း၏ သားတော် သမုဒြ ဂုပတသည်။ ၃၃၀ အေဒီတွင် နန်းတက်၏။ သူသည် စစ်တိုက်ရန် အလွန်ဆန္ဒပြင်းထန်လှ၏။ ဣန္ဒိယရာဇဝင်၌ ထင်ရှားကျော်ကြားသောစစ်သူကြီးများထဲတွင် သူသည် တဦးအပါအဝင်ဖြစ်၏။ ထို့ပြင် ရှည်လျားသော နန်းသက်တလျှောက်လုံး သူသည် စစ်တိုက်ခိုက်နေရသည်ကသာ များသဖြင့် သူ့အား ဣန္ဒိယ နပိုလီယန်ဟု ခေါ်ဆိုထိုက်ပေသည်။ သူသည် ရှေးဦးစွာ ယခုအခါ ဟိန္ဒူစတန်ခေါ်သည့် ဂင်္ဂါမြစ်လွင်ပြင်ရှိ နိုင်ငံများကို တိုက်ခိုက်သိမ်းယူလိုက်၏။ ဤကဲ့သို့ ဣန္ဒိယ မြောက်ပိုင်းရှိ နိုင်ငံများကို မိမိနိုင်ငံတော်တွင်းသို့ သွတ်သွင်းပြီးနောက် သူသည် ဣန္ဒိယတောင်ပိုင်းသို့ ချီတက်သွား၏။ ရှေးဦးစွာ မဟာနဒီမြစ်ဝှမ်းရှိ တောင်ဖက် ကောသလနိုင်ငံကို တိုက်ခိုက်၏။ ထို့နောက် အော်ရစ်ဆာနှင့် ဣန္ဒိယအလယ်ပိုင်းရှိ အောက်ကျ နောက်ကျ နယ်ပယ်များကို ဆက်လက်တိုက်ခိုက် နှိမ်နင်းသွားလေသည်။

ဆမုဒြဂုပတ မင်းသည် ပင်လယ် ကမ်းရိုးတန်း လမ်းဖြင့် တောင်ဖက်သို့ ချီတက်၍ ကာလိင်္ဂမြို့တော်ဟောင်း ပိရှဘပူရမြို့၊ ဂေါဒါဝရီ နယ်အတွင်းရှိ ပိဘပူရမ်မြို့၊ မဟင်ဒရာဂိရိ မြို့၊ ကောတ္တူရမြို့၊ ကော်လာရူရေကန်၏ ကမ်းပါးတလျှောက်ရှိနယ်၊ ကရစ်ရှနနှင့် ဂေါဒါဝရီ မြစ်နှစ်ခုအကြားရှိ ဝင်္ဂိနယ်နှင့် ကွန်ဂျီ ဗာရမ်မြို့နယ်တို့ကို တိုက်ခိုက်နှိမ်နင်းသွားလေ၏။ ထိုနောက်သူ သည်အနောက်ဖက်သို့ စစ်ဦးလှည့်ကာ ပါလက္ကနယ်ကို တိုက်ခိုက် သွား၏။ ဒက္ခိဏကုန်းပြင်မြင့်၏ အနောက်ဖက်ပိုင်းကို ဖြတ်သန်း ကာမိမိ၏ တိုင်းတော် ပြည်တော်သို့ပြန်စဉ် သူသည် လမ်းခရီး၌ မာရတ္တပြည်နှင့် ခန္ဒေရှပြည်တို့ကို တိုက်ခိုက်အောင်မြင်သွားလေ သည်။

ဤကဲ့သို့ ဤန္ဒိယတောင်ပိုင်းရှိ နိုင်ငံများကို သွားရောက်တိုက် ခိုက်ရာတွင် သူ၏ စစ်ချီတက်ရာ လမ်းကြောင်းသည် မိုင်သုံး ထောင်လောက်ရှိ၏။ ၃၄၇ အေဒီခန့်က စတင်ချီတက် တိုက်ခိုက် သွားရာ ၃၅၀ အေဒီခန့်မှပင် နေပြည်တော်သို့ ပြန်လည်ရောက် ရှိရကား သူ၏ စစ်တိုက်နေသည့် အချိန်သည် ၂ နှစ်လောက် ကြာရှိလေသည်။ ထိုအခါက တိုက်ခိုက်အောင်မြင်သည့် နယ်ပယ် များကို လုံးဝသိမ်းယူခြင်း မပြုဘဲ လက်အောက်ခံ အဖြစ်သာ ထားရှိခဲ့ပေသည်။

ဆမုဒြဂုပဘမင်း တိုက်ရိုက်အုပ်ချုပ်သော နိုင်ငံသည် လူဦး ရေ များပြား၍ မြေဩဇာကောင်းမွန်သည့် ဤန္ဒိယမြောက်ပိုင်း နယ်များပင် ဖြစ်သည်။ ထိုနယ်များသည် အရှေ့ဖက်

ဗြဟ္မပုတြမြစ်မှ အနောက်ဖက် ယမုနာမြစ်နှင့် ချမ်ဘာလ်မြစ်တိုင်အောင်၊ မြောက်ဘက် ဟိမဝန္တာတောင်ခြေမှ တောင်ဖက် နမ္မဒါမြစ်တိုင်အောင် ကျယ်ပြန့်ကြသည်။

၃၆၀ အေဒီလောက်တွင် သမုဒြဂုပတမင်းနှင့် သီဟိုဠ်ကျွန်း၏ ဘုရင် သီရိမေဃဝဏ္ဏမင်းတို့ ဆက်သွယ်မိကြ၏။ သီရိမေဃဝဏ္ဏ မင်းသည် သီဟိုဠ်ထီးနန်းကို ၃၅၂ မှ ၃၇၉ အေဒီတိုင်အောင် ၂၇ နှစ်ခန့် အုပ်စိုးရ၏။ သူသည် ဗုဒ္ဓဂယာ၌ မြတ်စွာဘုရား ပွင့်တော်မူရာ ဗောဓိပင်ကို ဖူးမြော် ကန်တော့ရန်နှင့် ဗောဓိပင်၏ အရှေ့ဘက်တွင် အသောကမင်းကြီး ဆောက်လုပ်လှူဒါန်းထားခဲ့သော ကျောင်းတိုက်ကိုကြည့်ရှုရန် ရဟန်းတော်နှစ်ပါးကို စေလွှတ်လိုက်၏။ ထိုရဟန်းတော်နှစ်ပါးသည် ဗုဒ္ဓဂယာ၌ တည်းခိုရန် ကျောင်းမရှိသဖြင့် ဆင်းရဲငြိုငြင်စွာ နေထိုင်ခဲ့ရ၏။ သူတို့သည် သီဟိုဠ်ကျွန်းသို့ ပြန်ရောက်သောအခါ မေဃဝဏ္ဏမင်းအား သူတို့ဣန္ဒြိယပြည်မှာ ချမ်းသာစွာမနေခဲ့ကြရကြောင်းကို ပြန်ပြောင်းပြောဆိုကြသည်။

မေဃဝဏ္ဏမင်းသည် သီဟိုဠ်ကျွန်းသား ရဟန်းတော်များ ဗုဒ္ဓဂယာသို့ ဘုရားဖူး ကြွရောက်သည့်အခါ ချမ်းသားစွာ တည်းခိုနေထိုင်ရန် ကျောင်းတကျောင်း ရှိသင့်သည်ဟု ကြံစည်စိတ်ကူးမိ၏။ ထို့ကြောင့်သူသည် သီဟိုဠ်ကျွန်းထွက် ကျောက်မြက်ရတနာများနှင့် တကွ အခြားအဖိုးတန် လက်ဆောင်ပဏ္ဏာများကို ယူဆောင်သွားသည့် သံတမန်အဖွဲ့ကို ဆမုဒြဂုပတမင်းထံ စေလွှတ်၍ ဗုဒ္ဓဂယာ၌ ကျောင်းဆောက်ခွင့်ပြုရန် မေတ္တာရပ်ခံလိုက်သည်။ မေတ္တာရပ်ခံလိုက်သည့်အတိုင်း အခွင့်ရသဖြင့်

မေဃဝဏ္ဏမင်းသည် ဗောဓိပင်၏ မြောက်ဖက်တွင် အလွန် ခမ်းနား သိုက်မြိုက်သော ကျောင်းကို ဆောက်လုပ်စေ၏။ ယင်းကျောင်းကို အထပ်သုံးထပ်၊ အခန်းမကြီး ခြောက်ခန်း၊ ပြသာဒ်သုံးဆောင်တို့ဖြင့် စီမံဆောက်လုပ်ထားပြီး ပေ ၃၀ လောက် မြင့်သော အုတ်တံတိုင်းဖြင့် ကာရံထားသည်။ ခုနစ်ရာစုနှစ်အတွင်း တရုတ်ဘုရားဖူး ရဟန်းတော် အရှင်ဟူအင်ဆင် ကြွရောက်လာသောအခါ ထိုကျောင်း၌ ရဟန်းတော်တထောင်ခန့် နေထိုင်သီတင်းသုံးကြသည်ကို တွေ့မြင်သွားလေသည်။

ဆမုဒြဂုပတမင်းသည် လက်ရုံးရည် နှလုံးရည် နှစ်ပါးလုံးနှင့် ပြည့်စုံ၏။ သူသည် စစ်ရေးစစ်ရာ၌ သာမက တူရိယာ တီးမှုတ်ရာ၌လည်းကောင်း ကဗျာသီကုံးနှုံးဖွဲ့ရာ၌ လည်းကောင်း ကျွမ်းကျင်လိမ္မာလှ၏။ သူသည် ငယ်ရွယ်စဉ်အခါက ကျမ်းပြုဆရာ အရှင် ဝါသုဗန္ဓုအား ဆည်းကပ်ခဲ့ရသဖြင့် ပညာရှိများနှင့် ပေါင်းသင်းဆက်ဆံရေးနှင့် စာပေကျမ်းဂန် ကြည့်ရှုလေ့လာရေး၌ အလေ့အကျင့်ရနေပေ၏။ သူသည် ဟိန္ဒူဘာသာဝင်ဖြစ်သော်လည်း ဗုဒ္ဓဘာသာကို မနှိမ့်ချဘဲ အထိုက်အလျောက် အားပေးကူညီ၏။ ဆမုဒြဂုပတမင်းသည် သူ၏ မိဖုရား ဒတ္တာဒေဝီမှ မွေးဖွားသည့် သားတော်အား အိမ်ရှေ့မင်းအရာလွှဲအပ်ပြီး ၃၈၀ အေဒီလောက်တွင် ကွယ်လွန်သွားလေသည်။

## ဒုတိယချန္ဒြဂုပတ (စန္ဒဂုတ္တ) မင်း

ဒုတိယချန္ဒြဂုပတမင်းသည် ခမည်းတော် ဆမုဒြဂုပတအား ဆက်ခံ၍ ၃၈၀ အေဒီခန့်တွင်ပင် နန်းတက်လေ၏။ သူသည်

အဘိုး၏ အမည်ဖြစ်သော ချန္ဒြဂုပတဟူသော အမည်ကို ဆက်ခံရုံသာမက ဝိကရမာဒိတျဟူသောဘွဲ့ကိုလည်း ခံယူလိုက်သေး၏။ သူသည် ခမည်းတော်ကဲ့သို့ ဣန္ဒိယတောင်ပိုင်းသို့ ချီတက်တိုက်ခိုက်ခြင်းမပြုတော့ဘဲ အနောက်တောင်ဘက်သို့ ချီတက်သိမ်းယူ၏။ သူသည် ၃၈၈ နှင့် ၄၀၁ အေဒီအတွင်း မာလဝါ ဂုဂျရတ်နှင့် ကာထိအာဝါး ကျွန်းဆွယ်တို့ကို တိုက်ခိုက်သိမ်းပိုက်လိုက်၏။ ဤနယ်များကို သိမ်းပိုက်လိုက်ခြင်းဖြင့် သူ၏နိုင်ငံတော်သည် အနောက်နိုင်ငံများနှင့် ပင်လယ်ခရီးဖြင့် တိုက်ရိုက်ဆက်သွယ်မိကာ ကူးသန်းရောင်းဝယ်ရေး၌ ဖွံ့ဖြိုးတိုးတက်ပြီး ကြွယ်ဝချမ်းသာလာလေသည်။ ချန္ဒြဂုပတ ဝိကရမာဒိတျမင်းသည် ဣန္ဒိယအနောက်ပိုင်းရှိ နယ်ပယ်အမြောက်အမြားကိုလည်း သိမ်းယူကာ နိုင်ငံတော်ကို ထပ်မံချဲ့ထွင်လိုက်လေသည်။

ချန္ဒြဂုပတ ဝိကရမာဒိတျမင်းသည် ဗိရှနုကို ကိုးကွယ်သည့် ဟိန္ဒူဘာသာဝင် ဖြစ်သော်လည်း ဗုဒ္ဓဘာသာနှင့် ဂျိန်းဘာသာတို့ကို နှိမ့်ချခြင်း မပြုလုပ်ပေ။ သူသည် ၃၈၀ မှ ၄၁၃ အေဒီတိုင်အောင် ၃၃ နှစ်မျှ ထီးနန်းကို အုပ်စိုးရသည်။ သူ၏ခမည်းတော် ဆမုဒြဂုပတသည် ပါဋလိပုတ်မှ အဂျိဒျ (အယုဒ္ဓယ)သို့ ပြောင်းရွှေ့ကာ ထီးနန်းစိုက်ထူခဲ့သဖြင့် သူသည်လည်း အဂျိဒျ၌ပင်လျှင် ထီးနန်းကို ဆက်ခံခဲ့ရပေသည်။ ထိုအဂျိဒျသည် ယခုခေတ် အုဒ်နယ်တောင်ပိုင်းရှိ ဖိဇဗတ်မြို့ပင် ဖြစ်ပေသည်။

ချန္ဒြဂုပတ ဝိကရမာဒိတျမင်း လက်ထက်၌ တရုတ်ဘုရားဖူးရဟန်းတော် အရှင်ဖာဟီယန်သည် ပိဋကတ် ကျမ်းစာများကို ရှာဖွေရန်နှင့် ဘုရားဖူးရန် ဣန္ဒိယပြည်သို့ ကြွလာ၏။ အရှင်

ဖာဟီယန်သည် ချန္ဒြဂုပတ ဝိကရမာဒိတျမင်း၏ နိုင်ငံတော် အတွင်း၌ အေဒီ ၄၀၅ မှ ၄၁၁ တိုင်အောင် ခြောက်နှစ်ကာလ ပတ်လုံး နေထိုင်ပြီး စုံစမ်းတွေ့ရှိခဲ့ရသမျှ အကြောင်းအရာများကို မှတ်တမ်း ရေးသားထားခဲ့၏။ ထိုမှတ်တမ်းထဲတွင် ဝိကရမာ ဒိတျမင်း၏ နိုင်ငံတော်ကြီး စည်ပင်ဝပြောပုံနှင့် တိုင်းသူပြည် သားများ အေးချမ်းသာယာစွာ နေထိုင်ကြရပုံများကို ရေးသား ဖော်ပြထားပေသည်။ ထိုမှတ်တမ်းကို ရေးသားထားခဲ့သည့် ရဟန်းတော် ဖာဟီယန်၏။ ခရီးစဉ်နှင့် မှတ်တမ်းအကျဉ်းချုပ်မှာ အောက်ပါအတိုင်း ဖြစ်ပေသည်။

## ရဟန်းတော် အရှင်ဖာဟီယန်၏ ခရီးစဉ်နှင့် မှတ်တမ်း

တရုတ်ပြည် ချအံဂန်မြို့၌ဖာ ဟီယန်မည်သော ရဟန်းတော် တပါး ရှိခဲ့၏။ ထိုအရှင်မြတ်သည် ဣန္ဒိယပြည်သို့သွား၍ ဝိနည်း ပိဋကတ်တော်ကို ရှာဖွေရန် ဟွိချင်၊ တိုချင်၊ ဟွိယင်၊ ဟွိဝေ၊ အမည် ရှိသော ပုဂ္ဂိုလ်များနှင့် အတူတကွ ၃၉၉ အေဒီတွင် ချအံဂန် မြို့မှ ထွက်ခွာလာခဲ့၏။ သူတို့သည် လန်းနယ်ကို ဖြတ်သန်း၍ ကအင်ကွီပြည်သို့ ရောက်ကြ၏။ ထို့နောက်သူတို့သည် နော်တအန် မြို့သို့သွား၍ ယန်ဂလိုတောင်တန်းကို ဖြတ်သန်းပြီး ချန်ယီမြို့သို့ ရောက်ကြလေသည်။

ထိုမြို့၌သူတို့သည် ချီယင်၊ ဟွိရှင်၊ ဆင်ရှူ၊ ပိုယွန်၊ ဆင်ချင် အမည်ရှိသော ပုဂ္ဂိုလ်များနှင့် တွေ့ဆုံကြ၍ ဆက်လက်ပြီး တန်ဟွန်မြို့သို့ သွားကြ၏။ ထိုမြို့၌ ဖာဟီယန်အမှူးရှိသော ပုဂ္ဂိုလ်

ငါးဦးတို့သည် ပိုယွန်အမူးရှိသော ပုဂ္ဂိုလ်ငါးဦးတို့နှင့် ခွဲခွာကြ၍ ရှေ့သို့ ဆက်လက် ခရီးထွက်ကြပြန် လေသည်။ သူတို့သည် လီပေါင်း (၁၅၀၀) မိုင်ပေါင်း (၅၀၀) ခန့်လောက်ရှိသော အလွန်ပြင်းထန်စွာ တိုက်ခပ်သော လေပူတို့ဖြင့် ပြည့်နှက်ဖုံးလွှမ်း နေသည့် ဂိုဘီသဲကန္တာရကြီးကို တဆယ့်ခုနစ်ရက်ခန့်မျှ ကျော် ဖြတ်ကြပြီး ရှင်ရှင်ပြည်သို့ ရောက်ကြလေသည်။ ထိုပြည်၌ ဟီနယာနဂိုဏ်းဝင် ရဟန်းတော် လေးထောင်ကျော်မျှ သီတင်း သုံးနေထိုင်ကြလေသည်။

သူတို့သည် ထိုမြို့မှ အနောက်မြောက်ဖက်သို့ တဆယ့်ငါးရက်မျှ ဆက်လက်သွားကြ၍ ဟီနယာနဂိုဏ်းဝင် ရဟန်းတော် လေး ထောင်ကျော်ရှိသော ဝူအီပြည်သို့ ရောက်ကြ၏။ သူတို့သည် ထိုပြည် ၌ ပိုယွန်အမူးရှိသော ပုဂ္ဂိုလ်ငါးဦးတို့နှင့် တဖန်တွေ့ဆုံကြပြန်၏။ ထိုခရီးသွားရဟန်းတော် ဆယ်ပါးအနက် အရှင်ဖာဟီယန်အဖွဲ့မှ ဟွိဝေ့၊ အရှင်ပိုယွန်အဖွဲ့မှ ချီယင်နှင့် ဟွိရှင် ပေါင်း ရဟန်းတော် သုံးပါးတို့သည် ကာအိုချအန်ဘက်သို့ ပြန်သွားကြသည်။ ရဟန်း တော် ဖာဟီယန်နှင့်တကွ ကျန်သောပုဂ္ဂိုလ်အားလုံး ခုနစ်ဦး တို့သည် အနောက်တောင်ဘက်သို့ ခရီးဆက်ကြသည်။ သူတို့သည် တဆယ့်ငါးရက်မျှ ဆင်းရဲပင်ပန်းစွာ သွားကြပြီး ခိုတန်ပြည်သို့ ရောက်ကြလေသည်။

ခိုတန်သည် ကြီးမားစည်ကားသည့် ဗုဒ္ဓဘာသာ တိုင်းပြည် ဖြစ်၏။ ထိုတိုင်းပြည်၌ သောင်းပေါင်းများစွာသော မဟာယာန ဂိုဏ်းသား ရဟန်းတော်များ ရှိကြကုန်၏။ ဖာဟီယန်အစရှိသော အာဂန္တုက ရဟန်းတော်တို့သည် ဂိုမတီကျောင်းတိုက်၌ တည်းခို

ကြ၏။ ထိုကျောင်းတိုက်၌ ရဟန်းတော် သုံးထောင်ကျော် ရှိကြ၏။ ရဟန်းတော် ဖာဟီယန်အဖွဲ့မှ ဝီချင်၊ တိုချင်နှင့် အခြား မှ ဝီတာတို့သည် ကီချာပြည်ဘက်သို့ ထွက်ခွာသွားကြကုန်၏။ ထို့နောက် ပိုယွန်အဖွဲ့မှ ဆင်ရှုသည် ကိုဖိနယ်ဘက်သို့ ထွက်ခွာ သွားလေသည်။

ရဟန်းတော် ဖာဟီယန်နှင့် ကျန်ပုဂ္ဂိုလ်သုံးဦး ပေါင်းလေးဦး တို့သည် ရှေ့သို့ဆက်တက်၍ နှစ်ဆယ့်ငါးရက်မျှ သွား၍ ဇိဟို ပြည်သို့ ရောက်ကြ၏။ ထိုပြည်၌ ဟီနယာနဂိုဏ်းဝင် ရဟန်း တော် တထောင်ကျော်မျှ ရှိ၏။ သူတို့သည် လေးရက်ခန့် အနောက်တောင်ဘက်သို့ သွားကြပြီး ဆန်လင်းတောင်တန်းကို ကျော်ဖြတ်ကာ ယူဝီပြည်သို့ ရောက်ကြကုန်သည်။ ထိုပြည်မှ နှစ်ဆယ့်ငါးရက်မျှ ဆက်သက်သွားကြရာ ကီချာပြည်သို့ ရောက် ၍ ဝီချင်၏အဖွဲ့နှင့် တွေ့ဆုံကြပြန်လေသည်။ ထိုပြည်၌ ဟီနယာန ဂိုဏ်း ရဟန်းတော် တထောင်ကျော်မျှ ရှိကြသည်။

ဖာဟီယန်အမှူးရှိသော ရဟန်းတော်တို့သည် ကီချာပြည်မှ အနောက်ဖက်သို့ အန်းနီးယန်းတောင်တန်းကို ဖြတ်ကျော်လျက် တလခန့် သွားကြသောအခါ ဣန္ဒိယပြည်မြောက်ပိုင်းသို့ ရောက် ကြသည်။ ဣန္ဒိယပြည်မြောက်ပိုင်းနှင့် ကပ်နေသည့် နယ်စပ်၌ တိုလီမည်သော ပြည်ငယ်တခုရှိ၏။ ထိုပြည်၌ ဟီနယာနဂိုဏ်း ရဟန်းတော် များစွာရှိကြသည်။ ခရီးသည် ရဟန်းတော်တို့သည် အနောက်တောင်ဖက်သို့ တဆယ့်ငါးရက်ခန့် ဆက်လက်သွား ကြသည်။ ရှေးဦးစွာ အလွန်မြင့်သော တောင်ထိပ်သို့ ရောက် ကြ၏။ ထိုတောင်အောက်၌ အင်ဒပ်စ်ခေါ်သော မြစ်ရှိ၏။

ခြေလှမ်းပေါင်း ရှစ်ဆယ်ကျယ်သော ထိုအင်ဒပ်စ်မြစ်ကို ကူး
တန်တားဖြင့် ကူးပြီးနောက် ဇလန္ဒိယပြည်မြောက်ပိုင်း ဥဒယာန
ပြည်သို့ ရောက်ကြသည်။ ထိုပြည်၌ ဟီနယာနဂိုဏ်းဝင်
ကျောင်းပေါင်းငါးရာမျှ ရှိကြ၏။ ဟိုချင်၊ တိုချင်နှင့် ဟိုတာတို့
သည် နာဂရ တိုင်းပြည်ဖက်သို့ ထွက်ခွာသွားကြလေသည်။

ဖာဟီယန် အမှူးရှိသော ရဟန်းတော်တို့သည်ကား ဥဒယာန
ပြည်၏ တောင်ဖက်သို့ ဆက်လက်၍သွားကြရာ ဆူဟိုတိုပြည်သို့
ရောက်ကြကုန်၏။ ထိုပြည်၌လည်း မြတ်စွာဘုရား၏ သာသနာ
တော်သည် ထွန်းလင်းတောက်ပနေသည်။ သူတို့သည် ထိုပြည်မှ
အရှေ့ဘက်သို့ ငါးရက်မျှ ဆက်လက်သွားကြ၍ အသောက
မင်းကြီး၏ သားတော် ဓမ္မဝိဝဒ္ဒနမင်း အုပ်စိုးဘူးသည့်
ဂန္ဓာရတိုင်းပြည်သို့ ရောက်ကြလေသည်။ ထိုတိုင်းပြည်ရှိ လူ
အများတို့သည် ဟီနယာနဂိုဏ်း ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြ
သည်။

ခရီးသည် ရဟန်းတော်တို့သည် ထိုဂန္ဓာရတိုင်းပြည်မှ အရှေ့
ဘက်သို့ ခုနစ်ရက်မျှ သွားသောအခါ တက္ကသိုလ်ပြည်သို့ ရောက်
ကြ၏။ တဖန် အရှေ့ဘက်သို့ နှစ်ရက်သွားကြရာ မြတ်စွာဘုရား
သည် အလောင်းတော်ဖြစ်စဉ်က မိမိကိုယ်ကို ကျားငတ်အား
ပေးလှူဘူးသည့် ဌာနသို့ ရောက်ကြကုန်၏။ သူတို့သည် ဂန္ဓာရ
တိုင်းပြည်မှ တောင်ဘက်သို့ ခုနစ်ရက်မျှ သွားကြရာ ပက်ရှဝါ
ပြည်သို့ ရောက်ကြသည်။ ထိုပြည်၌ မြတ်စွာဘုရား၏ သပိတ်တော်
ရှိ၏။ မြတ်စွာဘုရားသည် သပိတ်လေးလုံးတို့ကို တလုံးတည်း
ဖြစ်အောင် ပေါင်းစပ်ထားတော် မူသောကြောင့် ထိုသပိတ်၌

အနားလေးရစ်တို့ ရှိကြ၏။ ထိုသပိတ်တော်သည် အထူအားဖြင့် တလက်မ၏ ငါးပုံတပုံဖြစ်ကာ တောက်ပြောင် ချောမွေ့သော အရောင်ရှိလေသည်။ ပိုယွန်နှင့် ဆင်ချင်တို့သည် သပိတ်တော်ကို ပူဇော်ပြီးနောက် တရုတ်ပြည်သို့ ပြန်သွားကြသည်။ ဝိုယင်သည် သပိတ်တော်ရှိရာ ကျောင်း၌ပင်လျှင် ပျံလွန်တော် မူရကား အရှင်ဖာဟီယန် တပါးတည်းသာ ကျန်ရစ်လေတော့သည်။

အရှင်ဖာဟီယန်သည် အနောက်ဖက်သို့ တဆယ့်ခြောက် ယူဇနာ သွားသောအခါ နာဂရပြည်၏ နယ်စပ်သို့ ရောက်၏။ ထိုနယ်စပ်ရှိ ဟီလိုမြို့၌ မြတ်စွာဘုရား၏ ဦးခေါင်းခွန်တော် တည်ရှိသည်။ အရှင်ဖာဟီယန်သည် ထိုမြို့မှ မြောက်ဖက်သို့ တယူဇနာလောက် သွားရာ နာဂရတိုင်းပြည်၏ မြို့တော်သို့ ရောက်၏။ ထိုမြို့တော်မှ အရှေ့မြောက်ဖက်သို့ ဆက်လက်သွား ပြန်ရာ တယူဇနာလောက် ကွာဝေးသောနေရာ၌ တောင်ကြား၏ အဝသို့ရောက်၏။ အရှင်ဖာဟီယန်သည် ထိုတောင်ကြားလမ်းဖြင့် အနောက်ဖက်သို့ သွားသောအခါ မြတ်စွာဘုရား၏ ဒုကုဋ်သင်္ကန်း ကြီး တည်ရှိရာဌာနသို့ ရောက်၏။ နာဂရပြည် မြို့တော်၏ တောင်ဘက် ယူဇနာဝက်တွင် တည်ရှိသော တောင်ကြီး၏ အနောက်တောင် မျက်နှာပြင်၌ ကျောက်ဂူကြီး တခုရှိ၏ ထို ကျောက်ဂူကြီး အတွင်းတွင် မြတ်စွာဘုရား၏ အရိပ်တော်တခု ရှိသည်။ ထိုအရိပ်တော်မှ အနောက်ဖက် ခြေလှမ်းတရာကျော် အကွာ၌ အတောင် ရှစ်ဆယ်လောက် မြင့်သည့် စေတီတော် တဆူရှိ၏။ ထိုစေတီတော်အနီးတွင် ရဟန်းတော် ခုနစ်ရာကျော် သီတင်းသုံးတော်မူသော ကျောင်းတိုက်ကြီးရှိသည်။

အရှင်ဖာဟီယန်နှင့် ဝိုချင်၊ တိုချင်တို့သည် ထပ်မံတွေ့ဆုံကြပြီး ဆီးနှင်းထူထပ်သောတောင်ကို ဖြတ်ကျော်လျက် တောင်ဘက်သို့ သွားကြ၏။ ထိုတောင်ကိုဖြတ်ကျော်စဉ် ဝိုချင်သည် အအေးမိကာ ပျံလွန်တော်မူရှာလေ၏။ အရှင်ဖာဟီယန်နှင့် တိုချင်တို့သည် ရှေ့သို့ ဆက်လက်သွားကြရာ ထိုတောင်ကို ဖြတ်ကျော်ပြီးနောက် အာဖဂန်နစ္စတန်ပြည်သို့ ရောက်ကြ၏။ ထိုပြည်၌ မဟာယာန ဂိုဏ်းနှင့် ဟီနယာနဂိုဏ်း ရဟန်းတော်များ သုံးထောင်နီးပါး ရှိကြသည်။ သူတို့သည် တောင်ဘက်သို့ ဆယ်ရက်မျှ ဆက်လက် သွားကြရာ ဗန္နုပြည်သို့ရောက်ကြ၏။ ထိုပြည်၌ ဟီနယာနဂိုဏ်း ရဟန်းတော်များ သုံးထောင်ကျော်မျှရှိကြသည်။ ထိုပြည်မှ သုံး ရက်ခန့်သွားကြရာ အင်းဒပ်စ်မြစ်သို့ရောက်ကြ၏။ သူတို့သည် ထိုမြစ်ကို ဖြတ်ကျော်ပြီးနောက် ပန်ဂျပ်ပြည်၏ အစိတ်အပိုင်း ဖြစ်သည့် ဘိဒပြည်သို့ရောက်ကြသည်။ ထိုပြည်၌ မဟာယာနနှင့် ဟီနယာန နှစ်ဂိုဏ်းလုံးပင် အလွန်စည်ပင် ပြန့်ပွားနေကြပေသည်။

အရှင်ဖာဟီယန်နှင့် တိုချင်တို့သည် ဘိဒပြည်မှ အရှေ့တောင် ဘက်သို့ ရဟန်းတော်တသောင်းလောက် သီတင်းသုံးတော်မူကြ သည့် ကျောင်းပေါင်းများစွာတို့ကို ဖြတ်သန်းပြီးနောက် မထုရ ပြည်သို့ရောက်ကြ၏။ သူတို့သည် ရှေ့သို့ဆက်လက်၍ ကမ်းပါး နှစ်ဖက်၌ ရဟန်းတော်သုံးထောင်မျှ သီတင်းသုံးတော်မူကြသည့် ကျောင်းနှစ်ဆယ် တည်ရှိသော ယမုနာမြစ်တလျှောက်ကို သွားကြသည်။

မထုရပြည်၏ တောင်ဘက်၌ မဇ္ဈိမဒေသ ခေါ် အလယ်ပိုင်း တိုင်းပြည်ရှိ၏။ ထိုတိုင်းပြည်သည် ချန္ဒြဂုပတဝိကရမာဒိတျမင်း၏

နိုင်ငံတော်အတွင်း၌ ပါဝင်သည့် မာလဝါပြည်ပင်ဖြစ်၏။ အရှင် ဖာဟီယန်ရေးသားထားခဲ့သည့် ထိုမာလဝါပြည်၏ မှတ်တမ်း များကို ထောက်ဆသောအားဖြင့် ဝိကရမာဒိတျမင်းလက်ထက် တွင် တိုင်းပြည်နှင့် တိုင်းသူပြည်သားတို့၏ အခြေအနေကို မှန်းဆ သိရှိနိုင်ပေသည်။

ထိုမာလဝါပြည်သည် အလွန်အေးသော ဆီးနှင်းများမရှိ၍ အပူအအေးညီမျှ၏။ တိုင်းသူပြည်သားတို့သည် ဝပြောပျော်ရွှင် ကြကုန်၏။ သူတို့သည် ဥပဒေအချုပ်အချယ်မှ ကင်းလွတ်ကြ၍ လွတ်လပ်စွာ သွားလာနေထိုင်ကြရ၏။ ဘုရင်၏မြေကို ထွန်ယက် လုပ်ကိုင် စားသောက်ကြသူတို့သည် သာလျှင် သင့်လျော်ရုံမျှ သော အခွန်တော်များကို ပေးဆက်ကြရသည်။ ရှင်ဘုရင်သည် ခေါင်းဖြတ်ခြင်း သို့မဟုတ် အခြားသော ခန္ဓာနှင့်စပ်သော အပြစ်ဒဏ်ပေးခြင်းများကို မပြုလုပ်ဘဲ တိုင်းပြည်ကိုအုပ်ချုပ်၏။ ကျူးလွန်သောအပြစ် အားလျော်စွာ ရာဇဝတ်သား အား ငွေဒဏ်မျှကိုသာတပ်သည်။ဘုရင်အား ပုန်ကန်သောင်းကျန်းသည့် အလွန်ဆိုးသွမ်းသော သူပုန်များအားပင်လျှင် ညာဘက်လက် ဖြတ်ခြင်း အပြစ်ဒဏ်ကိုမျှသာပေးသည်။ဘုရင်၏ကိုယ်ရံတော်များ နှင့် အခြွေအရံများသည် လခရိက္ခာများကို ရရှိကြသည်။ တိုင်းပြည်တဝှမ်းလုံး၌ တိုင်းသူပြည်သားတို့သည် သူ့အသက်ကို သတ်ခြင်း ပါဏာတိပါတအမှု၊ မူးယစ်စေတတ်သော သေရည် သေရက်ကို သောက်စားခြင်း သုရာမေရယအမှု၊ ကြက်သွန်နီ ကြက်သွန်ဖြူတို့ကို စားသောက်ခြင်း အမှုတို့ကို မပြုလုပ်ကြကုန်။ စဏ္ဍာလများသည်ကား အထက်ပါစည်းကမ်းများကို မလိုက်နာ

ကြကုန်။ စဏ္ဍာလဟူသော အမည်သည် ဆိုးသွမ်းယုတ်မာသူတို့၏ အမည်ဖြစ်၏။ စဏ္ဍာလတို့သည် အခြား လူကောင်းများနှင့် မရောနှော မဆက်ဆံကြရကား သူတို့သည် မြို့တွင်း သို့မဟုတ် ဈေးတွင်းသို့ ဝင်ရောက်ကြသောအခါ သူတို့အား စဏ္ဍာလများဟု သိပြီးသူတို့နှင့် မထိခိုက်မိဘဲ ရှောင်ရှားကြရအောင် သစ်တုံးတခုကို တီးခေါက်ကာ အသံပေးကြကုန်၏။ ထိုတိုင်းပြည်၌ တိုင်းသူပြည်သားတို့သည် ကြက် ဝက်များကို မမွေးမြူကြ။ ကျွဲနွားများကို မရောင်းချကြကုန်။ ဈေးများ အတွင်း၌လည်း သားသတ်သမားများ၏ အသားဆိုင်များနှင့် အရက်ဆိုင်များ မရှိကြကုန်။ ကုန်စည်ကူးသန်းရောင်းဝယ်ရာ၌ ကြေးတွေများကို အသုံးပြုကြသည်။ စဏ္ဍာလများလည်းသာလျှင် တံငါနှင့် မုဆိုးများလုပ်ကြပြီး သားငါး ပုဇွန်များကို ရောင်းချကြသည်။

မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူပြီးသည့်နောက် နိုင်ငံအသီးသီးမှ ဘုရင်များနှင့် သူဌေး သူကြွယ် ကုန်သည်ကြီးတို့သည် ရဟန်းတော်များအတွက် ကျောင်းများဆောက်လုပ်ကြပြီး ထိုကျောင်းများကို လယ်ယာ၊ အိမ်၊ ဥယျာဉ်ခြံများ တည်းဟူသော ဝတ္ထုကံများနှင့်တကွဖက်ကာ လှူဒန်းကြကုန်၏။ ထိုဝတ္ထုကတို့ကို စောင့်ရှောက်စိုက်ပျိုးရန် ကပ္ပိယ ကာရကများနှင့် ကျွဲနွားများကိုလည်း လှူဒန်းကြကုန်၏။ ထိုဝတ္ထုကတို့ကို နောင်အခါ ဘုရင်အဆက်ဆက်တို့ မပယ်ဖျက် မရုပ်သိမ်းဝံ့ဘဲ အရှည်တည်တံ့ခိုင်မာအောင် သတ္တုပြားများပေါ်၌ ရေးထိုးမှတ်သားထားကြကုန်သည်။

ရဟန်းတော်များသည် ကုသိုလ်တရား ဖြစ်ပွားစေသည့် အမှုကိစ္စအဝဝကိုရင်း၊ စာပေ ကျမ်းဂန် သင်အံ့ပို့ချခြင်းကိုရင်း၊ ကမ္မဋ္ဌာန်းထိုင်ခြင်းကိုရင်း အမြဲမပြတ် ကြိုးစားအားထုတ် ပြုလုပ်ဆောင်ရွက်ကြကုန်၏။ အာဂန္တုက ရဟန်းတော်များ ကျောင်းသို့ ရောက်ရှိလာကြသည့်အခါ ကျောင်းနေရဟန်းတို့သည် ခရီးဦးကြိုဆိုမှု၊ သပိတ်သင်္ကန်း လှမ်းယူမှု၊ ခြေဆေးရေပေးမှု၊ ခြေလိမ်းဆီပေးမှု၊ မွန်းလွဲကာလ၌ ခွင့်ပြုတော်မူအပ်သော ဖျော်ရည်ဆက်ကပ်မှုတို့ကို ပြုလုပ်ကြကုန်၏။ အာဂန္တုက ရဟန်းတော်များ အပန်းပြေသည့်အခါ ကျောင်းနေရဟန်းတော်များက ရဟန်းသိက္ခာဝါတို့ကို မေးမြန်းကြကုန်၏။ ထို့နောက် သိက္ခာဝါအားလျော်စွာ အိပ်ရာ နေရာများကို ပေးပြီး ဝိနည်းဒေသနာတော်လာ အာဂန္တုကဝတ်ကို ဖြည့်ကျင့် ပြုလုပ်ကြကုန်သည်။

ရဟန်းတော်တို့၏ ကျောင်းတိုက်အတွင်း၌ ရှင်သာရိပုတ္တရာ၊ ရှင်မဟာမောဂ္ဂလာန်နှင့် ရှင် အာနန္ဒာတို့၏ အထိမ်း အမှတ်အဖြစ်ဖြင့် စေတီတော်များကို တည်ထားကြကုန်၏။ ထို့ပြင် အဘိဓမ္မ၊ သုတ္တ၊ ဝိနယ တည်းဟူသော ပိဋကတ်တော်တို့၏ အထိမ်းအမှတ် အဖြစ်ဖြင့်လည်း စေတီတော်များကို တည်ထားကြကုန်၏။ သီတင်းကျွတ်ပြီးသည့်အခါ ဒါယကာ ဒါယိကာမတို့သည် ရဟန်းတော်များအား လှူဒါန်းရန် အချင်းချင်း ညှိနှိုင်းတိုင်ပင်ကြပြီး မွန်းလွဲသည့်အခါ သုံးဆောင်အပ်သော ဖျော်ရည်များကို ဆက်ကပ် လှူဒါန်းကြကုန်၏။ ရဟန်းတော်တို့သည် စည်းဝေးကြပြီး တရားဓမ္မကို ဟောပြော ပြသ ကြကုန်၏။ တရားပွဲ ပြီးသည့်အခါ ပန်းနံ့သာ အမျိုးမျိုးတို့ဖြင့် သာရိပုတ္တရာ

စေတီတော်ကြီးအား လှူဒါန်း ပူဇော်ကြကုန်၏။ တညဥ့်လုံး ဆီမီးများကို ထွန်းညှိ ပူဇော်ကြလျက် သာယာနာပျော်ဘွယ်ရာ သီဆိုတီးမှုတ်ကြကုန်သည်။

ဘိက္ခုနီမတို့သည် အများအားဖြင့် မိန်းမများအား ဘိက္ခုနီ အဖြစ်ကို ခွင့်ပြုတော်မူရန် မြတ်စွာဘုရားအား တောင်းပန် လျှောက်ထားပေးသော ရှင်အာနန္ဒာ၏ အထိမ်းအမှတ်ဖြစ်သည့် စေတီတော်အား ပန်းနံ့သာ ဆီမီးတို့ဖြင့် လှူဒါန်း ပူဇော်ကြကုန် ၏။ သာမဏေရနှင့် သာမဏေရီတို့သည်ကား ရာဟုလာ စေတီ တော်အား လှူဒါန်း ပူဇော်ကြကုန်၏။ အဘိဓမ္မာဆောင် ပုဂ္ဂိုလ် တို့သည် အဘိဓမ္မ စေတီတော်အား လှူဒါန်း ပူဇော်ကြကုန်၏။ ဝိနည်းဆောင် ပုဂ္ဂိုလ်တို့သည် ဝိနယ စေတီတော်အား လှူဒါန်း ပူဇော်ကြကုန်၏။ ဤကဲ့သို့ လှူဒါန်း ပူဇော်ကြသော ဘုရား ပွဲတော်များကို မိမိတို့ ကြည်ညိုလေးစားသည့် စေတီတော်များ အတွက် သီးခြား နေ့ရက် သတ်မှတ်၍ နှစ်စဉ်နှစ်တိုင်း ကျင်းပ ကြကုန်သည်။ မဟာယာန ဂိုဏ်းသားတို့သည်ကား ဖညာပါရမိ တာအား၎င်း၊ မန်ဂျူဆရီအား၎င်း၊ ကွန်ရှီယင်အား၎င်း လှူဒါန်း ပူဇော်ကြကုန်သည်။

ရဟန်းတော်တို့၏ ဝတ္တက မြေများမှ သီးစားခကို ရသည့် အခါ ဂေါပကလူကြီးတို့သည် ရဟန်းတော်များ အလိုရှိသည့် သင်္ကန်း စသော ဝတ္ထုပစ္စည်းများကို ယူဆောင်ခဲ့ကြပြီး ရဟန်း တော်တို့အား လှူဒါန်း ကြကုန်၏။ ထို ဝတ္ထုပစ္စည်းများကို ရဟန်းတော်တို့သည် ဝေငှ သုံးဆောင်တော် မူကုန်၏။ မြတ်စွာ ဘုရား ပရိနိဗ္ဗာန် စံတော်မူပြီးသည့် အချိန်အခါမှ စ၍ မြတ်စွာ

ဘုရား၏ တပည့်တို့သည် သာသနာတော်ရေးအတွက် ဆောင်ရွက်သင့်သည့် ဝတ္တရားများ စည်းကမ်းနည်းလမ်းများကို သားစဉ်မြေးဆက် မပျက်မကွက် ဆောင်ရွက်လာခဲ့ကြကုန်သည်။

အရှင်ဖာဟီယန်နှင့် တိုချင်တို့သည် ဤနေရာဌာနမှ အရှေ့တောင်ဘက်သို့ တဆယ့်ရှစ်ယူဇနာ သွားကြရာ သင်္ကဿနဂိုရ်ပြည်သို့ ရောက်ကြ၏။ ထိုပြည်သည် မြတ်စွာဘုရား တာဝတိံသာ နတ်ပြည်၌ မယ်တော်နတ်သားအား ဝါတွင်း သုံးလပတ်လုံး အဘိဓမ္မာ ဒေသနာတော်ကို ဟောတော်မူပြီးနောက် တာဝတိံသာ နတ်ပြည်မှ ဆင်းသက်တော်မူရာ ဌာနဖြစ်သည်။ ထိုပြည်၌ ဘိက္ခုနှင့် ဘိက္ခုနီတို့သည် တထောင်ခန့် ရှိကြကုန်၏။ အချို့သည် ဟီနယာနဂိုဏ်းသားများ ဖြစ်ကြ၍ အချို့သည် မဟာယာနဂိုဏ်းသားများ ဖြစ်ကြကုန်သည်။ အရာမက များလှစွာသော စေတီယ်များလည်း တည်ရှိကြ၏။ ထိုပြည်သည် ဝပြောသာယာ၍ တိုင်းသူပြည်သားတို့သည် ကုံလုံကြွယ်ဝ ပျော်ရွှင် ချမ်းသာကြကုန်သည်။

ခရီးသည်ရဟန်းတော်တို့သည် ဤပြည်မှ အရှေ့တောင်ဘက်သို့ ခုနစ်ယူဇနာမျှ သွားကြရာ ဂင်္ဂါမြစ်ကမ်းပါးပေါ်ရှိ ကနောဇ်မြို့သို့ ရောက်ကုန်၏၊ ထိုမြို့၌ ဟီနယာနဂိုဏ်း ရဟန်းတော်များ၏ ကျောင်းတိုက်နှစ်တိုက် ရှိကြသည်။ သူတို့သည် ဂင်္ဂါမြစ်ကို ဖြတ်ကျော်ပြီး တောင်ဘက်သို့ သုံးယူဇနာ သွားကြရာ အာလိမည်သော ရွာသို့ ရောက်ကြ၏။ ထိုရွာ၌ မြတ်စွာဘုရား တရားဟောတော်မူရာဌာန၊ ထိုင်တော်မူရာဌာန၊ စင်္ကြံကြွတော်မူရာ

ဌာနများ၌ တည်ထားသည့် စေတီတော်များ ရှိကြသည်။ သူတို့သည် ဤနေရာမှ အရှေ့တောင်ဘက်သို့ သုံးယူဇနာမျှ ဆက်လက် သွားကြရာ ရှာချီ မည်သော ပြည်သို့ ရောက်ကြသည်။

ခရီးသည် ရဟန်းတော်တို့သည် ဤနေရာမှ တောင်ဘက်သို့ ရှစ်ယူဇနာမျှ သွားကြပြန်ရာ ကောသလတိုင်း သာဝတ္ထိမြို့သို့ ရောက်ကြ၏။ ထိုမြို့တွင်း၌ အိမ်ခြေ နှစ်ရာကျော်မျှသာ ရှိသဖြင့် လူနေ အလွန် နည်းပါးလှပေ၏။ ပသေနဒီ ကောသလမင်းကြီး စိုးစံခဲ့ဘူးသည့် ထိုမြို့တွင် မဟာ ပဇာပတိ ဂေါတမီထေရီမ သီတင်းသုံးဘူးသည့် ကျောင်းဟောင်းနေရာ၌၎င်း၊ အနာထပိဏ် သူဌေး၏ ရေတွင်းနှင့် အိမ်နံရံများ နေရာ၌၎င်း၊ အင်္ဂုလိမာလ ရဟန္တာဖြစ်သည့် နေရာ၌၎င်း၊ ရှင်အင်္ဂုလိမာလ တေဇောဓာတ် လောင်သည့် နေရာ၌၎င်း စေတီတော်များ တည်ထားကြကုန် သည်။

သာဝတ္ထိမြို့၏ တောင်တံခါးဝမှ ခြေလှမ်းပေါင်း ၁၂၀၀ အကွာ၌ တောင်ဘက်သို့ မျက်နှာမူကာ အနာထပိဏ်သူဌေး ဆောက်ထားသည့် ကျောင်း ရှိ၏။ ထိုကျောင်း၏ လေးမျက်နှာ တို့၌ ထိပ်ဖျားတွင် လက်ဝဲဘက်မှာ လှည်းဘီးပုံနှင့် လကျာ ဘက်မှာ နွားထီးရုပ်ပုံများကို ထုလုပ်ထားသည့် ကျောက်တိုင် များ ရှိကြ၏။ ထိုကျောင်း၏ ဝဲယာတို့၌ သန့်ရှင်းကြည်လင်သော ရေ ရှိသည့် ရေကန်များ၊ အခါခပ်သိမ်း အကိုင်းအခက်များ၊ ဝေဆာလျက် အရိပ်အာဝါသကောင်းသော သစ်ပင်အုပ်များ၊

အမျိုးမျိုး အဖုံဖုံသော ဆောင်စုံ ပန်းမျိုးဖြင့် ရှုချင်စဖွယ် တင့်တယ် သာယာကြည်နူးဖွယ်ရာ ဖြစ်သော ဤကျောင်းကို ဇေတဝနဝိဟာရဟု ခေါ်ဆိုကြသည်။

ဇေတဝန်ကျောင်းတော်မှ အနောက်မြောက်ဖက် လေးလီ အကွာ၌ အန္ဓဝနမည်သောတောအုပ်တခုရှိ၏။ ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူကြသည့် ရဟန်းတော်တို့သည် အများအား ဖြင့်နေ့ဆွမ်း ဘုဉ်းပေးပြီးသည့်အခါ ထိုတောအုပ်သို့ ကြွသွားပြီး ကမ္မဋ္ဌာန်း ထိုင်ကြ၏။ ဇေတဝန်ကျောင်းမှ အရှေ့မြောက်ဖက် ခုနစ်လီအကွာ၌ ဝိသာခါ ဒါယိကာမကြီး ဆောက် လုပ် ၍ ဘုရား အမှူးရှိသော သံဃာတော်အား လှူဒါန်း ထား သည့် ပုဗ္ဗာရုံကျောင်း ရှိသည်။

ခရီးသည် ရဟန်းတော်တို့သည် သာဝတ္ထိမြို့မှ အရှေ့တောင် ဘက်သို့ တဆယ့်နှစ် ယူဇနာ သွားကြရာ နာဘိဂါမ်မြို့သို့ ရောက် ကြ၏။ ထိုမြို့မှ မြောက်ဖက်သို့ တယူဇနာခန့်ပါး သွားကြပြန်ရာ မြို့တမြို့သို့ ရောက်ကြ၏။ ထိုမြို့မှ အရှေ့ဘက်သို့ တယူဇနာခန့်ပါး ဆက်လက် သွားကြသောအခါ ကပိလဝတ္ထုမြို့သို့ ရောက်ကြ၏။ ထိုမြို့၌ ရှင်ဘုရင်မရှိဘဲ ရဟန်းတော်အချို့နှင့် လူနေအိမ်ခြေ နှစ်ဆယ်လောက်သာ ရှိ၍ တောင်ပို့များနှင့် တောချုံ ပိတ်ပေါင်း များ ကြီးစိုး လွှမ်းမိုးနေကြ၏။ ထိုမြို့၏ အတွင်းတွင် သုဒ္ဓောဒန မင်းကြီး၏ နန်းတော်ရာ စသော နေရာဌာနများစွာတို့၌ စေတီ တော်များကို တည်ထားကြကုန်သည်။

ကပိလဝတ္ထုမြို့မှ အရှေ့ဘက် လီငါးဆယ်၌ လုမ္ဗိနီမည်သော ဥယျာဉ်ရှိ၏။ မိဖုရားကြီး မာယာဒေဝီသည် ထိုဥယျာဉ်ထဲ၌

ရှိသော ရေကန်တွင်းသို့ ဆင်းသက် ရေချိုး၏။ ထို့နောက် ရေကန်၏ မြောက်ဖက်ကမ်းမှ တက်လာပြီး ခြေလှမ်းနှစ်ဆယ် သွားလျက် သစ်ပင်၏ အကိုင်းတကိုင်းကို ကိုင်၍ အရှေ့ဘက်သို့ မျက်နှာမူကာ အလောင်းတော်မင်းသားကို ဖွားမြင်တော်မူလေ သည်။ မွေးဖွားခါစ ဖြစ်သော အလောင်းတော် မင်းသား ကလေးသည် မြေကြီးပေါ်သို့ ရောက်လျှင်ရောက်ချင်း ခြေခုနစ် လှမ်း ကြွမြန်းတော်မူလေသည်။

မြတ်စွာဘုရား မွေးဖွားတော်မူရာ လုမ္ဗိနီဥယျာဉ်မှ အရှေ့ ဘက် ၄၈ ယူဇနာဝေးကွာသောအရပ်၌ ရာမလာမ မည်သောပြည် ရှိ၏။ ဤပြည်၏ အရှင်ဘုရင်မင်းသည် ပရိနိဗ္ဗာန် စံတော်မူသော မြတ်စွာဘုရား၏ သရီရ ဓာတ်တော်များထဲမှ ဝေစုရရှိသည့် ဓာတ်တော်များကို ပင့်ဆောင်လာပြီး စေတီတည်ထား ကိုးကွယ် လေ၏။ ထိုစေတီတော်သည် ရာမစေတီတော်ဟု မည်တွင် ထင်ရှားသည်။ ထိုပြည်မှ အရှေ့ဘက် လေးယူဇနာ ဝေးကွာသော အရပ်၌ အလောင်းတော်မင်းသား တောထွက်စဉ်အခါက မိမိနှင့် အတူ ပါလာသည့် ဆန္နနှင့်ကဏ္ဍက မြင်းဖြူတို့ကို ပြန်လွှတ်သော နေရာရှိ၏။ ထိုနေရာ၌လည်း စေတီတော်တဆူကို တည်ထား ကြသည်။

ခရီးသည် ရဟန်းတော်တို့သည် ထိုနေရာမှ အရှေ့ဘက်သို့ လေးယူဇနာ သွားကြပြန်ရာ မီးသွေးစေတီတော်သို့ ရောက်ကြ၏။ ထိုနေရာ၌ ရဟန်းတော်များ သီတင်းသုံးတော်မူသည့် ကျောင်း တကျောင်း ရှိသည်။ ထိုနေရာမှ အရှေ့ဘက်သို့ ဆက်လက်၍ တဆယ့်နှစ်ယူဇနာ သွားကြပြန်ရာ ကုသိနာရာမြို့သို့ ရောက်ကြ

၏။ ထိုမြို့၏ မြောက်ဖက် ဟိရညဝတီမြစ်၏ ကမ်းပါးပေါ်ရှိ သစ်ပင်နှစ်ပင်တို့၏ အကြားတွင် မြတ်စွာဘုရားသည် မြောက်ဖက်သို့ ဦးခေါင်းပြုတော်မူလျက် ပရိနိဗ္ဗာန် စံတော်မူသည်။ ထိုနေရာဌာန၌ရင်း၊နောက်ဆုံးသာဝကဖြစ်သော သုဘဒ္ဒရဟန္တာ ဖြစ်ရာဌာန စသည်တို့၌ရင်း ကျောင်းများနှင့် စေတီတော်များကို ဆောက်လုပ် တည်ထားကြကုန်သည်။ ကုသိနာရာ မြို့တွင်းတွင် ရဟန်းတော်များနှင့် ဆက်သွယ် ရင်းနှီးသည့် လူနေအိမ်ခြေ အနည်းငယ်မျှသာ ရှိလေသည်။

ခရီးသည် ရဟန်းတော်တို့သည် ကုသိနာရာမြို့မှ အရှေ့တောင်ဘက်သို့ တဆယ့်နှစ်ယူဇနာ သွားကြပြန်ရာ ပရိနိဗ္ဗာန် စံတော်မူရန် ကြွသွားတော်မူသည့် မြတ်စွာဘုရားအား လိုက်ကြသည့် လိစ္ဆဝီမင်းတို့ကို မိမိတို့မြို့သို့ မြတ်စွာဘုရားက ပြန်စေတော်မူရာ ဌာနသို့ ရောက်ကြကုန်၏။ ထိုနေရာဌာန၌ ကျောက်တိုင်တခုကို စိုက်ထူထားကြကုန်သည်။

ခရီးသည် ရဟန်းတော်တို့သည် ထိုနေရာဌာနမှ အရှေ့ဘက်သို့ ဆယ်ယူဇနာ သွားကြပြန်ရာ ဝေသာလီပြည်သို့ ရောက်ကြ၏။ ထိုပြည်၏ မြို့တော်မြောက်ဖက်၌ မဟာဝုန်တောအုပ်ကြီးနှင့် မြတ်စွာဘုရား သီတင်းသုံးတော်မူဘူးသော ကူဋာဂါရသာလာ ကျောင်းတော်ကြီးတို့ ရှိကြ၏။ ထို့ပြင် ရှင်အာနန္ဒာ၏ ခန္ဓာကိုယ် ထက်ဝက်ပေါ်၌ တည်ထားသည့် စေတီတော်တဆူလည်း ရှိ၏။ မြို့တွင်း၌ အမ္ဗပါလိမည်သော ပြည့်တန်ဆာမ ဆောက်လုပ်ထားသည့် ကျောင်း သည် ထိုအခါတိုင်အောင် ဆောက်လုပ်ပြီးစအတိုင်း တည်ရှိနေသေးသည်။ မြို့၏မြောက်ဖက်

သုံးလိအကွာ လမ်း၏ အနောက်ဖက်တွင် ထိုအမှုပါလိ ပြည့်တန်ဆာမသည် ပင်လျှင် မြတ်စွာဘုရားအား လှူဒါန်းထားသည့် ဥယျာဉ်တခု ရှိသည်။ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန် စံတော်မူရန် မြို့၏ အနောက်တံခါးမှ ထွက်ခွာတော်မူစဉ် လက်ျာဘက်သို့ လှည့်တော်မူကာ ဝေသာလီပြည်ကို ကြည့်တော်မူသောနေရာ၌ စေတီတော်တဆူကို တည်ထား ကြကုန်သည်။ ဝေသာလီပြည်၏ အနောက်မြောက်ဖက် သုံးလိအကွာတွင် 'လက်နက်ချ' မည်သော စေတီတော်တဆူရှိ၏။ ဤနေရာမှ အရှေ့ဘက်သို့ သုံးလိအကွာတွင် စေတီတော်တဆူ ရှိ၏။ ထိုစေတီတော်သည် မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူပြီးသည့်နောက် အနှစ်တရာကြာသောအခါ ရဟန်းတော် ခုနစ်ရာတို့ ဒုတိယသင်္ဂါယနာ တင်တော်မူကြသည့် နေရာတွင် တည်ထားသော စေတီတော်ဖြစ်သည်။

ခရီးသည် ရဟန်းတော်တို့သည် ဤနေရာမှ အရှေ့ဘက်သို့ လေးယူဇနာ သွားကြသောအခါ မြစ်ငါးသွယ်တို့ ဆုံရာအရပ် ဌာနသို့ ရောက်ကြ၏။ ရှင်အာနန္ဒာသည် ထိုအရပ်ဌာန၌ မြစ်အလယ်ခေါင် ကောင်းကင်ထက်ဝယ် တေဇောကသိုဏ်းလျှင် အာရုံရှိသော စျာန်ကို ဝင်စားတော်မူပြီး ခန္ဓာကိုယ်ကို လောင်ကျွမ်းစေ၍ ပရိနိဗ္ဗာန် စံတော်မူခဲ့သည်။ ရှင်အာနန္ဒာသည် မြစ်ကမ်းတဖက်စီ၌ စောင့်နေကြကုန်သော ဘုရင်နှစ်ဦးတို့အား ထက်ဝက်စီ ရရှိနိုင်ကြစေရန် မိမိ၏ ကိုယ်ခန္ဓာကို အဓိဋ္ဌာန်ပြုကာ ထက်ခြမ်းခွဲတော်မူခဲ့၏။ ရှင်ဘုရင်တို့သည် ဓာတ်တော်များကို မိမိတို့ တိုင်းပြည်သို့ ပင့်ဆောင်သွားကြပြီး ထိုဓာတ်တော်များကို ဌာပနာလျက်စေတီတော်များ တည်ထား ကိုးကွယ်ကြကုန်သည်။

ခရီးသည် ရဟန်းတော်တို့သည် ထိုမြစ်ကို ဖြတ်ကူးကြပြီး တောင်ဘက်သို့ တယူဇနာ သွားကြသောအခါ အသောက မင်းကြီး အုပ်စိုးသွားသည့် မဂဓတိုင်း ပါဋလိပုတ်မြို့သို့ ရောက် ကြ၏။ ထိုမြို့၏ အလယ်တွင် ခမ်းနားကြီးကျယ် တင့်တယ်လှပ ဆန်းပြားလှသော အသောကမင်းကြီး၏ နန်းတော်ဟောင်းကို ထိုအချိန်တိုင်အောင် တွေ့မြင်ရသေး၏။ အသောကမင်းကြီး တည်ထားခဲ့သော စေတီတော်၏ဘေး၌ အလွန်ခမ်းနားလှပသော မဟာယာနဂိုဏ်း ကျောင်းတိုက် တတိုက်နှင့် ဟီနယာနဂိုဏ်း ကျောင်းတိုက် တတိုက်တို့ ရှိကြ၏။ ထိုကျောင်းတိုက် နှစ်တိုက် တို့၌ ရဟန်းတော် ခုနစ်ရာခန့်တို့ သီတင်းသုံးတော်မူ ကြသည်။

ဇမ္ဗူ့ဒီပ အလယ်ပိုင်း တိုင်းပြည်တခုလုံးတွင် ဤမဂဓတိုင်း၏ မြို့များသည် အကြီးကျယ်ဆုံး ဖြစ်ကြသည်။ မြို့သူမြို့သားတို့သည် ကြွယ်ဝချမ်းသာသူများ ဖြစ်ကြသဖြင့် ကုသိုလ်ကောင်းမှု အမျိုးမျိုးကို အပြိုင်အဆိုင် ပြုလုပ် အားထုတ်ကြကုန်သည်။ မြို့များ၌ သူဌေးသူကြွယ် ကုန်သည်ကြီးတို့သည် အလှူရုံများနှင့် ဆေးရုံများကို ဆောက်လုပ်ထားကြကုန်၏။ နိုင်ငံအတွင်းရှိ ဆင်းရဲ၍ ခိုကိုးရာမဲ့သူများ၊ မိဘမဲ့သူများ၊ မုဆိုးမများ၊ အားကိုးရာ သားသမီးမရှိသူများ၊ ဆွံ့အသူများ၊ အင်္ဂါချို့တဲ့သူ ဒုက္ခိတများနှင့် ရောဂါဝေဒနာ စွဲကပ်သူများကို အလှူရုံများက အစားအသောက် ကျွေးမွေး ပေးကမ်းကြ၍ ဆေးရုံများက ဆေးကုသ ပေးကြသည်။ သူတို့သည် အစာ အာဟာရများနှင့်

သင့်လျော်သော ဆေးများကို မရှိကာ သက်သာရာရ၍ပျောက်ကင်း ချမ်းသာကြသောအခါ သူတို့အလိုရှိရာအရပ်သို့ သွားနိုင်ကြကုန်သည်။

အသောကမင်းကြီး ရှေးဦးစွာတည်ထားသော စေတီတော်တဆူသည် မြို့၏တောင်ဘက် သုံးလိသာသာလောက်တွင် တည်ရှိ၏။ စေတီတော်၏တောင်ဘက်၌ လုံးပတ် တဆယ့်ငါးတောင်ရှိပြီး အတောင်သုံးဆယ်ကျော်မြင့်သော ကျောက်တိုင်တခုရှိ၏။ စေတီတော်၏မြောက်ဘက် ခြေလှမ်းလေးရာလောက် အကွာတွင် အသောကမင်းကြီးသည် နီလိမြို့ကို တည်ထားခဲ့၏။ ထိုမြို့ထဲ၌ ထိပ်ဖျား၌ ခြင်္သေ့ရုပ်ရှိသည့် ပေသုံးဆယ်ကျော် မြင့်သော ကျောက်တိုင်တတိုင်ရှိသည်။

ခရီးသည် ရဟန်းတော်တို့သည် နီလိမြို့မှ အရှေ့တောင်ဘက်သို့ ကိုးယူဇနာသွားကြရာ ဆိတ်ငြိမ်သော ကျောက်တောင်တတောင်သို့ ရောက်ကြ၏။ ထိုကျောက်တောင်ထိပ်၌ တောင်ဘက်သို့ မျက်နှာမူလျက် ကျောက်ဂူတခု ရှိ၏။ ထိုဂူနွှသာလဂူ၌ မြတ်စွာဘုရားသည် သိကြားမင်းအား သက္ကပဉှသုတ်ကို ဟောတော်မူခဲ့၏။ ဤနေရာဌာန၌ ကျောင်းတကျောင်းလည်း ရှိနေသေးသည်။

ခရီးသည် ရဟန်းတော်တို့သည် ဤနေရာမှ အနောက်တောင်ဘက်သို့ တယူဇနာ သွားကြပြန်ရာ နာဠန္ဒရွာသို့ ရောက်ကြ၏။ ထိုရွာ၌ ရှင်သာရိပုတ္တရာ မွေးဖွားတော်မူ၍ ပရိနိဗ္ဗာန်စံတော်မူခဲ့၏။ ရှင်သာရိပုတ္တရာ တေဇောဓာတ်လောင်ရာဌာန၌ စေတီတော်တဆူကို တည်ထားကြသည်။

နာဂဒ္ဒန္ဒရွာမှ အနောက်ဖက်သို့ တယူဇနာ သွားသောအခါ အဇာတသတ်မင်း တည်ခဲ့သော ရာဇဂြိုဟ်မြို့သစ်သို့ ရောက်ကြ၏။ ထိုမြို့ထဲတွင် ကျောင်းနှစ်ကျောင်းရှိ၏။ ထိုမြို့၏ အနောက်တံခါး ပြင်ဘက် ခြေလှမ်းသုံးရာကွာ၌ အဇာတသတ်မင်းသည် ဝေစုရရှိသော မြတ်စွာဘုရား၏ ဓာတ်တော်များကို ဌာပနာ၍ တည်ထားသော ကြီးကျယ်မြင့်မား ခမ်းနားတင့်တယ်သည့် စေတီကော် တဆူရှိသည်။ ထိုမြို့၏ တောင်ဘက်တံခါးမှ လေးလီအကွာတွင် မြို့ရိုးအသွင်ဆောင်သော တောင်ငါးလုံး ဝိုင်းကာထားသည့် ကွက်လပ်နေရာတခု ရှိ၏။ ထိုကွက်လပ်နေရာသည် အရှေ့မှ အနောက်သို့ ခြောက်လီခန့်ရှိပြီး မြောက်မှတောင်သို့ ရှစ်လီခန့် ရှိသော ဗိမ္ဗိသာရမင်းကြီး၏ မြို့ဟောင်းနေရာဖြစ်သည်။ ထိုမြို့တွင်း၌ လူနေအိမ်ခြေ ကင်းမဲ့တိတ်ဆိတ်ကာ တောချုံပိတ်ပေါင်းများ ပေါက်ရောက်နေကြသည်။

ခရီးသည် ရဟန်းတော်တို့သည် တောင်ကြားသို့ ဝင်ကြပြီး တောင်များတလျှောက် အရှေ့တောင်ဘက်သို့ တဆယ့်ငါးလီ တက်သွားကြရာ ဂိဇ္ဈကုဋ်တောင်သို့ ရောက်ကြ၏။ တောင်ထိပ်မှ သုံးလီအကွာတွင် မြတ်စွာဘုရား သမာပတ် ဝင်စားတော်မူဘူးသည့် တောင်ဘက်သို့ မျက်နှာပြုနေသော ကျောက်ဂူတခုရှိသည်။ ဂိဇ္ဈကုဋ်တောင်သည် တောင်ငါးလုံးတို့တွင် အမြင့်ဆုံးဖြစ်၏။ ထိုတောင်ထိပ်သည် စိမ်းလန်းစိုပြေတင့်တယ်သာယာလှပေသည်။

ခရီးသည် ရဟန်းတော်တို့သည် ရာဇဂြိုဟ်မြို့ဟောင်း၏ အပြင်ဘက်သို့ ခြေလှမ်းသုံးရာကျော် သွားပြီးနောက် လမ်းအနောက်ဖက်၌ ကလန္ဒကဝေဠုဝန မည်သော ဥယျာဉ်သို့ ရောက်ကြ၏။ ထို

ဥယျာဉ်ထဲတွင် တံမြက်လှဲခြင်း၊ ရေဖျန်းခြင်းကိုကို ပြုလုပ်နေသည့် ရဟန်းတော်များနှင့်တကွ ကျောင်းဟောင်းတခုရှိ၏။ သူတို့သည် တောင်ဘက်ရှိ တောင်ရိုးတလျှောက် အနောက်ဖက်သို့ ခြေလှမ်း သုံးရာသွားကြရာ မြတ်စွာဘုရား ဆွမ်းဘုဉ်းပေးတော်မူပြီးနောက် သမာပတ် ဝင်စားတော်မူဘူးသည့် ပိပ္ပလိဂူသို့ ရောက်ကြသည်။ အနောက်ဖက်သို့ ခြောက်လိလောက် ဆက်လက်သွားကြသော အခါ ရဟန္တာငါးရာတို့ ပဌမသင်္ဂါယနာ တင်တော်မူသည့် သတ္တပဏ္ဏိ ဂူသို့ ရောက်ကြသည်။

ရာဇဂြိုဟ်မြို့ဟောင်း၏ မြောက်ဖက်မှ အရှေ့ဘက် သုံးလိ အကွာ၌ ဒေဝဒတ်နေဘူးသည့် ဂူတခုရှိ၏။ ခရီးသည်ရဟန်းတော်တို့သည် ဤနေရာမှ အနောက်ဖက်သို့ လေးယူဇနာသွားကြရာ ဂယာမြို့သို့ ရောက်ကြ၏။ ထိုဂယာမြို့အတွင်းတွင် လူနေအိမ်ခြေ ကင်းမဲ့တိတ်ဆိတ်နေပေသည်။ သူတို့သည် တဖန် တောင်ဘက်သို့ လိနှစ်ဆယ်သွားကြရာ ဘုရားအလောင်းတော် ခြောက်နှစ်ပတ်လုံး ဒုက္ကရစရိယ ကျင့်တော်မူရာ ဥရုဝေဠတောသို့ ရောက်ကြ၏။ ဤနေရာမှ အနောက်ဘက်သို့ သုံးလိသွားကြပြီး တဖန် မြောက် ဘက်သို့ နှစ်လိသွားကြပြန်ရာ သုဇာတာသူဌေးသမီးက ဘုရား အလောင်းတော်အား နို့ဃနာဆွမ်း ဆက်ကပ်လှူဒန်းရာဌာနသို့ ရောက်ကြ၏။ ဤနေရာမှ မြောက်ဖက် နှစ်လိအကွာတွင် ဘုရား အလောင်းတော် နို့ဃနာဆွမ်း ဘုဉ်းပေးတော်မူရာ ကျောက်ဖျာ တခုရှိ၏။ ဤကျောက်ဖျာမှ အရှေ့မြောက်ဖက်သို့ ယူဇနာဝက် ခန့် သွားကြပြီး တဖန် အနောက်တောင်ဖက်သို့ ယူဇနာဝက် နီးပါး သွားကြပြန်ရာ မြတ်စွာဘုရား သဗ္ဗညုတဉာဏ်ကို ရတော်

မူရာ မဟာဗောဓိပင်သို့ ရောက်ကြသည်။ ထိုမဟာဗောဓိပင်အနီး၌ ရဟန်းတော်များ သီတင်း သုံး တော် မူကြသည့် ကျောင်း သုံး ကျောင်းရှိသည်။

ခရီးသွား ရဟန်းတော်တို့သည် ဤနေရာမှ တောင်ဘက်သို့ သုံးလိသွားကြရာ ရှင်မဟာကဿပ သီတင်းသုံးတော်မူဘူးသည့် ကုက္ကုဋပါဒ တောင်သို့ ရောက်ကြ၏။ သူတို့သည် ဤနေရာမှ အနောက်ဖက်သို့ ဂင်္ဂါမြစ်တလျှောက် ဆယ်ယူဇနာ သွားကြ ပြန်ရာ မြတ်စွာဘုရား သီတင်းသုံးတော်မူဘူးသည့် ကျောင်းတခု သို့ ရောက်ကြ၏။ ထိုကျောင်း၌ ရဟန်းတော်များ ထိုအချိန်တိုင် အောင်ပင် သီတင်းသုံးတော်မူလျက် ရှိကြသေးသည်။ ဤနေရာမှ ဂင်္ဂါမြစ်တလျှောက် အနောက်ဖက်သို့ ဆက်လက်ကာ တဆယ့်နှစ် ယူဇနာ သွားကြပြန်ရာ ကာသိတိုင်း ဗာရာဏသီမြို့သို့ ရောက်ကြ ၏။ ဗာရာဏသီမြို့၏ အရှေ့မြောက်ဖက်သို့ ဆယ်လိသာသာ သွားသောအခါ မိဂဒါဝုန်တောသို့ ရောက်ကြသည်။ ထိုမိဂဒါဝုန် တောတွင် မြတ်စွာဘုရား ကြွလာတော်မူသောအခါ ပဉ္စဝဂ္ဂီ ငါးဦးတို့သည် မြတ်စွာဘုရားအား ထကာ ရိုသေလေးမြတ်စွာ ခရီးဦးကြိုဆိုသော နေရာ၌ရှင်း၊ ဤနေရာမှ မြောက်ဖက်သို့ ခြေ လှမ်း ခြောက်ဆယ်အကွာ၌ မြတ်စွာဘုရားသည် အရှေ့ဘက်သို့ မျက်နှာတော်မူကာ ထိုင်တော်မူ၍ ပဉ္စဝဂ္ဂီငါးဦးတို့အား ဓမ္မ စကြာဒေသနာတော်ကို ဟောတော်မူသော နေရာ၌ရှင်း စေတီ တော်များကို တည်ထားကြကုန်သည်။ ထိုမိဂဒါဝုန်တော၌ ရဟန်းတော်များ သီတင်း သုံး တော် မူ ကြသည့် ကျောင်းနှစ် ကျောင်းရှိကြသည်။

ခရီးသည် ရဟန်းတော်တို့သည် မိဂဒါဝုန် ကျောင်းမှ အနောက် မြောက်ဖက်သို့ တဆယ့်သုံး ယူဇနာ သွား ကြ ရာ ကောသမ္ဗီပြည်သို့ ရောက်ကြ၏။ ထိုပြည်တွင် မြတ်စွာဘုရား သီတင်း သုံးတော်မူဘူးသော ဃောသိတဝန ဥယျာဉ်တွင်း၌ ကျောင်းတကျောင်း ရှိ၏။ ထိုကျောင်း၌ ထိုအ ချိန် အခါ တိုင်အောင် ဟီနယာနဂိုဏ်း ရဟန်းတော်များ သီတင်းသုံးလျက် ရှိကြသည်။ ဤကျောင်းမှ အရှေ့ဘက် ရှစ်ယူဇနာ အကွာတွင် မြတ်စွာဘုရား အာဠဝက ဘီလူးအား ချွတ်တော်မူသည့်နေရာ၌ စေတီတော်တဆူ ရှိသည်။ ရဟန်းတော်တရာကျော် သီတင်းသုံး တော်မူသည့် ကျောင်းတကျောင်းလည်း ရှိသည်။

ခရီးသည် ရဟန်းတော်တို့သည် ဗာရာဏသီမြို့မှ အရှေ့ဘက် ပါဋလိပုတ်မြို့သို့ တဖန် ပြန်လာကြ၏။ ထိုပြည်တွင် မဟာယာန ဂိုဏ်း ကျောင်းတကျောင်း၌ အရှင်ဖာဟီယန်သည် မဟာသံဃိက ဝိနည်း ပိဋကတ်တော်ကို ကူးယူရရှိ၏။ ထို့ပြင် သူသည် သဗ္ဗတ္ထိဝါဒီ ဂိုဏ်းသား ရဟန်းတော်များ လိုက်နာ ကျင့်ကြံကြသည့် ဂါထာခုနစ်ထောင်ရှိသော ဝိနည်း ပိဋကတ်တော်ကိုလည်း ကူးယူ ရရှိပြန်၏။ တရုတ်ပြည်ရှိ ရဟန်းတော်များသည် ဤ သဗ္ဗတ္ထိဝါဒဝိနယကို လိုက်နာ ကျင့်ကြံကြသည်။ အရှင်ဖာဟီယန်သည် ဂါထာခြောက်ထောင်ခန့် ရှိသော အဘိဓမ္မာ ပိဋကတ်တော်ကိုရင်း၊ ဂါထာ နှစ်ထောင့်ငါးရာရှိသော သုတ္တန်ပိဋကတ်တော်ကိုရင်း၊ ဂါထာ ငါးထောင်ရှိသော ပရိနိဗ္ဗာန ဝေပုလ္လသုတ်၏ တကကျွာကိုရင်း၊ မဟာသံဃိက အဘိဓမ္မာ ပိဋကတ်တော်ကိုရင်း ကူးယူ ရရှိလေသည်။ အရှင်ဖာဟီယန်သည် သက္ကဋ

ဘာသာကို သင်ကြား၍ ဝိနည်း ပိဋကတ်တော်များကို ကူးယူလျက် ဤ ပါဋလိပုတ်ပြည်၌ သုံးနှစ်ကာလပတ်လုံး သီတင်းသုံးတော်မူလေသည်။

အရှင်ဖာဟီယန်၏အဖော် ရဟန်းတော် တိုချင်သည် ဣန္ဒိယ အလယ်ပိုင်း တိုင်းပြည်ထို့ ရောက်၍ ရဟန်းတော်များ ကျင့်သုံးစောင့်ရှောက်ကြရသော ဝိနည်း သိက္ခာပုဒ်တော်များနှင့် ရဟန်းတော်များ၏ ကြည်ညိုဘွယ်ဖြစ်သော ကိုယ်အမူအရာ နှုတ်အမူအရာများကို တွေ့မြင်ရ၏။ ထိုအခါ တရုတ်ပြည်၌ ရဟန်းတော်များ လိုက်နာ ကျင့်သုံးကြရသော ဝိနည်း သိက္ခာပုဒ်တော်များသည် မပြည့်စုံ မလုံလောက်ကြချေဟု ကြံစည် စဉ်းစားမိ၏။ ထို့ကြောင့် သူသည် 'ဤအခါကာလမှ စ၍ ဘုရားဖြစ်သည့်တိုင်အောင် မဥ္ဇိမဒေသ၌သာ မွေးဖွား ရပါစေသတည်း' ဟု ဆုတောင်းပတ္ထနာ ပြု၏။ ဤကဲ့သို့ ဆုတောင်းပတ္ထနာ ပြုသည်အားလျော်စွာ တရုတ်ပြည်သို့ မပြန်တော့ဘဲ ဣန္ဒိယပြည်မှာပင် နေရစ်ခဲ့လေသည်။ အရှင် ဖာ ဟီ ယန် သည်ကား သူ၏ မူလရည်ရွယ်ချက်သည့် တရုတ်ပြည်တွင်းသို့ အကြွင်းမဲ့ ပြည့်စုံသော ဝိနည်း သိက္ခာပုဒ်တော်များကို ဆောင်ယူပို့သွင်းရန် ဖြစ်သောကြောင့် တပါးထည်းတည်း တရုတ်ပြည်သို့ပြန်ရလေတော့သည်။

အရှင် ဖာဟီယန်သည် ဂင်္ဂါမြစ်အတိုင်း အ ရှေ့ ဘက် သို့ တဆယ့်ရှစ်ယူဇနာ စုန်ဆင်းသွားသောအခါ မြစ်၏ တောင်ဘက်ကမ်းပေါ်ရှိ စမ္ပာပြည်သို့ ရောက်၏။ ထိုပြည်တွင် မြတ်စွာဘုရား စင်္ကြံကြွတော်မူရာ အရပ်၌ စေတီတော်ကို တည်ထားကြ၏။ ထိုနေရာ၌ ရဟန်းတော်များသည်း ရှိနေကြသည်။ အရှင် ဖာဟီ

ယန်သည် စမ္ပာပြည်မှ အရှေ့ဘက်သို့ ယူဇနာ ငါးဆယ် ဆက်လက် သွားပြန်ရာ တာမလိပတိ ပြည်သို့ ရောက်၏။ ထိုပြည်၏ မြို့တော် သည် ပင်လယ်ဆိပ်ကမ်း ဖြစ်၏။ ထိုပြည်၌ ရဟန်းတော်များ သီတင်းသုံးတော်မူသည့် ကျောင်း နှစ်ဆယ့်နှစ်ကျောင်း ရှိနေ ကြသဖြင့် မြတ်စွာဘုရား၏ သာသနာတော်သည် စည်ပင်ပြန့်ပွား ထွန်းကား တိုးတက်နေသေးသည်။ အရှင် ဖာ ဟီ ယန် သည် ဤပြည်၌ သုတ္တန် ပိဋကတ်တော်ကို ရေးကူးခြင်း၊ မြတ်စွာဘုရား ၏ ရုပ်ပုံတော်များကို ရေးဆွဲခြင်းတို့ကို ပြုလုပ်လျက် နှစ်နှစ်မျှ နေထိုင်ခဲ့လေသည်။

ထို့နောက် အရှင်ဖာဟီယန်သည် ကုန်သည်သင်္ဘောကြီးဖြင့် လိုက်ပါလျက် အနောက်တောင်ပင်လယ်ဘက်ဆီသို့ ထွက်ခဲ့ရာ တဆယ့်လေးရက် ကြာသောအခါ သီဟိုဠ်ကျွန်းသို့ ရောက်၏။ ထိုသီဟိုဠ်ကျွန်းသည် တာမလိပတိပြည်မှ ယူဇနာခုနစ်ရာဝေးကွာ သည်ဟု ပြောဆိုကြ၏။ ၎င်းကျွန်းသည် အရှေ့မှ အနောက်သို့ ယူဇနာငါးဆယ်၊ မြောက်မှ တောင်သို့ ယူဇနာသုံးဆယ် ကျယ် ဝန်းသည်။ ၎င်းကျွန်း၏ ပတ်ဝန်းကျင်၌ တကျွန်းနှင့် တကျွန်း ဆယ်လီ၊ လီနှစ်ဆယ် သို့မဟုတ် လီနှစ်ရာမျှ ဝေးကွာကြသော ကျွန်းကလေး တရာလောက် ရှိကြသည်။ ထိုကျွန်းကလေး အားလုံးတို့သည် ကျွန်းကြီး၏ လက်အောက်ခံများ ဖြစ်ကြသည်။ ထိုကျွန်းကလေးများထဲက ကျွန်းကလေး အမြောက်အမြား၌ ပုလဲများနှင့် အဘိုးတန် ကျောက်မျက်ရတနာ အမျိုးမျိုးတို့ ထွက်ကြသည်။ အလွန် စင်ကြယ်တောက်ပသော ပုလဲအကောင်း စားများ ထွက်သည်။ ကျွန်းကလေး တကျွန်းသည် စတုရန်း

ဆယ်လိမ့် ကျယ်ဝန်းသည်။ ယိဟိုင်ကျွန်း၏ ရာသီဥတုသည် ဆောင်းနှင့်နွေ မကွဲပြားဘဲ ညီညွတ်မျှတ ကောင်းမွန်လှပေသည်။ ဟင်းသီးဟင်းရွက်ပင်များသည် အခါခပ်သိမ်း သန်စွမ်းကြီးပွား ပေါများကြွယ်ဝကြပေသည်။

မင်းနေပြည်၏ မြောက်ဖက်၌ ဥဏ်တော် အတောင်လေးရာ မြင့်သော စေတီတော်တဆူ ရှိ၏။ ထိုစေတီတော်၏ အနီး၌ အဘယဂိရိ မည်သော ကျောင်းတိုက်တတိုက် ရှိ၏။ ထိုကျောင်းတိုက်တွင် ရဟန်းတော်ငါးထောင် သီတင်းသုံးလျက် ရှိကြသည်။ ထိုကျောင်းတိုက်အတွင်း၌ ရွှေငွေအစရှိသော ရတနာခုနစ်ပါး ခြယ်လှယ်ထားသည့် ဘုရားခန်းတခု ရှိ၏။ ထိုဘုရားခန်းအတွင်းတွင် အမြင့် ဥဏ်ခတော် အတောင်နှစ်ဆယ်ရှိသော ကျောက်စိမ်း ဆင်းတုတော်တဆူ ရှိ၏။ ထိုဆင်းတုတော်သည် ရတနာခုနစ်ပါး၏ အရောင်တို့ဖြင့် တပြောင်ပြောင် တောက်ပလျက် ပြောမပြနိုင်အောင် ခံ့ညားတင့်တယ် သပ္ပာယ်တော်မူလှ၏။ ထိုဆင်းတုတော်၏ ညာလက်ဝါးထဲတွင် အဘိုးမဖြတ်နိုင်သော ပုလဲတလုံး ရှိသည်။

မြို့တော်အတွင်းတွင် သူဌေးသူကြွယ် ကုန်သည်ကြီးငယ်တို့ များစွာရှိကြကုန်၏။ သူတို့၏ အိမ်များသည် ခမ်းနားလှပကြကုန်၏။ လမ်းကြီးလမ်းငယ် အသွယ်သွယ်တို့ကိုလည်း ကောင်းမွန်သေသပ်စွာ ပြုပြင်စီစဉ်ထားကြကုန်၏။ လမ်းမကြီးလေးခုတို့၏ ထိပ်ဝတို့၌ တရားပွဲ ကျင်းပရန် မဏ္ဍပ်များကို ဆောက်လုပ်ထားကြကုန်၏။ ထိုမဏ္ဍပ်တွင်းတွင် လဆန်းရှစ်ရက်၊ လဆုတ်ရှစ်ရက်၊ လပြည့်နေ့နှင့် လကွယ်နေ့တို့၌ ကော်ဇောများကို ခင်းပြီး တရား

ဟော ပလ္လင်ကို ပြင်ဆင်ထားကြကုန်၏။ ထိုမဏ္ဍပ်သို့ အရပ်လေးမျက်နှာမှ ရဟန်းရှင်လူတို့သည် တရားနာရန် စုဝေးလာရောက်ကြကုန်သည်။ သီဟိုဠ်ကျွန်း၌ သီတင်းသုံးတော်မူကြသည့် ရဟန်းတော်တို့သည် ခြောက်ထောင်ခန့် ရှိသည်ဟု ပြောဆိုကြသည်။

အဘယဂိရိ ကျောင်းတိုက်၏ အရှေ့ဘက် လိလေးဆယ်တွင် စေတိယမည်သော တောင်ရှိ၏။ထိုတောင်ပေါ်ရှိ ကျောင်းတိုက်၌ ရဟန်းတော် နှစ်ထောင်မျှ သီတင်းသုံးတော်မူကြ၏။ မြို့တော်၏ တောင်ဘက် ခုနစ်လိတွင် မဟာဝိဟာရကျောင်းတိုက် ရှိ၏။ ထိုကျောင်းတိုက်၌ ရဟန်းတော် သုံးထောင်မျှ သီတင်းသုံးတော်မူကြသည်။

အရှင်ဖာဟီယန်သည် သီဟိုဠ်ကျွန်း၌ နှစ်နှစ်မျှနေထိုင်၍ မဟိသာသကဂိုဏ်း၏ ဝိနယပိဋက၊ ဒီဃာဂမ၊ သံယုတ္တာဂမနှင့် သံယုတ္တသဉ္စယပိဋကတို့ကို ရရှိ၏။ ထိုကျမ်း အားလုံးတို့သည် တရုတ်ပြည်၌ မရှိကြသေးချေ။ အရှင်ဖာဟီယန်သည် သက္ကဋဘာသာနှင့် ရေးထားသည့် ထိုကျမ်းအားလုံးကို ရရှိပြီးနောက် ခရီးသည် နှစ်ရာကျော်ပါရှိသော ကုန်သည်သင်္ဘောဖြင့် တရုတ်ပြည်သို့ ပြန်လည်ထွက်ခွာခဲ့၏။ သူသည် ရက်ကိုးဆယ်ကျော်ကြာပြီးနောက် ဂျာဝါးကျွန်းသို့ ရောက်၏။ထိုကျွန်း၌ မိစ္ဆာဝါဒ အမျိုးမျိုးနှင့် ဗြာဟ္မဏဝါဒတို့သာ ထွန်းကားကြီးပွားနေကြ၏။ ဗုဒ္ဓဘာသာသည်ကား ကွယ်ပျောက်လုမတတ် ဖြစ်နေပေသည်။

အရှင်ဖာဟီယန်သည် ဂျာဝါးကျွန်း၌ ငါးလခန့်မျှ နေထိုင်ပြီးနောက် ခရီးသည်နှစ်ရာကျော် ပါရှိသော အခြားကုန်သည်

သင်္ဘောဖြင့် တရုတ်ပြည်ဘက်သို့ ခရီးဆက်ပြန်၏။ သင်္ဘောသည် အရှေ့မြောက်ဖက်သို့ ရွက်လွှင့်သွားရာ ရက်ပေါင်း ရှစ်ဆယ်ကျော် ကြာသောအခါ ချန်ကွန် နယ်ခြားအရပ်သို့ ရောက်၏။ အရှင် ဖာဟီယန်သည် ဆင်ချူမြို့မှာ ဆောင်းဥတုနှင့် နွေဥတု ကာလ ပတ်လုံး သီတင်းသုံးပြီးနောက် နန်ကင်းမြို့တော်သို့သွား၍ ဆရာ သမားများနှင့် တွေ့ဆုံပြီး ၎င်းတို့အား မိမိ စုဆောင်း သယ်ယူ လာခဲ့သော ပိဋကတ်တော်များကို ပေးအပ်လိုက်လေသည်။ ထို့ နောက် နေရင်းဌာနဖြစ်သော ချအံဂန်မြို့သို့ ပြန်လည်ရောက်ရှိ သွားလေသည်။

ဤသည်ကား အရှင်ဖာဟီယန်၏ ခရီးစဉ်နှင့် မှတ်တမ်း အကျဉ်းချုပ် ဖြစ်ပေသည်။ ဤမှတ်တမ်းကို ထောက်ဆ၍ အေဒီ ငါးရာစုအစခေတ်က ဣန္ဒိယအလယ်ပိုင်းဒေသ ဂုပ္ပဘနိုင်ငံအတွင်း တွင် ဗုဒ္ဓသာသနာတော်သည် မဆုတ်ယုတ် မပျက်ပြားသေးဘဲ စည်ပင်ပြန့်ပွား ထွန်းလင်းတောက်ပနေဆဲပင် ဖြစ်သည်ကို သိရှိ ရသည်။ ထို့ပြင် အာရှတိုက် အလယ်ပိုင်းဒေသများနှင့် သီဟိုဠ် ကျွန်းတို့၌လည်း ဗုဒ္ဓသာသနာတော် ကြီးပွား ထွန်းကားနေဆဲ ဖြစ်သည်ကို သိရှိရပေသည်။

ချန္ဒြဂုပ္ပတဝိကရမာဒိတျမင်းသည် ၄၁၃ အေဒီတွင် ကွယ်လွန် ခဲ့၏။ ထိုနှစ်၌ပင် သူ၏သားသော် ပထမကုမာရဂုပ္ပတသည် နန်းတက်၏။ သူသည် ၄၅၅ အေဒီတိုင်အောင် အနှစ် ၄၀ ကျော် ထီးနန်းကို အုပ်စိုးရသည်။ သားတော် ဆကန္ဒဂုပ္ပတသည် ၄၅၅ အေဒီတွင် နန်းတက်ခဲ့၏။ နန်းတက်ပြီးစ မကြာမီကာလ အတွင်း သူသည် ဟန်းလူမျိုးတို့နှင့် စစ်တိုက်ရ၏။ အေဒီ ၄၅၅

ခုမှ စတင်ပြီး အာရှတိုက်အလယ်ပိုင်းမှ ဟန်းလူမျိုးတို့သည် ဣန္ဒိယ အနောက်မြောက် တောင်ကြားလမ်းများမှ ဣန္ဒိယပြည်တွင်းသို့ ဝင်ရောက်လာကြ၏။ သူတို့သည် ရွာများ မြို့များကို မီးတိုက်ပြီး မြေပုံ အုတ်ပုံဖြစ်အောင် ဖျက်ဆီးကြသည်။ ဆကန္ဒဂုပတမင်းသည် ထိုဟန်းလူမျိုးတို့ကို တိုက်ခိုက် နှင်ထုတ်လိုက်လေသည်။ သို့ရာတွင် အေဒီ ၄၆၅ ခုနှစ်လောက်တွင် ဟန်းလူမျိုးတို့သည် တဖန် ဣန္ဒိယပြည်တွင်းသို့ ဝင်ရောက်ပြီး ပန်ဂျပ်ပြည် အနောက်မြောက်ပိုင်း ဂန္ဓာရတိုင်းကို တိုက်ခိုက် သိမ်းယူလိုက်ကြသည်။ ဆကန္ဒဂုပတမင်းသည် အေဒီ ၄၆၇ လောက်တွင် ကွယ်လွန်ခဲ့သည်။

ဆကန္ဒဂုပတမင်း၏ ညီတော် ပုရဂုပတသည် အေဒီ ၄၆၇ တွင် နောင်တော်၏ အရိုက်အရာကို ဆက်ခံရ၏။ သို့ရာတွင် သူ၏ နန်းသက်သည် မကြာမြင့်လှပေ။ ၄၆၇ အေဒီ၌ပင် ပုရဂုပတအား သူ၏သားတော် နရသိဟဂုပတက ဆက်ခံခဲ့၏။ အေဒီ၄၇၀ လောက်တွင် ဟန်းလူမျိုးတို့သည် နရသိဟဂုပတ၏ နိုင်ငံတော်အတွင်းသို့ ဝင်ရောက်တိုက်ခိုက် ကြပြန်၏။ နရသိဟဂုပတမင်းသည် ဣန္ဒိယမြောက်ပိုင်းတွင် ဗုဒ္ဓဘာသာ စာပေ ကျမ်းဂန်များကို သင်ကြားရာ ဗဟိုဌာနဖြစ်သော မဂဓတိုင်း နာဠန္ဒမြို့၌ ပေ ၃၀၀ ကျော်မြင့်သော အုတ်ကျောင်းတခုကို ဆောက်လုပ် လှူဒါန်းခဲ့သည်။

အေဒီ ၄၇၃ တွင် နရသိဟဂုပတမင်းအား သူ၏သားတော် ဒုတိယ ကုမာရဂုပတက ဆက်ခံခဲ့၏။ သို့ရာတွင် သူ၏ နန်းသက်သည် တိုတောင်းလှ၏။ ၄၇၃ အေဒီ၌ပင် သူ့ကိုနန်းချပြီး ဗုဓ

ဂုပတ နန်းတက်ခဲ့၏။ သူသည် အေဒီ ၅၀၀ တိုင်အောင် ထီးနန်းကို အုပ်စိုးရသည်။ ဗုဓဂုပတမင်း၏နောက်၌ ဂုပတမင်း ဆယ့်တဦးတို့သည် အေဒီ ၇၂၀ တိုင်အောင် ဆက်လက် အုပ်စိုးကြသေး၏။ ထိုမင်းတို့အနက် ဘာနုဂုပတမင်း၊ အာဒိတျသေနဂုပတမင်းနှင့် ဂျီဝိတဂုပတမင်းတို့သည် ထင်ရှားကြကုန်၏။ ဂုပတမင်းဆက်၏ နောက်ပိုင်းမင်းတို့သည် အများအားဖြင့် မဂဓတိုင်းထဲက နယ်ပယ်အချို့ကိုသာ အုပ်စိုးကြရသည်။

ဂုပတခေတ် နောက်ပိုင်း၌ မဂဓတိုင်းသည် နိုင်ငံရေးအားဖြင့် တရွေ့ရွေ့ ယိုယွင်းပျက်စီးသွားသော်လည်း ဗုဒ္ဓဘာသာ စာပေကျမ်းဂန်များကို သင်ကြားရာ ဗဟိုဌာနအဖြစ်ဖြင့်ကား ထင်ရှားကျော်ကြားနေသေး၏။ မဂဓတိုင်းအတွင်း နာဠန္ဒနှင့် အခြားနေရာဌာနများ၌ ဗုဒ္ဓဘာသာ တက္ကသိုလ်များသည် ပါလမင်းများလက်ထက်၌ ပေါပေါက်လာပြီး ဆယ့်နှစ်ရာစုနှစ် ကုန်ဆုံးကာနီးတွင် မုဟာန်မေဒင်တို့ ဝင်ရောက်တိုက်ခိုက် ဖျက်ဆီးပစ်သည့်တိုင်အောင် ဆက်လက် ကြီးပွားတိုးတက်ခဲ့ကြ၏။ အေဒီ ၅၃၉ ခုနှစ်တွင် ဗုဒ္ဓဘာသာကို အလွန် ယုံကြည်လေးစားသည့် ဝူတိမည်သော တရုတ်ဧကရာဇ်ဘုရင်သည် မဟာယာန ပိဋကတ်တော်များကို စုဆောင်းရန်နှင့် ထိုပိဋကတ်တော်များကို တရုတ်ဘာသာသို့ ပြန်ဆိုနိုင်မည့် ပညာရှိ ပုဂ္ဂိုလ်ကို ပင့်ဆောင်ရန် သံတမန်များကို မဂဓတိုင်းသို့ စေလွှတ်လိုက်၏။ မဂဓတိုင်းတစိတ်တဒေသကို အုပ်စိုးရသည့် ပဒေသရာဇ်မင်း ပထမဂျီဝိတဂုပတသို့မဟုတ် ကုမာရဂုပတသည် တရုတ်ဧကရာဇ်ဘုရင်၏ အလိုဆန္ဒအတိုင်း အရှင်ပရမတ္ထကို မဟာယာန ပိဋကတ်တော်များနှင့်အတူ

တကွ တရုတ်ပြည်သို့ ထည့်လိုက်၏။ အရှင်ပရမတ္ထသည် ၅၄၆ အေဒီတွင် ကန်တုန်မြို့သို့ရောက်၍ ၅၄၇ ခုနှစ်တွင် ကေ့ရာဇ်ဘုရင်နှင့် တွေ့ဆုံပြီး ၅၆၉ ခုနှစ် သက်တော် ခုနှစ်ဆယ်တွင် တရုတ်ပြည်၌ပင် ပျံလွန်တော်မူ၏။ ထိုဂူတိဘုရင် လက်ထက်၌ပင် လျှင် ကွန္ဒိယတောင်ပိုင်း ဘုရင်တဦး၏သားတော် အရှင်ဗောဓိဓမ္မသည် အေဒီ ၅၂၀ တွင် တရုတ်ပြည်သို့ရောက်၍ တရုတ်ရဟန်းတော်များ၏ ပထမ ဂိုဏ်းချုပ်ကြီး ဖြစ်ခဲ့၏။ သူသည် ကန်တုန်မြို့မှာ ခေတ္တနေထိုင်ပြီး လိုယန်မြို့မှာ အမြဲတစေ နေထိုင်သွားလေသည်။

ကက်ရှမီးရ်၊ အာဖဂန်နစ်စတန်နှင့် ဆူဝတ်ပြည်တို့ ပါဝင်သည့် ကွန္ဒိယပြည်မြောက်ပိုင်း၌ ၂၀၀ ဘီစီမှ ၂၀၀ အေဒီတိုင်အောင် အနှစ်လေးရာ ကာလပတ်လုံး ဗုဒ္ဓဘာသာသည် အလွန်စည်ပင်ပြန့်ပွား ထွန်းလင်းတောက်ပခဲ့၏။ သို့ရာတွင် ဟိန္ဒူဘာသာသည် ပျောက်ကွယ်မသွားဘဲ ဗြာဟ္မဏတို့၏လက်ထဲတွင် တည်တံ့ခိုင်မြဲ နေခဲ့ပေ၏။ နှစ်ရာစုနှစ်အစ ကနစ်ရှကမင်း၏လက်ထက်ကစတင်၍ မဟာယာနဗုဒ္ဓဘာသာ တိုးတက်ကြီးပွား ခေတ်စားလာခြင်းသည် ဟိန္ဒူဘာသင် ပြန်လည်ထွန်းကား တန်ခိုးကြီးမားလာခြင်း၏ သက်သေသာဓကပင် ဖြစ်ပေသည်။ အသစ်အဆန်းဖြစ်သော မဟာယာနဗုဒ္ဓဘာသာသည် အိုမင်းယိုယွင်းနေသော ဟိန္ဒူဘာသာနှင့် ခွဲခြားမရအောင် အလွန်ရင်းနှီးဆက်သွယ်နေပေသည်။ ဟိန္ဒူဘာသာသည် ဗြာဟ္မဏပဏ္ဍစ်တို့၏ ဘာသာဖြစ်၏။ ထိုပဏ္ဍစ်တို့သည် ပန်ဂျပ်ပြည်သားတို့၏ဘာသာကို ပြောင်းလဲပြင်ဆင်ထားသည့် သက္ကတဘာသာကို အလေးအမြတ်ပြုကာ သုံးစွဲကြ၏။ ထိုပဏ္ဍစ်တို့သည် ရှင်ဘုရင်

များနှင့် တိုင်းသူ ပြည်သားများအပေါ် ဘာသာရေးနှင့် ပေါင်းသင်းဆက်ဆံရေးတို့၌ ဩဇာအာဏာ ကြီးမားထက်မြက် လာကြ၏။ ဂုပတမင်းများလက်ထက်၌ ဗြာဟ္မဏပဏ္ဍိတ် စာဆို တော်ကြီးများသည် အဖွဲ့အနွဲ့များကို သက္ကတဘာသာဖြင့် စီကုံး ကြရကား သက္ကတဘာသာသည် ပြန်လည်ထွန်းကား လာလေ သည်။

ဂုပတမင်းများလက်ထက်၌ နက္ခတ်အတတ်၊ သင်္ချာအတတ်၊ ဆေးအတတ်၊ ရုက္ခဗေဒ၊ ရူပဗေဒ၊ ဓာတုဗေဒ အစရှိသော သိပ္ပံ ပညာရပ်များ သည်လည်း ထွန်းကား တိုးတက်လာကြ၏။ ကျောက်ဆစ်အတတ်သည်လည်း အဆင့်အတန်း အလွန်မြင့်မား လာ၏။ ပန်းချီအတတ်သည် လည်းကောင်း ဗိသုကာအတတ် သည်လည်းကောင်း အထွတ်အထိပ်သို့ ရောက်ရှိလာကြ၏။ သံများကြေးများကို ပုံသွင်းရာ၌လည်း အလွန်သပ်ယပ် လှပ ပုံပန်းကျပေသည်။

ဂုပတမင်းများသည် သိပ္ပံပညာရပ်များကိုသာမက ပြဇာတ် များနှင့် ကဗျာလင်္ကာများကိုလည်း လွန်စွာအားပေးကြ၏။ ဒုတိယ ချန္ဒြဂုပတဝိကြာမာဒိတျ မင်းလက်ထက်၌ ပညာရှိ စာဆိုတော်ကိုးယောက် ပေါ်ပေါက်လာကြ၏။ ထိုစာဆိုတော် များကို ရတနာကိုးပါးဟူ၍ တင်စားခေါ်ဝေါ်ကြ၏။ ထိုစာဆို တော်များ အနက် ကာလိဒါသသည် သကုန္တလ ပြဇာတ်၊ မေဃဒူတ ခေါ် ကဗျာနှင့် ရိတုသမ္ဘာရ ခေါ် ကဗျာများကို ရေးသားခဲ့သည်။

ဂုပတခေတ်၌ သစ်ခေါက်ပေါ်တွင်မင်ဖြင့်စာရေးသောနည်း နှင့် ပေရွက်ပေါ်တွင် ကညစ်ဖြင့်စာရေးသောနည်းတို့ ပေါ် ပေါက်လာသဖြင့် စာပေကျမ်းဂန် အများအပြားကို ရေးသား ပြုစုကြ၏။ ဥပဒေ စည်းမျဉ်းများကို သတ်မှတ်ထားသည့် မနုဓမ္မသတ်ကျမ်းကို ရေးသားကြ၏။ ရာမယနနှင့် မဟာဘာရတ တို့၌လည်း ကဗျာများကို ထပ်မံဖြည့်စွက် ထည့်သွင်းကြ၏။ အထူးအားဖြင့် မဟာဘာရတတွင် ဘဂဝဒ်ဂီတာမည်သော ကဗျာစုကို ထပ်မံထည့်သွင်းကြ၏။ ထိုဘဂဝဒ်ဂီတာတွင် ဟိန္ဒူ အယူအဆဖြစ်သော အတ္တမံအကြောင်းကို အကျယ်တဝင့် ရေးသားထား၏။ ဤအတ္တမံအကြောင်းကို အသေအချာ သိမှ သာလျှင် ဗုဒ္ဓဘာသာ၏ အနတ္တကို သဘောကျနိုင်မည်ဖြစ်၍ မဟာဘာရတ ဇာတ်လမ်း အကျဉ်းချုပ်နှင့် ဘဂဝဒ်ဂီတာ လာ ဂါထာ အချို့တို့ကို အောက်ပါအတိုင်း ထုတ်နုတ်ဖော်ပြ လိုက်ရပေသည်။

## ဘဂဝဒ်ဂီတာ

ဂင်္ဂါမြစ်အထက်ပိုင်းတွင် ကုရုမင်းများ တည်ထောင်ထား ခဲ့သည့် ဟတ်စတိနာပူရမည်သော ပြည်ရှိ၏။ ထိုပြည်၌ အာဒိစ္စ ဝံသ ဖြစ်သော မင်းမျိုးတို့ ထီးနန်းကိုစိုးစံကြ၏။ မဟာဘာရတ သည် ထိုမင်းဆက်တို့၏ အပြုအမူများကို ချီးမွမ်းထောပနာ ပြုထားသည့် ခမ်းနားသော ဝတ္ထုပုံပြင်လင်္ကာပင် ဖြစ်သည်။ ထို ဟတ်စတိနာပူရ မြို့ကို အုပ်စိုးကြသည့် မင်းမျိုးထဲတွင် စရိတြရှတြနှင့် ပန္ဍုဟူ၍ ညီနောင်နှစ်ဦးတို့ ရှိကြ၏။ ထိုညီနောင်

နှစ်ဦးတို့တွင် စရိတြရှုတြမှာ သားဘရာမျှရှိ၍ ပန္ဒုမှာကား သားငါးယောက်သာရှိ၏။ စရိတြရှုတြ၏ သားများသည် ကောရဝအမည်ရှိကြ၍ ပန္ဒု၏သားများသည် ပန္ဒဝအမည်ရှိကြကုန်၏။ ကောရဝ မင်းသားတို့ထဲက အကြီးဆုံးမင်းသားသည် ဒုရယိုဓိန အမည်ရှိ၏။ ပန္ဒုမင်းသားတို့ထဲက အကြီးဆုံး မင်းသားသည် ကား ယုဓိဆထိရ အမည်ရှိ၏။ ညီအစ်ကိုဝမ်းကွဲ နှစ်စုတို့သည် အချင်းချင်း မသင့်မတင့် ဖြစ်ကြသဖြင့် ကောရဝမင်းသားတို့ သည် ပန္ဒုမင်းသားတို့၏ ပျက်စီးကြောင်းကို ကြံစည်ဖန်တီး ကြကုန်၏။

ညီနောင်အုပ်စု နှစ်စုတို့၏အကြား တနေ့တခြား အခြေ အနေ တိုးတက်ဆိုးဝါးလာရကား နောက်ဆုံး၌ စစ်မက် ဖြစ် ပွားသည့် အနေသို့ ဆိုက်ရောက်ခဲ့ရ၏။ အာရယဝတာရခေါ် ဣန္ဒိယမြောက်ပိုင်းဒေသရှိ ခတ္တိယမင်းသား အားလုံးလိုလိုပင် ဤစစ်ထဲတွင် တဖက်ဖက်က ပါဝင်တိုက်ခိုက်ကြ၏။ ပန္ဒဝ မင်းသားတို့၏ ဇနီးဖြစ်သူ ပန်ချာလီ သို့မဟုတ် ဒရောပဒီ၏ မွေးဖွားရာဌာနဖြစ်သော ပန်ချာလပြည်သည် ပန္ဒဝမင်းသားတို့ ဘက်မှ ဝင်ရောက်တိုက်ခိုက်၏။ ဤသို့လျှင် ကုရုက္ခေတြမည် သော လွင်ပြင်၌ ဤစစ်ပွဲကြီးကို ဆယ့်ရှစ်ရက် ကာလပတ်လုံး အပြင်းအထန် တိုက်ခိုက်ကြ၏။ ဤစစ်ပွဲ၌ ကောရဝမင်းသား အားလုံး အသတ်ခံကြရသဖြင့် ယုဓိဆတိရသည် ဟတ်စတီနာပုရ ပြည့်ရှင် ဘုရင်ဖြစ်လာ၏။ သို့ရာတွင် နှစ်ကာလ အတန်ကြာပြီး နောက် ယုဓိဆတိရဘုရင်သည် သူ၏ညီတော်များ၊ ဇနီးဖြစ်သူ

ဒရောပဒီတို့နှင့် အတူတကွ ဟိမာလယတောသို့ ဝင်ရောက်ကာ တရားနှင့် မွေ့လျော်ခဲ့၏။ သူတို့အားလုံးသည် တမလွန်ဘဝ၌ နတ်ပြည်သို့ လားကြရကုန်သည်။

ဤမဟာဘာရတ ဝတ္ထုပုံပြင်လက်ာသည် ဂါထာပေါင်း ကိုးသောင်းပါဝင်၏။ အလွန်ကျယ်ဝန်းလှသည့် ဤဝတ္ထုပုံပြင် လက်ာထဲတွင် ဘာသာရေး မှာတမ်းဖြစ်သော ဘဂဝဒ်ဂီတာသည် အရေးအပါဆုံးသော အစိတ်အပိုင်းတရပ်ဖြစ်သည်။ ဤဘဂဝဒ် ဂီတာ၌ အခန်းပေါင်း ဆယ့်ရှစ်ခန်း ပါဝင်၏။ ထိုအခန်း များသည် မူလဝတ္ထုလက်ာ၏ အခန်း ၂၅ မှ ၄၂ အထိ ဖြစ်ကြသည်။

ဤ ဘဂဝဒ်ဂီတာ၌ ပါဝင်သည့် အကြောင်းအရာများသည် အဇ္ဇုနမင်းသားနှင့် ကရစ္စနာတို့ အပြန်အလှန် ပြောဆိုကြသည့် စကားများ ဖြစ်ကြသည်။ ထိုစကားများကို ဂါထာခုနစ်ရာဖြင့် တန်းဆာဆင်ထားသည်။ ပဏ္ဍုဘုရင်၏ သားတော် အဇ္ဇုနသည် စစ်တိုက် ထွက်မည့်ဆဲဆဲတွင် စိတ်နှလုံး နှစ်ခွဖြစ်ကာ ရပ်တန့် တွေဝေနေလေ၏။ သူတိုက်ခိုက် သတ်ဖြတ်ရမည့် သူများသည် သူ၏ ဆွေမျိုးဉာတိများ ဖြစ်နေကြရကား လေးသည် သူ၏ လက်ထဲမှ လွတ်ကျသွား၏။ သူသည် ရထားကို ရပ်တန့်ထားပြီး စိတ်အားလျှော့ကာ သူ၏ ထိုင်ခုံထဲမှာ နောက်ပြန်လဲကျသွား၏။ ထိုအခါသူ၏ စစ်ရထားမောင်းနှင်သူ (ကရစ္စနား)သည် သူ့အား အကြံပေးစကားများကို ရှည်လျားစွာ ပြောဆို၏။ ဤကရစ္စနား

သည် ဗိရုဏဘုရား ဝင်စားသူ ဖြစ်ရကား လူဝင်စားအဖြစ်ကို မေ့လျော့ကာ နတ်ဘုရား အနေအားဖြင့် ဟောကြားလေတော့သည်။

ဤသို့လျှင် ကရစ္စနား ဟောပြောပြသ ဆိုဆုံးမသောစကားများအနက် အတ္တမံနှင့် ပတ်သက်သည့် ဟောပြချက်များသည် အောက်ပါအတိုင်း ဖြစ်ကြသည်။

(၁) ကျွန်ုပ်သည်ရင်း၊ သင်သည်ရင်း၊ ဤဘုရင်များသည်ရင်း လောက၌ မကျင်လည်ခဲ့ကြသည် မဟုတ်ကုန်။ ကျွန်ုပ်တို့သည် နောင်အနာဂတ် ကာလ၌လည်း မကျင်လည်ကြတော့မည် မဟုတ်ကုန်။ ဆက်လက်ဖြစ်ပေါ် ကျင်လည်ကြရမည်သာ ဖြစ်ကုန်သည်။

## အဓိပ္ပာယ် ဖော်ပြချက်

ဤနေရာ၌ ကျွန်ုပ်တို့ ကိုယ်ခန္ဓာသည် အဖန်တလဲလဲ ဖြစ်ပျက်ခြင်း အနိစ္စ သဘောရှိသော်လည်း ကိုယ်ခန္ဓာအတွင်း၌ရှိသော အတ္တမံ (အတ္တ) သည် မပျက်မစီးဘဲ အမြဲနိစ္စ ထာဝရတည်ရှိနေသည်ဟုဆိုလိုသည်။

(၂) လူငယ်ဘဝမှ လူကြီးဘဝသို့ လူကြီးဘဝမှ လူအိုဘဝသို့အဆင့်ဆင့် ကူးပြောင်းလာသကဲ့သို့ကိုယ်ခန္ဓာအတွင်း၌ ကိန်းအောင်းနေသည့် ဝိညာဉ်သည် သေပြီးသည့်နောက်၌ အခြားကိုယ်ခန္ဓာ တခုသို့ ကူးပြောင်း

သွားမည်သာဖြစ်သည်။ တည်ကြည်သော စိတ်ရှိကြကုန်သော ပုဂ္ဂိုလ်များသည် ဤအချက်ကို လေးလေးနက်နက် ယုံကြည်ကြသည်။

### အဓိပ္ပာယ် ဖော်ပြချက်

ကိုယ်ခန္ဓာအတွင်းရှိ ဝိဉာဉ်တည်းဟူသော အတ္တမံ(ဇီဝအတ္တ)သည် ဘုရားသခင် ဝိဉာဉ်တည်းဟူသော အတ္တမံ (ပရမအတ္တ)၏ တစိတ်တဒေသ ဖြစ်သဖြင့် သေခြင်းကင်း၏ဟု ဆိုလိုသည်။

(၃) ဖောက်ပြန်တတ်သော တရားများသည် အနိစ္စဖြစ်ကုန်၏။ မဖောက်ပြန်သော တရားသည်သာလျှင် နိစ္စဖြစ်၏။ အမှန်တရားနှင့် ပြည့်စုံသော ပညာရှိတို့သည်သာလျှင် ထိုတရားနှစ်ပါးကို ပိုင်းခြားသိမြင်နိုင်ကြသည်။

### အဓိပ္ပာယ် ဖော်ပြချက်

ရုပ်သည် မူလအခြေအနေ၌ ရပ်တည်မနေဘဲ အခါပေါ်သိမ်းပြောင်းလဲနေသည်ကို ဖောက်ပြန်သည်ဟု ဆိုလိုသည်။ မူလအခြေအနေ၌ အမြဲထာဝစဉ် ရပ်တည်နေသည်ကို မဖောက်မပြန်ဟု ဆိုလိုသည်။ ဤနေရာ၌ အတ္တမံ (အတ္တ)သည် မဖောက်ပြန်သော သဘောရှိ၏ဟု ဆိုလိုသည်။

(၄) မဖောက်ပြန်သော အမှန်တရားသည် ဤလောကဓာတ်တဝှန်းသို့ ပြန့်နှံ့လျက်ရှိသည်။ ဤတရားကား

မပျက်စီးနိုင်သော တရားဖြစ်၏။ ပျက်စီးခြင်းမှ ကင်းလွတ်သော ဤတရားတော်ကို ဖျက်ဆီးရန် မည်သူတဦးတယောက်မျှ မစွမ်းနိုင်ချေ။

အဓိပ္ပာယ် ဖော်ပြချက်

နိစ္စဖြစ်သော အတ္တကို ဖျက်ဆီးလို့မရနိုင်ဟု ဆိုလိုသည်။

(၅) ဤခန္ဓာ ကိုယ်များကား ပျက်စီးခြင်းသဘောရှိကုန်၏။ သို့ရာတွင် ကိုယ်ခန္ဓာအတွင်း၌ ကိန်းအောင်းလျက်ရှိသော ဝိညာဉ် (အတ္တမံ)သည် မည်သည့်အခါမျှ ပြောင်းလဲခြင်းလည်းမရှိ။ ပျက်စီးခြင်းလည်းမရှိ။ အကန့်အသတ်လည်း မရှိချေ။

အဓိပ္ပာယ် ဖော်ပြချက်

ဤနေရာ၌ ဝိညာဉ်ဟူသည့် အတ္တမံပင်ဖြစ်သည်ဟု ဆိုလိုသည်။

(၆) အတ္တမံသည် သတ်ဖြတ်ဖျက်ဆီး တတ်သည်ဟူ၍ရင်း၊ သတ်ဖြတ်ဖျက်ဆီး အပ်သည်ဟူ၍ရင်း ယူဆသူများသည် မှားယွင်းသော သူများသာဖြစ်ကြ၏။ အတ္တမံသည် သတ်လည်းမသတ်ဖြတ်တတ်၊သတ်လည်းမသတ်ဖြတ်အပ်ပေ။

အဓိပ္ပာယ် ဖော်ပြချက်

အတ္တသည် ကတ္တားလည်းမဟုတ် ကံလည်းမဟုတ်ဟု ဆိုလိုသည်။

(၇) ဤအတ္တမံသည် မည်သည့်အချိန်အခါကမှ မမွေးဖွားခဲ့။ မည်သည့်အချိန်အခါမှလည်း မသေခဲ့။ ပျက်စီးပြီးနောက် တဖန်ပြန်ဖြစ်ရန်လည်း မလိုပေ။ ဤအတ္တမံသည် မွေးဖွားခြင်းလည်းမရှိ။ ပြုပြင်ပြောင်းလဲခြင်းလည်းမရှိ။ အမြဲထာဝစဉ် တည်လျက်ရှိသည်။ ကိုယ်ခန္ဓာသည် သတ်ဖြတ်ခြင်းခံရ၍ သေသော်လည်း အတ္တမံသည် သတ်ဖြတ်ခြင်းကိုလည်း မခံရ။ သေခြင်းမှလည်း ကင်းလွတ်သည်။

အဓိပ္ပာယ် ဖော်ပြချက်

အတ္တသည် အသင်္ခတ တရား နိစ္စတရားဖြစ်သည်ဟု ဆိုလိုသည်။

(၈) အကြင်သူသည် အတ္တမံတရား၏ မပျက်စီးနိုင်သော၊ ပြုပြင်ပြောင်းလဲခြင်း ကင်းသော၊ မွေးဖွားခြင်းကင်းသော၊ မည်သည့်နည်းနှင့်မျှ ဖျက်ဆီး မရသော သဘောတရားများကို သိရှိအံ့။ ထိုသူသည် မိမိကိုယ်တိုင် သတ်ဖြတ်ရန် ကိစ္စ၌ဖြစ်စေ၊ သူတပါးအား သတ်ဖြတ်စေရန် နှိုးဆော်တိုက်တွန်းခြင်း၌ ဖြစ်စေ၊ မည်သို့သဘောထား လိမ့်မည်နည်း။

အဓိပ္ပာယ် ဖော်ပြချက်

အတ္တ၏ အသင်္ခတသဘော နိစ္စသဘောကို သိသောသူသည် ပါဏာတိပါတအမှု ကျူးလွန်ရန် ဝန်လေးမည် မဟုတ်ချေဟု ဆိုလိုသည်။

(၉) လူသည် စုတ်ပြတ်သော အဝတ်ဟောင်းများကို စွန့်ပစ်ပြီး အဝတ်သစ်များကို ဝတ်ဆင်ဘိသကဲ့သို့ ကိုယ်ခန္ဓာအတွင်း၌ ရှိသောအတ္တမံသည် ပျက်စီးနေသော ကိုယ်ကို စွန့်ပစ်လိုက်ပြီး ကိုယ်အသစ်ထဲသို့ ပြောင်းရွှေ့ ကိန်းအောင်းသည်။

အဓိပ္ပာယ် ဖော်ပြချက်

မြွေသည် အရေလဲသကဲ့သို့ အတ္တသည် ကိုယ်ခန္ဓာ အသစ်အသစ် ပြောင်းလဲနေသည်ဟု ဆိုလိုသည်။

(၁၀) ဤ အတ္တမံကို မည်သည့် လက်နက်နှင့်မျှ ခုတ်ဖြတ်၍လည်း မရ၊ မီးရှို့၍လည်း မလောင်ကျွမ်း၊ ရေတွင်နှစ်၍လည်း မစွပ်စို၊ လေတွင် ခြောက်သွေ့အောင်ပြုလုပ်၍လည်း မရချေ။

(၁၁) အတ္တမံသည် ပုံပြင်ပြောင်းလဲခြင်း မရှိဘဲ လောကတဝှမ်းလုံးကို လွှမ်းခြုံလျက် ရှိသည်။ အတ္တမံသည် ပြောင်းရွှေ့ခြင်းလည်း မရှိ၊ ပြောင်းရွှေ့၍လည်း မရ၊ ထာဝစဉ် တည်မြဲနေသည်သာတည်း။

(၁၂) ဤ အတ္တမံကို ပေါ်လွင် ထင်ရှားအောင် ဖော်ပြခြင်းငှာရင်း၊ တွေးတောကြံဆခြင်းငှာရင်း၊ မတတ်နိုင်ချေ။ ဤ အတ္တမံသည် ပုံပြင် ပြောင်းလဲခြင်းကင်းသော မဖောက်ပြန်သောတရား ဖြစ်ပေသည်။

(၁၃) အကယ်၍ ဤအတ္တမံသည် ဖြစ်ပေါ်ပေါက်ပွားခြင်း၊ သေကြေပျက်စီးခြင်း ရှိစေကာမူ အသင် မင်းသားသည် ဝမ်းနည်းဘွယ်ရာအကြောင်း မရှိချေ။

## အဓိပ္ပာယ် ဖော်ပြချက်

အတ္တမံသည် ဖြစ်ခြင်းပျက်ခြင်း သဘောတရားရှိခဲ့သော် လူသေလျှင် အတ္တမံလည်း ချုပ်ငြိမ်းမည်။ အတ္တမံ ချုပ်ငြိမ်းသွားပါက တမလွန်ဘဝလည်း မရှိနိုင်၊ အကုသိုလ်လည်း မရှိနိုင်၊ ငရဲလည်း မရှိနိုင်ဟု ဆိုလိုသည်။

(၁၄) အချို့ပုဂ္ဂိုလ်တို့သည် အတ္တမံကို ဆန်းကြယ်သောအရာဝတ္ထုဟု သဘောထားကြ၏။ အချို့ကမူ အံ့သြဘွယ်ရာ အဖြစ်ဖြင့် ပြောဆိုကြ၏။ အချို့ကမူ အံ့သြဘွယ်ရာ အဖြစ်ဖြင့် ကြားဘူးကြ၏။ အချို့ကမူ ကြားဘူးပင် ကြားဘူးသော်လည်း အတ္တမံကို လုံးဝ နားလည်ခြင်း မရှိကြကုန်။

## အဓိပ္ပာယ် ဖော်ပြချက်

အတ္တမံတရားနှင့် ပတ်သက်၍ ကြားဘူးတွေ့ဘူးသူ အလွန်နည်းပါးသည်။ အတ္တမံတရားကို သိရှိနားလည်ရန် အလွန်ခဲယဉ်းလှပေသည်ဟု ဆိုလိုသည်။

(၁၅) သတ္တဝါတို့၏ အတွင်းသန္တာန်၌ ကိန်းအောင်းလျက်ရှိသော ဤအတ္တမံတရားသည် ပျက်စီးခြင်းမရှိဘဲ

အစဉ်အမြဲ တည်ရှိနေပေသည်။ ထို့ကြောင့် အသင် မင်းသားသည် တစုံတယောက်သော သူအတွက် ကြေကွဲဝမ်းနည်းဘွယ်ရာ မရှိပေ။

(၁၆) အတ္တမံတရားကို သိရှိနားလည်ပြီးသော ဗြာဟ္မဏ အတွက် ဝေဒကျမ်းများသည် အချိုးနှိုးသာ ဖြစ်ကြ သည်။ ဥပမာအားဖြင့် နေရာ အနှံ့အပြားတို့သို့ ရေလွှမ်းမိုးသော အခါ ရေကန်သည် အချိုးနှိုး ဖြစ်သွားသကဲ့သို့ပင်တည်း။

## အဓိပ္ပာယ် ဖော်ပြချက်

ဤနေရာ၌ ဝေဒကျမ်းများသည် အဖိုးတန် အသုံးဝင်သော ကျမ်းများ ဖြစ်သော်လည်း အတ္တမံကို ကျွမ်းကျင်နားလည်ပြီး သော ဗြာဟ္မဏအတွက် အဖိုးမတန် အသုံးမဝင်ဟု ဆိုလိုသည်။

(၁၇) အသင်၏ အသိဉာဏ်သည် သို့လောသို့လော တွေး တောကြံစည်မှုများဖြစ်သည့် ဆန့်ကျင်ဘက်တရား တို့၏ အလယ်၌ ယိမ်းနွဲ့လျက် ရှိသည်။ အသင်သည် အတ္တမံတရားကို ခိုင်မြဲစွာ နှလုံးသွင်းပါက အလွန် တည်ငြိမ်သော စိတ်ချမ်းသာမှုကို ရရှိကာ အတ္တမံ တရားနှင့် ပေါင်းစပ်ပြီး ဖြစ်ပေလိမ့်မည်။

(၁၈) အကြင် ပုဂ္ဂိုလ်သည် စိတ်၏ လိုချင်တပ်မက်ခြင်း အလုံးစုံတို့ကို စွန့်ပယ်၍ အတ္တမံတရားကို နှလုံးသွင်း

ကာ အတ္တမံ တရားနှင့်သာ မွေ့လျော်နေအံ့။ ထိုပုဂ္ဂိုလ်သည် ကောင်းမြတ်သော အသိ ဉာဏ် ရှိသည့် ပုဂ္ဂိုလ်မည်ပေသည်။

(၁၉) အကြင်သူသည် မည်သည့် အရာဝတ္ထုကိုမျှ စွဲလန်း တွယ်တာခြင်း မရှိ၊ သုခကို ခံစားရသည့်အခါလည်း ဝမ်းမသာ၊ ဒုက္ခကို ခံစားရသည့် အခါလည်း ဝမ်းမနည်းဖြစ်အံ့၊ ထိုပုဂ္ဂိုလ်၏ အသိဉာဏ်သည် တခုတည်းသော အတ္တမံတရားတော်၌သာ စူးစိုက် နေပေလိမ့်မည်။

(၂၀) လိပ်သည် မိမိ၏လက်ခြေတို့ကို အလိုရှိသည့်အခါ အလွယ်တကူ ပြန်လည် ရုပ်သိမ်းနိုင်သကဲ့သို့ အတ္တမံ တရားကို သိရှိသော ပုဂ္ဂိုလ်သည် ပတ်ဝန်းကျင် ရုပ်ဝတ္ထုများ အပေါ်၌ စူးစိုက်နေသော မိမိ၏ စိတ်အာရုံကို အလွယ်တကူ ပြန်လည် ရုပ်သိမ်းနိုင်၏။ ထိုအခါ သူ၏ အသိဉာဏ်သည် တည်ငြိမ်မှန်ကန် ခြင်းသို့ ရောက်ရှိလာပေလိမ့်မည်။

(၂၁) စိတ်၏ တည်ငြိမ်မှုကို ရရှိသောအခါ အလုံးစုံသော ဝမ်းနည်းခြင်း စသော ဒုက္ခအပေါင်းတို့သည် လွင့်ပျောက်ကုန်ကြပေလိမ့်မည်။ အဘယ့်ကြောင့် ဆိုသော် စိတ်တည်ငြိမ်မှု ရရှိသော ပညာရှိသည် အတ္တမံတရားကို ဆောလျင်စွာ ခိုင်ခိုင်မြဲမြဲ ယုံကြည် ခြင်းကြောင့် ဖြစ်သည်။

(၂၁) အတ္တမံတရားကို ခိုင်မြဲစွာ ယုံကြည်ပြီးသောသူသည် သေအံ့ဆဲဆဲ အချိန်၌ ပြာဟ္မဏနှင့် အတူတကွ တပေါင်းတည်း ဖြစ်နေပေလိမ့်မည်။

(၂၂) အတ္တမံတရားတော်ကို သက်ဝင်ယုံကြည်ကာ အတ္တမံတရားတော်ကိုသာ အလေးအမြတ်ထားကာ အတ္တမံတရားတော်နှင့်သာ မွေ့လျော်နေသောသူသည် အချုပ်အချယ်နှင့် ဘာဝန်ကင်းသော ပုဂ္ဂိုလ် ဖြစ်ပေသည်။

(၂၃) အတ္တမံတရားတော်နှင့် မွေ့လျော်နေသောသူသည် ဤလောက၌ အမှုကိစ္စ တစုံတရာကို ဆောင်ရွက်သဖြင့် အမြတ်ရနိုင်ဘွယ်ရာလည်း မရှိ။ အမှုကိစ္စ တစုံတရာကို မဆောင်ရွက်မိခြင်းကြောင့် ဆုံးရှုံးနိုင်ဘွယ်ရာလည်း မရှိ။ သူသည် အရာဝတ္ထုတစုံတရာကို ရရှိမှုအတွက် မည်သူ့အားမျှ မှီခိုအားထားရန်လည်း မလိုပေ။

(၂၄) ဂုဏတရားနှင့် အတ္တမံတရားကို မခွဲခြားဘဲ ဂုဏ၏ လုပ်ငန်းစဉ်များကိုသာ စိတ်ငင်စားကြသော ဉာဏ်ပညာ နည်းသူတို့အား အသိပညာနှင့် ပြည့်စုံသူတို့သည် တွေဝေ ထိုင်းမှိုင်းသွားအောင် မပြုလုပ်သင့်ကြပေ။

## အဓိပ္ပာယ် ဖော်ပြချက်

ဤနေရာ၌ ဂုဏ်တရားဆိုသည်မှာ သံသရာ၌ လည်စေတတ်သော တရားကို ဆိုလိုသည်။ ဉာဏ်ပညာနည်းသူတို့ ဆိုသည်မှာ အမှုကိစ္စတခု၏ လက်ငင်း အကျိုးမျှကိုသာ မြင်တတ်သူတို့ကို ဆိုလိုသည်။

(၂၅) အသင်မင်းသားသည် အတ္တမံတရား တခုတည်း အပေါ်၌ အာရုံပြုလျက် မြော်လင့်တောင့်တခြင်း၊ ကိုယ်ကျိုးကို ငဲ့ကွက်ခြင်းစသော မသန့်ရှင်းသည့် စိတ်တို့ကို ပယ်ဖျောက်ကာ အားလုံးသောအမှုကိစ္စကို ကျွန်ုပ်အား ရည်ညွှန်းလျက် စစ်တိုက်ပါလော့။

(၂၆) ကျွန်ုပ်၏ ဆုံးမဩဝါဒများကို ပြက်ရယ်ပြုကာ လိုက်နာကျင့်ဆောင်ခြင်း မရှိသော သူများသည် မိမိ၏အသိဉာဏ်ကို မိမိလှည့်စားနေသူများသာ ဖြစ်ကြ၏။ ထိုသူများသည် အတ္တမံတရားကို လုံးဝမသိသူများ ဖြစ်ကြသည်။ သူတို့သည် ပျက်စီးခြင်းသို့ ရောက်မည့်သူများသာ ဖြစ်ကြသည်။

(၂၇) အတ္တမံတရားကို သိစွမ်းနိုင်သောအသိဉာဏ်ကို ပညာရှိသူတော်ကောင်းတို့၏ အစဉ်အမြဲ ရန်သူဖြစ်သော လောဘတရားက ဖုံးလွှမ်းလျက်ရှိ၏။ ဤလောဘတရားသည် ငြိမ်းသတ်၍မရသော မီးလျှံနှင့်တူပေသည်။

(၂၈) စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယတည်းဟူသော အကြည်ဓာတ်များသည် ကိုယ်ကာယထက် မြင့်မြတ်၏။ စိတ်သည် ထိုအကြည်ဓာတ်များထက် မြင့်မြတ်၏။ စဉ်းစား ဝေဖန်တတ်သောဉာဏ်သည် စိတ်ထက် မြင့်မြတ်၏။ စဉ်းစားဝေဖန်တတ်သော ဉာဏ်ထက် မြင့်မြတ်သည့်အရာကား အတ္တမံ တရားတော်ပင် ဖြစ်သည်။

(၂၉) ထို့ကြောင့် စဉ်းစားဝေဖန်တတ်သည့် ဉာဏ်ထက် မြင့်မြတ်တော်မူသော အတ္တမံအား သိရှိပြီးလျှင် ငါတည်းဟူသော မာန်မာနတရားကို အတ္တမံတရားတော်နှင့် ထိန်းသိမ်းပါလော့။ ထို့နောက် ထိန်းသိမ်းရှိရနိုင်ခဲသော ရန်သူစင်စစ်ဖြစ်သည့် လောဘတရားကို ချိုးနှိမ်ဖျက်ဆီးပါလော့။

(၃၀) အချို့သောယောဂီတို့သည် နတ်တို့ကိုသာ ဆည်းကပ်ကြကုန်၏။ အချို့သည်ကား အတ္တမံနှင့်ထပ်တူ ယူဆသော ဗြဟ္မာကိုသာ ဆည်းကပ်ပူဇော်ကြကုန်သည်။

(၃၁) ပူဇော်တကာတို့တွင် ပညာဉာဏ်ဖြင့် ပူဇော်ခြင်းသည် ထူးကဲသာလွန်၏။ အမှုပြုလုပ်ခြင်း အားလုံးတို့သည် ပညာဉာဏ်၌သာ ပြည့်စုံခြင်းသို့ ရောက်ကြရလေသည်။ ဤသို့သိခြင်းဖြင့် သင်သည်အလုံးစုံသော အတ္တမံကို သင်၏ကိုယ်တွင်း၌ တွေ့ရပေအံ့။ တဖန် ငါ့ထံ၌ တွေ့ရပေအံ့။

(၃၂) အကြင်သူသည် အုတ္တကိုသိမြင်၍ မသိနားမလည်မှုတို့ကို ပယ်ရှားဖျောက်ဖျက် နိုင်ငြားအံ့။ ထိုသူ၏ ဉာဏ်ပညာသည် နေရောင်ပမာထွန်းလင်း၍ အထွတ်အထိပ်ဖြစ်သောတရား ( ဗြဟ္မဏ ) ကို ထင်ပေါ်စေလိမ့်မည်။

(၃၃) အတ္တတရားကို သိမြင်သော ပညာရှိတို့သည် အထွတ်အထိပ်ဖြစ်သော ဗြဟ္မဏကို ပညာရှိ၍ နှိမ့်ချတတ်သော သူတို့နှင့်ငှင်း၊ နွားမနှင့်ငှင်း၊ ဆင်နှင့်ငှင်း၊ ခွေးနှင့်ငှင်း၊ ဇာတ်အနိမ့်ဆုံးသူနှင့်ငှင်း ခြားနား၍ မမြင်တတ်ကြချေ။

## အဓိပ္ပာယ် ဖော်ပြချက်

ဤနေရာ၌ ပညာရှိသည် အတ္တမှတပါး ဘာကိုမျှမကြည့် ဘာကိုမျှခွဲခြား၍ မမြင်ပေ၊ ဥပမာအားဖြင့် နေ၏အရောင်သည် ဂင်္ဂါမြစ်ထဲ၌ငှင်း၊ ရေကန်ထဲ၌ငှင်း၊ ရွှံ့ဗွက်ထဲ၌ငှင်း ထင်နေငြားသော်လည်း နေသည်တခုတည်းသာဟု သိမြင်သကဲ့သို့တည်း။

(၃၄) အကြင်သူသည် အတ္တတရားကို သိမြင်ပေါက်မြောက်လျှင် လောက၏ အပေါ်ယံ အရာဝတ္ထုများကို ကပ်ငြိ စွဲလမ်းခြင်းမရှိ ဖြစ်ပေလိမ့်မည်။ ထို့ပြင် ယောဂီတရားကို ကျင့်သုံးကာ ဗြာဟ္မဏ၌ မွေ့လျော်နေငြားအံ့။ ထိုသူသည် ထာဝရသုခကို ရရှိသူပင် ဖြစ်ပေသည်။

(၃၅) အကြင်သူသည် မိမိကိုယ်ကို မိမိအတ္တဖြင့် မြှင့်တင်စေသင့်၏။ ထိုအတ္တအား ပျော့ညံ့စေခြင်းကို မဖြစ်စေသင့်။ အဘယ့်ကြောင့်ဆိုသော် ထိုအတ္တစိတ်တခုသည်ပင်လျှင် ထိုသူ၏မိတ်ဆွေလည်းဖြစ် ရန်သူလည်းဖြစ်သောကြောင့်တည်း။

(၃၆) အတ္တကို ထိန်းချုပ်နိုင်သော သူအား မိမိ၏ အတ္တသည် မိတ်ဆွေဖြစ်၏။ အတ္တကို မထိန်းချုပ်နိုင်သောသူအား ထိုအတ္တသည်ပင် ရန်သူ ဖြစ်ပေတော့သည်။

(၃၇) အတ္တကို ထိန်းသိမ်းနိုင်၍ အေးချမ်းတည်ငြိမ်သူသည် အမြင့်ဆုံးသော အတ္တဖြင့် တရားကို အစဉ်သိမြင်ပေလိမ့်မည်။ ထိုသူအား ပူသောအခါတွင် ၎င်း၊ အေးသောအခါတွင်၎င်း၊ စိတ်ကြည်ရွှင်ဘွယ် အခါတွင်၎င်း၊ ဝမ်းနည်းဘွယ် အခါတွင်၎င်း၊ ဂုဏ်ပြုချီးကျူးခံရသည့် အခါ၎င်း၊ ကဲ့ရဲ့နှိမ့်ချ ခံရသည့် အခါတွင်၎င်း ခြားနားခြင်း မရှိတော့ချေ။

(၃၈) ထိန်းချုပ်ကွပ်ကဲ၍ ရသော စိတ်သည် အေးဆေးတည်ငြိမ်စွာဖြင့် အတ္တတရားပေါ်၌ ဝင်စား၍နေအံ့။ လိုချင်လောဘမှလည်း ကင်းရှင်းလျက်ရှိအံ့။ ထိုသို့သော သူကို အတ္တ၌စွဲမြဲသူ။ တရားတွေ့သူဟု ခေါ်ဆိုနိုင်ပေသည်။

(၃၉) ထိုသို့ အာရုံစူးစိုက်မှုကို ကျင့်ကြံခြင်းဖြင့် စိတ်ဓာတ်သည် လုံးဝတည်ငြိမ်မှုကို ရရှိလေသည်။ ယင်းကဲ့သို့

တည်ငြိမ်မှုကို ရရှိမှ အတ္တကို သိမြင်သည်။ ထို အတ္တကို သိမြင်ခြင်းသည် မိမိကိုယ်ကို သိမြင်ခြင်း ပင်ဖြစ်သည်။

(၄၀) သည်းခံခြင်းတရားကို မိမိဉာဏ်နှင့် ယှဉ်၍ စိတ်ကို အခြားအာရုံကို မတွေးကြံစေဘဲ အတ္တတခုတည်း ကိုသာ အာရုံပြုစေလျက် တည်ငြိမ်မှုကို တဖြည်း ဖြည်းရယူစေလော့။

(၄၁) မတည်မငြိမ် လှုပ်ရှားလျက်ရှိသော စိတ်သည် တစုံ တခုသောအကြောင်းကြောင့် တနေရာရာသို့လှုပ်ရှား ပြေးသွားသောအခါ ထိုစိတ်ကိုအတ္တတည်းဟူသော တရားဖြင့်သာ နှိမ်နင်းပါလော့။

(၄၂) အကြင်သူသည် ယောဂီ တရားကို နှလုံးသားဖြင့် စူးစိုက်ကာ အရာအားလုံးတို့ကို မျှမျှတတ သိမြင်၏။ ထိုသူသည် အတ္တကို သတ္တဝါအားလုံး၌တွေ့ရ၍ သတ္တဝါအားလုံးကို အတ္တ၌ တွေ့ရပေလိမ့်မည်။

(၄၃) ငါ၏ ပရကရိတိ(ပကတိ)ကို ရှစ်ပိုင်း ပိုင်းခြားထား သည်။ ထိုရှစ်ပိုင်းတို့မှာ မြေ၊ ရေ၊ မီး၊ လေ၊ ကောင်းကင်၊ စိတ်၊ ဉာဏ်နှင့် အတ္တတို့ဖြစ်ကြသည်။

## အဓိပ္ပာယ်ဖော်ပြချက်

ဤနေရာ၌ ပရကရိတိ ဆိုသည်မှာ ပင်ကိုယ်သဘော ပြကတေ့ သဘောကို ဆိုလိုသည်။

(၄၄) အမှန်စင်စစ် သတ္တဝါအားလုံးတို့သည် ငါနှင့် ထိစပ်တည်နေကြသည် မဟုတ်ပေ။ ငါ၏ ဘုရားဇာတိယောဂီအဖြစ် အနေသည် သတ္တဝါတို့၏ဖြစ်ပေါ်ရေးနှင့် အခြေအနေကို ကူပံ့လျက်ရှိသည်။ သို့သော် ငါ၏ အတ္တသည် သတ္တဝါတို့အား မှီလျက်မနေပေ။

(၄၅) ငါသည် အတ္တဖြစ်သည်။ ငါသည် လူတိုင်း၏ စိတ်နှလုံးတွင် ကိန်းအောင်းသည်။ ငါသည် သတ္တဝါအားလုံးတို့၏ ဘဝ၏ အစလည်းဖြစ်သည်။ အလည်လည်းဖြစ်သည်။ အဆုံးလည်းဖြစ်သည်။

## အဓိပ္ပာယ် ဖော်ပြချက်

ဤနေရာ၌ ဘဝ၏အစ၊ အလယ်၊ အဆုံး ဆိုသည်မှာ မွေးဖွားခြင်း၊ အသက်ရှင်ခြင်း၊ သေဆုံးခြင်းတို့ကို ဆိုလိုသည်။

(၄၆) အချို့တို့သည် အတ္တကို မိမိကိုယ်၌ ရှာကြံအားထုတ်လျက် မိမိတို့၏ သတိပညာဖြင့် ကိုယ်တွင်း၌ တွေ့ရှိကြ၏။ အချို့ကား ပညာလမ်းစဉ် သံခိယယောဂအရ တွေ့ရှိကြ၏။ အချို့ကား ကမ္မယောဂအရ တွေ့ရှိကြသည်။

(၄၇) အကြင်သူသည် မိမိ၏ အတ္တကို မိမိမဖျက်ဆီးဘဲ နေရာ အနှံ့အပြား၌ တွေ့ရှိငြားအံ့။ ထိုသူသည် အမြင့်ဆုံးသော ပန်းတိုင်သို့ ရောက်လေတော့သည်။

(၄၈) အကြင်သူသည် အရာအားလုံး၌ ပရကရိတိမှ တပါး အခြားသော အရာတို့သည် အမှုပြုခြင်း မရှိသည်ကို ၎င်း၊ အတ္တသည် အမှုပြုခြင်း မရှိသည်ကို၎င်း၊ သိမြင်ငြားအံ့။ ထိုသူသည် အမှန်တရားကို သိမြင်ပေတော့သည်။

(၄၉) အဦးအစမရှိသည်လည်းဖြစ်သော ဂုဏတို့မှ ကင်းစင်သည်လည်း ဖြစ်သော မပျက်စီးနိုင်သည်လည်း ဖြစ်သော အမြင့်ဆုံးလည်းဖြစ်သော အတ္တသည် ခန္ဓာကိုယ်၌ ကိန်းဝပ်ငြားသော်လည်း အမှု ကိစ္စကို မစီမံမပြုလုပ်ပေ။

(၅၀) အာကာသသည် နေရာအားလုံးတို့၌ ပြန့်နှံ့နေသော်လည်း ရောစပ် ညစ်ညူးခြင်း မရှိသကဲ့သို့ ထို့အတူ အတ္တသည် ကိုယ်တွင်း၌ ရှိနေသော်လည်း ရောစပ် ညစ်ညူးခြင်း မရှိပေ။

ပြဆိုခဲ့ပြီးသော ဂါထာငါးဆယ်တို့သည် ဘဂဝဒ်ဂီတာလာ ဂါထာ ခုနစ်ရာတို့အနက် အတ္တနှင့်ပတ်သက်သည့် ဂါထာအချို့ဖြစ်ကြသည်။ ဤဂါထာတို့ဖြင့် ဟိန္ဒူ အယူဝါဒ ဖြစ်သော အတ္တဝါဒ၊ အတ္တဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိတို့ကို အကျယ်တဝင့် ဖော်ပြထားသည်။ ဤဟိန္ဒူဝါဒ အတ္တဒိဋ္ဌိကို သိရှိပြီးသောအခါ ဗုဒ္ဓဘာသာ၏ အနတ္တသဘောကို ရှင်းလင်း ပြတ်သားစွာ သိရှိနိုင်ပေလိမ့်မည်။ ထို့ကြောင့် ဤအတ္တဝါဒကို အကျယ်တဝင့် ရေးသားလိုက်ရခြင်း ဖြစ်ပေသည်။

ဤသို့လျှင် ဂုပတမင်းများ လက်ထက်၌ အနုပညာများ၊ သိပ္ပံပညာရပ်များ၊ ကဗျာလင်္ကာများ၊ စာပေ ကျမ်းဂန်များ တိုးတက်များပြား အဆင့်အတန်း မြင့်မားလာကြလေသည်။

အေဒီ ၄၈၀ လောက်တွင် မေတြက အမျိုးအနွယ်ဖြစ်သည့် ဘတာရက မင်းသည် ဆူရာရှတြ(ကာထိအာဝါး) ကျွန်းဆွယ်၏ အရှေ့ပိုင်းရှိ ဝလဘီမြို့၌ ထီးနန်းစိုက်ထူလေ၏။ သူ၏ မင်းဆက်များသည် အေဒီ ၇၇၀ လောက်တွင် ဆင်းနယ်မှ အာရတ်လူမျိုးများ ဝင်ရောက် တိုက်ခိုက်ကြသည်တိုင်အောင် တည်ရှိခဲ့ကြသည်။ ရှေးကျသော ဝလဘီမင်းများသည် ဟန်းလူမျိုး ဘုရင်တို့၏ လက်အောက်ခံ ဖြစ်ကြသည်။ ဟန်းလူမျိုး တို့၏ အုပ်စိုးမှု ပြိုကွဲပျက်စီးသည့်အခါ ဝလဘီမင်းများသည် ဣန္ဒိယ အနောက်ပိုင်းရှိ ဣန္ဒိယ ပြည်မကြီးနှင့် ဆူရာရှတြ ကျွန်းဆွယ် နှစ်ခုလုံးကို လွှမ်းမိုးအုပ်စိုးကြလေတော့သည်။ ဝလဘီမြို့သည် ခြောက်ရာစုနှစ်အတွင်းတွင် ဂုဏပတိနှင့် ဆထိရမတိ မည်သော ထင်ရှားကျော်ကြားသော ဗုဒ္ဓဘာသာ ရဟန်းတော်နှစ်ပါး၏ သီတင်းသုံးရာဌာနဖြစ်ခဲ့၏။ ခုနစ်ရာစုနှစ်အတွင်းတွင်ကား ထိုမြို့သည်တိုးတက်ကြီးပွားစည်ကား ကြွယ်ဝလာလေ၏။ ထိုအချိန်အခါက ဗိဟာရ်တောင်ပိုင်းရှိ နာဠန္ဒမြို့နှင့် ဤဝလဘီမြို့ နှစ်မြို့တို့သည် ဣန္ဒိယပြည် ထဲတွင် ဗုဒ္ဓဘာသာ စာပေကျမ်းဂန်များကို သင်ကြားရာ ဗဟိုဌာနများအဖြစ်ဖြင့် ထင်ရှားခဲ့ကြလေသည်။ ဝလဘီနှင့် မာလဝါ အနောက်ပိုင်းတို့သည် ဣန္ဒိယ မြောက်ပိုင်းကို အုပ်စိုးသည့် ဟာရှဘုရင်၏သားမက် ဓရုဝဘတ၏ လက်အောက်သို့ ရောက်ရှိသွားကြသော အခါ အန်ဟိလ်ဝါရသည်

ကုလိဒ္ဓိယအနောက်ပိုင်း၏ မြို့တော်အဖြစ်ဖြင့် ထင်ရှားသွားလေသည်။ ဤသို့လျှင် ဂုပတနိုင်ငံကြီးသည် အမျိုးမျိုးသော မင်းဆက်များ လက်အောက်သို့ ရောက်ရှိကာ အစိတ်စိတ်အမွှာမွှာ ကွဲပြားသွားလေတော့သည်။

အထက်၌ ပြဆိုအပ်ခဲ့ပြီးသည့်အတိုင်း ဟန်းလူမျိုးတို့သည် ကုရှန်မင်းတို့၏ ကာဘူနိုင်ငံကို သိမ်းယူပြီးနောက် ကုလိဒ္ဓိယပြည်ထဲသို့ ဝင်ရောက်လာကြ၏။ အေဒီ ၄၅၅ တွင် ဆကန္ဒဂုပတမင်းသည် ဟန်းတို့ကို တိုက်ခိုက်တွန်းလှန်လိုက်၏။ သို့ရာတွင် အေဒီ ၄၆၅ တွင် ဟန်းတို့သည် ကုလိဒ္ဓိယပြည်ထဲသို့ တဖန်ပြန်လည် ဝင်ရောက်လာကြကာ ဂန္ဓာရတိုင်း ပက်ရှဝါမြို့ကို သိမ်းပိုက်လိုက်ကြ၏။ သူတို့သည် ဤမြို့ကို အခြေခံပြုလုပ်ကြပြီး ဂင်္ဂါမြစ်တလျှောက်ရှိ နယ်ပယ်များအလယ်သို့ ထိုးဖောက်ဝင်ရောက်ကြကာ ဂုပတနိုင်ငံကြီးကို ဖြိုဖျက်လိုက်ကြလေသည်။

ဟန်းလူမျိုးတို့၏ ခေါင်းဆောင် တိုရမာနသည် အေဒီ ၅၀၀ မတိုင်မီက ကုလိဒ္ဓိယအလယ်ပိုင်း မာလဝါမြို့၌ ထီးနန်း စိုက်ထူခဲ့၏။ အေဒီ ၅၀၂ တွင် တိုရမာန ကွယ်လွန်သောအခါ သားတော် မိဟိရဂုလသည် သူ၏ အရိုက်အရာကို ဆက်ခံ၍ ပန်ဂျပ်နယ်၌ ဆလကမြို့ ယခုခေတ် ဆိအာလ်ကောဘ့မြို့ကို တည်ထောင်ကာ ထီးနန်းစိုက်ထူ၏။ သူသည် အိန္ဒုမြစ်ဝှမ်း၏ အရှေ့ဘက်ရှိ နယ်ပယ်များကိုရင်း၊ တောင်ဘက်ရှိ နယ်ပယ်များကိုရင်း အကြိမ်ကြိမ် ချီတက် တိုက်ခိုက်လေ၏။ ကုလိဒ္ဓိယ တိုင်းရင်းသား ဘုရင်များသည် ကုလိဒ္ဓိယအလယ်ပိုင်းဘုရင် ယဆိုဓရမန်၏လက်အောက်၌ စုရုံးကာ မိဟိရဂုလကို ခုခံတိုက်ခိုက် ကြ၏။ အေဒီ ၅၂၈ ခု

တွင် သူတို့သည် မိဟိရဂုလကို တိုက်ခိုက် နှိမ်နင်းလိုက်ကြ၏။ မိဟိရဂုလသည် ဣန္ဒိယအလယ်ပိုင်းမှ ဆုတ်ခွာသွားပြီး ကက်ရှမီးပြည်နှင့် ဂန္ဓာရပြည်တို့ကို သိမ်းပိုက်လိုက်၏။ သူသည် ရက်စက်ကြမ်းကြုတ်စွာဗုဒ္ဓဘာသာကျောင်းများနှင့် စေတီတော်များကို ဖျက်ဆီးပြီး ပစ္စည်းများကို လုယက်ခဲ့လေသည်။ ဤကဲ့သို့ သာသနာတော်ကို စော်ကားရုံမျှမက လူအမြောက်အမြားကိုလည်း သတ်ဖြတ်ညှဉ်းဆဲခဲ့၏။ အေဒီ ၅၄၂ ခု သူ သေဆုံးမည့်ဆဲဆဲတွင် မိုးမှောင်ကြီးကျခြင်း၊ မိုးချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ တော်လဲခြင်း၊ လျှော်လှုပ်ခြင်း၊ လေပြင်းမုန်တိုင်း တိုက်ခတ်ခြင်းစသော ထိတ်လန့်တုန်လှုပ်ဘွယ်ရာများ ဖြစ်ပွားနေကြစဉ် ဆိုးသွမ်းမိုက်မဲသောသူ၏ဘဝကို အဆုံးသတ်သွားလေတော့သည်။

မိဟိရဂုလကို တိုက်ခိုက်နှိမ်နင်းရာ၌ တိုင်းရင်းသား ဘုရင်များ၏ ခေါင်းဆောင် ဖြစ်ခဲ့သော ဣန္ဒိယအလယ်ပိုင်း ဘုရင်ယဆိုဓရမန်သည် ဟန်းလူမျိုး တို့ကို ဣန္ဒိယနိုင်ငံမှ နှင်ထုတ်လိုက်၏။ ထို့နောက် ဣန္ဒိယမြောက်ပိုင်း တခုလုံးကို ဟိမဝန္တာတောင်ခြေအထိ တိုက်ခိုက် သိမ်းယူလိုက်၏။ ထို့ပြင် သူသည် ဣန္ဒိယတောင်ပိုင်း နိုင်ငံအချို့ကိုပင် သိမ်းယူသေး၏။ သို့ရာတွင် သူတိုက်ခိုက်သိမ်းပိုက်ယူခဲ့သော နိုင်ငံများသည် အေဒီ ၅၅၀ လောက်တွင် သူ ကွယ်လွန်သည်နှင့် တပြိုင်နက် အစိတ်စိတ်အမွှာမွှာ ကွဲပြားသွားလေတော့သည်။

အေဒီ ၅၅၀ မှ ၆၀၀ ခန့်တိုင်အောင် အနှစ် ၅၀ အတွင်းတွင် ဣန္ဒိပြည်၏ သမိုင်းကိုအနည်းငယ်မျှသာ သိရှိရပေသည်။

ထိုအချိန်အခါ၌ အကြီးအမှူး ဦးစီးခေါင်းဆောင် ပြုလုပ်နိုင်သည့် နိုင်ငံကြီးများ မရှိတော့ဘဲ နယ်ပယ်အများအပြားသာ ပေါ်ပေါက်လာကြ၏။ ထိုနယ်ပယ်များ အနက် မိုလာပိုခေါ် အနောက် မာလဝါနယ်သည် အလွန်ထူးခြား မှတ်သားဘွယ် ကောင်းလှ၏။ ထိုမိုလာပိုနယ်သည် မဟီမြစ်ဝှမ်း တလျှောက် ဆာဗာမတီ၏ အရှေ့ဘက် ရာဂျပုတာန၏ တောင်ဘက်၌ တည်ရှိ၏။ မိုလာပိုနယ်၏ နယ်နိမိတ်သည် မြောက်ဖက်၌ ဂူဂျရတ်နိုင်ငံ ဘင်မားလ်၊ အနောက် မြောက်ဖက်၌ အာနန္ဒပူရနယ်၊ အရှေ့ဘက်၌ အဝန္တိခေါ် အရှေ့မာလဝါနယ်တို့ ဖြစ်ကြ၏။ မိုလာပို၏ လက်အောက်ခံ နယ်ပယ်များသည် အာနန္ဒပူရ၊ ကိချာနှင့် ဆူလချာတို့ ဖြစ်ကြသည်။

မိုလာပိုနယ်နှင့် ဆူရာရှတြ နယ်တို့အကြားရှိ ဝလဘီနယ်ကို မေရှဝဘတမည်သောမင်း အုပ်စိုး၏။ သူသည် ဣန္ဒိယမြောက်ပိုင်း၌ ထင်ရှား ကျော်စောသော ဟာရှဘုရင်၏ သားမက်ဖြစ်၏။ မေရှဝဘတမင်း၏ ဦးလေးဖြစ်သော သီလာဒိတျမင်းသည် အေဒီ ၅၉၅ မှ ၆၁၅ တိုင်အောင် မိုလာပိုနှင့် ဝလဘီတို့၏ ဘုရင်ဖြစ်ခဲ့၏။ သီလာဒိတျမင်းသည် ဗုဒ္ဓဘာသာကို အလွန်ယုံကြည် လေးစားသည့် ပညာရှိမင်းတပါးဖြစ်သည်။ သူသည် ရတနာသုံးပါးကို မတုန်မလှုပ် ကြည်ညိုသည်သာမက သီလနှင့်လည်း ပြည့်စုံ၏။ ရေထဲရှိ ပိုးမွှားများ သေကြေပျက်စီးကြမည် စိုးသောကြောင့် သူ၏ မြင်းများနှင့် ဆင်များအား တိုက်မည့်ရေကို ပိုးမွှားများ မပါအောင် စစ်ပြီးမှတိုက်စေသည်။ သူသည် နန်းတော်အနီး၌ ရတနာတို့ဖြင့် စီခြယ်ထားသည့် ကောင်း မွန် လှ ပ သော

တန်ဆောင်းတခု ဆောက်လုပ်ပြီး ထိုတန်ဆောင်းထဲ၌ ဘုရား ခုနစ်ဆူတို့၏ ရုပ်တုတော်များကို ထုလုပ်ထား၏။ ဆီလာဒိတျ မင်းသည် နှစ်စဉ်နှစ်တိုင်း ရဟန်းတော်များကို ပင့်ဖိတ်၍ အလှူ ကြီးကို ရက်ရောစွာပေးလှူလေ့ရှိသည်။ သူ၏ ဗုဒ္ဓ ဘာသာကို ကြည်ညိုလေးစား အားပေးချီးမြှောက်သည့် အလေ့အထသည် သူ၏ သား၊ မြေး၊ မြစ်များ လက်ထက်တိုင်အောင် မပျက် မကွက် ဆက်လက်တည်ရှိသွားလေသည်။

## ဟာရှဘုရင် (အေဒီ ၆၀၆–၆၄၇)

ရှေးပဝေဏီက ဌာနေဆာရမြို့၏ ပတ်ဝန်းကျင် အရပ်သည် ကောရဝ မင်းသားတို့နှင့် ပန္ဒုမင်းသားတို့ စစ်တိုက်ခိုက်ရာ ကုရုကရှေတြ မည်သော စစ်တလင်းကြီး ဖြစ်ခဲ့ဘူး၏။ ခြောက် ရာစုနှစ် နှောက်ပိုင်းတွင် ဌာနေဆာရပြည့်ရှင် ပရဘာကရဝဒ္ဓန ဘုရင်သည် အိမ်နီးချင်းဖြစ်သော မာလဝါနယ်၊ ပန်ဂျပ်ပြည် အနောက်မြောက်ပိုင်းနယ်နှင့် ဂူဂျရတ်နယ်တို့ကို တိုက်ခိုက် အောင်မြင်ပြီး တန်ခိုးကြီးမားလာခဲ့သည်။

အေဒီ ၆၀၄ ခုတွင် ပရဘာကရဝဒ္ဓနဘုရင်သည် အနောက် မြောက်နယ်စပ်ရှိ ဟန်းတို့ကို တိုက်ခိုက်ရန် အလွန် အင်အား ကြီးမားသော စစ်တပ်နှင့်တကွ အသက် ၁၉ နှစ်ရှိသော သားတော်ကြီး ရာဂျယဝဒ္ဓန အိမ်ရှေ့မင်းကို စေလွှတ်လိုက်၏။ သားတော်ကြီးအိမ်ရှေ့မင်းအောက် လေးနှစ်ငယ်သောသားတော် ကလေး ဟာရှမင်းသားသည်လည်း နောင်တော်နောက်သို့ မြင်းတပ်နှင့်အတူ လိုက်ပါသွား၏။ နောင်တော်မင်းသားသည်

ရန်သူကို ရှာဖွေရန် တောတောင်များ အတွင်းသို့ ချီတက်နေစဉ် ညီတော်မင်းသားသည် တောင်ခြေရင်းရှိ တောများအတွင်း၌ မြူးတူးပျော်ပါး ကစားခုန်စား နေရစ်ခဲ့လေသည်။

ဟာရှမင်းသားသည် ဤကဲ့သို့ သာယာကြည်လင် ပျော်ရွှင်ချမ်းမြေ့နေစဉ် ခမည်းတော် အသည်းအသန် မကျန်းမမာဖျားနာနေကြောင်း သတင်းစကားကို ကြားသိရ၏။ သူသည် မြို့တော်သို့ အလျင်အမြန် ပြန်လည်ရောက်ရှိလာသောအခါ ခမည်းတော်ကို မြော်လင့်ဘွယ်မရှိသည့် အခြေအနေ၌ တွေ့ရှိရ၏။ ခမည်းတော် ကွယ်လွန်ပြီးနောက် မကြာမီပင် နောင်တော် ရာဇျယဝဒ္ဓနသည်လည်း မြို့တော်သို့ ပြန်လည်ရောက်ရှိလာ၏။ ဤသို့လျှင် ဥပရာဇာဖြစ်သော ရာဇျယဝဒ္ဓနသည် အေဒီ ၆၀၅ ခုတွင် ထီးနန်းကို ဆက်ခံ စိုးစံလေသည်။

ရာဇျယဝဒ္ဓနမင်းသည် နန်းတက်ပြီး မကြာမီပင် စစ်မြေပြင်သို့ ထွက်ရပြန်၏။ သူတို့၏ အစ်မတော် ရာဇျယဆရီမင်းသမီး၏ ကြင်ရာတော် ဂရဟဝါမ်မောခရီမင်းကို မာလဝါမင်းက သတ်ဖြတ်ပြီး ရာဇျယဆရီ မင်းသမီးကိုလည်း ကနောဇ်မြို့၌ ချုပ်နှောင်ဖမ်းဆီးထားသည်ဟု ကြားသိရသဖြင့် ရာဇျယဝဒ္ဓနမင်းသည် ချက်ချင်းပင် ရဲမက်ဗိုလ်ပါ တသောင်းပါဝင်သော မြင်းတပ်ဖြင့် မာလဝါမင်းကို တိုက်ခိုက်၏။ မာလဝါမင်းကို အလွယ်တကူ နှိမ်နင်းအောင်မြင်ခဲ့၏။ သို့ရာတွင် မာလဝါမင်း၏ မဟာမိတ် ဘင်္ဂါ အလယ်ပိုင်းဘုရင် ဆဆန်ကသည် ရာဇျယဝဒ္ဓန မင်းကို အယုံသွင်းကာ အစောင့်များ မရှိခိုက် တိတ်တဆိတ် ချောင်းမြောင်း သတ်ဖြတ်ပစ်လိုက်သည်။

ကွယ်လွန်သူ ရာဂျ်ယဝဒ္ဓနမင်းမှာ ထီးနန်း ဆက်ခံနိုင်သည့် သား မကျန်ရစ်သဖြင့် ညီတော်ဟာရှမင်းသားသည် ဒအေဒီ ၆ဝ၆ တွင် ထီးနန်းကို ဆက်ခံရ၏။ ဟာရှမင်းသည် နန်းတက်ပြီးလျှင် ပြီးချင်း သူ၏အစ်မတော်ကို ဝိန္ဒယ တောကြီးထဲ၌ ရှာဖွေပြီး ကယ်ဆယ်လိုက်ရ၏။ ထို့နောက် သူသည် ဆင် ၅ဝဝဝ၊ မြင်း ၂ဝဝဝဝ နှင့် ခြေသည်သူရဲ ၅ဝဝဝဝ ပါဝင်သည့် ကြီးမား ကြောက်မက်ဘွယ်သော စစ်အင်အားဖြင့် ဇူနှိယမြောက်ပိုင်းကို တိုက်ခိုက်လေ၏။ ငါးနှစ်ခွဲ ကြာသောအခါ သူသည် ဇူနှိယ အနောက်မြောက်ပိုင်းနယ်များနှင့် ဘင်္ဂါနယ် အများအပြားကို သိမ်းယူခဲ့၏။ သူ၏ စစ်သည်အင်အားမှာ ဆင် ၆ဝဝဝဝ နှင့် မြင်း ၁ဝဝဝဝဝ ထိအောင် တိုးတက်ကြီးမားလာ၏။ ထို့နောက် ဟာရှမင်းသည် အေဒီ ၆၄၇ တိုင်အောင် နောက်ထပ် ၃၅ နှစ်မျှ ထီးနန်းစိုးစံရသည်။

အေဒီ ၆၂ဝ တွင် ဟာရှမင်းသည် ဒက္ခိဏာ ကုန်းမြေမြင့်ကို အုပ်စိုးသည့် ချာလုကျ မင်းများအနက် တန်ခိုး အကြီးမားဆုံး ဖြစ်သော ဒုတိယပုလကေဆီ မင်းကို အလွန်ကြီးမားသော စစ်အင်အားဖြင့် သွားရောက်တိုက်ခိုက်၏။ ဒုတိယပုလကေဆီ မင်းသည် နာရ်မဒါး (နမ္မဒါး) မြစ်တဖက်ကမ်းမှ အပြင်းအထန် ခုခံတိုက်ခိုက်ရကား ဟာရှမင်းသည် ဖရိုဖရဲ ဆုတ်ခွာခဲ့ရ၍ နာရ်မဒါးမြစ်ကို နှစ်နိုင်ငံ၏ နယ်ခြားအဖြစ် သတ်မှတ်လိုက်ရ ပေသည်။ ဟာရှမင်းသည် အေဒီ ၆၃၃ လောက်တွင် ဝါလဘီ ပြည့်ရှင် ဒုတိယဓရုဝဆေနမင်းကို တိုက်ခိုက်နှိမ်နင်းပြီး သမီး တော်နှင့် လက်ဆက်ကာ လက်အောက်ခံအဖြစ်ဖြင့် ထားရှိခဲ့၏။

ထို့နောက် ဝါလဘီပြည်၏ လက်အောက်ခံဖြစ်သည့် အာနန္ဒပုရနယ်၊ ကိချာနယ်နှင့် ကာထိဓအာဝါး တောင်ပိုင်းနယ်တို့ကို သိမ်းပိုက်လိုက်သည်။

ဟာရှမင်း၏ နိုင်ငံသည် မာလဝါဂုဂျရတ်နှင့် ဆုရာရှတြနယ်တို့ကို ချန်ထား၍ မြောက်ဖက်၌ ဟိမဝန္တာမှ တောင်ဘက်၌ နမ္မဒါမြစ်တိုင်အောင် အရှေ့ဘက်၌ အာသံ (ကာမရူပ) နယ်မှ အနောက်ဘက်၌ ဝါလဘီနယ်တိုင်အောင် ကျယ်ပြန့်၏။ ဤမျှ ကျယ်ပြန့်သော ဣန္ဒိယမြောက်ပိုင်း၌ ဌာနေဆာရ်နိုင်ငံ ထူထောင်ကာ ကနော်ဂျ်မြို့မှ နေ၍ အုပ်ချုပ်၏။ ဟာရှမင်းသည် အုပ်ချုပ်ရေး၌လည်း ကျွမ်းကျင် လိမ်မာ၏။ နိုင်ငံတွင်း၌ လှည့်လည်ကာ လက်အောက်ခံ ဘုရင်များသည် တိုင်းသူပြည်သားတို့ကို တရားသဖြင့် အုပ်ချုပ်သည် မအုပ်ချုပ်သည်ကို လိုက်လံစစ်ဆေးကြည့်ရှု၏။ ဟာရှမင်းသည် အခွန်တော်များကို လျှော့ပေါ့ကောက်ခံကာ ဘာသာအမျိုးမျိုးတို့ကို ကူညီ ထောက်ပံ့၏။ ကြီးလေးသော ရာဇဝတ်မှုများကို ကျူးလွန်သူများအား ထောင်ချခြင်း၊ နှာခေါင်း၊ နား၊ လက်၊ ခြေတို့ကို ဖြတ်တောက်ခြင်း၊ တိုင်းပြည်မှ နှင်ထုတ်ခြင်း စသော အပြစ်ဒဏ်များကို ပေးလေသည်။

ဟာရှမင်းသည် စာပေကျမ်းဂန် တတ်မြောက်သည့် စာဆိုတော်လည်း ဖြစ်၏။ သူကိုယ်တိုင် နာဂါနန္ဒ၊ ရတနာဝလီနှင့် ပရိယဒါရ်ဆိကာ ပြဇာတ်များကို သက္ကဋ္ဌဘာသာဖြင့် ရေးသားထားခဲ့သည်။ ထိုပြဇာတ်များသည် ယခုခေတ်တိုင်အောင်ပင် ထင်ရှား ကျော်ဇောသော ပြဇာတ်များ ဖြစ်ကြသည်။ ဟာရှ

မင်းသည် ပညာရှိများကို နှစ်သက် လေးစား၏။ ဗာဏ မည်သော ဗြာဟ္မဏ စာဆိုတော်ကြီးကို မိမိထံပါးဝယ် အမြဲ ခစားစေလျက် များစွာ ချီးမြှောက် အားပေးလေသည်။

ဟာရှမင်းသည် ထီးနန်းစိုးစံရသည့် ၄၅ နှစ်အတွင်း ၃၇ နှစ်မျှ စစ်တိုက်နေရ၏။ သူသည် အေဒီ ၆၄၃ တွင် နောက်ဆုံး အကြိမ် ဂန်ဂျံပြည်နယ်ကို တိုက်ခိုက်ခဲ့၏။ ထို့နောက် သူသည် ကျန်ရှိနေသေးသည့် နှစ်အနည်းငယ်အတွင်း အသောကမင်းကြီး ကို အတုယူကာ ဘာသာရေးကို လိုက်စားခဲ့၏။ သူသည် ရှေးဦးစွာ ဟီနယာန ဗုဒ္ဓဘာသာကို ကြည်ညို လေးစား၏။ ထို့နောက် မဟာယာန ဗုဒ္ဓဘာသာကို ပိုမို နှစ်သက် ယုံကြည် သွား၏။ သူသည် ဗုဒ္ဓဘာသာ တရားတော်ကို အတိအကျ လိုက်နာသောအားဖြင့် မိမိ၏ နိုင်ငံတော်အတွင်း၌ တိရစ္ဆာန်များ အား သတ်ဖြတ် စားသောက်ခြင်းကို အတင်းအကြပ် ပိတ်ပင် တားမြစ်ခဲ့သည်။

ဟာရှမင်းသည် ခရီးသည်များနှင့် ဆင်းရဲနွမ်းပါးသူများ အတွက် စရပ်များနှင့် မကျန်းမာသူများအတွက် ဆေးရုံများကို မြို့ရွာ တောပါ နေရာဒေသ အနှံ့အပြား၌ ဆောက်လုပ်ထား၏။ စရပ်၌ လာရောက် တည်းခိုသူများအား အစားအသောက်ကို ကျွေးမွေး၏။ ဆေးရုံသို့ လာရောက်သူ လူနာများအား ဆေး ဆရာများက စမ်းသပ်စစ်ဆေးပြီး သင့်လျော်သည့် ဆေးကို ပေးကြသည်။ ဟာရှမင်းသည် နန်းတက်စ၌ ဗြာဟ္မဏဘာသာကို ယုံကြည်လေးစားသော်လည်း နောက်ပိုင်း၌ ဗုဒ္ဓဘာသာဝင် ဖြစ်လာခဲ့၏။ သူ၏ နောင်တော် ရာဇျဝဒ္ဓနသည်ရင်း၊ အစ်မ

တော် ရာဂျယဆရီသည်ငှင်း ဟီနယာန ဆမ္မိတီယဂိုဏ်း ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြကုန်၏။ ဟာရှမင်းသည် ဂင်္ဂါမြစ်တလျှောက်၌ ထောင်သောင်းမကသော စေတီတော်များကို တည်ထားခဲ့၏။ ရဟန်းတော် နှစ်သိန်းလောက်အတွက် ကျောင်းအမြောက်အမြားကိုလည်း ဆောက်လုပ် လှူဒါန်း၏။ နှစ်စဉ်နှစ်တိုင်း သံဃာတော်များအား ပင့်ဖိတ်လှူဒါန်းကာ သာသနာတော်ရေးကို ဆွေးနွေးစေသည်။ ဟာရှမင်း၏ လက်ထက်တွင် နာဠန္ဒ ခေါ် ဗုဒ္ဓဘာသာ တက္ကသိုလ် ကျောင်းတော်ကြီးသည် အလွန် ထင်ရှား ကျော်ဇော၏။ သူသည် ထို တက္ကသိုလ် ကျောင်းတော်ကြီးကို အားပေးချီးမြှောက် ထောက်ပံ့ခဲ့၏။ ဟာရှမင်းသည် ဤကဲ့သို့ ဗုဒ္ဓသာသနာတော်ကို အဖက်ဖက်က ချီးမြှောက်အားပေးနေစဉ် အေဒီ ၆၄၇ ခုတွင် နတ်ရွာစံတော်မူလေသည်။

ထိုမင်း လက်ထက်၌ တရုတ်ဘုရားဖူး ရဟန်းတော် အရှင်ဟူအင်စံသည် အရှင် ဖာဟီယန်ကဲ့သို့ပင် ပိဋကတ် ကျမ်းစာများကို ရှာဖွေရန်နှင့် ဘုရားဖူးရန် ဣန္ဒိယပြည်သို့ ကြွလာ၏။ အရှင်ဟူအင်စံသည် တောင်ဘက် အစွန်ဆုံးဒေသများမှတပါး ဣန္ဒိယပြည် တဝှန်းလုံး၌ အေဒီ ၆၂၉ မှ ၆၄၅ တိုင်အောင် ဆယ့်ခြောက်နှစ် ကာလပတ်လုံး လှည့်လည် နေထိုင်ပြီး တွေ့မြင်ကြားသိရသမျှ အကြောင်းအရာများကို မှတ်တမ်း ရေးသားထားခဲ့၏။

ထို မှတ်တမ်းထဲတွင် သူရောက်စဉ်က ဣန္ဒိယပြည်၏ နိုင်ငံရေး၊ ဘာသာရေး၊ ပေါင်းသင်းဆက်ဆံရေး စသည်တို့ကို ရေးသား

ဖော်ပြထားပေသည်။ ရဟန်းတော် ဟူအင်စံ၏ ထို မှတ်တမ်း အကျဉ်းချုပ်မှာ အောက်ပါအတိုင်း ဖြစ်ပေသည်။

## အရှင် ဟူအင်စံ၏ မှတ်တမ်း

အရှင် ဟူအင်စံသည် အေဒီ ၆၂၉ ခု၌ တရုတ်ပြည်မှ ထွက်ခွာ လာခဲ့ရာ ၆၄၅ ခုမှပင် တရုတ်ပြည်သို့ ပြန်သွားလေ၏။ သူသည် ဤနှစ်များအတွင်းတွင် သူထက် အနှစ် နှစ်ရာဦးသော အရှင် ဖာဟီယန်ကဲ့သို့ပင် ဣန္ဒိယပြည်တွင်း၌ လှည့်လည်ကာ ပိဋကတ် ကျမ်းစာများကို လေ့လာ သင်ကြား ရှာဖွေခဲ့လေသည်။

အရှင် ဟူအင်စံသည် တရုတ်ပြည် ဟိုနန်နယ် ကိုက်ဖင်မြို့၌ အေဒီ ၆၀၃ ခုနှစ်တွင် မွေးဖွားခဲ့၏။ သူသည် ပညာဉာဏ် ထက်မြက်စူးရှကာ အမြင်ကျယ်သူ ဖြစ်၏။ သူသည် ရတနာ သုံးပါးကို အလွန် ယုံကြည်လေးစား၍ မဟာယာန ဗုဒ္ဓဘာသာ ပိဋကတ် ကျမ်းစာများကို အထက်တန်းကျကျ သင်ယူ တတ်မြောက်ခဲ့၏။ သို့ရာတွင် သူသည် တတ်မြောက်ပြီးသည့် မဟာ ယာန ကျမ်းစာများနှင့်သာ မတင်းတိမ် မရောင့်ရဲနိုင်သေးဘဲ ဟီနယာန ကျမ်းစာများနှင့် ဟိန္ဒူဘာသာ ကျမ်းစာ များကို လည်း သင်ယူလေ့ကျက်ရန် အလွန် စိတ်အားထက်သန်၏။ သူသည် သေချာစေ့စပ်စွာ ရှုမြင် မှတ်သားတတ်သည့်အားလျော် စွာ ဣန္ဒိယပြည်၏ ခုနှစ်ရာ ခုနှစ်အတွင်း အခြေအနေကို အသေး စိတ် လေ့လာ မှတ်သားထားခဲ့လေသည်။

အရှင် ဟူအင်စံသည် သက်တော် ၂၆ နှစ် အေဒီ ၆၂၉ ခုနှစ်တွင် သူ၏ ခရီးလမ်းစဉ်ကို စတင်ခဲ့လေသည်။ သူ၏ ခရီး

လမ်းစဉ် အစသည် အရှင်ဖာဟီယန်၏ ခရီးလမ်းစဉ် အစနှင့် ခပ်ဆင်ဆင် တူ၏။ သို့ရာတွင် သူသည် မြောက် ဖက် နှင့် အနောက်ဖက်သို့ သာ၍ ဝေးကွာစွာ သွယ်ဝိုက်၍ သွား၏။ သူသည် ဗိုခါးရေးပြည်တွင်ရှိ ဂျက်ဆာတက်စ် မြစ်ကို ကူးဖြတ်၍ ဆမာကန်မြို့သို့ ရောက်၏။ ထို့နောက် သူသည် ဗောလ်ခ်ပြည်ထဲက အောက်စ်ဆပ်မြစ်ကို ဖြတ်ကျော်ပြီး ဟိမာလယ အနောက်ပိုင်း ဒေသရှိ ကာပီဆာ ပြည်သို့ ရောက် သွား ၏။ ထိုပြည်သည် ယခုခေတ် ကာဗူလ်နယ်ထဲမှာ တည်ရှိခဲ့ဟန် တူသည်။

အရှင် ဟူအင်စံ၏ ခရီးစဉ် တလျှောက်လုံး၌ ဗုဒ္ဓသာသနာတော်သည် စည်ပင် ပြန့်ပွားနေဆဲပင် ဖြစ်၏။ ကာပီဆာ ပြည်ကို ခတ္တိယအနွယ်ဝင် ဘုရင်တဦး အုပ်စိုး၏။ ထိုပြည်၌ ကျောင်းပေါင်း တရာနှင့် ရဟန်းတော် ခြောက်ထောင်မျှ ရှိကြ၏။ ထို့ပြင် ဟိန္ဒူ ဘုရားကျောင်းများသည်လည်း နှစ်ဆယ်လောက် ရှိကြသေး၏။ ထို ဘုရားကျောင်းများသည် ဟိန္ဒူ ဘာသာ ဂိုဏ်းအမျိုးမျိုးတို့နှင့် သက်ဆိုင်ကြ၏။ ဟိန္ဒူ ဘုန်းကြီးအချို့တို့သည် အဝတ် မဝတ်ကြကုန်။ အချို့တို့သည်ကား တကိုယ်လုံး ပြာလူးကာ ခေါင်းခွံများကို ဆင်မြန်းထားကြသည်။

ထို့နောက် အရှင်ဟူအင်စံသည် ဣန္ဒိမြောက်ပိုင်းသို့ ဝင်သွားပြီး လမ္ပာမြို့သို့ ရောက်၏။ ထိုမြို့၏ အရှေ့တောင်ဘက်၌ ဂန္ဓာရပြည်ရှိ၏။ ထိုပြည်၏မြို့တော်ကား ပုရုရှပုရမည်၏။ ယခုခေတ် ပက်ရှဝါပင်ဖြစ်၏။ ထိုအခါက ဂန္ဓာရပြည်သည် ကာပီဆာပြည်၏ လက်အောက်ခံဖြစ်၏ ဂန္ဓာရပြည်၌ ပျက်စီး ယိုယွင်းနေသည့် ရဟန်းတော်ကျောင်းများ၊ စေတီ ပုထိုးများနှင့် အသောက

မင်းကြီး။ သို့မဟုတ် ကနစ်ရှကမင်းတို့ တည်ဆောက်ထားခဲ့သော အထိမ်းအမှတ်များ ရှိနေကြ၏။ ဣလူရ သို့မဟုတ် ဆိဝတို့အား ပူဇော်ရာ ဟိန္ဒူဘုရားကျောင်းများလည်း အမြောက်အမြားပင် ရှိသေးသည်။

အရှင်ဟူအင်စံသည် မြောက်ဖက် ဥဒယာနပြည်သို့ ဆက်လက် သွားခဲ့၏။ ထိုပြည်၌ ရဟန်းတော်ကျောင်းများသည် အများအားဖြင့် ယိုယွင်းပျက်စီးနေကြ၏။ ထိုနောက် သူသည် ကက်ရှိမီးယားပြည်သို့ ရောက်သွား၏။ ထိုပြည်သည် ဗြာဟ္မဏဘာသာဝင် မင်းဆက်များ လက်အောက်သို့ ရောက်ရှိနေ၏။ သူသည် တောင်ဘက်သို့ ဆက်လက်သွားပြန်ရာ မထူရနှင့် ဌာနေဆာရ်မြို့တို့သို့ ရောက်ရှိ၏။ ထိုမြို့တို့၌ ဗုဒ္ဓဘာသာနှင့် ဗြာဟ္မဏဘာသာတို့ အတူယှဉ်တွဲကာ ထွန်းကားနေကြကုန်သည်။

အရှင်ဟူအင်စံသည် ထိုနောက် ကနောဂျ်မြို့သို့ ရောက်၏။ ထိုမြို့သည် အလျား လေးမိုင် အနံတမိုင်ရှိ၏။ ထိုမြို့၌ ထီးနန်းစိုက်ထူကာ ဟာရှဝဒ္ဓနမင်းသည် အလွန်ကျယ်ပြန့်သည့် ဣန္ဒိယမြောက်ပိုင်းတခုလုံးကို လွှမ်းမိုးအုပ်ချုပ်နေ၏။ သူသည် သီလာဒိတျဟူသောဘွဲ့ကို ခံယူကာ မဟာယာန ဗုဒ္ဓဘာသာကို အလွန်အားပေး ချီးမြှောက်သည့် ဘုရင်တဦး ဖြစ်ပေသည်။

အရှင်ဟူအင်စံသည် ရှေ့သို့ ဆက်လက်သွားပြန်ရာ အယုဒ္ဓယမြို့နှင့် ပရာယဂါမြို့တို့သို့ ရောက်၏။ ထိုမြို့တို့၌ ဗြာဟ္မဏဘာသာ ထွန်းကားနေ၍ ဗုဒ္ဓဘာသာ အလွန်ဆုတ်ယုတ် ပျက်ပြားနေသည်။ ကောသမ္ဗီနှင့် သာဝတ္ထိတို့၌လည်း ဗုဒ္ဓဘာသာ သာသနာမှာ ကွယ်သလောက်ဖြစ်နေ၏။ မြတ်စွာဘုရား မွေးဖွားတော်

မူရာ ကပိလဝတ်ပြည်သည်ကား လူနေအိမ်ခြေမရှိဘဲ ပျက်စီးယိုယွင်းနေ၏။ ဗာရာဏသီမြို့၌ ဗြာဟ္မဏဘာသာ အလွန်ကြီးပွားထွန်းကားနေ၏။ ဝေသာလီမြို့လည်း ပျက်စီးနေ၏။ မြို့၏ပတ်ဝန်းကျင်၌ကား ဗြာဟ္မဏဘာသာ ဘုရားကျောင်း အမြောက်အမြားရှိနေကြ၏။ မဂဓတိုင်း၌ ကျောင်းငါးဆယ်နှင့် ရဟန်းတော်တသောင်းလောက်ရှိကြ၏။ သို့ရာတွင် ဗြာဟ္မဏ ဘုရားကျောင်းများကလည်း မနည်းလှပေ။ ပါဋလိပုတ်မြို့မှာ လူသူတိတ်ဆိတ်နေ၏။ ဆယ့်လေးမိုင်လောက် ကျယ်ဝန်းသည့် ပတ်ဝန်းကျင်ဒေသ၌ကား အရာမက များစွာသော ကျောင်းပျက်များနှင့်စေတီပုထိုးပျက်များ ရှိနေကြသေး၏။ ဂယာမြို့နှင့် ရာဇဂြိုဟ်မြို့တို့၌ ဗြာဟ္မဏ အိမ်ထောင်စု အများအပြား ရှိနေကြသည်။

အရှင်ဟူအင်စံသည် မြတ်စွာဘုရား ပွင့်တော်မူရာ ဗုဒ္ဓဂယာ၌ခေတ္တနေထိုင်ပြီးနောက် နာလန္ဒာ ကျောင်းတိုက်သို့ ကြွသွား၏။ ဤနာလန္ဒာကျောင်းတိုက်သည် ဣန္ဒိယပြည်၌ ကြီးကျယ်ခမ်းနားအထင်ရှားဆုံးသော ဗုဒ္ဓဘာသာ တက္ကသိုလ်ဖြစ်၏။ ဤနာလန္ဒာတက္ကသိုလ်ကို မဂဓပြည်နှင့် ကနော့ဂျိပြည်တို့၏ အရှင်ဘုရင်ဟာရှဝဒ္ဓနသည် စိတ်အားထက်သန်စွာ ကူညီအားပေး ချီးမြှောက်ထောက်ပံ့၏။ အရှင်ဟူအင်စံသည် နာလန္ဒာတက္ကသိုလ်၌ငါးနှစ်ကာလပတ်လုံး နေထိုင်၍ ထိုတက္ကသိုလ်၏ အကြောင်းအရာများကို စုံစုံလင်လင် မှတ်တမ်းတင်ထားခဲ့လေသည်။

နာလန္ဒာ တက္ကသိုလ်သည် ရဟန်းသာမဏေ တသောင်း သီတင်းသုံးကာ ပညာသင်ယူရာ ဌာနဖြစ်ရကား အလွန်ကြီးမား ကျယ်ဝန်းလှပေ၏။ မြတ်စွာဘုရား၏ လက်ထက်တော်အခါက ဤ

တက္ကသိုလ်နေရာ၌ သရက်ဥယျာဉ်ကြီး ရှိခဲ့၏။ ထိုဥယျာဉ်ကို ပိုင်ရှင်သူဌေးက မြတ်စွာဘုရားအား လှူဒါန်းသဖြင့် ထိုဥယျာဉ်ထဲ၌ မြတ်စွာဘုရား သီတင်းသုံးတော်မူဘူး၏ဟု ပြောဆိုကြ၏။ ဤတက္ကသိုလ်ကျောင်းတိုက်ကို တဦးတယောက်ထည်းက တည်ထောင်ခဲ့သည် မဟုတ်ဘဲ အသောကမင်းကြီး၏ နောက်မှစ၍ အနှစ်ကိုးရာကျော် ကာလပတ်လုံး မင်းအဆက်ဆက်တို့ တည်ဆောက်ပြုပြင် ချဲ့ထွင်မွမ်းမံ ချယ်လှယ်ခဲ့ကြကုန်၏။ ကျောင်းအသီးသီးတို့၏ ပြာသာဒ်ဆောင်ထုပ်ကာအထွတ် အဖျားများသည် အေးချမ်းသာယာသည့် ဥယျာဉ်တွင်းရှိ စိမ်းလန်းစိုပြေသည့် သစ်ပင်များ အထက်သို့ ထိုးထွက်နေကြသည်မှာ သာယာကြည်နူးဘွယ် ကောင်းလှပေသည်။ ကျောင်းတိုက်၏ အုတ်တံတိုင်းအတွင်း၌ အထပ်လေးထပ်ရှိ ကျောင်းကြီး ခြောက်ကျောင်း ရှိကြကုန်၏။ ထိုကျောင်းများထဲ၌ စာသင်သားများ နေထိုင်ရာ အခန်းများ၊ စာချခန်းများနှင့် အစည်းအဝေးခန်းများ ရှိကြကုန်၏။ ဤ ကျောင်းတိုက်၌ ပညာသင်ကြားနေကြသည့် စာသင်သားများကို လိုလေသေး မရှိရအောင် ပစ္စည်းလေးပါးဖြင့် ထောက်ပံ့ထားလေသည်။

လူတို့နှင့် ကင်းဝေးကာ ဆိတ်ငြိမ်အေးချမ်း သာယာလှသည့် ဤတက္ကသိုလ် ကျောင်းတိုက်အတွင်း၌ စာသင်သား ရဟန်းသာမဏေတို့သည် မည်သည့် အရှုပ်အထွေး အနှောက်အယှက်မျှ မရှိကြဘဲ စိတ်ကြည်လင် သန့်ရှင်းစွာနှင့် ပညာကိုသာ သင်ယူကြိုးစားနေကြကုန်၏။ ဤကျောင်းတိုက်၏ ဂုဏ်သတင်းသည် ဣန္ဒိယနိုင်ငံတဝှန်းလုံး ပြန့်နှံ့ကျော်ကြားနေရခြင်းမှာ ခမ်းနား

လှပသော အဆောက်အဦများနှင့် စိမ်းစို စည်ကားလှသည့် သစ်ပင်ဥယျာဉ်များကြောင့်သာ မဟုတ်ဘဲ ပညာသင်ကြားပုံ စည်းစနစ်နှင့်တကွ စာချဆရာများ၏ အလွန်မြင့်မားသော အရည်အသွေးကြောင့်ပင် ဖြစ်ပေသည်။ ရဟန်းတော်များသည် ယေဘုယျအားဖြင့် မဟာယာနဂိုဏ်းသားများ ဖြစ်ကြ၏။ သို့ရာတွင် ဗုဒ္ဓဘာသာဝင် ဆယ့်ရှစ်ဂိုဏ်းလုံးပင် စုဝေးရောနှောကာ ပညာသင်ကြားနေကြ၏။ စာသင်သားတို့သည် ဗုဒ္ဓဘာသာ စာပေကျမ်းဂန်များကိုသာမက ဆေးကျမ်း၊ ဂဏန်းသင်္ချာ စသည့် ခေတ်ပညာအားလုံးကိုလည်း သင်ကြားနေကြကုန်၏။ ဤနာလန္ဒာတက္ကသိုလ်ကျောင်းတိုက်ကို အုပ်ချုပ်သည့် ဆရာတော်ကြီးသည်ကား လောကီ လောကုတ္တရာ အဖြာဖြာသော ကျမ်းဂန်တို့၌ တတ်မြောက် ကျွမ်းကျင်တော်မူသည့် သီလဘဒြမထေရ်ကြီးပင် ဖြစ်လေသည်။

အရှင်ဟူအင်စံသည် ဤတက္ကသိုလ်၌ သက္ကဋဘာသာနှင့်တကွ ဗုဒ္ဓဘာသာ ကျမ်းဂန်များ၊ ဗြာဟ္မဏဘာသာ ကျမ်းဂန်များကို သင်ယူလေ့လာခဲ့၏။ သူသည် ဤတက္ကသိုလ်၌ ပညာသင်နေစဉ် ငါးနှစ်တကြိမ် ကျင်းပသော အလွန်ကြီးမား ခမ်းနားသည့် ယဇ်ပူဇော်ပွဲကြီးကို တွေ့ရှိခဲ့ရသည်။ ထိုယဇ် ပူဇော်ပွဲကြီးသည် ရှေးခေတ် ဣန္ဒိယ ဗုဒ္ဓဘာသာဝင်တို့၏ အပြုအမူအလေ့အကျင့်များကို အထင်အရှား ဖော်ပြပေသည်။

သို့ဖြစ်၍ အရှင်ဟူအင်စံသည် ထိုယဇ်ပူဇော်ပွဲကြီးအကြောင်းကို အကျယ်တဝင့် ရေးသားထားခဲ့သည်။

# ယင်ပူဇော်ပွဲကြီး

ဣန္ဒိယ တပြည်လုံးတွင် အမြတ်ဆုံးဌာနဟု သမုတ်အပ်သော ဂင်္ဂါမြစ်နှင့် ယမုနာမြစ်တို့ဆုံရာ ပရာယဂါအရပ်၌ ခြောက်မိုင်ပတ်လည်လောက် ကျယ်ပြန့်သည့် လွင်ပြင်တခု ရှိ၏။ ထိုဌာနကို ရှေးပဝေဏီအခါကစ၍ ဘူမိနက်သန့်မှန်သော မြေကွက်ဟု ယူဆထားကြ၏။ ထိုမြေကွက်ပေါ်၌ ပိုက်ဆံတပြားကို လှူရခြင်းသည် တခြားနေရာ၌ ငွေတသိန်းကို လှူရသလောက် အကျိုးများသည်ဟု ထင်မှတ်ထားကြ၏။ ဟာရှဝဒ္ဓန သီလာဒိတျမင်းသည် သူ၏လက်ထက်၌ ယင်ပူဇော်ပွဲ ငါးကြိမ်ကျင်းပခဲ့ပြီး ဖြစ်၍ ဤအကြိမ်သည် ခြောက်ကြိမ်မြောက် ဖြစ်လေသည်။

ဤနေရာဌာန၌ ရှေးက ထုံးတမ်းစဉ်လာအတိုင်း စီစဉ်မှုများကို ပြုလုပ်ကြရသည်။ ရှေးဦးစွာ စတုရန်းပေ လေးထောင်ရှိသော မြေကွက်ကို နှင်းဆီပန်းပင်များဖြင့် ဝန်းရံစိုက်ပျိုး စည်းရိုးကာထားရ၏။ ဤနှင်းဆီခြံကြီးအတွင်း၌ မဏ္ဍပ်အများအပြားကို ဆောက်လုပ်ထား၏။ ထိုမဏ္ဍပ်များကို ရွှေ၊ ငွေ၊ ပိုးဖဲ၊ ကတ္တီပါစသော အဖိုးတန် အထည်ဝတ္ထု အဆင်တန်းဆာများဖြင့် အစွမ်းကုန် ခြယ်လယ်မွမ်းမံ ထား၏။ ဤနှင်းဆီခြံကြီး အနီး၌ ဈေးတန်းအလား ထမင်းကျွေးရန် မဏ္ဍပ်များကို စီတန်းဆောက်လုပ်ထား၏။ မဏ္ဍပ်တဆောင်တဆောင်မှာ လူတထောင် တပြိုင်နက် စားသောက်နိုင်၏။ ပွဲတော်မကျင်းပမီ ရက်ပေါင်းများစွာကပင် ဤဌာနသို့လာရောက် စားသောက်ကြရန် သမဏဗြာဟ္မဏများနှင့်တကွ မိမဲ့၊ ဖမဲ့၊ ဆွေမဲ့၊ မျိုးမဲ့၊ ခိုကိုးရာမဲ့ ဖြစ်

သော ဆင်းရဲသားများအားလုံးကို မောင်းကြေးနှင်းခတ်ကာ ဖိတ်ခေါ်ထား၏။ ယင်းကဲ့သို့ ဖိတ်ခေါ် ကျေညာထားသည့် အတိုင်းစာသောက်ရန် လာရောက်သူများသည် ငါးသိန်းလောက် ရှိကြ၏။ သီလာဒိတျမင်းသည် သူ၏ မှူးတော်မတ်တော်များ လက်အောက်ခံမင်းများနှင့် အတူတကွ ဤယဇ်ပူဇော်ရာဌာနသို့ ရောက်ရှိနေ၏။ သူ၏ လက်အောက်ခံ မင်းများထဲထွင် ဣန္ဒိယ အနောက် တောင်ဘက်ဒေသ၏ အရှင်သခင်ဖြစ်သော သူ၏ သားမက်တော် ဝလဘီပြည့်ရှင် ဓရုဝပတုဘုရင်ပါဝင်၏။ ထိုမှ တပါး ဣန္ဒိယအရှေ့ဘက် ဒေသ၏ အရှင်သခင်ဖြစ်သော ကာမရူပ ခေါ် အာသံပြည့်ရှင် ကုမာရဘုရင်လည်း ပါဝင်၏။ ဤဘုရင် သုံးဦး၏စစ်တပ်များကို ကွင်းပြင်ပတ်လည်၌ ဝိုင်းရံချထား၏။ အလှုန်များပြားလှစွာသော တိုင်းသူပြည်သားတို့သည် သူတို့၏ တဲမဏ္ဍပ်များကို ဓရုဝပတုမင်း၏ စစ်တပ် အနောက်ဖက်၌ တည်ဆောက်ထားကြကုန်သည်။

ထိုပွဲတော်ကြီးသည် အလှုန်ကြီးမား ခံ့ညားသော အခမ်း အနားဖြင့် အစပြုလေ၏။ ပထမနေ့၌ မြတ်စွာဘုရား၏ ရုပ်ပွား တော်ကို စေတီတော်တဆူထဲ၌ ထားရှိကာ ရှိခိုးပူဇော်ကြ၏။ သာယာနာပျော်ဘွယ်ရာ တူရိယာများကိုတီးမှုတ်ကာ ပန်းများကို ကြဲဖြန့်ကြကုန်၏။ ထမင်းကျွေးမဏ္ဍပ်များ အတွင်းသို့ ရောက်ရှိ လာကြသူအံပေါင်းတို့အား အကောင်းဆုံးသော စားသောက် ဖွယ်ရာများဖြင့် ကျွေးမွေးပြီး အလှုန် နှစ်သက်မြတ်နိုးဘွယ် ကောင်းသည့် ပစ္စည်းများကို အသီးသီး ပေးကမ်းလှူဒါန်းလိုက် သည်။ ဒုတိယနေ့၌ မိရှန္နူ၏ ရုပ်တုကိုပလ္လင်ပေါ်၌ တင်ထားကာ

ပူဇော်ပသ၏။ တတိယနေ့၌ ဘိဝ၏ ရုပ်တုကို ပလ္လင်ပေါ်၌ တလှည့် တင်ထားကာ ပူဇော်ပသ၏။ ဤဒုတိယနေ့နှင့် တတိယနေ့တို့၌ ပေးလှူအပ်သော ပစ္စည်းဝတ္ထုများသည် ပထမနေ့၌ ပေးလှူအပ်သော ပစ္စည်းဝတ္ထုများ၏ ထက်ဝက်မျှစီ ရှိကြကုန်၏။ စတုတ္ထနေ့က စ၍ အခုက်နှစ်ဆယ် ကာလပတ်လုံး သမဏနှင့် ဗြာဟ္မဏများအား ပေးလှူ၏။ ထိုနောက် ဆယ်ရက်ပတ်လုံး မိစ္ဆာ အယူရှိသူများအား ပေးလှူ၏။ နောက်ထပ် ဆယ်ရက်ပတ်လုံး အစေလကတိတ္ထိတက္ကတွန်းများအား ပေးလှူ၏။ နောက်ဆုံး ရက်သုံးဆယ်ကျော် ကာလပတ်လုံး ဆင်းရဲနွမ်းပ ါး ခိုကိုးရာမဲ့ သူများအား ပေးလှူ၏။ ဤသို့လျှ ် ခုနစ်ဆယ့်ငါးရက် ကာလ ကြာမြင့်အောင် အလှူပွဲကြီးကို မြိမ့်မြိမ့်သဲအောင် ကျင်းပလေသည်။

ဤယဇ်ပူဇော်ပွဲကြီး၌ တိရစ္ဆာန်များကို သတ်ဖြတ်ပြီး နတ်များအားပူဇော်ပသခြင်း မလုပ်ဘဲ သမဏ၊ ဗြာဟ္မဏ အစရှိသော အလှူခံပုဂ္ဂိုလ်တို့အား လှူဘွယ်ဝတ္ထု အမျိုးမျိုးတို့ကို လှူဒါန်းပေးကမ်း၏။ ဤယဇ်ပူဇော်ပွဲကြီး ကျင်းပစဉ် ဟာရှမင်းသည် အလွန်သဒ္ဓါတရားထက်သန်ပြင်းထန်လွန်းလှသဖြင့် သူ၏ကိုယ်ပိုင် ပစ္စည်းအားလုံးကို ပေးကမ်းစွန့်ကြဲပစ်လိုက်၏။ နိုင်ငံတော်ကို ကာကွယ်ရန်နှင့် သူပုန်များကို နှိမ်နင်းရန်အတွက် မြင်းများ ဆင်များနှင့် စစ်မက် လက်နက်ကရိယာများမှတပါး သူ့မှာ ဘာမျှမကျန်တော့ပေ။ ထို့နောက် သူသည်ဝတ်ဆင်ထားသည့် အဝတ်၊ နားဋောင်း၊ လက်ကောက်၊ သရဖူနှင့် ဘယက်တို့ကို ချွတ်ပြီး အဝတ်ဟောင်းကို ဝတ်ဆင်ကာ မြတ်စွာဘုရားအား

လက်အုပ်ချီလျက် 'ပစ္စည်းဥစ္စာကိုစောင့်ရှောက်ထိန်းသိမ်းရသည့် အတွက် ဖြစ်ပွားရသော စိုးရိမ်ကြောင့်ကြမှုသည် ယနေ့ အားလုံးကင်းရှင်းသွားပါပြီးအကျွန်ုပ်သည် ပစ္စည်းဥစ္စာအားလုံး ကိုသံသရာ ဘဝအဆက်ဆက်အတွက် သိုမှီးသိမ်းဆည်း ထားလိုက် ပါပြီ။ အကျွန်ုပ်သည် နိဗ္ဗာန်သို့ မရောက်သေးသမျှ ဘဝတိုင်း မှာ ယခုဘဝမှာကဲ့သို့ ပစ္စည်းဥစ္စာကြွယ်ဝပေါများပြီး လှူဒါန်း စွန့်ကြဲနိုင်ပါစေသား'ဟူ၍ အတိုင်းမသိပီတိသောမနသာ ဖြစ်ကာ မြွက်ဟပြောဆိုလေသည်။ ဤသည်ကား အရှင်ဟူအင်စံကိုယ်တိုင် တွေ့မြင်သည့်အတိုင်း ရေးသားထားခဲ့သည့် ဟာရှဝဒ္ဓန သီလာ ဒိတျမင်း၏ ခြောက်ကြိမ်မြောက် ယဇ်ပူဇော်ပွဲကြီး၏ မှတ်တမ်း ဖြစ်ပေသည်။

ဤယဇ်ပူဇော်ပွဲကြီး ပြီးသည့်နောက် အရှင်ဟူအင်စံသည် လွန်ခဲ့သည့် နှစ်ပေါင်းနှစ်ရာကျော်က အရှင်ဖာဟီယန်၏ ခရီး စဉ်အတိုင်း ဂင်္ဂါမြစ်ကို ဖြတ်သန်း၍ သီဟိုဠ်ကျွန်းသို့ ကူးရန်ရည်ရွယ်ချက်ဖြင့် နာလန္ဒမြို့မှ ထွက်ခွာခဲ့၏။ ရှေးဦး စွာ သူသည် တပါးတည်း တောမြိုင်စိမ့်စမ်း တောင်တန်းကြီး ငယ်များကို ဖြတ်ကျော်၍ ဟိရညပဗ္ဗတမြို့ (ယခုခေတ် မွန်ဃီရ် မြို့) သို့ရောက်ရှိသွား၏။

ထိုနောက်သူသည် စမ္ပာမြို့ (ယခုခေတ် ဘာဂလ်ပိုရ်မြို့) သို့ ရောက်၏။ ထိုမြို့၌ ဗုဒ္ဓဘာသာမှာ ဆုတ်ယုတ်ပျက်စီးနေပြီး ဟိန္ဒူ ဘာသာမှာကား ကြီးပွားတိုးတက်နေ၏။ ထိုမှတဆင့် ပုန္ဒရဝဒ္ဓန မြို့(ယခုခေတ် ဗာဒဝန်မြို့) သို့ ရောက်သွား၏။ ထိုမြို့၌ ဗုဒ္ဓ ဘာသာ ရဟန်းတော်ကျောင်းပေါင်း နှစ်ဆယ်ရှိ၍ ပြာဟ္မဏ

ဘာသာ ဘုရားကျောင်းပေါင်း တရာရှိသည်။ သူသည် ထိုမြို့မှ ထွက်ခွာပြီးနောက် ကာမရူပပြည် (ယခုခေတ် အာသံပြည်) သို့ ရောက်ရှိသွား၏။ ယင်းအာသံပြည်၌ ဗြာဟ္မဏဘာသာ တခုတည်း သာပြိုင်ဘက်မရှိဘဲ စည်ပင် ပြန့်ပွားနေ၏။ ဘုရားကျောင်းပေါင်း တရာကျော်ရှိ၍ ကိုးကွယ်သူများ ထောင်သောင်းမက များပြား လှပေသည်။

ကာမရူပပြည် ရှင်ဘုရင် ကုမာရသည် ဗြာဟ္မဏဇာတ် ရှိသူ ဖြစ်၏။ သူသည် ဗုဒ္ဓဘာသာဝင် မဟုတ်သော်လည်း ဟာရှဝဒ္ဓန မင်း၏ လက်အောက်ခံဖြစ်သဖြင့် ပရာယဂ၌ ကျင်းပသည့် ယဇ်ပူဇော်ပွဲကြီးသို့ တက်ရောက်ခဲ့ရသည်။ သူသည် အရှင်ဟူအင်စံ ကို ကြည်ညိုလေးစားစွာနှင့် ပြုစုလုပ်ကျွေး၏။ အရှင်ဟူအင်စံ သည် အာသံပြည်မှ ထွက်ခွာပြီး ဆန်ဒါဘန်းအရပ်သို့ ကြွသွား ၏။ ထို့နောက် အရှင်ဖာဟီယန် သီဟိုဠ်ကျွန်းသို့ကူးရာ ဆိပ်ကမ်း ဖြစ်သော တမ်လုက်မြို့သို့ ရောက်၏။ ထိုမြို့၌ ရဟန်းတော်ကျောင်း ဆယ်ကျောင်းနှင့် ဗြာဟ္မဏဘုရားကျောင်း ငါးဆယ်ရှိသည်။

တမ်လုက်မြို့မှ သီဟိုဠ်ကျွန်းသို့ ကူး၍ ပင်လယ်ခရီးသည် အလွန်ရှည်လျား ကွာဝေး၍ ဘေးအန္တရာယ် များပြားလှသဖြင့် ဣန္ဒိယတောင်ပိုင်း သီဟိုဠ်ကျွန်းနှင့် အနီးကပ်ဆုံးနေရာသို့သွားပြီး မနအာ ရေလက်ကြားကို ဖြတ်ကူးရန် စိတ်ဆုံးဖြတ်လိုက်၏။ ဤနေရာမှစ၍ သူ၏ ခရီးစဉ် မှတ်တမ်းကို အကျဉ်းအားဖြင့်သာ ရေးသားထားခဲ့၏။ သူသည် ထို့နောက် အော်ရစ်ဆာနယ်သို့ ရောက်သွား၏။ ထိုနယ်၌ ရဟန်းတော်ကျောင်း တရာနှင့် ဗြာဟ္မဏ ကျောင်း ငါးဆယ်ရှိ၏။ ထို့နောက် သူသည် ကာလိင်္ဂတိုင်း၌

ရဟန်းတော်ကျောင်း တဆယ်နှင့် ဗြာဟ္မဏဘုရားကျောင်း နှစ်ရာတို့ကို တွေ့ခဲ့ရ၏။ အန္ဓရတိုင်း၌ ရဟန်းတော်ကျောင်း နှစ်ဆယ်နှင့် ဗြာဟ္မဏဘုရားကျောင်း သုံးဆယ်တို့ကို တွေ့ခဲ့ရ၏။ ချိုလာ(ယခု ခေတ် ကိုရိုမန်ဒဲလ်) ဒေသသည် ညွန်ပျောင်းပေါများသည့် စိမ့်တောမြေ ဖြစ်နေ၏။ ရဟန်းတော်ကျောင်း အားလုံးမှာ ပျက်စီး ပြိုလဲ နေကြ၏။ ဗြာဟ္မဏ ဘုရားကျောင်းများနှင့် အစေလကတက္ကတွန်းတို့ကား ပေါများလှပေသည်။ သူသည် စိမ့်ကြီး မြိုင်ကြီးများကို ဖြတ်သန်းပြီး တောင်ဘက်သို့ ဆက်လက် သွားပြန်ရာ မဒချပ်မြို့အနီး ကန်ချိပူရမြို့ (ယခုခေတ်ကွန်ဂျီဗာရန်မြို့)သို့ရောက်သွား၏။ ထိုမြို့၌ ရဟန်းတော်တသောင်းနှင့် ကျောင်း တရာရှိ၏။ ဗြာဟ္မဏ ဘုရားကျောင်း ရှစ်ဆယ်နှင့် 'အစေလက တက္ကတွန်း အမြောက်အမြားလည်း ရှိကြ၏။ အရှင်ဟူအင်စံသည် ဤကွန်ဂျီဗာရန်မြို့သို့ ရောက်သောအခါ သီဟိုဠ်ကျွန်း၌ ပြည်တွင်း စစ် ဖြစ်နေကြောင်းကို ကြားသိရသဖြင့် သီဟိုဠ်ကျွန်းသို့ ကူးရန် ဆုံးဖြတ်ချက်ကို ပယ်ဖျက်လိုက်ရလေတော့သည်။

အရှင်ဟူအင်စံသည် သီဟိုဠ်ကျွန်းသို့ မကူးဖြစ်တော့သဖြင့် ကျွန်းဆွယ်ကို ဖြတ်ပြီး အနောက်ဘက် ပင်လယ်ကမ်းပေါ်ရှိ မာလဗာနယ်သို့ သွား၏။ ထိုနယ်ထဲ၌ ရဟန်းတော်ကျောင်းများ သည်ပျက်စီးနေကြ၏။ဗြာဟ္မဏဘုရားကျောင်းတရာနှင့် အစလက အများအပြားရှိကြသည်။ ထို့နောက် သူသည် တောနက်ကြီးကို ဖြတ်ပြီး မြောက်ဖက်သို့သွားရာ ကွန်ကနပြည်သို့ ရောက်၏။ ထို ပြည်၌ ရဟန်းတော်ကျောင်း တရာနှင့် ဗြာဟ္မဏဘုရားကျောင်း တရာရှိကြသည်။ သူသည် သားရဲတိရစ္ဆာန်ပေါများသည့် စိမ့်ကြီး

မြို့ကြီးကို ဖြတ်သန်းကာ ဆက်လက်သွားပြန်ရာ မဟာရဋ္ဌပြည်သို့ ရောက်သွား၏။ ထိုပြည်၌ တိတ္ထိတက္ကတွန်း ဂိုဏ်းအမျိုးမျိုးတို့ ရှိကြ၏။ သူသည် နာရ်ဗဒ္ဒ (နမ္မဒါ) မြစ်ကိုကူး၍ ဗရိချ်နယ်ထဲသို့ ရောက်သွား၏။ ထို့နောက် သူသည် မာလဝါနယ်ထဲသို့ရောက်သွားရာ ဗုဒ္ဓဘာသာနှင့် ဗြာဟ္မဏဘာသာ နှစ်မျိုးလုံး ကြီးပွားထွန်းကားနေသည်ကို တွေ့ရ၏။ ရှေ့သို့ဆက်လက်သွားပြန်ရာ သူသည် ဝလာဘိပြည်သို့ ရောက်၏။ ထိုပြည်ကနေ၍ ဟာရှမင်း၏ သားမက်တော် ဓရူဝပတုမင်းသည် ဂုဏ္ဍိယအနောက်တောင်ပိုင်းကို အုပ်စိုးနေ၏။ ဤဓရူဝပတုမင်းသည် ဗုဒ္ဓဘာသာကို ကြည်ညိုလေးစားသည့် မင်းတပါးဖြစ်၍ နှစ်စဉ်နှစ်တိုင်း ကြီးကျယ်ခမ်းနားသော အလှူပွဲတော်ကြီးကို ကျင်းပ ပြုလုပ်လေ့ရှိသည်။

အရှင်ဟူအင်စံသည် အုတ်ဂျိန်း (ဥဇ္ဇေနီ)နှင့် ချစ်တိုမြို့များ၌ ဗုဒ္ဓဘာသာ ကွယ်ပျောက်ပြီး ဗြာဟ္မဏဘာသာ ရောက်နေသည်ကို တွေ့ရ၏။ ထို့နောက် သူသည် မာစားသဲကန္တာရကို ဖြတ်သန်း၍ အနောက်ဖက်သို့ သွားပြန်ရာ ဆင်းဒ်နယ်သို့ ရောက်သွား၏။ ထိုနယ်ထဲ၌ ဗုဒ္ဓဘာသာ စည်ပင်ပြန့်ပွားနေ၏။ ထိုမှတဆင့် မူလ်တန်နယ်သို့ ရောက်သွားပြန်ရာ ဗုဒ္ဓဘာသာ၏အစား နေကို ကိုးကွယ်ခြင်းကိုသာ တွေ့ရတော့၏။ ထို့နောက် အရှင်ဟူအင်စံသည် ဗုဒ္ဓဘာသာရော ဗြာဟ္မဏဘာသာပါ အတူတကွ ယှဉ်ပြိုင် တည်ရှိနေကြသည့် နိုင်ငံအများကို ဖြတ်သန်းသွားပြီး နောက်ဆုံး၌ ဟင်ဒူကုရှ်တောင်တန်းကို ဖြတ်ကျော်၍ မိမိ၏နိုင်ငံ တရုတ်ပြည်ထဲသို့ ပြန်လည်ကြွသွားလေသည်။

အထက်ပါ အရှင်ဟူအင်စံ၏ မှတ်တမ်းကို ထောက်ဆ၍ ဟာရှမင်းလက်ထက် ဣန္ဒိယပြည်၏ အခြေအနေကို သိရှိရပေသည်။ ဟာရှမင်းသည် အရှင်ဟူအင်စံ ကြွသွားပြီးနောက် မကြာမီပင် နတ်ရွာစံတော်မူလေသည်။

ဟာရှမင်း၏ လက်ထက်၌ တရုတ်ပြည်နှင့် ဣန္ဒိယပြည်တို့သည် နိုင်ငံရေးအဆက်အသွယ် ရှိကြကုန်၏။ ၆၄၁ ခုနှစ်တွင် ဟာရှမင်းသည် တရုတ်ပြည်သို့ သံတမန်စေလွှတ်ခဲ့၏။ ၎င်းသံတမန်သည် ၆၄၃ ခုနှစ်တွင် တရုတ် သံတမန်ကို ခေါ်ဆောင်ကာ ဣန္ဒိယပြည်သို့ ပြန်လာခဲ့၏။ ယင်း တရုတ်သံတမန်သည် ၆၄၅ ခုနှစ်တိုင်အောင် တရုတ်ပြည်သို့ မပြန်ဘဲ ဣန္ဒိယပြည်မှာပင် ဆက်လက်နေထိုင်ခဲ့၏။

၆၄၆ ခုနှစ်တွင် တရုတ်ဘုရင်သည် ဝန်ယူအင်စီကို သံတမန်အဖြစ်ဖြင့် ဒုတိယအကြိမ် ဣန္ဒိယသို့ စေလွှတ်လိုက်ပြန်၏။ ၆၄၇ ခုနှစ်တွင် ဟာရှမင်း နတ်ရွာစံတော်မူသောအခါ ထီးနန်းဆက်ခံမည့်သူ မကျန်ရစ်ခဲ့သဖြင့် ပြည်တွင်းရေးရှုပ်ထွေးကာ ဒုဗ္ဘိက္ခန္တရကပ် ဆိုက်ရောက်လေတော့သည်။

ကွယ်လွန်သူ ဟာရှမင်း၏ အမတ် အဇ္ဇုနသည် ထီးနန်းကို လုယူသိမ်းပိုက်ပြီး တရုတ်သံတမန် ဝန်ယူအင်စီကို ဖမ်းဆီးချုပ်နှောင်ထား၏။ သို့ရာတွင် ဝန်ယူအင်စီသည် ညဥ့်အခါ တိတ်တဆိတ် နီပေါပြည်သို့ ထွက်ပြေးလွတ်မြောက်သွားသည်။

ထိုအခါ်ချိန်အခါ၌ တိဗက်ပြည်ကို အုပ်စိုးနေသည့် ဆရွန်ဆန်ဂန်ပိုဘုရင်သည် ဇာရုတ်မင်းသမီးကို မိဖုရားမြောက်ထားသဖြင့် ထွက်ပြေး လွတ်မြောက်လာသူ ဝန်ယူအင်စီအား စစ်သား

တထောင့်နှစ်ဆုပ ါဝင်သည့် စစ်တပ်တတပ်ကို ပေးအပ် ကူညီလိုက်၏။ တိဗက်ပြည်၏ လက်အောက်ခံဖြစ်သော နီပေါပြည်ကလည်း မြင်းစီးသူရဲ ခုနစ်ထောင်ပ ါဝင်သည့် မြင်းဘပ်ဘတပ်ကို ကူညီပေးအပ်လိုက်၏။ ဝန်ယူအင်စီသည် ဤတိဗက်နှင့် နေပ ါလီ စစ်တပ်များဖြင့် အဋ္ဌုနကို နှိမ်နင်းကာ တိရ်ဟုတ်မြို့ကို သိမ်းပိုက်လိုက်၏။ ဤသို့လျှင် တိရ်ဟုတ်မြို့သည် နှစ်ပေါင်း အတန်ကြာအောင် တိဗက်ပြည်၏ လက်အောက်ခံ ဖြစ်နေရပေသည်။

ဤသို့လျှင် ဟာရှမင်း နတ်ရွာစံပြီးသည့်နောက် ဗဟိုကနေ၍ ချုပ်ကိုင်နိုင်သူ မရှိတော့သဖြင့် နယ်ပယ်အသီးသီးတို့သည် ဝါးအစည်းပြေသကဲ့သို့ ဖရိုဖရဲဖြစ်ကာ အချင်းချင်း တိုက်ခိုက်ကြ၏။ ယင်းကဲ့သို့ ပြည်တွင်းရေး ရှုပ်ထွေးပွေလီနေရကားအကျယ်အဝန်း ပမာဏ အတည်တကျ သတ်မှတ်ခြင်း မရှိသည့် တိုင်းငယ်ပြည်ငယ်အမြောက်အမြား ပေါ်ပေါက်လာကြလေတော့သည်။

# အလယ်ခေတ် ဣန္ဒိယမြောက်ပိုင်း နိုင်ငံများ

---

### အေဒီ ၆၄၇ မှ ၁၂၀၀ အထိ

## ဣန္ဒိယပြည်၏ တရုတ်ပြည် တိဗက်ပြည်တို့နှင့် ဆက်သွယ်ခြင်း

တရုတ်ပြည်သည် ခုနစ်ရာစုနှင့် ရှစ်ရာစုနှစ်များအတွင်း ဣန္ဒိယ အနောက်မြောက် နယ်စပ်ဒေသများဖြစ်သည့် ကဏ်ရှမီးယား ဂန္ဓာရနှင့် ပက်ရှ်ဝါ နယ်များအပေါ် ဩဇာအာဏာ သက်ရောက်ခဲ့သည်။

တိဗက်ပြည်၌ အေဒီ ၆၂၉ တွင် နန်းတက်၍ ၆၃၉ တွင် လာဆာမြို့ကို တည်ခဲ့သော ဆရွန်ဆန်ဂန်ပိုမင်း လက်ထက်တွင် တိဗက်ပြည်သည် တရုတ်ပြည် ဣန္ဒိယပြည်တို့နှင့် နိုင်ငံရေးအဆက်အသွယ်ရှိ၏။ သူသည် ဗုဒ္ဓဘာသာကို တိဗက်ပြည်ထဲသို့ သွတ်သွင်းပြီး ဣန္ဒိယပညာရှိများ၏ အကူအညီဖြင့် တိဗက်အက္ခရာများကို တီထွင် ဖန်တည်းခဲ့၏။

ဆရွန်ဆန်ဂန်ပို မင်းသည် ငယ်ရွယ်စဉ်ကပင် နီပေါဘုရင်၏ သမီးတော်နှင့် လက်ထပ်၏။ နောက် နှစ်နှစ်ကြာသော အခါ ၆၄၁ ခုနှစ်တွင် တရုတ်ကေရာဇ်ဘုရင် တာအီဆန်၏ သမီးတော်နှင့် လက်ဆက်ပြန်၏။ ထိုမိဖုရားနှစ်ဦးတို့သည် ဗုဒ္ဓဘာသာကို အလွန်ကြည်ညိုလေးစားသူများ ဖြစ်ကြရကား သူတို့၏ အရှင် ဆရွန်ဆန်ဂန်ပိုမင်းကိုလည်း ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်အောင် သွေးဆောင်တိုက်တွန်းကြကုန်သည်။

တိဗက်သံဃာ့အဖွဲ့သည် ဗုဒ္ဓဘာသာကို ချီးမြှောက် အားပေးသူများအား ကျေးဇူးတုံ့ပြန်ခဲ့၏။ ဆရွန်ဆန်ဂန်ပိုမင်းကို အဝလောကိတေဿရဘုရား ဝင်စားသူ အဖြစ်ဖြင့် အသိအမှတ်ပြု၏။ နေပေါလီမိဖုရားကို နတ်ဘုရားမ တာရာစိမ်းဟု အသိအမှတ်ပြုပြီး တရုတ်မိဖုရားကိုကား နတ်ဘုရားမ တာရာဖြူဟု အသိအမှတ်ပြု၏။ ဆရွန်ဆန်ဂန်ပိုမင်း၏တရုတ်မင်းသမီးနှင့် လက်ဆက်ခြင်းကြောင့် တရုတ်ပြည်နှင့် တိဗက်ပြည်တို့သည် ဆရွန်ဆန်ဂန်ပိုမင်း နတ်ရွာစံသည့် ၆၉၈ ခုနှစ်လောက်တိုင်အောင် မဟာမိတ်နိုင်ငံများ ဖြစ်

ကြကုန်၏။ ထို့ကြောင့် ၆၄၇ ခုနှစ်တွင် တရုတ် သံတမန် ဝန်ယူအင်စီအား ဟာရှမင်း၏ အမတ် အဇ္ဇုနကို တိုက်ခိုက်ရန် တိဗက်ပြည်က အကူအညီပေးခဲ့ခြင်း ဖြစ်ပေသည်။

၇၄၃ ခုမှ ၇၈၉ ခုနှစ်တိုင်အောင် ၄၆ နှစ် အုပ်စိုးရသော ခရိဆရွန်ဒီဆန် မင်းသည် တိဗက်ပြည်၌ ရှေးက ရှိနှင့်ပြီးသည့် ဘွန်ဘာသာကို နှိမ်နင်းကာ ဗုဒ္ဓဘာသာကို စိတ်အားထက်သန်စွာ အားပေးချီးမြှောက်၏။ သူသည် ဆန္တရက္ခိတနှင့် ပဒမ ဆမ္ဘဝဟူသော ဣန္ဒိယ ပညာရှိနှစ်ပါးကို သူ၏ နန်းတော်သို့ ပင့်ဖိတ်၍ သူတို့၏ အကူအညီဖြင့် ယနေ့တိုင်အောင် တည်ရှိနေသည့် လာမား ဗုဒ္ဓဘာသာကို တည်ထောင်ခဲ့သည်။

ခရိဆရွန်ဒီဆန်မင်း၏ သာသနာရေး အားပေးသည့် လုပ်ငန်းများကို ရာလ်ပါချန်ဘုရင်သည် (၈၁၆-၈၃၈) ဆက်လက် ဆောင်ရွက်ခဲ့၏။ သို့ရာတွင် သူ့အား ဆက်ခံသည့် လန်ဂ်ဒါမာ မင်းသည် ဗုဒ္ဓဘာသာကို မယုံကြည် မလေးစားဘဲ ဖျက်ဆီး ပစ်ရန် အစွမ်းကုန်ကြိုးစား၏။ ထို့ကြောင့် သူ့ကို ၈၄၂ ခုနှစ်တွင် ဗုဒ္ဓဘာသာဝင်တို့က ချောင်းမြောင်းသတ်ဖြတ်လိုက်ကြ၏။ ၁၀၁၃ ခုနှစ်နှင့် ၁၀၃၈ ခုနှစ်များ၌ မဂဓတိုင်းမှ သာသနာပြု ပုဂ္ဂိုလ်များသည် ဗုဒ္ဓဘာသာကို တိဗက်ပြည်၏ လွှမ်းမိုးအုပ်စိုးသော ဘာသာ၏အဖြစ်ဖြင့် ခိုင်မြဲစွာ ပြန်လည်တည်ထောင်ခဲ့ကြလေသည်။

## နီပေါပြည်

ခြောက်ရာစုနှင့် ခုနစ်ရာစု အဦးပိုင်းတွင် နီပေါပြည်ကို အုပ်စိုးသည့် မင်းဆက်သည် လိစ္ဆဝီ အမျိုးအနွယ် ဖြစ်သည်။

သို့ရာတွင် ဝေသာလီပြည် လိစ္ဆဝီမင်းတို့နှင့် အဆက်အသွယ်ရှိမရှိကို အတိအကျ မသိရှိရပေ။ နေပါလီ လိစ္ဆဝီမင်း တို့သည် ထူးကဲမြင့်မြတ်သည့် ခေတ်ပညာတတ် ဗုဒ္ဓဘာသာဝင် ခတ္တိယနွယ်တို့ ဖြစ်ကြလေသည်။

ခုနစ်ရာစုနှစ်အတွင်းတွင် နီပေါပြည်သည် ထိုစဉ် အခါက အာရှတိုက်အတွင်း တန်ခိုးကြီးနိုင်ငံတခုဖြစ်သည့် မြောက်ဖက်က တိဗက်ပြည်နှင့် တောင်ဘက်က ကနောဇ္ပြည့်ရှင် ဟာရှဘုရင်၏ နိုင်ငံနှစ်ခုတို့၏အကြားရှိ နိုင်ငံငယ်တခုဖြစ်၏။ ထာကုရီနန်းဆက်ကို တည်ထောင်သူ အံ့ဆုဗာရ်မန် ဘုရင်သည် သူ၏ သမီးတော်ကို တိဗက်ပြည့်ရှင် ဘုရင် ဆရွန်ဆန်ဂန်ပိုနှင့် လက်ထပ်ထိမ်းမြားစေခြင်းဖြင့် တိဗက်ပြည်နှင့် တရုတ်ပြည်သည် အလွန်ရင်းနှီးပေ၏။ ရှစ်ရာစုအစ၌ နီပေါပြည်သည် တိဗက်ပြည်၏ လက်အောက်ခံဖြစ်နေသေး၏။ သို့ရာတွင် ၇၀၃ ခုနှစ်၌ လွတ်လပ်ရေးကို ရရှိခဲ့သည်။

၁၇၆၈ ခုနှစ် တိုင်အောင် နီပေါပြည်၌ အုပ်စိုးခဲ့သော မင်းဆက်များ၏ ရှုပ်ထွေးပွေလီနေသော သမိုင်းသည် စိတ်ဝင်စားဘွယ်ရာ မရှိလှချေ။ ထိုနှစ်၌ပင်လျှင် ဂေါရခါးလူမျိုးတို့သည် နီပေါပြည်ကို တိုက်ခိုက် သိမ်းပိုက်ပြီး ထီးနန်းဆက်ကို တည်ထောင်ခဲ့ကြလေသည်။ ထို ထီးနန်းဆက်သည် ယခုအခါ တိုင်အောင် နီပေါပြည်ကို အုပ်စိုးနေပေသည်။

အသောကမင်းကြီးသည် ဗုဒ္ဓဘာသာကို နီပေါပြည်တွင်းသို့ သာသနာပြုများကို စေလွှတ်ကာ သွတ်သွင်းခဲ့၏။ သို့ရာတွင် အသောကမင်းကြီး၏ နောက်၌ ရာစုနှစ်ပေါင်းများစွာ နီပေါ

ပြည်၏ ဘာသာရေးနှင့် စပ်လျဉ်းသည့် အကြောင်းအရာကို တစုံတရာမျှ မသိရတော့ပေ။ ခုနစ်ရာစုနှစ် အတွင်း၌ ကြီးစိုးလွှမ်းမိုးနေသော ဘာသာသည် မဟာယာန၏ ပြောင်းလွှဲပြင်ဆင်ထားသည့် တန္တရအမျိုးအစား ဖြစ်သည်။ ယင်းတန္တရဗုဒ္ဓဘာသာသည် သိဝအား ကိုးကွယ်သည့် ဟိန္ဒူဘာသာနှင့် ခွဲခြား၍ မရနိုင်လောက်အောင်ပင် တူတန်လှပေသည်။

## ကာမရူပပြည် (အာသံပြည်)

ရှေးခေတ် ကာမရူပပြည်သည် ယခုခေတ် အာသံပြည်နှင့် အကြမ်းဖျင်းအားဖြင့်တူညီသော်လည်း ပိုမိုကျယ်ဝန်းခဲ့လေသည်။ အနောက်ဖက်သို့ ကရာတိုယာမြစ်တိုင်အောင် ကျယ်ပြန့်ခဲ့ရကား ကုချဘီဟာနယ်နှင့် ရန်ဂပူရ် ခရိုင်တို့သည် ကာမရူပပြည်ထဲသို့ ပါဝင်ခဲ့ကြသည်။ အရှင်ဟူအင်စံ၏ မှတ်တမ်းထဲတွင် ပါဝင်သည့် ဟာရှမင်း၏ လက်အောက်ခံ ဖြစ်သော ဘုရင်သည် (၆၀၆-၆၄၈) ဘာစကရဝါမန်ဟူ၍ရင်း၊ ကုမာရဟူရင်း၊ အမည်ရရှိခဲ့သည်။ သူသည် နှစ်ပေါင်း တစ်ထောင် ကျော်ကတည်ရှိလာသည့် ထီးနန်းအဆက်အနွယ်မှ ဆင်းသက်လာသော ဗြာဟ္မဏ ခတ္တိယ အမျိုးဖြစ်သည်။ သူသည် ဟိန္ဒူဘာသာဝင်ဖြစ်၏။ သူ၏ နိုင်ငံအတွင်း၌ ရဟန်းတော်ကျောင်းတကျောင်းမျှ မရှိပေ။

ဆယ့်သုံးရာစုနှစ်အစ ၁၂၂၈ ခုနှစ်လောက်တွင် မြန်မာပြည် မြောက်ပိုင်းနှင့် ယူနန်ပြည် အနောက်ပိုင်း တောင်တန်းဒေသမှ အဟုံမည်သော ရှမ်းလူမျိုးတို့သည် အာသံပြည်တွင်းသို့

ဝင်ရောက်တိုက်ခိုက်ကြ၏။ သူတို့သည် အာသံပြည်၌ ထီးနန်းစိုက်ထူကာ ၁၈၂၅ ခုနှစ် အင်္ဂလိပ်တို့ သိမ်းယူသည့် ကာလတိုင်အောင် အနှစ်ခြောက်ရာခန့် အုပ်စိုးကြရသည်။ အာသံပြည်သည် တရုတ်ပြည် အနောက်ပိုင်းမှ မောင်ဂိုလီယန် လူမျိုးတို့ ဣန္ဒိယပြည်တွင်းသို့ ဝင်ရာတံခါးပေါက် ဖြစ်နေသဖြင့် ဣန္ဒိယန်း လူမျိုးတို့နှင့် မောင်ဂိုလီယန်းလူမျိုးတို့ ရောနှောကာ နေထိုင်ရာဌာနဖြစ်၏။ သို့ဖြစ်၍ အာသံပြည်၌ ဗုဒ္ဓဘာသာနှင့် ဟိန္ဒူတို့ ရောနှောနေသည့် တန္တရအယူဝါဒမျိုး ထွန်းကားနေလေသည်။

ဂေါဟာတီ အနီးရှိကာမာချာ ဘုရားကျောင်းသည် နတ်သမီးကို ကိုးကွယ်သည့် ဆာကတဟိန္ဒူများ၏ အမြင့်မြတ်ဆုံးဌာနတခုဖြစ်၏။ အာသံပြည်၌ မှော်အတတ်နှင့် စုန်းအတတ်များ ထွန်းကားပြန့်နှံ့နေသော်လည်း ဗြာဟ္မဏဘာသာသည် တနိုင်ငံလုံးကို လွှမ်းမိုးစိုးအုပ်၍ နေပေသည်။

အာသံပြည်သည် ဝင်ရောက်တိုက်ခိုက်လာသော မုဟန်မေဒန်တို့၏ ဘေးရန်ကို ခုခံတွန်းလှန်ကာ လွတ်လပ်စွာနေထိုင်ခဲ့သည်။ ၁၂၀၄ ၅ ခုနှစ်တွင် ဘင်္ဂါပြည်နှင့် ဗိဟာပြည်ကို တိုက်ခိုက်အောင်မြင်သူ ဘက်ခ်တယား၏ သားသည် ကာမရူပပြည်ကို ဝင်ရောက်တိုက်ခိုက်၏။ သူသည်ကာမရူပပြည်၏ အနောက်ဖက်နယ်ခြားဖြစ်သည့် ကရာတိုယာ မြစ်ကမ်းတလျှောက် မြောက်ဖက်သို့ ချီတက်လေ၏။ သူသည် ဒါဂျီလင်၏ မြောက်ဖက်တောင်တန်းများထဲသို့ ထိုးဖောက်ဝင်ရောက်ခြင်းငှာ စွမ်းနိုင်သော်လည်း တနေရာမျှ ခြေကုပ်မရနိုင်၍ ပြန်လည်ဆုတ်ခွာခဲ့ရသည်။ သူ၏ ပြန်လည် ဆုတ်ခွာရခြင်းသည် အောင်မြင်စွာ

ဆုတ်ခွာရခြင်းမျိုး မဟုတ်ရကား အကြီးအကျယ် ဒုက္ခများခဲ့ရသည်။ ကာမရူပ ပြည်သားတို့သည် မြစ်ကို ဘေးအန္တရာယ်ကင်းရှင်းစွာ ဖြတ်ကူးနိုင်သည့် တခုတည်းသော ကျောက်တန်တားကြီးကို ဖျက်ဆီးပစ်လိုက်ကြသဖြင့် ရန်သူစစ်သားများအားလုံးလိုလိုပင် ရေနစ်သေဆုံးကြရကုန်၏။ စစ်ဦးစီး ခေါင်းဆောင်ကြီးသည် နောက်လိုက် မြင်းစီးသူရဲ တရာလောက်နှင့်မြစ်ကို ဖြတ်ကူးကာ လွတ်မြောက်သွားလေ၏။ သို့ရာတွင် သူသည် ဆုံးရှုံး ထွက်ပြေးခဲ့ရသော ဒဏ်ရာဒဏ်ချက်ကြောင့် မကျန်းမမာဖြစ်ကာ နောက်တနှစ် ( ၁၂၀၅–၁၂၀၆ )တွင် ချောင်းမြောင်းသတ်ဖြတ်ခြင်းကို ခံရသည်။ ထို့နောက် မုဟန်မေဒန်တို့ အကြိမ်များစွာ ဝင်ရောက် တိုက်ခိုက်ခြင်းများသည်လည်း အလားတူပင် ရှုံးနိမ့်ခဲ့ကြရသည်။ ဤသို့လျှင် အာသံပြည်သည် လွတ်လပ်စွာ နေခဲ့ရသော်လည်း ၁၈၁၆ ခုနှစ်တွင် မြန်မာ့လက်အောက်သို့ ရောက်ခဲ့ရသည်။ ရှစ်နှစ် ကြာပြီးသည့်နောက် ၁၈၂၄ ခုနှစ်တွင် အင်္ဂလိပ်လက်အောက်သို့ ရောက်ပြီး ယခုအခါ ဣန္ဒိယပြည်ထဲသို့ နယ်တနယ်အဖြစ်ဖြင့် ပါဝင်နေပေသည်။

## ကက်ရှ်မီးယားပြည် (ကသ္မီရပြည်)

ကသ္မီရပြည်သည် အသောက မင်းကြီး လက်ထက်တွင် မောရိယ နိုင်ငံတော်အတွင်းသို့ ပါဝင်ခဲ့၏။ အရှင်မောဂ္ဂလိ တိဿမထေရ်သည် ၂၄၄ ဘီစီတွင် တတိယ သင်္ဂါယနာတင်ပြီးသည်နောက် အရှင်မဇ္ဈန္တိက အမှူးရှိသော မထေရ်ငါးပါးတို့ကို

ကသ္မီရပြည်သို့ သာသနာပြု စေလွှတ်တော်မူခဲ့သည်။ ၁၂၀ အေဒီတွင် နန်းတက်သည့် ကနစ်ရှကမင်းနှင့် ၁၆၀ အေဒီတွင် နန်းတက်သည့် သူ၏သားတော် ဟုဝိရှကမင်းကို လက်ထက်၌ ကသ္မီရပြည်သည် ကုရှန်နိုင်ငံတော်အတွင်းသို့ ပါဝင်ခဲ့လေသည်။ အသောကမင်းကြီးသည် ပါဋလိပုတ်ပြည်၌ သံဃာတထောင်ဖြင့် သင်္ဂါယနာ တင်သကဲ့သို့ ကနစ်ရှကမင်းသည်လည်း ကသ္မီရပြည် ရှနီနဂရ်မြို့တော်၌ သံဃာ ၅ ၀၀ ဖြင့် သင်္ဂါယနာ တင်ခဲ့၏။ ကနစ်ရှကမင်းသည် သင်္ဂါယနာတင် အစည်းအဝေးကြီး ပြီးဆုံးသောအခါ ဝမ်းသာအားရ ရှိလှသဖြင့် သံဃာအား ကသ္မီရပြည်ကို လှူဒါန်းခဲ့လေသည်။ သူ၏သားတော် ဟုဝိရှကမင်းသည်လည်း ကသ္မီရပြည်၌ ဟုရှကပူရမြို့ကို တည်ထောင်ကာ ရဟန်းတော်များ သီတင်းသုံးရန် ကျောင်းအမြောက်အမြားကို ဆောက်လုပ်လှူဒါန်းထားခဲ့လေသည်။ ကသ္မီရပြည့်ရှင် ဒုရ်လာဘဝဒ္ဓနမင်းသည် ဟာရှမင်း၏ လက်အောက်ခံ မဟုတ်သော်လည်း ဟာရှမင်းအား မြတ်စွာဘုရား၏ စွယ်တော်ကို ပူဇော်ရန် ပေးအပ်ခဲ့၏။ ဟာရှမင်းသည် ထိုစွယ်တော်ကို ကနောဂျ်မြို့သို့ ပင့်ဆောင်သွားသည်။

ဒိဒ္ဒာမည်သော ဘုရင်မသည် ၉၅၀ မှ ၁၀၀၃ ခုတိုင်အောင် ၅၃ နှစ်မျှ ကသ္မီရပြည်ကို အုပ်စိုးခဲ့၏။ သူမသည် ရှေးဦးစွာ မိဖုရားအဖြစ်ဖြင့်၎င်း၊ ထို့နောက် ရင်ခွင်ပိုက် အုပ်စိုးသူအဖြစ်ဖြင့်၎င်း၊ နောက်ဆုံး၌ ဘုရင်မအဖြစ်ဖြင့်၎င်း တိုင်းပြည်ကို စည်းမဲ့ကမ်းမဲ့ ပရမ်းပတာ အုပ်ချုပ်ခဲ့၏။ သူမတူဆန်ဂရာမမင်း (၁၀၀၃-၁၀၂၃) လက်ထက်၌ ဃာဇနီကမာမုဒ်သည် ကသ္မီရ

ပြည်ကို တိုက်ခိုက်ခဲ့၏။ သူသည် စစ်ပွဲ၌ အနိုင်ရသော်လည်း မကျော်ဖြတ်နိုင်သည့် တောင်တန်းများ၏ အကာအကွယ်ကြောင့် ကသ္မီရပြည်ကိုကား မသိမ်းပိုက်နိုင်ခဲ့ပေ။ ၁၃၃၉ ခုနှစ်က စ၍ အနီးအနား ပတ်ဝန်းကျင် ဒေသများ၌ မုဟန်မေဒန်တို့၏ တန်ခိုးအာဏာ ကြီးမားလာ၍ အစ္စလာမ်ဘာသာသည် ကသ္မီရ တောင်ကြားထဲ ရောက်အောင် တဖြည်းဖြည်း ပြန့်နှံ့လာ၏။ သို့ရာတွင် တောင်တန်းများသည် မုဟန်မေဒန်တို့၏ ဝင်ရောက် လာခြင်းကိုကား ကာကွယ် ထားနိုင်ခဲ့သေး၏။ ထို့နောက် ၁၅၈၇ ခုနှစ်၌ အက္ကဘာဘုရင်သည် ကသ္မီရကို တိုက်ခိုက် အောင်မြင်ပြီး မဂိုလ်နိုင်ငံတော်တွင်းသို့ သွတ်သွင်းခဲ့လေသည်။

## ကနောဇ်ပြည် (ပန်ချာလပြည်)

ကနောဇ်သည် ဟာရှမင်း လက်ထက်က အလွန် ကြီးမား ထင်ရှားသည့် နေပြည်တော် ဖြစ်ခဲ့ဘူးသော်လည်း ယခုအခါ ယူနိုက်တက်ပရောဗင်းဆက်စ်နယ်ဖာရူခဘဒ်ခရိုင်ထဲက မူဆလင် မြို့ကလေးတမြို့သာ ဖြစ်တော့၏။ ဒုတိယ ချန္ဒြဂုပတဝိကရမာ ဒိတျမင်းလက်ထက် အေဒီ ၄၀၅ ခုနှစ်လောက်တွင် အရှင် ဖာဟီယန်သည် ကနောဇ်မြို့သို့ ရောက်ခဲ့၏။ ထိုစဉ်အခါက ကနောဇ်မြို့၌ ဟီနယာနဂိုဏ်း ရဟန်းတော်များ၏ ကျောင်းတိုက် နှစ်တိုက်မျှသာ ရှိကြောင်းကို သူ၏ မှတ်တမ်းထဲ၌ ရေးသား ထားခဲ့သည်။ ဟာရှမင်းလက်ထက် အေဒီ ၆၃၆ ခုနှစ်တွင် အရှင်ဟူအင်စံသည် ကနောဇ်မြို့သို့ ရောက်ခဲ့သည်။ သူ၏ မှတ်တမ်းထဲတွင် ကနောဇ်မြို့၌ ဟီနယာနနှင့် မဟာယာန

ရဟန်းတော်များ တသောင်းကျော်၊ ကျောင်းတိုက် တရာကျော်နှင့် ဟိန္ဒူဘုရားကျောင်း နှစ်ရာကျော်တို့ကို တွေ့မြင်ခဲ့ရကြောင်း ရေးသားထားလေသည်။

၁၀၁၈ ခုနှစ်တွင် မာမုဒ်သည် ကနောဇ်ကို တိုက်ခိုက်ပြီး ဟိန္ဒူဘုရားကျောင်း တသောင်းလောက်ကို ဖျက်ဆီးပစ်ခဲ့သော်လည်း မြို့ကိုကား မဖျက်ဆီးဘဲ ပြန်သွား၏။ ထို့နောက် ၁၁၉၄ ခုနှစ်တွင် ရှိဟာဗ်အုဒ်ဒင်သည် ကနောဇ်ကို သိမ်းပိုက်ပြီး ဖျက်ဆီးပစ်လိုက်၏။ ကနောဇ်သည် ဣန္ဒိယမြောက်ပိုင်း ပန်ချာလပြည်၏မြို့တော်အဖြစ်ဖြင့် နှစ်ကြိမ်မျှ ကြီးကျယ်ခမ်းနား စည်ကားခဲ့လေ၏။ ပထမအကြိမ် ခုနစ်ရာစုနှစ်အတွင်း ဟာရှမင်း လက်ထက်တွင်၎င်း ဒုတိယအကြိမ် ကိုးရာစုနှင့် ဆယ်ရာစုနှစ်များအတွင်း မိဟိရဘိုဂျမင်းနှင့် မဟင်ဒြပါလမင်းတို့ လက်ထက်၌၎င်း ပန်ချာလပြည်၏ မြို့တော်ဖြစ်ခဲ့လေသည်။

## ဗိဟာရ်နှင့် ဘင်္ဂါပြည်
## ပါလမင်းဆက်နှင့် ဆေနာမင်းဆက်

ဟာရှမင်းသည် ဘုန်းတန်ခိုး ကြီးမားစဉ်အခါက ဘင်္ဂါပြည်နှင့် ကာမရူပပြည်တို့သို့တိုင်အောင် ဩဇာအာဏာ ပြန့်နှံ့ခဲ့၏။ သူ နတ်ရွာစံပြီးသည့်နောက် လက်အောက်ခံ နယ်ပယ်များသည် အစိတ်စိတ်အမွှာမွှာ ကွဲပြားသွားကာ ရာဇဝင်၌ အနှစ်တရာ နီးပါး မထင်မရှား ဖြစ်သွားကြသည်။ ၇၃၀ ခုနှစ်လောက်တွင် ဘင်္ဂါပြည်၌ မင်းမဲ့တိုင်းပြည် မဖြစ်စေရန် ဂေါပါလ မည်သော အကြီးအမှူးတယောက်ကို မင်းမြှောက်လိုက်ကြ၏။ ဂေါပါလ

မင်းသည် ဘင်္ဂါပြည်ကိုသာမက မဂဓပြည်ခေါ် ဗိဟာနယ် တောင်ပိုင်းကိုပါ လေးဆယ့်ငါးနှစ်မျှ အုပ်စိုးရ၏။ သူသည် ရတနာသုံးပါးကို အလွန်ယုံကြည်လေးစားသည့် ဗုဒ္ဓဘာသာဝင် ဖြစ်၍ ဥဒ္ဒန္တပူရမြို့ (ယခုခေတ် ဗိဟာရမြို့၌) ရဟန်းတော်များ သီတင်းသုံးရန် ကျောင်းတော်ကြီး တဆောင်ကို ဆောက်လုပ် လှူဒါန်းခဲ့၏။ ဤမင်းသည် ဂေါပါလ မည်သောကြောင့် သူ၏ အဆက်အနွယ်များကိုလည်း ပါလမင်းများဟု ခေါ်ဝေါ်ကြ၏။ နောက် ပါလမင်းများသည် ဥဒ္ဒန္တပူရမြို့ကို နေပြည်တော် ပြုလုပ် ခဲ့ကြသည်။

ဂေါပါလမင်း၏နောက် ဒုတိယမြောက် မင်းသည် ဓမ္မပါလ မည်၏။ ထိုမင်းလည်း ဘင်္ဂလားအော်မှ မြောက်ဖက် ဒေလီနှင့် ဂျာလန်ဓာရ်တိုင်အောင် တောင်ဘက် ဝိန္ဓျတောင်တန်းတိုင် အောင်သော နယ်များကို ခြောက်ဆယ့်လေးနှစ်မျှ အုပ်စိုးရ၏။ သူသည် ဘာဂလ်ပူရ်ခရိုင် ပထရ်ဃာဋ အရပ်၌ အလွန်ကြီးမား ကျော်ကြားသည့် ဝိက္ကမသီလ မည်သော ကျောင်းတော်ကြီးကို ရှိဟန်းတော်များအား ဆောက်လုပ်လှူဒါန်းခဲ့လေသည်။

ပါလမင်းဆက်၏ တတိယမြောက် ဒေဝပါလ မင်းသည် အာသံပြည်နှင့် ကာလိင်္ဂပြည်တို့ကိုပါ အုပ်စိုးရသဖြင့် တန်ခိုး အာဏာ အလွန်ကြီးမား၏။ ပါလမင်းဆက်၏ အခြားသော မင်းများကဲ့သို့ပင် သူသည် ဗုဒ္ဓဘာသာကို အလွန်ကြည်ညိုသူ ဖြစ်၍ လေးဆယ့်ရှစ်နှစ်မျှ ထီးနန်းအုပ်စိုးကာ သာသနာကို ချီးမြှင့်ထောက်ပံ့ သွားလေသည်။

၉၆၆ ခုနှစ်လောက်တွင် တောင်ပေါ်သား ကမ္ဘိုဂျလူမျိုးများသည် ပါလမင်းတို့၏ နယ်ပယ်များကို ဝင်ရောက်တိုက်ခိုက်သိမ်းပိုက်ကြ၏။ ၉၇၀ ခုနှစ်လောက်တွင် ပါလမင်းဆက်၏ နဝမမြောက်ဖြစ်သော ပထမ မဟိပါလမင်းသည် ကမ္ဘိုဂျလူမျိုးများကို နှင်ထုတ်ပြီး ၄၇ နှစ်မျှ အုပ်စိုးခဲ့သည်။ သူ၏ဘုန်းတော်ဘွဲ့များကို အော်ရစ်ဆာနှင့် ကုချဗီဟာရ်နယ်များတွင် ယနေ့တိုင်အောင်ပင် သိဆိုနေကြသေးသည်။ ၁၀၁၃ ခုနှစ်တွင် ပထမ မဟိပလမင်းသည် မဂဓပြည်မှ ပဏ္ဍိစ်ဓမ္မပါလနှင့် အဖော်များကို တိဗက်ပြည်သို့ စေလွှတ်ကာ ဗုဒ္ဓသာသနာကို ပြန်လည်ထွန်းလင်း စေခဲ့သည်။ နောက်ထပ်တဖန် ၁၀၃၇ ခုနှစ်တွင် မဟိပါလမင်းကို ဆက်ခံသည့် နယပါလမင်းသည် မဂဓတိုင်း ဝိကာရမသီလ ကျောင်းတိုက်မှ အရှင်အတိသ ခေါင်းဆောင်သော အဖွဲ့ကို စေလွှတ်ကာ တိဗက်ဗုဒ္ဓဘာသာကို တိုးတက်ခိုင်မြဲစေခဲ့သည်။

နယပါလမင်း၏မြေး ရာမပါလသည် ၁၀၇၄ ခုနှစ်မှ ၁၁၃၀ ခုနှစ်တိုင်အောင် ၅၆ နှစ်မျှ ထီးနန်းကို အုပ်စိုးရ၏။ သူ၏နိုင်ငံတော်ထဲတွင် မိထိလာခေါ် မြောက်ပိုင်းဗီဟာရ်နယ်၊ (ယခုခေတ် ချန်ပါရန်ခရိုင်) ဒါဘန်ဂခရိုင်နှင့် အာသံနယ်တို့ ပါဝင်ကြ၏။ ဗုဒ္ဓသာသနာသည် ဣန္ဒိယပြည် အခြားနေရာများ၌ ဆုတ်ယုတ်ပျက်ပြား နေသော်လည်း ရာမပါလမင်း၏ နိုင်ငံတော်အတွင်း၌ကား ကြီးပွားထွန်းကား နေဆဲပင်ဖြစ်၏။ မဂဓပြည်ရှိ ကျောင်းများ၌ ထောင်ပေါင်းများစွာသော ရဟန်းတော်များ သီတင်းသုံး နေထိုင်ကြလေသည်။ သို့ရာတွင် ၁၁၉၇ ခုနှစ်

ဣန္ဒြဒယမနပါလ မင်း လက်ထက်၌ မုဟန်မေဒန်တို့ ဝင်ရောက် တိုက်ခိုက်သဖြင့် တိုင်းပြည်သာမက ဗုဒ္ဓသာသနာပါ ဆုတ်ယုတ် ပျက်ပြား သွားရလေတော့သည်။

ဤသို့လျှင် ပါလမင်းများသည် ၇၃၀ ခုမှ ၁၁၉၇ ခုနှစ် တိုင်အောင် နှစ်ပေါင်း ၄၆၇ နှစ် ကာလပတ်လုံး မဂဓပြည်နှင့် ဘင်္ဂါပြည်တို့ကို အုပ်စိုးကာ ဗုဒ္ဓသာသနာတော်ကို ပြုစု စောင့်ရှောက်ကြ၏။ သို့ရာတွင် ဆယ့်နှစ်ရာစု အတွင်းတွင် ဆေနာ တို့သည် ဘင်္ဂါပြည်ကို ဝင်ရောက်တိုက်ခိုက် သိမ်းပိုက်လိုက်ကြ လေသည်။

ထိုဆေနာမင်းဆက်ကို ဒက္ခိဏကုန်းမြေမြင့်မှ လာရောက် သည့် ဆာမန္တဒေဝမင်းက စတင်တည်ထောင်ခဲ့၏။ ဆယ့်တစ် ရာစုနှစ် အလယ်လောက်တွင် သူ သို့မဟုတ် သူ၏သား ဟေမန္တဆေနာသည် ကာဆိပူရိ (ယခုခေတ် မယူရ်ဘန်ဂျနယ် ကဆိအာရိ) မြို့၌ ထီးနန်းစိုက်ထူလေ၏။ သူတို့၏လက်ထက်၌ တန်ခိုးအဏာ မကြီးမားသေးသော်လည်း ဆာမန္တဆေနာ၏မြေး ဝိဂျယဆေနာမင်းသည် တဖြည်းဖြည်း တန်ခိုးအာဏာ ကြီးမား လာ၍ ၁၀၇၀ ခုနှစ်မှ ၁၁၀၈ ခုနှစ်အတွင်းတွင် ဘင်္ဂါပြည်၏ နယ်ပယ် အမြောက်အမြားကို ပါလမင်းများလက်ထဲမှ တိုက်ခိုက် သိမ်းပိုက်ကာ ဆေနာမင်းဆက်ကို ခိုင်မြဲစွာ တည်ထောင်ခဲ့ လေသည်။ သူသည့် အနှစ်လေးဆယ်လောက် နန်းစံ ရသည့် အတွင်း အခြားမင်းများထံမှ နယ်ပယ်အချို့ကိုလည်း တိုက်ခိုက် သိမ်းပိုက် ရရှိသေးသည်။

၁၁၀၇ ခုနှစ်တွင် ဝိဂျယဆေနာ မင်းအား သူ၏ သား ဝလ္လာလဆေနာ (ဗလ္လာလ်ဆင်း)က ဆက်ခံ၏။ သူသည် ဟိန္ဒူ ဇာတ်များကို အသစ် ပြုပြင် စီစဉ်ခဲ့၏။ အားလုံးသော ဆေနာ မင်းတို့သည် ဗြာဟ္မဏဘာသာဝင် ဟိန္ဒူများ ဖြစ်ကြ၍ ဇာတ် ခွဲခြားခြင်း၌ စိတ်ဝင်စားကြကုန်၏။ သူတို့သည် ဇာတ်ဝါဒကို လက်မခံကြသည့် ဗုဒ္ဓဘာသာဝင် ပါလမင်းတို့နှင့် ဆန့်ကျင်ဘက် ဖြစ်ကြကုန်၏။ ဝလ္လာလဆေနာမင်းသည် သူ၏ တန္တရ ဟိန္ဒူ ဝါဒကို မဂဓပြည်၊ ဘိုတန်ပြည်၊ ချစ်တဂေါင်းပြည်၊ ရခိုင်ပြည်၊ အောရစ်ဆက် ခေါ် ဥက္ကလာပြည်နှင့် နီပေါပြည်များသို့ ဗြာဟ္မဏ သာသနာပြုများကို စေလွှတ်ကာ ပြန့်နှံ့စေခဲ့သည်။ ၁၁၁၉ ခုနှစ်တွင် ဝလ္လာလဆေနာ မင်းအား သူ၏ သား လခက္ကရှမန ဆေနာက ဆက်ခံလေသည်။

ဆယ့်နှစ်ရာစုနှစ် ကုန်ခါနီးတွင် ဗီဟာရ်နှင့် ဘင်္ဂေါပြည်တို့၌ ပါလမင်းနှင့် ဆေနာမင်း နှစ်ဦးလုံးတို့ကို မုဟာန်မေဒန် တို့ ဝင်ရောက် တိုက်ခိုက် သုတ်သင်ပစ်လိုက်ကြ၏။ ၁၁၉၇ ခုနှစ် တွင် ဘခ်ကယား၏သား ဗိုလ်မှူးကြီး မုဟာန်မက်သည် ဗီဟာရ် ပြည်ကို သိမ်းပိုက်လိုက်သည်။ ဣန္ဒိယပြည် မြောက်ပိုင်း၌ နာဠန္ဒာ တက္ကသိုလ်၏ တည်ရာ ဗုဒ္ဓဘာသာ၏ နောက်ဆုံး ဗဟိဋ္ဌာနကို ဖြိုဖျက်လိုက်သဖြင့် အသက်မသေ ကျန်သေးသော ရဟန်းတော် များသည် တိဗက်ပြည်၊ နီပေါပြည်နှင့် ဣန္ဒိယတောင်ပိုင်းသို့ ထွက်ပြေးကြရကုန်သည်။ ဗိုလ်မှူးကြီး မုဟာန်မက်သည် ဗီဟားရ် ပြည်ကို လွယ်ကူစွာ အောင်မြင်ပြီးနောက် ၁၁၉၉ ခုနှစ်တွင်

ဘင်္ဂါပြည်ကို သိမ်းပိုက်လိုက်ပြန်သည်။ ဤသို့လျှင် ဗိဟာရ်ပြည်နှင့် ဘင်္ဂါပြည်တို့၌ ပါလမင်းနှင့် သေနာမင်းတို့သည် ဇာတ်သိမ်း သွားကြရလေတော့သည်။

ဒက္ခိဏ ကုန်းမြေမြင့်နိုင်ငံများ (ဝါတာပိမြို့၊ ချာလုကျ မင်းဆက် ၅၅၀-၇၅၃) ဤ ဒက္ခိဏကုန်းမြေမြင့်သည် မြောက်ဖက်၌ နမ္မဒါမြစ်နှင့် တောင်ဘက်၌ မာလဗာပြည်နှင့် တာမိလ်နိုင်ငံများအကြားရှိ ဂေါဒါဝရီမြစ်နှင့် ကရစ်ရှနာမြစ်တို့ စီးဆင်းရာ ခြောက်သွေ့၍ တောင်ကုန်း ထူထပ် မြင့်မားသည့် ဒေသဖြစ်၏။ ဤဒေသအတွင်း၌ မဟာရာရှတြပြည်၊ မိုက်ဆိုးပြည်နှင့် ဟိုက်ဒါရဗတ်ပြည်တို့ ပါဝင်ကြ၏။ ဤ ဒက္ခိဏ ကုန်းမြေမြင့်၌ ၂၃၀ ဘီစီ က စ၍ ၂၂၅ အေဒီတိုင်အောင် ၄၅၅ နှစ်ကြာမျှ အန္ဓရမင်းတို့ အုပ်စိုးသွားပြီးနောက် အနှစ်သုံးရာလောက်အတွင်း မင်းဆက်များကို အတိအကျ မသိရှိရတော့ပေ။

ခြောက်ရာစုနှစ် အလယ်လောက်တွင် မြောက်ဖက် ရာဂျပုတာနပြည်မှ လာရောက်သည့် ချာလုကျ မင်းမျိုးသည် ဒက္ခိဏ ကုန်းမြေမြင့် နိုင်ငံများကို စတင် အုပ်စိုးခဲ့၏။ ဤ ချာလုကျ မင်းဆက်ကို စတင် တည်ထောင်သူသည် ပထမ ပုလကေဆင်ဖြစ်၏။ သူသည် ၅၅၀ ခုနှစ် လောက်တွင် ဝါတာပိမြို့ (ယခုခေတ် ဗိဂျာပူရ်ရှိခရိုင်၊ ဗာဒါမိမြို့)၌ ထီးနန်း စိုက်ထူခဲ့သည်။ သူ၏ သားများ ဖြစ်သည့် ကီရတိဝါမန်နှင့် မန်ဂလေသ တို့သည် အနောက်ဂတ်နှင့် ပယ်လယ်အကြားရှိ နယ်ပယ်များကို သိမ်းယူ

ပြီး နယ်ချဲ့လိုက်ကြသည်။ ကိရတိဝါမန်သည် ၅၆၆ ခုနှစ်တွင် နန်းတက်သည်။ ထိုနောက် မန်ဂလေဆသည် ၅၉၇ ခုနှစ်တွင် နန်းတက်သည်။

ကိရတိဝါမန်၏ သား ဒုတိယ ပုလကေဆင်သည် ၆၀၈ ခုနှစ်တွင် နန်းတက်၏။ သူသည် ၆၁၁ ခုနှစ်တွင် ကရစ်ရှနားနှင့် ဂေါဒါဝရီမြစ်တို့ အကြားရှိ ဝင်ဂီပြည်ကို သိမ်းပိုက်ပြီး ထိုပြည်၌ သူ၏ညီ ကုဗဂျဗိရှနုဝါဒနကို ဘုရင်ခံအဖြစ်ဖြင့် ခန့်ထား၏။ ကုဗဂျဗိရှနုဝါဒနသည် ပိရှတပူရမြို့ (ယခုအခါ ဂေါဒါဝရီခရိုင် ပိထာပူရံမြို့)၌ နေထိုင်ကာ ပြည်နယ်ကို အုပ်ချုပ်လေ၏။ သူသည် ၆၁၅ ခုနှစ်လောက်တွင် လွတ်လပ်ရေး ရရှိကာ အရှေ့ချာလုကျ မင်းဆက်ကို တည်ထောင်လေ၏။ ထိုမင်းဆက်သည် ၁၀၇၀ ခုနှစ်တိုင်အောင် တည်တံ့ပြီးနောက် ချိုလာ မင်းဆက်ထဲသို့ ဝင်ရောက် ပေါင်းစပ်သွားလေသည်။ ဒုတိယ ပုလကေဆင်မင်းသည် ၆၂၀ ခုနှစ်တွင် အလွန်ကြီးမားသော စစ်အင်အားဖြင့် ချီတိုက် တိုက်ခိုက်လာသည့် ဟာရှမင်းကို နမ္မဒါမြစ် တဖက်ကမ်းမှ အပြင်းအထန် ခုခံ တိုက်ခိုက်ကာ ဆုတ်ခွာ ပြန်သွားစေခဲ့သည်။ ဤကဲ့သို့ စစ်မက်အင်အား ကြီးမားသည့် ဒုတိယ ပုလကေဆင်မင်းကို ပလ္လဝါမင်း နရသိံဟဂါမန်သည် တိုက်ခိုက်အောင်မြင်ကာ ဖမ်းဆီး သတ်ဖြတ်ပစ်လိုက်သည်။ ဤသို့လျှင် ချာလုကျ မင်းဆက်သည် ဆယ့်သုံးနှစ်လောက် ခေတ္တ ပြတ်စဲသွားလေတော့သည်။

ထိုနောက် ၆၅၅ ခုနှစ်တွင် ဒုတိယ ပုလကေဆင်၏ သား ပထမ ဝိကရမာဒိတျသည် ပလ္လဝါမင်းတို့၏ မြို့တော် ကာန်ချီကို

တိုက်ခိုက် အောင်မြင်ပြီး ချာလုကျ မင်းဆက်ကို ပြန်လည် တည်ထောင်၏။ သူ၏ လက်ထက်တွင် ဂုဂျရတ်ပြည်ထဲ၌ ချာလုကျ မင်းဆက်၏ အခက်အလက်တခုကို တည်ထောင်ခဲ့၏။ သူသည် ပလ္လဝါမင်းတို့နှင့် အမြဲမပြတ် စစ်တိုက်ခိုက်နေရသည်။ ၆၈၀ ခုနှစ်တွင် ဝိနယာဒိတျမင်း နန်းတက်၏။ ၆၉၆ ခုနှစ်တွင် ဝိဇယာဒိတျမင်း နန်းတက်၏။ ဒုတိယ ဝိကြမာဒိတျမင်းသည် ၇၃၃ ခုနှစ်တွင် နန်းတက်ပြီး ၇၄၀ ခုနှစ်လောက်တွင် ပလ္လဝါ မင်းတို့၏ မြို့တော် ကာန်ချီကို တိုက်ခိုက် သိမ်းပိုက်ပြန်လေသည်။

ဒုတိယ ဝိကြမာဒိတျ၏သား ဒုတိယ ကီရတိဝါမန်သည် ၇၄၆ ခုနှစ်တွင် ထီးနန်းကို ဆက်ခံခဲ့၏။ ၇၅၃ ခုနှစ်တွင် ရာရှတြကူတ အနွယ်ဖြစ်သော ဒန္တိဒုရဂမင်းသည် ဒုတိယ ကီရတိဝါမန်မင်းတို့ကို တိုက်ခိုက်နှိမ်နင်းလိုက်၏။ ဤသို့လျှင် ချာလုကျမင်းဆက် ပြတ်သွားသဖြင့် ဒက္ခိဏကုန်းမြေမြင့် နိုင်ငံသည် ရာရှတြကူတ မင်းများလက်တွင်းသို့ အနစ်နှစ်ရာကျော်မျှ ရောက်ရှိသွားလေသည်။

ဆိုခဲ့ပြီးသည့်အတိုင်း ၅၅၀ ခုနှစ်မှ ၇၅၀ ခုနှစ်တိုင် အောင် အနှစ်နှစ်ရာမျှ ချာလုကျမင်းတို့သည် ဝါတာပိမြို့တော်၌ ထီးနန်းစိုက်ထူကာ ဒက္ခိဏကုန်းမြေမြင့် နိုင်ငံကို အုပ်စိုးသွား ကြသည်။ ထိုမင်းများလက်ထက်၌ ဗုဒ္ဓဘာသာသည် ယုံကြည် သက်ဝင်သူများ၏ သြဇာအာဏာ ရှိသေးသော်လည်း တဖြည်း ဖြည်း ဆုတ်ယုတ်ပျက်ပြားနေသည့်ပြင် ပြိုင်ဘက်ဖြစ်သော ဂျိန်း ဘာသာနှင့် ဗြာဟ္မဏ ဟိန္ဒူဘာသာတို့၏ ဖိနှိပ်ခြင်းကိုလည်း ခံနေရပေသည်။ ဟိန္ဒူဘာသာ၏ ယဇ်ပူဇော်မှုမှာ ထွန်းကား

များပြားရကား နေရာအနှံ့အပြား၌ ဗိရှနုနှင့် ဆိဝတို့အတွက် ဘုရားကျောင်းများကို အကြီးအကျယ် အများအပြား ဆောက်လုပ်ကြကုန်သည်။ ဂျိန်းဘာသာသည် တောင်ပိုင်း မရထာပြည်ထဲတွင် ကြီးပွားတိုးတက်နေ၏။ ပါရစီတို့၏ ဇိုရိုအက်စတားဘာသာသည် ရှစ်ရာစုနှစ် အတွင်းတွင် ဂူဇရာတ်ပြည်ထဲသို့ဝင်ရောက်လာခဲ့၏။ ၇၃၅ ခုနှစ်တွင် ပါရစီတို့သည် ဘွန်ဘေနယ်ထာနခရိုင် ဆန်ဂျန်အရပ်၌ ရှေးဦးစွာ အခြေစိုက်ကြလေသည်။

ရာရှတြကူတ မင်းဆက် ( ၇၅၃ – ၉၇၃ ) ရှေးဦးစွာသော ဒန္တိဒုရဂ ရာရှတြကူတ မင်းသည် ၇၅၃ နှစ်တွင် ဝါတာပိမြို့ကို သိမ်းပိုက်ပြီးနောက် ခုနစ်နှစ်မျှ ထီးနန်းစိုးစံရသည်။ ၇၆၀ ခုနှစ်တွင် သူ၏ဦးရီးတော် ပထမကရစ်ရှနသည် ထီးနန်းကိုဆက်ခံပြီး ရာရှတြကူတ မင်းဆက်ကို ခိုင်မြဲအောင် ပြုလုပ်ခဲ့၏။ ထိုပြင်သူသည် ဂူဂျရတ်ပြည်ထဲ၌ ရာရှတြကူတမင်းဆက်၏ အခက်အလက်တခုကို တည်ထောင်ခဲ့သည်။ ပထမ ကရစ်ရှနမင်း၏လက်ထက်တွင် ဟိုက်ဒါရဗက်ပြည် အယ်လိုရာအရပ်၌ တလုံးတခဲတည်းဖြစ်သော ကျောက်တောင်ကြီးကို ထွင်းဖောက်၍ အလွန်အံ့သြဘွယ်ရာ ကိုက်လာသမည်သော ဘုရားကျောင်းကို အမှတ်တရ စီမံဖန်တီးကြသည်။

ပထမ ကရစ်ရှနမင်း၏သား ဒုတိယ ဂေါဝိန္ဒသည် ၇၇၅ ခုနှစ်တွင် နန်းတက်၏။ ထို့နောက် သူ၏ညီ ဓရူဗသည် ၇၈၀ ခုနှစ်တွင် နန်းတက်၏။ ဓရူဗ၏သား တတိယ ဂေါဝိန္ဒသည် ၇၉၃ နှစ်တွင် နန်းတက်ပြီး နိုင်ငံတော်ကို ထပ်မံချဲ့ထွင်ခဲ့၏။ သူသည် မြောက်ဖက်၌ ဝိန္ဓြတောင်တန်းနှင့် မာလဝါမှ

တောင်ဘက်၌ ကန်ချီတိုင်အောင် နယ်ချဲ့ကာ တုန်ဂဘဒြာနယ်ကို တိုက်ရိုက်စိုးမိုး အုပ်ချုပ်၏။ ထို့ပြင် သူသည် သူ၏သမီး ဝိဇ္ဇိကာရာဂျာကို တောင်ပိုင်း ဂူဂျရတ်ပြည်၏ ဘုရင်ခံအဖြစ်ဖြင့် ခန့်ထားလေသည်။

အမောဃဝါရှမင်းသည် ၈၁၅ ခုမှ ၈၇၇ ခုနှစ်တိုင်အောင် ခြောက်ဆယ့်နှစ်နှစ် ကာလပတ်လုံး ထီးနန်းကို အုပ်စိုးရ၏။ သူသည် သူ၏နေပြည်တော်ကို နာဆစ်ကမှ မာနယခေတသို့ ပြောင်းရွှေ့လိုက်၏။ အမောဃဝါရှမင်းသည် အသက်အရွယ်ကြီးရင့်လာသည့်အခါ သားတော် ဒုတိယ ကရစ်ရှနအား ထီးနန်းလွှဲအပ်ပြီး ဂျိန်းဘာသာ ရဟန်းပြုလုပ် သွားခဲ့၏။သူသည် ဒိဂမ္ဗရခေါ် အစေလကဂျိန်းဂိုဏ်းကို ရက်ရက်ရောရော ထောက်ပံ့ကူညီခဲ့၏။ ဤကဲ့သို့ ဘုရင်မင်းများ၏ အကူအညီကို ရရှိသဖြင့် ဂျိန်းဘာသာသည် ကိုးရာစုနှစ် နောက်ပိုင်းနှင့် ဆယ့်ရာစုနှစ် အစပိုင်းတို့၌ တိုးတက်ကြီးပွား နေခဲ့သည်။ ဗုဒ္ဓဘာသာသည် ကား တနေ့တခြား ဆုတ်ယုတ်ပျက်ပြားပြီး ဆယ့်နှစ်ရာစုနှစ် အတွင်းတွင် ဒက္ခိဏကုန်းမြေမြင့် နိုင်ငံများမှ လုံးဝပျောက်ကွယ် သွားရလေတော့သည်။

ဒုတိယ ကရစ်ရှနမင်းသည် ၈၇၇ ခုနှစ်တွင် နန်းတက်ခဲ့၏။ တတိယ ဣန္ဒရသည် ၉၁၂ ခုနှစ်တွင် နန်းတက်၏။ ဒုတိယ အမောဃဝါရှသည် ၉၁၆ ခုနှစ်တွင် နန်းတက်၏။ စတုတ္ထ ဂေါဝိန္ဒာသည် ၉၁၇ ခုနှစ်တွင် နန်းတက်၏။ တတိယ အမောဃဝါရှသည် ၉၃၅ ခုနှစ်တွင် နန်းတက်၏။ တတိယ ကရစ်ရှနသည် ၉၄၀ ခုနှစ်တွင် နန်းတက်၏။ ခေါဋ္ဋိဂသည်

၉၆၅ ခုနှစ်တွင် နန်းတက်၏။ ရာရှတြကူတ မင်းဆက်၏ နောက်ဆုံးမင်းဖြစ်သည့် ဒုတိယ ကက္ကသည် ၉၇၂ ခုနှစ်တွင် နန်းတက်၏။ ၉၇၃ ခုနှစ်တွင် ချာလုကျ အဆက်အနွယ် ဖြစ်သော တိုက်လာမင်းသည် ဒုတိယ ကက္ကမင်းကို တွန်းလှန် ဖြိုဖျက်လိုက်ပြီး ချာလုကျမင်းဆက် ပြန်လည်တည်ထောင်၏။ ထိုမင်းဆက်သည် ကလျာဏီချာလုကျ အမည်ရ၍ အနှစ်နှစ်ရာ ကျော် ဆက်လက်တည်ရှိ သွားလေသည်။

ကလျာဏီချာလုကျ မင်းဆက် (၉၇၃–၁၁၉၀) ဒုတိယ တိုက်လာမင်းသည် ချာလုကျမင်းဆက်ကို ပြန်လည်တည်ထောင် ရုံမျှမက ချာလုမင်းများ အုပ်စိုးခဲ့ဘူးသည့် တိုင်းပြည်များကိုပင် ပြန်လည်တိုက်ခိုက် သိမ်းပိုက်နိုင်ခဲ့သည်။ သူသည် နှစ်ဆယ့်လေး နှစ်မျှ အုပ်စိုးရသည်။သူ၏သား ဆတျာဆရယမင်းသည် ၉၉၇ ခု နှစ်တွင် နန်းတက်၏။ သူ၏လက်ထက် ၁၀၀၀ ခုနှစ်လောက် တွင် ချိုလာဘုရင် ရာဂျရာဂျာသည် စစ်သည်အင်အား ကိုးသိန်းလောက်နှင့် ချာလုကျနိုင်ငံအတွင်းသို့ ဝင်ရောက်တိုက် ခိုက်ကာ တိုင်းသူပြည်သားများကို ရက်ရက်စက်စက် လုယက် သတ်ဖြတ်လေသည်။

ထို့နောက် ဝိကရမာဒိတျမင်းသည် ၁၀၀၉ ခုနှစ်တွင် နန်းတက်၏။ ဒုတိယ ဂျယဆိံဟသည် ၁၀၁၆ ခုနှစ်တွင် နန်းတက်၏။ ပထမ ဆိုမေဆွာရသည် ၁၀၄၂ ခုနှစ်တွင် နန်းတက်၏။ သူသည် ၁၀၅၂ တွင် ကရစ်ရှနားမြစ်ကမ်း ကောပံအရပ်၌ ချိုလာဘုရင် ရာဂျာဓိရာဂျာကို တိုက်ခိုက် နှိမ်နင်းလိုက်၏။ ထို့ပြင် သူသည် မာလာဝါပြည်ထဲက ဓာရာ

မြို့နှင့် တောင်ဘက်ထဲက ကန်ချိမြို့တို့ ကိုလည်း တိုက်ခိုက် အောင်မြင်လေသည်။ ပထမ ဆိုမေဆွာရသည် ကုသ၍မရနိုင်သည့် ရောဂါ စွဲကပ်လာသဖြင့် ၁၀၆၈ ခုနှစ်တွင် ဆိဝ၏ ဂုဏ်တော်များကို ရွတ်ဖတ်သရဇ္ဈာယ်ကာ မြစ်ထဲသို့ဆင်း၍ ရေနှစ်ပြီး သေပစ်လိုက်သည်။

ဒုတိယ ဆိုမေဆွာရသည် ၁၀၇၅ ခုနှစ်တွင် နန်းတက်၏။ ဆဌမဝိကရမာဒိတျသည် ၁၀၇၆ ခုနှစ်တွင် နန်းတက်ကာ အနှစ်ငါးဆယ်မျှ အုပ်စိုးရ၏။ သူကွယ်လွန်သည်ကစ၍ ချလုကျမင်းတို့၏ တန်ခိုးအာဏာသည် ဆုတ်ယုတ်သွားလေသည်။ တတိယ ဆိုမေဆွာရသည် ၁၁၂၅ ခုနှစ်တွင် နန်းတက်၏။ ပါမဂျဂဒေကမလ္လာသည် ၁၁၃၈ ခုနှစ်တွင် နန်းတက်၏။ တတိယဘိုက်လာသည် ၁၁၄၉ ခုနှစ်တွင်နန်းတက်၏။ သူ၏လက်ထက် ၁၁၆၂ ခုနှစ်တွင် သူ၏စစ်သူကြီး ဘစ်ဂျလာသည် ပုန်ကန်ထကြွပြီး သူ့နိုင်ငံတော်တွင်းရှိ နယ်ပယ် အများအပြားကို သိမ်းယူအုပ်စိုးလေ၏။ စတုတ္ထ ဆိုမေဆွာရသည် ၁၁၆၂ ခုနှစ်တွင်နန်းတက်ပြီး ၁၁၈၃ ခုနှစ်တွင် ဘစ်ဂျလာ လုယူသိမ်းပိုက်ထားသည့် နယ်များကို ပြန်လည်တိုက်ခိုက် သိမ်းပိုက်လိုက်သည်။ သို့ရာတွင် သူ၏နိုင်ငံတော်အတွင်းရှိ နယ်ပယ်အမြောက်အမြားကို အနောက်ဖက် ဒေဝဂိရိမှ ယာဒဗမင်းများနှင့် တောင်ဘက် ဒွိရာဆမုဒြပြည်မှ ဟိုယ်ဆလမင်းများက တိုက်ခိုက် သိမ်းပိုက်ကြပြန်၏။ သို့ဖြစ်၍ ကလျာဏချာလုကျမင်းဆက်သည် ၁၁၉၀ ခုနှစ်တွင် ပြတ်စဲဆိတ်သုဉ်းသွားလေတော့သည်။

၁၁၆၂ ခုနှစ်တွင် နန်းတက်ပြီး ၁၁၆၇ ခုနှစ်တွင် ကွယ်လွန်သွားသည့် ဘစ်ဂျလာ၏ လက်ထက်တွင် လိင်္ဂါယတ်မည်သော ဟိန္ဒူဘာသာ ဂိုဏ်းသစ်တခု ပေါ်ပေါက်ခဲ့၏။ ထိုဂိုဏ်းသည် ယနေ့တိုင်အောင် သြဇာအာဏာ ကြီးမားနေ၏။ ထိုဂိုဏ်းဝင်များသည် ကံနေရိစ်ခရိုင်၌ အထူးအားဖြင့် များပြားလှပေသည်။ သူတို့သည် ဆီဝကို ယောကျ်ား၏ လိင်အသွင်သဏ္ဌာန် ပြုလုပ်ကာ ကိုးကွယ်ကြ၏။ ထို့ပြင် သူတို့သည် ဝေဒကျမ်းများကို ပစ်ပယ်ကြ၍ နောက်ဘဝရှိသည်ကိုလည်း မယုံကြည်ကြ။ ကလေးများ လက်ထပ်မှုကို ကန့်ကွက်ကြပြီး မုဆိုးမများ လက်ထပ်မှုကို အားပေးကြ၏။ သူတို့သည် ဗြာဟ္မဏများကို လုံးဝ အသိအမှတ် မပြုကြကုန်။ ဤလိင်္ဂါယတ်ဂိုဏ်းသစ် ပေါ်ပေါက်လာခြင်းကြောင့် ဗုဒ္ဓဘာသာနှင့် ဂျိန်းဘာသာ နှစ်ခုလုံး အင်အားချည့်နဲ့ ဆုတ်ယုတ်သွားရလေတော့သည်။

## ဟိုယ်ဆလ မင်းဆက် (၁၁၁၁–၁၃၁၀)

ဆယ့်နှစ်နှင့် ဆယ့်သုံး ရာစုနှစ်များ အတွင်းတွင် ဟိုယ်ဆလ အနွယ်ဖြစ်သည့် မြို့စား နယ်စား အကြီးအမှူးများသည် မိုက်ဆိုးပြည်အတွင်း၌ တန်ခိုးအာဏာ ကြီးမားလာကြ၏။ ဤအနွယ်ထဲက ရှေးဦးစွာသော မင်းသည် ဗိတ္တိဒေဝမည်၏။ သူသည် ဒိုရာဆမုဒြ မြို့တော်ကို တည်ထောင်ပြီး ၁၁၁၁ ခုနှစ်မှ ၁၁၄၀ ခုနှစ် တိုင်အောင် ထီးနန်းကို အုပ်စိုးသွား၏။ သူသည် နန်းတက်စအခါ၌ ဂျိန်းဘာသာကို ယုံကြည်လေးစား အားပေး ချီးမြှောက်ခဲ့၏။

သို့ရာတွင် နောက်ပိုင်း၌ ဗိရုဒ္ဒကို ကိုးကွယ်သည့် ဟိန္ဒူဘာသာထဲသို့ ဝင်ရောက်ပြီး ဗိရုဒ္ဒဟူသောအမည်ကို ခံယူသွားလေသည်။

သူသည် တောင်ပိုင်းထဲက ချိုလာပြည်၊ ပန်ဍျပြည်နှင့် ချေရာပြည်တို့၏ ဘုရင်များကို တိုက်ခိုက် အောင်မြင်လေသည်။ ၁၁၂၃ ခုနှစ်လောက်တွင် သူ့အား ဆက်ခံသည့် ဒုတိယနရသိံဟမင်းသည် တရိချိနိုပိုလိနယ်ကို သိမ်းပိုက်လေသည်။

ဗိရုဒ္ဒမင်း၏မြေး ဝိရဗလ္လာလသည် ၁၁၇၃ ခုနှစ်မှ ၁၂၂၀ ခုနှစ်တိုင်အောင် နှစ်ပေါင်း၄၇ နှစ်မျှ အုပ်စိုးရ၏။ သူသည် မိုက်ဆိုးပြည် မြောက်ပိုင်းတိုင်အောင် သူ၏နိုင်ငံတော်ကို ချဲ့ထွင်ခဲ့၏။ ထို့ပြင် ၁၁၉၁ ခုနှစ်တွင် သူသည် မြောက်ဖက်ရှိ ဒေဝဂိရိပြည့်ရှင် ယာဒဗဘုရင်ကို တိုက်ခိုက်အောင်မြင်သဖြင့် တောင်ပိုင်း ဒက္ခိဏကုန်းမြေမြင့် ပါဝင်သည့် ဣန္ဒိယတောင်းပိုင်း၌ တန်ခိုးကြီးမား ထင်ရှား ကျော်ဇောလာလေသည်။

ဤ ဟိုယ်ဆလ မင်းဆက်သည် ၁၃၁၀ ခုနှစ်တိုင်အောင် ဆက်လက်တည်ရှိခဲ့၏။ ထို့နောက် မုဟာန်မေဒန် စစ်တပ်များ ဝင်ရောက်တိုက်ခိုက်သဖြင့် ပျက်စီးသွားရ လေတော့သည်။

## ယာဒဗ မင်းဆက် (၁၁၉၀–၁၃၁၈)

ဒေဝဂိရိမြို့မှ ယာဒဗမင်းများသည် ချလုကျပြည် မြို့စား နယ်စား အနွယ်များမှ ဆင်းသက်လာကြသည်။ သူတို့သည် ဒေဝဂိရိနှင့် နာဆိက်အကြားရှိ ဆေဗနနယ်ကို အုပ်စိုးကြရသည်။ ယာဒဗမင်းဆက်၏ ရှေးဦးစွာသော ဘိလ္လမ မင်းသည် ၁၁၉၁

ခုနှစ်တွင် ဟိုယ်ဆလမင်းနှင့် တိုက်ခိုက်ရာ၌ ကျဆုံးသွားလေသည်။

ယာဒဗမင်းဆက်ထဲက တန်ခိုးအကြီးဆုံးသော ဆင်ဃနမင်းသည် ၁၂၁၀ ခုနှစ်တွင် နန်းတက်ခဲ့၏။ သူသည် ဂုဂျရတ်ပြည်နှင့် အခြားသောပြည်များကို ဝင်ရောက်တိုက်ခိုက်ကာ နယ်ချဲ့ခဲ့၏။ ဟိုယ်ဆလမင်းဆက်ကဲ့သို့ပင် ယာဒဗမင်းဆက်ကို မုဟာန်မေဒင်တို့ ဖျက်ဆီးကြ၏။ ရာမချန္ဒရ မင်းလက်ထက် ၁၂၉၄ ခုနှစ်တွင် တကြိမ် ၁၃၀၉ ခုနှစ်တွင်တကြိမ် မုဟာန်မေဒင်တို့ ဝင်ရောက်တိုက်ခိုက်ကြ၏။ ရာမချန္ဒရမင်းသည် ဒက္ခိဏ ကုန်းမြေမြင့်၌ လွတ်လပ်သည့် နောက်ဆုံး ဟိန္ဒူဘုရင် ဖြစ်လေသည်။ သူကွယ်လွန်ပြီးနောက် သူ၏သားမက် ဟရပါလသည် ၁၃၁၈ ခုနှစ်တွင် မုဟာန်မေဒင်တို့ကို ပုန်ကန်ထကြွရာတွင် အသတ်ခံရသည်။ ဤသို့လျှင် ယာဒဗမင်းဆက်သည် ကြေကွဲဘွယ်ရာ အဆုံးသတ်ခဲ့ရလေသည်။

## တောင်ပိုင်းတိုင်းပြည်များ

ဏ္ဍိယတောင်ပိုင်းဒေသကို ဒက္ခိဏကုန်းမြေမြင့်မှ ကရစ်ရှနားမြစ်နှင့် တုန်ဂဘဒြမြစ်များဖြင့် ပိုင်းခြားထား၏။ ဤကျယ်ပြန့်သည့် ဒေသထဲ၌ မဒရပ်နယ်၊ မိုက်ဆိုးနယ်၊ ကိုချင်နယ်နှင့် ထရန်ဗန်ကိုနယ်တို့ ပါဝင်ကြ၏။ ဤအရပ်ဒေသသည် တာမီလစကားပြောသူတို့၏ ဌာနဖြစ်သောကြောင့် ရှေးအခါက တာမိလ်ကမ်ဟုထင်ရှားခဲ့သည်။ ဤဒေသ၏ သမိုင်းသည် ဣန္ဒိယပြည် အခြားဒေသများ၏ သမိုင်းနှင့် အဆက်အသွယ်များစွာ မရှိလှဘဲ တသီးတခြားဖြစ်၍ နေပေသည်။

တာမိလ်လူမျိုးတို့မှာ ဧရှိယမြောက်ပိုင်းနှင့် မဆက်သွယ်ဘဲ ကိုယ်ပိုင်ယဉ်ကျေးမှုများ ရှိကြ၏။ သို့ရာတွင် ဧရှိယမြောက်ပိုင်းမှ ပြောင်းပြီး မဒူရာနှင့် အခြားသောမြို့များ၌ နေထိုင်ကြသူတို့သည် ဟိန္ဒူတို့၏ ဇာတ်ဝါဒနှင့် အခမ်းအနားများကို သွတ်သွင်းလာကြသည်။ တာမိလ်တို့၏ ဘာသာရင်းသည် နတ်ဆိုးကို ကိုးကွယ်သည့် ဘာသာဖြစ်လေသည်။

ဧရှိယမြောက်ပိုင်းမှ ဂျိန်းဘာသာ၊ ဗုဒ္ဓဘာသာနှင့် ဟိန္ဒူဘာသာတို့ ဝင်ရောက်လာသည့်အခါ နတ်ဆိုးကို ကိုးကွယ်သည့် ဘာသာသည် ဆုတ်ယုတ်အားနည်း သွားလေ၏။ မောရိယစန္ဒဂုတ္တမင်းလက်ထက် ဘီစီ ၃၀၉ ခုနှစ်တွင် ဧရှိယမြောက်ပိုင်းမှ ဂျိန်းဘာသာဝင် လူတစုသည် တောင်ပိုင်းဒေသ မိုက်ဆိုးနယ် ဆရဗန ဘယ်လ်ဂိုလာ၌ လာရောက်နေထိုင် ခဲ့၏။ သူတို့၏ ခေါင်းဆောင်သည် ဘဒြဗာဟုဖြစ်၏။ သူသည် ဂျိန်းကျင့်ဝတ်အတိုင်း အစာငတ်ခံကာ သေဆုံးသွားလေ၏။ ဆရဗနဘယ်လ်ဂိုလာ၌ ယခုရှိနေသော ဂျိန်းခေါင်းဆောင်သည် ဘဒြဗာဟုမှ ဆင်းသက်လာသူဖြစ်၍ တောင်ပိုင်းဒေသရှိ ဂျိန်းအားလုံး၏ ဂိုဏ်းချုပ်ကြီးဖြစ်သည်။ ဤသို့လျှင် တောင်ပိုင်းဒေသသို့ ဂျိန်းဘာသာ ရောက်ရှိလာခြင်းသည် ဗုဒ္ဓဘာသာ ရောက်ရှိလာခြင်းထက် အနှစ်ငါးဆယ်လောက် စောသည်။ မိုက်ဆိုးပြည်၌ ဂျိန်းဘာသာသည် အလွန်ကြီးပွား ထွန်းကားခဲ့၏။ ပန်ဒျပြည်၌ ဂျိန်းဘာသာသည် ခုနှစ်ရာစု နှစ်လောက်ကစ၍ ဆုတ်ယုတ်လာခဲ့၏။ သို့ရာတွင် မိုက်ဆိုးပြည်နှင့် ဒက္ခိဏ ကုန်းမြေမြင့်တို့၌

ကား ခုနစ်ရာစုနှစ် နောက်နှစ်ပေါင်းများစွာ ဆက်လက်ကြီးပွား တိုးတက်ခဲ့လေသည်။

ဘီစီ ၂၄၄ ခုနှစ်တွင် အရှင် မောဂ္ဂလိပုတ္တထေရ် စေလွှတ် လိုက်သဖြင့် အရှင်ရက္ခိတ အမှူးရှိသော မထေရ်ငါးပါးတို့သည် ဣန္ဒိယ တောင်ပိုင်းဒေသသို့ သာသနာပြု ကြွရောက်တော်မူလာ ကြ၏။ ထိုအခါကစ၍ တောင်ပိုင်းဒေသသို့ ဗုဒ္ဓဘာသာ ရောက်ရှိ လာခဲ့၏။ ဗုဒ္ဓဘာသာသည် ထိုဒေသ၌ ကြီးပွားထွန်းကား ခဲ့သော်လည်း ခုနစ်ရာစုနှစ် အတွင်းတွင် ဂျိန်းဘာသာနှင့် ဟိန္ဒူ ဘာသာတို့၏ လွှမ်းမိုးခြင်းကို ခံရသဖြင့် ဆုတ်ယုတ်ပျက်ပြား သွားလေတော့သည်။

ဣန္ဒိယတောင်ပိုင်း တာမီလ်နိုင်ငံထဲ၌ ပန်ဒျ၊ ချိုလာနှင့် ချေရာ (ဝါ) ကေလာရဟူသော သုံးပြည်တို့ ပါဝင်ကြ၏။

## ပန်ဒျပြည်

ထိုသုံးပြည်တို့အနက် ပန်ဒျပြည်သည် မြောက်ဖက် ဗေလာရူ မြစ်မှ တောင်ဘက်ကို မိုရင်အငူတိုင်အောင် အရှေ့ဘက်ကို ရိုမန်ဒယ်လ်ကမ်းခြေမှ အနောက်ဖက် တရန်ဗန်ကိုတိုင်အောင် ကျယ်ပြန့်လေ၏။ ထိုပန်ဒျပြည်ထဲ၌ ယခုခေတ် မဒူရခရိုင်၊ တင်နီဗဲလီးခရိုင်နှင့် ကိုတ်ပ်ကိုမိုရင် ပါဝင်သည့် ထရန်ဗန်ကိုနယ် တစိတ်တဒေသတို့ ပါဝင်ကြသည်။

## ချိုလာပြည်

ချိုလာပြည်၏ နယ်နိမိတ်များမှာ မြောက်ဖက်၌ ပင်နားမြစ် တောင်ဘက်၌ ဗေလာရူမြစ် အရှေ့ဘက်၌ ကိုရိုမန်ဒယ်ကမ်းခြေ

နှင့် အနောက်ဖက်၌ ကုရိဂ်နယ်တို့ ဖြစ်ကြ၏။ ထိုချိုလာပြည်ထဲ၌ မဒရပ်နယ်၊ အရှေ့ဘက်ခရိုင် အများအပြားနှင့် မိုက်ဆိုးနယ် အစိတ်အပိုင်းများ ပါဝင်ကြသည်။

## ချေရာ (ဝါ) ကေရာလပြည်

ချေရာနှင့် ကေရာလတို့သည် အဓိပ္ပာယ်တူညီသည့် ပရိယာယ်ပုဒ်များ ဖြစ်ကြ၏။ ကေရာလဟူသော အမည်သည် ချန်ဒရဂိရိမြစ်၏ တောင်ဘက် အနောက်ဂတ် တောင်တန်းများ၏ မညီညာသော အရပ်ဒေသများကို ဆိုလိုသည်။ ထိုကေရာလပြည်သည် ယခုခေတ် မာလဗာခရိုင်၊ ထရန်ဗန်ကိုနှင့် ကိုချင်တို့ပါဝင်သည့် မာလဗာကမ်းခြေပင် ဖြစ်သည်။ အမှန်အားဖြင့် ဤသုံးပြည်တို့၏ နိမိတ်များသည် အတည်တကျ မဟုတ်ဘဲ မကြာခဏ ပြောင်းလဲနေကြသည်။

## ပလ္လဝမင်းဆက်

လေးရာစုနှစ်မှ ရှစ်ရာစုနှစ်တိုင်အောင် ပလ္လဝမင်းဆက်သည် ဇာနိယတောင်ပိုင်း ရာဇဝင်၌ အလွန် အရေးပါအရာရောက်ခဲ့၏။ သို့ရာတွင် ပလ္လဝပြည်ဟူ၍ကား သီးခြားမရှိခဲ့ပေ။ ဆိုခဲ့ပြီးသည့် တောင်ပိုင်း တိုင်းပြည်များထဲ၌ပင်လျှင် ပလ္လဝမင်းတို့ အုပ်စိုးရသောနယ်ပယ်၏ အကျယ်အဝန်း ပမာဏသည် မကြာခဏ ပြောင်းလဲနေပေသည်။ ပလ္လဝတို့သည် တာမိလ်တို့နှင့် အမျိုးအနွယ်မတူကြပေ။ သို့ဖြစ်၍ သူတို့သည် ပန်ဍျ၊ ချိုလာနှင့် ချေရာပြည်တို့၏ ဘုရင်များအပေါ်က ထပ်ဆင့်လွှမ်းမိုး အုပ်စိုးကြသည်။

ရာဇဝင်မှတ်တမ်းအရ ရှေးအကျဆုံးသော ပလ္လဝဘုရင်သည် သုံးရာစုနှစ်အတွင်းက ကန်ချီ (ကွန်ဂျီဗာရမ်)မြို့၌ အုပ်စိုးသော ဘုရင်ပင် ဖြစ်၏။ သူ၏ နိုင်ငံတော်သည် အမရဝတီအပါအဝင် ပြည့်၍ ကရစ်ရှနားမြစ်တိုင်အောင် ကျယ်ပြန့်လေသည်။ အေဒီ ၃၅၀ ခုနှစ်လောက်က ကန်ချီမြို့၌ အုပ်စိုးနေသော ပလ္လဝမင်း ဗိရှနုဂိုပကို ဇူဒ္ဒိယမြောက်ပိုင်းမှ ဆမုဒြဂုပတမင်းက တိုက်ခိုက် အောင်မြင်လေသည်။ ၄၃၇ ခုနှစ်တွင် နန်းတက်သော ကန်ချီ ဘုရင် ဆိံဟဝါမန်သည် ဗုဒ္ဓဘာသာကို ယုံကြည်ကိုးကွယ်သူ ဖြစ်သည်။

ချာလုကျမင်းဆက် စတင်ပေါ်ပေါက်သည့် ၅၅၀ ခုနှစ် လောက်ကစ၍ ချာလုကျမင်းဆက်ပြတ်သည့် ၇၅၃ ခုနှစ်တိုင် အောင် ပလ္လဝမင်းများနှင့် ချာလုကျမင်းများသည် တောင်ပိုင်း ဒေသများကို လွှမ်းမိုးအုပ်စိုးရအောင် အစဉ်မပြတ် စစ်တိုက်ခိုက် နေကြ၏။ အနှစ်နှစ်ရာ ရှည်ကြာသည့် ဤကာလအတွင်း ပလ္လဝ မင်း ကိုးဦးတို့ နန်းတက်ခဲ့ကြ၏။ ထိုမင်းတို့တွင် ၅၇၅ ခုနှစ် တွင် နန်းတက်သည့် ဆိံဟဗိရှနုမင်းသည် သီဟိုဠ်ဘုရင်နှင့် တာမိလ်သုံးနိုင်ငံ၏ ဘုရင်များကို နှိမ်နင်းအောင်မြင်ခဲ့လေသည်။

ဆိံဟဗိရှနုမင်း၏သား မထမ မဟာဒရာဝါမန်သည် ၆၀၀ ခုနှစ်တွင် နန်းတက်ခဲ့၏။ သူသည် ထရိချိနိုပိုလီ၊ ချင်ဂလေပုတ်၊ မြောက်အာကော့နှင့် တောင်အာကော့ ခရိုင်များအတွင်း၌ ကျောက်ဆောင် ကျောက်သားကို ထွင်းဖောက်ထုလုပ်ရသည့် ဘုရားကျောင်း အမြောက်အမြားကို ပြုလုပ်ထားခဲ့လေသည်။ ပထမ မဟာဒရာဝါမန်မင်းသည် ၆၀၉ ခုနှစ်တွင် ချာလုကျမင်း

ဒုတိယပုလကေဆင်နှင့် စစ်တိုက်ခဲ့၏။ ထိုစစ်ပွဲ၌ ချာလုကျမင်းက အနိုင်ရ၍ ပလ္လဝမင်း၏ မြောက်ပိုင်းနယ်များထဲက ဝင်ဂီနယ်ကို သိမ်းပိုက်လိုက်၏။ မဟင်ဒရာဝါမန် မင်းသည် အစပထမက ဂျိန်းဘာသာဝင် ဖြစ်ခဲ့၏။ ထို့နောက် ဆိဝကိုးကွယ်သည့် ဟိန္ဒူဘာသာသို့ ကူးပြောင်းသွားခဲ့၏။ ထိုအခါ တောင်အာကောနယ် ပါတလိပုတ္တိမြို့၌ ဂျိန်းကျောင်းတော်ကြီးကို ဖျက်ဆီးပြီး ထိုနေရာ၌ ဆိဝဘုရားကျောင်းကို တည်ဆောက်လေသည်။

မဟင်ဒရာဝါမန်မင်းအား ဆက်ခံသည့်ပထမနရသိံဟဝါမန်သည် ၆၂၅ ခုနှစ်တွင် နန်းတက်၏။ သူသည် ၆၄၉ ခုနှစ်တွင် ဒုတိယပုလကေဆင်၏မြို့တော် ဝါတာပိကို တိုက်ခိုက်သိမ်းပိုက်လိုက်၏။ ဤသို့လျှင် ပလ္လဝမင်းသည် ချာလုကျမင်းကို နှိမ်နင်းအောင်မြင်သောကြောင့် တောင်ဘက်နိုင်ငံများ၌ တန်ခိုးကြီးမားကာ မိုက်ဆိုးနှင့် ဒက္ခိဏကုန်းမြေမြင့်တိုင်အောင် ဩဇာအာဏာပြန့်နှံ့သွားလေသည်။ ပလ္လဝမင်း ပထမ နရသိံဟဝါမန်သည် သီဟိုဠ်မင်းသား မာနဝမ္မထံမှ အကူအညီ အထောက်အပံ့ ရရှိခဲ့ဘူးသဖြင့် သီဟိုဠ်ထီးနန်းကို သိမ်းပိုက်နိုင်စေရန် မာနဝမ္မမင်းသားအား ကျေးဇူးတုံ့ပြန်သောအားဖြင့် စစ်တပ်အကူအညီကို ပေးခဲ့လေသည်။

ပထမနရသိံဟဝါမန်မင်း၏ လက်ထက် ၆၄၀ ခုနှစ်တွင် ရဟန်းတော် အရှင်ဟူအင်စံသည် ပလ္လဝမင်း၏ နေပြည်တော် ကန်ချီ(ကွန်ဂျီဗာရန်)မြို့သို့ ရောက်ရှိလာပြီး အချိန်အတော်ကြာအောင် နေထိုင်သွား၏။ အရှင်ဟူအင်စံ၏ မှတ်တမ်းအရ ကန်ချီ

မြို့သည် မြောက်မိုင်ပတ်လည်လောက် ကျယ်ဝန်း၏။ နိုင်ငံ အတွင်း၌ ရဟန်းတော်ကျောင်း တရာကျော်လောက် ရှိ၏။ ဟီနယာနနှင့် မဟာယာနဂိုဏ်းဝင် ရဟန်းတော်များ တသောင်း ကျော်လောက် ရှိကြ၏။ ဟိန္ဒူဘုရားကျောင်းနှင့် ဂျိန်းကျောင်း များလည်း ရှစ်ဆယ်လောက်ရှိကြ၏။ အဝတ်မဝတ်သည့် ဒိဂမ္ဗရ ဂိုဏ်း ဂျိန်းများလည်း အမြောက်အမြား ရှိကြ၏။ သာ၍ တောင်ဘက်ကျသည့် ပန်ဒျုပြည်၌ကား ဗုဒ္ဓဘာသာသည် ကွယ်လု မတတ် ဖြစ်နေ၏။ ကန်ချီမြို့သည် မြင့်မြတ်သော ဟိန္ဒူမြို့ ခုနစ်မြို့ထဲတွင် ပါဝင်သည့်မြို့ ဖြစ်သည့်ပြင် ထင်ပေါ်ကျော်ကြား သည့် အဋ္ဌကထာဆရာကြီး ဗုဒ္ဓဘာသာ ရဟန်းတော် အရှင် ဓမ္မပါလ၏ မွေးဖွားရာ အရပ်လည်း ဖြစ်ပေသည်။ ထိုအရှင် ဓမ္မပါလသည်း နာဠန္ဒတက္ကသိုလ်၏ အကြီးအမှူးဖြစ်သူ အရှင်သီလ ဘဒြထက် အလျင်ကျသူ ဖြစ်လေသည်။

ပထမနရသိံဟဝါမန်သည် ပါမလ္လပူရ၌ စေတီခုနစ်ဆူအမည် ရှိသော ကျောက်တလုံးတည်းမှ ထွင်းထုထားသည့်ဘုရားကျောင်း များကို ဆောက်လုပ်ခဲ့၏။ ဒုတိယနရသိံဟသည်လည်း ခုနစ်ရာစု နှစ် နောက်ပိုင်းတွင် ကန်ချီမြို့ကို ကိုက်လာဆနာထဘုရားကျောင်း နှင့် စေတီခုနစ်ဆူ၌ ကမ်းနား ဘုရားကျောင်းကို ဆောက်လုပ် ခဲ့လေသည်။

၆၅၅ ခုနှစ်တွင် ပုလကေဆင်၏သား ပထမ ဝိကြမာဒိတျ ချာလုကျမင်းသည် ပလ္လဝမင်း ပရမေဆွရဝါမန်ကို တိုက်ခိုက် အောင်မြင်၍ ကန်ချီမြို့ကို ခေတ္တ သိမ်းပိုက်ထားခဲ့သည်။ ၇၂၀ ခုနှစ်တွင် နန္ဒိဝါမန်သည် ဒုတိယ ပရမေဆွဝါမန်ကို ဆက်ခံခဲ့၏။

သူ၏လက်ထက် ၇၄၀ ခုနှစ်တွင် ဒုတိယ ဝိကရမာဒိတျချာလုကျ မင်းသည် ကန်ချီမြို့ကို တဖန် ထပ်မံ သိမ်းပိုက်ပြန်လေသည်။ ဤသို့လျှင် ပလ္လဝမင်းများ၏ တန်ခိုးအာဏာ ဆုတ်ယုတ်ပျက်ပြားမှုသည် အစပြုခဲ့လေသည်။

နန္ဒိဝါမန်မင်းသည် ခြောက်ဆယ့်နှစ်နှစ်မျှ ထီးနန်းစိုးစံရ၏။ သူနောက် မင်းပေါင်းများစွာ ဆက်ခံစိုးစံကြ၏။ ထိုမင်းတို့တွင် နောက်ဆုံးမင်းသည် အပရာဂျိတပလ္လဝမင်း ဖြစ်၏။ အပရာဂျိတပလ္လဝမင်းသည် ပန်ဒျမင်း ဒုတိယ ဝရဂုဏကို နှိမ်နင်းအောင်မြင်ခဲ့၏။ သို့ရာတွင် ကိုးရာစုနှစ် ကုန်ခါပိုးလောက်တွင် အာဒိတျချိုလာမင်းသည် အပရာဂျိတပလ္လဝမင်းကို တိုက်ခိုက်အောင်မြင်လေ၏။ ဤသို့လျှင် ၇၄၀ ခုနှစ်က စ၍ ဆုတ်ယုတ်ပျက်ပြားလာသည့် ပလ္လဝမင်းများ၏ တန်ခိုးအာဏာသည် ဤအချိန်အခါမှစ၍ လုံးဝ ကွယ်ပျောက်သွားလေတော့သည်။

## ချိုလာမင်းဆက်

ချိုလာဘုရင်ဝိဂျယာလယသည် ကိုးရာစုနှစ် အလယ်လောက်တွင် နန်းတက်ပြီး သုံးဆယ့်လေးနှစ် အုပ်စိုးသွားခဲ့၏။ သူ၏သား အာဒိတျမင်းသည် ၈၈၀ ခုနှစ်တွင် နန်းတက်၏။ သူသည် အပရာဇိတပလ္လဝမင်းကို အောင်နိုင်သဖြင့် ပလ္လဝမင်းဆက် ပြတ်သွားလေသည်။

အာဒိတျမင်း၏သား ပထမပရန္တကမင်းသည် ၉၀၇ ခုနှစ်တွင် နန်းတက်၏။ သူသည် ပလ္လမင်းဆက်ကို ဖြိုဖျက်ရုံမျှနှင့် မကျေနပ်သေးဘဲ တောင်ဘက်အစွန်းဆုံးသို့ ချီတက်၍ ပန်ဒျမင်းများ၏

မြို့တော် မဒ္ဒရကို သိမ်းပိုက်ပြီး သီဟိုဠ်ကျွန်းသို့ သွားရောက်တိုက်ခိုက်လေ၏။ ပထမ ပရက္ကမမင်းသည် ၉၅၃ ခုနှစ်တွင် ကွယ်လွန်လေ၏။သူ၏နောက် မင်းငါးဆက် နန်းတက်ပြီး ၉၈၅ ခုနှစ်တွင် ရာဂျရာဂျဒေဝမင်း နန်းတက်၏။ သူသည် မဒရနယ် သီဟိုဠ်ကျွန်းနှင့် မိုက်ဆိုးနယ် အချို့တို့ကို တိုက်ခိုက်အောင်မြင်လေသည်။ ရာဂျရာဂျဒေဝမင်းသည် ဆိဝကို ကိုးကွယ်သူဖြစ်သော်လည်း နီဂပတံ ဆိပ်ကမ်း၌ ဗုဒ္ဓဘာသာဘုရားတန်ဆောင်းတခုကို ဆောက်လုပ်ထားခဲ့လေသည်။

ရာဂျရာဂျမင်း၏ သား ပထမ ရာဂျင်ဒရချိုလဒေဝသည် ၁၀၂၅ ခုနှစ်တွင် သူ၏ အင်အားကောင်းသော ရေတပ်ဖြင့် ဘင်္ဂလားအော်ကို ဖြတ်သန်းပြီး ပင်လယ်ကမ်းခြေရှိ ပဲခူးနှင့် မုတ္တမတို့ကို တိုက်ခိုက်အောင်မြင်ခဲ့၏။ ထို့နောက် ဆက်လက်၍ နိကိုဗာနှင့် အန်ဒမန်ကျွန်းစုများကို တိုက်ခိုက်သိမ်းပိုက်လေသည်။ ပန်ဒျပြည်ကိုလည်း သူ၏ နိုင်ငံတော်အတွင်းသို့ သွတ်သွင်းခဲ့လေသည်။

ပထမ ရာဂျင်ဒရချိုလဒေဝ၏ သား ရာဂျာဓိရာဂျသည် ၁၀၃၅ ခုနှစ်တွင် နန်းတက်၏။ သူသည် ၁၀၅၂ ခုနှစ်တွင် ကောပ္ပံစစ်ပွဲ၌ ချာလုကျမင်းနှင့် တိုက်ခိုက်ရာ ကျဆုံးသွားသဖြင့် တုန်ဂဘဒြမြစ်ကို ချိုလာနိုင်ငံတော်နှင့် ချာလုကျနိုင်ငံတော် အကြားနယ်များအဖြစ်ဖြင့် သတ်မှတ်ထားကြသည်။

ရာဂျာဓိရာဂျမင်းအား သူ၏ညီ ရာဂျင်ဒရပရကေသရိဝါမန်က ဆက်ခံ၏။ ထို့နောက် မင်းသုံးဆက် နန်းတက်၏။ ၁၀၆၂ ခုနှစ်တွင် ဝိရရာဂျင်ဒရာချိုလာမင်း နန်းတက်၏။ သူသည်

ကရစ်ရှနားမြစ်နှင့် ပန်ချဂင်္ဂါမြစ်ဆုံရာ၌ တိုက်ခိုက်သည့် ကူဒလ်ဆန်ဂမန် စစ်ပွဲ၌ ချာလုကျမင်းကို နှိမ်နင်း အောင်မြင်၏။ ဝိရရာဂျင်ဒရာ ချိုလာမင်းသည် ဒုတိယ ဆိုမေဆွရနှင့် ဗိကရမာဒိတျတို့ ချိုလာထီးနန်းကို လုကြရာ၌ ဗိကရမာဒိတျအား ကူညီကာ သမီးကို ပေးပြီး ထီးနန်းကို ဆက်ခံစေသည်။

၁၀၇၂ ခုနှစ်တွင် ဝိရရာဂျင်ဒရာ ချိုလာမင်း၏သား အဓိရာဂျင်ဒရာသည် ထီးနန်းကို ဆက်စံ၏။ သူသည် ၁၀၇၄ ခုနှစ်တွင် တိုင်းပြည်က မကြည်ညိုသဖြင့် ချောင်းမြောင်းသတ်ဖြတ်ခြင်းကို ခံရလေသည်။ သူ့အား ကုလောတုင်္ဂ ချိုလာက ဆက်ခံ၏။ ကုလောတုန်ဂ ချိုလာမင်းသည် လေးဆယ့်ကိုးနှစ် ထီးနန်းကို အုပ်စိုး၏။ သူသည် ကာလိင်္ဂပြည်ကို တိုက်ခိုက် သိမ်းပိုက်ခဲ့လေသည်။

ကုလောတုန်ဂ ချိုလာမင်း၏ သား ဝိကရမ ချိုလာသည် ၁၁၁၈ ခုနှစ်တွင် နန်းတက်၏။ သူ့နောက် မင်းသုံးဆက် နန်းတက်၏။ ချိုလာ မင်းဆက်၏ နောက်ဆုံးမင်း ဖြစ်သော တတိယ ကုလောတုန်ဂသည် ၁၂၀၇ ခုနှစ်တွင် နန်းတက်ပြီး ၁၃၂၇ ခုနှစ်တိုင်အောင် နှစ်ပေါင်း လေးဆယ်လောက် အုပ်စိုးရ၏။ သူ၏ နောက်၌ ချိုလာမင်းဆက် ပြတ်သွားလေသည်။

တောင်ဘက်အစွန်က ပန်ဍျပြည်သည် နှစ်ပေါင်း အတော်ကြာမျှ တန်ခိုးအာဏာ ကြီးမားလာခဲ့၏။ သို့ရာတွင် ၁၃၁၀ ခုနှစ်၌ မုဟာန်မေဒန် စစ်တပ်များ ဝင်ရောက် တိုက်ခိုက်သဖြင့် ပျက်စီးသွားရလေသည်။ ထို့နောက် ဆယ့်လေးရာစုနှစ် အကုန်

ဝိဂျယနဂရပြည် ပေါ်ပေါက်လာပြန်၏။ ဣန္ဒိယပြည်တောင်ဘက် အစွန်၌ ထိုဝိဂျယနဂရပြည်သည် ၁၃၇၀ ခုနှစ် တိုင်အောင် တည်ရှိခဲ့လေသည်။

ဤမျှသော စကားအစဉ်ဖြင့် ဘီစီ ၃၂၃ ခုနှစ် စန္ဒဂုတ်မင်း လက်ထက်မှ စ၍ အေဒီ ၁၃၇၀ ခုနှစ် တိုင်အောင် ဣန္ဒိယပြည် ၏ ရာဇဝင်နှင့် တွဲဖက်၍ ဗုဒ္ဓဘာသာ၏ အဖြစ်အပျက်များကို အကျဉ်းအားဖြင့် ရေးသား ဖော်ပြခဲ့လေပြီ။ ယခုအခါ ဣန္ဒိယ ပြည်၌ ဗုဒ္ဓဘာသာသည် မည်ကဲ့သို့ တဖြေးဖြေး ယိုယွင်း ပျက်စီး ဆုတ်ယုတ် ကွယ်ပျောက်သွားသည်ကို ထပ်မံ စိစစ်ကာ သီးသန့် ခြားနား ရေးသား ဖော်ပြရပေသည်။

## ဣန္ဒိယပြည်၌ ဗုဒ္ဓဘာသာ၏ တဖြေးဖြေး ယိုယွင်း ပျက်စီး ဆုတ်ယုတ် ကွယ်ပျောက်သွားခြင်း

အေဒီ ၆၂၉ ခုနှစ်မှ ၆၄၅ ခုနှစ် တိုင်အောင် ဣန္ဒိယပြည် တွင်း၌ လှည့်လည် သွားရောက်ခဲ့သည့် တရုတ် ရဟန်းတော် အရှင် ဟူအင်စံ၏ မှတ်တမ်းအရ ထိုခေတ်အခါကပင်လျှင် ဗုဒ္ဓ ဘာသာသည် ဆုတ်ယုတ် ပျက်ပြားနေလေပြီ။ ဘင်္ဂါနှင့် ယူနိုက် တက်ပရောဗင်းဆက်စ် နယ်မြေ၌သာလျှင် ဟာရှမင်း၏ သြဇာ အာဏာကြောင့် ဗုဒ္ဓဘာသာသည် ကြီးပွား ထွန်းကားနေပေ သည်။ ဣန္ဒိယအလယ်ပိုင်းနှင့် တောင်ပိုင်းတို့၌ကား ဗုဒ္ဓဘာသာ သည် ဆုတ်ယုတ် ပျက်စီးနေလေပြီ။ အမရဝတီမြို့၌ အေဒီ ၁၅၀ ခုနှစ်လောက်က တည်ဆောက်ထားခဲ့သည့် ဗုဒ္ဓဘာသာ

အဆောက်အဦ အပျက်အစီးများနှင့် ခြောက်ရာစုနှစ်က အင်္ဂလိပ္ပကွ၌ ရေးဆွဲထားခဲ့သည့် ပန်းချီ ရုပ်ပုံများသည် ဗုဒ္ဓဘာသာ ထွန်းကားခဲ့ဘူးသည့် အမှတ်အသားများပင် ဖြစ်ကြသည်။

ဂုဏ္ဍိယတောင်ပိုင်းသို့ ဗုဒ္ဓဘာသာ ရောက်ရှိသွားခြင်းသည် အသောကမင်းကြီး၏ သာသနာပြု စေလွှတ်ခြင်းကြောင့် ဖြစ်၏။ သို့ရာတွင် သူ၏ ကျောက်စာများကိုမူ တာမိလ်နိုင်ငံ အတွင်း၌ မတွေ့ရဘဲ မိုက်ဆိုးနယ် မြောက်ပိုင်း၌သာလျှင် တွေ့ရှိရသေးသည်။ ဂုဏ္ဍိယတောင်ပိုင်းမှ ဗုဒ္ဓဘာသာ လုံးဝကွယ်ပျောက်သွားသည့်အခါ၌ပင်လျှင် ဗုဒ္ဓဘာသာ အဆောက်အဦများကို တွေ့ရှိခဲ့ရ၏။ အေဒီ ၁၀၀၀ ခုနှစ်လောက်က ရာဂျရာဂျမင်းသည် နီဂပတမ်မြို့၌ ဘုရားတန်ဆောင်းတခုကို ဆောက်လုပ်ထားခဲ့၏။ အေဒီ ၁၀၅၅ ခုနှစ်တွင် မိုက်ဆိုးပြည် ဗိလ်ဂမိ အရပ်၌ ကျောင်းတဆောင်ကို တည်ဆောက်ခဲ့၏။ ထို့ပြင် အေဒီ ၁၅၃၃ ခုနှစ်တွင် မိုက်ဆိုးပြည်၌ ကလဝတီမည်သော ဗုဒ္ဓဘာသာ မြို့တမြို့တည် ရှိခဲ့ဘူးလေသည်။ ဤကဲ့သို့ ခြောက်ရာစုနှစ်အတွင်းက ဗုဒ္ဓဘာသာ အဆောက်အဦများ ကျန်ကြွင်းတည်ရှိနေသေးသော်လည်း ဗုဒ္ဓဘာသာသည် ဂျိန်းဘာသာ သို့မဟုတ် ဟိန္ဒူဘာသာနှင့် မယှဉ်ပြိုင်နိုင်သောကြောင့် ၁၁၅၀ ခုနှစ်နောက်၌ လုံးဝကွယ်ပျောက် သွားလေတော့သည်။

အရှင်ဟူအင်စံ၏ မှတ်တမ်းအရ ကွန်ကန်၊ မဟာရရှုတြနှင့် ဂူဂျရတ်နယ်တို့၌ ဟိန္ဒူဘာသာနှင့် အလွန်နီးစပ်သည့် ဗုဒ္ဓဘာသာ ဆမ္မိတိယဂိုဏ်း တည်ရှိနေသေး၏။ အုတ်ဂျိန်း (ဥဇ္ဇေနီ) ပြည်၌ ဗုဒ္ဓဘာသာသည် ကွယ်ပျောက် လုမတတ် ဖြစ်နေ၏။

အနောက်ဘက် နယ်များ၌ကား ဆယ့်နှစ်ရာစုနှစ်တိုင်အောင် ရဟန်းတော်များ၏ ကျောင်းအတွင်း၌သာလျှင် ဗုဒ္ဓဘာသာသည် ဆက်လက်တည်ရှိနေသေး၏။ သို့ရာတွင် မြောက်ဖက်နယ်များ၌ ဗုဒ္ဓဘာသာသည် နိုင်ငံခြားသားများ၏ ကျူးလွန်စော်ကားမှုများကို အပြင်းအထန် ခံနေရ၏။ ၇၁၂ ခုနှစ်တွင် ဆင်းနယ်ကို အာရပ်တို့ ဝင်ရောက်တိုက်ခိုက် သိမ်းပိုက်လိုက်ကြ၏။ ဂူဂျရတ်နှင့် ပတ်ဝန်းကျင်နယ်များကို မြောက်ဘက်က လူမျိုးများ ဝင်ရောက်တိုက်ခိုက်ကြ၏။ ယင်းကဲ့သို့ ဝင်ရောက်တိုက်ခိုက်ကြခြင်းကြောင့် ရဟန်းတော်ကျောင်း အမြောက်အမြား ပျက်စီးကြရသည့်ပြင် ဗုဒ္ဓဘာသာသည်လည်း ဆုတ်ယုတ်သွားလေတော့သည်။

ပန်ဂျပ်၊ ကက်ရှမီးယားနှင့်နယ်စပ်ရှိပြည်များကို တိုင်းတပါးသားများ ဝင်ရောက်တိုက်ခိုက် ခြင်းကြောင့် ထိုပြည်များ၌ ဗုဒ္ဓဘာသာသည် ယိုယွင်းပျက်စီး သွားလေ၏။ အရှင်ဟူအင်စံ၏ မှတ်အမ်းအရဉဒယာနပြည်၌သာလျှင် ဗုဒ္ဓဘာသာထွန်းကားတည်ရှိနေသေး၏။ ကက်ရှမီးယားပြည်၌ ဗုဒ္ဓဘာသာသည် လျင်မြန်စွာ ဖောက်ပြန်ပျက်စီး သွားသဖြင့် ခြောက်ရာစုနှစ်လောက်ကစ၍ ဘုန်းကြီးများ အိမ်ထောင်ပြုကြလေတော့သည်။

အနောက်ဘင်္ဂါနှင့် ဗိဟာရ်သည် ယိုယွင်းပျက်စီးသည့် ဗုဒ္ဓဘာသာ၏ ခံတပ်သဖွယ်ဖြစ်၏။ ၇၃၀ ခု နှစ်လောက်တွင် ရတနာသုံးပါးကို ကြည်ညိုလေးစားသည့် ဗုဒ္ဓဘာသာဝင် ဂိုပါလမင်းသည် ပါလမင်းဆက်ကို စတင်တည်ထောင်၍ မဂဓ

တိုင်းကို လွှမ်းမိုးအုပ်စိုးခဲ့၏။ ပါလမင်းများသည် နှစ်ပေါင်း လေးရာ့ငါးဆယ်လောက် အုပ်စိုးကြ၍ ဗုဒ္ဓဘာသာကိုချီးမြှောက် ထောက်ပံ့ စောင့်ရှောက် ကူညီကြလေသည်။

ပြာဟ္မဏ ဘာသာဝင်ထဲက ဗုဒ္ဓဘာသာကို နှိမ်နင်းဖျက်ဆီး မည့် ပုဂ္ဂိုလ်နှစ်ဦး ပေါ်ပေါက်လာကြ၏။ ထိုသူတို့သည်ကား ကုမာရိလဘဋ္ဋ (၇၅၀)နှင့် ဆန်ကရ (၈၀၀)တို့ ဖြစ်ကုန်၏။ ကုမာရိလဘဋ္ဋသည် ဗိဟာရ်ပြည်သား ပြာဟ္မဏ တယောက်ဖြစ် ၏။ သူသည် ဟိန္ဒူဘာသာအတွက် ဗုဒ္ဓဘာသာကို စိတ်အား တက်သန်စွာ တူးဖြိုဖျက်ဆီး၏။ ဆန်ကရသည်ကား တောင်ပိုင်း နယ်သား ပြာဟ္မဏဘယောက်ဖြစ်၏။ သူသည် ကုမာရိလဘဋ္ဋ ကဲ့သို့ အကြမ်းနည်း မဖက်ဘဲ အနုနည်း သက်သက်ဖြင့် ဗုဒ္ဓ ဘာသာထဲက တောင့်တင်းခိုင်မာသည့် အချက်အလက်ပေါင်း များစွာကို ဟိန္ဒူဘာသာနှင့် ရောနှောပစ်လိုက်လေသည်။

ပါလမင်းများ၏ နိုင်ငံအတွင်း၌ ဗုဒ္ဓဘာသာသည် ဖောက် ပြန် ပျက်ယွင်းနေသော်လည်း မင်းနှင့်တကွ တိုင်းသူ ပြည်သား များ၏ အားပေး ချီးမြှင့်ခြင်းကို ခံယူရရှိနေသဖြင့် ကြီးပွား စည်ကားနေပေ၏။ ဂိုပါလမင်းသည် အိုဒန္တပူရီ၊ (ဝါ) ဥဒန္တပူရ ကျောင်းတော်ကြီးကို ဗိဟာရ်မြို့၌ ဆောက်လုပ်ခဲ့၏။ ၈၀၀ ခုနှစ် တွင် ဓမ္မပါလမင်းသည် ဂင်္ဂါမြစ်၏ မြောက်ဖက် ကမ်းပေါ်၌ ဝိကြမဆီလ တက္ကသိုလ် ကျောင်းတိုက်ကြီးကို ဆောက်လုပ် တည်ထောင်ခဲ့၏။ ထိုကျောင်းတိုက်၌ ဋီကာ အမြောက်အမြားကို ရေးသားကြ၏။ ထိုကျောင်းတိုက်သည် တန္တရဝါဒ၊ တက္ကဗေဒ နှင့် သဒ္ဒါကျမ်းတို့ကို သင်ကြားရာ ဗဟိုဌာန ဖြစ်သည့်ပြင်

ဘင်္ဂါနှင့် တိဗက်ပြည်တို့၏ ဆက်သွယ်ရာဌာနလည်း ဖြစ်ပေသည်။ တိဗက်တို့သည် ထိုကျောင်းတိုက်၌ စာပေ သင်ကြားပြီး သက္ကဋဘာသာ စာအုပ်များကို တိဗက်ဘာသာသို့ ပြန်ဆိုရေးသားကြသည်။

ဓမ္မပါလသည် ပါတနာမြို့၌ ထီးနန်းစိုက်ထူကာ ဆယ့်လေးနှစ် အုပ်စိုးခဲ့၏။ သူ့အား ဆက်ခံသည့် ဒေဝပါလ မင်းသည် ဆိုမပူရီမြို့ကို တည်ခဲ့၏။ သူသည် အော်ရစ်ဆာကို အောင်မြင်သည့်ပြင် ဗုဒ္ဓဘာသာကိုနှောက်ယှက်ဖျက်ဆီးသူများကို တိုက်ခိုက်နှိမ်နင်းလေ၏။ စင်စစ်အားဖြင့် ပါလမင်းများသည် ဗုဒ္ဓဘာသာကို အားပေးချီးမြှောက်သော်လည်း ဟိန္ဒူ ဘာသာကိုလည်း မဟန့်တား မနှိမ့်ချကြပေ။ သူတို့သည် ဟိန္ဒူဘုရားကျောင်းများအား မြေဂရန်များ ထုတ်ပေးကြ၏။ သူတို့၏ ဗြာဟ္မဏဘာသာဝင် အမတ်များသည် ဗုဒ္ဓဘာသာ ဘုရားတန်ဆောင်းများထဲ၌ ဗုဒ္ဓဘာသာ မဟုတ်သော ရုပ်ပုံများကို ထည့်သွင်းထားကြကုန်သည်။ ပါလမင်းဆက်သည် ဆယ့်တစ်ရာစုနှစ်အတွင်း ဆက်လက်တည်ရှိနေ၏။ ထိုအချိန်အခါ၌ ဘင်္ဂါနှင့် တိဗက်သည် ဆက်သွယ်နေပေသည်။

ဆယ်ရာစုနှစ် အတွင်း တိဗက်ပြည်၌ ဗုဒ္ဓ ဘာသာသည် ညှဉ်းပန်း နှိပ်စက်ခံရပြီးနောက် ဘင်္ဂါမှ ရဟန်းတော်များ၏ ဟောပြောခြင်းဖြင့် ပြန်လည် ထွန်းကားလာခဲ့ရ၏။ ထိုအခါက မဟိပါလမင်းသည် (၉၇၈-၁၀၃၀) ထီးနန်းကို အုပ်စိုးဆဲဖြစ်၏။ သူ၏လက်ထက်၌ ပညာရှိ ရဟန်းတော် အများအပြား တိဗက်သို့ ကြွသွားကြ၏။ အထူးအားဖြင့် ၁၀၃၈ ခုနှစ်တွင်

ဝိကရမဆီလ တက္ကသိုလ် ကျောင်းတိုက်မှ အရှင်အတိဆသည် တိဗက်သို့ သာသနာပြုရန် ကြွသွားတော်မူ၏။ ဤကဲ့သို့ ရဟန်းတော်များ သာသနာပြု ကြွသွားခြင်းကို ထောက်ဆ၍ ဆယ့်တစ်ရာစုနှစ် အတွင်းက ဘင်္ဂါပြည်သည် ဗုဒ္ဓဘာသာ စာပေကျမ်းဂန်များ သင်ကြားရာ ဗဟိုဌာနဖြစ်ကြောင်း ထင်ရှားပေသည်။ သို့ရာတွင် ဤအချိန်လောက်၌ပင် ဘင်္ဂါအရှေ့ပိုင်းနယ်များ၌ ပါလမင်းဆက်နှင့် ပြိုင်ဘက်ဖြစ်သည့် ဘီနာမင်းဆက်သည် ပေါ်ပေါက်နေသဖြင့် ပါလမင်းဆက်၏ တန်ခိုးအာဏာနှင့် ဗုဒ္ဓဘာသာ၏ အရှိန်အဝါသည် ယုတ်လျော့အားနည်းသွားလေ၏။ သို့ဖြစ်စေကာမူ ၁၁၀၀ ခုနှစ် လောက်ရာမပါလမင်း၏ လက်ထက်၌ မဟာယာနဂိုဏ်းဝင် ပညာရှိရဟန်းတော် အရှင် အဘယကရ ပေါ်ပေါက်လာ၏။ ထိုအချိန်အခါတွင် ဗုဒ္ဓဂယာ၊ အိုဒန္တပူရီနှင့် ဝိကရမဆီလ ကျောင်းတိုက်တို့၌ ရဟန်းတော် အမြောက်အမြား သီတင်းသုံး နေထိုင်ကြလေသည်။

ဤသို့လျှင် ဆယ့်နှစ်ရာစုနှစ် အတွင်းတွင် ဗိဟာရ်ပြည်၌ ထောင်ပေါင်းများစွာသော ရဟန်းတော်များ စာပေကျမ်းဂန် သင်ကြားနေကြသဖြင့် ဗုဒ္ဓဘာသာသည် သန့်စွမ်းကြီးပွားနေသဲပင်ဖြစ်၏။ ၁၁၉၉ ခုနှစ်တွင် အိခတိယာအုတ်ဒင်သည် လူနှစ်ရာမျှ ပါဝင်သည့် စစ်တပ်ဖြင့် ဗိဟာရ်ပြည်ကို အလွယ်တကူဝင်ရောက်တိုက်ခိုက် သိမ်းပိုက်လိုက်သဖြင့် ရဟန်းတော်များနှင့်ဘကွ ကျောင်းများပါ အားလုံး ပျက်သုဉ်း သွားကြရလေတော့၏။ ထိုနှစ်၌ပင် သူသည် ဗာရာဏသီမြို့ကိုလည်း သိမ်းပိုက်

လိုက်ပြန်သဖြင့် ဆာရနာတ်ရှိ ကျောင်းများနှင့် ရဟန်းတော်များသည်ပင်လျှင် ထိုနည်းတူစွာ ပျက်သုဉ်းသွားကြရလေတော့သည်။

ဤသို့ ဝင်ရောက်လာသည့် နိုင်ငံခြားသား စစ်တပ်များသည် ဟိန္ဒူဘာသာနှင့် ဗုဒ္ဓဘာသာ နှစ်မျိုးလုံးကိုပင် နှိမ်နင်းဖျက်ဆီးကြ၏။ သို့ရာတွင် ဟိန္ဒူ ဘာသာသည် တနိုင်ငံလုံးမှာ ပြန့်နှံ့တည်ရှိနေ၏။ ဗုဒ္ဓဘာသာသည်ကား ကျောင်းတိုက်များအတွင်းမှာသာ တည်ရှိနေရကား ကျောင်းတိုက်များကို ဖျက်ဆီးပစ်လိုက်သောအခါ ကျောင်းတိုက် ပြင်ပ၌ ပြောပ လောက်အောင် မကျန်ရှိတော့ပေ။ သို့ဖြစ်၍ နိုင်ငံခြားသား စစ်တပ်များဝင်ရောက်လာခြင်းကြောင့် ဟိန္ဒူဘာသာထက် အဆပေါင်းများစွာ ဗုဒ္ဓဘာသာသည် ပျက်စီးဆုံးရှုံးခံရ၏။ သို့ရာတွင် အော်ရစ်ဆာပြည်နယ်၌ ယခုအခါတိုင်အောင်ပင် ဗုဒ္ဓဘာသာ၏ အသွင်အပြင် အမှတ်လက္ခဏာ အမူအရာသည် မပျောက်မပျက်ဆက်လက် တည်ရှိနေပေသေးသည်။

အော်ရစ်ဆာပြည် ဗရမ်ဗနယ်၊ တိုဂါရိယနယ်နှင့် ကတ်တက်နယ်တို့၌ ဆာရက်ခေါ် လူမျိုးစုတို့သည် ဗုဒ္ဓဘာသာဝင်တို့ ဖြစ်ကြကုန်၏။ သူတို့၏ ဆာရက်ဟူသော အမည်သည် ဆရာဝက (သာဝက)မှ ဆင်းသက်လာကြ၏။ သူတို့သည် ရှေး ဗုဒ္ဓဘာသာ ဂိုဏ်းကွဲ အသင်းသားများ မြစ်ကြ၏။ သူတို့သည် သူတို့၏ ဘာသာအကြောင်းကို အတိအကျ မသိကြကုန်။ သို့ရာတွင် ဗုဒ္ဓဒေဝ၊ ဝါ၊ ကျတုဘုဂျမည်သော နတ်ဘုရားကို ပူဇော်ပသရန် ခန္ဓဂိရိလိုဏ်ဂူ ဘုရားကျောင်းထဲ၌ တနှစ်တကြိမ် စည်းဝေးကြ

ကုန်၏။ သူတို့၏အခမ်းအနား အားလုံးကို အပ်ိဆပရမနနည်း နာနိုသျဖြင့် အစပြုကြကုန်၏။ သူတို့သည် ပူရိဒေသရှိ ဘုရား ကျောင်းကို ရိုးသေလေးစား ကြကုန်သည်။

အောင်ရစ်ဆာ ပြည်သည် အစ္စလာမ်ကို ၁၅၆၈ ခုနှစ် တိုင်အောင် အပြင်းအထန် ခုခံတိုက်ခိုက်ခဲ့၏။ ဆယ့်နှစ်ရာစုနှင့် ဆယ့်သုံးရာစု နှစ်များအတွင်း အုပ်စိုးသော မင်းများသည် ဗိရှနူကို ကိုးကွယ်သူများ ဖြစ်ကြ၏။ သို့ရာတွင် သူတို့သည် ဗုဒ္ဓဘာသာကို မညှဉ်းပန်း မနှိပ်စက်ကြကုန်။ သို့ရာတွင် ၁၅၂၉ ခုနှစ်လောက်တွင် ပရတာပရုဒရ မင်းသည် ဗုဒ္ဓဘာသာကို ညှဉ်းပန်းနှိပ်စက် ဖျက်ဆီးခဲ့လေသည်။ ထိုအချိန် ထိုအခါတွင် အောင်ရစ်ဆာပြည် အနှံ့အပြား၌ တိတ်တိတ်ပုန်း ဗုဒ္ဓဘာသာ သုံးထောင်ခန့်မျှ ရှိလေသည်။ အောင်ရစ်ဆာပြည်၏ နောက်ဆုံး ဘုရင် မုကုန္ဒဒေဝသည် ဗုဒ္ဓဘာသာဝင်ဖြစ်၍ ဘုရားတန်ဆောင်း နှင့် ကျောင်းများကို ဆောက်လုပ် လှူဒါန်းခဲ့၏။ ၁၅၆၈ ခုနှစ် တွင် မဟာန်မေဒန်တို့သည် သူ့ကိုတိုက်ခိုက်ကာ အောင်ရစ်ဆာကို သိမ်းပိုက်လိုက်ကြလေသည်။ အနောက်နှင့် တောင်ဘင်္ဂါပြည်ထဲ၌ ဓမ္မရာဇာမည်သော နတ်ဘုရားကို ကိုးကွယ်သည့် ဗုဒ္ဓဘာသာ ၏ အသွင်အပြင် အမှတ်လက္ခဏာများ ကျန်ရှိနေကြသေး၏။ ယင်းဗုဒ္ဓဘာသာ၏ နောက်လိုက်နောက်ပါတို့သည် သန်းပေါင်း များစွာ ရှိကြကုန်သည်။

နီပေါပြည်၌ ဖောက်ပြန် ပျက်ယွင်းနေသည့် ဗုဒ္ဓဘာသာ ယနေ့တိုင်အောင် တည်ရှိနေသေး၏။ အသောက မင်းကြီး လက်ထက်ကပင် ဗုဒ္ဓဘာသာကို နီပေါပြည်တွင်းသို့ သွတ်သွင်း

ခဲ့၏။ နီပေါပြည်သည် တိရဟု(တ်)ပြည် ဘင်္ဂါပြည်တို့နှင့် လွယ်ကူစွာ ဆက်သွယ်နိုင်သဖြင့် နီပေါပြည်က ဗုဒ္ဓဘာသာ သည် ဘင်္ဂါပြည်က ဗုဒ္ဓဘာသာနှင့် အသွင်အပြင် ခပ်ဆင် ဆင်တူ၏။ ၁၃၂၄ ခုနှစ်တွင် တိရဟု(တ်) ပြည်ကို မိုဟန်မေဒန် တို့ ဝင်ရောက် သိမ်းပိုက်လိုက်ကြ၏။ ထိုအခါ အုပ်စိုးနေသော ဘုရင်သည် တိရဟု(တ်)ပြည်မှ ထွက်ခွာလာပြီး နီပေါပြည်ကို သိမ်းပိုက်လိုက်၏။ သူနှင့်အတူ ဗြာဟ္မဏပညာရှိ အများအပြား ကိုလည်း ခေါ်ဆောင်လာခဲ့၏။ ဆယ့်လေးရာစုနှစ် အတွင်း သူ၏ မင်းဆက်ထဲက ဂျယဆတိတိမင်းသည် ဗြာဟ္မဏများနှင့် တိုင်ပင်ကာ ဟိန္ဒူဘာသာကဲ့သို့ပင် ဗုဒ္ဓဘာသာတွင်းသို့ဇာတ်ကို သွတ်သွင်းလိုက်၏။ ၁၇၆၉ ခုနှစ်တွင် နီပေါပြည်ကို ဂူရခါး လူမျိုးတို့ သိမ်းပိုက်လိုက်ကြ၏။ ယင်းဂူရခါး လူမျိုးတို့သည် တိဗက်အမျိုးအနွယ်နှင့် ဆက်သွယ်ကြကုန်၏။ သူတို့သည် ဟိန္ဒူဘာသာဝင်များ ဖြစ်ကြသဖြင့် နေပါလီ ဗုဒ္ဓဘာသာကို ဟိန္ဒူဘာသာနှင့် ရောနှောပစ်လိုက်ကြသည်။

ယခုအခါ နီပေါပြည်၌ အဓိဗုဒ္ဓ၏ ဘုရားတန်ဆောင်းသည် ကတ်မန္ဒူမြို့၏ အနီးဆွယမ္ဘူ တောင်ကုန်းပေါ်၌ တည်ရှိ၏။ နေပါလီ ဗြာဟ္မဏတို့သည် ဗုဒ္ဓဘာသာကို သည်းခံလိုက်လျော ကြ၏။ သူတို့က ဗုဒ္ဓကို ကိုးကွယ်ခြင်းသည် ဆိဝကို ကိုးကွယ် ခြင်းပင် ဖြစ်သည်ဟု ပြောဆိုကြ၏။ ဟိန္ဒူဘာသာဝင်နှင့် ဗုဒ္ဓဘာသာဝင် နှစ်ဦးစလုံးတို့သည် ရုပ်ပုံတခုတည်းကိုပင် ဟိန္ဒူ က မဟာကာလ၊ ဗုဒ္ဓဘာသာက အဝလောကိတဟု ယူဆကာ ရှိခိုးပူဇော်ကြကုန်၏။ နူရဂါတဦးဘည်းသည်ပင် ပညာပါရမိ

တာလည်းဖြစ်သည်။ အဓိဗုဒ္ဓလည်းဖြစ်သည်ဟု ပြောဆိုကြကုန်၏။ နေပါလီဘုရားကျောင်းသည် တိဗက်ဘုရားကျောင်းကဲ့သို့ပင် ပူဇော်ပသဘို့ရန် အစိတ်အပိုင်း သုံးမျိုးပါဝင်၏။ ပထမ အစိတ်အပိုင်းမှာ နဂါးများနှင့် အခြားသော သဘာဝ နတ်များကဲ့သို့သော တိုင်းရင်းဖြစ် နတ်များဖြစ်ကြ၏။ ဒုတိယ အစိတ်အပိုင်းမှာ ဗုဒ္ဓဘာသာ နတ်ဘုရားများ သို့မဟုတ် မန်ဂျူဆရီ အမျိုးရှိသော ဗောဓိသတ္တများ ဖြစ်ကြ၏။ တတိယ အစိတ်အပိုင်းမှာ ဂဏေသ နှင့် ကရစ်ရှနတို့ကဲ့သို့သော ဟိန္ဒူနတ်ဘုရားများ ဖြစ်ကြသည်။ အထက်ပါ အစိတ်အပိုင်း သုံးမျိုးစလုံးကို စုပေါင်းထားသည့် မတ်ဆယင်ဒရာနာတ်ခေါ် နတ်ဘုရားကိုလည်း ဘုရားကျောင်းထဲ၌ ထားတတ်ကြသေးသည်။

နေပါလီဗုဒ္ဓဘာသာသည် ဖောက်ပြန် ပျက်ယွင်းနေရကား ဗန်ရ(ဝါ)ဗန်ဒယခေါ် ဘုန်းကြီးများသည် အဗြဟ္မစရိယသိက္ခာပုဒ်ကို မစောင့်ထိန်းကြတော့ပေ။ ဘုန်းကြီးများသည် ဘိက်ရှု (ဘိက္ခု) နှင့် ဂုဘာရဂျူ ဟူ၍ နှစ်မျိုး နှစ်စား ကွဲပြားခြားနားကြ၏။ ထိုနှစ်မျိုးတို့တွင် ဂုဘာရဂျူသည် သာ၍ မြင့်မြတ်၏။ စာပေကျွမ်းဂန်တတ်မြောက်သည့် ဂုဘာရဂျူတို့သည် ဝဇ္ဇရာကျာရိယဟူသောဘွဲ့ကို ခံယူကာ လက်ထပ်မင်္ဂလာပွဲများနှင့် အသုဘကိစ္စများ၌ ဆောင်ရွက်ခွင့်ကို ရကြကုန်၏။ သူတို့၏ ပဓာန ဖြစ်သော အခမ်းအနားသည်ကား ပျော်နေသည့် ထောပတ်ဖြင့် ပူဇော်ခြင်းပင် ဖြစ်သည်။

အထက်ပါ စကားရပ်များကို ထောက်ဆသော အားဖြင့် ညှဉ်းပန်းနှိပ်စက် ခံရခြင်းသည် ဗုဒ္ဓဘာသာ ဆုတ်ယုတ် ကွယ်

ပျောက်သွားခြင်း၏ အကြောင်းတခု ဖြစ်သော်လည်း အလွန် အရေးကြီးသည့် ပဓာနအကြောင်းကား မဟုတ်သေးပေ။ ဣန္ဒိယ ပြည် မြောက်ပိုင်း၌ ဟန်းလူမျိုးတို့သည် ရဟန်းတော်ကျောင်း အမြောက်အမြားကို ဖျက်ဆီးခဲ့ကြ၏။ ဗိဟာရနယ်ထဲက ကျောင်း များသည်လည်း အလားတူဖြစ်သော ဘေးအန္တရာယ်ကို တွေ့ကြုံ ခဲ့ကြရ၏။ ဗုဒ္ဓဘာသာသည် ဟိန္ဒူဘာသာကဲ့သို့ လူတို့၏ စိတ် နှလုံးထဲ၌ စွဲမြဲစွာ တည်ရှိမနေခြင်းကြောင့် ဤကဲ့သို့ ကျောင်း များကို ဖျက်ဆီးလိုက်သည့်အခါ ဗုဒ္ဓဘာသာပါ ရောနှောပျက်စီး သွားရလေသည်။

ဗုဒ္ဓဘာသာထဲ၌ ရဟန်းတော်တို့၏ အနေအထားနှင့် လူဝတ် ကြောင်တို့၏ အနေအထားသည် ကွဲပြားခြားနားလှ၏။ လူဝတ် ကြောင်တို့သည် ဗုဒ္ဓံသရဏံဂစ္ဆာမိ၊ ဓမ္မံသရဏံဂစ္ဆာမိ၊ သံဃံ သရဏံဂစ္ဆာမိ ဟူ၍ သရဏဂုံကို ဆောက်တည်ကြသော်လည်း သီးသန့်ခြားနားကာ ရတနာသုံးပါး၏ ကျေးဇူးသစ္စာတော်ကို စောင့်သိ ရိုသေခြင်း မရှိကြကုန်။ သူတို့သည် နောက်ထပ် ထည့် သွင်းထားသည့် ဗုဒ္ဓဘာသာနှင့် မသက်ဆိုင်သည့် အပိုကျင့်ဝတ် များကို လိုက်နာ လေးစားနေကြ၏။ ယခုအခါ တရုတ်ပြည် ဂျပန်ပြည်တို့၌ ဗုဒ္ဓဘာသာဝင် ဒကာတဦးသည် အခြားဘာသာ များထက် ဗုဒ္ဓဘာသာကို ရိုသေလေးစား၏။ သို့ရာတွင် ထိုမှတပါး အခြားသော ဗုဒ္ဓဘာသာ၏ အသွင်အပြင် လက္ခဏာများသည် သူ့မှာ များစွာ မရှိကြကုန်။

ဗုဒ္ဓဘာသာ၌ သံဃာများကို ဝိနည်းတရားတော်ဖြင့် အထူး တလည် ဖွဲ့စည်းထား၏။ လူများသည်ကား အဖွဲ့အစည်းမရှိကြဘဲ

သာမည ဗုဒ္ဓဘာသာဝင်များ အဖြစ်ဖြင့်သာ တည်ရှိကြ၏။ ဤကဲ့သို့ အဖွဲ့အစည်း မရှိခြင်းသည် သာသနာတော် စည်ကား တိုးတက်နေစဉ် အခါ၌ အရေးမကြီးသော်လည်း သာသနာတော် ဆုတ်ယုတ်ပျက်ပြား လာသည့်အခါ၌ကား အလွန်အရေးကြီး၏၊ ဗုဒ္ဓဘာသာဝင် တယောက်နှင့် ဟိန္ဒူဘာသာဝင် တယောက်၏ အကြား ပိုင်းခြားထားသည့် မျဉ်းကြောင်းသည် တဖြည်းဖြည်း မှေးမှိန်သွားခဲ့၏။ ထင်ရှား ပြတ်သားသော တရားတော်များကို ရဟန်းတော်ကျောင်းများ အတွင်း၌သာ တွေ့ရတော့၏။ ရဟန်း တော် ကျောင်းများသည်လည်း တနေ့တခြား ဆုတ်ယုတ်အား နည်းလာကြ၏။ နောက်ဆုံး၌ ရန်သူများသည် ကျောင်းများကို ဖျက်ဆီးပစ်လိုက်သည့် အခါ ဗုဒ္ဓဘာသာသည် စတင်ဖြစ်ပွားရာ ဌာန ဇာနိယမှ လုံးဝကွယ်ပျောက် သွားရလေတော့သည်။

ကျောင်းမျစးထဲ၌ပင်လျှင် သင်ယူပို့ချနေသည့် အယူဝါဒ သည် မြတ်စွာဘုရား ဟောကြားတော်မူခဲ့သည့် တရားဓမ္မထက် ဟိန္ဒူဝါဒဘက်သို့ ပိုမိုနီးစပ် တူတန်နေပေ၏။ ခေတ်အလိုက် ပေါ်ပေါက်လာသည့် အယူအဆများကို မငြင်းပယ် မကန့်ကွက် ဘဲ သင့်လျော်အောင် ပြုပြင်လိုက်လျော ရောနှောပေါင်းစပ်လိုက် ခြင်းသည် ဇာနိယပြည်၌ ဗုဒ္ဓဘာသာ၏ တသီးတခြား ထူးခြား ထင်ရှားစွာ မားမားမတ်မတ် မရပ်တည်နိုင်ခြင်း၏အကြောင်းရင်း ဖြစ်ပေသည်။ အချို့သော ဒေသများ၌ အလွန် ဆိုးရွားသော အသွင်အပြင်ရှိသည့် တန္တရဝါဒ၊ သို့မဟုတ် ဆက်တိဝါဒသည် လွှမ်းမိုး အုပ်စိုးနေပေ၏။ ထိုဝါဒထဲ၌ ဗုဒ္ဓဘာသာကို တွန်းလှန်

ခုခံသည့် ဟိန္ဒူဘာသာနှင့် ဗုဒ္ဓဘာသာတို့ မစပ်မဟပ် မဆီမဆိုင် ပေါင်းစပ် ရောနှောနေကြလေသည်။

တန္တရဝါဒသည် ဟိန္ဒူဘာသာနှင့် ဗုဒ္ဓဘာသာ ရောနှောနေသည့်အားလျော်စွာ နတ်ဘုရားမများ ဖြစ်ကြသည့် ဟိန္ဒူဘာသာထဲမှ ကာလီနှင့် ဗုဒ္ဓဘာသာထဲမှ တာရာ စသည်တို့ကို ပူဇော်ကိုးကွယ်ကြကုန်၏။ ထိုတန္တရဝါဒထဲ၌ ရိုင်းစိုင်းသော ရှေးခေတ်အတွေးအဆ အစွဲအလမ်းများ ပါရှိကြ၏။ သို့ရာတွင် ယင်းတန္တရဝါဒ၏ အနှစ်သာရကား ဝိဇ္ဇာမယိဒ္ဓိပညာတည်း ဟူသော မှော်အတတ်ပင်ဖြစ်၏။ ဤမှော်အတတ်ဖြင့် သိဒ္ဓိအမျိုးမျိုး ပြီးစီးရုံမျှမက နိဗ္ဗာန်သို့ပင် ရောက်နိုင်သည်ဟု ယူဆကြကုန်သည်။ အချို့သော တန္တရဝါဒ ဂိုဏ်းကွဲတို့သည် တိတ်တဆိတ် လျှို့ဝှက်ကာ ဆိုးသွမ်းယုတ်မာသည့် ကျင့်ဝတ်များကို ကျင့်ကြံပြုမူကြကုန်၏။ ဤကဲ့သို့ မသင့်မလျော် မတော်မတန် ပြုလုပ်နေကြခြင်းဖြင့် ဆုတ်ယုတ်နေသည့် ဗုဒ္ဓဘာသာသည် မယိုယွင်း မဖောက်ပြန်ဘဲ မနေနိုင်တော့ပေ။

ဣန္ဒိယ ဗုဒ္ဓဘာသာထဲ၌ ရှေးအခါက စ၍ အဆင့်ဆင့် ရွေ့လျားလာမှုများကို စစ်ဆေးလျှောက် ရှာဖွေရန် ခဲယဉ်းလှပေသည်။ သို့ရာတွင် ထင်ရှားသည့် အချက်တခုမှာ ရှစ်ရာ ခုနှစ်လောက်က စ၍ ဗိဟာရ်နှင့် ဘင်္ဂါပြည်တွင်းက ဗုဒ္ဓဘာသာသည် တန္တရဝါဒ၏ လွှမ်းမိုးခြင်းကို ခံရပေသည်။ ကျောင်းများထဲ၌ သီလခံယူခြင်း၊ ဥပုသ်စောင့်ခြင်း၊ တရားနာခြင်း စသော ပြုလုပ်နေကျ ဘာသာရေးဆိုင်ရာ ဝတ္တရားများသည် မပြောင်းလဲဘဲ ခါတိုင်းကဲ့သို့ပင် တည်ရှိနေကြ၏။ နိဗ္ဗာန၊ သုညတတို့နှင့်

စပ်ယှဉ်သော စကားများကိုလည်း မပစ်ပယ်ကြဘဲ ပြောမြဲတိုင်း ပြောနေကြကုန်၏။ သို့ရာတွင် စီစဉ် သတ်မှတ်ထားသည့် နည်းလမ်းများကို လိုက်နာသူသည် မှော်အတတ်ဖြင့် လွတ်လပ်ရေးကို ရနိုင်သည်ဟု ဟောပြော ပြသကြကုန်သည်။

ဤနည်းလမ်းကို လိုက်နာလိုသူသည် အရည်အချင်း ပြည့်ဝသော ဆရာထံမှ ရှေးဦးစွာ မှော်သွင်းရန် လိုပေသည်။ ထို့နောက် မဟာယာန ဗုဒ္ဓဘာသာက အသိအမှတ်ပြုထားသည့် ဗုဒ္ဓများ သို့မဟုတ် ဗောဓိသတ္တများထဲက တပါးပါးသည် သူ၏ရှေ့မှောက်၌ ပေါ်ပေါက်လာလိမ့်မည်။ ထိုဗုဒ္ဓ သို့မဟုတ် ဗောဓိသတ္တသည် သူ့ကိုယ်တိုင်နှင့် ထပ်တူထပ်မျှဖြစ်သည်ဟု သဘောထားရသည်။ ဤနည်းလမ်းကို လိုက်နာ ပြုလုပ်သူကို သာဓက သို့မဟုတ် မှော်ဆရာဟု ခေါ်ကြ၏။ အမှန်အားဖြင့် သူ၏ ပြုလုပ် ဆောင်ရွက် တွေ့ကြုံချက်များသည် အခြားသော ဇာနီ့ယ တန်ခိုးဂူဒ်ပါဒ်များ ကဲ့သို့ပင် မိမိကိုယ်ကို အိပ်မွေ့ချခြင်းကြောင့် ဖြစ်ပေါ်လာကြသည်။

ထိုမှော်ဆရာသည် ဆိတ်ငြိမ်ရာအရပ်သို့ ချဉ်းကပ်ပြီး ပန်းများဖြင့် ပူဇော်ပသကာ ဆုတောင်းပတ္ထနာ ပြုသည်။ သူသည် ဗြဟ္မဝိဟာရ စသော သမထ တရားများကို ပွားများကာ စိတ်တည်ငြိမ်မှု သမာဓိကို ရရှိစေရသည်။ ထို့နောက် သူသည် အဝလောကိတ စသော ဗောဓိသတ္တ တပါးတပါး၏ ရုပ်ပုံကို စိတ်ထဲမှာ ပေါ်လွင်ထင်ရှား ပြတ်သားလာအောင် ရှုကြည့် ရ၏။ ထိုအခါ သူသည် ဗီဇ (မျိုးစေ့) ခေါ် လျှို့ဝှက်သော အက္ခရာများကို ရွတ်ဆိုရ၏။ ယင်းကဲ့သို့ ရွတ်ဆိုခြင်းကြောင့် သူ ပေါ်

ပေါက် လာစေလိုသည့် ရုပ်ပုံများ အညွှောင့်ထိုးပြီး တိုးတက်ကြီးထွားကာ အပင်ပေါက်လာလိမ့်မည်ဟု ထင်မှတ်ထားပေသည်။

ဤနည်းအားဖြင့် သူသည် သူ၏ ပတ်ဝန်းကျင်၌ ဗောဓိသတ္တများ တဦးပြီးတဦး ပေါ်ပေါက်လာ၍ နောက်ဆုံး၌ သူကိုယ်တိုင် အဝလောကိတ၏ အသွင်ကို ဆောင်ယူကာ အဝလောကိတ ဖြစ်သွားသည်ဟု တွေးဆ ထင်မြင်နေလေသည်။

ဇာန္ဒိယ ဗုဒ္ဓဘာသာ၏ ထိုမှတပါး အခြားသော ဆုတ်ယုတ်ပုံလည်း ရှိသေး၏။ အဝ လောကိတကို တာရာနှင့် တွဲထားသကဲ့သို့ ဗောဓိသတ္တများကို နတ်ဘုရားမများနှင့် ယှဉ်တွဲထားကြ၏။ ဗုဒ္ဓ သို့မဟုတ် ဗောဓိသတ္တသည် သူ၏ ကြင်ဘက်နှင့် ယှဉ်တွဲကာ နိဗ္ဗာန်ချမ်းသာကို ခံစား စံစားနေ၏ဟု ဖော်ပြကြသည်။ ပညာရှိသည် ကိလေသာဖြင့် ညစ်ညူးခြင်း မဖြစ်ဘဲ ကိလေသာကို ကိလေသာဖြင့် အောင်နိုင်သည်ဟု ယူဆထားကြသည်။ ဤသို့လျှင် ရဟန်းတော်များ၏ အကျင့်သီလသည် အလွန်အမင်း ယိုယွင်း ပျက်စီးခြင်းသို့ ရောက်သွားရလေတော့သည်။

တန္တရ ဗုဒ္ဓဘာသာသည် မဟာယာနဗုဒ္ဓဘာသာ၊ ဟိန္ဒူဘာသာနှင့် တိုင်းရင်းဖြစ် အစွဲအလမ်းများ ရောနှော ပေါင်းစပ်နေသည့် ဘာသာတခု ဖြစ်သည်။ ဘုရားကျောင်း တခုတည်း၌ တိုင်းရင်းဖြစ် နတ်ဘုရားများ၊ ဆိဝ၊ ကာလီ စသော ဟိန္ဒူနတ်ဘုရားများ ဝိရောစနနှင့် တာရာ စသော ဗုဒ္ဓဘာသာ နတ်ဘုရားများကို ပေါင်းစုထားကြကုန်၏။

ပဒုမဆမ္ဘဝ၏ မွေးဖွားရာ ဥဒယာနပြည်သည် မဟာယာန ဗုဒ္ဓဘာသာ ထွန်းကားရာဌာန ဖြစ်သော်လည်း တိုင်းသူပြည်သား တို့သည် မှော်အတတ် စုန်း၊ နတ်၊ ဖုတ်၊ ဘီလူး နှင့်ထုတ်သည့် အတတ်၊ နတ်ဝိဇ္ဇာအတတ်၊ ပဥ္စလက်အတတ်နှင့် ဝိဇ္ဇာမယိဒ္ဓိ အတတ်တို့၌ အထူးတလည် တတ်မြောက် ကျွမ်းကျင်ကြကုန်၏။ ကက်ရှမီးယား ပြည်၌လည်း ဗုဒ္ဓဘာသာသည် အခြားသော အယူဝါဒများနှင့် ရောနှော ရှုပ်ထွေးနေခဲ့၏။ ယခုအခါ၌ပင်လျှင် တိုင်းသူပြည်သား လူအများတို့သည် မိုဟန်မေဒန် ဖြစ်နေကြ သော်လည်း စုန်းအတတ်၊ ပဥ္စလက်အတတ်၊ နတ်ဝိဇ္ဇာအတတ် များသည် ပြန့်နှံ့ ထွန်းကားနေကြဆဲပင် ဖြစ်ပေသည်။ ဘင်္ဂါ ပြည်မှ ဝင်ရောက်လာသည့် တန္တရ ဗုဒ္ဓဘာသာသည် နီပေါ ပြည်နှင့် တိဗက်ပြည်တို့၌သည်း ကြီးပွား ထွန်းကားနေလေသည်။

ဥဒယာနပြည်နှင့် ကက်ရှမီးယား ပြည်တို့၌ တန္တရဝါဒ ထွန်းကားနေသော်လည်း ပန်ဂျပ်ပြည် သို့မဟုတ် ဟိန္ဒူစတန် သို့ကား များစွာ မပြန့်နှံ့ခဲ့ပေ။ ထိုဒေသများ၌ တန္တရဝါဒ၏ တိုးတက် ပြန့်ပွားခြင်းကို သန့်စင်းသော ဟိန္ဒူ ဘာ သာ နှင့် နောက်ပိုင်း၌ မိုဟန်မေဒန်တို့ ဝင်ရောက်လာခြင်းတို့က ဟန့်တား ထားခဲ့ကြသည်။ ဗီဟာရ်ပြည်၌ ရှစ်ရာစုနှစ်က စ၍ တန္တရဝါဒ သည် တန်ခိုးကြီးမား ဆိုးဝါးလာခဲ့၏။ ဗုဒ္ဓဘာသာဝင် ဂိုပါလ မင်း၏ လက်ထက်၌ ဟိန္ဒူဘာသာဝင်ဖြစ်သော သူ၏ အမတ် များသည် ဗုဒ္ဓဘာသာ ဘုရားဘန်ဆောင်းများ အတွင်း၌ ဟိန္ဒူ နတ်ဘုရားများ၏ ရုပ်တုများကို အဘင်းအဓမ္မ သွင်းထားကြ ကုန်၏။ နာဠန္ဒ တက္ကသိုလ်နှင့် အခြားသော ကျောင်းတိုက်များ

သည် ရဟန်းတော် ကျောင်းများ သက်သက် မဟုတ်တော့ဘဲ ပညာသင်ကြားရာ ဌာနများအဖြစ်ဖြင့် ဆက်လက် တည်ရှိကြ၏။ ထိုဌာနများ၌ အများအားဖြင့် နတ်ဝိဇ္ဇာအတတ်၊ စုန်းအတတ်နှင့် ဝိဇ္ဇာမယိဒ္ဓိ အတတ်များကို သင်ယူ ပို့ချနေကြကုန်သည်။ သင်ကြားပြသပေးနေသည့် ဆရာအများတို့သည် အဝလောကိတသို့မဟုတ် တာရာကဲ့သို့သော နတ်ဘုရားများကို မြင်ကြရ၏။ သူတို့သည် ဝတ်ကိစ္စများကို ပြုလုပ်ဆောင်ရွက်က၁ နတ်ဘုရားကို ခေါ်နိုင်ကြ၏။ ဤကဲ့သို့ ခေါ်ယူခြင်းဖြင့် သူတို့သည် သိဒ္ဓိအမျိုးမျိုးကို ပေါက်ရောက် အောင်မြင်ကုန်သည်။ သိဒ္ဓိအမျိုးမျိုး ပေါက်ရောက်အောင်မြင်ပြီးသည့် မှော်ဆရာကို သိဒ္ဓိဟုခေါ်ဝေါ်ကြ၏။ တိဗက်ပြည်၌ ၈၄ ယောက်သော မဟာသိဒ္ဓိများသည် ယနေ့တိုင်အောင်ပင် ထင်ရှား ကျော်ကြားလျက် ရှိနေကြသေးသည်။

တန္တရသည် ကရိယ၊ ကျာရယ၊ ယောဂနှင့် အနုတ္တရယောဂဟူ၍ လေးမျိုးပြား၏။ ထိုလေးမျိုးတို့တွင် အနုတ္တရယောဂသည် အမြင့်မြတ်ဆုံး အနက်နဲဆုံးဖြစ်၏။ တန္တရတို့သည် မဟာယာနသုတ္တများနှင့် မရှေးမနှောင်း စတင်ပေါ်ပေါက် လာကြ၏၊ သို့ရာတွင် အနုတ္တရယောဂ တန္တရသည်ကား တဖြည်းဖြည်း ပေါ်ပေါက်လာလေ၏။ တန္တရတို့သည် မဟိပါလမင်း၏ လက်ထက်တွင် (၉၇၈-၁၀၃၀) မဂဓတိုင်း၌ များစွာ ပြန့်နှံ့ခဲ့ကြ၏။ ဗုဒ္ဓဘာသာ တန္တရဝါဒ၏ အလွန်ကဲဆုံးဖြစ်သည့် ကာလကျက္ကရတန္တရသည်လည်း ပါလမင်းများ လက်ထက်၌ပင် ပေါ်ပေါက်ခဲ့လေသည်။

၉၆၅ ခုနှစ်တွင် ကာလကျက္ကရာဘန္တရကို အာရှတိုက်အလယ်ပိုင်း ဆမ္ဘလပြည်မှ ဇာနိုယပြည်ထဲသို့ သွတ်သွင်းခဲ့၏၊ ထိုကာလကျက္ကရတန္တရသည် အဦးဆုံးဖြစ်သော အာဒိဗုဒ္ဓဟု အသိအမှတ်ပြုထားသည့် ကာလကျက္ကာနှင့် ဟေရုကကဲ့သို့သော ဗုဒ္ဓများကို ကိုးကွယ်ပသရန် အထူးသဖြင့် အားပေး ချီးမြှောက်ထားသေးသည်။

ပါလမင်းများ လက်ထက်၌ ဝိနည်းသိက္ခာပုဒ်တော်ကို လေးစားသည့် ရဟန်းတော်များလည်း ရှိနေကြသေး၏။ ရာမပါလမင်း လက်ထက် (၁၀၇၀– ၁၁၂၀)၌ ဟီနယာနဂိုဏ်းဝင် ရဟန်းတော် အမြောက်အမြား ရှိနေကြသေး၏။ မဟိပါလခင်း၏ လက်ထက်(၇၀၀)ခုလောက်တွင် ဟီနယာနဂိုဏ်းဝင် ရဟန်းတော် အချို့တို့သည် ဗုဒ္ဓဂယာ၌ ဟေရုက၏ ငွေရုပ်တုကြီးကို ချိုးဖဲ့ဖျက်ဆီးလိုက်ကြပြီး မန္တရကျမ်းစာများကိုလည်း မီးရှို့ပစ်လိုက်ကြသည်။ ဤအကြောင်းအရာများကို ထောက်ဆ၍ ထိုအခါက ဗုဒ္ဓဘာသာကို တန္တရဝါဒက လုံးလုံးလျားလျား မလွှမ်းမိုးနိုင်သေးကြောင်း သိရှိရပေသည်။

တိဗက်ပြည် နီပေါပြည်နှင့် အလယ်ခေတ် ဘင်္ဂါပြည်တို့၌ ရှက်ဖွယ်လိလိဖြစ်သော တန္တရကျမ်းစာများသည် အကျင့်သီလ ခေါင်းပါး ပျက်စီးခြင်းကို ညွှန်ပြခဲ့ကြ၏။ အထူးအားဖြင့် စင်ကြယ်သော ဗုဒ္ဓဘာသာကို ယုံကြည်လေးစားသူများ၏ စိတ်ကို ဖောက်ပြန် ပျက်ယွင်းစေခဲ့ကြလေသည်။ တန္တရဝါဒသည် ဗုဒ္ဓဘာသာ တန္တရဝါဒနှင့် ဆိဝဘာသာတန္တရဝါဒဟူ၍ နှစ်မျိုးနှစ်

စားသာ ကွဲပြားခြားနားသည်ဟု ဗုဒ္ဓဘာသာနှင့် ဟိန္ဒူဘာသာ ကို မကွဲမပြား တသားတည်းဖြစ်အောင် ရောနှောပစ်လိုက်ကြ လေသည်။

ယခုအခါ ဗုဒ္ဓဂယာ၌ ဖြစ်ပျက်နေပုံ အချင်းအရာသည် ဣန္ဒိယမှ ဗုဒ္ဓဘာသာ ဘယ်ကဲ့သို့ ကွယ်ပျောက်သွားသည်ကိုအထင် အရှား ပြသနေပေသည်။ မဟာဗောဓိ စေတီတော်ကြီးနှင့်တကွ အရမ်မြေကိုပါ အပိုင်စား ဂရန်ရရှိထားသည့် အနီးအနားရှိ ဆိဝဘာသာဝင် ကျောင်းတိုက်မှ မဟန့်ဘုန်းကြီးသည် အမှုထမ်း များကို စီမံအုပ်ချုပ်ကာ ဘုရားဖူးများကို စီစဉ်ပေးနေ၏။ သူ သည် ဗုဒ္ဓ၏ ရုပ်တုတော်ပေါ်၌ ဟိန္ဒူဂိုဏ်းကွဲ အမှတ်အသား များကို ပြုလုပ်ပြီး ဟိန္ဒူဘာသာ အဆင်တန်ဆာများကို ဆင်မြန်း ထား၏။ ဟိန္ဒူဘုရားဖူးများကို ဟိန္ဒူလမ်းပြများက ဗောဓိပင် ကိုသာ ကြည်ညိုလေးစားရအောင် ခေါ်ဆောင်သွားကြ၏။ ဗောဓိပင်မှတပါး အခြားသော စေတီတော်များနှင့် ဗုဒ္ဓရုပ်တု တော်ကို ကြည်ညိုလေးစားရန် မညွှန်ကြား မပြသကြပေ။ ဤသို့ လျှင် သူတို့သည် ဗုဒ္ဓဂယာ၌ ဗုဒ္ဓဘာသာ၏ အမှတ်အသားများ တဖြည်းဖြည်း ပျောက်ပျက်သွားရန် စီမံဖန်တီးထားကြလေသည်။

ယခုအခါ ဗြာဟ္မဏတို့သည် ဗုဒ္ဓကို ဝိဿနု ဝင်စားသည့် အဝတာရအဖြစ်ဖြင့် အသိအမှတ် ပြုကြကုန်၏။သို့ရာတွင် သဘာဝ ထက် လွန်ကဲသော တန်ခိုးများကို ရရှိနိုင်မည့် မှန်ကန်သော နည်း လမ်းများကို သိရှိသွားပါက တန်ခိုးအာနုဘော် အလွန်ကြီးမား လာမည့် ဆိုးသွမ်းသူများအား လမ်းမှားကို ပြသရန် ဝိဿနုသည် ဗုဒ္ဓအသွင်ကို ဆောင်ရသည်ဟူ၍ ဖော်ပြထားကြ ပြန်လေသည်။

အမှန်အားဖြင့် ဗုဒ္ဓဘာသာနှင့် သက်ဆိုင်သည့် ရုပ်ပွားတော်များနှင့် အမှတ်လက္ခဏာများကို ပိရှုနူ သို့မဟုတ် ဆိဝနှင့် သက်ဆိုင်သည်ဟု မှတ်ယူထားကာ ရှိသေးလေးစားကြသည်။ ဗုဒ္ဓဟု အမှတ်ပြုကာ ရှိသေလေးစားမှုကို မပြုလုပ်ကြကုန်။

ဆိုအပ်ခဲ့ပြီးသော စကားများအရ ဣန္ဒိယမှ ဗုဒ္ဓဘာသာ ကွယ်ပျောက် သွားရခြင်းသည် ဗုဒ္ဓဘာသာကို နှင်ထုတ်လိုက်ခြင်းကြောင့်မဟုတ်ဘဲ ဟိန္ဒူဘာသာက စုပ်ယူ မျိုဝါးလိုက်ခြင်းကြောင့် ဖြစ်ကြောင်းမှာ ထင်ရှားလှပေသည်။ ဤကဲ့သို့ စုပ်ယူမျိုဝါးလိုက်ခြင်းကြောင့် ဗုဒ္ဓဘာသာ ပျောက်ကွယ်သွားသော်လည်း ဟိန္ဒူဘာသာမှာကား များစွာ ပြောင်းလဲ တိုးတက်လာ၏။ ဗုဒ္ဓဘာသာ၏ကျေးဇူးကြောင့် တိရစ္ဆာန်များဖြင့် ယဇ်ပူဇော်ခြင်းများကို အချို့ဟိန္ဒူဂိုဏ်းများက ကန့်ကွက်ကြ၏။ တိရစ္ဆာန်များအပေါ်၌ ကြင်နာသနားကာ ကိုယ်ချင်းစာတရား ထားလာကြ၏။ ဘုန်းကြီးကျောင်းများနှင့် ဘုန်းကြီးများသည်လည်း ဗုဒ္ဓဘာသာကို အတုယူကာ ဝိနည်းပညတ်များနှင့်တကွ စည်းကမ်းတကျ ဖြစ်လာကြသည်။ ဤသို့လျှင် ဗုဒ္ဓဘာသာနှင့် ဟိန္ဒူဘာသာတို့ ရောနှော ပေါင်းစပ်သွားကြခြင်းဖြင့် ဗုဒ္ဓဘာသာမှာ ဆုံးရှုံး နစ်နာရသော်လည်း ဟိန္ဒူဘာသာမှာကား ယနေ့တိုင်အောင် အမြတ်ထွက်နေပေတော့သတည်း။

●

# မြန်မာပြည် ဗုဒ္ဓဘာသာ

ဆိုအပ်ခဲ့ပြီးသည့် အစီအစဉ် စကားချပ်များဖြင့် ဣန္ဒိယပြည်၌ ဗုဒ္ဓဘာသာ ပေါ်ပေါက်လာပြီးနောက် ယင်း ဗုဒ္ဓဘာသာ၏ ကြီးပွား တိုးတက်လာပုံနှင့် ဆုတ်ယုတ်ပျက်စီး သွားပုံများကို ရာဇဝင်နှင့်တွဲဖက်ကာ အကြမ်းအားဖြင့် ပြဆိုပြီးလေပြီ။ ယခု အခါ ဣန္ဒိယပြည်မှ ဗုဒ္ဓဘာသာသည် မြန်မာပြည်သို့ ရောက်ရှိလာပြီးနောက် မည်ကဲ့သို့ ဖြစ်ပျက်နေသည်ကို ပြဆိုရပေမည်။

ဣန္ဒိယပြည်မှ ဗုဒ္ဓဘာသာသည် အလွန်ရှေးကျသော အခါကပင်လျှင် မြန်မာပြည်သို့ ရောက်ရှိလာ၍ သထုံ သရေခေတ္တရာနှင့် ပုဂံတို့၌ ထွန်းကားနေခဲ့၏။ အထူး အားဖြင့် ပုဂံသို့ ဣန္ဒိယ မြောက်ပိုင်းမှ ဝင်ရောက်လာသော ဗုဒ္ဓဘာသာသည် ဣန္ဒိယ ပြည်၌ ဗုဒ္ဓဘာသာ အစစ်အမှန်ကို ဖောက်ပြန် ယိုယွင်းပျက်စီး ခြင်းသို့ ရောက်အောင် စီမံဖန်တီးခဲ့သည့် တန္တရ ဗုဒ္ဓဘာသာပင် ဖြစ်လေသည်။ ထိုတန္တရ ဗုဒ္ဓဘာသာသည် ဂါထာ မန္တရား၊

အင်းအိုင်၊ ခလှဲ၊ လက်ဖွဲ့၊ မှော်အတတ်၊ စုန်းအတတ်၊ ပယောဂ အတတ်၊ ဝိဇ္ဇာမယိဒ္ဓိအတတ်၊ ဗေဒင်အတတ်၊ ဆေးအတတ်၊ အင်္ဂရိတ်အတတ်တို့ကို လေ့လာလိုက်စားသည့် ဘာသာဖြစ်၏။ ယင်းတန္တရ ဗုဒ္ဓဘာသာကို လိုက်နာ ကျင့်သုံးသူများသည်ကား ခေတ်အားလျော်စွာ အရိယာဘွဲ့ခံယူကြသည့် အရည်းကြီးတို့ ဖြစ်ကြကုန်သည်။

ထိုအရည်းကြီး တို့သည် ယခုကာလ ရဟန်းစစ်များကဲ့သို့ မဟုတ်မူ၍ ရဟန်းတုရဟန်းယောင် ဝိဇ္ဇာမယိဒ္ဓိ မှော်ဆရာတို့ပင် ဖြစ်ကြ၏။ သူတို့သည် နဂါးရုပ်နှင့် နတ်မိန်းမများ ခြံရံလျက် ရှိသော ဘုရားရုပ်ကို ကိုးကွယ်လေ့ရှိကြ၏။ သူတို့၏ ဆံပင် လက်လေးသစ် အရှည်နှင့် မုတ်ဆိတ်မွေးများ ထားရှိခြင်း၊ မဲနယ်ဖြင့် ဆိုးသော အပြာညိုရောင် အဆင်းရှိသည့် သင်္ကန်းကို ဝတ်ရုံခြင်း စသော အသွင်သဏ္ဌာန် အမူအရာတို့ကို မြင်းခြံ နယ်၌ရှိသော သယပုဘုရားတွင် ရေးခြယ်ထားအပ်သော အရုပ် ဟောင်းများကို ကြည့်ရှုကာ သိရှိနိုင်ပေသည်။ သူတို့အား အဖိုး အခ ပေးကမ်း၍ ဂါထာမန္တာန်ရွတ်စေခြင်းဖြင့် လူသတ်ခြင်း စသော ဒုစရိုက်ပြစ်မှုများမှ ကင်းလွတ်စေနိုင်၏ဟု လူအများက ယုံကြည်ကြ၏။ တရံတခါ သူတို့သည် နတ်ဟောစာတန်းတခုခု ကို ရေးကာ သစ်ပင်အခေါက်တို့ကိုခွာ၍ သွင်းထားပြီးနောက် အခေါက်သစ်ဖြင့် စာကိုဖုံးအုပ်သည့်အခါရောက်မှ သစ်ပင်တွင်း၌ နတ်များထားသော အမိန့်စာရှိသည်ဟု အိပ်မက်ရကြောင်း အစ ရှိသည်ဖြင့် လိမ်လည်၍ ပြောတတ်ကြလေသည်။ ထိုအရည်းကြီး တို့၏ အလေ့အကျင့်များမှာ ထိမ်းမြားမင်္ဂလာ ပြုအံ့သော

အမျိုးသမီးတို့၏ ပန်းဦးလွှတ်ခြင်း ဟူသော အပူဇော်ကို ခံယူခြင်း၊ မြင်းမွေးခြင်း၊ မြင်းစီးခြင်း၊ လက်ဝှေ့သတ်ခြင်း၊ သေရည်သေရက်သောက်ခြင်း၊ အင်္ဂရုတ်ထိုးခြင်း၊ အင်းချခြင်း၊ မန္တာန်စုပ်ခြင်း၊ ယတြာစီရင်ခြင်း၊ စုန်းကဝေ အတတ်တို့ကို လေ့လာခြင်း၊ ဗေဒင်ဟောခြင်း၊ ဆေးကုခြင်း၊ နတ်ပူဇော် ပသခြင်း၊ ဝိဇ္ဇာမယိဒ္ဓိ အတတ်ကို လိုက်စားခြင်း၊ သိုက်၊ တဘောင်၊စံနည်း၊ ဘဝေါ၊ တိတ်၊ နိမိတ် တို့ကို ယုံကြည်လိုက်နာခြင်း စသည်တို့ဖြစ်ကြကုန်သည်။ ဤသို့လျှင် အရည်းကြီး တို့သည် လူအများကို လိမ်လည်ပြီး ဥပါယ်တမျည်အားဖြင့် လှည့်စားဖြားယောင်းကာ အကျင့်စာရိတ္တ ဟူသမျှကို အလွဲသုံးစား ပြုလုပ်နေကြလေသည်။

ထိုအခါ သထုံပြည်၌ ရှင်မဟာကာလ၏ တပည့် ရှင်ဓမ္မဒဿီ (ဝါ)ရှင်အရဟံသည် ပိဋကတ်တော်ကို တတ်မြောက်သည့်ရဟန္တာ ပုဂ္ဂိုလ်ဖြစ်၏။ ထိုရှင်အရဟံသည် အဆက် မြန်မာပြည်သို့ သာသနာပြုအံ့ဟု သထုံက ကြွလာခဲ့ပြီး ပုဂံပြည်နှင့် မနီး မဝေးသော တောအုပ်တခု၌ သီတင်းသုံး နေတော်မူ၏။ တနေ့သ၌ မုဆိုး တယောက်သည် ရှင်အရဟံကို တွေ့လေသော် ဤသူကား ဝါသော အရောင်ရှိသော သင်္ကန်းကို ဝတ်သော သူတည်းဟု အံ့သြကာ အရှင်မြတ်အား နေပြည်တော် ဘုရင်မင်းထံသို့ ပင့်ဆောင်လေ၏။ အနော်ရထာမင်းသည် သန့်ရှင်းစင်ကြယ်သော စိတ်၊ ငြိမ်သက် တည်ကြည်သော ဣန္ဒြေနှင့် ပြည့်စုံသော ရှင်အရဟံကို မြင်တော်မူသောအခါ စုံစမ်းအံ့သောငှာ "သင်နှင့်

သင့်လျော်သော နေရာကို ကြည့်၍ နေဘိလော့”ဟု ဆို၏။ ရှင်အရဟံသည် တုန်လှုပ်ချောက်ချားခြင်းမရှိ ရဲရင့် တည်ကြည်စွာ ရာဇပလ္လင်ထက်၌တက်၍ စံနေတော်မူလေသည်။

ထိုအခါ မင်းကြီးက “သင်ကား အဘယ်သူ၏ အမျိုးအနွယ်တည်း”ဟု မေး၏၊ ရှင်အရဟံက “ငါကား သမ္မာသမ္ဗုဒ္ဓအနွယ်တည်း”ဟု မိန့်တော်မူ၏။ မင်းကြီးက “သမ္မာသမ္ဗုဒ္ဓအနွယ်ဆိုသည်မှာ အဘယ်သို့ပါနည်း”ဟု မေး၏။ ရှင်အရဟံသည် ဣတိပိသော၊ သွာက္ခာတော၊ သုပ္ပဋိပန္နော စသော ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးများကို မင်းကြီးအား ဟောပြတော်မူ၏။ မင်းကြီးသည် ကြည်ညိုမြတ်နိုး၍ “ဤနေ့ကစပြီး သခင်ငါ့ကို ဆုံးမတော်မူပါ”ဟု မိမိကိုယ်ကို ရှင်အရဟံအား အပ်နှင်းလေ၏။ ရှင်အရဟံလည်း ဝန်ခံတော်မူ၏။ မင်းကြီးလည်း ရှင်အရဟံကို မြတ်စွာဘုရားကဲ့သို့ လွန်စွာကြည်ညိုလေ၏။ ရှင်အရဟံလည်း အရည်းရှင်ယောင်တို့ကို မြင်တော်မူလေသော် မင်းကြီးအား ဘုရားပညတ်တော် ဝိနည်းတရားကို သင်ကြားဟောပြတော်မူလေသည်။ မင်းကြီးသည် ဝိနည်း တရားတို့ကို ကြားနာသိရှိရသောအခါ“ဤပြည်ကို အစဉ်မင်းပြုတော်မူသော အဆက်ဆက်သော ဘေးလောင်းတော် ဘိုးလောင်းတော်တို့သည် အရည်းရဟန်းတို့ အယူကို ယူတော်မူကြ လေသည်။ ပြန်ယူ၍ ရကောင်းပါမူကား တဖန်ပြန်၍ ယူချင်ဘိ၏” ဟု မိန့်ဆိုတော်မူ၏။ ထိုနေ့ကစ၍ အရည်းကြီးတို့၏ ဆိုးဝါး ယုတ်မာသော အမူအကျင့်တို့ကို ပယ်လေ၏။ အရည်းကြီးတို့လည်း မိမိတို့ထံ လူတဦးတယောက်မျှ မဆည်းကပ် မလာရောက်တော့

သဖြင့် ရှင်အရဟံကို အမျက်ထွက်ပြီး သတ်ရန် ကြံစည် အားထုတ်ကြကုန်၏။ မင်းကြီးသည် ထိုအကြောင်းကို ကြားသောအခါ အရည်းကြီးတို့ကို နိုင်လောက်အောင် အစောင့်အရှောက်တို့ကို ရှင်အရဟံအား ပေးလှူ၏။ ရှင်အရဟံသည် ထို အရံအစောင့်တို့ကို ရဟန်းပဉ္စင်းချည်း ပြုလေသည်။

ထို့နောက် မင်းကြီးသည် အလဇ္ဇီဒုဿီလ ပါပအနွယ်ဖြစ်သော အရည်းကြီး အချို့တို့ကို အဝတ်သဲစေ၍ ဆင်ထိန်းမြင်းထိန်းအစုကို ဖြည့်တော်မူ၏။ အရည်းကြီး အချို့တို့ကိုကားတိုင်းပြည်မှ နှင်ထုတ်လိုက်လေ၏။ အများသော အရည်းကြီးတို့သည် ရှမ်းပြည်ဘက်သို့ ထွက်ပြေးကြ၏။ ယင်းကဲ့သို့ ထွက်ပြေးကြသော်လည်း အရည်းကြီးတို့သည် လုံးလုံးလျားလျား ပျောက်ကွယ်မသွားကြကုန်။ သူတို့သည် ထိုထိုအရပ်များတို့၌ချင်း၊ အထူးသဖြင့် ပုပ္ပားတောင်ခြေနား၌ချင်း၊ ပုဂံအနီး သမထီးရွာ၌ချင်း၊ အနည်းငယ်မျှ ရှိကြသေးသည်။ ယခုအခါ၌လည်း မယဉ်ကျေးသော ရှမ်းရွာ ပလောင်ရွာတို့၌ အရည်းကြီးတို့၏ အဆက်အနွယ်များကို တွေ့ရှိနိုင်ပေသေးသည်။

ထိုအခါ မြန်မာပြည်၌ သာသနာတော် တနေ့တခြား ကြီးပွားစည်ကား လာသော်လည်း ပိဋကတ်တော်မရှိသေး၍ ရဟန်းတော်များသည် စာပေကျမ်းဂန်ကို မသင်ကြားရကုန်။ ထို့ကြောင့် ရှင်အရဟံသည် နော်ရထာမင်းကို သထုံမင်ထံ သံတမန်စေလွှတ်၍ ပိဋကတ်နှင့် ဓာတ်တော်တို့ကို ပင့်ဆောင်ရန် မိန့်တော်မူ၏။ မင်းကြီးသည် ဝန်ခံ၍ အထူးထူးသော လက်ဆောင်ပဏ္ဏာတို့နှင့် တကွ ရွှေပေလွှာတွင် သဝန်စာ ရေးသားပြီး

သထုံမနူဟာ မင်းထံသို့ သံတမန်စေလွှတ်ကာ တောင်းဆိုလေ၏။ သထုံမင်းသည် တောင်းဆိုသည့်အတိုင်း ပိဋကတ်နှင့် ဓာတ်တော်များကို မပေးရုံသာမက အရိုင်းအစိုင်းတို့နှင့် တန်သလောဟု ရန့်ရင်း ကြမ်းထမ်းစွာ ဆိုလိုက်သည်။

သံတမန်တို့သည် ပြန်ခဲ့၍ ပုဂံပြည်သို့ ရောက်သောအခါ မင်းကြီးအား အကျိုးအကြောင်းကို ပြန်လည်လျှောက်ထားကြကုန်၏။ မင်းကြီးသည် ပြည်ထောင်ဘက် မင်းအချင်းချင်း ဤမျှလောက် ရိုင်းစိုင်းရမည်လောဟု အမျက်ထွက်တော်မူ၍ များစွာသော စစ်မက်အင်္ဂါတို့ဖြင့် ရေကြောင်း ကြည်းကြောင်း ချီတက်တော်မူကာ လုပ်ကြံတော်မူလေ၏။ ဆင်ဖြူ ၃၃စီးရှင် ဖြစ်သော သထုံမနူဟာမင်းနှင့် တကွ ပိဋကတ် တော်များ ရဟန်းတော်များမှ စ၍ တပြည်လုံးကို သိမ်းယူတော်မူခဲ့ပြီး နေပြည်တော်သို့ ပြန်လည်ဆိုက်ရောက်တော်မူ၍ အသီးသီးနေရာချထားတော် မူလေသည်။

မနူဟာမင်းနှင့်တကွ မိဖုရားမောင်းမ ကိုယ်လုပ်မင်းဆွေစိုးမျိုးတို့ကိုလည်း တစုတရုံးတည်း မကွဲမပြားစေရဘဲ အစားအဝတ် ပေးကမ်းပြီး ချမ်းသာစွာနေရအောင် နေရာချထားတော်မူ၏။ ဆရာတော် သင်္ဃာတော်တို့ကိုလည်း အသီးသီးတိုက်တာဖွဲ့စည်း၍ ပစ္စည်းလေးပါးဖြင့် ချီးမြှင့်ထောက်ပံ့တော်မူ၏။ ထိုအခါမှစ၍ မြန်မာပြည်၌ ပရိယတ္တိသာသနာတော်၊ ပရိပတ္တိသာသနာတော် သည် စည်ပင်ထွန်းလင်း ပြန့်ပွားလေသည်။

ဤသို့လျှင် အနော်ရထာမင်းသည် မိမိလက်အောက်၌ မြန်မာပြည်တပြည်လုံးကို စည်းရုံးပေါင်းစုပြီး ထေရဝါဒ ဗုဒ္ဓဘာသာကို

နိုင်ငံတော်ဘာသာ ပြုလုပ်လေ၏။ ထိုအခါ မြန်မာပြည်၌ အရည်းကြီးတို့၏ အလေ့အကျင့်များနှင့် ရှေးရိုးစဉ်လာအယူဝါဒ များတို့သည် ဗုဒ္ဓဘာသာနှင့် ယှဉ်ပြိုင်ကာ တည်ရှိကြကုန်၏။ ထိုအလေ့အကျင့် အယူဝါဒတို့တွင် နတ်ကိုးကွယ်ပူဇော်ပသခြင်း၊ ဝိဇ္ဇာမယိဒ္ဓိအတတ်ကို လေ့လာလိုက်စားခြင်း၊ ဗေဒင်ကို ယုံကြည်လိုက်နာခြင်းတို့သည် အလွန်ခိုင်မာ စွဲမြဲ ကြီးကျယ် ထင်ရှားကြကုန်သည်။

## နတ်ကိုးကွယ် ပူဇော်ပသခြင်း

နတ်ဟူသော မြန်မာစကားသည် နာထ=ကိုးကွယ်ရာဟူသော ပါဠိစကားနှင့် နာထ်-အရှင်သခင် ဟူသော သက္ကဋစကားတို့မှ ဆင်းသက်လာဟန်လက္ခဏာရှိ၏၊ မြန်မာပြည်၌နတ်ကိုးကွယ်ပူဇော်ပသမှုသည် ဗုဒ္ဓဘာသာမရောက်မီ ရှေးပဝေဏီ ကာလကပင် ရှိနှင့်ပြီးဖြစ်၏။ နတ်သည် ကိုးကွယ်ရာ အရှင်သခင်ဖြစ်သည် အားလျော်စွာ သစ်ပင် တောတောင် ရေမြေစသည်တို့ကို အုပ်စိုးပြီး ပူဇော်ပသသူများအား စောင့်ရှောက်မစတတ်၏ဟု ယူဆကြကုန်သည်၊ ရှေးဦးစွာ အကိုးကွယ် အပူဇော် အပသ ခံရသော နတ်တို့သည် ရုက္ခစိုးနတ်၊ ဘောစောင့်နတ်၊ တောင်စောင့်နတ်၊ ရေကန်စောင့်နတ်၊ ရွာစောင့်နတ်တို့ ဖြစ်ကြကုန်၏။ ထိုနောက် တသီးတခြားနတ် ၃၆ ဦးတို့ ပေါ်ပေါက်လာကုန်၏။ ထိုနတ်တို့ကို တောရော မြို့ပါ အနှံ့အပြား တနိုင်ငံလုံး ကိုကိုးကွယ်ပသကြကုန်သည်။

အနော်ရထာမင်းသည် ရှေးဦးစွာ နတ်ကိုးကွယ်ခြင်းကို လုံးဝ ပျောက်ကွယ်သွားရန် ကြိုးပမ်းသည်။ နတ်ရုပ်အားလုံးကို သိမ်းကျုံးပြီး နတ်လှောင်ကျောင်းထဲ၌ ထည့်ထားသည်။ နတ်တို့သည် မိမိလောက် တန်ခိုးမရှိကြကြောင်း ပြရန် နိုင်ငံတော်အတွင်း လှည့်လည်၍ နတ်စင်တို့ကို ဖြိုဖျက်ပြီး နတ်ရုပ်တို့လည်း ရိုက်နှက်လေသည်။ သို့ရာတွင် နတ်ကိုးကွယ်သည့် အယူဝါဒသည် နှိပ်ကွပ်၍ မရနိုင်လောက်အောင် လူတို့၏စိတ်ထဲ၌ စွဲမြဲခိုင်ခံ့နေကြောင်းကို နောက်ဆုံး၌ သိရှိရပေတော့သည်။ ထိုအခါ အနော်ရထာမင်းသည် နတ်ကိုးကွယ်သည့် အယူဝါဒကို ဗုဒ္ဓဘာသာ၏ လက်အောက်ခံ အဖြစ်ဖြင့် ခွင့်ပြုလိုက်ရပေသည်။ သူသည် ရှိရင်းစွဲ ၃၆ မင်း နတ်များထဲသို့ သိကြားမင်းကို နောက်ထပ် ထည့်သွင်းရုံသာမက သူကွပ်မျက်ခဲ့သော သူ၏ သူရဲကောင်း ရွှေဖျဉ်းညီနောင် နှစ်ယောက်တို့ကို မင်းညီနောင် နတ်များအဖြစ်ဖြင့် နတ်ဟောင်းနှစ်ဦးကို ထုတ်ပယ်၍ အသစ်လဲလှယ် ထည့်သွင်းခဲ့သည်။ ၃၇ မင်း နတ်တို့ကို ပူဇော်ပသရန် လာသောအခါ ဘုရားကိုလည်း ဖူးမြော်ကန်တော့ ရလေအောင် ထိုနတ်တို့ကို ရွှေစည်းခုံ ဘုရားကုန်းတော်ပေါ်သို့ ရွှေပြောင်းထားခဲ့သည်။ ထို့ပြင် ဗုဒ္ဓဘာသာကို ယုံကြည်လေးစားသော နတ်များဖြစ်ရလေအောင် ဘုရားရှိခိုးနေသည့် အသွင်ဖြင့် နတ်ရုပ်များကို ထုလုပ်ထားခဲ့လေသည်။ ဤသို့လျှင် နတ်ဝါဒသည် ရှေးအခါကစ၍ ယနေ့တိုင်အောင် တည်ရှိနေပေသည်။

ဤနတ်ဝါဒသည် ရှေးအခါက လူတွေရိုင်းစိုင်းလေ အားကောင်းလေ ဖြစ်ခဲ့၏။ ယခုအခါ၌မူ မြန်မာပြည် တောင်ပေါ်

ဒေသများ၌ ကျွဲနွားစသော တိရစ္ဆာန်တို့ကို သတ်ဖြတ်ကာ ယဇ်နတ် ပူဇော်နေကြသေး၏။ မြို့ရွာများ၌လည်း ထုံးတမ်းစဉ်လာ ရိုးရာအလိုက်ဟု ယူဆကာနတ်ပွဲများကို ကျင်းပနေကြ၏။ အထူးအားဖြင့် နှစ်စဉ်နှစ်တိုင်း ဝါခေါင်လဆန်း ၈ ရက်နေ့မှ ဝါခေါင်လကွယ်နေ့ တိုင်အောင် တောင်ပြုံးနတ်ပွဲနှင့် ရတနဂူနတ်ပွဲတို့ကို ခြိမ့်ခြိမ့်သဲသဲ ကျင်းပနေကြသဲပင် ဖြစ်ပေသည်။ သို့ရာတွင် ဤနတ်ပွဲများသည် ဗုဒ္ဓဘာသာနှင့် မည်သို့မျှ မသက်ဆိုင်ကြကြောင်း သိရှိအားရန် လိုပေသည်။

ဤနတ်ဝါဒကို ဗုဒ္ဓဘာသာနှင့် ထွေးလုံးရစ်ပတ် ပြုလုပ်လိုသူများက မဟာပရိနိဗ္ဗာနသုတ် ရာဇအပရိဟာနိယဓမ္မ၌ ပါသော "ဝဇ္ဇီစေတိယာနိမမ္မကံဗလိံ" ဟူသော စကားကိုင်း "အဂ္ဂိဟုတ္တံ နိကာယ၊ ပဥ္စမနိပါတ၊ ဥဿုဘဘတ္တိယသုတ်၌ ပါသော ဗလိပဋိဂ္ဂါဟိကာ ဒေဝတာ" ဟူသော စကားကိုရင်း၊ သုတ္တနိပါတ ရတနသုတ်၌ပါသော ဟရန္တုယေဗလိံ ဟူသောစကားကိုရင်း၊ စတုက္ကနိပါတ်၊ ဝိဝရဝဂ်၊ ပလာသဇာတ်ကိုရင်း အထောက်အထား အကိုးအကား ပြုလုပ်ကြ၍ ဗုဒ္ဓဘာသာက နတ်ကိုးကွယ်ပသမှုကို အားပေး အားမြှောက် ပြုလုပ်လေဟန် ကြံဖန်ပြောဆိုကြကုန်သည်။ သို့ရာတွင် သဂါထာဝဂ္ဂသံယုတ် ဂဟဋ္ဌဝန္ဒနာသုတ်၌ သိကြားမင်းက

ယေဂဟဋ္ဌာပုညကရာ၊ သီလဝန္တော ဥပါသကာ ဓမ္မေနဒါရံ ပေါသေန္တိ။ တေနမဿာမိ မာတလိ။ မာတလိ၊ အကြင်သူတို့သည် အိမ်၌ တည်ကုန်၍ ကောင်းမှုကို ပြုကုန်၏၊ သီလရှိ

ကုန်၏။ ရတနာသုံးပါးကို ဆည်းကပ်ကုန်၏။ တရားနှင့် အညီ သွားမယားကို မွေးမြူကုန်၏။ ထိုသူတို့ကို ငါသည် ရှိခိုး၏။ ဟု မိန့်ဆိုသည်။

ဤသိကြားမင်း၏ စကားကို ထောက်ဆသောအားဖြင့် သိကြားမင်းသည် လူဝတ်ကြောင် သူတော်ကောင်းများကို ရှိခိုးကြောင်းမှာ အလွန်ထင်ရှားလှပေသည်။ နတ်တို့၏ ဘုရင် ဖြစ်သော သိကြားမင်းကပင် လူသူတော်ကောင်းများကို ရှိခိုး နေသဖြင့် လက်အောက်ခံနတ်များကလည်း မလွဲမရှောင်သာ ရှိခိုးကြရမည်မှာ ဧကန်မုချ ဖြစ်ပေသည်။

ဤသို့လျှင် လူသီလဝန္တတို့သည် သိကြားစသော နတ်များ၏ ရှိခိုးပူဇော်ခြင်းကို ခံကြရကုန်၏။ လူဒုဿီလတို့သည်ကား နတ် တို့၏ ရှိခိုးပူဇော်ခြင်းကို မခံရရုံမျှမက နတ်များကိုပင် ပြန်၍ ရှိခိုးပူဇော်နေကြရကုန်၏။ ဤကဲ့သို့ ရှိခိုးပူဇော်နေကြသော်လည်း တစုံတရာအကျိုးမပြီး အချည်းနှီးအလဟဿမျှသာ ဖြစ်ကြောင်းကို သံယုတ္တနိကာယ သဂါထာဝဂ္ဂ အဋ္ဌကထာနှင့် ဓမ္မပဒ အဋ္ဌကထာ တို့၌ အောက်ပါအတိုင်း ရေးသားဖော်ပြထားလေသည်။

တနေ့သ၌ ပသေနဒိ ကောသလ မင်းသည် တကိုယ်လုံး တန်ဆာဆင်ထားသည့် ဆင်ဖြူတော်ကိုစီးလျက် မြို့ကိုလှည့်လည် သောအခါ ပြတင်းပေါက်ကိုဖွင့်ပြီး ကြည့်နေသည့် အမျိုးသမီး တယောက်ကို မြင်မိလေ၏။ မင်းသည် ထိုအမျိုးသမီးကို အလွန် တပ်မက် နှစ်သက်သည်ဖြစ်၍ ထိုအရပ်မှပင် နန်းတော်သို့ ပြန် သွားပြီး မင်းချင်းယောကျ်ားတယောက်အား ထိုအကြောင်းကို ပြောပြကာ "သင်သွားပြီး ထိုအမျိုးသမီးမှာ ပိုင်ဆိုင်သူ ရှိ မရှိကို

စုံစမ်းချေ” ဟု စေလွှတ်လိုက်၏။ မင်းချင်းယောကျ်ားသည် ခိုင်းစေသည့်အတိုင်း သွား၍ ထိုအမျိုးသမီးအား မေးမြန်း စုံစမ်း၏။ ထိုအမျိုးသမီးက “ဈေးဆိုင်၌ ထိုင်နေသူသည် ကျမ၏ လင်ယောကျ်ား ဖြစ်ပါသည်” ဟု ပြောဆိုပြသလိုက်၏။

မင်းချင်းယောကျ်ားသည် မင်းအား ထိုအကြောင်းစုံကို သံတော်ဦးတင်၏။ မင်းသည် ထိုယောကျ်ားကို ခေါ်စေပြီး “ငါ့ကို ဆည်းကပ် ခစားနေလော့” ဟု ဆို၏။ “အရှင်မင်းကြီး အကျွန်ုပ် သည် ဆည်းကပ် ခစားရန် ဘာမျှမသိပါ” ဟု လျှောက်ထား၏။ မင်းကြီးက “ဆည်းကပ် ခစားခြင်း မည်သည်ကို ဆရာ့ထံ၌ သင်တန်းတက်ကာ သင်ယူနေရန်မလို” ဟု ပြောဆိုကာ အတင်း အကြပ် ကာနှင့် လက်နက်ကို ပေးအပ်ပြီး ခစားစေ၏။ ခစားပြီး အိမ်သို့ ပြန်ကာမျှ၌ပင်လျှင် ထိုယောကျ်ားကို တဖန်ခေါ်စေ၍ “မင်းစေားမည်သည် မင်း၏စကားကို လိုက်နာရသည်။ သွားချေ။ ဤနေရာ၌ယနမှ တယူဇနာလောက်၌ ငါတို့၏ ခေါင်းလျှော်ရာ ရေကန်ရှိ၏။ ထိုရေကန်မှ အရဏာမြေကိုရင်း၊ ကြာနီပန်းကိုရင်း ယူဆောင်ပြီး အမြန်ပြန်လာရမည်။ ယနေ့ ပြန်မရောက်လျှင် ရာဇဒဏ် ပြုတော်မူမည်” ဟု ပြောဆိုကာ စေလွှတ်လိုက်၏။ ထိုယောကျ်ားသည် မင်းကို ကြောက်သဖြင့် အလျင်အမြန် ထွက်ခွာသွားလေသည်။

မင်းသည်လည်း ထိုယောကျ်ား ထွက်ခွာသွားသည့်အခါ တခါးစောင့်ကို ခေါ်ပြီး “ယနေ့ညနေ စောစောစီးစီး မြို့တံခါးကို ပိတ်ထားရမည်။ ‘အကျွန်ုပ်သည် မင်း၏ တမန်ဖြစ်ပါသည် ဟူ၍ ရင်း၊ အိမ်ရှေ့မင်း၏ တမန် ဖြစ်ပါသည်’ ဟူ၍ရင်း ပြောဆိုသည့်

သူတို့အားလည်း မြို့တံခါးကို ဖွင့်မပေးရ” ဟု အမိန့်ပေးလေ၏။ ထိုယောကျ်ားသည် အရုဏ မြေကိုရင်း၊ ကြာနီပန်းကိုရင်း ယူဆောင်ခဲ့ပြီး အလျင်အမြန် ပြန်လာသော်လည်း တံခါး ပိတ်ချိန်ကို မမီတော့ပေ။ တံခါးကို ဖွင့်ပေးရန် အတန်တန် ပြောသော်လည်း မရသောကြောင့် ဘေးရန်မှ ကြောက်လန့် သဖြင့် ဇေတဝန်ကျောင်းတော်သို့ သွားလေ၏။ မင်းသည်လည်း တဏှာရာဂဖြင့် ပူလောင်နေသည်ဖြစ်၍ မအိပ်နိုင်ဘဲ ထိုင်လိုက် ထလိုက် လျှောင်းလိုက်နှင့် ယောက်ယက်ခပ်နေတော့သည်။

ရှေးလွန်ပြီးသောအခါက ဗာရာဏသီပြည်၌ သေဋ္ဌေးသား လေးယောက်တို့သည် သူတပါးမယားနှ၌ လွန်ကျူးမှု ပြုလုပ်ကြ၍ လောဟကုမ္ဘိငရဲ၌ ဖြစ်ကြကုန်၏။ သူတို့သည် အမြုပ်ထအောင် ကျက်ကြကုန်လျက် အနှစ် သုံးသောင်းတို့ ကာလပတ်လုံး နစ်မြုပ်သွားကာ အောက်အပြင်သို့ ရောက်ကြကုန်၏။ တဖန် သုံးသောင်းတို့ ကာလပတ်လုံး ပေါ်တက်လာကာ အထက် အပြင်သို့ ရောက်ကြကုန်၏။ ထိုငရဲသား လေးယောက်တို့သည် ဦးခေါင်းဖော်ပြီး အချင်းချင်း ကြည့်ကာ တဂါထာ တဂါထာ စီကို ဆိုလိုကုန်လျက် မဆိုနိုင်ကြဘဲ အက္ခရာ တလုံးစီကိုသာလျှင် ဆိုပြီး ပြန်လည် နစ်မြုပ်သွားကြကုန်လေ၏။ တယောက်က (ဒု) အက္ခရာကို၊ တယောက်က (သ)အက္ခရာကို၊ တယောက်က (န)အက္ခရာကို၊ တယောက်က (သော)အက္ခရာကို အသီးသီး ရွတ်ဆိုသွား ခဲ့၏။ မင်းသည် ထိုငရဲသားတို့ အသံကိုကြားသည့် အခါက စ၍ ကြောက်ရွံ့ထိတ်လန့် တုန်လှုပ်ကာ အချိန်ကို ကုန်စေခဲ့ရသည်။

အရုဏ်တက်သောအခါ၌ ပုရောဟိတ်သည် လာ၍ မင်းကို ချမ်းသာစွာ အိပ်ရခြင်းကို မေး၏။ မင်းက "ဆရာ၊အဘယ်မှာ ချမ်းသာစွာ အိပ်ရမှာလဲ" ဟု ညည်းတွားပြီး "ညဉ့်အခါက ဤသို့ သဘောရှိသော အသံတို့ကို ကြားခဲ့ရသည်"ဟု ပြောဆိုလေ၏။ ပုရောဟိတ်က "ဤမင်းအား ဤအသံဖြင့် အကျိုးအပြစ် တစုံတရာ ဘာမျှ မရှိချေ။ စင်စစ် အားဖြင့်ကား ဤမင်း၏ နန်းတော်အတွင်း၌ ရှိသမျှ ပစ္စည်းဥစ္စာသည် ရဟန်းဂေါတမနှင့် ရဟန်းဂေါတမ၏ တပည့်တို့ဘို့ဖြစ်၏။ ဗြာဟ္မဏတို့သည် ဘာကိုမျှ မရကြကုန်။ သည်တခါ ဗြာဟ္မဏတို့အား ရစေမည်" ဟု ကြံစည်၏။ ထို့နောက် "မင်းကြီး ဤအသံသည် ဝန်လေးလှ၏။ တိုင်းပြည်၏ အန္တရာယ်သော်၎င်း၊ မင်းကြီး၏ အသက်အန္တရာယ်သော်၎င်း၊ မိုးခေါင်ခြင်းသော်၎င်း ဤသုံးခု အနက် တခုခု ဖြစ်ပေလိမ့်မည်" ဟု သံတော်ဦး တင်လေ၏။ မင်းက "အဘယ်သို့လျှင် ချမ်းသာခြင်း ဖြစ်နိုင်ပါမည်နည်းဆရာ" ဟု မေး၏။ ပုရောဟိတ်က "အားလုံး တိုင်ပင်ပြီးသည့်အခါ ချမ်းသာမည့် နည်းလမ်းကို တွေ့ရှိကြပါလိမ့်" ဟု သံတော်ဦး တင်၏။ မင်းက "သွားချေလော့၊ ဆရာတို့နှင့် တိုင်ပင်ပြီး ငါတို့၏ ချမ်းသာမှုကို ပြုလေလော့" ဟု ပြောဆို စေခိုင်းလိုက်လေသည်။

ပုရောဟိတ်သည် ဗြာဟ္မဏတို့ကိုစည်းဝေးစေ၍ ထိုအကြောင်းကို ပြောကြားပြီး "အသီးသီးသွား၍ ဤသို့ ပြောဆိုကြကုန်" ဟု မှာထားပြီး အဖွဲ့သုံးဖွဲ့ ဖွဲ့စည်းလေ၏။ ပထမအဖွဲ့ ဗြာဟ္မဏတို့သည် မင်းထံသို့သွားပြီး မင်းကို ချမ်းသာစွာ အိပ်ရခြင်းကို မေးမြန်းကြကုန်၏။ မင်းသည် ပုရောဟိတ်အား ပြောဆိုခဲ့သည့်

အတိုင်းပြင်လျှင် ပြောဆိုပြီး "အဘယ်သို့လျှင် ချမ်းသာခြင်း ဖြစ်နိုင်ပါမည်နည်း" ဟုမေး၏။ ပြာဟ္မဏတို့က "အလုံးစုံ ငါးရာစီ ရှိသော ယဇ်ကို ပူဇော်ပသပါက ချမ်းသာခြင်း ဖြစ်ပါလိမ့်မည်" ဟု သံတော်ဦး တင်ကြကုန်၏။ မင်းသည် ထိုပြာဟ္မဏတို့ စကားကို မနှစ်သက်သော်လည်း မတားမြစ်ဘဲ ဆိတ်ဆိတ်နေခဲ့၏။ ထို့နောက် ဒုတိယအဖွဲ့ ပြာဟ္မဏတို့သည်၎င်း၊ တတိယအဖွဲ့ ပြာဟ္မဏတို့သည် ၎င်း လာကြပြီး ထိုအတိုင်းပင် ပြောဆိုကြကုန်၏။ ထိုအခါ မင်းသည် "ယဇ်ပူဇော်မှုကို ပြုကြကုန်" ဟု အမိန့်ပေးလေသည်။

ထိုအခါမှစ၍ ပြာဟ္မဏတို့သည် နွားလားဥသဘ အစရှိကုန် သော သတ္တဝါတို့ကို ဆောင်ယူစေကုန်၏။ မြို့ထဲ၌ သည်းစွာသော အသံဖြစ်၏။ မလ္လိကာမိဖုရားသည် ထိုအကြောင်းကို ကြားသိသော အခါ မင်းကို မြတ်စွာဘုရားထံတော်သို့ စေလွှတ်လိုက်၏။ မင်း သည် သွား၍ မြတ်စွာဘုရားကို ရှိခိုးပြီး သင့်တင့်လျောက်ပတ် သော အရပ်၌နေ၏။ ထိုအခါ မြတ်စွာဘုရားက ထိုမင်းကို "မင်းကြီး သင်သည် ယခုစောစောစီးစီး ဘယ်က လာခဲ့သနည်း" ဟု မေးတော်မူ၏။ "မင်းက အရှင်ဘုရား တပည့်တော်သည် လွန်ခဲ့သည့်ညဥ့်က အသံလေးခုတို့ကို ကြားခဲ့ရပါသည်။ တပည့် တော်သည် ပြာဟ္မဏတို့ကို မေးသည့်အခါ ပြာဟ္မဏတို့က 'မင်းကြီး အသံသည် ဝန်လေးလှ၏။ အလုံးစုံ ငါးရာစီရှိသော ယဇ်ကို ပူဇော်ပသပြီး ကုစားမှုကို ပြုရပါမည်' ဟု ပြောဆိုကြပါသည်" ဟု လျှောက်ထားလေသည်။

မြတ်စွာဘုရားက "မင်းကြီး သင်သည် အဘယ်အသံကို ကြားရ သနည်း" ဟုမေး၏။ မင်းကြီးက ကြားခဲ့သည့်အတိုင်း ပြန်ကြား

လျှောက်ထား၏။ ထိုအခါ မြတ်စွာဘုရားက အောက်ပါအတိုင်း မိန့်တော်မူ၏။ "မင်းကြီး လွန်လေပြီးသောအခါ ဗာရာဏသီ ပြည်၌ သူဌေးသား လေးယောက်တို့သည် သူတပါးမယား၌ လွန်ကျူးမှု ပြုလုပ်ကြ၍ လောဟကုမ္ဘီငရဲ၌ ဖြစ်ကြကုန်ပြီး အနှစ် ခြောက်သောင်း ကုန်ဆုံးသည့်အခါ၌ အထက်သို့ ပေါ်တက် လာကြကုန်၏။ သူတို့သည် တဂါထာ တဂါထာစီကို ဆိုလိုကုန် လျက် မဆိုနိုင်ကုန်ဘဲ အက္ခရာတလုံးစီ တလုံးစီကို ဆိုကုန်ပြီး တဖန် အောက်သို့ ပြန်လည်နစ်မြုပ် သွားကြလေကုန်သည်။

ထိုအက္ခရာလေးလုံးတို့တွင် ဒု (ဒုဇ္ဇီဝိတ မဇီဝိမှာ ....)၏ ဆိုလို သည်။ အဓိပ္ပာယ်ကား အချင်းတို့ ငါတို့သည် စည်းစိမ်ဥစ္စာ ရှိကုန်ပါလျက် မိမိ၏ မှီခိုရာ ကျွန်းကြီးသဖွယ်ဖြစ်သည့် ဒါနအမှု ကို မပေးလှူမိခဲ့ကြကုန်။ ငါတို့သည် မကောင်းသော အသက် မွေးမှုကို ပြုလုပ်ခဲ့ကြကုန်ပြီး ဟူသည်တည်း။

သ (သဋ္ဌိဝဿသဟဿာနိ) ၏ အဓိပ္ပာယ်၊ အချင်းတို့ ငရဲ၌ ကျက်သော ငါတို့အား အခြင်းခပ်သိမ်း အနှစ်ခြောက်သောင်းတို့ ပြည့်ကုန်ပြီ။ ဘယ်အခါ၌ အဆုံးသတ်ပါလိမ့်မည်နည်း။

န (နတ္ထိအန္တောကုတောအန္တော) ၏ အဓိပ္ပာယ်၊ အချင်းတို့ ငရဲ၏အဆုံးသည် မရှိ။ ငရဲ၏အဆုံးသည် အဘယ်မှာ ရှိအံ့နည်း။ ငရဲ၏အဆုံးသည် မထင်။ အကြောင်းမူကား ငါတို့သည်ဗာရာဏသီ ပြည်ဝယ် လူဖြစ်စဉ်အခါက မကောင်းမှုကို ပြုကျင့်မိခဲ့ကြကုန် သောကြောင့်တည်း။

သော (သောဟံနူန အိတောဂန္တွာ)၏ အဓိပ္ပာယ်၊ထိုငါသည် ဤငရဲမှ ကျွတ်လွတ်၍ လူ့ပြည်၌ လူ့ဘဝကိုပြန်လည်ရရှိသည့်အခါ

သူတော်ကောင်းတို့၏ စကားကို နာယူပြီး သီလဆောက်တည်ကာ ကုသိုလ် အမြောက်အမြားကို ပြုလုပ်ဆည်းပူးပါတော့မည်။ ဟု ဆိုလိုသည်။

မင်းကြီး ဤသို့လျှင် လေးယောက်သော သူတို့သည် တဂါထာစီ တဂါထာစီကို ဆိုခြင်းငှာ မတတ်နိုင်ကုန်ဘဲ အက္ခရာ တလုံးစီ တလုံးစီကိုသာလျှင် ဆိုပြီး ပြန်လည် နစ်မြုပ်သွားကြ ကုန်တော့၏။ မင်းကြီး ထိုငရဲသားတို့သည် မိမိတို့ပြုခဲ့သည့် အကုသိုလ်ကံ အားလျော်စွာ ဤသို့မြည်တမ်းကြကုန်၏။ ထိုအသံ ကို ကြားရခြင်းကြောင့် သင်မင်းကြီးအား ဆုတ်ယုတ်ခြင်းလည်း မရှိ တိုးပွားခြင်းလည်း မရှိနိုင်ပေ။ ဤမျှလောက်သော သတ္တဝါ တို့ကို သတ်ဖြတ်မှုသည် ဝန်လေးလှပေ၏။ ဤသို့ ငရဲဘေးဖြင့် ခြိမ်းခြောက်ကာ တရားစကားကို ဟောကြားတော်မူလေသည်။

မင်းသည် မြတ်စွာဘုရား၌ ကြည်ညို၍ "သတ္တဝါအားလုံးကို လွှတ်ပါ၏။ ထိုသတ္တဝါတို့အား ဘေးမဲ့ပေးပါ၏။ ထိုသတ္တဝါ တို့သည် စိမ်းစိုသည့် မြက်တို့ကိုလည်း စားကြပါစေ။ အေးမြ သည့် ရေကိုလည်း သောက်ကြပါစေ။ ထိုသတ္တဝါတို့အား အေး ချမ်းသည့် လေသည် တိုက်ခတ်ပါစေ" ဟုပြောဆို၍ "သွားပြီး ထိုသတ္တဝါတို့ကို လွှတ်လိုက်ကြ"ဟု လူတို့ကို အမိန့်ပေးလိုက်၏။ လူတို့သည် သွားကြ၍ ဗြာဟ္မဏတို့ကို ပြေးစေကုန်၍ ထိုသတ္တဝါ တို့ကို အနှောင်အဖွဲ့မှ လွှတ်လိုက်ကြပြီး မြို့ထဲ၌ တရားစည်ကို လှည့်လည်တီးခတ်ကြကုန်သည်။

အနှောင်အဖွဲ့မှ လွှတ်ကုန်သော မိန်းမ ယောကျ်ားတို့သည် ဦးခေါင်းလျှော်ပြီး မိမိတို့အိမ်သို့ သွားကြကုန်လျက် "ငါတို့၏

လျှောက်ထား၏။ ထိုအခါ မြတ်စွာဘုရားက အောက်ပါအတိုင်း မိန့်တော်မူ၏။ "မင်းကြီး လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ သူဌေးသား လေးယောက်တို့သည် သူတပါးမယား၌ လွန်ကျူးမှု ပြုလုပ်ကြ၍ လောဟကုမ္ဘီငရဲ၌ ဖြစ်ကြကုန်ပြီး အနှစ်ခြောက်သောင်း ကုန်ဆုံးသည့်အခါ၌ အထက်သို့ ပေါ်တက်လာကြကုန်၏။ သူတို့သည် တဂါထာ တဂါထာစီကို ဆိုလိုကုန်လျက် မဆိုနိုင်ကုန်ဘဲ အက္ခရာတလုံးစီ တလုံးစီကို ဆိုကုန်ပြီး တဖန် အောက်သို့ ပြန်လည်နစ်မြုပ် သွားကြလေကုန်သည်။

ထိုအက္ခရာလေးလုံးတို့တွင် ဒု (ဒုဇ္ဇီဝိတ မဇီဝိမှာ....)၏ ဆိုလိုသည်။ အဓိပ္ပာယ်ကား အချင်းတို့ ငါတို့သည် စည်းစိမ်ဥစ္စာ ရှိကုန်ပါလျက် မိမိ၏ မှီခိုရာ ကျွန်းကြီးသဖွယ်ဖြစ်သည့် ဒါနအမှုကို မပေးလှူမိခဲ့ကြကုန်။ ငါတို့သည် မကောင်းသော အသက်မွေးမှုကို ပြုလုပ်ခဲ့ကြကုန်ပြီး ဟူသည်တည်း။

သ (သဋ္ဌိဝဿသဟဿာနိ) ၏ အဓိပ္ပာယ်၊ အချင်းတို့ ငရဲ၌ကျက်သော ငါတို့အား အခြင်းခပ်သိမ်း အနှစ်ခြောက်သောင်းတို့ ပြည့်ကုန်ပြီ။ ဘယ်အခါ၌ အဆုံးသတ်ပါလိမ့်မည်နည်း။

န (နတ္ထိအန္တောကုတောအန္တော) ၏ အဓိပ္ပာယ်၊ အချင်းတို့ ငရဲ၏အဆုံးသည် မရှိ။ ငရဲ၏အဆုံးသည် အဘယ်မှာ ရှိအံ့နည်း။ ငရဲ၏အဆုံးသည် မထင်။အကြောင်းမူကား ငါတို့သည်ဗာရာဏသီပြည်ဝယ် လူဖြစ်စဉ်အခါက မကောင်းမှုကို ပြုကျင့်မိခဲ့ကြကုန်သောကြောင့်တည်း။

သော (သောဟံနူန အိတောဂန္တွာ)၏ အဓိပ္ပာယ်၊ထိုငါသည် ဤငရဲမှ ကျွတ်လွတ်၍ လူ့ပြည်၌ လူ့ဘဝကိုပြန်လည်ရရှိသည့်အခါ

ဖြစ်ပါအံ့၊ ထိုမင်းမိဖုရားတို့၏ လည်ချောင်းသွေးဖြင့် ဗလိနတ်စာ တင်ပါမည်”ဟု တောင်းပန် ပြောဆိုလေသည်။

ထိုမင်းသားသည် ခမည်းတော် နတ်ရွာစံသည့်အခါ မင်း အဖြစ်သို့ရောက်၍ “ငါသည် နတ်၏ တန်ခိုးအာနုဘော်ကြောင့် မင်းအဖြစ်သို့ ရောက်ရ၏။ ထိုနတ်အား ဗလိနတ်စာတင်အံ့”ဟု ကြံစည်ပြီးနောက် စစ်သည်ဗိုလ်ပါ မြောက်မြားစွာနှင့် တိုင်းပြည်မှ ထွက်လေ၏။ ထိုမင်းသားသည် ရှေးဦးစွာ မင်းတယောက်ကို မိမိအလိုသို့ လိုက်စေပြီး ထိုမင်းနောက် တယောက်ပြီးတယောက် အလိုသို့ လိုက်စေ၏။ ဤသို့လျှင် အလုံးစုံသောမင်းတို့ကို မိမိ အလိုသို့ လိုက်စေပြီး မိဖုရားကြီးတို့နှင့်တကွ ခေါ်ဆောင်၍သွား လေ၏၊ အငယ်ဆုံးဖြစ်သည့် ဥဂ္ဂသေနမင်း၏ ဓမ္မဒိန္နာမည်သော မိဖုရားကြီးသည် ကိုယ်ဝန်ရှိနေ၏။ ထိုမိဖုရားကို ချန်ထားပြီး ကျန်သော မင်းမိဖုရားအားလုံးကို အဆိပ်တိုက်ကာ သတ်အံ့” ဟူ၍ ပညောင်ပင်ရင်းကို ရှင်းလင်း သုတ်သင်စေသည်။

နတ်က“ဤမင်းသည် ဤမျှလောက်သော မင်းတို့ကို ငါ့ကိုမှီ၍ ဖမ်းယူခဲ့၏။ ထိုမင်းတို့၏ လည်ချောင်းသွေးဖြင့် ငါ့အား ဗလိစာ တင်မှုကို ပြုလို၏။ ဤမင်းသည် ဤတရာ့တပါးသော မင်းတို့ကို သတ်လိုက်ပါက ဇမ္ဗူဒီပါကျွန်း၌ မင်းဆက်ပြတ်လတ္တံ့။ ငါ၏ သစ်ပင်ရင်းသည်လည်း မစင်ကြယ် မသန့်ရှင်း ဖြစ်လတံ့။ ဤ မင်းကို ငါ တားမြစ်နိုင်ပါအံ့လောဟု စူးစမ်းဆင်ခြင်သည့်အခါ တားမြစ်နိုင်လိမ့်မည် မဟုတ်ဟု သိသဖြင့် အခြားသောနတ်သို့ ကပ်၍ ဤအကြောင်းကို ပြောကြားပြီး သင် တားမြစ်နိုင်ပါ မည်လော” ဟု မေးမြန်းလေသည်။

ထိုနတ်သည် ငြင်းပယ်သည်ဖြစ်၍ အခြားနတ်သို့ ချဉ်းကပ်ပြန်၏။ ထိုနတ်ကလည်း ငြင်းပယ်ပြန်၏။ ဤသို့လျှင် စကြဝဠာ တဝှန်းလုံးရှိ နတ်တို့သို့ ချဉ်းကပ်သော်လည်း ထိုနတ်တို့က ငြင်းပယ်ကြ၍ စတုမဟာရာဇ် နတ်မင်းကြီး လေးယောက်တို့ထံ ချဉ်းကပ်ပြန်၏။ ထို နတ်မင်းကြီးတို့ကလည်း ငြင်းပယ်ကြပြန်သောအခါ သိကြားမင်းထံ ချဉ်းကပ်ပြီး "အရှင် သိကြားမင်း အရှင်တို့သည် ကြောင့်ကြမပြု ဂရုမစိုက်ဘဲ နေကြပါမူ ဇမ္ဗူဒီပါ ကျွန်း၌ မင်းမျိုးမင်းနွယ် ပြတ်ပါလိမ့်မည်။ ထိုမင်းတို့၏ မိုးခို အားထားရာဖြစ်ကြပါကုန်"ဟု သစ်ပင်စောင့်နတ်က တောင်းပန် လျှောက်ထားလေသည်။

သိကြားမင်းက "ငါသည်လည်း မတားမြစ်နိုင်ပေ။ သို့ရာတွင် တားမြစ်နိုင်မည့် အကြောင်းကိုကား ပြောကြားလိုက်မည်။ သင်သည် သင်၏ သစ်ပင်သို့ ပြန်သွားပြီး ဗလိနတ်စာ တင်မည့် မင်း ကြည့်နေစဉ် နီမြန်းသော အဝတ်တို့ကို ဝတ်ဆင်လျက် မိမိ၏ သစ်ပင်မှ ထွက်ခွာသွားမည့် အမူအရာကို ပြလေလော့။ ထိုအခါ မင်းသည် နတ်သည် ထွက်ခွာသွား၏၊ ထိုနတ်ကို ပြန်လာစေအံ့ဟု နည်းမျိုးစုံဖြင့် တောင်းပန်လိမ့်မည်။ ထိုအခါ ထိုမင်းကို "သင်သည် တချို့တယောက်သော မင်းတို့ကို မိဖုရား ကြီးတို့နှင့် တကွ ယူဆောင်၍ ထိုသူတို့၏ လည်ချောင်းသွေးဖြင့် ဗလိနတ်စာ တင်ပါမည်ဟူ၍ ငါ့အား တောင်းပန်ပြီး ဥဂ္ဂသေန မင်း၏ မိဖုရားကြီးကို ချန်ထားကာ လာ၏၊ ငါသည် ထိုကဲ့သို့ မှားသားဆိုသော သူ၏ ဗလိနတ်စာကို လက်ခံမည် မဟုတ်ဟု ဆိုလေလော့။ ဤသို့ဆိုလျှင် မင်းသည် ဓမ္မဒိန္နာ မိဖုရားကို

ခေါ်ဆောင်စေလိမ့်မည်။ ထိုအခါ ဓမ္မဒိန္နာသည် မင်းအား ဘုရားဟော၍ ဤမျှသော လူအပေါင်းအား ဓမ္မဝိတဒါနကို ပေးလှူလိမ့်မည်” ဟူ၍ သိကြားမင်းက သစ်ပင်စောင့်နတ်အား ဘားမြစ်နိုင်မည့် ဥပါယ်တမည်ကို ပြောပြလေသည်။

သစ်ပင်စောင့်နတ်သည် သိကြားမင်း ပြောပြသည့်အတိုင်း ပြုလုပ်သည့်အခါ မင်းသည် ဓမ္မဒိန္နာကို ခေါ်ဆောင်စေ၏။ ဓမ္မဒိန္နာသည် လာရောက်ပြီး ထိုမင်းတို့၏ အစွန်းအဖျား၌ နေသော၊ မိမိ၏ အရှင်သခင်ဖြစ်သော မင်းကိုသာလျှင် ရှိခိုးနေလေ၏။ ဗာရာဏသီမင်းက “အလုံးစုံသော မင်းတို့၏ အကြီးအမှူး ဖြစ်သော ငါ့ကိုတော့ ရှိမခိုးဘဲ အလုံးစုံသောမင်းတို့တွင် အငယ်ဆုံးဖြစ်သည့် မိမိ၏ အရှင်သခင်ကိုသာ ရှိခိုး၏” ဟု ပြောဆိုလျက် ဓမ္မဒိန္နာအား အမျက်ထွက်လေသည်။

ထိုအခါ ထိုမင်းကို ဓမ္မဒိန္နာက “အကျွန်ုပ်သည် ရှင်မင်းကြီးနှင့် တစုံတရာ ကျေးဇူးဆက်စပ်ခြင်း မရှိပါ။ အကျွန်ုပ်၏ ဤအရှင်သခင်သည်ကား အကျွန်ုပ်အား စည်းစိမ်ချမ်းသာကို ပေးတတ်၏။ ထိုအရှင်သခင်ကို ရှိမခိုးဘဲ အဘယ်ကြောင့် ရှင်မင်းကြီးကို ရှိခိုးရပါမည်နည်း” ဟု ပြောဆို၏။ သစ်ပင်စောင့်နတ်သည် လူအများ ကြည့်နေစဉ်ပင်လျှင် “အရှင်မ မှန်ကန်ကောင်းမွန်ပေစွ” ဟု ကောင်းချီးပေးကာ ဓမ္မဒိန္နာကို ပန်းဆုပ်ဖြင့် ပူဇော်လေသည်။

တဖန် မင်းက “ငါ့ကို ရှိမခိုးစေကာမူ ငါ့အား ပြည့်စည်းစိမ်ကို ပေးတတ်သော အလှူ တန်ခိုးအာနုဘော် ကြီးမြတ်သည့် နတ်ကို အဘယ်ကြောင့် ရှိမခိုးသနည်း” ဟု မေး၏။ ဓမ္မဒိန္နာက

'မင်းကြီး သင်သည် မိမိ၏ ကုသိုလ်ကံကြောင့် မင်းတို့ကို ဖမ်းယူနိုင်ခဲ့၏။ နတ်က ဖမ်းပေးခဲ့သည် မဟုတ်'' ဟု ဖြေကြား၏။ နတ်က ဓမ္မဒိန္နာကို ''အရှင်မ မှန်ကန်ကောင်းမွန် ပေစွ'' ဟု ကောင်းချီးပေးကာ ပန်းဆုပ်ဖြင့် တဖန် ပူဇော်ပြန်လေသည်။

ထို့နောက် ဓမ္မဒိန္နာသည် မင်းကို ''နတ်သည် သင့်အား ဤမျှလောက်သော မင်းတို့ကို ဖမ်းပေး၏ဟု သင်ဆို၏။ ယခုအခါ သင်သည် နတ်၏ သစ်ပင်၏ အထက် လက်ဝဲဘက်၌ သစ်ပင်ကို မီးရှို့ကြည့်စမ်းပါ။ နတ်သည် ထိုမီးကို ငြိမ်းစေခြင်းငှာ တတ်နိုင်လိမ့်မည် မဟုတ်ပါ။ တတ်နိုင်လျှင်ကား တန်ခိုးကြီးသည်ဟု ဆိုရပေမည်''ဟု ပြောဆို၏။ နတ်က ''အရှင်မ မှန်ကန် ကောင်းမွန်ပေစွ''ဟု ကောင်းချီးသြဘာ ထောမနာပြုကာ ဓမ္မဒိန္နာကို ပန်းဆုပ်ဖြင့် တဖန် ပူဇော်ပြန်လေသည်။

မင်းသည် ''ငါ၏ အမှုသည် ဝန်လေးစွတကား''ဟု စဉ်းစားမိ၍ အလုံးစုံသောမင်းတို့ကို လွှတ်၍ မိမိထက် ကြီးကုန်သော မင်းတို့ကို ရှိခိုးပြီး မိမိအောက် ငယ်ကုန်သော မင်းတို့ကို လက်အုပ်ချီလျက် အလုံးစုံသောမင်းတို့ကို ကန်တော့ကာ မိမိတို့၏ နေပြည်သို့ သွားလျှင် ပြန်လွှတ်လိုက်လေသည်။

မြတ်စွာဘုရားသည် ဤဒေသနာတော်ကို ထုတ်ဖော် ညွှန်ပြတော်မူ၍ ''ရဟန်းတို့ ဤသို့ ယခုအခါ၌သာလျှင် မလ္လိကာသည် မိမိ၏ ပညာစွမ်းဖြင့် လူအပေါင်းအား ဇီဝိတဒါနကို ပေးလှူသည် မဟုတ်သေး။ ရှေး၌လည်း ပေးလှူဘူးသည် သာလျှင်တည်း''ဟု မိန့်တော်မူပြီး ထိုအခါက ဗာရာဏသီ မင်းသည် ပသေနဒိ

ကောသလမင်း ဖြစ်ခဲ့၏။ ဓမ္မဒိန္နာ မိဖုရားသည် မလ္လိကာဖြစ်ခဲ့၏။ သစ်ပင်စောင့်နတ်သည် ငါဘုရားပင် ဖြစ်ခဲ့၏"ဟု အတိတ်ဇာတ်ကြောင်းကို ပေါင်းတော်မူလေသည်။

ပြဆိုခဲ့ပြီးသည့် အဋ္ဌကထာလာ စကားရပ် များ ထဲ တွင် သစ်ပင်စောင့် နတ်သည် မိမိသစ်ပင်ကို လောင်သည့်မီးကိုပင် ငြိမ်းသတ်ခြင်းငှာ မတတ်နိုင်သည့် အချက်ကိုရင်း၊ သစ်ပင်ရင်း၌ မိဖုရားကြီးများနှင့်တကွ တရာ့တယောက်သော မင်းတို့ကို သတ်ကာ ဗလိနတ်စာ တင်မည့်အရေးကို သစ်ပင်စောင့်နတ်က စပြီး သိကြားမင်းထိအောင် မည်သည့်နတ်ကမျှ မတားမြစ်နိုင်သည့် အချက်ကိုရင်း၊ ထောက်စ၍ နတ်တို့ကို ဗလိနတ်စာတင်ကာ ပူဇော်ပသ ရှိခိုးဦးချ ဝပ်တွားခယနေခြင်းသည် တစုံတရာအကျိုးမပြီး အချီးနှီး အလဟဿသာ ဖြစ်ကြောင်းနှင့် ဗုဒ္ဓဘာသာနှင့် မည်သို့မျှ မသက်ဆိုင်ကြောင်းမှာ ပေါ်လွင်ပြတ်သား ထင်ရှားလှပေသည်။

# ဝိဇ္ဇာမယိဒ္ဓိ အတတ်ကို

## လေ့လာလိုက်စားခြင်း

ယခုအခါ မြန်မာပြည်၌ ဝိဇ္ဇာမယိဒ္ဓိပညာကို လေ့လာ လိုက်စားကာ ဝိဇ္ဇာဇော်ဂျီ ရုပ်ပုံများကို ပူဇော်ပသ ရှိခိုးဦးချနေကြကုန်၏။ သို့ရာတွင် ဝိဇ္ဇာဇော်ဂျီ ဆိုသည်မှာ မည်သည့် ပုဂ္ဂိုလ်မျိုးဖြစ်သည်ကို အတိအကျ မသိရှိကြကုန်။ ထို့ပြင် ဝိဇ္ဇာ မယိဒ္ဓိ အတတ်ကို လေ့လာသည့်အခါ ဥပုသ်ရက်ရှည်စောင့်ခြင်း၊ ပုတီးစိပ်ခြင်း၊ ကမ္မဋ္ဌာန်းထိုင်ခြင်း၊ သက်သတ်လွတ်စားခြင်း၊ ပိဘ်ဖြူဝတ်ခြင်း စသည်ဖြင့် ယင်းဝိဇ္ဇာမယိဒ္ဓိ အတတ်ကို ဗုဒ္ဓဘာသာနှင့် ရောနှောရှုပ်ထွေးကာ ပြုလုပ်နေကြသည်။ လောကုတ္တရာရေး၌ ဘုရား၊ တရား၊ သံဃာ တည်းဟူသော ရတနာသုံးပါးကို ပန်ကြည်အားထားကြသကဲ့သို့ လောကီရေး၌ ဝိဇ္ဇာဇော်ဂျီကို ယုံကြည်အားထားကြ၏။ ဝိဇ္ဇာဇော်ဂျီအား ဘုရားစင်ပေါ်မှာ

တင်ထားကာ ပန်း၊ ရေချမ်း၊ ဆီမီး၊ ဆွမ်းတို့ကို ဆက်ကပ်လှူဒါန်းကြကုန်၏။ ထိုထက်ကဲလွန်၍ ဝိဇ္ဇာဇော်ဂျီများ လာရောက်အိပ်စက်ဘို့ရန် အိပ်ရာများကိုပင် အသင့်ခင်းကျင်း ပြင်ဆင် ထားကြကုန်သည်။

ယင်းဝိဇ္ဇာသည် စတုဝိဇ္ဇာဓိုရ် ကျမ်းအရ (၁) အင်္ဂဝိဇ္ဇာဓိုရ်၊ (၂) ဇော်ဂီဝိဇ္ဇာဓိုရ်၊ (၃) တပဿီဝိဇ္ဇာဓိုရ်၊ (၄) သေသဝိဇ္ဇာဓိုရ်ဟူ၍ လေးမျိုး ကွဲပြားလေသည်။

ထိုလေးမျိုးတို့တွင် (၁) အင်္ဂဝိဇ္ဇာဓိုရ်သည် (က) ဆေးဝိဇ္ဇာဓိုရ် (ခ) မန္တန်ဝိဇ္ဇာဓိုရ် (ဂ) သုတပြာစား ဝိဇ္ဇာဓိုရ်ဟူ၍ သုံးမျိုးပြားပြန်သည်။

(၂) ဇော်ဂီဝိဇ္ဇာဓိုရ်သည် (က) ဆေး၊ မျက်လှည့် ဝိဇ္ဇာဓိုရ် (ခ) မန္တန်ဆေးစုပ် ဝိဇ္ဇာဓိုရ် (ဂ) ဘုတပြာစား ဝိဇ္ဇာဓိုရ်ဟူ၍ သုံးမျိုးပြားပြန်သည်။

(၃) တပဿီဝိဇ္ဇာဓိုရ်သည် (က) ပြဒါးသေကိုင်၍ ပြန်သောဝိဇ္ဇာဓိုရ် တမျိုးတည်းသာရှိသည်။

(၄) သေသဝိဇ္ဇာဓိုရ်သည် (က) သံသေကိုင်၍ ပျံသောဝိဇ္ဇာဓိုရ် (ခ) သံသေပြာစား ဝိဇ္ဇာဓိုရ် ဟူ၍ နှစ်မျိုးပြားပြန်သည်။

ယင်း ဝိဇ္ဇာဓိုရ်များအနက် (၁) အင်္ဂဝိဇ္ဇာဓိုရ်နှင့် (၂) ဇော်ဂီဝိဇ္ဇာဓိုရ်တို့သည် ဓနသိဒ္ဓိ၊ ကာယသိဒ္ဓိ၊ ဝိဇ္ဇာ မန္တန်သိဒ္ဓိ သုံးပါးတို့ကို ပြီးစေနိုင်ကြကုန်၏။ အနုလောမသိဒ္ဓိနှင့် ဝိဇ္ဇာမယ သိဒ္ဓိ

တို့ကိုကား မပြီးစေနိုင်ကြကုန်။ (၃) တပဿီ ဝိဇ္ဇာဓိုရ်သည် ဓနသိဒ္ဓိ၊ ကာယသိဒ္ဓိ၊ အနုလောမ သိဒ္ဓိတို့ကိုသာ ပြီးစေနိုင်၏။ ဝိဇ္ဇာမယသိဒ္ဓိကိုကား မပြီးစေနိုင်။

(၄) သေသဝိဇ္ဇာဓိုရ်သည် သိဒ္ဓိအမျိုးမျိုးကိုပင် ပြီးစေနိုင်သည်။

ထိုဆိုအပ်ပြီးခဲ့သော ဝိဇ္ဇာဓိုရ် လေးမျိုးတို့တွင် (၁) အဂ်ဝိဇ္ဇာဓိုရ်နှင့် (၂) ဇော်ဂီဝိဇ္ဇာဓိုရ်တို့သည် လူမနီးသော တောကြီးအရပ်တို့၌ သေလေပြီးသော မိန်းမတို့၏ အကောင်အရိုးတို့ကို အသက်သွင်း၍၎င်း၊ နတ်မိစ္ဆာ စသော နတ်မိန်းမ တို့နှင့်၎င်း၊ တဖက်လျှင် အရံငါးရာစီနှင့် ခံစား၍ နေကုန်၏။ ဆင်မြင်း စသော သတ္တဝါတို့၏ အကောင်အရိုးများကိုလည်း ရှင်စေနိုင်ကုန်၏။ ရွှေ ငွေ ဖြစ်စေလိုသော်ကား ဓာတ်လေးပါး အရည်လင်ရာမှာ တံတွေးနှင့်ထွေးကာမျှဖြင့် ရွှေငွေတို့ကို ဖြစ်စေနိုင်ကုန်၏။ သို့ရာတွင် ရွှေငွေဖြစ်သော စည်းစိမ်ကိုကား အလိုမရှိကြကုန်။ သေလေပြီးသော လူ စသော သတ္တဝါတို့၏ အကောင်အရိုးတို့ကို ရှင်စေလိုသော်၎င်း၊ နာဖျားသောလူ စသော သတ္တဝါတို့ကို ကျန်းမာစေလိုသော်၎င်း၊ ရေကိုင်၍ ထွေးကာမျှဖြင့် ရှင်စေနိုင် ကျန်းမာစေနိုင်ကုန်သည်။

(၃) တပဿီ ဝိဇ္ဇာဓိုရ်သည် ရွှေငွေဖြစ်သော စည်းစိမ်ကို ပယ်ပြီး လူမနီးသော တောအရပ်၌ သေလေပြီးသော လူမိန်းမတို့၏ အကောင်အရိုးတို့ကို အသက်သွင်း၍၎င်း၊ ကျောက်၊ သစ်သား၊ ရွှံ့တို့ကို အလိုရှိတိုင်း အရုပ်လုပ်ပြီး အသက်သွင်း၍၎င်း တဖက်လျှင် အရံငါးရာစီနှင့် စံစား၍နေ၏။ လူစသော

သတ္တဝါ ဆင်မြင်းစသော သတ္တဝါတို့၏ အကောင် အရိုးတို့ကို ရှင်စေလိုသော်ငှင်း၊ လူစသော သတ္တဝါ ဆင်မြင်း စသော သတ္တဝါတို့၏ အနာကို ပျောက်စေလိုသော်ငှင်း၊ ကျောက်ရုပ်၊ ရွှံ့ရုပ်၊ သစ်သားရုပ်တို့ကို ရှင်စေလိုသော်ငှင်း၊ ပြဒါးသေကို ရေတွင်စိမ်ပြီး ပြဒါးစိမ်သောရေနှင့် ဖျန်းကာမျှနှင့် ရှင်စေနိုင်၏။ ရောဂါတို့ကို ပျောက်ကင်းစေနိုင်၏။ ရွှေငွေကို အလိုရှိသော်ကား ခဲတတ်လေးပါးအရည်လင်ရာမှာ ပြဒါးသေကို ပစ်ချကာမျှနှင့် ရွှေငွေအပြီး တိုင်လေသည်။

(၄) ယေသဝိဇ္ဇာဓိုရ်သည် ဟိမဝန္တာ သူယောင်တောမှာ သူယောင်သီးကိုဆွတ်၍ အသက်သွင်းပြီး တဖက်လျှင် အရံငါးရာစီ အရံထားလျက် ခံစား၏။ အသက်ရှည်စွာနေ၏။ ထိုသူယောင်သီးသည် လူမိန်းမ ကညာ ၁၅ နှစ်အသွင် အင်္ဂါကြီးငယ်နှင့် ပြည့်စုံစွာ ဆံထုံးက အညှာပေါက်ကာ တင့်တယ်စွာသီး၏။ ထိုသူယောင်သေ၍ ပုပ်သော အနံ့ကား လူသေ၍ပုပ်သော အနံ့နှင့်တူ၏။ အပင်အောက်သို့ ကြွေကျသော အသီးတို့ကို ဆဒ္ဒန်ဆင်မင်းတို့ စားကြကုန်၏။ ထို သူယောင်တော၌ကား သေသဝိဇ္ဇာဓိုရ် တဦးသာ နေလေသည်။

လောကီချျာန်ရသော ရှင်ရသေ့တို့သည်ကား ထိုသူယောင်တောသို့ မသွားကြကုန်။ အဘယ်ကြောင့်နည်းဟူမူကား လေပြေလေညှင်း သုတ်သွင်းတိုက်ခတ်သည့်အခါ သူယောင်သီး တို့၏ ကိန္နရီတို့ ကသိမြူးတူးသကဲ့သို့ ပြုံးတုံ့ရယ်တုံ့ရှိသော အရောင်အဆင်တို့ကို မြင်မိလျှင် ရာဂစိတ်ဖြစ်၍ ချျာန်မှ လျှောကျသည်ရှိသော် ထိုချျာန်ကို ဖသစ်ပြုပြင်ရသောကြောင့် ဖြစ်ပေသည်။

ထို ဆိုအပ်ခဲ့ပြီးခဲ့သော ဝိဇ္ဇာဓိုရ်သည် မိမိတို့ ကိုယ်၌၎င်း၊ သူတပါးတို့၏ ကိုယ်၌၎င်း၊ ရှိရှိသမျှ ဆနဝုတိရောဂါ တို့ကို ပယ်စေနိုင်ကုန်၏။ ဘုရားတဆူနှင့် တဆူ ဒ္ကြား စံစား၍ ကြာမြင့်စွာ ရှည်ကြကုန်သည်။

ပြဆိုခဲ့ပြီးသည့် စကားရပ်များသည် စတုဝိဇ္ဇာဓိုရ်ကျမ်းလာ စကား ရပ်များသာ ဖြစ်ကြသည်။ ဤသည်ကား ဝိဇ္ဇာဓိုရ်နှင့် ပတ်သက်သည့် မြန်မာတို့၏ အယူအဆ အတွေးအခေါ်ပေဘည်း။

ပိဋကတ်ကျမ်းဂန်များ၌ လာရှိသည့် ဝိဇ္ဇာဓိုရ်နှင့် ပတ်သက်သော အကြောင်းခြင်းရာ များသည်ကား အောက်ပါအတိုင်း ဖြစ်ကြဘည်။

## ဒီဃနိကာယ်၊ သီလက္ခန္ဓဝဂ်ဂ ကေဝဋ္ဋသုတ်
## ကေဝဋ္ဋသူကြွယ်သားဝတ္ထု

အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်။ အခါတပါး၌ မြတ်စွာဘုရားသည် နာဠန္ဒမြို့ ပါဝါရိကာ သူဌေး၏သရက်ဥယျာဉ် ၌ သီတင်းသုံးတော်မူ၏။ ထိုအခါ ကေဝဋ္ဋ အမည်ရှိသော သူကြွယ် သားသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသောနေရာ၌ ထိုင်၏။ တခုသော နေရာ၌ထိုင် ပြီးသော် ကေဝဋ္ဋအမည်ရှိသော သူကြွယ်သားသည် မြတ်စွာ ဘုရားအား ဤစကားကို လျှောက်၏။

"အရှင်ဘုရား ဤနာဠန္ဒမြို့သည် ပြည့်စုံကြွယ်ဝပါ၏။ လူဦးရေ များပြားပါ၏။ လူအသွားအလာထူထပ်ပါ၏။ မြတ်စွာဘုရား၌ အလွန်ကြည်ညိုပါ၏။ အရှင်ဘုရား ဘောင်းပန်ပါ၏။ မြတ်စွာ

ဘုရားသည် လူတို့၏ ကုသိုလ်ကမ္မပထတရား ဆယ်ပါးထက် လွန်မြတ်သော တန်ခိုးပြာဋိဟာကို ပြရန်အလို့ငှာ ရဟန်းတပါး အားအမိန့်ပေးထားတော်မူပါ။ ဤသို့ဖြစ်လတ်သော် ဤနာဠန္ဒမြို့ သည် မြတ်စွာဘုရား၌ အတိုင်းထက်အလွန် ကြည်ညိုပါလိမ့်မည်" ဟု လျှောက်၏။

ဤသို့လျှောက်သော် မြတ်စွာဘုရားသည် ကေဝဋ္ဋအမည်ရှိ သော သူကြွယ်သားအား ဤစကားကို မိန့်တော်မူ၏။

ကေဝဋ္ဋ "ငါသည် ရဟန်းတို့အား 'ရဟန်းတို့ လာကြလော့၊ သင်တို့သည် လူတို့၏ ကုသိုလ်ကမ္မပထတရား ဆယ်ပါးထက် လွန်မြတ်သော တန်ခိုးပြာဋိဟာကို အဝတ်ဖြူဝတ်ကုန်သော လူတို့ အား ပြကြလော့'ဟု ဤသို့တရားကို မဟော"ဟု မိန့်တော်မူ၏။

နှစ်ကြိမ်မြောက်လည်း ကေဝဋ္ဋအမည်ရှိသော သူကြွယ်သား သည် မြတ်စွာဘုရားအား ဤစကားကို လျှောက်ပြန်၏။

အရှင်ဘုရား "အကျွန်ုပ်သည် မြတ်စွာဘုရားကို အကျိုးမဲ့ ပြုသည် မဟုတ်ပါ။ သို့ရာတွင် အရှင်ဘုရား ဤနာဠန္ဒမြို့သည် ပြည့်စုံကြွယ်ဝပါ၏။ စည်ပင်ဝပြောပါ၏။ လူဦးရေများပြား ပါ၏။ လူအသွားအလာ ထူထပ်ပါ၏။ မြတ်စွာဘုရား၌ အလွန် ကြည်ညိုပါ၏။ အရှင်ဘုရား တောင်းပန်ပါ၏။ မြတ်စွာဘုရား သည် လူတို့၏ကုသိုလ်ကမ္မပထတရား ဆယ်ပါးထက်လွန်မြတ်သော တန်ခိုးပြာဋိဟာကို ပြရန်အလို့ငှာ ရဟန်းတပါးအား အမိန့်ပေး ထားတော်မူပါ။ ဤသို့ဖြစ်လတ်သော် ဤနာဠန္ဒမြို့သည် မြတ်စွာ ဘုရား၌ အတိုင်းထက်အလွန် ကြည်ညိုပါလိမ့်မည်ဟု ဤသို့ပင် လျှောက်လိုပါသေးသည်" ဟု လျှောက်ပြန်၏။

နှစ်ကြိမ်မြောက်လည်း မြတ်စွာဘုရားသည် ကေဝဋ္ဋအမည်ရှိသော သူကြွယ်သားအား ဤစကားကို မိန့်တော်မူပြန်၏။

ကေဝဋ္ဋ "ငါသည် ရဟန်းတို့အား 'ရဟန်းတို့ လာကြလော့၊ သင်တို့သည် အဝတ်ဖြူဝတ်ကုန်သော လူတို့အား လူတို့၏ ကုသိုလ်ကမ္မပထတရား ဆယ်ပါးထက် လွန်မြတ်သော တန်ခိုးပြာဋိဟာကို ပြကြလော့' ဟု ဤသို့ တရားကို မဟော"ဟူ၍ မိန့်တော်မူ၏။

သုံးကြိမ်မြောက်လည်း ကေဝဋ္ဋအမည်ရှိသော သူကြွယ်သားသည် မြတ်စွာဘုရားအား ဤစကားကို လျှောက်ပြန်၏။

"အရှင်ဘုရား အကျွန်ုပ်သည် မြတ်စွာဘုရားကို အကျိုးမဲ့ပြုသည်မဟုတ်ပါ။ သို့ရာတွင် အရှင်ဘုရား ဤ နာဠန္ဒမြို့သည် ပြည့်စုံကြွယ်ဝပါ၏။ စည်ပင် ဝပြောပါ၏၊ လူဦးရေများပြားပါ၏။ လူအသွားအလာ ထူထပ်ပါ၏။ မြတ်စွာဘုရား၌ အလွန်ကြည်ညိုပါ၏။ အရှင်ဘုရား တောင်းပန်ပါ၏။ မြတ်စွာဘုရားသည် လူတို့၏ ကုသိုလ်ကမ္မပထတရား ဆယ်ပါးထက် လွန်မြတ်သော တန်ခိုးပြာဋိဟာကို ပြရန်အလို့ငှာ ရဟန်းတပါးအား အမိန့်ပေးထားတော်မူပါ။ ဤသို့ဖြစ်လတ်သော် ဤ နာဠန္ဒမြို့သည် မြတ်စွာဘုရား၌ အတိုင်းထက်အလွန် ကြည်ညိုပါလိမ့်မည်ဟု ဤသို့ပင် လျှောက်လိုပါသေးသည်"ဟု လျှောက်ပြန်၏၊

## ပြာဋိဟာ သုံးပါး

ကေဝဋ္ဋ ထူးသောဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြုလျက် ငါဟောကြားထားသော ဤပြာဋိဟာတို့သည် သုံးပါးရှိကုန်၏။

သုံးပါးဟူတို့သည် အဘယ်နည်း။ တန်ခိုးပြာဋိဟာ 'ဣဒ္ဓိပါဋိ ဟာရိယ'အတပ်ဟောခြင်းပြာဋိဟာ၊ 'အာဒေသနာပါဋိဟာရိယ' နှင့်ဆုံးမခြင်းပြာဋိဟာ 'အနုသာသနီပါဋိဟာရိယ'တို့ပေတည်း။

## တန်ခိုးပြာဋိဟာ

တန်ခိုးပြာဋိဟာ ဟူသည်ကား အဘယ်နည်း။ ကေဝဋ္ဋ ဤ သာသနာတော်၌ ရဟန်းသည် များပြားသော တန်ခိုးဖန်ဆင်း ခြင်းကို ပြီးစေ၏။ တယောက်တည်း ဖြစ်လျက်လည်း အများဖြစ် သွား၏။ အများဖြစ်လျက်လည်း တယောက်တည်း ဖြစ်လာ၏။ ကိုယ်ထင်ရှား ဖြစ်စေ၏။ ကိုယ်ပျောက်စေ၏။ နံရံတဖက်၊ တန် တိုင်းတဖက်၊ တောင်တဖက်သို့ မထိမငြိဘဲ ကောင်းကင်၌ကဲ့သို့ သွား၏။ မြေ၌လည်း ငုပ်ခြင်းပေါ်ခြင်းကို ရေ၌ကဲ့သို့ ပြု၏။ ရေ၌လည်း မကွဲကျဘဲ မြေ၌ကဲ့သို့ သွား၏။ ကောင်းကင်၌လည်း ထက်ဝယ်ဖွဲ့ခွေလျက် အတောင်ရှိသော ငှက်ကဲ့သို့ သွား၏။ ဤသို့ တန်ခိုးအာနုဘော် ကြီးကုန်သော ဤ လ နေတို့ကိုလည်း လက် ဖြင့်သုံးသပ်၏။ ဆုပ်ကိုင်၏။ ဗြဟ္မာ့ပြည်တိုင်အောင် ကိုယ်ကို မိမိအလိုအတိုင်း ဖြစ်စေ၏။

ဤသို့ များပြားသော တန်ခိုးဖန်ဆင်းခြင်းကို ပြီးစေသော ထိုရဟန်းကို သဒ္ဓါတရားရှိသော ကြည်ညိုသော လူတယောက် သည် တွေ့မြင်ရာ၏။ တယောက်တည်းဖြစ်လျက်လည်း အများ ဖြစ်သွားသည်ကိုရင်း၊ အများဖြစ်လျက်လည်း တယောက်တည်း ဖြစ်လာသည်ကိုရင်း၊ ကိုယ်ထင်ရှား ဖြစ်စေသည်ကိုရင်း၊ ကိုယ် ပျောက်စေသည်ကိုရင်း၊ နံရံတဖက် တန်တိုင်းတဖက် တောင်

တဖက်သို့ မထိမငြိဘဲ ကောင်းကင်၌ကဲ့သို့ သွားသည်ကိုငှင်း၊ မြေ၌လည်း ငုပ်ခြင်းပေါ်ခြင်းကို ရေ၌ကဲ့သို့ ပြုသည်ကိုငှင်း၊ ရေ၌လည်း မကွဲကျဲဘဲ မြေ၌ကဲ့သို့ သွားသည်ကိုငှင်း၊ ကောင်းကင်၌လည်း ထက်ဝယ်ဖွဲ့ခွေလျက် အတောင်ရှိသော ငှက်ကဲ့သို့ သွားသည်ကိုငှင်း ဤသို့ တန်ခိုးအာနုဘော်ကြီးကုန်သော ဤ လ နေ တို့ကိုလည်း လက်ဖြင့် သုံးသပ်သည်ကိုငှင်း၊ ဆုပ်ကိုင်သည်ကိုငှင်း၊ ဗြဟ္မာ့ပြည် တိုင်အောင်လည်း ကိုယ်ကို မိမိအလိုအတိုင်း ဖြစ်စေသည်ကိုငှင်း တွေ့မြင်ရာ၏။

ဤသို့ တွေ့မြင်ရသော် သဒ္ဓါတရားရှိသော၊ ကြည်ညိုသော ထိုသူသည် သဒ္ဓါတရားမရှိသော၊ မကြည်ညိုသော လူဘယောက် အား ထိုရဟန်းအကြောင်းကို ဤသို့ ပြောကြားရာ၏။

"အချင်းရဟန်း၏ တန်ခိုးအာနုဘော်ကြီးသည်၏ အဖြစ်သည် စင်စစ် အံ့ဖွယ်ရှိပါပေ၏။ စင်စစ် မဖြစ်ဘူးမြဲ ဖြစ်ပါပေ၏။ အချင်းများပြားသော တန်ခိုးဖန်ဆင်းခြင်းကို ပြီးစေသော ဤ မည်သော ရဟန်းကို ငါသည် တွေ့မြင်ရ၏။ တယောက်တည်း ဖြစ်လျက်လည်း အများဖြစ်သွားသည်ကိုငှင်း၊ အများဖြစ်လျက် လည်း တယောက်တည်း ဖြစ်လာသည်ကိုငှင်း။ပ။ ဗြဟ္မာ့ပြည် တိုင်အောင်လည်း ကိုယ်ကို မိမိအလိုအတိုင်း ဖြစ်စေသည်ကိုငှင်း တွေ့မြင်ရ၏"ဟု ပြောကြားရာ၏။

ဤသို့ ပြောကြားသော် သဒ္ဓါတရားမရှိသော၊ မကြည်ညို သော ထိုသူသည် သဒ္ဓါတရားရှိသော ကြည်ညိုသော ထိုသူအား ဤသို့ ဆိုရာ၏။

"အချင်း ဂန္ဓာရီမည်သော အတတ်သည် ရှိ၏။ ထိုဂန္ဓာရီ အတတ်ဖြင့် ထိုရဟန်းသည် များပြားသော တန်ခိုးဖန်ဆင်းခြင်း ကို ပြီးစေ၏။ တယောက်တည်းဖြစ်လျက်လည်း အများဖြစ်သွား ၏။ အများဖြစ်လျက်လည်း တယောက်တည်းဖြစ်လာ၏။ ။ပ။ ပြဟ္မာ့ပြည်တိုင်အောင်လည်း ကိုယ်ကို မိမိအလိုအတိုင်း ဖြစ်စေ ၏"ဟု ဆိုရာ၏။

ကေဝဋ္ဋ ထိုအရာကို အဘယ်သို့ထင်သနည်း။ သဒ္ဓါတရား မရှိ သော မကြည်ညိုသော ထိုသူသည် သဒ္ဓါတရားရှိသော ကြည်ညို သော ထိုသူအား ဤသို့ ဆိုရာသည်မဟုတ်လော့။ ဆိုရာပါ၏ အရှင်ဘုရား။

ကေဝဋ္ဋ ငါသည် တန်ခိုးပြာဋိဟာ၌ ဤအဖြစ်ကို မြင်သော ကြောင့် တန်ခိုးပြာဋိဟာကို ပြန် ဝန်လေး၏။ ရှက်၏။ စက်ဆုပ် ၏။

## အတပ်ဟောခြင်း ပြာဋိဟာ

ကေဝဋ္ဋ အတပ်ဟောခြင်း ပြာဋိဟာဟူသည်ကား အဘယ် နည်း။ "ကေဝဋ္ဋ ဤသာသနာတော်၌ ရဟန်းသည် သင်၏ စိတ်သည် ဤသို့သဘောရှိ၏။ သင်၏စိတ်သည် ဤသို့အခြင်းအရာ ရှိ၏။ သင်၏စိတ်အကြံသည် ဤသို့ဖြစ်၏"ဟု တပါးသောသတ္တဝါ တပါးသော ပုဂ္ဂိုလ်တို့၏ စိတ်ကိုလည်း အတပ်ဟော၏။ စိတ်၌ ဖြစ်သည်ကိုလည်း အတပ်ဟော၏။ ကြံစည်သည်ကိုလည်း အတပ်ဟော၏။ ဆင်ခြင်သည်ကိုလည်း အတပ်ဟော၏။

သဒ္ဓါတရားရှိသော ကြည်ညိုသော လူတယောက်သည် "သင်၏စိတ်သည် ဤသို့သဘောရှိ၏။ သင်၏စိတ်သည် ဤသို့အခြင်းအရာရှိ၏။ သင်၏စိတ်အကြံသည် ဤသို့ဖြစ်၏။"ဟု တပါးသော သတ္တဝါ တပါးသောပုဂ္ဂိုလ်တို့၏ စိတ်ကိုလည်း အတပ်ဟောသော၊ စိတ်၌ဖြစ်သည်ကိုလည်း အတပ်ဟောသော၊ ကြံစည်သည်ကိုလည်း အတပ်ဟောသော၊ ဆင်ခြင်သည်ကိုလည်း အတပ်ဟောသော ထိုရဟန်းကို တွေ့မြင်ရာ၏။

ဤသို့တွေ့မြင်ရသော် သဒ္ဓါတရားရှိသော ကြည်ညိုသော ထိုသူသည် သဒ္ဓါတရားမရှိသော မကြည်ညိုသော လူတယောက်အား ထိုရဟန်းအကြောင်းကို ဤသို့ပြောကြားရာ၏။

"အချင်း ရဟန်း၏တန်ခိုးအာနုဘော် ကြီးသည်၏ အဖြစ်သည် စင်စစ်အံ့ဖွယ် ရှိပါပေ၏။ စင်စစ်မဖြစ်ဘူးမြဲ ဖြစ်ပါပေ၏။ အချင်း ငါသည် သင်၏စိတ်သည် ဤသို့သဘောရှိ၏။ သင်၏စိတ်သည် ဤသို့ အခြင်းအရာရှိ၏။ သင်၏ စိတ်အကြံသည် ဤသို့ဖြစ်၏ဟု တပါးသော သတ္တဝါ တပါးသော ပုဂ္ဂိုလ်တို့၏ စိတ်ကိုလည်း အတပ်ဟောသော၊ စိတ်၌ဖြစ်သည် ကိုလည်း အတပ်ဟောသော၊ ကြံစည်သည်ကိုလည်း အတပ်ဟောသော၊ ဆင်ခြင်သည်ကိုလည်း အတပ်ဟောသော ဤမည်သောရဟန်းကို တွေ့မြင်ရ၏" ဟု ပြောကြားရာ၏။

ဤသို့ပြောကြားသော် သဒ္ဓါတရားမရှိသော မကြည်ညိုသော ထိုသူသည် သဒ္ဓါတရားရှိသော ကြည်ညိုသော ထိုသူအား ဤသို့ဆိုရာ၏။

"အချင်း စိန္တာမဏိမည်သော အတတ်သည်ရှိ၏၊ ထိုစိန္တာမဏိ အတတ်ဖြင့် ထိုရဟန်းသည် 'သင်၏စိတ်သည် ဤသို့သဘော ရှိ၏။ သင်၏စိတ်သည် ဤသို့အခြင်းအရာရှိ၏။ သင်၏ စိတ်အကြံ သည် ဤသို့ဖြစ်၏' ဟု တပါးသောသတ္တဝါ တပါးသောပုဂ္ဂိုလ် တို့၏ စိတ်ကိုလည်း အတပ်ဟော၏။ စိတ်၌ဖြစ်သည်ကိုလည်း အတပ်ဟော၏။ ကြံစည်သည်ကိုလည်း အတပ်ဟော၏။ ဆင်ခြင် သည်ကိုလည်း အတပ်ဟော၏" ဟု ဆိုရာ၏။

ကေဝဋ္ဋ ထိုအရာကို အဘယ်သို့ ထင်သနည်း။ သဒ္ဓါတရား မရှိသော မကြည်ညိုသော ထိုသူသည် သဒ္ဓါတရားရှိသော ကြည်ညိုသော ထိုသူအား ဤသို့ဆိုရာသည် မဟုတ်လော။ ဆိုရာပါ၏ အရှင်ဘုရား။

ကေဝဋ္ဋ ငါသည် အတပ်ဟောခြင်း ပြာဋိဟာ၌ ဤအပြစ် ကို မြင်သောကြောင့် အတပ်ဟောခြင်း ပြာဋိဟာကို ပြရန် ဝန်လေး၏။ ရှက်၏။ စက်ဆုပ်၏။

## ဆုံးမခြင်းပြာဋိဟာ

ကေဝဋ္ဋ ဆုံးမခြင်း ပြာဋိဟာဟူသည်ကား အဘယ်နည်း။ "ကေဝဋ္ဋ ဤသာသနာတော်၌ ရဟန်းသည် ဤသို့ဆုံးမ၏။ ဤသို့ ကြံကုန်လော။ ဤသို့ မကြံကုန်လင့်။ ဤသို့ နှလုံးသွင်း ကုန်လော။ ဤသို့ နှလုံးမသွင်းကုန်လင့်။ ဤတရားကို ပယ်ကုန် လော။ ဤတရားသို့ရောက်၍ နေကုန်လော" ဟု ဆုံးမ၏။ ကေဝဋ္ဋ ဤဆုံးမခြင်းကို ဆုံးမခြင်း ပြာဋိဟာဟူ၍ဆိုအပ်၏။ ။ပ။

ကေဠ ထူးသောညဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြုလျက် ငါ ဟောကြားထားသော ပြဿဟာတို့သည် ဤသုံးပါးတို့ ပေတည်း။

ဤကား ကေဝဋ္ဋသုတ်တည်း

ဤကေဝဋ္ဋသုတ်၌"အတ္ထိခေါ ဘောဂန္ဓာရီနာမဝိဇ္ဇာ" ဟူ၍ ၎င်း"အတ္ထိခေါဘော မဏိကာနာမဝိဇ္ဇာ" ဟူ၍၎င်း အတတ်နှစ်မျိုး ရှိပါ၏။ ထိုနှစ်မျိုးတို့တွင် ဂန္ဓာရီမည်သော အတတ်ကို တတ်သည့်ပုဂ္ဂိုလ်သည် ဂန္ဓာရီဝိဇ္ဇာမိုရ်မည်၏။ စိန္တာမဏိ (ဝါ) မဏိကာမည်သော အတတ်ကိုတတ်သည့် ပုဂ္ဂိုလ်သည် မဏိကာဝိဇ္ဇာမိုရ်မည်၏။ ထိုဝိဇ္ဇာမိုရ် နှစ်မျိုးတို့တွင် "တေဒဂ္ဂံဘိက္ခဝေ မမဘာဝကာနံ ဘိက္ခူနံ ဒေဝတာနံ ယဒိဒံ ပိလိန္ဒဝစ္ဆော" ဟူ၍ နတ်တို့ ကြည်ညိုချစ်ခင် လေးစားသည့် အရာ၌ တေဒဂ် ရတော်မူသော အရှင်ပိလိန္ဒဝစ္ဆ မထေရ်သည် ရဟန်းမဖြစ်မီက ဂန္ဓာရီဝိဇ္ဇာမိုရ် ဖြစ်ခဲ့ကြောင်းကို ထေရာပဒါန၌ ကထာနှင့် ထေရဂါထာ အဋ္ဌကထာတို့၌ အောက်ပါအတိုင်း ဖော်ပြထားလေသည်။

အရှင်ပိလိန္ဒဝစ္ဆ အလောင်းတော်သည် ပဒုမုတ္တရ မြတ်စွာဘုရား လက်ထက်တော်၌ ဟံသာဝတီမြို့တွင် များသောစည်းစိမ်ချမ်းသာရှိသော အမျိုးထဲ၌ ဖြစ်ခဲ့၏။

တနေ့သောအခါ မြတ်စွာဘုရား၏ အထံတော်၌ တရားနာနေစဉ် မြတ်စွာဘုရားသည် ရဟန်းတပါးကို နတ်ကို ကြည်ညိုချစ်ခင် လေးစားသည့် အရာ၌ တေဒဂ် ထားတော်မူသည်ကို

မြင်ခဲ့၏။ ထိုတေဒဂ်ဘွဲ့ကို တောင်းတပြီး အသက်ထက်ဆုံး ကုသိုလ်ကောင်းမှုကို ပြုခဲ့၏။ ထိုဘဝမှ စုတေပြီး လူ့ပြည် နတ်ပြည်တို့၌ ကျင်လည်ရစဉ် သုမေဓာဘုရားရှင်၏ လက်ထက်တော်၌ လူ့ပြည်၌ ဖြစ်ခဲ့၏။ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူသည်ရှိသော် မြတ်စွာဘုရား၏ စေတီတော်အား ပူဇော်ပြီး သံဃာတော်များအား လည်း အလှူကြီးကို ပေးလှူခဲ့၏။ ထိုဘဝမှ စုတေပြီး လူ့ပြည် နတ်ပြည်တို့၌သာလျှင် ကျင်လည်စဉ် မြတ်စွာဘုရား ပွင့်တော်မမူမီ စကြဝတေး မင်းဖြစ်၍ လူအများကို ငါးပါးသီလတို့၌ တည်စေပြီး နတ်ပြည်သို့ လားစေသည်။

အရှင်ပိလိန္ဒဝစ္ဆ အလောင်းတော်သည် ငါတို့မြတ်စွာဘုရား ပွင့်တော်မမူမီကပင်လျှင် သာဝတ္ထိပြည် ဗြာဟ္မဏအမျိုး အိမ်၌ ဖြစ်လေ၏။ သူ့အား ပိလိန္ဒဟု အမည်မှည့်ကြကုန်၏။ သူ၏ အနွယ်ကား ဝစ္ဆ တည်း။ ထို့ကြောင့် သူသည် နောင်အခါ၌ ပိလိန္ဒဝစ္ဆဟု ထင်ရှားခဲ့၏။ သံသရာမှာကျင်လည်ရခြင်း၌ သံဝေဂ ဖြစ်ပွား၍ ပရိဗ္ဗာဇက ရဟန်းပြုလုပ်ကာ စူဠဂန္ဓာရ မည်သည့် အတတ်ကို တတ်မြောက် ကျွမ်းကျင်ခဲ့၏။ ထိုအတတ်ဖြင့် ကောင်းကင်သို့ သွားနိုင်သည့်ပြင် သူတပါး၏ စိတ်ကိုလည်း သိနိုင်သည်ဖြစ်၍ ရာဇဂြိုဟ်မြို့၌ လာဘ်သပ်ပကာ အခြွေအရံ ပေါများနေလေသည်။

ငါတို့ မြတ်စွာဘုရားသည် ဘုရားဖြစ်ပြီးနောက် ရာဇဂြိုဟ် မြို့သို့ ကြွရောက်လာ၏။ ထိုအခါမှစ၍ မြတ်စွာဘုရား၏တန်ခိုး အာနုဘော်တော်ကြောင့် ပိလိန္ဒဝစ္ဆပရိဗ္ဗာဇက၏ ဂန္ဓာရ ဝိဇ္ဇာ အတတ်သည် ဆိုင်ရာကိစ္စကို မပြီးစေနိုင်တော့ဘဲ တန်ခိုးအာနု

ဘော် ကင်းမဲ့နေ၏။ ထိုအခါ ပိလိန္ဒဝစ္ဆက "မဟာဂန္ဓာရ ဝိဇ္ဇာ ရှိရာ အရပ်၌ စူဠဂန္ဓာရ ဝိဇ္ဇာသည် တန်ခိုးမရှိနိုင်ဟု ဆရာ အဆက်ဆက်တို့ ပြောဆိုခဲ့သည့်စကားကို ငါကြားဘူး၏။ ရဟန်း ဂေါတမ ကြွရောက်လာသည်မှစ၍ ငါ၏ အတတ်သည် တန်ခိုး သတ္တိ ကင်းမဲ့နေ၏။ ရဟန်းဂေါတမသည် ဧကန်မုချ မဟာ ဂန္ဓာရ အတတ်ကို တတ်မြောက်၏၊ ငါသည် ရဟန်းဂေါတမကို ဆည်းကပ်၍ ရဟန်းဂေါတမ၏အထံ၌ မဟာဂန္ဓာရအတတ်ကို သင်ကြားရပါမူကား ကောင်းလေစွ" ဟု ကြံစည်မိလေသည်။

ပိလိန္ဒဝစ္ဆသည် မြတ်စွာဘုရားသို့ ချဉ်းကပ်ပြီးလျှင် "အရှင်ဘုရား၊ တပည့်တော်သည် အရှင်ဘုရား၏ အထံတော်၌ အတတ်ပညာတခုကို သင်ကြားလိုပါသည်။ တပည့်တော်အား ခွင့်ပြုတော်မူပါ ဘုရား"ဟု လျှောက်ထား၏။ မြတ်စွာဘုရားက "ထိုသို့တပြီးကား ရဟန်းပြုလော့" မိန့်တော်မူ၏။ ပိလိန္ဒဝစ္ဆသည် 'ရဟန်းအဖြစ်သည် အတတ်ပညာ၏ အခြေခံ'ဟု မှတ်ထင်ကာ ရဟန်းပြုလေ၏။ မြတ်စွာဘုရားသည် ပိလိန္ဒဝစ္ဆအား တရား ဟော၍ စရိုက်အား လျော်ပတ်သည့် ကမ္မဋ္ဌာန်းကို ပေးတော်မူ၏။ ပိလိန္ဒဝစ္ဆသည် အားကြီးသောအကြောင်းနှင့် ပြည့်စုံသည့် အဖြစ်ကြောင့် မကြာမြင့်မီပင်လျှင် ဝိပဿနာကို ပွား၍ ရဟန္တာ အဖြစ်သို့ ရောက်လေသည်။

အထက်ပါ အဋ္ဌကထာစကားအရ အရှင်ပိလိန္ဒဝစ္ဆမထေရ်သည် ရဟန်းမဖြစ်မီက ဂန္ဓာရီဝိဇ္ဇာဓိုရ်ဖြစ်ခဲ့ကြောင်းမှာ ထင်ရှားပေ၏။ ဤနေရာ၌ အရှင်ပိလိန္ဒဝစ္ဆ တတ်ခဲ့ဘူးသည့် ဂန္ဓာရ (ဝါ) ဂန္ဓာရီ အတတ်သည် မည်သည့်အတတ်မျိုးဖြစ်သည်ကို စိစစ်ဘို့ လို၏။

သုတ်သီလက္ခန် အဋ္ဌကထာ၌ 'ဂန္ဓာရီတိ ဂန္ဓာရေန နာမဣသိနာ ကတာ ဂန္ဓာရ ရဋ္ဌေ ဝါ ဥပ္ပန္နဝိဇ္ဇာ'ဟု ဖွင့်ပြထား၏။

ဂန္ဓာရီအတတ်ဟူသည် ဂန္ဓာရမည်သော ရသေ့သည် ပြုအပ်သောအတတ် တနည်းအားဖြင့် ဂန္ဓာရတိုင်း၌ ဖြစ်သောအတတ်ဟု အဓိပ္ပာယ် ရရှိသည်။

ဤနေရာ၌ 'ဂန္ဓာရ ရဋ္ဌေ ဥပ္ပန္နဝိဇ္ဇာ'ဟူသော စကားအရ ဂန္ဓာရီအတတ်ဖြစ်၏။ဖြစ်ပွားရာ ဌာနဖြစ်သော ဂန္ဓာရတိုင်းသည် မည်သည့်နေရာ ဌာန၌ တည်ရှိနေသည်ကို စိစစ်ရှာဖွေရန် လိုပြန်သည်။ ဧကနိပါတ် ဝဂ္ဂဇာတ် အဋ္ဌကထာ၌ရင်း၊ ဒုကနိပါတ် သုသိမဇာတ် အဋ္ဌကထာ၌ရင်း 'ဂန္ဓာရ ရဋ္ဌေ တက္ကသိလာယံ'။ ဂန္ဓာရတိုင်း တက္ကသိုလ်မြို့ဟု ဆိုထား၏။ထိုစကားကိုထောက်ဆ၍ တက္ကသိုလ်မြို့ တည်ရှိရာတိုင်းသည် ဂန္ဓာရတိုင်း ဖြစ်ကြောင်း ထင်ရှားပေသည်။

တက္ကသိုလ်မြို့သည် ဣန္ဒိယပြည် အနောက်မြောက် နယ်စပ်ပြည်နယ်အတွင်း ရာဝါလ်ပင်ဒီမြို့မှ မိုင်နှစ်ဆံယ်လောက် ကွာဝေးသည့်အရပ်၌ တည်ရှိ၏။ ဤသို့လျှင် တက္ကသိုလ်မြို့သည် ဣန္ဒိယပြည် အနောက်မြောက်နယ်ခြား၏ အစွန်အဖျား၌ တည်ရှိသည်။ တက္ကသိုလ်မြို့၌ မီးရထား ဘူတာရုံရှိ၏။ ထိုမီးရထား ဘူတာရုံက နေ၍ ခာဇဝင်နှင့် စပ်ဆိုင်သော နေရာဌာနများကို လှမ်း၍ မြင်နိုင်၏။ ဒေလီမြို့မှ တက္ကသိုလ်မြို့သို့ ၄၉၇ မိုင် ကွာဝေးသည့် ခရီးကို အနောက်မြောက် မီးရထားကုမ္ပဏီက သယ်ယူပို့ဆောင်နေပေသည်။

တက္ကသိုလ်မြို့သည် ဗုဒ္ဓဘာသာဝင်များအတွက် မြင့်မြတ်သော နေရာမဟုတ်ပေ။ သို့ရာတွင် ရှေးပဝေဏီကာလက အကြီးကျယ်ဆုံးသော ပညာသင်ကြားရာ ဗဟိုဌာန၏အဖြစ်ဖြင့် ဗုဒ္ဓဘာသာဝင်တို့၏ အကြား၌ ပြိုင်ဘက်မရှိ ထင်ရှားကျော်ကြားခဲ့၏။ ထိုအခါက ပညာသင်တော်များသည် တက္ကသိုလ်မြို့၌ ပညာသင်ကြားရန် အာသာဆန္ဒ အပြင်းထန်ဆုံး ဖြစ်ခဲ့ကြ၏။ ဗုဒ္ဓဘာသာ စာပေကျမ်းဂန်များထဲ၌ ထက္ကသိုလ်မြို့မှ ပညာသင်ကြားတတ်မြောက်လာခဲ့ကြသော ရှင်ဘုရင်များနှင့် လူကြီးလူကောင်းများကို အမြောက်အမြား တွေ့ရှိနိုင်ပေ၏။ မြတ်စွာဘုရားလက်ထက်တော်က ပသေနဒီကောသလမင်းနှင့် ဆေးဆရာဇီဝကတို့သည် ထင်ရှားကျော်ကြားသည့် တက္ကသိုလ်ကျောင်းထွက်များဖြစ်ကြ၏။ ထို့ပြင် အင်္ဂုလိမာလနှင့် ဗန္ဓုလ စစ်သူကြီးတို့သည်လည်း တက္ကသိုလ်ကျောင်းထွက်မျ ားပင် ဖြစ်ကြလေသည်။

ငြိမ်းချမ်းစွာ ကူးသန်းရောင်းဝယ်လိုသော ကုန်သည်များနှင့် ဝင်ရောက် တိုက်ခိုက်လိုသော စစ်တပ်များ၏ ဖြတ်သန်းသွားလာရာ တံခါးဝ၌ တည်ရှိနေသဖြင့် တက္ကသိုလ်မြို့သည် သမိုင်းတလျှောက်၌ အလွန်အရေးပါအရာရောက်ခဲ့၏။ တခါတရံ၌ ထိုမြို့သည် လူနေများပြား စည်ကား ကြီးပွား ချမ်းသာသော်လည်း တခါတရံ၌ကား ဝင်ရောက် တိုက်ခိုက်သည့် စစ်တပ်များ၏ ဖျက်ဆီးမှုကြောင့် အုတ်ကျိုး အုတ်ပဲ့များ၏ အစုအပုံမျှသာ ဖြစ်ခဲ့ရလေသည်။

တက္ကသိုလ်၏သမိုင်းသည် အလွန်ရှေးကျသည့်အခါက အစပြုခဲ့၍ တက္ကသိုလ်၏ ဒုခြားအရာများထက် ပညာသင်ကြားမှုနှင့်

ယဉ်ကျေးမှုတို့၏ ဗဟိုဌာန အဖြစ်ဖြင့် ကျော်ကြားခြင်းသည် ဇမ္ဗူဒီပတပြည်လုံး၌ ပြန့်နှံ့ခဲ့၏။ ဇာတ်နိပါတ်တော်များထဲ၌ တက္ကသိုလ်ကို အလွန်ဝေးလံသည့် အရပ်ဒေသများမှ ပညာတော်သင်များ စွန့်စွန့်စားစား လာရောက် စုဝေးကြရသည့် ဇမ္ဗူဒီပပြည်၏ အကြီးကျယ်ဆုံးသော ပညာသင်ကြားရာဌာန အဖြစ်ဖြင့် ဖော်ပြထား၏။မဟာဘာရတထဲ၌လည်း တက္ကသိုလ်ကို ဂျနမေဂျယဘုရင်၏ ထီးနန်းစိုက်ထူရာ အရပ်အဖြစ်ဖြင့် ရေးသားထားလေသည်။

ပါရှင်း အင်ပိုင်ယာကြီး အထွတ်အထိပ်သို့ ရောက်စဉ်အခါက တက္ကသိုလ်မြို့ကို အင်ပိုင်ယာ၏ အရှေ့ဘက် အစွန်ဆုံး လက်အောက်ခံမြို့ အဖြစ်ဖြင့် သတ်မှတ်ထားကြသည့်ပြင် အင်ပိုင်ယာတခုလုံး၏ စီးပွားချမ်းသာ အတိုးတက်ဆုံး အစိတ်အပိုင်းတခုဟု ယုံကြည်ခဲ့ကြလေသည်။ ၃၂၆ ဘီစီတွင် ဂရိတ်ဘုရင် အလက်ဇန္ဒာသည် တက္ကသိုလ်မြို့ကို ဝင်ရောက် သိမ်းပိုက်လိုက်ခဲ့၏။ ယင်းကဲ့သို့ သိမ်းပိုက်လိုက်ခြင်းသည် သူ၏ ဇမ္ဗူဒီပပြည်၌ အောင်မြင်ရေး အတွက် လမ်းခင်းပေးလိုက်ခြင်းပင် ဖြစ်တော့၏။ ထိုစဉ်အခါက တက္ကသိုလ်ပြည် ဘုရင်အမ္ဘီသည် မြို့ကို သိမ်းပိုက်သည့် အလက်ဇန္ဒာအား လက်ဆော့ ကျိုးနွံရုံသာမက သူ၏ စစ်ဘပ်များဖြင့် ကူညီသည့်ပြင် ရှေ့သို့ ဆက်လက် ချီတက်ရန် တောင်ကြားလမ်းများကိုပါ ညွှန်ပြလိုက်သေး၏။ ယင်းကဲ့သို့ ပြုလုပ်ခြင်းသည် သူ၏ အလွန် ဂုဏ်အသရေ နိမ့်ကျသည့် အပြုအမူ ဖြစ်လေသည်။ ဤအချက်သည် အခြားအရာ၌ အလွန် ကျော်ကြား ထင်ရှားသည့် တက္ကသိုလ်၏ အကြီးဆုံးသော

အမဲကွက် ဖြစ်ခဲ့၏။ ဤကဲ့သို့ ဂန္ဓာရတိုင်း ကျဆုံးသွားရသည့်အတွက် နိုင်ငံရေးအားဖြင့် ဝမ်းနည်းဘွယ်ရာ ဖြစ်သော်လည်း နောက် အခါကာလများ၌ ဇူဒွိယ အနောက်မြောက် ဒေသတွင်းသို့ ဂရိတ် အနုပညာနှင့် ဗိသုကာအတတ်တို့ကို သွတ်သွင်းလာသည့်အတွက် ဝမ်းသာစရာ ဖြစ်ရပေသည်။ တက္ကသိုလ် တွေ့ရှိရသည့် အဆောက်အဦ အားလုံးတို့သည် ဤအချက်၏ သက်သေသာဓကများ ဖြစ်ကြလေသည်။

ဂရိတ်တို့ အုပ်စိုးခြင်းသည် အချိန်ကာလ မကြာရှည်လှပေ။ မောရိယ မင်းဆက်ကို တည်ထောင်သူ စန္ဒဂုတ္တမင်းသည် နိုင်ငံခြားသားများကို နှင်ထုတ်ပြီး သူ၏ အင်ပိုင်ယာအတွင်းသို့ တက္ကသိုလ်မြို့ကို သွတ်သွင်းခဲ့၏။ သို့ရာတွင် သူ၏ သားတော် ဗိန္ဒုသာရမင်း၏ လက်ထက်၌ တက္ကသိုလ်မြို့သည် လွတ်လပ်ရေးကို ပြန်လည်ရရှိရန် ပုန်ကန် ထကြွခဲ့၏။ ဤ ပုန်ကန်ထကြွမှုကို နှိမ်နင်းရန် ဗိန္ဒုသာရမင်းသည် သားတော် အသောကမင်းသားကို စေလွှတ်၏။ ထကြွမှုကို နှိမ်နင်းပြီးသည့်နောက် အသောကမင်းသားသည် တက္ကသိုလ်ပြည်၌ ဘုရင်ခံအဖြစ်ဖြင့် နှစ် အတန်ကြာမျှ အုပ်စိုးနေထိုင်ခဲ့၏။ ဤနေရာ၌ ကြားညှပ်၍ ထည့်သွင်း ဖော်ပြရပါမူ စန္ဒဂုတ္တမင်း၏ ပုရောဟိတ် ဇာနကသည် ဤ တက္ကသိုလ်ပြည်သားပင် ဖြစ်ပေသည်။

မောရိယ အင်ပိုင်ယာ ပျက်စီးပြီးသည့်နောက် ဆစ်သီယာန်မင်း၊ (ဝါ) ဆာကမင်း အဇက်သည် တက္ကသိုလ်မြို့ကို သိမ်းပိုက်ခဲ့၏၊ နောက်ပိုင်းတွင် ဂုဒေါ်ပဟာနိစ် မင်း၏ လက်အောက်၌ တက္ကသိုလ်မြို့သည် အာခိုရှားပြည်နှင့် ပူးပေါင်းခဲ့ရလေသည်။

အေဒီ ၆၀ နှင့် ၆၄ အကြားတွင် ကုရှန်လူမျိုးတို့သည် ဂန္ဓာရပြည်တွင်းသို့ ဝင်ရောက်ပြီး တက္ကသိုလ်မြို့ကို သိမ်းပိုက်လိုက်ကြ၏။ ဤ ကုရှန်မင်းများ၏ လက်ထက်၌ ဗုဒ္ဓဘာသာ အဆောက်အဦ အများဆုံးကို တည်ဆောက်ခဲ့ဟန် လက္ခဏာရှိ၏။ အကြောင်းမှာမူ ကုရှန်မင်းများထဲက ဘုန်းတန်ခိုး အကြီးမားဆုံးသော ကနစ်ရှက ဘုရင်သည် အသောက မင်းကြီး၏ နောက် ဒုတိယမြောက် ဗုဒ္ဓဘာသာကို အားပေးချီးမြှောက်သူ ဖြစ်သောကြောင့်ပင်တည်း။ သူသည် အေဒီ နှစ်ရာ စုနှစ်အတွင်း၌ အုပ်စိုးခဲ့၏။ ကုရှန်များသာမက ဂရိတ်နှင့် ဆာကတို့သည်လည်း ဗုဒ္ဓဘာသာကို သက်ဝင် ယုံကြည်ကြပြီး ကူညီ အားပေးခဲ့ကြလေသည်။

ဂန္ဓာရပြည်ထဲသို့ တိုက်ခိုက် ဝင်ရောက်လာသည့် လူမျိုးများထဲတွင် ဟန်း လူမျိုးတို့သည်သာလျှင် ဗုဒ္ဓဘာသာကို မယုံကြည် မလေးစားကြကုန်။ သူတို့သည် အလွန် ရိုင်းစိုင်း ကြမ်းကြုတ်ကြ၍ ယဉ်ကျေးမှု အဆောက်အဦ ဟူသမျှကို ဖျက်ဆီးပစ်ခဲ့ကြ၏။ အေဒီ ၄၅၀ လောက်တွင် သူတို့သည် ဂန္ဓာရ ပြည် ထဲ သို့ ဝင်ရောက်ပြီး တက္ကသိုလ်မြို့၏ ရှေးကျ ဟောင်းနွမ်းသော ယဉ်ကျေးမှု၏ အမှတ်အသားကို ဖျက်ဆီး သုတ်သင်ခဲ့ကြလေသည်။

အရှင် ဖာဟီယန်သည် ၄၄၀ အေဒီတွင် တက္ကသိုလ်မြို့သို့ ရောက်ခဲ့၍ အရှင် ဟူအင်စံသည် ခုနစ်ရာစုထဲတွင် ရောက်ခဲ့သည်။ အရှင် ဖာဟီယန်သည် တက္ကသိုလ်မြို့၌ ဗုဒ္ဓဘာသာ တိုးတက်ကြီးပွားနေသည်ကို တွေ့ခဲ့ရ၏။ အရှင် ဟူအင်စံ သည် ကား ဗုဒ္ဓဘာသာ ဆုတ်ယုတ်ကာ ကျောင်း အမြောက်အမြား ပျက်စီး

နေသည်ကို တွေ့မြင်ခဲ့ရသည်။ ဇူနီယပြည်ထဲသို့ မဂိုလ်လူမျိုးများ ဝင်ရောက်လာပြီးသည့်နောက် ဇူနီယ အနောက်မြောက်ပိုင်း ဂန္ဓာရတိုင်းမှ ဗုဒ္ဓဘာသာသည် လုံး၀ ပျောက်ကွယ်သွားလေသည်။ ယခုအခါ ရှေးခေတ်ဟောင်းက ယဉ်ကျေးမှုများကို ပြောပြရန် အံ့ဩဘွယ်ရာ အဆောက်အဦ အပျက်အစီးများကိုသာလျှင် တွေ့ရပေတော့သည်။

ဤသည်ကား ဂန္ဓာရီ ဝိဇ္ဇာအတတ် ဖြစ်ပွားရာ ဂန္ဓာရတိုင်း၏ ရာဇဝင်သမိုင်းပင် ဖြစ်ပေ၏။ ဤသို့လျှင် ဂန္ဓာရတိုင်း၏ အဖြစ်အပျက် အခြေအနေကို သိရသဖြင့် ဂန္ဓာရီ ဝိဇ္ဇာအတတ်ကိုလည်း အကဲခတ်နိုင်ပေသည်။

ဤ ဂန္ဓာရီ ဝိဇ္ဇာအတတ်ကို သီလက္ခန် ဋီကာဟောင်းနှင့် ဋီကာသစ်တို့၌ အောက်ပါအတိုင်း ဖွင့်ဆို ရေးသားထားလေသည်။

ထို ဂန္ဓာရီ ဝိဇ္ဇာအတတ်ကို တတ်မြောက်သော ပုဂ္ဂိုလ်သည် ထိုသို့ သဘောရှိသော ဒေသ၌၎င်း၊ ကာလ၌၎င်း မန္တန်ကိုရွတ်၍ များသော အပြားအားဖြင့်လည်း မိမိကိုယ်ကို ပြ၏။ ဆင်အစရှိသည်တို့ကိုလည်း ပြ၏။ မမြင်အပ်သည်လည်း ဖြစ်၏။ မီးတိုင်လုံးကိုလည်း ပြု၏။ ရေတိုင်လုံးကိုလည်း ပြု၏။ ကောင်းကင်၌လည်း မိမိကိုယ်ကို ပြ၏။ အလုံးစုံကို မျက်လှည့်နှင့်အလားတူဟု မှတ်အပ်၏။ (သဗ္ဗံဣန္ဒဇာလသဒိသံဒဋ္ဌဗ္ဗံ)။

ဤသို့လျှင် သီလက္ခန် ဋီကာတို့၌ ဂန္ဓာရီ ဝိဇ္ဇာအတတ်ကို မျက်လှည့်နှင့် အလားတူသည့် အတတ်ဟု ဖွင့်ဆိုထားသည်ကို

ထောက်ဆ၍ ဤဂန္ဓာရီ ဝိဇ္ဇာအတတ်သည် သူတပါး မျက်စိကို လှည့်စားရုံမျှတပါး လက်တွေ့အားဖြင့် ဘာမျှ အရေးမပါ အရာမရောက်သည့် အတတ်ဖြစ်သည်ကို သိရှိရပေသည်။

အေဒီ ၁၁ ရာစု နှစ်လောက်က စတင်၍ မိုဟန်မေဒန်တို့သည် ဣန္ဒိယ အနောက်မြောက်ပိုင်း ဂန္ဓာရတိုင်းကို ဝင်ရောက် တိုက်ခိုက် သိမ်းပိုက်လိုက်ကြ၏။ ထို့နောက် သူတို့သည် တဖြည်းဖြည်း တစတစ ဣန္ဒိယတပြည်လုံးကို သိမ်းပိုက် အုပ်စိုးခဲ့ကြ၏။ ပြဆိုခဲ့ပြီးသည့်အတိုင်း ၁၁၉၉ ခုနှစ်တွင် အိခတိယာအုတ်ဒင်သည် လူနှစ်ရာမျှ ပါဝင်သည့် စစ်တပ်ဖြင့် ဗိဟာရီပြည်ကို အလွယ်တကူ ဝင်ရောက် တိုက်ခိုက် သိမ်းပိုက်လိုက်သဖြင့် ရဟန်းတော်များနှင့်တကွ ကျောင်းများပါ အားလုံးပျက်စီး သွားခဲ့ကြရ၏။ ဤကဲ့သို့ မိုဟန်မေဒန်တို့ နှစ်ပေါင်းများစွာ အုပ်စိုးပြီးနောက် ၁၈ ရာစုနှစ် လောက်ကစတင်၍ဣန္ဒိယပြည်ထဲသို့ အင်္ဂလိပ် ပြင်သစ်နှင့် ပေါ်တူဂီတို့ ဝင်ရောက်အုပ်စိုးကြပြန်၏။ ဤကဲ့သို့ နိုင်ငံခြားသားများ ဣန္ဒိယပြည်ကို ဝင်ရောက်တိုက်ခိုက် သိမ်းပိုက်ခြင်းကို ဂန္ဓာရီ ဝိဇ္ဇာဓိုရ်များ မည်သို့မျှ မတတ်နိုင်ခဲ့ကြပေ။ ဣန္ဒိယတပြည်လုံးကို မဆိုထားဘိ မိမိတို့၏ ဂန္ဓာရတိုင်းကိုပင် မကာကွယ် မစောင့်ရှောက် နိုင်ခဲ့ကြပေ။ နောင်တော် ဣန္ဒိယ ဝိဇ္ဇာဓိုရ်များကဲ့သို့ပင် ညီတော် မြန်မာဝိဇ္ဇာဓိုရ် များသည်လည်း အင်္ဂလိပ်တို့ မြန်မာပြည်ကို စစ်သုံးခါတိုက်ပြီး သိမ်းပိုက်လွှမ်းမိုး အုပ်စိုးသွားသည်ကို ဘာမျှမခုခံ မကာကွယ်နိုင်ခဲ့ကြပေ။ ဤသို့အားဖြင့် ဂန္ဓာရီ ဝိဇ္ဇာအတတ်သည် လက်တွေ့အားဖြင့် ဘာမျှ အရေးမပါ အရာမရောက်ကြောင်းမှာ ထင်ရှားလှပေသည်။

ပြဆိုခဲ့ပြီးသည့် စကားရပ်များဖြင့် ဝိဇ္ဇာဓိုရ်များ၏ စွမ်းရည်သတ္တိ တန်းခိုးဣဒ္ဓိများကို ခန့်မှန်းသိရှိ နိုင်လောက်ပေပြီ။ ထို့မှတပါး သူတို့၏ အကျင့်စာရိတ္တများကို ပိဋကတ်ကျမ်းဂန်များ၌ အောက်ပါအတိုင်း ဖော်ပြထားသည်။

## ဓမ္မပဒအဋ္ဌကထာ၊ ပြာဟ္မဏဝဂ်ဇဋိလတ္ထေရဝတ္ထု

ဗာရာဏသီပြည်၌ သေဌေးသမီး တယောက်သည် အလွန်အဆင်းလှပ၏။ ထိုသေဌေးသမီးကို တဆယ့်ငါးနှစ် တဆယ့်ခြောက်နှစ် အရွယ်ရှိသော အခါ၌ စောင့်ရှောက်စေဘို့ရန် ကျွန်မတယောက်ကို ပေး၍ ဘုံခုနစ်ဆင့်ရှိသော ပြသာဒ်၏ အထက်အပြင် အသရေရှိသော တိုက်ခန်း၌ နေစေကုန်၏။ တနေ့သ၌ လေသာပြူတင်းကို ဖွင့်၍ အပြင်အပကို ကြည့်နေသည့် ထိုသေဌေးသမီးကို ကောင်းကင်ဖြင့်သွားသော ဝိဇ္ဇာဓိုရ် တယောက်သည် 'ဇောဝိဇ္ဇာဓရော' မြင်၍ဖြစ်သော ချစ်ခြင်း ရှိသည်ဖြစ်၍ လေသာပြူတင်းဖြင့် ဝင်ရောက်ပြီး ထိုသေဌေး သမီးနှင့်တကွ ပေါင်းဖော်ခြင်းကို ပြုသည်။

ထိုသေဌေးသမီးသည် ထိုဝိဇ္ဇာဓိုရ်နှင့်တကွ ပေါင်းဖော်ခြင်းကို စွဲ၍ မကြာမြင့်မီပင်လျှင် ကိုယ်ဝန်ကိုရ၏။ ထိုအခါ ထိုသေဌေးသမီးကို ထိုကျွန်မသည်မြင်၍ အမိ "ဤဖောက်ပြန်သော အမူအရာသည် အဘယ်ကြောင့် ပါနည်း" ဟု မေးသည်ရှိသော် "ဘာဘဲဖြစ်ဖြစ် တစုံတယောက်သောသူအား မပြောကြားပါလင့်" ဟု ထိုသေဌေးသမီးက ဆိုသည်ရှိသော် ကြောက်သဖြင့် ဆိတ်ဆိတ်နေ၏။ ထိုသေဌေးသမီးသည်လည်း ဆယ်လစေ့သော

အခါ၌ သားကိုဖွား၍ အိုးသစ်ကို ဆောင်စေပြီး ထိုအိုး၌ ထိုသူငယ်ကို အိပ်စေ၍ ထိုအိုးကိုပိတ်၍ အထက်၌ ပန်းကုံးတို့ကို ထား၍ "ဤအိုးကို ဦးခေါင်းဖြင့်ရွက်၍ ဂင်္ဂါမြစ်၌ စွန့်ချေလော့။ ဤသည်ကား အဘယ်အရာနည်းဟု မေးကုန်သည် ရှိသော် ငါ၏သခင်မ၏ ဗလိနတ်စာ ပေးသော အမှုတည်းဟု ဆိုလေလော့" ဟုမှာ၍ ကျွန်မကိုစေလိုက်၏။ ကျွန်မသည် သေဒွေး သမီး မှာလိုက်သည့်အတိုင်း ပြုသည်။

ဂင်္ဂါမြစ်၏ အောက်ဖက်၌လည်း မိန်းမနှစ်ယောက်တို့သည် ရေချိုးကြကုန်စဉ် ရေမျောလာသည့် ထိုအိုးကို မြင်ကြကုန်၏။ မိန်းမတယောက်က "ဤအိုးသည် ငါး၏အိုး" ဟု ဆို၏။ အခြား မိန်းမတယောက်ကမူ "ဤအိုး၏ အတွင်း၌ရှိသော ဥစ္စာသည် ငါ၏ ဥစ္စာ" ဟုဆို၏။ အိုးသည် ရောက်လာသည်ရှိသော် ထိုအိုးကို ယူ၍ ကုန်း၌ထားပြီး ဖွင့်၍ သူငယ်ကို မြင်ကြကုန်၏။ မိန်းမ တယောက်က "ငါ၏အိုးဟု ဆိုထားခြင်းကြောင့် သူငယ်သည် ငါ၏သား" ဟုဆို၏။ အခြားမိန်းမ တယောက်ကမူ "ဤအိုး၏ အတွင်း၌ရှိသော ဥစ္စာသည် ငါ၏ဥစ္စာဟု ဆိုထားခြင်းကြောင့် ငါ၏သား" ဟု ဆိုသည်။

ထိုမိန်းမ နှစ်ယောက်တို့သည် ငြင်းခုံကြကုန်လျက် တရားရုံးသို့သွား၍ ထိုအကြောင်းကို တိုင်ကြားကြကုန်၏။ တရားသူကြီးတို့သည် ဆုံးဖြတ်ခြင်းငှာ မတတ်နိုင်ကုန်သည် ရှိသော် သူတို့သည် မင်း၏ အထံသို့ သွားကြကုန်၏။ မင်းသည် ထိုမိန်းမ တို့၏စကားကို ကြားနာပြီး "သင်သည် သူငယ်ကို ယူလေလော့။ သင်သည် အိုးကို ယူလေလော့။" ဟု ဆုံးဖြတ်စီရင်၏။ သူငယ်ကို

ရသော မိန်းမသည် အရှင်ကစ္စည်းမထေရ်၏ အလုပ်အကျွေး ဖြစ်၏။ ထို့ကြောင့် သူမသည် ဤသူငယ်ကို အရှင်ကစ္စည်းမထေရ်၏ အထံ၌ ရဟန်းပြုစေအံ့ဟု မွေးကျွေးသုတ်သင်၏။ ထိုသူငယ်၏ ဖွားသောနေ့က ကိုယ်ဝန်အညစ်အကြေးကိုဆေး၍ ရေမချိုးရသည်၏ အဖြစ်ကြောင့် ဆံပင်တို့သည် တွန့်လိပ်နေကြကုန်၏။ ထို့ကြောင့် ထိုသူငယ်အား ဇင်္ဂိလဟု အမည်မှည့်ကြကုန်သည်။

ထိုသူငယ်ခြေဖြင့် သွားနိုင်သော အခါ၌ အရှင်ကစ္စည်းမထေရ်သည် ထိုအိမ်သို့ ဆွမ်းခံကြွလာ၏။ ဒါယိကာမသည် မထေရ်ကို ထိုင်စေပြီး ဆွမ်းကပ်၏။ မထေရ်သည် သူငယ်ကိုမြင်၍ "ဒါယိကာမ သူငယ်ကိုရသလော" ဟုမေး၏။ "အရှင်ဘုရားရသည် မှန်ပါ၏။တပည့်တော်မသည် ဤသူငယ်ကို အရှင်ဘုရားတို့၏ အထံ၌ ရဟန်းပြုစေအံ့ဟု မွေးကျွေးသုတ်သင်ပါ၏။ ထိုသူငယ်ကို ရဟန်းပြုတော်မူပါ ဘုရား"ဟု လျှောက်ထားအပ်နှံ၏။ မထေရ်သည် ကောင်းပြီဟု ထိုသူငယ်ကိုခေါ်၍ ကြွသွားတော်မူ၏။ ထို့နောက် ဤသူငယ်အား လူ၏စည်းစိမ်ချမ်းသာကို ခံစားထိုက်သည့် ကောင်းမှုကံသည် ရှိသလောဟု ကြည့်သည်ရှိသော် ဤသူငယ်သည် ဘုန်းကြီးသော သတ္တဝါ ဖြစ်၏။ ကြီးစွာသော စည်းစိမ်ချမ်းသာကို ခံစားရလတ့်ံဟု မြင်တော်မူသည်။

သူငယ်သည် နုနယ်သေး၏။ သူ၏ ဉာဏ်သည်လည်း ရင့်ကျက်ခြင်းသို့ မရောက်သေးဟု ကြံ၍ ထိုသူငယ်ကိုခေါ်၍ တက္ကသိုလ်ပြည်၌ အလုပ်အကျွေး ဒါယကာ တယောက်၏ အိမ်သို့ သွားလေ၏။ ထိုဒါယကာသည် မထေရ်ကိုရှိခိုး၍ ရပ်နေစဉ် ထိုသူငယ်ကိုမြင်၍ "အရှင်ဘုရား၊ အရှင်ဘုရားသည် သူငယ်ကိုရခဲ့ပါ

သလော”ဟု မေးမြန်းလျှောက်ထား၏။ “ဒါယကာ၊ ရခဲ့သည့်မှန်၏။ ငါသည် သူငယ်ကိုရဟန်းပြုပေးမည်။ သို့ရာတွင် သူငယ်သည် ယခုအခါ ငယ်သေး၏။ သင်၏အထံ၌ပင်လျှင် သူ့ကိုထားလိုသည်”ဟု မိန့်တော်မူသည်။ ထိုဒါယကာက “အရှင်ဘုရား ကောင်းပါပြီ”ဟု ဝန်ခံပြီး ထိုသူငယ်ကို သားအရာ၌ထားကာ မွေးမြူလေသည်။

ထို ဒါယကာ၏ အိမ်၌ တဆယ့်နှစ်နှစ်တို့ ကာလပတ်သုံးကုန်ပစ္စည်းများသည် စုပုံနေကြ၏။ ထိုဒါယကာသည် ရွာတပါးသို့ သွားသည့်အခါ ထိုကုန်ပစ္စည်းအားလုံးကို ဈေးသို့ပို့ဆောင်၍ သူငယ်ကို ဈေး၌နေစေပြီး ထိုထို ကုန်ပစ္စည်း၏အဖိုးကို ပြောကြားကာ “ဤမည်သော ကုန်ပစ္စည်းကို ဤမျှလောက်သောအဖိုးဖြင့် ရောင်းရစ်လော့”ဟု မှာထားခဲ့၏။ ထိုနေ့၌ မြို့စောင့်နတ်တို့သည် အယုတ်သဖြင့် ငြုပ်စမုန်နက်မျှကိုလည်း အလိုရှိကုန်သော သူတို့ကို ထိုသူကြွယ်၏ သားလျှင် ဈေးဆိုင်သို့ ရှေးရှုပြုလုပ်ကုန်၏။ ထိုသူငယ်သည် တဆယ့်နှစ်နှစ်တို့ ကာလပတ်လုံးစုပုံနေသည့် ကုန်ပစ္စည်းအားလုံးကို တနေ့တည်းဖြင့် သားလျှင်ရောင်း၏။ သူကြွယ်သည် ပြန်လာ၍ ဈေးဆိုင်၌ တစုံတရာကိုမမြင်သဖြင့် “ချစ်သား သင်သည် ကုန်ပစ္စည်းအားလုံးကို ဖျက်ဆီးဘိ၏”ဟု ဆို၏။ “အကျွန်ုပ်သည် ကုန်ပစ္စည်း အားလုံးကို မဖျက်ဆီးပါ။ သင်တို့မှာခဲ့သည့်အတိုင်း ရောင်းပြီးပါပြီ၊ ဤသည်ကား ဤကုန်ပစ္စည်း၏ အဖိုးတည်း။ ဤသည်ကား ဤကုန်ပစ္စည်း၏ အဖိုးတည်း”ဟု ပြန်ပြောသည်။

သူကြွယ်သည် နှစ်သက် သဘောကျ၍ "ဤ သူငယ်သည် အဖိုးတန်သူဖြစ်၏။ အမှတ်မရှိသော အရပ်၌ အသက်မွေးခြင်းငှာ စွမ်းနိုင်၏"ဟု ကြံစည်၍ မိမိအိမ်၌ အရွယ်သို့ရောက်သော သမီးကို ထိုသူငယ်အားပေး၍ ထိုသူငယ်အတွက် အိမ်ဆောက်ကြလော့ဟု ယောကျ်ားတို့ကို စေခိုင်း၏။ အိမ်ပြီးသောအခါ "သင်တို့သည် သွားကြ၍ မိမိတို့အိမ်၌ နေကြကုန်လော့" ဟုဆို၏။ ဇင်္ဂိလသည် အိမ်သို့ဝင်ပြီး ခြေဖက်ဖြင့် တံခါးခုံတို့ကို နင်းသည့်အခါ အိမ်နောက်ဖေး၌ မြေကို ဖောက်ခွဲ၍ အတောင်ရှစ်ဆယ်ရှိသော ရွှေတောင်သည် ပေါက်၏။ မင်းသည် ဇင်္ဂိလ သတို့သား၏ အိမ်၌ မြေကို ဖောက်ခွဲ၍ ရွှေတောင်သည် ပေါက်၏ဟု ကြား၍ ဇင်္ဂိလသတို့သားထံ သူဌေးတို့ဆောင်းရန် ထီးကိုပို့စေ၏။ ဇင်္ဂိလသည် သူဌေးဘွဲ့ကိုရ၏။ ထိုဇင်္ဂိလ သူဌေးအား သားသုံးယောက်တို့ ရှိကုန်၏။ သူသည် ထိုသားသုံးယောက်တို့အား စည်း စိမ် ချမ်း သာ ဥစ္စာ ငွေငွေတို့ကို အပ်နှံပြီး မြတ်စွာဘုရား၏ အထံတော်၌ ရဟန်းပြု၍ နှစ်ရက်သုံးရက်ဖြင့် သာလျှင် အရဟတ္တဖိုလ်သို့ ရောက်လေသည်။

ဤသည်ကား ဇင်္ဂိလထွေရ ဝတ္ထုတည်း။ ဤဝတ္ထု၌ ပါရှိသည့် ဝိဇ္ဇာမိုရ်သည် အမိအဖများ၊ ယုယုယယ ချစ်ခင်လေးစားစောင့်ရှောက်ထားသည့် သူတပါး၏ သမီးပျိုကို ဘယ်သူကိုမျှ မထောက်ထားဘဲ အတင်းအဓမ္မ ဝင်ရောက်စော်ကားသူဖြစ်၏။ ထို့ကြောင့် သူသည် လူကျင့်ဝတ်ဖြစ်သည့် ငါးပါးသီလကိုမျှ မလုံခြုံမစောင့်စည်းသည့် ကာမေသု မိစ္ဆာစာရီဒုဿီလ ပုဂ္ဂိုလ် ဖြစ်ပေသည်။ ဤဝတ္ထုဖြင့် ဝိဇ္ဇာမိုရ်တို့၏ အကျင့် စာရိတ္တကို

သိရှိနိုင်၏။ ထို့ထက်ပို၍ သိရှိစေရန် နောက်ထပ် ဝတ္ထုသာဓက များကို ထုတ်ဖော်ပြသရန် လိုပေသေးသည်။ ထို့ကြောင့် နဝနိပါတ် သမုဂ္ဂဇာတ်ကို အောက်ပါအတိုင်း ဖော်ပြလိုက်ရပေသည်။

## သမုဂ္ဂဇာတ်

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ် မင်းသည် မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် ကာမဂုဏ်ကို ပယ်၍ ဟိမဝန္တာသို့ဝင်ပြီး ရသေ့ရဟန်း ပြု၏။ အဘိညာဏ်သမာပတ်တို့ကို ဖြစ်စေ၍ သစ်သီးကြီးငယ်ဖြင့် မျှတလျက် နေ၏။ ဘုရားလောင်း၏ကျောင်းအနီး၌ တယောက်သော ဒါနဝရက္ခိုသ်သည် နေ၏။ ထိုရက္ခိုသ်သည် ရံခါရံခါ ဘုရားလောင်းသို့ ဆည်းကပ်၍ တရားကိုနာ၏။ တောအုပ်၌ လူတို့သွားရာလမ်းမ၌တည်၍ လာတိုင်းလာတိုင်းသော လူတို့ကိုဖမ်း၍ စား၏။ ထိုအခါ၌ ကာသိကတိုင်း မထင်ရှားသော ပစ္စန္တရွာဝယ် အလွန် အဆင်း လှပသော အမျိုးသမီးတယောက်သည်ရှိ၏။ ထိုအမျိုးသမီးသည် တနေ့သ၌ အမိအဖတို့အား ဖူးမြင်အံ့သောငှာသွား၍ ပြန်လာသောအခါ ထိုဒါနဝရက္ခိုသ်သည် အခြံအရံ ဖြစ်ကုန်သော လူတို့ကိုမြင်၍ ကြောက်မက်ဖွယ်သော အသွင်ဖြင့် ပြေးလာ၏။ လူတို့သည် ကြောက်ကုန်ဖြစ်၍ ကိုင်တိုင်း ကိုင်တိုင်းသော လက်နက်တို့ကို စွန့်ပစ်ကာ ပြေးကြကုန်သည်။

ဒါနဝရက္ခိုသ်သည် ယာဉ်၌ နေသော အလွန် အဆင်းလှပသော အမျိုးသမီးကိုမြင်၍ တပ်မက်သော စိတ်ရှိသည်ဖြစ်၍ ထို

အမျိုးသမီးကို မိမိဂူသို့ ယူဆောင်ပြီး ဇနီးပြု၏။ ထိုအခါမှစ၍ ထောပတ် ဆီ ဆန် ငါးအမဲ အစရှိသည်တို့ကိုလည်းကောင်း၊ ချိုကုန်သော သစ်သီးကြီးငယ်တို့ကိုလည်းကောင်း ဆောင်ခဲ့ပြီး ထိုအမျိုးသမီးကို မွေး ကျွေး၏။ ထိုအမျိုးသမီးကို အဝတ်တန်ဆာ တို့ဖြင့် တန်ဆာ ဆင်၍ စောင့်ရှောက်အံ့သောငှာ ကြုတ်ထဲ၌ထည့်ပြီး ကြုတ်ကို မျိုကာ ဝမ်းဖြင့် လွယ်၏။ ထို ဒါနဝရက္ခိုသ်သည် တနေ့သ၌ ရေချိုးလိုသည်ဖြစ်၍ ရေကန်တခုသို့သွား၏။ ကြုတ်ကိုအန်ထုတ်၍ ထိုအမျိုးသမီးကို ကြုတ်မှထုတ်ဆောင်၍ ရေချိုးခြင်း၊ နံ့သာ လိမ်းကျံခြင်း၊ တန်းဆာဆင်ခြင်းတို့ကို ပြုလုပ်စေ၍ "သင်၏ ကိုယ်ကို အနည်းငယ် ပူနွေးစေလော့" ဟု ဆိုပြီး ထိုကြုတ် အနီး၌ ထားခဲ့၏။ မိမိသည်ကား ရေဆိပ်သို့ဆင်းသက်ပြီး ယုံမှားခြင်း မရှိသည်ဖြစ်၍ အတန်ငယ်အဝေးသို့ သွား၍ ရေချိုးလေသည်။

ထိုအခါ၌ ဝါယုဿပုတ္တမည်သော ဝိဇ္ဇာဓိုရ်သည် သန်လျက်ကို လွယ်၍ ကောင်းကင်ဖြင့်သွား၏။ ထိုအမျိုးသမီးသည် ထိုဝိဇ္ဇာဓိုရ်ကိုမြင်၍ လာလော့ဟု လက်ယပ်၍ခေါ်၏။ ထိုဝိဇ္ဇာဓိုရ်သည် လျင်မြန်စွာ ဆင်းသက်၏။ ထိုဝိဇ္ဇာဓိုရ်ကို ထိုအမျိုးသမီးသည် ကြုတ်၌ထည့်ပြီး ဒါနဝရက္ခိုသ်၏ လာခြင်းကိုမြော်လျက် ကြုတ်၏ အနီး၌ ထိုင်နေ၏။ ဒါနဝရက္ခိုသ် လာသည်ကို မြင်သောအခါ ဒါနဝရက္ခိုသ်အား မိမိကိုယ်ကိုပြ၍ ဒါနဝရက္ခိုသ်သည် ကြုတ်၏ အနီးသို့ မရောက်မီပင်လျှင် ကြုတ်ကိုဖွင့်၍ ကြုတ်တွင်းသို့ ဝင်ပြီး ဝိဇ္ဇာဓိုရ်၏ အပေါ်၌အိပ်ကာ အဝတ်ကိုခြုံ၏။ ဒါနဝရက္ခိုသ် သည် လာ၍ ကြုတ်ကို မစုံစမ်း မသုတ်သင်ဘဲ ငါ၏ အမျိုး သမီးသာလျှင်ရှိ၏ ဟူသော အထင်ဖြင့် ကြုတ်ကိုမျို၍ မိမိ၏

လိုဏ်ဂူသို့ သွားလတ်သော် ခရီးအကြား၌ ငါသည် ရှင်ရသေ့ကို မဖူးမြင်ရသည်မှာ ကြာပြီ။ ယနေ့ သွား၍ ရှင်ရသေ့ကို ရှိခိုးအံ့ဟု ကြံပြီး ရှင်ရသေ့ထံ သွားလေသည်။

ရှင်ရသေ့သည် အဝေးမှလာလတ်သော ဒါနဝရက္ခိုယ်ကို မြင်၍ နှစ်ယောက်သောသူတို့သည် ဒါနဝရက္ခိုယ်၏ ဝမ်း၌ရှိသည်၏ အဖြစ်ကိုသိ၍ "သုံးယောက်သော သင်တို့သည် အဘယ် အရပ်မှ လာကြကုန်သနည်း" ဟု မေးသည်။

ဒါနဝရက္ခိုယ်သည် ထိုစကားကိုကြား၍ ရသေ့၏အထံသို့ ငါ တယောက်တည်း သာလျှင် လာ၏။ ဤရသေ့ကလည်း 'သုံး ယောက်'ဟု ဆို၏။ အဘယ်ကြောင့် ဤရသေ့သည် ဤသို့ဆိုလေ သနည်း။ ဟုတ်မှန်သည်ကိုသိ၍ ဆိုလေသလော။ ထိုသို့မဟုတ် ရူး၍ဆိုလေသလောဟု ကြံ၍ ရှင်ရသေ့၏အထံသို့ ချဉ်းကပ်၍ တင့်အပ်လျောက်ပတ်စွာ နေ၍ "ရှင်ရသေ့၊ ရှင်ရသေ့ထံသို့ အကျွန်ုပ်တယောက်တည်းသာလျှင် ရောက်လာ၏။ အကျွန်ုပ်အား တစုံတယောက်သော အဖော်သည်လည်း မရှိ၊ ထိုသို့ မရှိပါဘဲ လျက် 'သုံးယောက်သော သင်တို့သည် အဘယ်အရပ်မှ လာကြ ကုန်သနည်း' ဟု အဘယ်ကို ရည်ရွယ်၍ သင်ဆိုသနည်း" ဟု မေးသည်။

ရသေ့က "ဒါနဝရက္ခိုယ် သင်ကား တယောက်တည်းသာ တည်း။ သင်သည် ချစ်လှစွာသော မယားကိုလည်း ကြုတ်၌ ထည့်၍ ဝမ်းထဲ၌မျိုထား၏။ သင်သည် အခါခပ်သိမ်း စောင့် ရှောက်အပ်သော ဝမ်းတွင်း၌ ထားအပ်သည်လည်း ဖြစ်သော

ထိုမယားသည် သင်၏ဝမ်းတွင်း၌ ဝါယုဿပုတ္တဝိဇ္ဇာဓိုရ်နှင့်တကွ မွေ့လျော် ပျော်ပါးနေ၏”ဟု ပြန်လည် ပြောဆိုသည်။

ဒါနဝရက္ခိုသ်သည် ထိုစကားကိုကြား၍ “ဝိဇ္ဇာဓိုရ်တို့သည် ကား မာယာများကုန်၏။ ဝိဇ္ဇာဓိုရ်၏လက်၌ သန်လျက်ရှိခဲ့ငြား အံ့၊ ငါ၏ဝမ်းကို ခွဲ၍ ပြေးလတံ့”ဟု အလွန်ကြောက်သည်ဖြစ်၍ လျင်မြန်စွာ ကြုတ်ကို အန်၍ ရှေ့မှာထား၏။ ဝိဇ္ဇာဓိုရ်သည် ကြုတ်ကို ဖွင့်လျှင်ဖွင့်ချင်း မန္တရားကိုမန်း၍ သန်လျက်ကိုကိုင်ကာ ကောင်းကင်သို့ပျံသည်။

ဒါနဝရက္ခိုသ်သည် ရှင်ရသေ့၏ ခြေတို့ကို ရှိခိုး၍ “အရှင် ဘုရား၊ အရှင်ဘုရားကိုမှီ၍ အကျွန်ုပ်သည် အသက်ကိုရပါ၏။ ဤ ယုတ်မာသော အကျင့်ရှိသော မိန်းမသည် အကျွန်ုပ်အား ဝိဇ္ဇာဓိုရ် ကို သတ်စေ၏” ဟုဆို၍ ရှင်ရသေ့အား ချီးမွမ်း၏။ ရှင်ရသေ့ သည်လည်း ဒါနဝရက္ခိုသ်အား တရားဟော၍ “ဤမိန်းမအား တစုံတခုသော နှိပ်စက်မှုကို သင်မပြုလင့်၊ သင်သည် သီလကို ယူလော့”ဟုဆို၍ ပဥ္စသီလတို့၌ တည်စေ၏။ ဒါနဝရက္ခိုသ်သည် “ငါကား ဝမ်းဖြင့်လွယ်ငြားသော်လည်း ထိုမိန်းမကို စောင့် ရှောက်ခြင်းငှာ မတတ်နိုင်၊ ငါမှတပါးသော အဘယ်သူသည် စောင့်ရှောက်နိုင်အံ့နည်း”ဟု ထိုမိန်းမကို လွှတ်လိုက်ပြီး မိမိ၏ တောသို့သာလျှင် သွားလေသည်။

ဤသံမုဂ္ဂဇာတ်၌ ပါရှိသည့် ဝိဇ္ဇာဓိုရ်သည် အလွန်ကြပ်ကြပ် တည်းတည်း စောင့်ရှောက်ထားသည့် သူတပါး၏ မယားကို အတင်းအဓမ္မ ဝင်ရောက် ကျူးလွန်သူဖြစ်၏၊ ထို့ကြောင့် သူ သည်လည်း ကာမေသုမိစ္ဆာစာရီ ဒုဿီလ ပုဂ္ဂိုလ်ပင် ဖြစ်ပေသည်၊

ပြဆိုခဲ့ပြီးသော ဇာတ်ဝတ္ထုများထက် ပိုမိုပြီး ဝိဇ္ဇာဓိုရ်၏အကျင့်စာရိတ္တကို ပြသနိုင်သော ဇာတ်သည်ကား ဆက္ကနိပါတ် ဝိဇ္ဇာဓရဇာတ်ပင် ဖြစ်ပေသည်။

## ဝိဇ္ဇာဓရဇာတ်

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် သိကြားမင်း ဖြစ်၏။ ထိုအခါ ဝိဇ္ဇာဓိုရ်တယောက်သည် မန္တရားကိုမန်း၍ သန်ကောင်ယံ၌လာပြီး ဗာရာဏသီမင်း၏ မိဖုရားကို လွန်ကျူးပြစ်မှား၏။ မိဖုရား၏ အလုပ်အကျွေးတို့သည် သိကုန်၏။ မိဖုရားသည် မိမိအလိုလိုသာလျှင် မင်းသို့ချဉ်းကပ်ပြီး "အရှင်မင်းကြီး၊ယောကျ်ားတယောက်သည် သန်ကောင်ယံအခါ၌ အကျွန်ုပ်၏ တိုက်ခန်းသို့ဝင်ပြီး အကျွန်ုပ်ကို ဖျက်ဆီး၏"ဟု ဆို၏။ မင်းကြီးက "တစုံတခုသော အမှတ်ကို ပြုအံ့သောငှာ တတ်နိုင်ပါမည်လော"ဟု မေး၏၊ မိဖုရားသည် "အရှင်မင်းကြီး၊ တတ်နိုင်ပါ၏"ဟု ဆို၍ ဟင်းသပတားစစ်စစ် ခွက်ကို ဆောင်စေပြီး ညဉ့်အခါ လာ၍ လွန်ကျူးပြစ်မှားသော ယောကျ်ား၏ကျော၌ လက်ငါးချောင်း ရာပေး၍ စောစောကပင်လျှင် မင်းအားပြောကြား၏။ မင်းသည် လူတို့ကို "သွားကြကုန် ခပ်သိမ်းကုန်သော အရပ်တို့၌ ကြည့်၍ ဟင်းသပတား လက်ငါးချောင်းရာရှိသော ယောကျ်ားကို ဖမ်းကြကုန်လော့"ဟု စေ၏။ ဝိဇ္ဇာဓိုရ်သည်လည်း ညဉ့်အခါ၌ ယုတ်မာသောအကျင့်ကို ကျင့်ပြီး နေ့အခါ သုသာန်၌ နေကို ရှိခိုလျက် ခြေတဖက်ဖြင့် ရပ်နေ၏။

မင်းချင်းတို့သည် ထိုဝိဇ္ဇာဓိုရ်ကိုမြင်၍ ဝိုင်းဝန်းကြကုန်၏။ ဝိဇ္ဇာဓိုရ်သည် "ငါ၏အမှုပေါ်လွင်ထင်ရှားပြီ"ဟု မြေအောက်မှေကာ မန္တရားကို မန်းပြီး ကောင်းကင်သို့ ပျံသွားလေသည်။

မင်းသည် "ထိုသူကို မြင်ကြကုန်၏လော"ဟု ရောက်လာသော ယောကျာ်းတို့ကို မေး၏။ ယောကျာ်းတို့က "မြင်ကုန်၏" ဟု ဆိုကြ၏။ မင်းက "ဤသူကား အဘယ် အမည်ရှိသောသူနည်း" ဟု မေး၏။ ယောကျာ်းတို့က "ရှင်မင်းကြီး၊ ရဟန်းတည်း။ ထိုရဟန်းသည် ညဉ့်အခါ၌ ယုတ်မာသောအကျင့်ကို ကျင့်၍ နေ့အခါ ရဟန်းအသွင်ဖြင့် နေ၏"ဟု ဆိုကုန်၏။ မင်းသည် "ရဟန်းတို့သည် နေ့အခါ၌ ရဟန်းတော်အသွင်ဖြင့် ကျင့်ကြပြီး ညဉ့်အခါ လွန်ကျူးသောအကျင့်ကို ကျင့်ကြကုန်၏"ဟု ရဟန်းတို့အား အမျက်ထွက်၍ အထင်အမြင်မှားကာ "ငါ၏ နိုင်ငံမှ ခပ်သိမ်းကုန်သော ရဟန်းတို့ကို နှင်ထုတ်ကြကုန်၊ မြင်တိုင်း မြင်တိုင်းသော အရပ်၌ ထိုရဟန်းတို့ကို မင်းဒဏ်ပြုကြကုန်၏"ဟု စည်လည်စေ၏။ ခပ်သိမ်းကုန်သော ရဟန်းတို့သည် ယူဇနာသုံးရာ အတိုင်းအရှည်ရှိသော ကာသိတိုင်းမှ ပြေးကုန်၍ တပါးသော မင်းနေပြည်သို့ သွားကြကုန်၏။ အလုံးစုံသော ကာသိတိုင်း၌ နေကုန်သော လူတို့အား အဆုံးအမကို ပေးတတ်သော တရားစောင့်သော ရဟန်းတပါးမျှလည်း မရှိတော့ပေ။ အဆုံးအမကို မခံရကုန်သော လူတို့သည် ကြမ်းကြုတ်ကုန်၏။ ဒါနသီလတို့မှ မျက်နှာလွှဲကြကုန်၏။ သေတိုင်းသေတိုင်းသော သူတို့သည် များသောအားဖြင့် အပါယ်သို့ လားကုန်၏။ နတ်ပြည်၌ ဖြစ်သောသူတို့သည် မရှိကြကုန်။

သိကြားမင်းသည် အသစ်ဖြစ်ကုန်သော နတ်သားတို့ကို မမြင်၍ အကြောင်းအသို့နည်းဟု ဆင်ခြင်လတ်သော် ဝိဇ္ဇာဓိုရ်ကို မှီ၍ ဗာရာဏသီမင်းသည် အမျက်ထွက်သဖြင့် အထင်အမြင်မှား၍ ရဟန်းတို့ကို တိုင်းနိုင်ငံမှ နှင်ထုတ်သည်၏အဖြစ်ကို သိ၏။ ထိုအခါ "ငါ့ကိုထား၍ ငါမှ တပါးသော ဤမင်း၏ အထင်မှား အမြင်မှားကို ဖျက်ဆီးအံ့သောငှာ စွမ်းနိုင်သောသူ မည်သည် မရှိ။ မင်း၏ငင်း၊ တိုင်းသူပြည်သားတို့၏ငင်း ကိုးကွယ်ရာဖြစ်အံ့"ဟု ကြံ၍ နန္ဒမူလိုဏ်၌ ပစ္စေကဗုဒ္ဓါတို့၏ အထံသို့ သွား၍ ရှိခိုးပြီး "အရှင်ဘုရားတို့၊ အကျွန်ုပ်အား ပစ္စေကဗုဒ္ဓါမထေရ်တပါးကို ပေးပါကုန်လော့။ ကာသိတိုင်းကို ကြည်ညိုစေအံ့"ဟု လျှောက်ထား၏။ သိကြားမင်းသည် သံဃာထေရ်ကိုပင်လျှင် ရရှိ၏။ ထိုအခါ ပစ္စေကဗုဒ္ဓါ၏ သပိတ် သင်္ကန်းကိုယူ၍ ပစ္စေကဗုဒ္ဓါကို ရှေ့မှ ကြွစေ၍ မိမိသည် နောက်မှ လိုက်၏။ ဦးခေါင်းသက်၍ လက်အုပ်ကို ချီထားပြီး ပစ္စေကဗုဒ္ဓါကို ရှိခိုးလျက် အလွန်အဆင်းလှပသည့် လုလင်ငယ် အသွင်ဖြင့် တမြို့လုံးကို သုံးကြိမ် လှည့်လည်ပြီး မင်း၏ နန်းတော်တံခါးသို့ သွားကာ ကောင်းကင်၌ ရပ်လေသည်။

အမတ်တို့သည် "မြတ်သောမင်းကြီး၊ အလွန် အဆင်းလှပသည့် လုလင်ငယ်သည် ရဟန်းတပါးကို ပင့်၍ မင်း၏နန်းတော် တံခါးဝယ် ကောင်းကင်၌ ရပ်နေ၏"ဟု မင်းအား ပြောကြားကြကုန်၏။ မင်းသည် နေရာမှထ၍ ခြသေ့ံသော လေသာ ပြူတင်း၌ရပ်၍ "လုလင်၊ သင်သည် အလွန် အဆင်းလှပသည် ဖြစ်လျက် အဘယ့်ကြောင့် အဆင်းမလှသော ရဟန်း၏ သပိတ်

သက်န်းကိုယူ၍ ရှိခိုးလျက် တည်သနည်း။ ရဟန်းသည်ငင်း၊ သင်သည်ငင်း အဘယ်အမည်ရှိသနည်း''ဟု မေးလေသည်။

ထိုအခါ သိကြားမင်းသည် မင်းကြီးကို ''မြတ်သောမင်းကြီး၊ ရဟန်းတို့မည်သည် အလေးအမြတ်ပြုရာ ဖြစ်ကုန်၏။ ထို့ကြောင့် ရဟန်းတို့ကို အမည်ဖြင့် မထုတ်ဖော် မခေါ်ဝေါ်ကြကုန်။ ငါ၏ အမည်ကိုကား ထုတ်ဖော်ပြောဆိုအံ့။ ငါသည် တာဝတိံသာ နတ်တို့ကို အစိုးရသော သိကြားမင်းတည်း''ဟု ပြောဆိုလေသည်။

ထိုစကားကိုကြား၍ မင်းက ''သိကြားမင်း၊ အကျင့်သီလနှင့် ပြည့်စုံသောရဟန်းကို ဖူးမြော်ကာ ရှေ့ကထားပြီး လက်အုပ်ချီလျက် ရှိခိုးသောသူသည် ဤဘဝမှ စုတေသည်ရှိသော် အဘယ်ချမ်းသာကို ရသနည်း'' ဟု မေးလေသည်။ သိကြားမင်းက ''မင်းမြတ်၊ အကျင့်သီလနှင့် ပြည့်စုံသောရဟန်းကို ဖူးမြော်ကာ ရှေ့ကထားပြီး လက်အုပ်ချီလျက် ရှိခိုးသောသူသည် မျက်မှောက်သော ကိုယ်၏ အဖြစ်၌ပင်လျှင် ချီးမွမ်းခြင်းကို ခံရ၏။ ကိုယ်ခန္ဓာပျက်သည်မှ နောက်၌ နတ်ပြည်သို့လည်း ရောက်ရ၏''ဟု ရှိခိုးခြင်း၏ အကျိုးကို ပြောဆိုလေသည်။

မင်းသည် သိကြားမင်း၏စကားကို ကြားရ၍ နှစ်သက်သော စိတ် ရှိရကား ''သိကြားမင်း၊ ယခုအခါ ငါ့အား ဘုန်းကျက်သရေ ထင်ရှားဖြစ်၏။ နတ်တို့ကို အစိုးရသော သိကြားမင်းကို မြင်ရ၏။ ငါသည် ရဟန်းကိုငင်း၊ သင် သိကြားမင်းကိုငင်း မြင်ရ၍ များစွာကုန်သော ကောင်းမှုတို့ကို ပြုပါတော့မည်'' ဟု ပြောဆိုလေသည်။

ထိုစကားကိုကြား၍ သိကြားမင်းက "မင်းမြတ်၊ သဒ္ဓါခြင်းရှိကုန်သော၊ ပညာရှိကုန်သော၊ များသော အကြားအမြင်ရှိကုန်သော၊ များစွာကုန်သော အကြောင်းတို့ကို ကြံခြင်းငှာ စွမ်းနိုင်ကုန်သော သူတို့ကို မှီဝဲ ဆည်းကပ်အပ်ကုန်၏။ ရဟန်းကို၎င်း၊ ငါ့ကို၎င်း မြင်၍ များစွာကုန်သော ကောင်းမှုတို့ကို ပြုလော့" ဟု တိုက်တွန်း ပြောဆိုလေသည်။

ထိုစကားကိုကြား၍ မင်းက "သိကြားမင်း၊ ကောင်းစွာဆိုအပ်ကုန်သော သိကြားမင်း၏ စကားတို့ကို ကြားရ၍ အမျက်မထွက်ဘဲ အမြဲမပြတ် ကြည်ညိုသောစိတ် ရှိသည်ဖြစ်၍ ခပ်သိမ်းကုန်သော အာဂန္တုတို့ တောင်းတိုင်းတောင်းတိုင်းကို ပေးလှူလျက် မာနကို နှိမ့်ချကာ ရှိခိုးပါအံ့" ဟု ပြောဆိုလေသည်။

ထိုနောက် မင်းသည် ပြသာဒ်မှ ဆင်းသက်၍ ပစ္စေကဗုဒ္ဓါကို ရှိခိုးပြီး တဖက်၌ ရပ်နေ၏။ ပစ္စေကဗုဒ္ဓါသည် ကောင်းကင်၌ ထက်ဝယ် ဖွဲ့ခွေနေ၍ "မြတ်သော မင်းကြီး" ညဉ့်အခါ သင်၏ နန်းတွင်း၌ ကျူးလွန် စော်ကားသောသူသည် ဝိဇ္ဇာဓိုရ်တည်း။ ရဟန်းမဟုတ် (ဝိဇ္ဇာဓရောနသံမဏော)။ သင်သည် ဤနေ့မှစ၍ လောကသည် 'အချည်းနှီးမဟုတ်၊ တရားစောင့်ကုန်သော ရဟန်းတို့သည် ရှိကုန်၏' ဟု သိ၍ အလှူပေးလော့၊ သီလဆောက်တည်လော့၊ ဥပုသ်သုံးလော့" ဟု မင်းကို ဆုံးမလေသည်။

သိကြားမင်းသည်လည်း သိကြား၏ အာနုဘော်ဖြင့် ကောင်းကင်၌ ရပ်၍ "ဤနေ့မှ စ၍ မမေ့လျော့ ဖြစ်ကြကုန်လော့" ဟု မြို့သူမြို့သားတို့အား အဆုံးအမကို ပေး၍ "ပြေး ကုန် သော ရဟန်းတို့သည် လာစေကုန်သတည်း" ဟု စည် လည် စေ၏။

ထို့နောက် ထိုနှစ်ပါးကုန်သော ပစ္စေကဗုဒ္ဓါနှင့် သိကြားတို့သည်လည်း မိမိတို့နေရာသို့သာလျှင် ပြန်သွားကြကုန်၏။ မင်းသည် ပစ္စေကဗုဒ္ဓါ၏ အဆုံးအမ၌ တည်၍ ဒါန အစရှိသော ကောင်းမှုတို့ကို ပြုလေသည်။

ဤဝိဇ္ဇာဓရဇာတ်၌ ပါရှိသော ဝိဇ္ဇာဓိုရ်သည် သူဘပါး၏ မယားကို အတင်းအဓမ္မ ဗလက္ကာရပြုကာ ကျူးလွန်စော်ကား ရုံသာမက ရဟန်းယောင်ဆောင်ကာ လူအများကို လှည့်စား လိမ်ညာသည့် လူရှုပ်လူပွေတယောက် ဖြစ်ပေသည်။ ပြဆိုအပ်ခဲ့ပြီးသည့် ပိဋကတ် ကျမ်းဂန်လာ ဇာတ်ဝတ္ထုများကို ထောက်ဆ၍ ဗုဒ္ဓလက်ထက်တော်နှင့် ဗုဒ္ဓ မပွင့်တော်မီက ဝိဇ္ဇာဓိုရ်များ၏ အပြုအမူ အကျင့်အကြံ အခြေအနေများကို သိရှိရပေသည်။

မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူသည့်အခါက စ၍ ယနေ့တိုင်အောင် ဣန္ဒိယပြည်၌ ဝိဇ္ဇာဓိုရ်တို့၏ အကြောင်းကို တစုံတရာ ဘာမျှ မသိရှိရတော့ပေ။ မြန်မာပြည်၌ကား ဝိဇ္ဇာဓိုရ် အများအပြား ပေါ်ပေါက်ခဲ့သည်ဟု ယုံကြည် ပြောဆိုနေကြ၏။ လူအများ ယုံကြည်ပြောဆိုချက်အရ ပုဂံခေတ်က ရှင်အဇ္ဇဂေါဏ (ဝါ) ရှင်မထီး ပေါ်ပေါက်ကာ ပုဂံပြည်၌ ရွှေမိုးငွေမိုး ရွာစေခဲ့၏။ ထို့နောက် ရေတိမ်ဆရာနှင့် ရှင်ဣန္ဒာစရိယ စသည်တို့ ပေါ်ပေါက်ခဲ့ကြ၏။ နောက်ဆုံး ကုန်းဘောင်ခေတ်၌ ပေါ်ပေါက်ခဲ့ကြသည့် ဝိဇ္ဇာဓိုရ်များကိုကား လောကီသိပ္ပ ဝိဇ္ဇာဓိုရ်ကျမ်း၌ အောက်ပါအတိုင်း ရေးသား ဖော်ပြထားပေသည်။

ရတနပုရ၊ အမရပုရ၊ ရတနပုဏ္ဏ ဌာနအသီးသီး နေပြည်တော်ကြီးများ၌ ထီးမင်း ၁၁ဆက်ဆက် ရွှေလက်ထက်ဘော်များတွင်

လောကီသိပ္ပ ဝိဇ္ဇာမယအတတ်ကို ကမ်းခတ်ပါရဂူ သိဒ္ဓိပေါက်၍ ပြောင်မြောက်သူ ပညာရှိ ကဝိ ဝိဇ္ဇာဓိုရ်လမ်းညွှန်။

ဝိဇ္ဇာဇယတု။ ။ရသေ့များစွာ၊ အဇ္ဈာမှာ၊ ဈာန်ဝါယော ဓာတ်၊ ကုသိုလ်မြတ်ကြောင့်၊ မပြတ်နေ့ည၊ သွားလာကြသား၊ တာပသလမ်း၊ လောကီကျမ်းနှင့်၊ မဂ်ငြမ်းတူညီ၊ ဉာဏ်ဂမ္ဘီသည်၊ ဝသီလေ့လာ၊ မော်ကွန်း ဖြာပိမ့်၊ ရတနာသိဃ်၊ ဘိုးတော် ကျလျှင်၊ အမရပုရီ၊ ပြည်ဌာနီမှ၊ ယာယီစံမြန်း၊ မင်းကွန်းနန်း ဝယ်၊ ထူးဆန်းမြင့်သည်၊ ရွှေစေတီကို၊ နတ်ညီဝန်းအုံ၊ ဓာတ် ပေါင်း စုံ၍၊ ကြည်ယုံသဒ္ဓာ၊ ပူဇော်ရာ၌၊ ဝိဇ္ဇာဓိုရ်ပွား၊ လူ ယောကျ်ားတို့၊ စက်ပါးခိုဝင်၊ မြူးထူးရွှင်သည်၊ မြေပြင်ရေပြင်၊ ကောင်းကင်ပျံဘိ၊ အများသိရှင့်၊ သိဒ္ဓိများမြောင်၊ (ရသေ့ အောင်ဟု)၊ မြန်ဘောင်အလုံး၊ မိုးသို့ခြုံးလျက်၊ ပတ်ကုံးကျေညာ၊ (ဆရာဝါသည်)၊ သစ္စာမယိမ်း၊ မှော်ကိုထိန်း၍၊ ခပ်သိမ်းရွှေငွေ၊ များကုဋေကို၊ ပဒေသာပင်၊ ဆွက်ယူသွင်သို့၊ ဆောင်တင်ဆက်သ၊ ဦးရွှေဝလည်း၊ နေ့ညထင်ပေါ်၊ (ဦးပိန်ကျော်တို့)၊ တေဇော်ကြီး လှ၊ ကြွအဘူးရ၏၊ ပဉ္စမမြောက်၊ တမိုးအောက်တွင်၊ တယောက် လူကျော်၊ မြိုင်တောပျော်သည်၊ ဘိုးတော်ဘုရား၊ စက်ထံပါးဝယ်၊ ရက်ကားသတ္တာ၊ မကြာလှရှင့်၊ သီလစောင့်ထိန်း၊ (မောင်စံငြိမ်း ဟု)၊ ခပ်သိမ်းမြို့ရွာ၊ လွန်ကျေညာ၍၊ စဥ့်ပါဘုန်းမော်၊ ဆရာ တော်လည်း၊ စက်ပျော်ခိုက်တွင်၊ ရေးရေးထင်သို့၊ ဖြူလွင်ဝတ် စား၊ မြင်သည်များကြောင့်၊ နိုးကြားလတ်သော်၊ စောင့်လင့် မျှော်စဉ်၊ တောင်ပေါ်ကဆင်း၊ ကျောင်း တော် တွင်း ဝယ်၊ စက်ရင်းခို၍၊ မေးမြန်းကလျှင်၊ လုံးဝမကျန်၊ ဖြောင့် အမှန်ကို၊

မချန်မထား၊ ပြန်လျှောက်ကြား၍၊ (တောသားဖြစ်ထွေ)၊ ကြောင်းစေ့ရေကို၊ သေချာကုန်စင်၊ သိလိုအင်ကြောင့်၊ ထေရှင်စဉ့်ပါ၊ သီလဝါသည်၊ ကျမ်းစာပိဋကတ်၊ အရပ်ရပ်ကို၊ နှံ့စပ်လိမ္မာ၊ သို့အရာမှာ၊ ပညာဉာဏ်နု၊ ဤအမှုကို၊ ယခုပိုင်ပိုင်၊ မသိနိုင်ဟု၊ ဥသျှောင်ကိုင်ဆုပ်၊ လက်ဖြင့်အုပ်သို့၊ ရွှေနှုတ်မြွက်ကာ၊ သာအယာဖြင့်၊ ပညာတို့ပွား၊ မေးစကားကို၊ တောသားလူထူး၊ လျှောက်ခဲ့ဘူးသည်၊ ညွှတ်နူးအာဘော် ပြောင်ရွှမ်းတည်း။

မမဲ့မေတ္တာ၊ ရင့်သမ္ဘာကြောင့်၊ တောဇာဖြိုးမောက်၊ ဘိုးတော်နောက်ဝယ်၊ ဆိုက်ရောက်ဝေါဟာ၊ နှစ်ကောဇာသည်၊ ကောဓမ္မ၊ ဇော်ဇယတွင်၊ နေလတန္နုန်း၊ နောင်ညီဘုန်းတို့၊ တိုင်းလုံးခွန်ယူ၊ ကနက်ထူလျှင်၊ ဇမ္ဗူတလွှား၊ ရာမင်းများလည်း၊ စက်ပါးဦးခိုက်၊ နန်းသစ်စိုက်အံ့၊ မကိုဋ်ရာဇူ၊ ကြံတော်မူကာ၊ ကြည်ဖြူဂုန္ဓ၊ မိုးမာဃသည်၊ ကပိလဝင်၊ နှယ်တော်စင်ကို၊ ပြဘက်ရာ၊ နေလဖြာသို့၊ မန္တလာရိပ်မြုံ၊ မျိုးပေါင်းစုံ၍၊ ရတနာပုံပြည်၊ ထောင်ပြန်တည်သည်၊ မြင့်ရှည်ငါးထောင်၊ သာသနာရောင်လည်း၊ ပြောင်ပြောင်လျှံလက်၊ ထိုလက်ထက်ဝယ်၊ ဘိုးနဂ္ဂတန်၊ ကောင်းကင်ပျံတို့၊ စီမံကမ္ပည်း၊ နိဿယည်းကို၊ ကြံလည်းကြံဆ၊ ပညာရ၍၊ မန္တလသိုက်၊ နန်းတွင်းဆိုက်အောင်၊ ဘိုးထိုက်ရွှေငွေ၊ ဆက်ဘူးလေသည်၊ တမြေရပ်ခြား၊ လှည့်လည်သွားသည်၊ ကုလားပသီ၊ ကျင့်စာဂီမှာ၊ (ဇော်ဂျီရုပ်ပုံ)၊ စက်ပါးလုံးကာ၊ ရွှေအုံပျိုဖြန်း၊ မှူတော်ထမ်း၍၊ မှန်နန်းခိုခ၊ ကညာလှနှင့်၊ ဇာတ်ဘာဝခြင်း၊ ပေးဆောင်နှင်းသည်၊ အင်းဝဇာတိ၊ မျိုးမှန်ဘိ၊ သတိရုပ်ခင်၊ ဖြစ်ဘူးအင်ကြောင့်၊ ဘုရင် ချီးမြှောက်၊

စက်ပါး ရောက်၏။ အံ့လောက်စဉ်ဆက်၊(ဆရာနက်နှင့်)၊လျှို့ဝှက်ပညာ၊ ခဲခက်စွာ သည်၊ ကျားလျှာမြို့တွင်း၊(ဆရာမင်းလည်း)၊ သတင်းတန်ခိုး၊ ရှိန်မညိုးသည်၊ပါးရိုးချောင်ဆို၊(ဆရာအိုသည်)၊ ချောင်ခိုပျော်လေ့၊ နေရာရွှေ့၍၊ ညဉ့်နေ့မဟူ၊ ငယ်ကြင်သူနှင့်၊ စိတ်တူမြေ၊ ချမ်းသာကြရှင့်၊ ကာလနှစ်ကြာ၊ကြည်လင်စွာလျက်၊ အရွာရွာသို့၊ အမြို့မြို့မှာ၊ နှစ်လိုပျော်ပိုက်၊ တံခွန်စိုက်၍၊ ဘိုးထိုက်များမြောင်၊ ဆရာအောင်တို့၊ ဉာဏ်ရောင်ကွန်မြူး၊ တတ်ခေါင်ကြူးသည်၊ ဆွတ်ခူးညာမော်၊ သောင်ကမ်းတည်း။

ဤဝိဇ္ဇာဓိုရ်လမ်းညွှန်ထဲတွင် ပါရှိသော ရသေ့အောင်ဆရာဝါ ဦးရွှေဝ၊ ဦးပိန်ကျော်၊ မောင်စံငြိမ်း၊ စဥ့်ပါဆရာတော် တွေ့သည့် ဝိဇ္ဇာဓိုရ်၊ ကုလားဇော်ဂျီ၊ ဆရာနက်၊ ရွာစောင်းခြုံ ဆရာဦးမင်း၊ ဆရာအို တည်းဟူသော ဝိဇ္ဇာဓိုရ် ဇော်ဂျီတို့အနက် ကုလားဇော်ဂျီ၏ အတ္ထုပ္ပတ္တိကို ရတနာ့သိခ ကုန်းဘောင် မဟာ ရာဇဝင် အကျဉ်း၌ အောက်ပါအတိုင်း ရေးသားထား ပေသည်။

## ဇော်ဂျီ ရောက်ခြင်း

"အောက်ပြည်မှ ကုလားဇော်ဂျီတဦး နန်းတော်သို့ ဝင်ရောက် ရွှေဖြစ်ကြောင်း သံတော်ဦး တင်လေသည်။ မင်းတရားဘုရားကြီးသည် ယုံကြည်တော်မူ၍ ဇော်ဂျီအား လစာတော်ပေး၍ တောင်ဉယျာဉ်၌ နေစေပြီးလျှင် နန်းမတော်ဘုရား အပျိုတော် မယ်ခင်အုံကြီးနှင့် ပေးစားလေသည်။ ထို့နောက်

ရက်ရှည် လရှည် ကြာသောအခါ ဇော်ဂျီ ရွှေမဖြစ်ကြောင်း အိမ်ရှေ့ဘုရား သိတော်မူလေသော် ဇော်ဂျီကို ခေါ်တော်မူ၍ ကွပ်မျက်လေသည်။"

ဤသို့လျှင် ရာဇဝင်၌ ပါရှိ၍ ကုလားဇော်ဂျီ၏ အကြောင်းခြင်းရာကို သိရှိရသော်လည်း အခြားသော ဝိဇ္ဇာဓိုရ်ဇော်ဂျီများ၏ အကြောင်းခြင်းရာကိုကား ရာဇဝင်များ၌ မပါရှိသဖြင့် မသိရှိရပေ။ သို့ရာတွင် မြန်မာပြည်ကြီး စည်ထီးကျိုးပေါက် သူတပါးလက်အောက်သို့ ရောက်ခဲ့ရခြင်း စသည်တို့ကို ထောက်ဆ၍ ထိုဝိဇ္ဇာဓိုရ်ဇော်ဂျီတို့သည် မြန်မာလူမျိုးတို့၏ ကောင်းကျိုးချမ်းသာကို မည်သို့မျှ မဆောင်ရွက်နိုင်ကြကြောင်းမှာ ထင်ရှားလှပေသည်။

ပြဆိုအပ်ခဲ့ပြီးသော ဝိဇ္ဇာမယိဒ္ဓိအတတ်နှင့် ဆက်သွယ်သည့် ပယောဂဆရာ အတတ်လည်း ရှိသေး၏။ ထိုပယောဂ ဆရာအတတ်သည် စုန်း၊ ကဝေ၊ ဘုတ်၊ တစ္ဆေ၊ ဘီလူး၊ သရဲ စသောမကောင်းဆိုးရွားများကို နိုင်နင်းသော အတတ်ဖြစ်သည်။ ထိုအတတ်ကို လေ့လာလိုက်စားသောသူတို့သည် ရတနာသုံးပါးနှင့် တွဲဖက်ကာ ဝိဇ္ဇာဓိုရ် ဇော်ဂျီများကို ပူဇော် ပသကြကုန်သည်။ ထိုပယောဂဆရာတို့ နှိမ်နင်းနိုင်ကြသည့် စုန်းကဝေအကြောင်းကို မြန်မာ့စွယ်စုံကျမ်း၌ အောက်ပါအတိုင်း ဖော်ပြထားသည်။

## စုန်းကဝေ အတတ်

"မြန်မာတို့၏ ရှေးဟောင်းအယူ၌ စုန်းဟူသည် အရောင်အဝါတောက်ပ၍ လူကို ဖမ်းစား နိုင်သော တန်ခိုးရှိသည်ဟု

ယုံမှတ်ကြသည်။ စုန်းဟူသော ဝေါဟာရမှာ ဇုကျဟူသော ပါဠိသဒ္ဒါမှပျက်၍ ဇုန်း၊ စုန်းဟူ၍ အဆင့်ဆင့် ပြောင်းလဲလာသည်ဟု ယေဘုယျအားဖြင့် ယူဆကြသည်။

ပတ်ဝန်းကျင်ရှိ သဘာဝဓမ္မတို့ကို ကောင်းစွာ မသိရှိကြရသေးသောခေတ်တွင် ကြောက်ရွံ့ခြင်း၊ အယူသည်းခြင်း၊ ဆင်ခြင်တုံတရား ကင်းမဲ့ခြင်း စသည်တို့ကြောင့် လူတို့သည် စုန်းကဝေ စသည်တို့ကို ယုံကြည်ခဲ့ကြသည်။ အသိတရား မဖွံ့ဖြိုးသေးသောခေတ်၌ မြန်မာနိုင်ငံ၌သာမက ယနေ့ ယဉ်ကျေးမှုအဆင့်အတန်း မြင့်သည်ဆိုသော နိုင်ငံကြီးများ၌ပင်လျှင် စုန်းအတတ်ကို ယုံကြည်ခဲ့ကြကြောင်း တွေ့ရှိရသည်။ စုန်းအတတ်နှင့်စပ်လျဉ်းသော အနောက်နိုင်ငံ အယူအဆ ဗဟုသုတ တို့ကို အောက်တွင် ဆက်လက်၍ ဖော်ပြလိုက်သည်။

အနောက်နိုင်ငံများ၌ စုန်းအတတ်သည် ခရစ်ယာန်အယူဝါဒမထွန်းကားမီ ရှေးဂရိနှင့် ရောမတို့လက်ထက်က ပေါ်ပေါက်လာပြီးလျှင် ခရစ်ယာန် အယူဝါဒ ထွန်းကားလာသော အခါ ပပျောက်သွားသည်။ စုန်းကဝေအတတ်မှာ အသိ အလိမ္မာ အလွန်နည်းကြသေးသော ရှေးလူရိုင်းများခေတ်က စတင်ပေါ်ပေါက်ခဲ့ပေသည်။ ထိုစဉ်က လူများမှာ ဗဟုသုတ နည်း၍ ဆင်ခြင်ဝေဘန်နိုင်သည့် အရည်အခြင်းများမရှိဘဲ ကြောက်ရွံ့ခြင်း၊ အယူသည်းခြင်းစသော စိတ်ဓာတ်များသာ လွှမ်းမိုးနေကြသည်။ သူတို့၏ စိတ်၌ လငပုပ်ဖမ်းခြင်း၊ နေကြတ်ခြင်း စသည်တို့ကိုပင် မကောင်းဆိုးရွားတို့က လုပ်သည်ဟု ယုံကြည်နေကြသည်။ ဂါထာမန္တရားတို့ကို အလွန်ယုံကြည်ကြသည်။ ဆေးဝါး

များ မရှိသေးသော ခေတ်ဖြစ်၍ တစုံတယောက်နေထိုင်မကောင်း လျှင် မန်းမှုတ်ခြင်းဖြင့် ကုစားကြ၏။ လူရိုင်းတို့၏စိတ်၌ ကမ္ဘာကြီးသည် နှစ်ခြမ်းကွဲလျက် တဖက်၌ လူကောင်းသူကောင်းများ ရှိ၍ အခြားတဖက်၌ မကောင်း ဆိုးရွားများ နေကြသည်ဟု ထင်၏။ လူတယောက် နာဖျားလျှင်ရှင်း၊ ဒုက္ခရောက်လျှင်ရှင်း၊ မကောင်းဆိုးရွားများက လုပ်သည်ဟု ယူဆ၍ ထို မကောင်း ဆိုးရွားများ ထွက်အောင် ကြိုးစား၍ ဂါထာမန္တရားများကို ရွတ်ဖတ်လေ့ရှိကြ၏။

ယခုအခါ စုန်းအတတ်ကို မှန်သော အယူမဟုတ်ဟု ယူဆလာကြသည်။ မှန်သောအယူကို လေးလေးနက်နက် ယုံကြည်ကြသောသူများမှာ စုန်းအတတ်ကို လုံးဝမယုံကြည်ကြချေ။”

ကုန်းဘောင်အလယ်ခေတ် ပြဇာတ်ဆရာဦးကြင်ဥက “ဝိဇ္ဇာမိုရ် ဇော်ဂျီသည် အသက်ကို ပြောင်းလဲပေးခြင်း၊ အသက်ကို ခွာထုတ် ဖယ်ယူပေးခြင်း၊ ဂါထာရွတ်ခြင်း၊ မန္တန်စုပ်ခြင်း၊ မှော်သွင်း ခြင်း စသော စုန်းနတ်တို့၏ တဆယ့်နှစ်ရပ်သော အတတ်ကို လည်လည်ပတ်ပတ် ထုံးလိုမွေ့ ရေလိုနှော်က် စံမြောက်အောင် တတ်သိနားလည်ကြောင်း စသည်များကို အောက်ပါအတိုင်း ရေးသားထားခဲ့လေသည်။

## ဇော်ဂျီချင်း

ရောသည်တခါ၊ ငါဖေဂျီသနစ်ကို၊ ဋီကာဖြင့် လောင်းတော့မည်၊ သက်ပြောင်းသက်ခွာ၊ ဂါထာမန္တန်၊ မှော်ပြန်စုန်းနတ်၊ ဆယ့်နှစ်ရပ်ကို၊ ပတ်ပတ်နှော်က်မွေ့၊ အရှင့်ဘုန်းနှင့် ထုံးလိုချေ၊

ကဝေသာရ၊ လက္ခဏာဒီပ၊ ဘေသဇ္ဇပါရဂူ၊ သရဖူပိဋကော၊ ဉာဏ်နှင့် တေဇော၊ ဝါယောဓာတု၊ ဓာတ်ဆေးကုမှာလည်း၊ သူထက်ဆယ်ဆ၊ ကြူးလို့ဘဲကျရသေး။ သုတ်လောဟာ၊ ဘင်နာခဲကျိုး၊ သံသေလည်းထိုး၊ တန်ခိုးစွမ်းအင်၊ စိန်သေနတ် အမြောက်နှင့်၊ လေးသစ်ပေါက်အဝင်၊ အရှင်သိရဲစာမြီ၊ ငါနန်းပေါက် ဇော်ဂျီကို၊ မိဆန်အတင်း၊ ဇော်ဂျီနံငယ်၊ ဗန္ဓတ်ထယ်တို့၊ သေ့ဖယ်လို့ငြင်းမလ၊ တောတွင်းကပ်မြောင်၊ ယင်းသို့သော ဇော်ဂျီကို၊ ထဘီမှာ ပေါင်ရေ့မည်၊ မသောင်မမာ၊ မမြောင်လာကြနှင့်၊ ကြေညာအဝှန်၊ ဟောဝန်ဆိကို၊ တလီကွန့်တော့မည်၊ အနောတတ်အိုင်မင်းက၊ ဆယ့်နှစ်ခွေ၊ ရေလည်၍ ဆင်းသည့်နှယ်၊ နတ်ညွှင်းသံ ဆော်စမ်း။

## ဗေဒင်ကို ယုံကြည်လိုက်နာခြင်း

ဗေဒင်ပညာသည် နေသွား၊ လသွား၊ နေကြွတ်၊ လကြွတ်၊ ဂြိုဟ်နေ ဂြိုဟ်ရပ်၊ နက္ခတ်တာရာတို့ကို လေ့လာမှတ်သားရသော အတတ်ပညာ ဖြစ်သည့် အားလျော်စွာ လူမျိုးတိုင်း၌ လိုအပ်သော ယဉ်ကျေးမှုပညာရပ် တခုပင် ဖြစ်ပေ၏။ သို့ရာတွင် မြန်မာပြည်၌ ဇဗေဒင်ပညာတည်းဟူသော ပင်မကြီးမှ ဖြာထွက်လာသော အကိုင်းအခက် အတက်အလက်တို့သည်ကား ရေတွက်၍ မရနိုင်လောက်အောင်ပင် များပြားလှကုန်သည်။

ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့သည် ဝဋ္ဋဘဝ၏ ချုပ်ငြိမ်းရာ နိဗ္ဗာန်ကို တောင့်တကြ၍ ဥပါဒါန ပစ္စယာအဝေါ်ဟု ဟောတော်မူသည့်အတိုင်း ဘဝ၏ အကြောင်းဖြစ်သော ဥပါဒါန်ကို

ပယ်ခွာသတ်ဖြတ်ရန် ကြိုးစားကြ၏။ သို့ရာတွင် သူတို့သည် ကြောက်ရွံ့ခြင်း၊ အယူသည်းခြင်း၊ အသိဉာဏ် ကင်းမဲ့ခြင်းတို့ကြောင့် ဒိဋ္ဌုပါဒါန်နှင့် သီလဗ္ဗတုပါဒါန်တို့ဖြင့် အဓိပ္ပာယ် ရှာမရသည့် အယူအဆ၊ အလေ့အထ၊ အကျင့်အကြံများကို ဟောပြောချေချွတ်လို့ မရနိုင်အောင်ပင် အပြင်းအထန် စွဲလမ်းဆုပ်ကိုင်ထားကြကုန်သည်။

သူတို့သည် အများအားဖြင့် လာဘ်နေ၊ နတ်နေ၊ စက်နေ၊ မိတ်ရန်၊ ဓာတ်ဖက်၊ မြေခံ၊ နဂါးလှည့်၊ ပြဿဒါး၊ ရက်ရာဇာ၊ ကောင်းကင်နက္ခတ်၊ လကြတ်၊ နေကြတ်၊ ဂြိုဟ်စီးဒသာ၊ သိုက်၊ တဘောင်၊ စံနည်း၊ ဘဝေါ၊ ရွှေပေလွှာ၊ မင်္ဂလာ၊ အမင်္ဂလာ၊ တိတ်၊ နိမိတ်၊ အိပ်မက်၊ အင်းအိုင်၊ လက်ဖွဲ့၊ မန္တန်၊ ဓားပြီး၊ ဒုတ်ပြီး၊ ကာယသိဒ္ဓိ၊ ဓနသိဒ္ဓိ၊ ဣတ္ထိသျှို၊ ဓနသျှို၊ ငှက်မြည်၊ ငှက်နား၊ ပျားစွဲ၊ တောင်ပို့ပေါက် စသည်တို့၏ အကောင်းအဆိုး၊ အကျိုးအပြစ်ကို သဲသဲမဲမဲ စွဲမြဲယုံကြည်ကြကုန်သည်။

ဤသို့လျှင် ထေရဝါဒ ဗုဒ္ဓဘာသာ ကြီးပွားထွန်းကား စည်ပင်ပြန့်ပွားရာ မြန်မာပြည်၌ မိစ္ဆာအယူများ ဖြစ်ကြသည့် နတ်ကိုးကွယ် ပူဇော်ပသခြင်း၊ ဝိဇ္ဇာမယိဒ္ဓိအတတ်ကို လေ့လာလိုက်စားခြင်း၊ ဗေဒင်ကို ယုံကြည်လိုက်နာခြင်းတို့သည် အံ့ဩဘွယ်ရာ အလွန် ခိုင်မာစွဲမြဲစွာ အမြစ်တွယ်နေကြကုန်သည်။

အင်္ဂုတ္တရနိကာယ ပဉ္စက နိပါတ စဏ္ဍာလသုတ်၌ ဥပါသကာ ဒွန်းစဏ္ဍားနှင့် ဥပါသကာ ရတနာတို့ကို သီးသန့်ခြားနားကာ အောက်ပါအတိုင်း ဟောကြားထားသည်။

ရဟန်းတို့၊ တရားငါးမျိုးတို့နှင့် ပြည့်စုံသော ဥပါသကာသည် ဥပါသကာ ဒွန်းစဏ္ဍားလည်း မည်၏။ ဥပါသကာ ညစ်လည်း မည်၏။ ဥပါသကာညှို့လည်း မည်၏။

အဘယ်ငါးမျိုးတို့နည်းဟူမူ

(၁) ယုံကြည်မှု သဒ္ဓါတရားမရှိ။
(၂) စောင့်ထိန်းမှု သီလမရှိ။
(၃) ကောတုဟလ မင်္ဂလာကို ယုံကြည်မှုရှိ၏။
(၄) မင်္ဂလာကို ယုံကြည်၍ ကံကို မယုံကြည်။
(၅) ဤသာသနာတော်မှ ပြင်ဘက်၌လည်း အလှူခံပုဂ္ဂိုလ်ကို ရှာမှီး၏။

ထိုသာသနာ့ အပြင်ဘက်၌လည်း ရှေးဦးစွာ ကောင်းမှုကို ပြု၏။ ရဟန်းတို့၊ ဤတရားငါးမျိုးတို့နှင့် ပြည့်စုံသော ဥပါသကာသည် ဥပါသကာ ဒွန်းစဏ္ဍားလည်း မည်၏။ဥပါသကာညစ်လည်း မည်၏။ ဥပါသကာညှို့လည်း မည်၏။

ရဟန်းတို့၊ တရားငါးမျိုးနှင့် ပြည့်စုံသော ဥပါသကာသည် ဥပါသကာ ရတနာလည်း မည်၏။ ဥပါသကာ ပဒုမာလည်း မည်၏။ ဥပါသကာ ပုဏ္ဍရိကလည်း မည်၏။

အဘယ်ငါးမျိုးတို့နည်းဟူမူ

(၁) ယုံကြည်မှု သဒ္ဓါတရားရှိ၏။
(၂) စောင့်ထိန်းမှု သီလရှိ၏။
(၃) ကောတုဟလ မင်္ဂလာကို ယုံကြည်မှုမရှိ။

(၄) ကံကို ယုံကြည်၍ မင်္ဂလာကို မယုံကြည်။
(၅) ဤသာသနာတော်မှ ပြင်ဘက်၌ အလှူခံပုဂ္ဂိုလ်ကို မရှာမှီးတတ်၊ ဤသာသနာတော်၌သာ ရှေးဦးစွာ ကောင်းမှုကို ပြု၏။

ရဟန်းတို့၊ ဤတရားငါးမျိုးနှင့် ပြည့်စုံသော ဥပါသကာ သည် ဥပါသကာ ရတနာလည်း မည်၏။ ဥပါသကာ ပဒုမာ လည်း မည်၏။ ဥပါသကာ ပုဏ္ဍရိကလည်း မည်၏ဟု မိန့်တော် မူ၏။

## ဥပါသကာ ဒွန်းစဏ္ဍား

ဤစဏ္ဍာလသုတ်၌ ဥပါသကာ ဒွန်းစဏ္ဍား၏ အင်္ဂါငါးပါး တို့တွင်

(၁) "ယုံကြည်မှု သဒ္ဓါတရားမရှိ"ဟူသော ပထမအင်္ဂါအရ ဥပါသကာ ဒွန်းစဏ္ဍားသည် 'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ၊ ဗုဒ္ဓေါမေ သရဏံ အညံနတ္ထိ၊ ဓမ္မောမေ သရဏံ အညံနတ္ထိ၊ သံဃောမေ သရဏံ အညံနတ္ထိ'ဟု ရွတ်ဆိုနေသော်လည်း ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို ပြတ်ပြတ်သားသား လေးလေးစားစား မနှစ်ခြိုက် မယုံကြည် လှပေ။ သူသည် နတ်ဝိဇ္ဇာ၊ ဇော်ဂျီ စသည်တို့ကိုလည်း ပစ္စုပ္ပန် အကျိုးကို လိုလားတောင့်တကာ ပူဇော်ပသ ယုံကြည်လေးစား ရှိသေဝပ်တွားနေသေး၏။ ဤသို့လျှင် သူသည် မီးစတဖက်၊ ရေမှုတ်တဖက် လုပ်နေခြင်းအားဖြင့် ရတနာသုံးပါးအပေါ်

တကယ်သစ္စာရှိသူ မဟုတ်ဘဲ သစ္စာဖောက်သူသာ ဖြစ်ပေသည်။ ထို့ကြောင့် သူ့အား ဥပါသကာ ဒွန်းစဏ္ဍား စာရင်းထဲသို့ ထည့်သွင်းထားရခြင်း ဖြစ်ပေသည်။

(၂) "စောင့်ထိန်းမှု သီလမရှိ"ဟူသော ဒုတိယအင်္ဂါအရ ဥပါသကာဒွန်းစဏ္ဍားသည် ယုံကြည်မှု သဒ္ဓါတရား မရှိခြင်းကြောင့် "ကံကံ၏အကျိုးသည် မရှိ၊ တမလွန်လောက နောက်ဘဝသည် မရှိ" ဟု ပြောဆိုယူဆထား၏။ သို့ဖြစ်၍ သူသည် နောက်ဘဝတွေကို ငဲ့ကွက်ထောက်ထားပြီး မကောင်းမှု ဒုစရိုက်များမှ ရှောင်ရှားနေဘို့ မလိုတော့ပေ။ အဇ္ဈတ္တကိုငဲ့ပြီး မိမိကိုယ်ကို ဆုံးမပဲ့ပြင်ကာ စောင့်စည်းထိန်းသိမ်းထားဘို့လည်း အရေးမကြီးတော့ပေ။ ဗဟိဒ္ဓကိုငဲ့ပြီး သူတပါးနှင့် ဆက်ဆံရေးငဲ့ အဆင်ပြေမှုကိုသာ အဓိကထား၍ ဟန်လုပ်ကာ စောင့်စည်းဘို့လောက်သာ လိုပေတော့သည်။ ဤသို့အားဖြင့် သူသည် အဟုတ်တကယ် ယုံကြည်စိတ်ချရသော လူကောင်း သူကောင်း အစစ်အမှန် သီလဝန္တ ပုဂ္ဂိုလ်ဖြစ်ဘို့ရန် မလွယ်ကူလှပေ။ အမြင်ကျဉ်းမြောင်းလှစွာ လက်ရှိဘဝကောင်းစားရေးမျှကိုသာ အဓိကထားနေရကား ဟိရိနှင့် ဩတ္တပ္ပ တည်းဟူသော လောကပါလတရား နှစ်ပါးကိုလည်း လေးလေးနက်နက် စိတ်ရောကိုယ်ပါ ကျင့်သုံးတော့မည် မဟုတ်ပေ။ ဟိရိနှင့် ဩတ္တပ္ပ မရှိပါက သီလလည်း စင်စင်ကြယ်ကြယ် ပြည့်ပြည့်ဝဝ ရှိတော့မည် မဟုတ်ပေ။ ထို့ကြောင့် သူ့အား ဥပါသကာဒွန်းစဏ္ဍားစာရင်းထဲသို့ ထည့်သွင်းထားရခြင်း ဖြစ်ပေသည်။

(၃) "ကောတုဟလ မင်္ဂလာကို ယုံကြည်မှုရှိ၏" ဟူသော တတိယအင်္ဂါအရ ဥပါသကာဒွန်းစဏ္ဍားသည် အတိတ်ကောင်း နိမိတ်ကောင်း စသည်တို့ဖြင့် ကောင်းကျိုးချမ်းသာ မင်္ဂလာ ဖြစ်လတံ့ဟု အသိအလိမ္မာ ဉာဏ်ပညာ မရှိသူတို့ တွေးတောကြံဆ အပ်သည့် ကောတုဟလခေါ်သော ဒိဋ္ဌ သုတ မုတ မင်္ဂလာကို လေးလေးနက်နက် ယုံကြည်စွဲလမ်း၏။ သူသည် ကိုယ်ဝန်ဆောင် သောမိန်းမ၊ ရေပြည့်သောအိုး၊နွားမ စသည်တို့ကို မြင်ရလျှင်ရင်း၊ အောင်ပါစေ၊ ချမ်းသာပါစေ စသောအသံကို ကြားရလျှင်ရင်း၊ မွှေးကြိုင်သောအနံ့၊ ချိုမြိန်သော အရသာ၊ နူးညံ့ချောမွေ့သော အတွေ့အထိတည်းဟူသော ဂုဏ္ဍာရုံတို့ကို တွေ့ကြုံခံစားရလျှင်ရင်း အလွန် ကျက်သရေမင်္ဂလာ ရှိ၏ဟု ထင်မြင်ယူဆနေသည်။

သူသည် သဒ္ဓါမရှိခြင်းကြောင့် သီလမရှိပေ။ သီလမရှိခြင်း ကြောင့် သမာဓိနှင့် ပညာလည်းမရှိတော့ပေ။ သမာဓိနှင့် ပညာ မရှိခြင်းကြောင့် ဒိဋ္ဌုပါဒါန်နှင့် သီလဗ္ဗတုပါဒါန်တို့ဖြင့် အနှစ် သာရ ဘာမျှရှာမရသည့် မြေခံ၊နဂါးလှည့်၊ ပြဿဒါး၊ရက်ရာဇာ၊ အင်းအိုင်၊ လက်ဖွဲ့၊ ဂါထာမန္တရား၊ ကာယသိဒ္ဓိ၊ မနသိဒ္ဓိ၊ ဝိဇ္ဇာ မယိဒ္ဓိပညာ၊ မှော်အတတ် စသည့် တန္တရဝါဒ၊ မန္တရဝါဒတို့ကို မျက်ကန်းသဖွယ် ယုံကြည်စွဲလမ်းနေ၏။ ထိုတန္တရဝါဒနှင့် မန္တရ ဝါဒတို့သည် ဇာနိယပြည်၌ ဗုဒ္ဓဘာသာကိုပင် ကွယ်ပျောက်စေခဲ့ ကြလေ၏။ ထို့ကြောင့် သူ့အား ဥပါသကာဒွန်းစဏ္ဍား စာရင်း ထဲသို့ ထည့်သွင်းထားရခြင်း ဖြစ်ပေသည်။

(၄) "မင်္ဂလာကို ယုံကြည်၍ ကံကို မယုံကြည်" ဟူသော စတုတ္ထ အင်္ဂါအရ ဥပါသကာ ဒွန်းစဏ္ဍားသည် ပြဿဒါး၊ ရက်

ရာဇာ စသည်တို့ကို အသေအလဲ ယုံကြည်စွဲလမ်းလျက် မှော်အတတ် စသော တန္တရဝါဒ မန္တရဝါဒတို့ကို လေ့လာလိုက်စားနေရသဖြင့် ၎င်းကို လေးလေးစားစား မယုံကြည်အားတော့ပေ။ ကုသိုလ်ကံသည် ကုသိုလ်အကျိုးကို ဖြစ်စေသည်။ အကုသိုလ်ကံသည် အကုသိုလ်အကျိုးကို ဖြစ်စေသည် ဟူသော ကံနှင့် ကံ၏အကျိုးသွားကို ပြတ်ပြတ်သားသား မယုံကြည်တော့ဘဲ ရက်ရာဇာနေ့သည် ကောင်းကျိုးချမ်းသာ မင်္ဂလာကို ဖြစ်စေ၏။ ပြဿဒါးနေ့သည် ဆင်းရဲမှုတေ အမင်္ဂလာကို ဖြစ်စေ၏ စသော ကောတုဟလမင်္ဂလာကို ဒိဋ္ဌုပါဒါန်ဖြင့် အပြင်းအထန် စွဲလမ်းနေ၏။ သူသည် အလှူမဏ္ဍပ်ကို ဆောက်ရာကစ၍ ရက်ကောင်းရာဇာရွေးပြီး နတ်ပွဲပေးနေ၏။ တမာစေ့မှ သရက်ပင် ပေါက်လိမ့်မည်ဟု အထင်အမြင် မှားနေသော သူကဲ့သို့ သူသည် အကုသိုလ်ဒုစရိုက်အလုပ်မှ နတ် ဝိဇ္ဇာ ဇော်ဂျီ စသည်တို့၏ တန်ခိုးကြောင့် ကောင်းကျိုးချမ်းသာ မင်္ဂလာများ ဖြစ်ပွား လာလိမ့်မည်ဟု မြော်လင့် စောင့်စား အယူမှားနေ၏။ ထို့ကြောင့် သူ့အား ဥပါသကာဒွန်းစဏ္ဍား စာရင်းထဲသို့ ထည့်သွင်း ထားရခြင်း ဖြစ်ပေသည်။

(၅) "ဤသာသနာတော်မှ ပြင်ဘက်၌လည်း အလှူခံပုဂ္ဂိုလ်ကို ရှာမှီး၏။ ထိုသာသနာ့ အပြင်ဘက်၌လည်း ရှေးဦးစွာကောင်းမှုကိုပြု၏" ဟူသော ပဉ္စမအင်္ဂါအရ ဥပါသကာဒွန်းစဏ္ဍားသည် အင်းအိုင်၊ လက်ဖွဲ့၊ ဂါထာ၊ မန္တရားနတ်၊ ဝိဇ္ဇာ ဇော်ဂျီ စသည်တို့၏ တန်ခိုးဣဒ္ဓိများကို ယုံကြည်လေးစား အားကိုး

အားထား ပြုလုပ်နေရသဖြင့် မိမိ၏ကိုယ်ပိုင်ဖြစ်သော ဆန္ဒိဒ္ဓိပါဒ်၊ ဝီရိယိဒ္ဓိပါဒ်၊ စိတ္တိဒ္ဓိပါဒ်၊ ဝီမံသိဒ္ဓိပါဒ်တည်းဟူသော ဣဒ္ဓိပါဒ် လေးပါးတို့သည် အားနည်းသွားကြကုန်တော့၏။ မြတ်စွာဘုရား က "အတ္တဒီပါ ဝိဟရထ အတ္တသရဏာ အနညသရဏာ" ဟူ၍ မိမိကိုယ်တိုင်ကိုသာလျှင် မှီခိုအားကိုးရန် ဟောကြားထားခဲ့သော် လည်း မိမိကိုယ်တိုင်ကို အားမကိုးဘဲ သူတပါးကိုသာ အားကိုး နေ၏။

သူသည် ရဟန္တာရှစ်ပါးနှင့် မြတ်စွာဘုရား၏ ရုပ်ပွားတော် များကို ရှေ့ကထားပြီး အကာအကွယ် ပြုလုပ်ကာ ဂြိုဟ်ကိုးလုံးနှင့် သူရဿတီ၊ စန္ဒီ၊ ပရမေသွာ၊ မဟာပိန္နဲ၊ ပိဿနိုးတည်း ဟူသော ဟိန္ဒူနတ်ကြီး ငါးဦးတို့ကို နောက်ကထားလျက် ဘုရားကိုးဆူ ပူဇော်ပွဲဟု အမည်တပ်ပြီး ဂြိုဟ်နှင့် နတ်များကို ပူဇော်ပသ၏။ သင်္ဂါယနာ သုံးတန် တင်ထားအပ်သည့် ထေရဝါဒ ပိဋကတ် ကျမ်းဂန် ပါဠိတော် အဋ္ဌကထာ ဋီကာတို့၌ မလာပါဘဲ ဝဓနေ ပရံပရ စကားအဆက်ဆက် ပြောကြသော (၁) ဝေဘာရ တောင်တွင် အရှင်မဟာကဿပထေရ်၊ (၂) သုဘာသာရ တောင်တွင် ဥတ္တမထေရ် (၃) ဝေမိဿကတောင်တွင် ဓမ္မထေရ် (၄) မကုလတောင်တွင် ဥခေရထေရ် ဟူ၍ သေလေးပါးနှင့် (၁) တောင်သမုဒ္ဒရာတွင် ဥပဂုတ္တထေရ် (၂) အနောက်သမုဒ္ဒရာ တွင် မေခရထေရ်၊ (၃) မြောက်သမုဒ္ဒရာတွင် ဘဒ္ဒထေရ် (၄) အရှေ့သမုဒ္ဒရာတွင် ဓမ္မသာရထေရ်ဟူ၍ ရှင်လေးပါးတို့တွင် ဥပဂုတ္တထေရ်ကို အထူးတလည် ရွေးချယ်ပြီး ကိုးကွယ်၏။

ထိုရှင်ဥပဂုတ်သည် လေမုန်တိုင်းကျခြင်း၊ မိုးရွာခြင်း၊ ရေလွှမ်းမိုးခြင်း စသော အန္တရာယ်တို့မှ ကာကွယ်နိုင်သည်ဟု ယုံကြည်ပြီး ရှင်ဥပဂုတ်ကို ကျောင်းဆောင်ထဲသို့ ပင့်ဆောင်ပြီး ရေမျှောသည်။

ဥပါသကာ ဒွန်းစဏ္ဍားသည် ဤသာသနာတော်နှင့် ဘာမျှမသက်ဆိုင်သဲ့ သာသနာ့ အပြင်ဘက်၌ ဖြစ်ကြကုန်သော ၃၇မင်းနတ်တို့ကိုရင်း၊ အိမ် တွင်း မင်းမဟာဂီရိနတ်ကိုရင်း၊ ရေငံပိုင်ဦးရှင်ကြီးနတ်ကိုရင်း၊ ဒေသအလိုက် နတ်များကိုရင်း၊ ဝိဇ္ဇာဇော်ဂျီတို့ကိုရင်း ရိုသေမြတ်နိုး လက်စုံမိုးကာ ရှိခိုးဝပ်တွား အသနားခံတတ်၏။ ထမင်း ဟင်း မုန့် သောက်တော်ရေချမ်း ပန်းနံ့သာဆီမီး ဖယောင်းတိုင် အမွှေးတိုင်စသည်တို့ဖြင့် ပူဇော်ပသ သက္ကာရပြု၏။ ထိုကြောင့် သူ့အားဥပါသကာဒွန်းစဏ္ဍားစာရင်းထဲသို့ ထည့်သွင်းထားရခြင်း ဖြစ်ပေသည်။

## ဥပါသကာရတနာ

ဥပါသကာ ရတနာ၏ အင်္ဂါငါးပါးတို့တွင် (၁)"ယုံကြည်မှုသဒ္ဓါတရားရှိ၏" ဟူသော ပထမ အင်္ဂါအရ ဥပါသကာရတနာသည် ကြည်ညိုထိုက်သော ဂုဏ်ကို ကြားရမြင်ရလျှင် ကြည်ညိုတတ်သော ပသာဒသဒ္ဓါ၊ ဉာတိပိယသောဘဂဝါ စသော ဂုဏ်တော်များကို သက်ဝင်ယုံကြည်၍ ကြည်ညိုသော ဩကပ္ပနသဒ္ဓါတို့နှင့် ပြည့်စုံ၏။ သူသည် မြတ်စွာဘုရား၏ တပည့်သားအဆက်အနွယ်မှန်လျှင် အလဇ္ဇီဒုဿီလတို့၌ပင်လျှင် အနွယ်နှင့်စပ်၍ လေးမြတ်ရိုသေ၏။ မိမိ၌ ရရှိသမျှသော ပစ္စည်းဥစ္စာ

တို့ကို ငါ့ဟာ ငါ့ဥစ္စာ ဟူသော အမှတ် အကြပ်အဘည်းမရှိစေမှု၍ သီလဝန္တကလျာဏ ဂိုဏ်းဝင် လူရှင် အများတို့နှင့် ယသာရဟံ ဆက်ဆံဆိုင်ဆည်သည်ကို ပြု၍ သုံးဆောင်ကာ သာသနာတော်ကို ပစ္စည်းလေးပါးဖြင့် ချီးမြှောက်အားပေး ရှိသေလေးစား၏။ သူသည် သဒ္ဓါကို အခြေခံ၍ မုသားကို အချင်းခပ်သိမ်း ပယ်ရှားသည့် သစ္စာပါရမီ၊ ဤအမှုကို ပြုမည်ဟု နှုတ်ပဋိညာဉ် ထားပြီးသည့်နောက် ပြောင်းရွှေ့လှုပ်ရှားခြင်းမရှိသည့်အဓိဋ္ဌာန် ပါရမီတို့ကို ဖြည့်ကျင့်ဆည်းပူးနေသူ ဖြစ်ရကား ဗုဒ္ဓံသရဏံဂစ္ဆာမိ....ဗုဒ္ဓံမေသရဏံအညံနတ္ထိ....ဟု အကြိမ်ကြိမ် အထပ်ထပ် ရွတ်ဆိုအပ်သည့်အတိုင်း ရတနာသုံးပါးအပေါ်၌ သစ္စာရှိ၏။ အဓိဋ္ဌာန်မြဲ၏။ ရတနာသုံးပါးကိုသာ လျှင် ပြတ်ပြတ်သားသား လေးလေးစားစား နှစ်ခြိုက်ယုံကြည်၏၊ နတ်ဝိဇ္ဇာ ဇော်ဂျီ ဂြိုလ် နက္ခတ် စသည်တို့ကို အရေးထားကာ ယုံကြည်လေးစားမှု မပြုလုပ်ပေ။ ထို့ကြောင့် သူ့အား ဥပါသကာ ရတနာစာရင်းထဲသို့ ထည့်သွင်းထားရခြင်း ဖြစ်ပေသည်။

(၂) "စောင့်ထိန်းမှု သီလရှိ၏" ဟူသော ဒုတိယ အင်္ဂါအရ ဥပါသကာ ရတနာသည် ကာယဒုစရိုက် ၃ ပါး၊ ဝစီဒုစရိုက် ၄ ပါးတို့ကို မကျူးမလွန်ရအောင် စောင့်ထိန်းမှု စာရိတ္တသီလ၊ ဘုရားတရားသံဃာ ဆရာမိဘ၊ ဂုဏဝုဍ္ဎိ ဝယဝုဍ္ဎိဖြစ်သော သူတို့၌ အရိုအသေပြုမှုနှင့် တွေ့မြင်သမျှသော သူတို့၌ ကုသိုလ်ဖြစ်ထိုက်သော ဝေယျာဝစ္စကို ကူညီဆောင်ရွက်မှု စာရိတ္တသီလတို့နှင့် ပြည့်စုံ၏။ သူသည် သီလ၏ အခြေခံဖြစ်သော တွေ့သမျှမြင်သမျှသော သတ္တဝါများကို ကောင်းကျိုးချမ်းသာ ဖြစ်စေလိုသည့်

မေတ္တာစိတ်နှင့်လည်း ပြည့်စုံ၏။ မိမိကို ကြည်ညိုလေးမြတ်သော သူနှင့် ပြစ်မှားသော သူနှစ်ဦးတို့၌ ချစ်ခြင်းမုန်းခြင်း စိတ်နှစ်မျိုး မရှိခြင်း ဥပေက္ခာပါရမီနှင့် သတ္တဝါတို့ ပြုသောအမှု၌ သည်းခံခြင်း အချမ်းအပူစသော အနိဋ္ဌဓမ္မတို့၌ သည်းခံခြင်း ခန္တီပါရမီတို့နှင့်လည်း ပြည့်စုံ၏။ ဤဥပေက္ခာပါရမီနှင့် ခန္တီပါရမီနှစ်ပါးတို့ မပါလျှင် ကြွင်းသော ပါရမီရှစ်ပါးတို့သည် မချောမောနိုင်ကုန်သောကြောင့် သူသည် အဖေအမေနှင့်တူသော ဤပါရမီနှစ်ပါးကို ရှောင်လွှဲ၍မရ ပြုလုပ်ရမည်သာ ဧကန်ဖြစ်ပေသည်။ ဤသို့လျှင် သူသည် သီလပါရမီနှင့်တကွ မေတ္တာပါရမီ၊ ဥပေက္ခာပါရမီ၊ ခန္တီပါရမီတို့ကို ဖြည့်ဆည်းပူးရ၏။ ထို့ကြောင့် သူ့အား ဥပါသကာ ရတနာစာရင်းထဲသို့ ထည့်သွင်းထားရခြင်း ဖြစ်ပေသည်။

(၃) "ကောတုဟလ မင်္ဂလာကို ယုံကြည်မှုမရှိ" ဟူသော တတိယ အင်္ဂါအရ ဥပါသကာ ရတနာသည် သဒ္ဓါ၊ သီလစသော သုက္ကဓမ္မ တည်းဟူသော အသက်ထင်ရှား ရှိနေ၏။ အသက်သည် (၁) ဇီဝိတိန္ဒြေ (၂) သဒ္ဓါသီလ စသော သုက္ကဓမ္မမျိုး (၃) ဒါနပါရမီ သီလပါရမီစသော ဝိဝဋ္ဋမျိုးဟူ၍ သုံးပါး အပြားရှိ၏။ ထိုသုံးပါးတို့တွင် ဇီဝိတိန္ဒြေသည် တခုတခုသော ဘဝ၌ ခန္ဓာကိုယ်ကို စောင့်ရှောက်၏။ ဇီဝိတိန္ဒြေပျက်လျှင် ထိုခန္ဓာကိုယ် ပျက်၏။ သုက္ကဓမ္မမျိုးသည် သူတော်ကောင်းအသက်တည်း။ သုက္ကဓမ္မပျက်လျှင် သူတော်ကောင်းအသက် ဆုံး၏။ ဝိဝဋ္ဋဓမ္မမျိုးသည် ဗောဓိလောင်း၏ အသက်တည်း။ အသက်ဆိုသည်မှာ ရေသည် ကြာကို စောင့်သကဲ့သို့ စောင့်ရှောက်

တတ်သော ခေတ်ဖြစ်၏။ ဥပါသကာ ရတနာသည် သဒ္ဓါသီလ စသော သုက္ကဓမ္မမျိုးတည်းဟူသော အသက်ထင်ရှားရှိနေသော ကြောင့် ဒါနပါရမီ သီလပါရမီစသော ဝိဝဋ္ဋမျိုးတည်းဟူသော အသက်လည်း ကေန်ရှိရမည်ဖြစ်၏။ စင်စစ်အားဖြင့် အလောဘ ပြဋ္ဌာန်းသော ကုသိုလ်တည်းဟူသော နိက္ခမ ပါရမီ စောင့်ရှောက် မှုသာလျှင် ပြုသမျှသော ကုသိုလ်သည် ဝိဝဋ္ဋ ပါရမီကုသိုလ် အဖြစ်သို့ ရောက်နိုင်သည်။

ဤဝိဝဋ္ဋဓမ္မမျိုးသည် ဗောဓိလောင်း၏ အသက်ဖြစ်သည့် အားလျော်စွာ ဗောဓိ၏ ဆန့်ကျင်ဘက်ဖြစ်သော ယုတ်မာလှစွာ သော မိစ္ဆာဒိဋ္ဌိကို တကြိမ်ယူလိုက်လျှင်ပင် ကွယ်ပျောက်၏။ သို့ဖြစ်၍ သူသည် ဗာလဇနပရိ ကပ္ပိတကောတုဟာလ ဖြစ်သော ပြဿဒါး၊ ရက်ရာဇာ၊ နဂါးလှည့်၊ တန္တရဝါဒစသော မိစ္ဆာဝါဒ မင်္ဂလာများကို လက်မခံ မယုံကြည်ဘဲ မြတ်စွာဘုရားဟောကြား တော်မူအပ်သည့် မင်္ဂလာတရားတော် ၃၈ ပါးကိုသာ ယုံကြည် လေးစား လိုက်နာကျင့်ကြံနေ၏။ ထို့ကြောင့် သူ့အား ဥပါသကာ ရတနာစာရင်းထဲသို့ ထည့်သွင်းထားရခြင်း ဖြစ်ပေသည်။

(၄) "ကံကို ယုံကြည်၍ မင်္ဂလာကို မယုံကြည်" ဟူသော စတုတ္ထအင်္ဂါအရ ဥပါသကာ ရတနာသည် ဒသဝတ္ထုက ကမ္မဿကတာ သမ္မာဒိဋ္ဌိဉာဏ်နှင့် ပြည့်စုံ၏။ ယင်းဒသဝတ္ထုက သမ္မာဒိဋ္ဌိဉာဏ် ဆိုသည်မှာ (၁) ပေးကမ်းကျိုးရှိ၏။ (၂)လက်ဦး လက်ဖျား ပေးလှူပူဇော်ကျိုးရှိ၏။ (၃) အကြီးအကျယ် ပေးလှူ ပူဇော်ကျိုးရှိ၏။ (၄) သုစရိုက်ဆယ်ပါး၏ ကောင်းကျိုး၊ဒုစရိုက် ဆယ်ပါး၏ မကောင်းကျိုး ရှိ၏။ (၅) ဤလူ့ဘုံလောကသည်

ရှိ၏။ (၆) (အတ္ထိပရော လောကော) ဤ လူ့ဘုံမှတပါး နတ်ဘုံ ငရဲဘုံ ရှိ၏။ (၇) အမိ၌ ကောင်းစွာ လုပ်ကျွေး မွေးမြူခြင်း၊ ပြစ်မှားလွန်ကျူးခြင်း၊ ကောင်းကျိုး မကောင်းကျိုး ရှိ၏။ (၈) အဘ၌ ကောင်းစွာ လုပ်ကျွေးမွေးမြူခြင်း၊ ပြစ်မှားလွန်ကျူးခြင်း၊ ကောင်းကျိုး မကောင်းကျိုး ရှိ၏။ (၉) လောကတပါးမှ လောကတပါးသို့ ပြောင်းရွှေ့၍ ပဋိသန္ဓေ စွဲနေကုန်သော သတ္တဝါတို့သည် ရှိကုန်၏။ (၁၀) လောက၌ အညီအညွတ် ဖြစ်ကြကုန်သော၊ ကောင်းစွာ ကျင့်ကြကုန်သော ဤလောက၊ တမလွန်လောကကို ကိုယ်တိုင် ဒိဋ္ဌသိ၍၊ မျက်မှောက်ပြု၍ ဟောကြားကြပေကုန်သော သမဏ၊ ဗြာဟ္မဏ၊ ဘုရား ပစ္စေကဗုဒ္ဓါ အရိယာ သူတော်ကောင်းတို့သည် ရှိကုန်၏" ဟူ၍ ဟုတ်မှန်သည့်အတိုင်း သိသည့် အမြင်မှန်ဉာဏ်ပင်ဖြစ်သည်။

ဥပါသကာ ရတနာသည် ဒသဝတ္ထုက၊ ကမ္မဿက တာသမ္မာ ဒိဋ္ဌိဉာဏ်နှင့် ပြည့်စုံသဖြင့် ဉာဏ်ရှိသူဖြစ်သည် အားလျော်စွာ လောကီ လောကုတ္တရာ အဖြာဖြာ၌ တတ်သိလိမ္မာ၍ ပညာပါရမီနှင့် ပြည့်စုံသူ ဖြစ်ရပေမည်။ ဤကဲ့သို့ ပညာပါရမီရှိသူ ဖြစ်သောကြောင့် ၃၈ ဖြာ မင်္ဂလာမှ တပါးသော ဘာမျှ အဓိပ္ပာယ်မရှိသည့် ခတ်ဖက်၊ မိတ်ရန်၊ မြေခံ၊ နဂါးလှည့်၊ ပြဿဒါး၊ ရက်ရာဇာ၊ ကိုးနဝင်း၊ တန္တရ၊ မန္တရ စသော မိစ္ဆာဝါဒ မင်္ဂလာများကို ဒိဋ္ဌုပါဒါန်ဖြင့် မယုံကြည် မစွဲလမ်းပေ။ ထို့ကြောင့် သူ့အား ဥပါသကာ ရတနာ စာရင်းထဲသို့ ထည့်သွင်းထားရခြင်း ဖြစ်ပေသည်။

(၅) "ဤသာသနာတော်မှ ပြင်ဘက်၌ အလှူခံပုဂ္ဂိုလ်ကို မရှာမှီးတတ်။ ဤသာသနာတော်၌သာ ရှေးဦးစွာ ကောင်းမှုကို ပြု၏၊" ဟူသော ပဉ္စမ အင်္ဂါအရ ဥပါသကာ ရတနာသည် ဇိဝိတိန္ဒြေ အသက်သာမကဘဲ သဒ္ဓါသီလ စသော သုက္ကဓမ္မအသက်နှင့် သီလပါရမီ စသော ဝိဝဋ္ဋဓမ္မ အသက်တို့သည်း ရှိနေသေးရကား အလွန် စိတ်အားဉာဏ်အား ထက်မြက် စူးရှ၏။ သူသည် ဒသဝတ္ထုက သမ္မာဒိဋ္ဌိဉာဏ်အမြင်ကိုသာမက ပဋိစ္စသမုပ္ပါဒ် ဉာဏ်အမြင်ကိုလည်း ရ၏။ လောက၌ မိစ္ဆာအယူ ဟူသမျှတို့ကို ပဋိစ္စသမုပ္ပါဒ် ဉာဏ်အမြင်မှန်သည် ပယ်ဖျောက်နိုင်၏။ မိစ္ဆာအယူ ဟူသမျှသည် ပဋိစ္စသမုပ္ပါဒ် ဉာဏ်အမြင်မှန် မရှိသူတို့၌သာ ဖြစ်နိုင်၏။ သူသည် ပဋိစ္စသမုပ္ပါဒ် ဉာဏ်အမြင်မှန်ရှိသူ ဖြစ်သောကြောင့် သရဏဂုံကို ဆောက်တည်ထားသည့်အတိုင်း ရတနာသုံးပါးကိုသာ ကိုးကွယ် ယုံကြည်၏။ ရတနာသုံးပါး အပေါ်၌ သစ္စာစောင့်၏။ သာသနာတော်၏ အကျိုးစီးပွားနှင့် စပ်၍ ကောင်းမြတ်စင်ကြယ်သော စိတ်ထားဖြင့် လွန်မင်းစွာ ကြိုးပမ်းအားထုတ်မှု ဝိရိယပါရမီကို ဖြည့် ဆည်းပူး၏။ ဘဝသမ္ပတ္တိ၊ ဘောဂသမ္ပတ္တိတို့သို့ ညွှတ်သောစိတ်လည်း မရှိ။ ဒိဋ္ဌိအမြင်မှားနှင့်လည်း မယှဉ်။ စင်ကြယ်သော စိတ်ထားဖြင့် သာသနာတော်ကို ချီးမြှောက် ထောက်ပံ့၏။ သူသည် ဤသာသနာတော်မှ ပြင်ဘက်၌ ဖြစ်ကြကုန်သော နတ်တို့ကိုရင်း၊ ဂြိုဟ်တို့ကိုရင်း၊ ထွက်ရပ်ပေါက် ဝိဇ္ဇာ ဇော်ဂျီ စသည်တို့ကိုရင်း ပူဇော်ပသ သက္ကာရမှု မပြုလုပ်ဘဲ သိကြား စသော နတ်များနှင့် တကွ ထွက်ရပ်ပေါက် ဝိဇ္ဇာ ဇော်ဂျီ စသည်တို့၏ ရှိခိုးရိုသေမှုကို ခံညား

စွာ ခံယူနေ၏။ ထို့ကြောင့် သူ့အား ဥပါသကာ ရတနာစာရင်းထဲသို့ ထည့်သွင်းထားရခြင်း ဖြစ်ပေသည်။

ဤသို့လျှင် ရတနာသုံးပါးကို ဆည်းကပ်တတ်သော ဗုဒ္ဓဘာသာ ဥပါသကာသည် ဒွန်းစဏ္ဍားနှင့် ရတနာဟူ၍ နှစ်မျိုးနှစ်စား ကွဲပြားခြားနား၏။ ထိုနှစ်မျိုးတို့တွင် ဥပါသကာဒွန်းစဏ္ဍားသည် ဥပါသကာစဏ္ဍာလ၊ ဥပါသကမလ၊ ဥပါသကပတိကုဋ္ဌဟု အမည်များရရှိသည် အားလျော်စွာ သာသနာတော်ကို ရှုပ်ထွေးပွေလီ ဆုတ်ယုတ်အောင် ပြုလုပ်နေသည့် သာသနာ့အညစ်အကြေး သာသနာ့အမှိုက်သရိုက်သာ ဖြစ်ပေသည်။

ဥပါသကာ ရတနာသည်ကား ဥပါသကရတန၊ ဥပါသကပဒုမ၊ ဥပါသကပုဏ္ဍရီက ဟု အမည်များ ရရှိသည်အားလျော်စွာ သာသနာတော်ကို သန့်ရှင်းစင်ကြယ် တိုးတက်ကြီးပွားအောင် ပြုလုပ်နေသည့် သာသနာ့ အဖိုးတန် ရတနာ သာသနာ့ကျက်သရေမင်္ဂလာ ဖြစ်ပေသည်။

ထို့ကြောင့် ဗုဒ္ဓဘာသာဝင် သူတော်စင်တို့သည် ရှေးဦးစွာ ဥပါသကာရတနာ ဖြစ်အောင် ကြိုးစား အားထုတ်ကြရမည်။ ထို့နောက် သာသနာ သန့်ရှင်းစင်ကြယ် ကြီးပွားတိုးတက်ရေးအတွက် မှီခိုအားထားရာဖြစ်သော ရဟန်းတော် အရှင်မြတ်များ၏ ပရိယတ္တိသင်ကြားရေးကို တတ်နိုင်သမျှ အားပေးချီးမြှောက်ထောက်ပံ့ကူညီကြပြီး စာပေကျမ်းဂန် တတ်မြောက် ကျွမ်းကျင်

တော်မူကြသော ပညာရှိရဟန်းတော် အရှင်မြတ်များ၏ ဩဝါဒ အတိုင်း လိုက်နာကြလျက် ပါရမီဆယ်ပါး မဂ္ဂင်ရှစ်ပါး တည်း ဟူသော ကုသိုလ်တရားများကို ကြိုးစားအားထုတ် နိုင်ကြပါစေ ကုန်သတည်း။

သဗ္ဗပါပဿ အကရဏံ၊ ကုသလဿ ဥပသမ္ပဒါ၊ သစိတ္တပရိယောဒါပနံ၊ ဧတံဗုဒ္ဓါနသာသနံ၊ ခန္တီပရမံ တပေါတိတိက္ခာ၊ နိဗ္ဗာနံပရမံဝဒန္တိဗုဒ္ဓါ၊ နဟိပဗ္ဗဇိတော ပရူပဃာတီ၊ နသမဏောဟောတိပရံဝိ ဟေဌယန္တော၊

အနူပဝါဒေါ အနူပဃာတော၊ ပါတိမောက္ခေစ သံဝရော၊

မတ္တညုတာစဘတ္တသ္မိံ၊ပန္တဉ္စသယနာသနံ၊အဓိစိတ္တေစ အာယောဂေါ၊ ဧတံဗုဒ္ဓါနသာသနံ။

# နိဂုံး

ဆိုအပ်ခဲ့ပြီးသော စကားအစဉ်ဖြင့် အဘ္ဘုက္ကံသနပရဝမှာန မဖက် သာသနာတော် သန့်ရှင်းစင်ကြယ် ကြီးပွားစည်ကားရေး အတွက်သက်သက် မြင့်မြတ်သောစိတ်ထားဖြင့် ရေးသားစီရင် အပ်သော "ဣန္ဒိယ မြန်မာ ဗုဒ္ဓဘာသာကျမ်း" သည် ပြီးဆုံးခြင်း သို့ ရောက်ခဲ့လေပြီ။ ဤကျမ်း၌ ချွတ်ယွင်းချက်များ တွေ့ရှိပါ

လျှင် ရဟန်းရှင်လူ မည်သူမဆို အပြုသဘောဖြင့် အကြောင်း ကြားနိုင်ပါသည်။ အမှားအယွင်းများကို နောက် ထပ်မံရိုက်နိပ် သည့်အခါ ပြင်ဆင် ထည့်သွင်းပါလိမ့်မည်။

ဤ "ဣန္ဒိယမြန်မာ ဗုဒ္ဓဘာသာကျမ်း" ကို စီရင်ရေးသားရ သော စင်ကြယ် မြင့်မြတ်သော ကောင်းမှုကုသိုလ် စေတနာ ကြောင့် ကမ္ဘာပေါ်ရှိ လူသားအပေါင်းတို့သည် တဦးနှင့်တဦး မေတ္တာတရား ပွားများကြပြီး မိသားစုတခုတည်းကဲ့သို့ ချစ်ခင် ကြင်နာနိုင်ကြပါစေ။ လူတို့သည် တိရစ္ဆာန်များအပေါ်၌လည်း ကရုဏာစိတ်ထားကာ သနားညှာတာ နိုင်ကြပါစေ။ ကမ္ဘာပေါ် တွင် စစ်ပွဲဟူသမျှ ကွယ်ပျောက်ပြီး ကမ္ဘာ့ငြိမ်းချမ်းရေးကို ရရှိ နိုင်ကြပါစေ။

ဗုဒ္ဓဘာသာဝင် မြန်မာပြည်သူ ပြည်သား အပေါင်းတို့သည် ဘုန်းကြီးပျံပွဲ၊ ဘုရားပွဲ၊ အလှူပွဲ စသည်တို့၌ အပိုပကာသန ခဲ့ျထွင်မှု ဟူသမျှတို့ကို ရှောင်ရှားကြပြီး သာသနာတော် သုံးရပ် ၏ အရင်းမူလ အခြေခံဖြစ်သော ပရိယတ္တိ သာသနာတော်ကြီး တိုးတက်ထွန်းကားအောင် အားပေးချီးမြှောက် ထောက်ပံ့နိုင် ကြပါစေ။ သီလ သမာဓိ ပညာ တည်းဟူသော ဂုဏ်သိက္ခာနှင့် အသက်အရွယ်အားဖြင့် ကြီးမားသော ဂုဏဝုဍ္ဍိ ဝယဝုဍ္ဍိ ပုဂ္ဂိုလ်များကို ရိုသေလေးစား နိုင်ကြပါစေ။ ဤကျမ်း၌ ပြဆို ခဲ့ပြီးသော တရားများကို သဘောပေါက်ကာ ဥပါသကာရတနာ အဖြစ်သို့ ရောက်ရှိပြီး မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို လျင်မြန်စွာ ရနိုင်ကြ

ပါစေ။ ဤကျမ်းသည် ပညာရှိ သူတော်ကောင်းတို့၏ စိတ်နှလုံး ကို ကြည်လင်ရွှင်ပြ အေးမြသာယာ ချမ်းသာနိုင်ပါစေ။

ဗုဒ္ဓဘာသာသည် ကမ္ဘာပေါ်ရှိ လူသားအပေါင်းတို့၏ လောဘဒေါသ မောဟတည်းဟူသော အပူမီးကို မေတ္တာတည်း ဟူသော ရေစင်ဖြင့် ငြိမ်းသတ်ပြီး အဝိဇ္ဇာတည်းဟူသော အမှောင် ထုကို ဝိဇ္ဇာဉာဏ်တည်းဟူသော အလင်းရောင်ဖြင့် ပယ်ခွာ၍ ကမ္ဘာ့ငြိမ်းချမ်းရေး စသော ကောင်းကျိုးချမ်းသာ အဖြာဖြာ ကို သယ်ပိုးဆောင်ရွက် နိုင်ပါစေသတည်း။

အရှင်ပညိန္ဒာဘိဝံသ
ခါတော်မှီ ကျောင်းတိုက်
မိုးကုတ်မြို့။

၁၃၃၄ ခုနှစ်၊ တန်ဆောင်မုန်း လပြည့်နေ့။

# မှီငြမ်းပြုသော ကျမ်းဂန်များ


၁။ ။ ပါဠိတော်များ

၂။ ။ အဋ္ဌကထာများ

၃။ ။ ဋီကာများ

၄။ ။ မှန်နန်း မဟာရာဇဝင်တော်ကြီး

၅။ ။ ရတနာသိခ ကုန်းဘောင် မဟာရာဇဝင်အကျဉ်း

၆။ ။ The early history of India
by Vineent A. Smith.

၇။ ။ Buddhist shrines in India
by Devapriya Valisinha.

၈။ ။ Asoka and the decline of the mawyas.
by Romila Thapar.

၉။ ။ The History of India
by J. Talboys Wheeler.

၁၀။ ။ A History of South East Asia.
by D. G. E. Hall

၁၁။ ။ The Buddha and five after Centuries.
by Sukma Dutt, M. A Ph. D.

၁၂။ ။ Buddhism in East Asia.

by Sukumar Dutt, M. A. Ph. D.

၁၃။ ။ The life of Hsuan-Tsang.

by Li yung-hsi.

၁၄။ ။ Buddhist monks and Monasteries of India.

by Sukumar Dutt. M. A. Ph. D.

၁၅။ ။ Buddhism.

by Edward Conze.

၁၆။ ။ Buddhism.

by Sir M. Monier-Williams. K.C.I.E.

၁၇။ ။ The life of Buddha

by Edward J. Thomas.

၁၈။ ။ The History of Buddhist thought.

by Edward J. Thomas.

၁၉။ ။ Hinduism and Buddhism

by Sir Charles Eliot.

၂၀။ ။ The spirit of Buddhism

by Sir. H. S. Gour.

ဤ ဇွန္ဒိယမြန်မာ ဗုဒ္ဓဘာသာ စာအုပ်နှင့်တွဲဖတ်၍ ဖတ်ရမည့်....

—အသောကမင်းကြီး၏ ကျော်ကြားသော လုပ်ဆောင်ချက်များ
—စစ်တိုက်ခြင်း
—ငြိမ်းချမ်းရေး တည်ဆောက်ခြင်း
—သာသနာပြုခြင်း
—တိုင်းပြည်အုပ်ချုပ်ခြင်း

တို့နှင့် အသောကမင်းကြီး၏ အတွေးအခေါ် အယူအဆများအပေါ် သုံးသပ်ထားသည့်....

ဦးသန်းထွန်း ၏

# အသောကနှင့် သူ၏ဓမ္မဝါဒ

—ဖတ်ပြီးလျှင် သင်၏တသက်တာလုံး သိမ်းဆည်းထားရမည့် စာအုပ်ဖြစ်သည်။

အနည်းငယ်ရနိုင်သေးသည်

တသက်တာစာပေတိုက်

ဤစာအုပ် ဆက်ဆက်ထွက်လာမည်

အရှင်ပညိန္ဒာဘိဝံသ

၏

# တန္တရဗုဒ္ဓဘာသာ

★ ဗုဒ္ဓဘာသာသမိုင်းကိုပြောလျှင် တန္တရဂိုဏ်း အကြောင်းပါသည်။ သို့သော် တန္တရဂိုဏ်းအကြောင်းကို တိကျစွာသိရှိနားလည်သူက နည်းလေသည်။

★ မြန်မာနိုင်ငံဗုဒ္ဓဘာသာတွင် ဤတန္တရ အယူအဆများ မည်မျှဝင်နေသနည်း။

မကြာမီ ထွက်တော့မည်။

**တသက်တာ စာပေ**

သခင်ဘမောင် ၏

# ဝံသာနုအရေးတော်ပုံသမိုင်း

—မြန်မာနိုင်ငံ သမိုင်းကို ပြောလျှင် ဝံသာနုခေတ်ဟု ခေါ်သည့် Y.M.B.A. နှင့် G.C.B.A. တို့ အကြောင်းကို ချန်ထား၍မရ

—မြန်မာ့လွတ်လပ်ရေး လှုပ်ရှားမှု အကြောင်း ပြောလျှင် နိုင်ငံရေးလှုပ်ရှားမှုကို စဘင်ဦးဆောင်ခဲ့သော ဦးဘဖေ၊ ဦးပု၊ ဦးထွန်းရှိန် (ဖေ-ပု-ရှိန်) တို့အကြောင်း ပါမှပြည့်စုံမည်။

—ထိုမျှလောက် အရေးကြီးသည့် Y.M.B.A နှင့် G.C.B.A အဖွဲ့ကြီးကို စတင်ဖွဲ့စည်းခဲ့သော ဖေ ပု ရှိန် တို့နှင့်တကွ ထိုအဖွဲ့ကြီး၏ လှုပ်ရှားမှုသမိုင်းဖြစ်သည်။

- သမိုင်းစိတ်ဝင်စားသူတိုင်း
- သမိုင်းသင် ကျောင်းသားတိုင်း
- ကျောင်းဆရာတိုင်း

လက်စွဲထားရမည့် စာအုပ်ဖြစ်၍လည်း သမိုင်း ပါမောက္ခ ဦးသန်းထွန်းနှင့် သမိုင်းပညာရှိ ဟံသာဝတီ ဦးဘချင် တို့က အမှာဖြင့် ထောက်ခံထားရသော စာအုပ်ဖြစ်သည်။

တသက်တာ စာပေ

ဤစာအုပ်လည်း ပြန်ရိုက်ရဦးမည်

ဦးသန်းထွန်း

၏

# ဗုဒ္ဓဝါဒ မိတ်ဆက်

- ဗုဒ္ဓဝါဒကို အခြေခံကျကျ တင်ပြပုံ ရှင်းရှင်းဖြင့်
- ဗုဒ္ဓဘာသာဝင်များအား ဗုဒ္ဓဝါဒနှင့် မိတ်ဆက် ပေးထားသော စာအုပ်ဖြစ်သည်။

—ပထမအကြိမ်ရိုက်ပြီး ကုန်သွားပြီ

—ယခုဒုတိယအကြိမ် ရိုက်နှိပ်ရန် စီစဉ်ခြင်းဖြစ်သည်။

တသက်တာ စာပေ

ဦးသန်းထွန်း၏

# ဗုဒ္ဓဝါဒနှင့်သိပ္ပံပညာ

- ဤစာအုပ်သည် ယခင် ၂ ကြိမ် ရိုက်နှိပ်ပြီးခဲ့ပြီ စာဖတ်သူတို့၏ တောင်းဆိုချက်အရ ထပ်မံရိုက်နှိပ်ရန် စီစဉ်ရခြင်းဖြစ်သည်။

တသက်တာစာပေ

ဗိုလ်အောင်စိန်  ၏

# မြန်မာ့လွတ်လပ်ရေး နောက်ဆုံးတိုက်ပွဲ

—မောရစ်ကောလစ်၏ LAST AND FIRST IN BURMA စာအုပ်ကို ဗိုလ်အောင်စိန်က ဘာသာပြန်ခြင်း ဖြစ်သည်။

—မြန်မာနိုင်ငံ လွတ်လပ်ရေးတိုက်ပွဲ သမိုင်းကို လေ့လာလိုသူတိုင်း၊ ကျမ်းပြုလိုသူတိုင်း၊ လက်မလွှတ်တမ်း ကိုင်စွဲထားရသည်အထိ ခိုင်မာတိကျ ပြည့်စုံလှသည့် စာအုပ်ဖြစ်သည်။

—၎င်း စာအုပ်သည်လည်း တသက်တာလုံး အသုံးဝင်မည့် စာကြည့်တိုက်တိုင်း ရှိသင့်သည့် စာအုပ်ဖြစ်သည်။

တသက်တာ စာပေ

# ဤစာအုပ်

ဤစာအုပ်သည် အရှင်ပညိန္ဒာဘိဝံသ (ပထမကျော်၊ ဘီအေ) ၏ 'လက်တွေ့ ဗုဒ္ဓဘာသာ' 'ပင်ရင်း မူလ ဗုဒ္ဓဘာသာ' စသော စာအုပ်များကဲ့သို့ပင် ဗုဒ္ဓ၏ တရားတော်နှင့် ဗုဒ္ဓဘာသာ သမိုင်းကို နှိုက်နှိုက်ချွတ်ချွတ် ရေးသားတင်ပြ ထားသည့် စာအုပ်ဖြစ်သည်။ ဤစာအုပ်၏ ထူးခြားချက်မှာ ဗုဒ္ဓဘာသာ စတင်ပေါက်ဖွားရာ ဇမ္ဗူဒိပ်ယ နိုင်ငံ၌ ထွန်းကားပြန့်ပွားခဲ့သော ဗုဒ္ဓဘာသာ၏ သမိုင်းကို အသေးစိပ် ရေးသားတင်ပြထားသည့်အပြင် ဇမ္ဗူဒိပ်ယနိုင်ငံ၌ မြစ်ဖျားခံခဲ့သော ဗုဒ္ဓဘာသာ ရေစီးကြောင်းသည် မည်သို့ မည်ပုံ မြန်မာနိုင်ငံသို့ စီးဝင်ဖြာထွက် လာသည်ဆိုသည်ကို ဗုဒ္ဓဘာသာ ကျမ်းဂန် အထောက်အထား၊ သမိုင်း အထောက်အထား များဖြင့် စိတ်ဝင်စားဖွယ် တင်ပြထားခြင်းပင် ဖြစ်လေသည်။

ဗုဒ္ဓတရားနှင့် ဗုဒ္ဓဘာသာသမိုင်းကို လေ့လာလိုက်စားသူများအတွက် ဤစာအုပ်သည် ကြီးစွာသောအထောက်အကူ ဖြစ်ပါလိမ့်မည်။